www.burmeseclassic.com



# ပါတော်မူပြီးစ မြန်မာနိုင်ငံ

<မြန်မာ့တော်လှန်ရေးနိဒါန်း>

## မောင်ကျော်တိုင်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# မောင်ကျောက်တိုင်

မလှိုင်မြို့၊ အဖဦးသင့်၊ အမိဒေါ်လှရီတို့မှ ၁၉၂၈ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးတင်လှိုင် ဖြစ်ပြီး ဘကြီးဘုန်းကြီးက ပေးခဲ့သော ငယ်နာမည်မှာ မောင်ကျောက်တိုင် ဖြစ်သည်။

မလှိုင်မြို့တွင် မူလတန်းပညာသင်ယူခဲ့ပြီး ရန်ကုန်မြို့တွင် အလွတ်ပညာသင်ကျောင်း၌ အထက်တန်းပညာများ သင်ယူခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်သည်။ သက်ကြီး တက္ကသိုလ်တွင် ပညာဆက်လက်သင်ပြီး ၁၉၆၀ ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မန္တလေးဆေးရုံကြီးနှင့် မြောက်ဥက္ကလာဆေးရုံတို့တွင် အုပ်ချုပ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့သည်။

၁၉၅၁ ခုနှစ်တွင် ကလောင်အမည်မောင်ကျောက်တိုင်၊ ရဲဘော်တင်လှိုင်၊ အောင်ကျော်ဦးတို့ဖြင့် စာပေသစ်မဂ္ဂဇင်းနှင့် လူထုဂျာနယ်တွင် စတင်ရေးသားခဲ့ပြီး သွေးသောက်၊ ရှုမဝ၊ အာမခံစာစောင်တို့တွင် ဆောင်းပါးများ၊ ဘာသာပြန်များရေးခဲ့သည်။ ထို့နောက်လပြည့်ဝန်း၊ ရွှေအောင်လံ၊ စာရုပ်စုံ၊ နက္ခတ္တရောင်ခြည်၊ သူရဇ္ဇ၊ ပါဝါဂျာနယ်၊ နိုင်ငံတကာ ဖြစ်မှုဂျာနယ်တို့တွင် ဆက်လက်ရေးသားလျက်ရှိသည်။

လုံးချင်းစာအုပ်များ ကျွန်နိဒါန်း၊ ပါတော်မူပြီးစ မြန်မာပြည်၊ ဂျက်စတာပိုချုပ်ဖြောင့်ချက်၊ လကမ္ဘာပြန် လူသားသုံးဦးအကြောင်းနှင့် လက်ဝဲနော်ရယာကို ရေးဟောင်းစာပေ သုတေသီတစ်ဦးနှင့် ပူးတွဲရေးသည်။ ၁၉၉၉ ခုနှစ်တွင် မဟာဂန္ဓာရီနိဒါန်းစာအုပ်ကို ရေးသားထုတ်ဝေသည်။ ထို့အပြင် ၁၉၈၅ ခုနှစ်မှ စ၍ စိတ်ဓွမ်းအင်စာစဉ်များကိုလည်း စီစဉ်တည်းဖြတ်ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

## ဘာသာပြန်သူ့နိဒါန်း

ဤစာအုပ်သည် ကာလစဉ်အားဖြင့် 'ကျွန်နိဒါန်း' ၏ အဆက်ဖြစ်၍ 'မြန်မာ့တော်လှန်ရေးနိဒါန်း' ပင်ဖြစ်သည်။ သို့ရာတွင် မူရင်းအမည် မြန်မာပြည်မှာ အများက နှုတ်ကျိုး နေပြီဖြစ်၍ 'ပါတော်မူပြီးစ မြန်မာနိုင်ငံ' ဟု အမည်ပေးလိုက် ရခြင်းဖြစ်သည်။

ပါတော်မူခြင်းဖြင့် ကျွန်နိဒါန်းထွက်ပြီးနောက် ကျွန်ဖြစ်ခြင်း ခဲ့သည်ကို ငုံ့မခံဘဲ ရရာလက်နက်စုမိရာ လူအင်အားဖြင့် ခုခံခဲ့သော ပါတော်မူအရေးတော်ပုံမှာ အမှန်စင်စစ်အားဖြင့် မြန်မာ့တော်လှန်ရေး အဆင့်ဆင့်တို့၏မူလ ဘူတ မြစ်ဖျားခံရာ 'မြန်မာတော်လှန်ရေးနိဒါန်း' ကြီးပင်ဖြစ်သည်။ ဗမာ့တော်လှန်ရေးဝိဉာဉ်ကို စတင်၍အသက်သွင်း သော အရေးတော်ပုံ၊ ပြည်လုံးကျွတ်တော်လှန်ရေး အသက်သွင်းသော အရေးတော်ပုံကြီးဖြစ်သည်။

ဤခေတ်မတိုင်မီက တိုင်းတစ်ပါးသားများကို ခုခံတိုက်ခိုက် ခဲ့သူများရှိခဲ့သည်။ ဝန်ကြီး မဟာသီရသူရ၊ တိမ်ကြားမင်းခေါင်၊ ဗန္ဓုလ၊ ဦးခေါင်ကြီး၊ ဦးခေါင်လေး၊ ဦးမြတ်ထွန်းတို့သည် သူတို့ခေတ်နှင့် သူတို့ ရင်ဆိုင်တိုက်ခဲ့သူ၊ ခုခံတိုက်ခိုက်ခဲ့သူ သူရဲကောင်းမျိုးချစ်များ မှန်ပါ၏။ သို့သော် သူတို့တိုက်ခိုက်ခဲ့ရသည်မှာ ဖက်ပြိုင်၍တိုက် ရသော စစ်ပွဲမျိုး၊ မိမိနယ်မြေအတွင်း၌သာ တိုက်ရသော တိုက်ပွဲမျိုးဖြစ် သည်။ ဤပါတော်မူ အရေးတော်ပုံကြီးကဲ့သို့ မြန်မာပိုင် အထက်မြန်မာ ပြည်တစ်ခုလုံးဖြစ်သော ရှမ်းပြည်၊ ကချင်ပြည်၊ ချင်းတောင်တန်း၊ ကရင်နီတောင်တန်း ထိကျယ်ပြောပြီး တပ်သားတွေ သိန်းသန်းချီကာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်သော ပြည်သူခုခံရေး စစ်ပွဲကြီးကို ဆင်နွှဲခဲ့ရခြင်းမျိုးကား မဟုတ်ပေ။ ရှင်ဘုရင်က လက် မြှောက်အရှုံးပေးသွားသည်ကို လက်မခံဘဲ ပြည်သူတွေ ခုခံတိုက်ခိုက်ခဲ့ သော အရေးတော်ပုံမျိုးမဟုတ်ပေ။

ထို့ကြောင့် ဤအရေးတော်ပုံကြီးကို မြန်မာ့တော်လှန်ရေး နိဒါန်း၊ မြန်မာ့တော်လှန်ရေး ဝိဉာဉ်ဟု ဆိုရခြင်းဖြစ်သည်။

သာမန်အားဖြင့် မြန်မာပြည်သည် သမိုင်းအထောက်အထား စာအုပ်စာတန်းပေါ်များသော တိုင်းပြည်ဖြစ်၏။ ဤသို့အထောက် အထားကြွယ်ဝသဖြင့်လည်း မဟာသမ္မတမင်းမှစ၍ပါတော်မူသော နေ့ထိ ရာဇဝင်ကြီးငယ်အသွယ်သွယ်တို့ ထွက်ပေါ်ခဲ့ဖြစ်၏။ ပါတော်မူ ခေတ်နောက်ပိုင်းတွင်လည်း ဂျီစီဘီအေ စတင်ပေါ်ပေါက်သော (၁၆၀၀) ခန့်မှစ၍ ယခုခေတ်အထိ သမိုင်းများ၊ သမိုင်းဝင်အထောက် အထားများ အစီအရီတို့ ထွက်ခဲ့သည်။ သို့ရာတွင် ပါတော်မူသော (၁၈၈၅) ခုမှ နိုင်ငံရေးအသက်ဝင်လာသော ဂျီစီဘီအေခေတ်၊ (၁၉၁၀) အတွင်း (၁၅) နှစ်ကာလသည် သမိုင်းကွင်းစက်ပြတ်နေသည်။

ထိုခေတ်၏ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးတို့ကြောင့် လေ့ လာရန်အထောက်အထားများ အလွန်နည်းနေ၏။ တစ်နည်းအားဖြင့် ဆိုရလျှင် သမိုင်းကွင်းဆက်ပြတ်နေသည်။

ခေတ်ပြိုင်အထောက်အထားသည် ရာဇဝင်တန်ဖိုးရှိသည်။ ဤစာအုပ်သည်ပါတော်ခေတ်၏ ခေတ်ပြိုင်အထောက်အထားဖြစ် သည်။ မတော်တဆ ကြုံကြိုက်၍ ခရီးသွားဟန်လွှဲ ရေးခဲ့သော ရှုမြင်နိ ယက်တ် မှတ်တမ်းမျိုး မဟုတ်ပေ။ ဤအရေးတော်ပုံ၏ ဗြိတိသျှပါလီ မန်နှင့် သတင်းစာလောကသို့ ရိုက်ခတ်လာသဖြင့် ဤအရေးတော်ပုံကြီး ကို ကိုယ်တွေ့မျက်မြင် လာရောက်လေ့လာပြီး လောလောလတ်လတ် ရေးခဲ့သော စာအုပ်ဖြစ်သည်။

အင်္ဂလိပ်စစ်တပ်နှင့် မြန်မာသူတို့၏တိုက်ပွဲများကို ကိုယ်တိုင် လိုက်လံလေ့လာခဲ့ပြီးမှ ရေးသားခြင်းဖြစ်သည်။ နန်းတွင်းရေး ကိစ္စများ ကိုလည်း သက်ဆိုင်သူ မိဖုရား မင်းသမီးများအား သဘော်ခန်း တစ်လျှောက်လုံး လိုမ့်ပြီးမေးမြန်းစုံစမ်းပြီးမှ ရေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဤစာအုပ်သည် ခေတ်ပြိုင်မှတ်တမ်းအနေဖြင့် ရာဇဝင် တန်ဖိုးရှိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပြိုင်မှတ်တမ်းအနေဖြင့် တန်ဖိုးရှိသောကြောင့် ဤစာအုပ်ကို မြန်မာ့သမိုင်းရေးရာတွင် ကိုးကားကြသည်။ ဥပမာ နတ်မောက်ဘုန်းကျော်ရေး အင်္ဂလိပ်မြန်မာစစ်သမိုင်း မင်းလှခံတပ်၊ သတင်းစာဆရာဦးသိန်းမောင်၏ ပင်တိုင်စံနှင့် သူ့ရဲကောင်းစာအုပ်၊ ဒိုရိုသီဝုဒ်မင်း၏ Making of Burma ထွန်း ခရစ်စရုံ၏ Burma Under Japanese Invader ပါမောက္ခဆင်းဂ်၏ Annexation of Upper Burma ဝီလီယန်ဆင်ရေးသော ရွှေဘို ဂေဇက်တီးယား တို့တွင် ဤစာအုပ်ကို ကိုးကားခဲ့ကြသည်။

ချုပ်ရသော် သမိုင်းကွင်းစက် ပြတ်လည်းဖြစ်၊ အရေးပါသော [illegible]ဖြစ်၊ သုတေသီများလက်မလွှတ်တမ်း ကိုးကားရသော ခေတ်ပြိုင်မှတ်တမ်းလည်း ဖြစ်သောကြောင့် မြန်မာပြန်၍ မြန်မာစာဖတ် ပရိသတ်တို့ တင်ပြရခြင်းဖြစ်သည်။

သို့ရာတွင် စာရေးသူ ဂရတ်တန်ဂီယာရီသည် မြန်မာပြည်ကို [illegible]သော သုတေသီများလက်မလွှတ်တမ်း ကိုးကားရသော ခေတ်ပြိုင်မှတ်တမ်းလည်း ဖြစ်သောကြောင့် မြန်မာပြန်၍ မြန်မာစာဖတ် ပရိသတ်တို့ တင်ပြရခြင်းဖြစ်သည်။

သို့ရာတွင် စာရေးသူ ဂရတ်တန်ဂီယာရီသည် မြန်မာပြည်ကို [illegible]သော အင်္ဂလိပ်လူမျိုး အထက်တန်းလွှာဖြစ်ကြောင်းကို [illegible] သူ၏စာတမ်းမှ လိုရာရွေးနုတ်သည်။ ထုတ်ယူ[illegible]သော ရှည်ရှယ်ပါသည်။ ဂရတ်တန်ဂီယာရီသည် ဤစာအုပ်ကို ရေးရာတွင် နယ်ချဲ့သမား၏ ကိုယ်စားလှယ် မျက်နှာဖြူ တစ်ဦး၏ အမြင်ထက် သတင်းစာဆရာတစ်ဦး၏ အမြင်ဖြင့် ရေးသားခဲ့ သည်က ပိုမိုကြောင်းတွေ့ရသည်။

ထို့ကြောင့် မြန်မာရာဇဝင်တွင် ငုတ်လျှိုးနေသော အချို့ အချက်အလက်များကို ဖော်ထုတ်ခဲ့ကြောင်း တွေ့ရသဖြင့် မြန်မာ့သမိုင်း လေ့လာရာတွင် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်သည်။ ရေး သောအချိန်ကာလမှာလည်း ပါတော်မူပြီး တစ်လအတွင်းဖြစ်၍ စာရေး သူ၏ မှတ်သားချက်များသည် များစွာလတ်ဆတ်နေလိမ့်မည်ဟု မျှော်လင့်သည်။

ဤစာအုပ်ကို မြန်မာပြန်ရာတွင် တွေ့ရသောအခက်အခဲများ ကိုလည်း တင်ပြလိုသည်။ စာအုပ်အသက်မှာ ၆၆ နှစ်ကျော်ပြီဖြစ်၍ အလွန်ဆွေးမြေ့နေပြီးပိုးပေါက်အထိ ဖြစ်နေသည်။ မြန်မာပြည်တွင် အင်္ဂလိပ်ခေတ်ဦးဖြစ်၍ မြန်မာအမည်များကို အင်္ဂလိပ်စာလုံးပေါင်းရာ တွင် အသားမကျသေးဘဲ ဖြစ်ကတတ်ဆန်း စာလုံးပေါင်းထားသည်။ အဆိုးဆုံးမှာ မြန်မာလူနာမည်၊ ရွာအမည်၊ ဘွဲ့အမည်များကို အင်္ဂလိပ် နားဖြင့် ကြားသလို ရေးထားခြင်းဖြစ်သည်။ ဥပမာ သံတော်ဆင့်ကို သော်ဒေါ်ဆင်၊ မကွေးကို မဂိုးနေး၊ ထီးလင်းကို ချလင်းဟု ရေးသား ထားရာ မြန်မာမှတ်တမ်းဖြစ်သော ကုန်းဘောင်ခေတ် ရာဇဝင်ကြီး လောကဗျူဟာအင်ရုံစာတမ်း၊ မြန်မာမင်း သမီးတော်များနှင့် ညှိ၍ သော်ဒေါ်ဆင် မောင်စံဘိုဘိုသံတော်ဆင့် မောင်စံပုံဟု လည်းကောင်း၊ နကွင်းမိဖုရားကို ငါးစွန်းမိဖုရားဟုလည်းကောင်း၊ မောင်ချွက်ကို မောင်ကြွက်ဟုလည်းကောင်း၊ ဒကိုကြက်ကို သူပုန်ဟုလည်းကောင်း အရမ်းဘာသာပြန်လိုက်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ရန် တိုက်တွန်းပြီး စာအုပ်ကို ငှားရမ်းခဲ့သော 'ဘကြီးဘဘော' နှင့် စာပုလွေကိုဦးတို့အား ကျေးဇူးတင် ကြောင်း ဖော်ပြလိုက်ရပါသည်။

မောင်ကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏အမှာ

စာအုပ်မဖတ်မီ ကြိုတင်မှာစရာများရှိနေ၍ ဤအမှာကို ရေးရခြင်းဖြစ်ပါသည်။ ကျွန်နိုဒါန်းသည် မင်းတုန်းမင်းလက်ထက်မှ စ၍ သီပေါမင်းပါတော်မူသည်အထိဖြစ်သည်။ ပါတော်မူပြီးစမြန်မာနိုင်ငံ (BURMA AFTER THE CONQUEST) သည် ပါတော်မူပြီးနောက် သုံးလအတွင်း မြန်မာနိုင်ငံ၏ အခြေအနေဖြစ်သည်။ ထို့ကြောင့် ကျွန်နိုဒါန်း၏ ကာလစဉ်ဆက်အနေဖြင့် ဤစာအုပ်ကို ဘာသာပြန်ရန် စိတ်ကူးရခြင်းဖြစ်သည်။

တတိယစာအုပ်ကို (PACIFICATION OF BURMA) ဆက်လက်ဘာသာပြန်သည်ဟု စိတ်ကူးထားသော်လည်း အထမမြောက်သေး တစ်ယောက်ယောက်က ဘာသာပြန်လျှင်ကောင်းလေစွဟု မျှော်နေမိသည်။ တတိယစာအုပ်ကို မြန်မာပြည်နှိမ်နင်းရေးဟု ဒေါက်တာသန်းထွန်းဝေါဟာရအတိုင်း နာမည်တတ်မည်ဟု ရည်ရွယ်ထားသည်။ ကာလစဉ်အားဖြင့် ဗမာပြည်နှိမ်နင်းရေးစာအုပ်သည် ပါတော်မူပြီးနောက် ၅ နှစ်မြောက်သူပုန်တွေကို နှိမ်နင်းနေရသော သမိုင်းဖြစ်သည်။ ရေးသူမှာ ဘုရင်ခံ ဆာကရော့ဝိတ်ဖြစ်၍ အချက်အလက်နိုင်မာလိမ့်မည်ဟု မျှော်လင့်ရသည်။ မျက်နှာဖြူအုပ်စိုးသူဖြစ်နေ၍ ဘက်လိုက်မည်ကား သံသယရှိဖွယ်မလို။ သို့သော် အချက်အလက်၊ ကိန်းဂဏန်း၊ နေ့ရက်တို့ကား တိကျခိုင်မာသည်။

ဖော်ပြပါဘာသာပြန်သုံးအုပ်ကို ပေါင်းစပ်ပြီး ပြည်လုံးကျွတ်မြန်မာ့တော်လှန်ရေးသမိုင်းဟု အမည်တပ်မည်ကိုပင် စိတ်ကူးယဉ်ခဲ့သည်။

ပါတော်မူပြီးစ မြန်မာနိုင်ငံစာအုပ်ကို ရေးသူမှာ ဘုံဘေဂေဇက် သတင်းစာအယ်ဒီတာတစ်ဦးဖြစ်သည့်အပြင် မြန်မာပြည်က သတင်းတွေကို ကြားရရုံနှင့် မကျေနပ်နိုင်ဘဲ ကိုယ်တိုင်ကိုယ်ကျ မြန်မာပြည်သို့ လာရောက်လေ့လာသူလည်း ဖြစ်သည်။ သူ၏ ရည်ရွယ်ချက်ကို ဤစာအုပ်အခန်း (၂၁) တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

'ကျွန်တော်သည် ကြိုတင်ထင်မြင်ယူဆချက် ဓါတ်ခံတစ်စုံတစ်ရာမရှိဘဲ မြန်မာပြည်သို့ လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကြားသမျှ၊ မြင်သမျှကို ဘက်လိုက်မှုအငွေ့အသက် မထွက်ဘဲ မှတ်သားနာယူရန် အရည်အချင်းအပြည့်အဝရှိသူ ဖြစ်စရာရှိပါသည်။ ထင်မြင်ချက်ပေါင်းစုံကို ထိုင်ရာမထ ဂရုတစိုက်နားစွင့် မှတ်သားသည့်နည်းတူ ဤစာအုပ်ကို ရေးသားရာတွင်လည်း ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားရန် အားထုတ်ထားပါသည်။'

အထက်ပါသူ၏ အမှာစကားအတိုင်းပင် အချက်အလက်နှင့် သူ့အမြင်ကို ခွဲခြားတင်ပြထားသည်ကို တွေ့ရသည်။ သူ့အမြင်ကို လက်မခံနိုင်စေကာမူ သူတင်ပြသော အချက်အလက်တို့၏ ခိုင်မာတိကျမှုကိုမူ ဥပေက္ခာ မပြုသင့်ကြောင်းတွေ့ရပါလိမ့်မည်။

ပါတော်မူပြီးစ မြန်မာနိုင်ငံစာအုပ်တွင် သမိုင်းအတွက် အရေးကြီးသော အချက်များပါဝင်သည်။ နိဝင်ဘာလကုန်တွင် ပါတော်မူပြီးနောက် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ (၃)လကြာပြီးမှ မြန်မာနိုင်ငံကို ဗြိတိသျှ အင်ပါယာအတွင်းသို့ သွတ်သွင်းကြောင်း အမိန့်ကြော်ငြာထုတ်ပြန်သည်။ ကြားကာလဖြစ်သော အထက်ပါ (၃)လ သမိုင်းမှာ သမိုင်းကွက်လပ်ဖြစ်နေသည်။ သမိုင်းကွက်လပ်ကို ဤစာအုပ်က ဖြည့်စွက်ပေးလိုက်သည်။ ယင်းကာလ သုံးလသည် အနာဂတ်မြန်မာပြည်၏ ကံကြမ္မာကို ဖန်တီးမည့်ကာလဖြစ်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်သည်။

ထို့ပြင် ပါတော်မူပြီးနောက် ပုန်ကန်ထကြွမှုကို အင်္ဂလိပ်စစ်တပ်က တိုက်ခိုက်နှိမ်နင်းရာတွင် စာရေးသူသည် ကိုယ်တိုင်သွားရောက်လေ့လာခဲ့သူဖြစ်သည်။ ရှေ့တန်းစစ်မျက်နှာသို့ သတင်းထောက်များ သတင်းယူခြင်းမျိုးဖြစ်၍ မြန်မာသူပုန်တို့၏ အခြေအနေ တိုက်ပွဲအခြေအနေနှင့် အင်္ဂလိပ်တို့၏ ပြုမူပုံတို့ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်သည်။ ယင်းပုန်ကန်ထကြွမှုနှင့် ပတ်သက်၍ အင်္ဂလိပ်အစိုးရ

www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းမှတစ်ပါး၊ အခြားအထောက်အထားများ မှတ်တမ်းများ ရှားပါးလေရာ ဤစာအုပ်သည်။ သမိုင်းအထောက်အထားအဖြစ် သမိုင်းသုတေသီများကို အကျိုးပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဘာသာပြန်သူအနေဖြင့် ဝန်ခံစရာလည်းရှိပါသည်။ လွန်ခဲ့သော အနှစ်(၃၀)လောက်က ဘာသာပြန်ခဲ့သော ဤစာအုပ်ကို ယခုမှ တဖန်ပြန်ဖတ်ရသောအခါတွင် အချို့နေရာများတွင် အရေးအသားခိုင်မာပြတ်သားမှု၊ နည်းခြင်းနှင့် ရှုပ်ထွေးခြင်းတို့တွေ့ရသည်။ မပြင်တော့ပါ။ ဆရာစိန်၊ ခင်မောင်ရီ ဝေါဟာရဖြင့် ပြောရလျှင် သီးခံခွင့်လွှတ်ဖတ်ရှုကြပါဟူ၍သာ တောင်းပန်ရတော့မည်။

ဤစာအုပ်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သော ကျုံပျော်စာပေနှင့် တတိယအကြိမ်ပုံနှိပ်ထုတ်ဝေသော ပြည့်စုံစာပေတို့အား ကျေးဇူးတင်လျှက်ရှိကြောင်း ဖော်ပြလိုပါသည်။

ကျေးဇူးတင်လျှက်

မောင်ကျောက်တိုင်
မြန်မာဘာသာပြန်သူ

သမိုင်းဆိုင်ရာ စာအုပ်

# ပါတော်မူပြီးစ မြန်မာနိုင်ငံ

## မြန်မာ့တော်လှန်ရေးနိဒါန်း

## *BURMA AFTER THE CONQUEST*

***BY***

***GRATTAN GEARY***

*Fellow of The Bombay University*
*author of through asiatic turkey*
*and editor of*
*The "Bombay Gazette 1886"*

ကို

မောင်ကျောက်တိုင် မြန်မာပြန်သည်။

PYI ZONE
ပြည့်စုံစာအုပ်တိုက်
၁၃၆/၆၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း – ၇၀၆၀၈၂၊ ၇၀၅၇၁၈
Fax - 253255, email - myoaunginnwa@mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း
၂၀၀၁ ခုနှစ်၊ ဒုတိယအကြိမ်၊
အုပ်ရေ (၁၀၀၀)
**စာမူခွင့်ပြုချက်အမှတ်**
[၂/၂၀၀၁ (၁)]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
[၃၀/၂၀၀၁ (၉)]

❑

**မျက်နှာဖုံးပန်းချီ**
ဝသုန်
**မျက်နှာဖုံးကာလာခွဲ**
**Alpha**

❑

**ပုံနှိပ်သူ**
ဦးမြတ်ကျော်၊ စာလုပ်ငန်းပုံနှိပ်တိုက် (၀၅၅၅)
၁၉၄၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

❑

**စာစီ** – ပြည့်စုံကွန်ပျူတာ
**အတွင်းဖလင်** – ဇင်ဦးနှင့်ညီများ
**စာအုပ်ချုပ်** – ကိုမြင့်၊ ညီဝင်းမြင့်

❑

**စာမူ မူပိုင်**© – မောင်ကျောက်တိုင်
**မျိုးအောင်(ရွှေကူမေဒ)၏ စီစဉ်ထုတ်လုပ်မှု**

[တန်ဖိုး – ၈၀၀

# မာတိကာ

စာမျက်နှာ

**အခန်း(၁)** **အာရိယန်နွယ် အိန္ဒိယမှ မွန်ဂိုနွယ် မြန်မာပြည်သို့။** ၁

ထီးကျိုးစည်ပေါက် သိမ်းပိုက်ရေးအမိန့်ကို ငမ်းငမ်းတက် မျှော်နေခြင်းပြဿနာကို ထိုင်ရာမထ လေ့လာစေလိုသော ဆန္ဒ၊ ဗြိတိသျှ အိန္ဒိယလက်နက်နိုင်ငံကြီးကိုဖြတ်၍ ရောမ လက်နက်နိုင်ငံတော်ကြီး မွန်ဂိုအနွယ်ဝင်များ၊ မြန်မာတို့က သိုးဆောင်းတို့ အပေါ်သဘောထား သိမ်းပိုက်ရေးပြဿနာ၊ မဟာဝန်ရှင်တော် မင်းကြီး ထင်မြင်ချက်၊ ဗြိတိသျှအုပ်ချုပ်ရေးကို မြန်မာတို့က မျှော်နေသည်ဆိုပုံ၊ နိုင်ငံရေးဂယက်ထသွားသော ခေတ်ပုံ၊ မြန်မာတို့ ကားစင်တင်ပုံ၊ အင်ဒိုချိုင်းနားတို့ ရက်စက်မှု၊ ကတ္တီပါကွပ်နှောင်ကြိုး။

**အခန်း(၂)** **ရန်ကုန်မြို့။** ၉

တိဗက်သွေးပါသော မြန်မာဘဝအမြင်၊ ဒုက္ခနည်းနည်းဖြင့် နေလိုပုံ၊ စည်ကားလာသောရန်ကုန်မြစ်၊ ရန်ကုန်မြို့တွင် မြေဂရံ ထုတ်ပေးခြင်း၊ ကန်တော်ကြီးနှင့် ဒါလဟိုဇီ အားမွတ်ဆလင် တစ်ဦး၏ အမြင်၊ တိရစ္ဆာန်များကို ကြင်နာပုံ၊ မင်းတုန်းမင်း မြန်မာတို့ အကျင့် ဆေးမင်ကြောင်၊ မြန်မာအမျိုးသမီး၊ တရုတ်တို့ စိတ် ဝင်စားလာမှု၊ မာဒရပ်စီ၊ စူရတီ၊ အာမေနီးယံ၊ ဂျူးလူမျိုးများ၊ မြူနီစီပါယ်။

**အခန်း(၃)** **သူကျွန်မခံပြီ။** ၂၃

အထက်မြန်မာပြည် ဆူပူမှု၊ ချင်းတွင်းနယ်မှာ အတိုက်ခံရခြင်း၊ ဘုံသောဘားမားကုမ္ပဏီမှ ဆင်များ၊ စစ်အုပ်ချုပ်ရေးကို ဝေဖန် ခြင်း၊ မန္တလေး၌ ဆူပူမှု၊ စစ်ရေးငြိမ်သက်ပုံ၊ ဗယ်ယာပျက်၊ မတိုက်လိုက်ရသော စစ်တပ်။

www.burmeseclassic.com

၃၅

စွန့်စားသော ကုန်သည်များ၊ ရှမ်းပြည်သို့စေလွှတ်ရေး၊ သီပေါမင်းအား ပုန်ကန်ခြင်း၊ မန္တလေးသို့ ရထားလမ်းဖောက်ရန်၊ သူပုန်အကျဉ်းသား၊ အောင်မြင်သောတိုက်ပွဲ၊ သီပေါမင်းအား နန်းချကြောင်း ကြေညာချက်၊ သူပုန်အပေါ် မြန်မာ့အမြင်၊ မြန်မာတို့ အပြစ်ပေးပုံ၊ အထက်မြန်မာပြည်၏ သွင်ပြင်လက္ခဏာ၊ စေတီပုထိုးများ၊ ရွာတွေကိုလုယက်ခြင်း၊ တောခိုခြင်း၊ သစ်မြစ် စားနေကြသော တောသူတောင်သားများ၊ အစတွင် သူပုန်တို့ နိုင်ငံရေးရည်ရွယ်ချက် မရှိပုံ၊ နှိမ်နင်းရေးလုပ်ငန်း၊ ဗြိတိသျှတို့ကိုလက်ခံပုံ။

အခန်း(၅) မင်းလှခံတပ်နှင့် မင်းလက်ဝါး။ ၄၅

တော်လှန်ရေးကျယ်ပြန့်လာခြင်း၊ မြန်မာတို့၏ စစ်ရေးစနစ် ချွတ်ယွင်းပုံ၊ မင်းလှတိုက်ပွဲ၊ မင်းလက်ဝါးကြီး၊ ရာဇသံ၊ မင်းလက်ဝါးတပ်၊ ကာနယ်စလေဒင်က စေလွှတ်ပုံ၊ မြန်မာတို့အိမ်အတိုက်ခံရပုံ၊ ရှေးဟောင်းမြို့တော်၊ တောထဲဖြတ် ချီရသော ပြည်သိမ်းတပ်ကြီး။

အခန်း(၆) တစ်ပြည်လုံး အုံကြွပြီ။ ၅၉

မင်းလောင်းပေါ်လာခြင်း၊ သက်သေခံဖျောက်နည်း၊ သီပေါမင်း၏သဘော၊ အာဂ မြန်မာအမျိုးသမီး၊ လောကသမုတိနယ်၊ အရောင်းအဝယ် ရပ်ဆိုင်းသွားခြင်း၊ လှေတစ်စီးနှင့် ထွက်ပြေးနေသူများ၊ မရေရာသော အနာဂတ်၊ ရိက္ခာနှင့် စစ်သားစုဆောင်းရေး၊ မြန်မာ့စစ်အင်အား၊ တစ်ခါတစ်ရံ သတ္တိပြခြင်း။

အခန်း(၇) ရတနာပုံနေပြည်တော်။ ၇၁

နေပြည်တော်သို့အဝင်၊ အကာအကွယ်မဲ့ပုံ၊ ပဲခူးမြင်း၊ မြို့ရိုးအိမ်ခြေနှင့် လူဦးရေ၊ နန်းမြို့တော်၊ သစ်တပ်၊ မြေနန်း ပြာသာဒ်ဆောင်၊ ရွှေထီး၊ ရွှေစောင်းတော်၊ ကြည်းတိုက်ကို ဖြိုဖျက်ပစ်ခြင်း၊ နွေရာသီစံနန်းတော်နှင့် ဥယျာဉ်တော်၊ ဘုရင့်အမြောက်တပ်၊ လွှတ်တော် ခေါင်းပါးရေးလမ်းဖွင့်ခြင်း၊ မန္တလေးပေါ်မှ ရှုခင်း၊ အနားကပ်လာသော ရှမ်းသူပုန်။

အခန်း(၈) သာသနာပိုင်ဆရာတော်အား ဖူးမျှော်ခြင်း။ ၈၂

စေတီပုထိုးတို့ ခမ်းနားမှု၊ အတုလဝေယန်ကျောင်းတော်၊ ကုသိုလ်တော်၊ သာသနာပိုင်ဆရာတော်ကြီးအား ဖူးမျှော်ခြင်း၊ သီပေါမင်းအပေါ် သာသနာပိုင်ဆရာတော်၏ သဘောထား၊ တိုင်တားမင်းကြီးနှင့် အင်္ဂလိပ်အုပ်ချုပ်ရေးအပေါ် သာသနာပိုင်ဆရာတော်ကြီး သဘောထား၊ သီပေါမင်း၏ ဝတ်လဲတော်။

အခန်း(၉) မြန်မာ့စိတ်သန္တာန်။ ၉၃

ဘုန်းတော်ကြီးကျောင်း ပညာရေး၊ ပါဠိပိဋကတ်၊ မာကိုပိုလို၏ ဗုဒ္ဓဘာသာပေါ်အမြင်၊ အောက်မြန်မာပြည်ရှိ ရဟန်းသံဃာနှင့် သီလရှင်များ၊ ခရစ်ယာန်အထက်တန်းကျောင်းများ၊ သံဃာတော်များ နိုင်ငံရေးနှင့်ကင်းအောင်နေပုံ၊ ဗုဒ္ဓဘာသာ၏ အရိပ်အာဝါသ၊ အထက်မြန်မာပြည်၏ ဗုဒ္ဓဘာသာကိုးကွယ်မှု၊ အလောင်းမင်းတရားကြီး၊ စစ်ပွဲတွင် မြန်မာတို့ရက်စက်မှု။

အခန်း(၁၀) ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးဝါဒ။ ၁၀၄

ကျန်ရစ်သောအနွယ်တော်များ၊ မင်းတုန်းမင်းအဆိပ်ခပ် လုပ်ကြံခံရခြင်း၊ ဆင်ဖြူရှင်မက သီပေါကို ရွေးချယ်ပုံ၊ လူသတ်ပွဲ၊ အိန္ဒိယအစိုးရ ကန့်ကွက်ပုံ၊ ညောင်ရမ်းညောင်အုပ်ညီနောင် ကာလကတ္တားသို့ အထောက်တော်လွှတ်ပုံ၊ စစ်ပြင်ပုံ၊ ဘုံဘေဘားမားကုမ္ပဏီ၊ သီပေါမင်းနှင့် ပြင်သစ်တို့ လျှို့ဝှက်ချက်၊ ပြင်သစ်တို့ရက်ရောပုံ၊ ဗြိတိသျှအစိုးရ၏ ကန့်ကွက်ချက်ရာဇသံ။

www.burmeseclassic.com


**အခန်း(၁၁)　ပြင်သစ်၏မူဝါဒ။　၁၂၁**

အမ်ဟတ်စ်အား ဆက်ခံသူ အမ်ဒီဘိုတေလာ၊ အချီအချပြော ရခြင်း၊ သံတမန်ရေးကြောင့် သိမ်းပိုက်ရပုံ၊ အီတလီကောင် စစ်ဝန် အင်ဒရေနီ၊ ပြင်သစ်တို့ကို တန်ပြန်ခြင်း၊ သီပေါမင်း နန်းကျခြင်း၏ အကြောင်းအရင်း၊ ဗြိတိသျှတို့စွက်ဖက်လာရပုံ၊ အာရှ အရှေ့တောင် ကျွန်းဆွယ်အပေါ် ပြင်သစ်တို့ မူဝါဒ အစီရင်ခံစာ၊ ပြင်သစ်မြန်မာ ဈေးစပ်ခြင်း၊ ယိုးဒယား၊ ရှမ်း မီးရထားလမ်း။

**အခန်း(၁၂)　မင်းတုန်းမင်း၏အနွယ်တော်များ။　၁၃၃**

မင်းတုန်းမင်း၏ အနွယ်တော်များ၊ မင်းသမီးများအား ပင်စင် ပေးပုံ၊ ရန်ကုန်ပို့ခြင်း၊ မင်းသားများကို ကွပ်မျက်ခြင်း၊ အိမ် ရှေ့ကိုယ်တော် ကနောင်မင်းသားကြီး၊ အဆိပ်ခပ်ခံရသော မင်း တုန်းမင်း၊ သီပေါမင်း နန်းတက်ခြင်း၊ နန်းတွင်းလုပ်ကြံမှု၊ မင်းသားငယ်၊ ဘုရင့်ပိဋကတ်တိုက်၊ မင်းခမ်းတော်။

**အခန်း(၁၃)　မြင်ကွန်းမင်းသား။　၁၅၅**

ပွန်ဒီချာရီရောက် မြင်ကွန်းမင်းသား၊ ပြင်သစ်ဘုရင်ခံထံသို့ သီပေါမင်းက တမန်စေလွှတ်ခြင်း၊ မြင်ကွန်းနောက်လိုက်များ၊ ဗြိတိသျှနှင့် လက်တွဲလိုသောမြင်ကွန်း၊ မန္တလေးတောင် လူ သတ်ပွဲ၊ သီပေါမင်းနှင့်မြင်ကွန်း၊ မြင်ကွန်းက ပြင်သစ်ကိုတိုက် ရန် ကမ်းလှမ်းခြင်း၊ ဆေးဂုံသို့ ထွက်ပြေးခြင်း။

လွှတ်တော်၌ တိုင်တားမင်းကြီးအားဖမ်းခြင်း၊ နာမည်ဆိုးဖြင့် ကျော်ဇောခြင်း၊ ဗြိတိသျှတို့နှင့် ပူးပေါင်းသော တိုင်တား မင်းကြီး၊ တိုင်တားမင်းအား အုပ်ချုပ်ရေးတွင် အသုံးချပုံ၊ တိုင်တာမင်းကြီးအပေါ် အာဃာတ၊ လူသတ်ပွဲအတွက် သီပေါ မင်းကြေညာချက်၊ စုဖုရားလတ်နှင့် ကင်းဝန်မင်းကြီး၊ အင်းဝ ရောက် ပြည်သိမ်းတပ်၊ သီပေါမင်းလက်နက်ချခြင်း၊ မန္တလေး အားနတ်က တိုင်တားမင်းကြီးကိုဖမ်း၍ ရန်ကုန်သို့ပို့ခြင်း၊ ဘုရင်ခံချုပ်က တိုင်တားမင်းကြီးကို စာနာမှုဖြင့် ဆက်ဆံခြင်း။

**အခန်း(၁၄)　ဖိလျှင်ကြွသည်။　၁၉၁**

နိုင်ကွပ်သိမ်းသွင်းရေးဝါဒ၊ လက်တွေ့အဖြေ၊ တစ်ပြည်လုံးကို မသိမ်းသွင်းနိုင်ပုံ၊ ဖိလျှင်ကြွသည်၊ နပိုလီယံအီဂျစ်၌ လုပ်ပုံ သာဓက၊ လုပ်ကြံမှု၊ ကွပ်မျက်ခံရသူများအား ဓာတ်ပုံရိုက်ခြင်း၊ ဓာတ်ပုံကြောင့် ပွက်လော်ရိုက်သွားခြင်း၊ သင်းအုပ်ဆရာတော် က ကန့်ကွက်ပုံ၊ သေမှာကြောက်သောမြန်မာ၊ သူပုန်နှိမ်နင်း ရေး။

**အခန်း(၁၅)　ထိလျှင်ချသည်။　၂၁၁**

ဗန်းမော်ကို ချီတက်သိမ်းပိုက်ခြင်း၊ သူပုန်နှင့်တိုက်ပွဲ၊ ရဲအဖွဲ့ စတင်ဖွဲ့စည်းခြင်း၊ လွှတ်တော် ပြန်အသက်သွင်းခြင်း၊ ဗန်းမော်ရှိတရုတ်များ၊ မန္တလေး တောင်ငူရထားလမ်း၊ လက် ဖက်တင်နှင့် ကော့ကရိမ်ကျခြင်း၊ မျက်နှာဖြူကို သုတ်သင်ပြီ၊ ဂျင်နရယ်ပိုက်က စစ်ကြောင်း လေးကြောင်းလွှတ်၍ သူပုန်ကို တိုက်ခြင်း၊ မြင်စိုင်းမင်းသားတော်လှန်ရေး၊ ကပိုင်တိုက်ပွဲ၊ ရှမ်း သူပုန်တွေကို ဝိုင်းထားသော မန္တလေး၊ မူလာ အစ္စမေ။

**အခန်း(၁၆)　ဗမာ့တော်လှန်ရေးနိဒါန်း။　၂၂၉**

တက်လာသော တော်လှန်ရေးဒီရေ၊ ကာနယ်ဆင်ပဆင်ကို ဗိုလ်ယောင်းက နှံလိုက်ပုံ၊ ထိပ်တင်မှတ်၊ ထိပ်ကင်ပိုင်၊ ထိပ် တင်မောင်တို့တိုက်ပွဲ၊ ဗိုလ်မောင်ငဦး၊ ဗိုလ်လှဦး၊ သူပုန် မင်းသား ထိပ်တင်ကျွန်းညို (ခေါ်) မောင်မြကျိုင်းတို့ တိုက်ပွဲ တွေ။ အစ္စာခဖောက်လေ့သင်းအတွင်းဝန် အကောက်ကြေ၍ ဗိုလ်ကျွန်းညိုကို လုပ်ကြံခြင်း၊ ကြောက်စရာ စလေဒင်။


www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇) အရှုံးအမြတ်။ ၂၄၂

မြန်မာတို့၏ မျိုးချစ်စိတ်၊ ဘုရင်ကို ကြည်ညိုပုံ၊ ကုလားများ၏အမြင်၊ သစ္စာတော်ခံဘုရင်၊ လွတ်လပ်ရေးဆုံးရှုံးခြင်း၊ စစ်စားရိတ်၊ သိမ်းပိုက်ခြင်းဖြင့် အမြတ်ထွက်မထွက်၊ စပါးရေစာပေါသော အောက်မြန်မာပြည်၊ မိုးခေါင်သော အထက်မြန်မာပြည်၊ မိုးခေါင်ရေရှားဖြစ်သော အကြောင်းရင်း၊ ရေနံတွင်းများ၊ သီပေါမင်း အခွန်တော်၊ အရှုံးဘတ်ဂျက်။

အခန်း(၁၈) အထက်မြန်မာပြည်၏ စီးပွားရေး အခြေအမြစ်များ။ ၂၅၆

မိုးရှားသွန်းမှု၊ လူနေကျဲသောနိုင်ငံ၊ သိမ်းပိုက်ရေးအပေါ် ထင်မြင်ချက်၊ ဓာတ်သတ္တု သယံဇာတပစ္စည်းများ၊ ကျွန်းသစ်၊ သီပေါမင်းခေတ် ကုန်သွယ်ရေး၊ လူသတ်ပွဲကြောင့် မထိခိုက်သော ကုန်သွယ်ရေး၊ အထက်မြန်မာပြည်၏ သွင်ပြင်လက္ခဏာ၊ မြန်မာအလုပ်သမားများ။

အခန်း(၁၉) ကျွန်ပြုရေးနှင့် နိုင်ငံရေးအမြင်။ ၂၆၆

မျက်နှာဖြူနှင့် ကုလားများက အပြီးသိမ်းပိုက်ရန် လိုလားပုံ၊ ပြင်သစ်ဂိုဏ်းချုပ် အာဘော်၊ နန်းတွင်း လူသတ်ပွဲကို မြန်မာတို့ကလက်ခံပုံ၊ မထိခိုက်သော ဘုရားရှိခိုးကျောင်း၊ သီပေါမင်း၏ တက္ကသိုလ်ကျောင်း၊ လော့ဒ်ဒပ်ဖရင်၏အမြင်၊ ရှမ်းတို့ဌာနီ၊ ယိုးဒယားနှင့်ရှမ်း မီးရထားလမ်းစီမံကိန်း၊ ပြင်သစ်တို့အကြံ၊ ထိစပ်နေသော နယ်နိမိတ်။

အခန်း(၂၀) အနာဂတ်မြန်မာပြည်။ ၂၈၄

သိမ်းပိုက်ကြောင်းကြေညာခြင်း၊ သံတမန်ရေးရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အသစ်တည်ဆောက်ရေး ပြဿနာ၊ လော့ဒ်ဒပ်ဖရင် မန္တလေးရောက်လာခြင်း၊ ဗြိတိသျှအစိုးရတို့ အုပ်ချုပ်မည်ဟု ကြေညာခြင်း၊ လော့ဒ်ဒပ်ဖရင်၏တပ်မတော်၊ မစ္စတာဘားနတ်နှင့် ကာနယ်စလေဒင်တို့ကို ကျေးဇူးတင်ခြင်း၊ နိဂုံး။



## စာရေးသူအမှာ

"ပါတော်မူပြီးနောက် မြန်မာပြည်" (မြန်မာ့တော်လှန်ရေးနိဒါန်း) အကြောင်း အကျဉ်းချုပ်ဖြစ်သော ဤစာအုပ်ကို ရေးသားပြီးနောက် ဤစာအုပ်ရေးရခြင်း၏ အကြောင်းရင်းကို စဉ်းစားမိသည်။

မန္တလေး၌ ကွပ်မျက်ခြင်းခံရသော သူပုန်များသည် ကျည်ဆံ၏အရသာကို မည်သို့ ခံစားသွားရသည်ကို အမိအရ မှတ်တမ်းတင်ထားသော တပ်ထိန်းချုပ်၏ ကင်မရာသည် တမင်တကာ မရည်ရွယ်ခဲ့သော်လည်း တိုက်ဆိုင်မှုကြောင့်ဖြစ်စေ၊ ကံအားလျော်စွာဖြစ်စေ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သောကြောင့် ဤစာအုပ်ကိုရေးရန် ဖန်တီးလာခြင်းဖြစ်ပေသည်။

သီပေါမင်း ပါတော်မူချိန်နှင့် တိုင်းပြည်၏ ကံကြမ္မာကို ဖန်တီးမည့်အမိန့် ထုတ်ပြန်ရန် လော့ဒ်ဒပ်ဖရင် ရောက်လာသော စပ်ကူးမတ်ကူး ထီးကျိုးစည်ပေါက် မင်းပြောင်းမင်းလဲ ကာလလေးတွင် ပေါ်ပေါက်လာသော မျှော်လင့်ချက်တွေ၊ စိုးထိတ်မှုတွေ၊ တက်ကြွလှုပ်ရှားမှုတွေ၊ ပေါက်ကွဲမှုတွေကို အကွင်းလိုက်ပေါ်အောင် တင်ပြခြင်းဖြစ်သည်။

ထိတ်လန့်တကြားဖြစ်နေသော မြန်မာတို့သည် မျက်ရေသူငယ်နှင့် စိုးထိတ်နေကြသည်။

လက်ရှိအာဏာရနေသော ဗြိတိသျှအာဏာပိုင်တို့၏ ပြုမူဆောင်ရွက်ချက်များနှင့် အဆုံးအဖြတ်ကိုကြည့်ရင်း အနာဂတ်ကို စိတ်ချလက်ချ မျှော်ကိုးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအစွမ်းကို အားကျိုးမာန်တက် မပြလိုက်ရဘဲ အောင်ပွဲကို ခပ်ချောင်ချောင် ရလိုက်သဖြင့် ဗြိတိသျှစစ်သားများသည် မကျေမချမ်း ဖြစ်နေကြသည်။

အာသဝေါတရားကင်းရာ ကုန်ရာကိုသာ အာရုံပြုလျက် ရှိသော ဗုဒ္ဓဘာသာ ရဟန်းတော်တို့သည် မိမိ၏ ထက်ဝန်းကျင် ရဂုံသာမော အင်ကြင်းတော၌ သွေးထွက်သံယို ဖြစ်နေသည်ကို ဥပေက္ခာ ကမ္မဋ္ဌာန်း စီးဖြန်းလျက်ရှိသည်။

ကဝေတော့မှောက်ထားပုံနှင့်တူသော၊ အရှုးဦးထုပ်နှင့်တူသော သီပေါမင်း၏ ရွှေအလီမ်းလီမ်းကာပ်လျက်ရှိသည့် မကိုဋ်တော်သည် မည်သူမှ ကောက်ယူမည့်သူမရှိဘဲ ရွံ့ညွှံထဲ နစ်နေသည်။

အောင်နိုင်သူ ဗြိတိသျှတို့က မင်းသမီးတို့အား အငြိမ်းစား ရိက္ခာတော်ပေးလိုက်ရာ နေပြည်တော်တွင် နာရီနှင့်အမျှ အသက်ကို ဖက်နှင့်ထုပ်ထားရာမှ အသက်အန္တရာယ် လုံခြုံရာ အဝေးသို့ သွားကြသည်။

အထက်အောက် မြန်မာပြည်ကို သိကြားမင်းကြီးဆင်း၍ မ လိုက်သကဲ့သို့ ဖြစ်တော့မည်ဟူသော မျှော်လင့်ချက်ဖြင့် မြန်မာပြည်ရှိ အင်္ဂလိပ်တို့က အထက်ဗမာပြည်အား သိမ်းပိုက်ရန် ဆုတောင်းနေကြ သည်။

တံရုတ်တို့အား ရတနာ့တွင်းနှင့် ကြက်ပေါင်ပင်(ရာဘာ)များ ရှိသော ဗန်းမော်ကို သူတို့ပိုင်သည်ဟု တောင်းဆိုရန် ကြံစည်နေကြသည်။

မိမိ၏ အတွေ့ကိုမှားမှုကြောင့် မမျှော်လင့်ဘဲ ခံလိုက်ရသော ဖြင့်သံတိုသံအမှတ်ကြီးမှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်တော့ဘဲ မရှိ နိုင်မကယ်နိုင် ဖြစ်နေသည်။

အိုင်ရေးကြီးသော အချိုက်အတန့် အချိန်ကာလအတွင်း ပေါ် ခဝါကိုလာခဲ့သော ဆောင်းအချိန်များမှာ နေညင်အခါတွင် မှေမှောက်တန် တော့မည်ဖြစ်ရာ ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားသင့်ပေသည်။ ဓာတ်ပုံ ရိုက်ရာတွင် မှုန်ဝါးကောင်း မှုန်ဝါးနေမည်ဖြစ်သည်။



သို့ရာတွင် ဓာတ်ပုံရိုက်ဆရာ၏ ရည်ရွယ်ချက်မှာ အရာဝတ္ထု တို့ကို နဂိုအတိုင်း ချွတ်ခြွင်းမရှိ မှတ်တမ်းတင်ရန်သာ ဖြစ်သည်။ တစ်ဖက်ကို ပင်းလိုသော ဆန္ဒဖြင့် ၎င်းတို့၏အသွင်အပြင်ကို ပြင်ဆင်ရန်လည်း အား မထုတ်၊ ရုပ်ပုံကို မှောင်ရိပ်ထိုးရန် အလင်းပေးရန်ကိုလည်း အားမထုတ် ပါ။

မြန်မာမင်းသမီးများနှင့် သူတို့အား အငြိမ်းစားရိက္ခာတော် ပေးခဲ့ကြောင်း ဖော်ပြခဲ့ရာ ဤနေရာတွင် ပြဋ္ဌာန်းထားသော ရိက္ခာနှုန်း ထားကို နေသာခိုသာအောင် ပြင်ဆင်တိုးမြှင့်ထားကြောင်းကိုလည်း ဖော်ပြ ရမည်ဖြစ်သည်။

စိတ်ဝင်စားဖွယ်ကောင်းသော အဝေးရောက်မင်းသမီးတို့ ရန်ကုန်သို့ ရောက်လာသောအခါ သူတို့နေထိုင်ရန်အတွက် အိမ် တစ်ဆောင်ကို မစ္စတာ ဆိုင်းစ်က စီစဉ်ပေးပြီးလျှင် မင်းသမီးတို့၏ သက် သာချောင်ချိမှုနှင့် လုံခြုံမှုအတွက် ဆောင်ရွက်ပေးသည်။

မစ္စတာဆိုင်းစ်သည် မစ္စတာဘားနတ်မရှိခိုက် အတော်အတန် စိုးရိမ်ဖွယ်ကောင်းသော အချိန်တွင် အောက်မြန်မာပြည်အုပ်ချုပ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

ကျွန်တော် မြန်မာပြည်သို့ လာစဉ်က အပူတပြင်းပြဿနာဖြစ် သော အထက်မြန်မာပြည် သိမ်းယူရေးကိစ္စနှင့် ပတ်သက်၍ မည်သို့ စိတ်ဆုံးဖြတ်ထားခြင်းမရှိ။ မြန်မာပြည်သို့ ရောက်လာသောအခါ ပှော် ဘဲလစ်ဖြူရီ၏ ထင်မြင်ချက်ကို ထောက်ခံအားပေးရာကျနေသော အယူ အဆဖြစ်သည်။

မူလနဂိုနေရာကို အပြောင်းအလဲ နည်းနိုင်သမျှ နည်းနည်းဖြင့် မြန်မာပြည်အနာဂတ်အရေးကို ဆောင်ရွက်ခြင်းသည် အကျိုးအရှိဆုံးဖြစ် လိမ့်မည်ဟု ယူဆမိသည်။

သီပေါမင်း၏ အတွင်းကြိတ်အကြံကြောင့် မြန်မာပြည်အား နိုင်ငံခြားနှင့် အယှက်အတင်ဖြစ်လာအောင် ခြိမ်းခြောက်လာသော နိုင်ငံ ခြားအယှက်အတင်ကိစ္စကို အပြီးအပြတ် ဖယ်ရှားရန် လိုအပ်လာသော ကြောင့် ဗြိတိသျှအစိုးရသည် မြန်မာပြည်အား အရှင်ပဲတိရီ၏ လက်

www.burmeseclassic.com

www.burmeseclassic.com



နက်နိုင်ငံတော်အတွင်းသို့ သွတ်သွင်းရခြင်းဖြစ်သည်။ ဤသို့ ပြုလုပ်ရခြင်းမှာ တရားလမ်းမှန်ကျ၍ လုပ်သင့်လုပ်ထိုက်သော ကိစ္စဖြစ်သည်ဟု အများက ထောက်ခံကြသည်။

ဤနည်းအားဖြင့် လက်နက်နိုင်ငံတော် အတွင်းသို့ သွတ်သွင်းပြီးနောက် တိုင်းပြည်၏အုပ်ချုပ်ရေးကဏ္ဍနှင့် ပတ်သက်၍ ယူဆရန် အကြောင်းရှိသည်။

လော့ဒ်ဆဲလစ် ဗြူရီ အစိုးရအဖွဲ့ရည်ရွယ်ချက်သည် ဘုရင့် အစိုးရ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးပါမည် ဆိုသော အာမခံချက်ဖြင့် တိုင်းရင်းသား မင်းသား တစ်ပါးပါးအား အုပ် ချုပ်ရေးကို လွှဲပေးတန်လျှင် ပေးမည် ဟု ဖြစ်သည်။

ဤသို့သောနည်းဖြင့် ဖြေရှင်းရန် စဉ်းစားလျက်ရှိကြောင်းကို မြန်မာပြည်တွင် သိနေကြပြီးဖြစ်သည်။

ထို့ပြင် ညောင်ရမ်းမင်းသား၏ သားတော် အသက် ၁၄နှစ်ရှိ ထိပ်တင်ဦးစွန်းခေါ် ခပ်ဆန်းဆန်းအမည်ရှိသော သူငယ်ကို တိုင်းပြည် အုပ်ချုပ်ရေး လွှဲအပ်ရန် ရွေးချယ်လိမ့်မည်ဟု အများက ထင်နေကြသည်။

ဤသို့သော အစီအစဉ်အကျိုးရှိမည့် အချက်များရှိသည်။ အထက်မြန်မာပြည်အား စရိတ်ကြီးလေးလှသော ဥရောပအုပ်ချုပ်ရေးဖြင့် ချက်ခြင်းအုပ်ချုပ်လိုက်ပါက ကြိုတင်မြင်ထားသည့်အတိုင်း အိန္ဒိယပြည် သည် ဘဏ္ဍာရေး အရှုံးပေါ်မည့် ဝန်ထုပ်ဝန်ပိုးမှ သက်သာရာရစေမည်။

ထို့ပြင် စစ်အုပ်ချုပ်ရေးသက်သက်ထက် မြန်လည်းမြန် အကုန်အကျလည်းသက်သာစွာဖြင့် မြန်မာပြည် ငြိမ်ဝပ်ပိပြားရေး ရရှိ လိမ့်မည်။

ပြုပြင်ထားသော ဘုရင်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံသစ်သည် တရုတ်တို့ လျော်ကြေးတောင်းဆိုမှုကို ရပ်တန့်စေပြီးလျှင် အင်ဒိုချိုင်း ကျွန်းဆွယ်စွင် ဗြိတိသျှနှင့်ပြင်သစ်တို့ နယ်နိမိတ်ချင်း တစ်လျှောက် ထိစပ်နေပုံကိုလည်း အချိန်ရွှေ့ ဆောင်ရွက်ပေးစေလိမ့်မည်ဖြစ်သည်။

ဤအချက်အားလုံးကို အိန္ဒိယအစိုးရသည် ကောင်းစွာသတိ



ပြီး ဖြစ်လိမ့်မည်ဖြစ်သည့်ပြင် ဤစာအုပ်ကို ကျွန်တော်ရေးနေစဉ်တွင် ယင်းအချက်များကို ကျွန်တော်မသိမဟုတ်။

သို့သော် ယခင်အစိုးရအဖွဲ့ဝင်များနှင့် လက်ရှိအစိုးရအဖွဲ့ဝင် များသည် ဤကြီးလေးလှသော ချိန်ဆမှုများကို ဂရုပြုထားကြောင်းနှင့် လော့ဒ်ဒပ်ဖရင်ကိုယ်တိုင်ကလည်း အပြည့်အစုံ လိုလိုလားလား အာရုံ စိုက်ထားကြောင်းကို ထောက်၍ ယင်းအချက်များကို အကယ်၍ အရေးယူ ဆောင်ရွက်ခြင်းမပြုလျှင် တာဝန်ရှိသောဝန်ကြီးများနှင့် လော့ဒ်ဒပ်ဖရင် တို့၏ ထင်မြင်ချက်တွင် အထက်မြန်မာပြည်ကို သိမ်းပိုက်သင့်ကြောင်း လုံလောက်သောအကြောင်းပြချက် အပြည့်အစုံရှိသည်ဟု ကောက်ချက် ချရပေတော့မည်။

လက်ပမ်းကျနေပြီဖြစ်သော ပန်းပဲမောင်တင့်တယ်သည် မြန်မာ ပြည်အား သိမ်းယူလိုက်ခြင်းဖြင့် သူ့ပခုံးပေါ်မှ ဝန်ထုပ်ကို လျော့ ချပစ်လိုက် ခြင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။ ပိပြားသား ဝန်ထုပ်ပေါ်ကို ထပ်ပြီး ဝန်တိုး လာခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော် မောင်တင့်တယ်သည် ဝန်အတော်များများကို ထမ်း နိုင်သူဖြစ်သည်။ ခြေကုန်လက်ပမ်းကျနေစေကာမူ မောင်တင့်တယ်သည် ခရီးအဝေးကြီး သွားနိုင်သေးသည်။

စနောင့်စနင်း ကြောင့်ကျစရာ အကြောင်းရှိသော်လည်း နုတ် မရအောင် ကွဲနေပြီဖြစ်ရာ အခြေအနေသစ်ကို လက်ခံလိုက်ပြီးလျှင် မြန်မာပြည်နှင့် လက်နက်နိုင်ငံကြီးအတွက် အကျိုးအရှိဆုံးဖြစ်အောင် အသုံးချလိုက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်။

ဂရက်တန်ဂီယာရီ

၁၈၈၆-ခု၊ ဖေဖော်ဝါရီ ၂၆ရက်။

ဘုံဘေမြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

## အာရိယန်နွယ် အိန္ဒိယမှ မွန်ဂိုနွယ် မြန်မာပြည်သို့

မပြောပလောက်သော်လည်း အဆုံးအဖြတ်ပေးခဲ့သော အထက်မြန်မာပြည်မှ လက်နက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်မှုသည် နိုဝင်ဘာလကုန်တွင် ပြီးဆုံးသွားသည်။ အလောင်းမင်းတရား၏ လက်နက်နိုင်ငံ တော်ကြီးကို မင်းမဲ့တိုင်းပြည်အဖြစ် ဗြိတိသျှတို့အား အပ်ခဲ့ပြီးလျှင် သီပေါမင်းနှင့် သူ၏အခြွေအရံများသည် အိန္ဒိယပြည်သို့ ပါတော်မူသွား ပြီးနောက် ဖြစ်ပေါ်လာသော နိုင်ငံရေးအခြေအနေက ချက်ချင်းပင် လေ့လာကုန်လော့ဟု ဖိတ်ခေါ်နေဟန်ရှိသည်။

သီပေါမင်းကိုဖြုတ်ချရန် စီစဉ်ကာ ၎င်းဘုရင်ကို သူ၏ ရာဇပလ္လင်နှင့် နေပြည်တော်မှ ဖယ်ရှားပြီး အိန္ဒိယပြည်သို့ ပို့ဆောင်ရန်အတွက် နည်းနည်းကလေးမှ လက်မနှေးခဲ့သော အစိုးရသည် မချိနိုင်မချနိုင်ဖြစ်နေသော ဝန်ထုပ်ဝန်ပိုးအဖြစ် မိမိလက်တွင်းသို့ တိုက်ပွဲမဆင်နွှဲလိုက်ရဘဲ ရောက်ရှိပါသော ရောမ တိုင်းပျက်ပြည်ပျက်ကြီး၏ အနာဂတ်အရေးကို မဆုံးဖြတ်မီ တုံ့ဆိုင်းခဲ့သေးသည်။

မြန်မာပြည်၏အရေးကို အထူးဂရုစိုက် လေ့လာသူများနှင့် သွားလေသူ ဘုရင်မင်းမြတ်နှင့် သူ၏အကြံပေးများအဖို့ ဖြေရှင်းခြင်းငှာ မစွမ်းသာဘဲ အမယ်ဘုတ်ချည်ခင် ဖြစ်ခဲ့သော နိုင်ငံရေး၊ ဘဏ္ဍာရေး၊ နယ်ခြားအရေးနှင့် အခြား အခက်အခဲများအကြောင်းကို အတွင်းသိဖြစ်ခဲ့သောသူများအနေဖြင့် ဗြိတိသျှအစိုးရသည် မိမိသေချာပေါက် သိမ်းပိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတော့မည်ဖြစ်သော တိုင်းပြည်ကိုမသိမ်းမီ လေ့လာသုံးသပ်ရန် လိုအပ်ကြောင်းကို ကောင်းစွာ လက်ခံသဘောပေါက်မည် ဖြစ်လေသည်။

မြန်မာပြည်အား သိမ်းပိုက်လိုက်ကြောင်းကို စီရင်ချက် ချမှတ်ကြေညာရန်နှင့် အထက် အောက် မြန်မာပြည်ကို ဘုရင်ခံ၏ အုပ်ချုပ်ရေးသစ်အောက်သို့ မြန်မာတစ်ပြည်တည်းအဖြစ် ပြောင်းလဲလိုက်ရန်အတွက် ဤသို့သော အခက်အခဲများကြောင့် နှောင့်နှေးလျက်ရှိကြောင်းကို မသိကြသေးသောသူ များစွာတို့မှာ နဝေတိမ်တောင် ဖြစ်နေကြပြန်တူသည်။

ကျွန်တော့်အဖို့ ပြဿနာအချို့ကို အသေအချာ ဆန်းစစ်ရန်လိုမည်ဟု ထင်သည်။ ထို့ပြင် ဖြေရှင်းရန်ပြဿနာတို့ကို နိုင်ငံရေး၊ လူမှုရေးနှင့် စစ်ရေးရှုထောင့်များမှနေ၍ ကျွန်တော်ကိုယ်တိုင် သုံးသပ်လို သည်။ အထက်မြန်မာပြည် ပြည်သူပြည်သားတို့၏ စွမ်းအင်နှင့် ဆန္ဒကို သိဟန်ပင်ဆောင်ရဲသူမရှိရကား အထက်မြန်မာပြည်သူပြည်သားတို့၏ အကြောင်းကို လေ့လာရန် တစ်ခုတည်းသော နည်းလမ်းမှာ မန္တလေးသို့ သွားပြီး မန္တလေးရောက်မှ သူတို့အဆိုကို ကြားနာရမည်ဖြစ်သည်။ မန္တလေး သို့အသွား လမ်းတွင် ကျွန်တော်တို့အပြင် တိုက်ရိုက် အသက်ဆိုင်ဆုံး ဖြစ်သူ ပုဂ္ဂိုလ်တို့က ဤကိစ္စနှင့်ပတ်သက်၍ မည်သို့ပြောဆိုမည်ကို နားထောင်ရန်ဖြစ်သည်။

ကျွန်တော်သည် ဤအမြင်အတိုင်း လက်တွေ့လုပ်ရန်အတွက် ဘုံဘေမြို့မှ ၁၈၈၅ ခု၊ ဒီဇင်ဘာ ၇ရက်နေ့တွင် ထွက်ခွာလာပြီးလျှင် ပါတော်မူပြီးနောက် ၈ရက်အကြာ အမြန်ဆုံးရောက်နိုင်သည့် လမ်းဖြစ်သော ကာလကတ္တားမှဆက်၍ မြန်မာပြည်သို့ ထွက်ခွာလာခဲ့သည်။

တစ်ညနေတွင် ဘုံဘေမှထွက်သော စာပို့ရထားဖြင့် ဗြိတိသျှအိန္ဒိယ လက်နက်နိုင်ငံတော်ကြီး တစ်ခုလုံးကို ဖြတ်သန်း၍ ခရီးထွက်ရန် အလွန်ကောင်းသော အကြံကို စိတ်ကူးမိသည်။ ထို့ပြင် သဘော်ကခုတ်နိုင်သလောက် စက်ကုန်ခုတ်ပြီး ဗြိတိသျှ မြန်မာပြည်နယ်ခြားအထိသွားရန်နှင့် ယခုအခါ ဗြိတိသျှနိုင်ငံတော်၏ လက်အောက်ခံ ဖြစ်လာ သော မန္တလေးနှင့် ဗန်းမော်သို့ ခရီးဆက်ရန်ဖြစ်သည်။



ကာလကတ္တားသို့ မီးရထားဖြင့် နာရီပေါင်း ၆၀၊ ရန်ကုန်သို့ သင်္ဘောဖြင့် တစ်ပတ်ခရီးဖြစ်သည်။ နောက်ထပ်သုံးလေးရက်လောက် သင်္ဘောဖြင့် ခရီးသွားလျှင် ဗန်းမော်မြို့သို့ ရောက်မည်။ ဧရာဝတီမြစ်အတိုင်း မိုင် ၁၀၀၀ ဆန်သွားပြီး တရုတ်နယ်ခြားဒေသကို မဖြတ်သန်းမီ ဗန်းမော်တွင် ရက်အတော်ကြာ အနားယူနိုင်သည်။ ထွက်ခဲ့ရသောခရီးမိုင်နှင့် နာရီကို တွက်ကြည့်လိုက်ပါက ဤကမ္ဘာမြေ တစ်ပတ်ခရီး တွင်အတော် ခရီးရောက်ခဲ့ပြီကို တွေ့ရမည်ဖြစ်သည်။

ကြီးမား၍ အတော်သပ်ရပ်ပြည့်စုံကာ ကျွန်တော်တို့အား ကာလကတ္တားမှ ရန်ကုန်သို့ ခေါ်ဆောင်ခဲ့သော ဗြိတိသျှ အိန္ဒိယပိုင် "အီသိုပီယာ"သင်္ဘောပေါ်သို့ ရောက်သောအခါ ကျွန်တော်တို့သည် အရိယန်နွယ် အိန္ဒိယလူမျိုးတို့နှင့် ခွဲခွာခဲ့ကြပြီးလျှင် ယခုမှနေ၍ အရှေ့ဘက်တလျှောက်တွင် တစ်ဆက်တည်း ရပ်တည်လွှမ်းမိုးလျက်ရှိသော မွန်ဂိုအနွယ်ဝင် လူမျိုးတို့နှင့် တွေ့ဆုံသိကျွမ်းရတော့မှာပါတကားဟု သတိပြုမိသည်။ သင်္ဘောပေါ်တွင် စိတ်ဝင်စားဖွယ်လည်း ကောင်း၊ လူမျိုးလည်း စုံလှသော ခရီးသည်များကို တင်ဆောင်လာခဲ့သည်။

မြန်မာအမျိုးသမီးကို တရုတ်မဟု' ကျွန်တော်တို့က အထင်မှားမိသည်။ မြန်မာအမျိုးသမီးသည် ပို၍ ဖြူသော် ဖြူတတ်သည်။ မဲသော်လည်း မဲတတ်သည်။ သို့သော် ရွှေဝါရောင်အသားအရေကိုကြည့်၍ တရုတ်နှင့် ခွဲရသည်။သင်္ဘောပေါ်တွင် အမေရိကန်လူမျိုးများ ဂျိန်းဘာသာဝင်များနှင့် မက္ကာမှ မန္တလေးသို့ ဖြတ်လာသော မွတ်ဆလင်ကုန်သည်တစ်ဦးတို့ ပါဝင်သည်။ ရန်ကုန်သို့ တင်ပို့လိုက်သော သိုးတစ်အုပ်လည်းပါသည်။ ဗြိတိသျှမြန်မာပြည်သည် အာလူးနှင့် ဆားကို ပြည်တွင်းသို့ သွင်းရသလို သိုးသားကိုလည်း နိုင်ငံခြားမှသွင်းရသည်။ မြန်မာတို့သည် သိုးသား၏ အနံ့အသက်ကို မကြိုက်ကြဘဲ ဆိတ်သားကိုသာ နှစ်သက်ဟန်ရှိသည်။ သိုးမွေး၏ ဆိုးဝါးသောအနံ့အသက်များကြောင့် မြန်မာတို့သည် သိုး သားကို မနှစ်သက်ကြ။ ထို့ကြောင့်ကြီးလည်းကြီး၊ ဖွံ့လည်းဖွံ့ဖြိုးသော ဆိတ်ကို ဘုရင်နှင့် တိုင်းသူပြည်သားတို့ကစားကြ

www.burmeseclassic.com



သည်။

မင်းတုန်းမင်းသည် ဆိတ်ကြီးတစ်ကောင်ကို တစ်ထောင်ပေးဝယ်ကာ သူ့ဆိတ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည်ဟု ကြွားလေ့ရှိသည်။

အင်္ဂလိပ်တို့၏စာများကို မြန်မာပြည်သို့ ကျွန်တော်တို့သင်္ဘောက သယ်ဆောင်ခဲ့သည်။ ၎င်းတို့အထဲတွင် နိုင်ငံရေးလေသံများ ပါသည်။ သင်္ဘောပေါ်ရှိ မြန်မာပြည်ရောက် အင်္ဂလိပ်တို့သည် သိမ်းပိုက်ရေး ကို ကြိုက်သူချည်းဖြစ်သည်။ သီပေါမင်းကို လွယ်လင့်တကူဖြင့် ဖြုတ်ချလိုက်ပြီး နိုင်ငံရေးကိစ္စတွင် ပို၍ အင်အားပြလာနိုင်သဖြင့် မြန်မာပြည်ရောက် အင်္ဂလိပ်တိုင်း ရွှင်ပြနေကြသည်။ မြန်မာပြည်ကို မသိမ်းပိုက်တော့ဘူးတဲ့၊ သစ္စာတော်ခံ ပြည်နယ်တစ်ခုအဖြစ်လောက်သာ ထားတော့မယ်တဲ့ဟူသော ကောလာဟလသည် မကျေမနပ်ဖြစ်အောင် ဆွပေးနေသည်။

အထက်မြန်မာပြည်ကို သိမ်းပြီးသားဖြစ်ပါလျက် အဘယ်ကြောင့် သီပေါ၏ခြေရာကို နင်းမည့် အကြံသမားတွေလက်ကို အပ်လိုက်ရမည်နည်း။ မဟာဝန် ရှင်တော်မင်းကြီး မစ္စတာဘားနတ်သည် ခေါင်းအေး၍ အတွေ့အကြုံ ရင့်ကျက်သူဖြစ်ကြောင်း အသိအမှတ်ပြုပါ၏။ သို့သော် အထက်မြန်မာပြည်ကို (သစ္စာတော်ခံ) ပြည်နယ်တစ်ခုအနေသို့ လျှော့ပေးရန်အတွက် သူ သဘောမတူနိုင်သည်မှာ မြန်မာတို့၏ စိတ်နေစိတ်ထားနှင့် သဘောကို အလေးပေးရှေ့တန်းတင်၍ စဉ်းစားသောကြောင့်ဖြစ်သည်ဟု သိရသည်။ သူက မြန်မာတို့သည် သူတို့မင်းကို အလွန်မြတ်နိုးကြသည်ဟု ယူဆသည်။ သီပေါမင်းဖြစ်စေ၊ အခြားသူတစ်ဦးဦးဖြစ်စေ၊ မန္တလေးနန်းတွင် မင်းလုပ်သူကို မြန်မာတို့က လောကသမုတိနတ် ဖြစ်သည်ဟု မှတ်ယူသည်။ မြန်မာတို့၏သဘောကို အလွန်သိသာပါလျက်နှင့် သူတို့နှင့် ကန့်လန့်တဲ့ ကျင့် ဆန့်ကျင်ဘက်တွေ့ရမည့်အလုပ်ကိုလုပ်လျှင် မိုက်မဲရာကျလိမ့်မည်ဟု သူက ယူဆသည်။ သို့ရာတွင် မြန်မာတို့သည် မိမိတို့ အမျိုးသားဘုရင်ကို အချည်းနှီး ရှိသေ



မြတ်နိုးနေကြသော်လည်း လက်တွေ့အားဖြင့် ကားစင်တင်ခံရမည့်ဘေး၊ ရင်ခွဲ အူအသည်း နုတ်ခံရမည့်ဘေးမှ ကင်းဝေးလိုပြီး ဗြိတိသျှပိုင်နက်အတွင်း၌ သူရရှိနိုင်သော ယဉ်ကျေးသည့် အုပ်ချုပ်ရေးအရသာကို ခံစားလိုကြသည်ဟု ပြောသူကပြောကြသည့်အတိုင်း မဟာဝန်ရှင်တော်မင်းကြီးက တွေးကောင်းတွေးမိလိမ့်မည်။

ဗြိတိသျှပိုင် မြန်မာပြည်၌ ယခုအခါတွင် အထက်မြန်မာပြည်မှ မြန်မာ (၄)သိန်း လာရောက်နေထိုင်ကြပြီးလျှင် အခွင့်သာလျှင် နောက်ထပ်လာရောက် နေထိုင်သူများ တိုးလာဦးမည်မှာလည်း သံသယရှိစရာမလိုပါပေ။ သူတို့က ဗြိတိသျှအလံတော်အောက်ကို မလာရောက်နိုင်ဘူးဆိုပါက အဘယ်ကြောင့် ဗြိတိသျှအလံတော်က သူတို့ထံ သွားရမည်နည်း။ သို့တည်းမဟုတ် မဟာကရုဏာတော်ရှင်က သွေးထွက်သံယိုမပါဘဲ အောင်ပွဲခံရန် မန္တလေးသို့ စေလွှတ်လိုက်သော အလံတော်သည် အဘယ်ကြောင့် အထက်မြန်မာပြည်၌ မနေဘဲ ရှိရအံ့နည်း။ ဤကား မြန်မာပြည်၌ နေထိုင်ကြသော သင်္ဘောပေါ်၌ ပါလာကြသည့် အင်္ဂလိပ်ခရီးသည်တို့ သိချင်နေသော ကိစ္စဖြစ်လေသည်။

သိမ်းပိုက်ပါစေဟုပင် မြန်မာတို့က ဆုတောင်းနေကြသည်ဟူသော ဤအကြွင်းမဲ့ ယုံကြည်ချက်ကား မနော်ခွေ့ဖွယ် ကောင်းလှသည်။ ထို့ပြင် မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားကို သိမြင်ပြီး ဆင်ခြင်တုံတရား ပြည့်ဝ၍ မျှတသောလူမျိုး၊ ကျေးဇူးကန်းသော လူများအား အုပ်ချုပ်နေသည်ဟူသော အာဃာတစိတ်မျိုး မရှိသည့်သူများကို ရှာဖွေတွေ့ရှိရပြီဟု ကျွန်တော့်အနေဖြင့် ထင်မြင်သည်။

မိမိတို့ အစိုးရ၏ ညံ့ဖျင်းမှုကြောင့် ထွက်ပေါ်လာသော ဒုက္ခမှ လွတ်မြောက်ခြင်းသာလျှင် အကောင်းဆုံးဖြစ်သည်ဟု သိမြင်ကြသော မြန်မာတို့သည် လိမ္မာပါးနပ်သော လူမျိုးဖြစ်သည်ဟု မြန်မာပြည်ရှိ အင်္ဂလိပ်တို့က ခံယူထားသည်။ ထို့ပြင် ကုန်သွယ်လယ်လုပ်ရေး သန်းပေါင်းများစွာနှင့် အချို့လည်း ခရစ်ယာန်ဘာသာဝင်ဖြစ်ကြပြီး အချို့လည်း လူရိုင်းဘဝသာ ရှိနေကြသေးသော အခြားလူမျိုးစု အတော်ပင် အသောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကသာ သူတို့ကို မိတ်ဆွေအဖြစ် ဆက်ဆံ မည်ဆိုပါကကျွန်တော်တို့နှင့် မိတ်ဆွေအဖြစ် ဆက်ဆံရန် ထက်သန် နေသူများဖြစ်သည်။

သဘော်ာပေါ်တွင် ကားစင်တင်ခံရသော မြန်မာတစ်ယောက်၏ဓာတ်ပုံ (၁)ပုံ ပါလာသည်။ သူသည် သီပေါမင်း၏အမိန့်အရ အရက်စက်ဆုံးသော နည်းမျိုးဖြင့် ကားစင်တင်ခံရသော လူငါးဆယ်အနက်မှ တစ်ဦး၏ပုံဖြစ်သည်ဟု ပြောပြသည်။ လူငါးဆယ်ကို ကားစင်တင်သည်ဆိုသည်မှာ မှန်ချင်မှ မှန်မည်ဖြစ်သော်လည်း ကားစင်တင်ခံရသောကြောက်မက်ဖွယ်ဘေးမှာကား သံသယဖြစ်စရာ မလိုပေ။ ဘုန်းတော်ကြီးမစ္စတာ မက်ကော၏ ဘူဂေရီးယံများပင် ဒနဘီကမ်းပါးပေါ်တွင် ငုတ်ချွန်ဖြင့် တံကျင်ထိုးခံရသေးသည်။

မျက်စေ့တွေထုတ်ထား၍ မျက်တွင်းပေါက်ပက်ထား ၊နှစ်ဖက်စလုံးကို ခြေမျက်စိမှနေ၍ ဖြတ်ထားသောခြေထောက်၊ မြင် မကောင်းအောင်လျှာကြီးတန်းလန်းထွက်နေသော ပါးစပ်ပြကြီး၊ ရင်ခွဲ ၍ အူအသည်းနုတ်ထားသော လူသေကောင်ကြီးကား ဘယ်ဘက်ကနေကြည့်ကြည့် လန်ကြုတ်တွေမဟုတ်။ အဖြစ်မှန်ကို သက်သေခံနေခြင်းသာဖြစ်သည်။ ခြေလက်တွေကို ကားကျက်ထားရာ ကားစင်သည် အရှင်လတ်လတ် ရင်ခွဲခြင်းခံရသူ၏ လဲလျောင်းရာ နေရာလည်းဖြစ်ပေသည်။ ဤအရာထက် ကြက်သီးမွေးညင်း ထဖွယ်ကောင်းသော ဓာတ်ပုံရိုက်စရာ အရာကား မရှိတော့ချေ။

ဓာတ်ပုံပညာရှင်မှာ အိန္ဒိယနေ့စဉ်သတင်းစာမှ အထူးသတင်းထောက်ဖြစ်သည်။ ၎င်းဓာတ်ပုံ၏ အောက်ပတ်လည်တွင် ဆောင်းပါးရေးထားသည်။ လူအများ အမြင်မတော်သည့်ပုံကို ဖော်ပြရခြင်းကို တောင်းပန်ထားသော်လည်း မနေ့တစ်နေ့ကအထိ သီပေါမင်း အုပ်စိုးသွားသောတိုင်းပြည်ကို သိမ်းပိုက်ခြင်းအားဖြင့် တစ်ကမ္ဘာလုံးနှင့် လူသားအားလုံးကျေးရှိသည့်အမြတ်ကို ဖော်ပြရခြင်းဖြစ်သည်ဟု ယင်းဆောင်းပါးတွင် အယ်ဒီတာက ရေးသားထားသည်။

သို့ရာတွင် ဓာတ်ပုံပင်ဖြစ်လင့်ကစား တစ်ခါတည်း အကြောင်းမဲ့ မယုံလိုက်နှင့်ဆိုသည်မှာ မှန်ပါ၏။ ကားစင်ပေါ်တွင် နှလုံးနောက် ဖွယ်လူမဆံသော ရက်စက်ကြမ်းကြုတ်မှုဒဏ်ကိုခံပြီး သေသွားရသည့်သတင်းကို ဖော်ပြထားသော ကာလကတ္တားသတင်းစာကို ကျွန်တော်က အဟုတ်ထင်မိသည်။



ကားစင်တင်ခံရသူတိုင်းသည် ကားစင်မတင်မီကပင် သေပြီးဖြစ်သည်ဟု နောက်မှသိရသည်။ ဤကိစ္စတွင် မြန်မာတို့သည် ပင်လယ်ဓါးပြတွေကို ရောမလူကြီးလူကောင်းတို့၏ ကရုဏာမျိုးဖြင့် ကားစင်တင်မည်ဟု ကတိထားခဲ့တဲ့အတိုင်း ကိုက်ညီအောင်လုပ်သော ဆီဇာ၏နည်းကို မြန်မာတို့က မသိလိုက် မသိဘာသာ လိုက်လျက်ရှိသည်။

မြန်မာပြည်တွင် ကြိုးစင်တင်သောနည်းဖြင့် မသတ်ကြချေ။ လည်မျိုကိုဖြစ်စေ၊ လည်ကုတ်ကိုဖြစ်စေ တုတ်တိုဖြင့်ရိုက်ခြင်းဖြင့်လည်းကောင်း၊ ဓါးရိုးကို အချက်မိမိ ထောင်းခြင်းဖြင့်လည်းကောင်း သတ်ပြီးမှသာ ကားစင်တင်သည်။ လွန်ခဲ့သော ရာစုနှစ်အတွင်းက ဥရောပတိုက်တွင် ရာဇဝတ်ကောင်များကို သံကြိုးဖြင့် တုတ်နှောင်လေ့ ရှိသည်မှာလည်း ဤ ရည်ရွယ်ချက်အတိုင်းပင် ဖြစ်သည်မှာ သံသယဖြစ်စရာ မလိုတော့။

ဤသို့ ပြုမူခြင်းသည် ရက်စက်ကြမ်းကြုတ်ခြင်းသာမဟုတ်။ အလွန်စက်ဆုတ်ဖွယ်လည်း ကောင်းလှသည်။ ဥရောပတွင် သံကြိုးနှင့်တုပ်နှောင်မှုကို ပယ်ဖျက်ခဲ့သည့်နည်းတူ တိုးတက်လာသော လူ့ယဉ်ကျေးမှုကမြန်မာပြည်တွင်လည်း အလောင်းကို ကားစင်တင်ခြင်းအား ပယ်ရှားပစ်ဆလိမ့်မည်။ ကမ္ဘာပေါ်တွင် အမှောင်ထုဖုံးလွှမ်းနေသော နေရာတို့ သည်ရက်စက်မှု ခိုအောင်းရာဖြစ်သည်။ အထက်မြန်မာပြည်ကို အလင်းရောင်ထွန်းညှိပေးပြီးဖြစ်ရာ ဤသို့ စက်ဆုပ်ထိတ်လန့်ဖွယ်ရာများသည်ယခုအချိန်မှစ၍ မရှိနိုင်တော့ပြီ။ သို့သော် နိုင်ငံရေးကိစ္စတွင် ကရုဏာသည်စိတ်ချရသော ရှေ့ဆောင်လမ်းပြမဟုတ်ပေ။

လွန်ခဲ့သော အနှစ်တစ်ရာ မရှိတရှိက ပြင်သစ်ပြည်မှ အနိုင်[illegible]တ်မျိုးစုံ ခံသွားရသော ဒမ်မီယင်းသည် သီပေါမင်း၏ အနိုင်[illegible]က်ခံရသူနှင့် နေရာချင်းလဲမလားဆိုလျှင် ဝမ်းသာအားရ လဲကြလိမ့်မည်။ လူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေကို နမူနာပြသည့်အနေဖြင့် လွန်ခဲ့သောနှစ်တစ်ရာအတွင်း၌ နိုင်ငံရေးပြစ်မှု ကျူးလွန်သူများကို အရှင်လတ်လတ်ခုတ်စင်းခဲ့သည်မှာ ပြင်သစ်ကေရာဇ်တစ်ဦးသာမဟုတ်ပေ။ စီရင်ချက်ချသော တရားသူကြီး၏ လက်တွင်းသို့ရောက်နေသော နိုင်ငံရေးပြစ်မှုကျူးလွန်သူနှင့် ရာဇဝတ်သားတို့အပေါ် လူချင်း စာနာသည့်စိတ်ထားမှာ မကြာသေးမီ ကလေးကပင် နေရာအနှံ့အပြားတွင် ပေါ်ပေါက်လာခဲ့သည်။ ကွပ်မျက်သူ၏ အကျိုးရှိမှု သို့မဟုတ် စိတ်ချမ်းသာမှုအတွက် အသတ်ခံရန် ကြမ္မာငင်လာသူတစ်ဦးအား အချည်းနှီး ရက်စက်ခြင်းသည် ဒုစရိုက်အပြစ်ကြီးဖြစ်ကြောင်း လူတွေ သဘောမပေါက် ပေါက်အောင် သက်သတ်လွှတ်စားသောကျားတကောင် တရားချရလိမ့်မည်။

အင်ဒိုချိုင်းနားကျွန်းဆွယ်သားများသည် သူတို့၏ ညီတော်နောင်တော် တရုတ်များကဲ့သို့ပင် ရာဇဝတ်သား၏အကျိုးကို ရှေးရှုလျက် သတ္တဝါတို့၏ ရခဲလှသော အသက်တစ်ချောင်းကို တန်ဖိုးထားရမည်ဆိုသော အဆန်မပါသည့် သကြိန်အမြောက်ကြီးလို လက်တွေ့ကျင့်သုံးရာတွင် သနားကြင်နာသည့်စိတ်ဖယ်ပြီး နည်းနည်းကလေးမှ လက်မတွန့်ခဲ့ကြချေ။

သို့သော် သူတို့သည် မည်သည့်နည်းနှင့်မှ စရိုက်ကြမ်းကြုတ်သူများ၊ ရက်စက်မှုကို လက်ယဉ်နေသူများ မဟုတ်ကြောင်းကို သိခဲ့ရသည်။ သူတို့သည် စိတ်လက်မာန်ပါဖြစ်သော အခါမျိုးဖြစ်စေ၊ ခပ်ကြမ်းကြမ်းကလေးလုပ်မှ ဖြစ်တော့မည့် အခြေအနေမျိုးတွင်ဖြစ်စေ ဤလို အချိန်အခါမျိုးတွင်သာ ရက်စက်တတ်သည်။

သို့ရာတွင် မင်းသားတစ်ပါးပါးကို နောင်ကြိုးတ်ရာတွင် သူ့အား အချည်းနှီး မနာကျင်အောင် သို့မဟုတ် မနစ်နာအောင် ကြိုးကိုကတ္တီပါကွပ်ထားသည်မှာ မြန်မာတို့၏ ထူးခြားသော စိတ်သဘောထားပင်ဖြစ်ပေသည်။

◀◀ ▶▶

## အခန်း (၂)
## ရန်ကုန်မြို့

ကာလကတ္တားမှ ထွက်လာသော သုံးရက်တာ သင်္ဘောခရီးက ကျွန်တော်တို့အား စွန့်ခွာခဲ့သော အိန္ဒိယနှင့် တစ်စက်မှမတူသော လူမျိုး ယဉ်ကျေးမှုနှင့် ဘာသာတရားတို့နှင့် မိတ်ဆက်ပေးသည်။ အလွန်မဝေးသော ကာလက တိဗက်ပြည်မှ တောင်ဘက်သို့ ဆင်းသက်လာသော မွန်ဂို မျိုးနွယ်ဝင်များ ဘာသာကို ကိုင်းရှိုင်းသော်လည်း အယူမသီးသည့် ဗုဒ္ဓ ဘာသာဝင်များ၊ အတန်းအစားခွဲသော ဇာတ်အယူမရှိသူများ၊ စောင့်စည်းချုပ်တည်းသော အပြုအမူ အလေ့အထရှိသူများ၊ အိမ်ထောင်ရေးနှင့် လူမှုရေးကိစ္စတွင် အမျိုးသမီးတွေကို အခွင့်အရေး တူတူတန်တန်ပေးထားသူများ၊ သက်သတ်လွှတ်စားသည်ဟု ဆိုသော်လည်း လက်တွေ့တွင် ကောင်းနိုးရာရာကို စားတတ်သော သူတို့၏အလယ်တွင် ကျွန်တော်တို့ ရောက်နေကြလေပြီ။

လူ့ဘဝသည် ဒုက္ခတိဘုံကြီးသာဟုမြင်သော အိန္ဒိယတိုင်းရင်းသားများထက် လူ့ဘဝဆိုသည်မှာ ရေပွက်ပမာ တစ်ခဏမျှသာတည်းဟု မြင်သော မြန်မာတို့သည် မျှတသော အမြင်ရှိကြသည်။ မြန်မာတို့သည် ညစ်ညူးဖွယ်ကောင်းသော ကြောင့်ကြဖွယ်ရာများနှင့် အလုပ်ကြမ်းကို ဆင်းရဲပင်ပန်းခံပြီးလုပ်ရန် ရှောင်ကွင်းသွားတတ်သည်။ ကိုယ်ကြိုက်ရာကို လုပ်တတ်သည်။ ရက်ရောသည်။ စည်းစိမ်ဥစ္စာကိုလည်း ပေးကမ်းစွန့်ကြသည်။ နောင်ဘဝတွင် ပါလာမည်မဟုတ်သဖြင့် ပစ္စည်းဥစ္စာကို

www.burmeseclassic.com

www.burmeseclassic.com



မခုဆောင်း၊ ဘိုးစဥ်ဘောင်ဆက်ကတည်းက ပြုလုပ်နေကျဖြစ်သော သားသမီးကို ကျွေးမွေးသုတ်သင်ရန်အတွက် ငွေထောက်ပံ့ သကြိုဟ်မှုပြုရန် [illegible] အပျော်ရွှင်ဆုံး [illegible] ရှိသည့် လူတွေ ကြားထဲနေပြီး အပျင်းထူတတ်လာသည်။ သို့သော် အလုပ်လုပ်တော့မှ [illegible] မြေခွဲစိုက်ဖို့ ပျိုးဖို့ ရိတ်ဖို့ အလုပ်များကို အားကြိုးမာန်တက် ဆောင်ရွက်တတ်သည်။ အချိန် ရှိသရွေ့ ကျွန်ကြီး၊ နွားကြီးပဲ လုပ်နေရမည်လော၊ သဘောတရား၏ သိမ်မွေ့သော တရားတော်ကို နှလုံးသွင်းဖို့ အချိန်မရှိပြီလော။ အတင်း အဖျင်းကလေးပြောကာ ဆေးပေါ့လိပ်ကို တွင်တွင်ဖွာရင်း စိတ်အကြံ ဆေးက်ပြီး နိဗ္ဗာန်သို့ရောက်နိုင်သည် မဟုတ်ပါလော။ တစ်ခါတရံ အလုပ် ကိုမတတ်သာ မလွဲသာဘဲ လုပ်ရသည်။ ဘာမှ ဟုတ်တိပတ်တိ အသုံး မကျသော ငွေကလေးလိုချင်သဖြင့် သူတစ်ပါး၏ အလုပ်ကို တစ်သက် လုံး လုပ်နေရခြင်းသည် လုပ်သင့်လုပ်ထိုက်သော အရာဟု မထင်ချေ။

ကုလားနှင့်တရုတ် သို့မဟုတ် အခြားတစ်ဦးဦးက သူ့ကောက် ပင်တွေကို လာရောက်ရိတ်သိမ်းပြီး ငွေရမည့်အလုပ် အမျိုးမျိုးထဲမှ တစ် ဆင့်ပြီးတစ်ဆင့် သူ့ကိုဖယ်ထုတ်စေချင်နေသည်။ သို့သော် အပုပ်ကောင် ရုပ်ဆောင်နေသေးသမျှ သူသည် သူ့ဘဝကို သာယာနိုင်သမျှ သာယာ အောင် လုပ်မည်ဖြစ်သည်။ ခန္ဓာကိုယ် ချုပ်ငြိမ်းသွားသောအခါတွင် ကြံစည်ထားသည့်အတိုင်းသာ အထမြောက်မည်ဆိုပါက ရုပ်နှင့်နာမ်တို့ ငြိမ်းရာချုပ်ရာ နိဗ္ဗာန်မင်္ဂဖိုလ် ရမည်ဖြစ်သည်။

ဤသို့သော အယူသည် အထက်အောက်မြန်မာပြည်ရှိ မြန်မာ တို့၏ဘဝကို သိသိသာသာကြီး လွှမ်းမိုးလျက်ရှိသည်ကို တွေ့ရမည်။ ရန်ကုန်ဆိပ်ကမ်းတံတားပေါ် ခြေချမိသည်နှင့်တစ်ပြိုင်နက် အိန္ဒိယပြည် တွင် ကျွန်တော်တို့ တွေ့ကြုံနေကျ လူတွေနှင့် ဆက်စပ်၍ မရအောင် လုံးလုံးကြီး အမြင်မတူသော လူမျိုးတို့အလယ်သို့ ရောက်နေပါလား ဟု သော အသိမှာ ဦးဦးဖျားဖျား အခိုင်အမာ ဝင်လာသည်။

အောက်မြန်မာပြည်၌ ဗြိတိသျှတို့ အုပ်ချုပ်ရေး၏ အကျိုး



ကျေးရွာအဖြစ် စံနမူနာတင်ရန် အကွက်အဆိုက်ဆုံးနှင့် အကောင်းဆုံးသော ရန်ကုန်မြို့ကို ရောက်ရန်အတွက် ဧရာဝတီမြစ်ဝအနက် တစ်ခုအပါ အဝင် ဖြစ်သော ရန်ကုန်မြစ်တွင်းတွင် နာရီအတော်ကြာမျှ ဆန်တက်ရလေသည်။ ဤမြစ်အား ဟူဂလီမြစ်ဝဟု အောက်မေ့ရလေသည်။ မြစ် အကျယ်မှာ အတူတူလောက်ပင်ရှိမည်။ ဝဲယာ ကမ်းနှစ်ဖက်မှာလည်း မြေပြန့်ဖြစ်သည်။ ထို့ပြင် ဟိုတစ်ပြောက်ဒီတစ်ပြောက် နွံအိုင်များ အင်းအိုင် များရှိသော တောနက်ကြီးဖြင့် ဖုံးအုပ်လျက်ရှိသည်။ စိုက်ပျိုးမှုကို အနည်း အကျဥ်းသာ တွေ့ရပြီးလျှင် လူနေအိမ်ခြေကလည်း ဆင်းဆင်းရဲရဲ ခပ် ပါးပါးသာရှိ ပေသည်။

ရန်ကုန်မြို့တော်သည် မကြာသေးမီကမှ စည်ကားလာခြင်း ဖြစ်ပြီးလျှင် တိုးတက်ကြီးပွား ထွန်းကားဦးမည် ဖြစ်ပေသည်။ အခြား အဆောက်အဦများထဲမှ မားမားကြီးထွက်နေသော ကျက်သရေရှိလှသည့် ဘုရားနှစ်ဆူသည် ရန်ကုန်မြို့ကို အိန္ဒိယပြည်မှ မြို့နှင့် ကွဲပြားခြားနား စေသော ပထမဆုံးမြင်ကွင်းဖြစ်သည်။ အခြားအရာများထက် အလုပ် ကြီးအကိုင်ကြီး လုပ်ရာနေရာ ခေတ်မီ သင်္ဘောဆိပ်ကမ်းတစ်ခု ဖြစ်သည် မှာ ထင်ရှားလှသည်။ ရွှေရောင် တပြောင်ပြောင်နှင့် ရှုမငြီးသော ပန်းရံ လက်ရာတို့ဖြင့်ပြီးသော ဘုရားနှစ်ဆူကိုမူ အရောင်းအဝယ် လုပ်ငန်းပြီး နောက် ဒုတိယအရေးပါသော စိတ်ဝင်စားဖွယ်ဟုသာ သဘောထားကြ သည်။

ရန်ကုန်မြစ်သည် ကျယ်လည်းကျယ်၍ နက်လည်းနက်ပါ၏။ ကမ်းတစ်ဖက်တွင် ကုန်လှောင်ရုံကြီးများနှင့် အလားတူ အဆောက်အဦ များ တသီတတန်းကြီး ရှိပြီးလျှင် သင်္ဘောကုန်တင်ကုန်ချဆိပ်တွင် အကောက်တော်ဌာန တရားရုံးနှင့် အခြား အဆောက်အဦများ ဆောက် လုပ်ထားသည်။ ယခုအခါတွင် ရေနွေးငွေ့စက်ခေါင်းဖြင့် ပြေးဆွဲနေသော လော်ကာယ်ရထားသည် မြို့စွန် မြို့ဖျားများသို့ ပတ်ပြီး ပြေးဆွဲနေသဖြင့် မြို့တွင်း၌ သွားလာရေး လွယ်ကူစေသည်။ မြို့တော်ကို ရှင်းရှင်း ကလေးနှင့် ဧနစ်ကျအောင် အကွက်ချစီမံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးတချို့သည် ပေတစ်ရာကျယ်၍ တစ်လမ်းနှင့် တစ်လမ်း မျဉ်းပြိုင်ဖောက်ထားပြီးလျှင် တစ်လမ်းနှင့်တစ်လမ်းကို ကြားဖြတ်လမ်းများဖြင့် ဆက်စပ်ထားသည်။ ၎င်းကြားဖြတ်လမ်းများသည် အမေရိကန်နည်းအတိုင်း နှစ်လမ်းကျော်လျှင် လမ်းအမည်တစ်ခု ပေးထား သည်။ ဥပမာ ၃၃လမ်း၊ ၃၄လမ်း၊ ထို့နောက် ဘားလမ်း(ယခု မဟာဗန္ဓုလပန်းခြံလမ်း)စသည်စသည် ဖြင့် အမည်မှည့်ထားသည်။

လမ်းများမှာ သန့်ရှင်းလှသည်။ လမ်းမကြီးများကို တစ်ချိန်လုံးသန့်ရှင်းစွာ လှဲကျင်းထားသည်။ ရှိသမျှသော ရေဆိုးထုတ်ရေမြောင်းများမှာ ညှံ့ဖျင်းသည်ဟု ပြောကြသည်။ လမ်းကြိုလမ်းကြားငယ်များတွင် ရောဂါအတန်ထူသည်။

ခြုံကြည့်လျှင်မူကား ရန်ကုန်မြို့သည် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ယူဆနိုင်သည်။ ရေကောင်းရေသန့် လုံလောက်အောင် ပေးနိုင်သည်။ ထိုသို့ပေးနိုင်ခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်စေရန် အထောက်အကူပြုသည်။ မုတ္တမပင်လယ်ကွေ့နှင့် မြစ်ဝမှလာသော လေပြေလေညှင်းနှင့် နှင်းစိုစွတ်သဖြင့် အေးမြသော ညအချိန်တို့ကလည်း များစွာ အထောက်အကူပြုလျက်ရှိသည်။

ကြီးမားသော ၎င်းဆိပ်ကမ်းသည် အရောင်းအဝယ်လုပ်ငန်း အတိုင်းအတာအရ ကာလကတ္တားနှင့် ဘုံဘေဆိပ်ကမ်းနောက် ဒုတိယ လိုက်သည်။ ထို့ပြင်လည်း အစဉ်တိုးချဲ့ရမည့် အရိပ်နိမိတ်များ ပြလျက်ရှိ သည်။ ဤသင်္ဘောဆိပ်သည် အထက်အောက် မြန်မာပြည်သို့ဝင်ရာ အဓိကသင်္ဘောဆိပ်မဟုတ်စေကာမူ ဂင်္ဂါမြစ်ထက် ကြီးလည်းကြီး တန်ဖိုးလည်းရှိသော မိုင်တစ်ထောင်ခရီးကို သင်္ဘောခုတ်မောင်းသွားလာနိုင်သည့် မြစ်ရှိသဖြင့် ဤဆိပ်ကမ်းသည် စည်ကား ဝပြောရမည် ဖြစ်ပေသည်။

ဘုံဘေက အဆောက်အဦတွေကို မျက်စိကျပြီး ဆောက်ထားသော ခပ်မြင့်မြင့် အဆောက်အဦများ ရန်ကုန်တွင် များစွာရှိသည်။ သို့သော် မကြာမီပင် သစ်သားနှင့်ဆောက်ထားသော အိမ်တွေကို မြင်ရ သည်။



ဤအိမ်များကြောင့် မြို့တော်သည် သိမ်ငယ်သော အသွင်ပေါ်နေသည်။ အကြောင်းမှာ မြန်မာပြည်သည် ကျွန်းသစ်ပေါ သော တိုင်းပြည်ဖြစ်သည့်အပြင် ဆောက်လုပ်ရာတွင်လည်း သစ်ကို ဖောဖောသီသီ အသုံးပြုခြင်းသည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။

သို့သော် အမျှော်အမြင်ကြီးသော အစိုးရက ဂရန်မြေကို နှစ် ၅၀သာပေးပြီးလျှင် အခုအခါ အနှစ် ၃၀ ဂရန်ထက် ကျော်မပေးတော့ခြင်းသည်လည်း အိမ်ဆောက်ပစ္စည်းရွေးချယ်ရာတွင် အကြီးအကျယ် ခြားနားသောင်းလျက်ရှိသည်။ နောက် နှစ်များစွာ မကြာမီအတွင်း သူပိုင်မြေကို ရောင်းခြင်းဖြင့် မြေပိုင်သော အစိုးရသည် ဘာမှမလုပ်ရဘဲနှင့် အချောင်ငွေပိုငွေလျှံ အမြတ်ကောင်းကောင်းထွက်ဦးမည်ဖြစ်သည်။

ထိုအတောအတွင်း၌မူ မြို့ ကြီးထွားစည်ပင်မှုမှာ ထိခိုက်သွားမည်ဖြစ်သည်။ မြို့လူထုသည် ယာယီနှစ်တို ဂရန်မြေပေါ်၌ အဆောက်အဦကြီးမဆောက်လိုကြဘဲ သစ်သားဖြင့်သာ အလျှိုအလျှိုဆောက်ပြီးလောလောဆယ် အရေးကို ဖြေရှင်းကြသည်။

ကံအားလျော်စွာ ကျွန်းသစ်ဈေးသည် ဘုံဘေမြို့လောက် ဈေးမကြီးဘဲ ပေါများချိုသာ၍ အဆောက်အဦများကို ကျယ်ကျယ်ဝန်းဝန်း ဆောက်နိုင်ခြင်းဖြစ်သည်။ အချို့အိမ်များသည် အောက်ကို ဥယျာဉ်အဖြစ်ထား၍ ခြေတံရှည်အိမ် ဆောက်လုပ်ကြသည်။

ဤနည်းအားဖြင့် ဆောက်ထားသော အိမ်တွေမှာ ခြေတံရှည်ကြီးပေါ် ဆောက်ထားသည်နှင့်တူသည်။ မြေစိုက်သာ ဆောက်ထားပါက ဖျားနာမှုဖြစ်စေနိုင်ရာ ဤသို့ ခြေတံရှည်ဆောက်ထားခြင်းဖြင့် စွတ်စိုထိုင်းမှိုင်းမှုနှင့် ငှက်ဖျားရောဂါမှ အကာအကွယ်ပင် ရနေသည်။

ဗြိတိသျှ မြန်မာပြည်အစိုးရသည် အိမ်ဂရန်နှစ်တိုပေးသဖြင့် ဝေဖန်ခြင်းခံရမည်ဖြစ်သော်လည်း ဗြိတိသျှမြန်မာပြည်၏ စံနမူနာကို အိန္ဒိယအစိုးရက ယူသင့်သည်ဟု ဘုံဘေအစိုးရက ထောက်ခံရန် သတိပြုသင့်ပေသည်။ အစိုးရက မည်သူမှ မပေးနိုင်သောဈေးကို ဆိုထားသဖြင့် အလဟဿ အချည်းနှီးဖြစ်နေသော အစိုးရမြေများစွာ ဘုံဘေတွင်

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်၌ ရှိနေသည်။ နှောင်နှစ်များစွာလည်း ဤအတိုင်း ရှိနေဦးမည်ဖြစ်သည်။ အကျိုးမရှိဘဲ သွားရည်ယိုအောင်သာ ပြနေမည့်အစား ၁၅နှစ်ဂရန်ထုတ်ပေးသင့်သည်။ ဤသို့ ဂရန်ပေးလိုက်ခြင်းဖြင့် သစ်နှင့်ဆောက်ထားသော အိမ်ကောင်းကောင်းနှင့် ဆိုင်ကောင်းကောင်းများ မကြာမီပေါ်လာအောင် ဆောက်မည့်သူကို ဆွဲဆောင်နိုင်မည်ဖြစ်သည်။

သိမ်းပိုက်ပြီးနောက် လော့ဒ်ဒါလဟိုဇီ ရန်ကုန်သို့ တိုင်းခန်းလှည့်လည်ရောက်လာခါ လူအများ အနားယူရာ၊ အပန်းဖြေရာ ဥယျာဉ်ပန်းခြံတော်ကြီးတစ်ခုကို လက်ဆောင်အဖြစ် မြို့တော်တွင် ပြုလုပ်ပေးခဲ့သည်။ ဘုံဘေမြို့ကပင် ရန်ကုန်မြို့ကို မရှုစိမ့်ဖြစ်လာသော ဤ နှစ်လိုဖွယ် ပန်းခြံအတွင်း၌ ပသာဒရှိလှသော ရေကန်ကလေးများ တသီတတန်းကြီး ရှိသည်။ ၎င်းရေကန်တို့အနက်မှ ကန်တစ်ကန်ကို မြို့ရေပေးရေးမှ ရေကိုယူ၍ ရေလှောင်ကန်အဖြစ် အသုံးပြုသည်။ ဒါလဟိုဇီပန်းခြံတစ်ဖက်ရှိ ကုန်းမြေပေါ်တွင် ဝင်းကြီးခြံကြီးများ ဆောက်ထားရာ ရန်ကုန်က "မာလဘာ"တောင်ကုန်းပင်ဖြစ်ပေသည်။

အိမ်ဆောက်ရာတွင် အများအားဖြင့် ကျွန်းသစ်ကို အသုံးပြုသည်။ သို့သော် ထုံးနှင့်ကျောက်ကို အသုံးပြုမည်ဆိုက မကုန်သင့်ဘဲ အလဟဿကုန်အောင် သုံးစွဲဆောက်လုပ်ရာ ကျသွားကောင်း ကျသွားမည်။

ဘုံဘေမြို့တွင် နေရန်အိမ် ရှားပါးလှရာ အိုးခြေ အိမ်ခြေမဲ့သူများ အပုံတပြင်း လိုနေသည်ကို ဖြည့်စွမ်းသောအနေဖြင့် ကျွန်းသစ်၊ သံနှင့်တွဲ၍ ငှားစ်လှည့်သုံးကြည့်သင့်သည်။

အထက်မြန်မာပြည် ငြိမ်သက်အေးချမ်းသွားပြီးနောက် လူတွေခုတ်လှဲခြင်းမခံရသေးသော သစ်တောကြီးမှ သစ်တောထွက်ပစ္စည်းများထွက်လာလျှင် ဈေးမချိုသည့်တိုင်အောင် ယခုထက် ပေါများလာမည်ဖြစ်သည်။

ဘုံဘေတွင် တစ်လ ၃၅၀ပေး၍ မရသော အိမ်အပေါ်ထပ်တစ်ထပ်ကို ရန်ကုန်၌ ၁၇၀မှ အများဆုံး ၂၀၀ ပေးလျှင် ရနိုင်သည်။



ရန်ကုန်သည် ဘုံဘေမြို့လို မီးမကြောက်ရ။ ရာသီဥတုမှုတသဖြင့် မီးဖို(အုတ်မီးဖို)နှင့် မီးခိုးခေါင်းတိုင်မှာ အပိုဖြစ်နေသည်။ ဘုံဘေမြို့တွင် "ကမ်ဘဲလား" တောင်ကုန်းပေါ် "ဘက်ဘေး" နှင့် "အိုဗယ်" ခေါ် ဘာမှအသုံးမပြုဘဲ ထားသောနေရာတွင် အနည်းနှင့်အများယာယီသစ်သားအိမ်များကို အခြားအဆောက်အဦများနှင့်မရောဘဲ တစ်နေရာသန့်သန့်တွင် ဆောက်နိုင်သည်။

ကလပ်နှင့်ပတ်သက်သော အရေးကြီးသည့် အရာများတွင် ရန်ကုန်သည် ဘုံဘေမြို့ကဲ့သို့ပင် ကောင်းစွာစီစဉ်ထားသည်။ ပဲခူး ကလပ်၊ ဘားမားကလပ်နှင့် ဂျင်မခါနာကလပ်များရှိသည်။ ဂျင်မခါနာ ကလပ်တွင် အမျိုးသမီးများကို လက်ခံသည်။ ဂျင်မခါနာကလပ်တွင် ညနေတိုင်း မိတ်ဆုံရိပ်သာဖြစ်စေသော တင်းနစ်ကစားကွင်း၊ ကရိုကက်ကွင်း၊ စာကြည့်ခန်း၊ ဘီလီယက်ခန်းနှင့် တခြား စွဲဆောင်စရာများ ရှိသည်။

ကာလကတ္တားတွင် အမျိုးသမီးများကို လက်ခံနိုင်လောက်အောင် ယဉ်ကျေးမှုအဆင့်အတန်း မြင့်သော ကလပ်မရှိသေးချေ။ အာရှတိုက်တစ်ခုလုံး၌ ဘုံဘေနှင့်ရန်ကုန်သာလျှင် ဤအချက်တွင် ဂုဏ်ယူစရာရှိသည်။

ကျွန်တော် ပြောခဲ့သည့်အတိုင်း လူဦးရေအများစုမှာ ဗုဒ္ဓ ဘာသာမြန်မာလူမျိုးများ ဖြစ်ကြသည်။

အိန္ဒိယမြောက်ပိုင်းသား မွတ်ဆလင်ကုန်သည်တစ်ဦး၏ ပြောပြချက်အရ ဘာမှ စဉ်းစားချင့်ချိန်ရန် အချက်မပါဘဲ မြန်မာတို့သည် အိန္ဒိယပြည်သားများကဲ့သို့ ဆက်ဆံရန် မခဲယဉ်းဘဲ အခြားအနွယ်ကြီး တစ်ခုမှ ဆင်းသက်လာသော လက္ခဏာများဖြစ်သော သဘောကောင်း ၍ ပြေပြစ်သော လူမျိုးသာဖြစ်သည်ဟူသော ခန့်မှန်းချက်ကို ထပ်လောင်းအတည်ပြုခြင်းသာဖြစ်သည်။ သို့သော် မြန်မာလူမျိုးတို့တွင် ရိုးသားသူ အလွန်ရှားသည်။ မမှန်တာပြော၍ လိမ်ညာတတ်သည်ဟု သူက ထပ်လောင်းပြောသည်။

ဤအတိုင်းဆိုပါက လူ့လောကတစ်ခုလုံးကဲ့သို့ပင် မြန်မာတို့

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း အကောင်းအဆိုး နှစ်မျိုးရောနေသူများသာ ဖြစ်သည်ဟု ယူဆရသည်။ ကျွန်တော် ကြားသရွေ့မှာ မြန်မာတို့သည် ကရုဏာ တရား ရှေ့ထားကြသူများ ဖြစ်ပြီးလျှင် သူတို့ မိသားစုအချင်းချင်းလည်း အလွန် ကြင်နာကြသည်ဟု ဖြစ်သည်။

မြန်မာတို့သည် စေတနာသဒ္ဓါတရား ထက်သန်သည်။ ထို့ပြင် အတော်အတန် ကြင်နာတတ်သည်ဟု မွတ်ဆလင်မိတ်ဆွေက ပြောသည်။ မြန်မာတို့သည် မိမိအတွက်သော်လည်းကောင်း၊ မိမိ၏ မိတ်ဆွေ သင်္ဂဟများ အတွက်ကိုသော်လည်းကောင်း ငွေကို ရက်ရက်ရောရော သုံးစွဲတတ်ကြသည်။

မိမိအတွက် သို့မဟုတ် သားစဉ်မြေးဆက် ကြွယ်ဝချမ်းသာ ရန် ဥစ္စာပစ္စည်း စုဆောင်းခြင်းထက် ဘုရားတည်အလှူအတန်းလုပ်ရန် သာ အာသီသရှိသည်။

တိရစ္ဆာန်တို့အသက် သတ်ဖြတ်ခြင်းကို ဒုစရိုက်ဟု ယူဆသည်။ တိရစ္ဆာန်တို့သည် အကုသိုလ်ဝဋ်ဆင်းရဲ ခံနေရခြင်းဖြစ်ရာ လူ တွေထက်ပို၍ သနားဖွယ်၊ ညှာတာဖွယ်ကောင်းသည်။ ထို့ကြောင့် မြန်မာပြည်တွင် နွားမတွေ ပေါများလှသော်လည်း ကိုယ်ကျိုးကြည့်သော ဥရောပတိုက်သား များ၏ အတုခိုးနေသူများမှတစ်ပါး မည်သူမှ နွားနို့ကို မသောက်ကြချေ။

မိခင်၏နို့ကို နွားကလေးကသာ အပိုင်စားရထားပြီး (၃)နှစ် စို့ရသည်။ သတ္တဝါဟူသ၍ကို ကြီးငယ်မဟူ မေတ္တာတရားရှေ့ထားရ မည်ဟူသော တရားကို မြန်မာတို့က လက်ကိုင်ပြုသည်။

မြန်မာမိခင်တစ်ဦးသည် သူ့ရင်သွေးကို နှစ်ခါလည် သုံးခါ လည်ထိ နို့တိုက်သည်။ ထို့ပြင် နို့တစ်ဖက်က သူ့ရင်သွေးကို နို့တိုက်ရင်း ကျန်တစ်ဖက်ကို ဆိတ်ကလေးအား တိုက်နေသည်ကိုလည်း တွေ့ရ တတ်သည်။ ထိုဆိတ်ငယ်ကလေးသည် ယခင်ဘဝက ချစ်ခင်ခဲ့သော မိတ်ဆွေ သို့မဟုတ် နှမသားချင်းဖြစ်ခဲ့သည် မဖြစ်ခဲ့သည်ကို မည်သူ သိနိုင်ပါအံ့နည်း။

ဘာသာရေးအရ သတ္တဝါဟူသမျှကို မေတ္တာပွားရမည်သာဖြစ်



သည်။ ကျွန်ုပ်တို့လည်း သံသရာချားရဟတ်တွင် မရပ်မနားလည်လျက် ရှိရာ ယခုဘဝတွင် ဒုစရိုက်မှုတစ်ခုကို ကျူးလွန်မိပါက နောင်ဘဝတွင် အနည်းနှင့်အများ ခံရပေတော့မည်။

လူ့ဘဝဆိုသည်မှာ သံသရာထဲက မထွက်နိုင်ဘဲရှိရာ ကျွန်ုပ်တို့ လည်း လွတ်လိမ့်မည်မဟုတ်။

မေတ္တာတရား အလွန့်အလွန် ပွားများနိုင်မှ သတိသမ္ပဇဉ် တရားရှိပါမှ သမာဓိတရားရှိပါမှ ဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ ကင်းရာ ကုန်ရာ သံသရာမှလွတ်ရာ အမတနိဗ္ဗူသို့ ရောက်နိုင်ပေမည်။

မန္တလေးမြို့ကား မည်သည့်သက်ရှိသတ္တဝါကိုမှ မသတ်ရသော သာသနာ့မြို့တော်ဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့၏ အစ်ကိုတွေ နှမတွေ အဒေါ်တွေ သားချင်းတွေ ဖယ်ရှားခြင်းခံရပြီဆိုပါက အဖြစ်မှန်ကို နဇာနမိ ငါမသိ လုပ်ရန်လိုသည့်အပြင် ကိုယ့်ကိုယ်ကို စီရင်ချက်မချမိအောင်လည်း သတိ ထားရပေလိမ့်မည်။

သီပေါမင်းအလျင် စိုးစံသွားခဲ့ပြီး နိုင်ငံရေးပရိယာယ်ကြွယ်၍ ပါးနပ်လှသော မင်းတုန်းမင်းက သူ့အနေဖြင့် တစ်ခါမျှ ကွပ်မျက်ရန် အမိန့်မပေးဘူးကြောင်းကို ကြွားဝါနိုင်သည်။ လက်ပါးစေ ဝန်ကြီးအား သူ့အခုထိ ရှိတုန်းပဲလားဟု အမေးတော်ရှိရုံပဲဖြစ်သည်။ ထို့နောက် ထိုသူ သည် တစ်နည်းနည်းနှင့် မကြာမီပင် ပျောက်သွားရသည်။ စည်းစိမ်ဥစ္စာ ဘာသာရေး ယုံကြည်မှုနှင့် နိုင်ငံရေးကိုကား မည်သည့်အခါမှ ထိခိုက်အောင် ပျက်စီးအောင် မလုပ်ခဲ့ပေ။

ဗြိတိသျှပိုင် မြန်မာပြည်သို့ ဒပ်ဖရင်ရုံပွဲမှူး ရောက်လာ သည်။ ဗြိတိသျှ မြန်မာပြည်တွင် အမျိုးသမီးများအား ဆက်ဆံရာ ပေါင်းသင်းရာတွင် ပြောင်းလဲရန် အကောင်းဆုံး အချိန်သို့ရောက်နေရာ နည်းသစ်တစ်မျိုးပြောင်းလဲရန် ကျင့်သုံးရန် လိုအပ်နေသည်။ မြန်မာ အမျိုးသမီးများ၏ဘဝသည် ပကတိအားဖြင့် ရှေးရိုးဆန်လှသည့်အပြင် အသစ်အဆန်းတစ်ခုသို့ ပြောင်းလဲရန် ကြိုးစားမည်ဆိုပါလျှင် ဖွတ်အတင်း

www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်နေမည်ကိုပင် စိုးရသည်။

အမျိုးသမီးများသည် ကလေးမျက်နှာမြင်သောအချိန်တွင် အံကြိတ်၍ခံရသော ဘဝသို့ရောက်နေသည်။

ပူလောင်သောဆီကို တစ်ကိုယ်လုံးလိမ်းပြီး အုတ်ခဲပူတွေ ဝန်းရံကာ မီးရဲရဲကိုလှုံရပြန်သည်။ မီးနေကပ်ပေါ်တွင် ၇ ရက်တိတိ ချွေးအောင်းနေစဉ်အတွင်း အလွန်အဝင်ဆိုးလှသော (ဂျင်း၊ ငရုတ်ကောင်း)အပူစာအရည်များ ကိုသောက်ပြီး ချွေးတရွှဲရွှဲဖြင့် နေရသည်။ ဖတ်ရှုဖွယ် "ဗမာ" ဆိုသော စာအုပ်ကိုရေးသော မစ္စတာစကော့က မီးတွင်း ၇ ရက်ပြီး၍ ထွက်လာသောအခါ ၁၅ နှစ်ရွယ် ကညာကလေးသည် ဖူးသီးနှအမွေးသတ်ထားသလို အရေတွေရှုံ့ပြီး အသက် ၃၀. ရွယ် ရောက်သွားသည်ဟု ဆိုသည်။

သို့ရာတွင် မြန်မာတို့သည် ဤအတိုင်းသာ ဆက်လက်မွေးဖွားသွားမှုဖြစ်မည်ဟု အမြဲတထစ်ချ အယူရှိနေကြသည်။ ထူးဆန်းသောအချက်ကား ထိုစဉ်က ဤသို့မွေးဖွားခြင်းအားဖြင့် အသေအပျောက်နည်းခြင်းပင်ဖြစ်သည်။ မြန်မာတို့က အနောက်နိုင်ငံနည်းဖြင့် မွေးဖွားကုသသောကြောင့် အနောက်နိုင်ငံသူ နိုင်ငံသားတို့ ဘေးတွေ့ရသည်ဟု ထောက်ပြတတ်ပြီးလျှင် အစဉ်အဆက်က သုံးလာခဲ့သော မြန်မာ့နည်းကို စွန့်လွှတ်ဖို့ပြောသော စကားကို မျက်မှောင်ကုတ်ကြသည်။

မီးလှုံချွေးအောင်း စသောနည်းနှင့် အလားတူနည်းများကို တိဗက်ပြည်တွင် ရှေးက သို့မဟုတ် ယခုခေတ်တွင် ပြုလုပ်လေ့ပြုလုပ်ထရှိမရှိကိုသိရလျှင် စိတ်ဝင်စားဖွယ်ပင်။ အလွန်အေးမြသော တိဗက်ရာသီဥတုကြောင့် ဤသို့ ထူးထူးခြားခြားနည်းကို ကျင့်သုံးရပေလိမ့်မည်။ မြန်မာတို့သည် တိဗက်ဓလေ့ထုံးစံတို့ကို လိုက်နာလျက်ရှိသည်။ ရေခဲတွေ လွှမ်းလျက်ရှိသော အာရှတိုက် အလယ်ပိုင်းတွင်ရှိသည့် ဒုက္ခဝေဒနာခံစားနေရသော အမျိုးသမီးတစ်ဦးအား မီးနေခန်းတွင်းသို့ သွင်းထားခြင်းသည် အသက်ဘေးဆောင့်ခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

မြန်မာတို့အဖို့ တစ်သက်တွင် တစ်ခါပြုရသော အမှုသုံးခုရှိသည်။ ကျောက်ပေါက်ရသည်။ ဒူးမှ ခါးအထိ ထိုးကွင်းမှင်ကြောင် ထိုး



ရသည်။ စေတနာတတ်အားသရွေ့ ကြာကြာဖြစ်စေ၊ ခဏဖြစ်စေ၊ သင်္ကန်းဆီးရသည်။ သို့သော် ဘာသာရေးသိက္ခာပုဒ်ကို ထိန်းသလို ရှောင်ကြဉ်ရသော အမှုတစ်ခုကို ရှောင်ကြဉ်ရလေသည်။ တတ်နိုင်သူတစ်ဦးဖြစ်သည်ဆိုက မိမိ၏ လောကီကိစ္စ အသက်မွေးမှုမပြုလုပ်ဘဲ ရှောင်ရန်ပင်ဖြစ်သည်။ မြန်မာပြည်ရှိ အင်္ဂလိပ်များအဆိုအရ မြန်မာလူမျိုး သည် အလွန်အပျင်းထူသည်။ ထို့ပြင် မိန်းမတွေ လူ့ပြည်ရောက်လာ သည်မှာ သူတို့ သက်သာအောင် အလုပ်လုပ်ပေးရန် ရောက်လာခြင်း ဖြစ်သည်ဟု ကြိတ်၍ ယုံကြည်လျက်ရှိသည်ဟု ဖြစ်သည်။ အမျိုးသမီးများကလည်း ဤအတိုင်းယုံကြည်လျက်ရှိရာ သူတို့သည် ယောကျ်ားများကဲ့သို့ပင် ကျရာကို လုပ်ကိုင်ကြသည်။ သို့ဖြစ်လေရာ မြန်မာပြည် သည် အတော်အတန်အဆင်ပြေလျက်ရှိသည်။ ယောကျ်ားတွေက ဆေးပေါ့လိပ်ကြီး တောင်ဆုပ်လောက် လိပ်သောက်ပြီး မိန်းမတွေက ပျော် ပျော်ပါးပါးဖြင့် အလုပ်လုပ်ကြသည်။

ရန်ကုန်တွင် တရုတ်လူမျိုးများ များပြား တိုးတက်လျက်ရှိသည်။ တရုတ်အမျိုးသားများသည် တရုတ်အမျိုးသမီးတွေကို ခေါ်မလာဘဲ မြန်မာအမျိုးသမီးများနှင့် အိမ်ထောင်ပြုကြသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ဤတိုင်းပြည်၌ လက်ထပ်ရသည်မှာ အလွန်လွယ်ကူ၍ နှစ်ခြိုက်ဖွယ်ကောင်းအောင် လွယ်လှသည်။

အမျိုးသမီးတစ်ဦးနှင့် လက်ဖက်ရည်အတူသောက်ရုံနှင့် အိမ်ထောင်ပြုသောကိစ္စပြီးသည်။

စိတ်မကုန်ခန်းမချင်း သင့်မယားအဖြစ်နေလိမ့်မည်။ သို့ မဟုတ် သင့်နိုင်ငံသို့ မပြန်မချင်း သင့်မယားအဖြစ်နေလိမ့်မည်။ နောက် သင်ကဖြစ်စေ၊ သင့်ဇနီးကဖြစ်စေ ကွာရှင်းကြမည်။ ကလေးတွေကို ဆောက်ပံ့လိုက်ရုံသာရှိသည်။

ထို့နောက်တွင်တော့ လင်ခန်း မယားခန်း ပြတ်စဲပြီးသား ဖြစ်သွားမည်။ သူကလည်း နောက်ထပ်တစ်ယောက်ရှာလိမ့်မည်။ သင်လည်း အိမ်ထောင်မပြုဘဲ မနေနိုင်ဘူးဆိုက နောက်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်ရှာ၍ ရခဲဖြစ်သည်။

တိုင်းတစ်ပါးတွင် တစ်ကိုယ်တည်း လုပ်ကိုင်ကြိုးလုပ်နေရမည် ကို ရှက်တတ်ကြသော တရုတ်အမျိုးသားသည် ဤသို့သော အိမ်ထောင်ရေးအတွက် စိတ်ပူစရာမလိုချေ။

သူက မြန်မာအမျိုးသမီးကိုယူ၍ ရရှိလာသော ကလေးများသည် မြန်မာအမျိုးသားတို့အဖို့ အမြတ်ပင်ဖြစ်သည်။ ယင်းကလေးတို့သည် မိဘနှစ်ပါးစလုံးထံမှ လုံ့လဝီရိယကို အမွေခံ၍ အလုပ်ကြိုးစားပြီး ကျစ်လစ်စွာ နေတတ်သော နမူနာယူရမည့် သားကောင်းများအဖြစ် ကြီးပြင်းလာကြသည်။ အမျှော်အမြင်ကြီးသူတစ်ဦး၏ အဆိုအရ ဤသားကောင်းများသည် မြန်မာပြည်၏ အနာဂတ်ကို ဖန်တီးမည့်သူများ ဖြစ်သည်။

သယံဇာတပေါကြွယ်ဝသော အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး တစ်ခုလုံးကို တရုတ်အစစ်ဖြစ်စေ၊ ကပြားတို့ကဖြစ်စေ ကိုင်လှုပ်လာလိမ့်မည်ဟု ယုံကြည်သူများဖြစ်သည်။

အလွန်များပြားလှသော တရုတ်အမျိုးသားထဲမှ စက်ဘ်ပုဒ္ဓိရှိသော တရုတ် ရှစ်သောင်းသည် ရန်ကုန်သို့ လျှံထွက်လာသည်။ ယခုအချိန်၌မူ သူတို့သည် ရေလမ်းမှ ဝင်လာကြသည်။ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၏ ဆက်သွယ်မှု ပို၍ နီးစပ်လာသောအခါ ဆယ်လောက်သာချီ၍လာသော ဧရာဝတီမြစ်ကြောင်းမှ ထောင်နှင့်ချီ၍ ဆင်းလာကြမည်မှာ သေချာလှသည်။

သူတို့အတွက် နေထိုင်ရန် နေရာကား ပေါလှပါဘိ။ အဘယ့်ကြောင့်ဆိုသော် အထက်အောက် မြန်မာပြည် နှစ်ပြည်စလုံးတွင် လူနေသုံးပုံ တစ်ပုံသာရှိသောကြောင့် ဖြစ်သည်။ ဥပမာ-တနင်္သာရီနယ် စိုက်ပျိုးနိုင်သော မြေတစ်မိုင်ပတ်လည်တွင် လူ ခြောက်ဦးခန့်သာနေသည်။ အထက်မြန်မာပြည် မြစ်ချောင်းနှင့်ဝေးရာအရပ်တွင် လူနေအိမ်ခြေ အလွန်ပါး သည်။

မြန်မာပြည်သည် ယခုအချိန်မှစ၍ အနှံ့အပြား ငြိမ်သက် အေးချမ်းလာတော့သည်ဖြစ်ရာ တရုတ်တို့ ဝင်ရောက်လာရန် လမ်းခင်းပေး



ရာကျတော့သည်။ တိုင်းတပါးမှ ကျူးကျော်ဝင်လာသူကို ခပ်ကြမ်းကြမ်း ကလေး ဟန့်တားမှု မပြုသ၍ ကာလပတ်လုံး တရုတ်တို့ ဝင်လာမည် ဖြစ်ကြသည်။

ယခုအချိန်ပင်လျှင် ဗန်းမော်နှင့်မန္တလေးတွင် တရုတ်ကုန်သည်တို့ ခြေကုပ်ယူမိပြီး ဖြစ်ပြီးလျှင် ဘုရင်နှင့် ဘုရင့်အမှုထမ်းများထံမှ သူတို့၏အခွင့်အရေးကို ရအောင် မည်သို့အရေးဆိုရမည်ကို နောကြေပြီး ဖြစ်သော တရုတ်လူမျိုးစုအဖြစ် အစုအဝေးလိုက် ရှိနေကြပြီးဖြစ်သည်။

လွန်ခဲ့သော ၁၈၆၀-ခုနှစ်တွင် နေပြည်တော်ဟောင်း အမရပူရမှ နေပြည်တော်သစ်ဖြစ်သော မန္တလေးသို့ မြို့တော်ပြောင်းရွှေ့ရာတွင် အမရပူရ၌ နေထိုင်သူများကို မရွှေ့လျှင် သေဒဏ်ပေးမည်ဟု ခြိမ်းခြောက်၍ ရွှေ့ပြောင်းခိုင်းခဲ့ရာ အားလုံးက လိုက်နာကြသော်လည်း တရုတ်တို့က ရွှေ့ပြောင်းရန် ငြင်းဆန်ပြီး နေမြဲနေခဲ့ကြသည်။ တရုတ်တို့၏ အရောင်းအဝယ်လုပ်ငန်းမှ အခွန်တော်များ ရနေလေရာ တရုတ် တို့နှင့် မသင့်မမြတ်ဖြစ်အောင် မလုပ်သင့်သည့်အတိုင်း ၃-၄မိုင်ဝေး သော မန္တလေးသို့ သူတို့အိုးအိမ် ကုန်ပစ္စည်းများကို အရွှေ့ခိုင်းမည့်အစား အမရပူရ၌သာ ဆက်လက် နေထိုင်ခွင့်ပြုရလေသည်။

ဥရောပတိုက်သားများ၊မြန်မာနှင့် တရုတ်တို့အပြင် ရန်ကုန် မြို့၌ အခြားအလုပ်အမျိုးမျိုးဖြင့် လာရောက်ကြသူ အများအပြားရှိကြ သည်။

အလှမ်းဝေးကွာသော်လည်း ကာလကတ္တား၊ မဒရပ်နှင့် ဆူရပ်မှလူများလည်း ရောက်ရှိနေကြသည်။ အသုံးမကျဆုံးသော အိမ်စေများသည်ပင် မဒရပ်မှ လာကြသူများဖြစ်ပြီးလျှင် အခြားသူများကို ငှားမရ မှ သူတို့ကို ငှားကြသည်။ အထက်မြန်မာပြည်တွင် မြန်မာတို့အား ခိုင်းစေ၍ရသော်လည်း ရန်ကုန်ရှိ မြန်မာတို့သည် အခိုင်းအစေ မလုပ်ကြ။ များသောအားဖြင့် အိန္ဒိယပြည်မှ ရောက်လာကြသော အာမေနီယံနှင့် ဂျူး လူမျိုးတို့လည်း သူ့အစုနှင့်သူ တစ်ထီးတစ်နန်း ရှိနေကြသည်။

မြို့တော်မတီ အပါအဝင်ဖြစ်သော မြူနီစီပါယ်သို့ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရန်အတွက် လူမျိုးစုတစ်စုမှ ကိုယ်စားလှယ်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကို စေလွှတ်သည်။ အစိုးရက ဝန်ရှင်တော်မင်းကြီးအချို့ကို ကော်မတီတွင် ထည့်သွင်းထားသည်။ ရွေးကောက်ခြင်းခံရသော ကော်မတီဝင်များသည် ဘုံဆောမြို့ကဲ့သို့ပင် အများစုဖြစ်၍ အစိုးရခန့် ကော်မတီသည် ရွေးကောက်ခြင်းခံရသော ကော်မတီနှင့် တန်းတူပင်ဖြစ်သည်။

မြူနီစီပါယ် ဖွဲ့စည်းအုပ်ချုပ်ပုံသည် ကျေနပ်ဖွယ်ရာရှိသည်ဟု ယူဆကြသည်။ မြန်မာတို့သည် သူတို့ ထမ်းဆောင်ရမည်ဖြစ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဥပေက္ခာပြုစိတ် ရှိကြသော်လည်း အတော်အတန် တာဝန်ယူ၍ ဆောင်ရွက်ကြသည်။ ရန်ကုန်မြို့ကား ရှေ့လျှောက် ဆောင်ရွက်ရန် များစွာရှိသေးသည်။

သို့သော် ရန်ကုန်မြို့ ကြီးပွားလာသောအခါ အခွင့်အရေးပိုမိုရရှိရေးအတွက် မိမိတို့ထက် လုံ့လရှိ၍ စွန့်စားတတ်သော လူမျိုးများနှင့် ယှဉ်ပြိုင်ရာတွင် မြန်မာတို့က အနိုင်ရပါမည်လောဟု သံသယရှိမိသည်။

◂◂ ▸▸

## အခန်း (၃)
## သူ့ကျွန်မခံပြီ

ဒီဇင်ဘာလ ၁၃ ရက် ညနေတွင် မြောက်ဘက် ဧရာဝတီမြစ်ကမ်း ပေါ်ရှိ မိုင် ၁၆၀ ဝေးသော ပြည်မြို့သို့သွားရန်အတွက် မြန်မာပြည် အစိုးရ မီးရထားဌာန ရန်ကုန်ဘူတာကြီးမှ မီးရထားစီးခဲ့သည်။ ညခရီးထွက်ခဲ့သဖြင့် ဧရာဝတီမြစ်ကြောင်းကို ၃ရက်ဆန်မည့်ခရီး သက်သာသွားပြီးလျှင် ဖလိုတီလာကုမ္ပဏီမှ ကုန်းပတ် ၃ထပ်သင်္ဘောကြီးကို ပြည်မြို့တွင် မှီလာသည်။

မီးရထားလမ်းကား ကြမ်းလှသည်။ တွဲတွေကလည်း ငယ်သည်။ သို့သော် မြစ်ကြောင်းမှ ပျင်းစရာကောင်းအောင် သွားရမှာထက် ပြည်သို့ မီးရထားဖြင့် သွားခြင်းက အချိန်ကုန်သက်သာသည်။ ပြီးဆုံးပြီဟုထင်ရသော အထက်မြန်မာပြည်မှ ရင်လေးဖွယ် အရေးအခင်းများ သည် တစ်နည်းတစ်ဖုံ ဖြစ်ပေါ်လာဦးမည်ဟု ရန်ကုန်တွင် တနင်္လာနေ့က စိတ်မချမ်းမြေ့ဖွယ် ကောလာဟလဖြစ်လာသည်။

မန္တလေးသို့ မြစ်ကြောင်းတစ်လျှောက် ကမ်းနဖူးတွင် စစ်တပ်က သိမ်းပိုက်၍ စခန်းများချထားသည်။ မြန်မာနေပြည်တော်မှ ဗန်းမော်သို့ ပြည်သိမ်းတပ် ချီတက်ရန်အတွက် အမိန့်ပေးထားပြီးဖြစ်သည်။

ဗန်းမော်မြို့သည် အရောင်းအဝယ်လုပ်ငန်း ဗဟိုဌာနနှင့် တရုတ်ကုန်သည်တို့၏ မြန်မာပြည်မှကုန်စည်များ ထွက်ပေါက်ဖြစ်နေသဖြင့် သွားရည်ယိုစရာနေရာဟု ရန်ကုန်က ယူဆထားသည်။ ခရီးဝေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးဘဲ့ ချိုတတ်သိမ်းပိုက်ပြီး တစ်တပ်နှင့်တစ်တပ် အဆက်ပြတ်နေမှု [illegible] လုပ်ငန်းများသည် ထင်သည့်ထက်ပို၍ တစ်တိုင်းပြည်လုံး ထွင့်လှုပ်ရှားချိန်ရသွားသည်။ ဗန်းမော်မြို့ [illegible] များသည် [illegible] ဖြစ်ပြီးလျှင် မြန်မာတို့သည် အမြင်အားဖြင့် အာဏာရှိသူ အရေးပါသူဖြစ်သော်လည်း [illegible] တရုတ်တို့က မြန်မာများအပေါ် တွင် အထက်စီးရထားသည်။ အရောင်း အဝယ်လုပ်ငန်းကို တရုတ်တွေက သာ အဓိကအားဖြင့် လုပ်ကိုင်ကြပြီး အကောင်းဆုံးအိမ် ရာများကို ပိုင်ဆိုင် ကြသည်။

ယခင် အခြေအနေဟောင်းမှာ တရုတ်တို့အကြိုက်ပင်ဖြစ်သည်။ အကြောင်းမှာ မြန်မာအာဏာပိုင်များနှင့်ဆိုလျှင် တရုတ်တို့ ကြိုက်သလိုလုပ်နိုင်သည်။ သို့သော် ရန်ကုန်မြို့လို ဗြိတိသျှအုပ်ချုပ်ရေးလက်အောက်သို့ ရောက်လာမည်ကိုမူ တရုတ်တို့မနှစ်သက်နိုင်ကြ ဟု ဗန်းမော်မြို့သို့ အလည်ရောက်သွားသော ဥရောပတိုက်သားများက ဆိုသည်။ ဗန်းမော်မြို့သည် မကြာသေးမီက တရုတ်နှင့် ကာချီဒင်များ (ကချင်)သိမ်းဖူးပြီး ယခင်က တရုတ်တပ်များ သိမ်းပိုက်ထားခဲ့ဖူးသော မြို့ဖြစ်လေရာ ဤခရိုင်မှာ အငြင်းပွားစရာ နယ်မြေဖြစ်သည်ဟု သဘော ထားသည်။

တရုတ်တို့က မြန်မာပြည်တွင် မသတ်မှတ်ရသေးသော်လည်း သူတို့အချုပ်အခြာအာဏာပိုင်သော နယ်များရှိသည်ဟု ဆိုသည့်အနက် ဗန်းမော်နှင့် အနီးတစ်ဝိုက်နယ်များကို အဓိကထားပြီးဆိုလိုခြင်းဖြစ်သည်။

၎င်းနယ်၏ အရှေ့ဖျားမှာ ယူနန်နယ်ဒေါင့်စွန်းမှ စွန်းထွက်နေသောနယ်ဖြင့် ဝန်းရံထားသည်။

ဗန်းမော်သည် ရွှေနှင့် ပတ္တမြားတွင်းများရှိနေသဖြင့် မြန်မာဘုရင်၏ အမြင်တွင် အရေးပါသည်ဟု မှတ်ယူခြင်းခံရပြီး ရွှေနှင့် ပတ္တမြားတို့ကို ကာကွယ်ရန်အတွက် မြို့စောင့်တပ်တစ်တပ် ဗန်းမော် တွင်ချထားသည်။

ဤရတနာတွင်းများကို တရုတ်ကုန်သည်တို့ကလည်း အလား



တူ တန်ဖိုးထားလျက်ရှိသည်။ ဒီဇင်ဘာလအတွင်း၌ တရုတ်အစိုးရက ဗန်းမော်နှင့် အနီးတစ်ဝိုက်ခရိုင်တို့ကို နည်းလမ်းတကျ တောင်းဆိုကြသည်ဟု သိထားကြသည်။ မန္တလေးမှ ဗန်းမော်သို့ ဗြိတိသျှတပ်များ ချီတက်ရန် နှောင့်နှေးနေသည်မှာ ယေဘုယျအားဖြင့် ဤကိစ္စနှင့်စပ်လျဉ်း၍ သံတမန်ဆိုင်ရာ ဆွေးနွေးဆက်သွယ်မှုများ မပြုလုပ်ရသေးသောကြောင့် ဖြစ်သည်။ မြန်မာမြို့စောင့်တပ်သား ၂၅၀ သည် အခုအခံမရှိဘဲ လက်နက်ချလိုက်သဖြင့် ဗန်းမော်မြို့ကို အဆုံးတွင် အေးချမ်းစွာ သိမ်းပိုက်လိုက်သည်။

သို့ရာတွင် တရုတ်အစိုးရသည် မကြာမီပင် ဗန်းမော်မြို့ နှင့် ဗန်းမော်အထက် မိုင်အနည်းငယ်အကွာတွင် ဧရာဝတီတွင်း စီးဝင် သော ရွှေလီမြစ်အထိ ထိစပ်လျက်ရှိသော နယ်မြေဒေသကိုပါ လွှဲပြောင်း ပေးရန် တိတိကျကျကြီး အရေးဆိုလာလေသည်။ တရုတ်တို့က ဤကဲ့သို့ တောင်းဆိုမှုများကို ပြုလုပ်လာလိမ့်မည်ဟု အောက်မြန်မာပြည်က အစကပင် ကြိုတင် သိမြင်ပြီးဖြစ်သည်။ သို့သော် ၎င်းအခက်အခဲကို ရာဇ ပရိယာယ် သုံး၍ ဖယ်ရှားပစ်မည်ဟု ကြံထားသည်။

ဒီဇင်ဘာလ လယ်ရောက်သောအခါ ဖြေရှင်းရမည့် အခက်အခဲ များ၊ မမျှော်လင့်သော အဖုအထစ်များနှင့် တွေ့ရတော့မည်မှာ ထင်ရှား လာသည်။ ဗန်းမော်ကို သိမ်းပိုက်မည်ဆိုသော ကြေညာချက်ကို အများ က ကျေနပ်ကြသည်မှာ မှန်ပါ၏။ သို့ရာတွင် ဧရာဝတီမြစ် အရှေ့ဘက်၊ အနောက်ဘက်ကမ်းနှစ်ဖက် တစ်လျှောက်တွင် တပ်ဖွဲ့ထားသောတပ်များ လှုပ်ရှားခြင်းမပြုနိုင်ဘဲ ငြိမ်နေသောကြောင့် ဓားပြသူပုန်များကို တစ်တိုင်းပြည်လုံးတွင် စစ်ဆင်နိုင်ရေးအတွက် စည်းရုံးရန် အချိန်ပေး လိုက်သလို ဖြစ်သွားသည်။

(စာရေးဆရာက Decoit ဒါးပြဟု သုံးထားသော်လည်း သူပုန် ဟုပြန်ထားပါသည်။ Decoit ဟူ၍လည်းကောင်း၊ Insurgent ဟူ၍ လည်းကောင်း၊ Guerilla ဟူ၍လည်းကောင်း၊ Partisan ဟူ၍လည်း ကောင်း အမျိုးမျိုး သုံးသည်။ ရှေ့စာမျက်နှာများတွင်လည်း သူပုန်ဟု

www.burmeseclassic.com

www.burmeseclassic.com



တသမတ်တည်း မြန်မာပြန်ထားပါသည်။) (ဘာသာပြန်သူ)

သူပုန်တစ်သောင်း ထကြွလှုပ်ရှားနေသည်ဟု သိရသည်။ ချင်းတွင်းမြစ်ဝှမ်းတွင် သူပုန်အင်အားကောင်းသည်။ ချင်းတွင်းမြစ်သည် မြောက်ဘက်အစွန်း မဏိပူရမှ မြစ်ဖျားခံလာပြီး ဧရာဝတီမြစ်နှင့် မျဉ်းပြိုင်စီးလာကာ မန္တလေးနှင့် အင်းဝ အနောက်တောင်ဘက် အနည်းငယ်ကွာသောအရပ်တွင် ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။ ချင်းတွင်းနယ်ရှိ ဘုံဘေဘားမားကော်ပိုရေးရှင်းတွင် အမှုထမ်းနေကြသော ဥရောပသား (၁၀)ယောက်သည် မြောက်မဏိပူရဘက်သို့ ထွက်ခွာသွားကြသည်။ မဏိပူရမှ ရောက်ရှိလာသော ကြေးနန်းအရ ဥရောပသားအချို့ အသတ်ခံရပြီး ကျန်သူများ အဖမ်းခံထားရသည်ဟု သိရသည်။

ဧရာဝတီမြစ် အရှေ့ဘက်နှင့် ကျွန်တော်တို့၏ မြောက်ဘက်နယ်စပ်တွင် အခြေအနေမကောင်းလှပေ။ မင်းလှမြို့တစ်ဖက်ကမ်း ဧရာဝတီမြစ် ဝဲဘက်ကမ်းပေါ်ရှိ မင်းလှခံတပ်မှ စစ်ပြေးတပ်ပြေးများနှင့် ပူးပေါင်းမိသွား၍ သူပုန်တို့ပင် အင်အားကောင်းလာသည်။

ဘုံဘေဘားမား ကော်ပိုရေးရှင်းပိုင် တစ်သိန်းခွဲတန်ဖိုးရှိသော ဆင် (၇၆)ကောင်ကို သူပုန်တို့သိမ်းပြီး ရှမ်းပြည်ဘက်ထွက်သွားကြသည်ဟု သိရသည်။ နယ်စပ်မြောက်ဘက် နင်းကြမ်း(ပျဉ်းမနား)ရှိ မြို့ပြအုပ်ချုပ်ရေး အရာရှိတစ်ဦးထံသို့ ကုမ္ပဏီကိုယ်စားလှယ်ဖြစ်သူ မစ္စတာဂျုံးက သူပုန်နောက်သို့ တပ်တစ်တပ်ကို စေလွှတ်တိုက်ခိုက်ပြီး ဆင်တွေကိုပြန်ရအောင် လုပ်ပေးရန် အရေးတကြီး စာဖြင့်တောင်းခံသည်။

အကယ်၍ လိုအပ်လျှင် ကုမ္ပဏီက ကုန်ကျစရိတ်အားလုံးကို ပေးပါမည်။ ဤသို့ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ကုမ္ပဏီအမှုထမ်းများ အနေဖြင့် ဆင်များကို ပြန်လည်ရယူနိုင်ရန်အတွက် လက်နက်များနှင့် အရာရှိတစ်ဦးပေးပါရန် အာဏာပိုင်များထံ တောင်းဆိုသည်။

မြို့ပြအုပ်ချုပ်ရေးအရာရှိက လက်ရှိတပ်စွဲထားသော နေရာမှ တပ်များကို ဘယ်မှမရွှေ့ရ၊ မတာက်ရဟု အမိန့်ပေးထားသဖြင့် ငွေရော လက်နက်ပါ သူ့အနေဖြင့် မပေးနိုင်ကြောင်း ပြောသည်။ ဧရာဝတီမြစ်



အနောက်ဘက်တွင်လည်း အခြေအနေမှာ ပို၍ဆိုးသည်။ မမျှော်လင့်သောနေရာ မင်းလှမှ ဖွဲ့နပဲနှင့် ခံ၍တိုက်ခဲ့သော တင်းမာလှသည့် မင်းလှမြို့ဝန်မင်းကြီး မင်းလက်ဝါးသည် မြစ်ညာမိုင် (၃၀)ခန့်အကွာတွင်ရှိသော စလင်းမြို့သို့ ဆုတ်ခွာသွားရာ အနောက်ဖက်ကမ်း၌ စိုးရိမ်ဖွယ်အရေးဖြစ်လာသည်။

မန္တလေးမြောက်ဘက်တွင်လည်း သူပုန်တို့ စုရုံးနေကြသည်။ ထို့ပြင် ၎င်းတို့က ဇန်းမေ်ာသွားသော သင်္ဘောကို ပစ်ခတ်ကြသည်ဟု သတင်းရသည်။

ဤကား ဒီဇင်ဘာလ ၁၃ရက်နေ့တွင် ဖြစ်ပေါ်နေသော အထွေထွေ အခြေအနေဖြစ်သည်။ အထက်မြန်မာပြည်ရှိတပ်များသည် ဖိဖိစီးစီး ပြုလုပ်ရန် လိုနေသည်ဟု မြန်မာပြည်ရှိ အင်္ဂလိပ်များက အပြစ်တင်လိုသော သဘောရှိသည်။ မန္တလေးမြို့ကို သိမ်းပိုက်သော ပထမညက ကရော်ကမည်ဖြစ်ခဲ့သော အရေးကြောင့် အနှံ့အပြား မကျေမနပ်ဖြစ်နေကြသည်မှာ သံသယဝင်စရာမလိုပေ။

၎င်းညက ဖြစ်ပျက်ခဲ့သော ကိစ္စကြောင့် အကြီးအကျယ် အထင်လွဲနေပြီးလျှင် အခြေအနေအရဖြစ်ပေါ်သော ကိစ္စကို ဝေဖန်ရ သဖြင့် စစ်အာဏာပိုင်တို့၏ စိတ်ကို များစွာ အနှောက်အယှက်ဖြစ်စေသည်။ တစ်နေကုန် ခြေလျင်လျှောက်ခဲ့ရသော တပ်သည် ညနေတွင် မြို့တွင်းမှနေ၍ သင်္ဘောဆိပ်ဆီသို့ ညစာစားရန် တပ်ခေါက်လာသည်။

သိမ်းဆည်းရထားသော အဖိုးတန်အောင်ဆုကို လုံခြုံစေရန် အတွက် နန်းတွင်း၌ အစောင့်ချထားခဲ့သည်။ ထို့ပြင် မြို့တွင်းသို့ တပ်တွေကို စေလွှတ်သေးသော်လည်း မြို့ကို ကာကွယ် ထိန်းသိမ်းနိုင်အောင် တပ်ချမထားပေ။ အမှန်အားဖြင့် မန္တလေးမြို့ကို အစောင့်အရှောက်မရှိဘဲ ပစ်ထားခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာတို့၏ ရဲအစောင့်အရှောက်စနစ်မှာ ပီရိသည်။ မြို့ကို လေးပြင်လေးရပ်ခွဲ၍ တစ်ပြင်လျှင် ထိထိရောက်ရောက် ကွပ်ကဲနိုင်သော တပ်စွယ်များကို ကင်းရုံများ၌ထားသည်။ အစောင့်ကင်းရုံရှေ့ရှိ လမ်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြိုးတစ်ချောင်းဖြင့် ကန့်လန့်ဖြတ် တားထားသည်။ ညနေ ခြောက်နာရီကျော်လျှင် မည်သည့် မြန်မာကိုမှ ကြိုးကိုဖြတ်ကျော်ခွင့်မပေး။ ဥရောပတိုက်သားတို့အနေဖြင့် ကြိုးကိုဖြတ်သန်းရန် အခွင့်တောင်းရသည်။

သို့သော် ဖြတ်သန်းမည့်သူ၏ အမည်နှင့်အလုပ်ကိစ္စကိုပြောမှ ဖြတ်သန်းခွင့်ရသည်။

ဤသို့သော ခပ်ကြမ်းကြမ်း နေဝင်မီးငြိမ်း အမိန့်ကြောင့် ဘုရင့်လက်ထက် မန္တလေးမြို့သည် အေးချမ်း၍ အတော်အတန် လုံခြုံမှုရခြင်းဖြစ်သည်။ မြန်မာ့လွှတ်တော် ပျက်သွားသောအခါ အုပ်ချုပ်ရေးစနစ်ကြီးတစ်ခုလုံး ရပ်တန့်သွားပြီး ရဲသားများသည် မိမိကင်းရုံနှင့် မြို့တော်ကို စွန့်ခွာသွားကြသည်။

အကျိုးတရားကား မန္တလေးမြို့သည် ညအချိန်တွင် လူဆိုးသူခိုးများ မင်းမူလာခြင်းဖြစ်သည်။ လက်နက်မဲ့ကာ တပ်ပျက်၍ မိမိဝမ်းရေးအတွက် ဘာမှ မျှော်လင့်ချက်မရှိဘဲ ဝေါ်ပြတ်ပြီး ထင်ရာလုပ်တော့မည့် စစ်သားတွေကို ထည့်မပြောသေး။

တပ်ပျက်စစ်သားများအား ရိက္ခာမဲ့ လစာမဲ့ အမိန့်တစ်စုံတစ်ရာမပေးဘဲ လွှတ်ထားပြီး လျစ်လျူရှုလိုက်ခြင်းသည် အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော ဤအန္တရာယ်များ၏ အကြောင်းရင်းဖြစ်စေသည်။

အကယ်၍ မြန်မာ့တပ်မတော်နှင့် ၎င်းတို့၏ လိုအပ်ချက်များကို အသေးစိတ်ကြည့်ရှုရန် ကံအားလျော်စွာ လစ်ဟင်းသွားသည်ဆိုလျှင် တစ်ချက်မှမတိုက်ခိုက်ရဘဲနှင့် ဘုရင်နှင့် တိုင်းပြည်သည် အညံ့ခံလိမ့်မည်ဟု မျှော်လင့်ရန် ခက်ခဲလျက်ရှိသောကြောင့် အပူတပြင်း ဒရောသောပါး စီစဉ်ရသော စစ်အာဏာပိုင်များကို ခွင့်လွှတ်ရပေလိမ့်မည်။ ဤသောင်းကျန်းမှုအန္တရာယ်မှာ လက်နက်ချပြီး နောက်တစ်နေ့ညတွင် ဖြစ်ပေါ်ခဲ့သည်။ ဤကိစ္စသည် မလွှဲမရှောင်သာဖြစ်ပေါ်ရမည့် အရေးဖြစ်သည်။

တပ်ပျက်လာသော်လည်း အားလုံးသည် လက်နက်မဲ့များ



ပေါက်ကြသော တပ်ပျက်စစ်သားများ၏ အကူအညီဖြင့် ဓားပြဂိုဏ်းများသည် လုယက်တိုက်ခိုက်ကြသည်။ ခုခံမှုနှင့်တွေ့သောအခါ အဆီးအတားမရှိ သတ်ဖြတ်ကြသည်။

ဥရောပတိုက်သား အနည်းငယ်မှာ မြန်မာပြည်တွင် သြဇာရှိသော ကုန်သည်များဖြစ်ကြသည်။ မစ္စတာဂျူး၊ မစ္စတာကင်နေဒီနှင့် တိုင်းသတင်းစာ အထူးသတင်းထောက် မစ္စတာမိုင်းလန်းတို့သည် တခြားသူများကဲ့သို့ပင် ညနေခင်းမှသည် ညနာရီပြန်နှစ်ချက်အထိ သတ်ဖြတ်သောင်းကျန်းမှုများကို ဤပုဂ္ဂိုလ်တို့ ကြားနေရလေရာ နံနက်လင်းသောအခါ ဖြစ်ပျက်သမျှကိစ္စများကို ဖော်ပြပြီးလျှင် ဓားပြတိုက်မှု၊ လူသတ်မှုများ နောက်ထပ်မဖြစ်အောင် အစောင့်အရှောက်တို့ မြို့တွင်းလှည့်ပတ်ပေးရန် ဗိုလ်ချုပ်ပရင်ဒါဂတ်စ်ထံ စာတစ်စောင်ရေး၍ ပေးပို့သည်။

တပ်မှူးဗိုလ်ချုပ်က ဤစာကို ကျေနပ်ပုံမရချေ။ ဗိုလ်မှူးကြီးဘင်ဂိုးသည် မြို့တွင်းသို့လာ၍ စာတင်သူ မျက်နှာဖုံးလူကြီးများအားသူတို့သည် အရပ်သားဖြစ်၍ မန္တလေးတွင်နေရန် ဘာမှ အကြောင်းမရှိကြောင်း၊ အကယ်၍ ပတ်တရောင်လှည့်စေလိုသည်ဆိုလျှင် မိမိတို့ကိုယ်တိုင် လှည့်သင့်ကြောင်း အကြောင်းကြားလေသည်။ တကယ်တမ်း ဆူပူလှုပ်ရှားမှုမရှိဟု ငြင်းသည်။ လူတစ်ယောက်သာလျှင် အသတ်ခံရသည်ကိုမူ ဝန်ခံသည်။ သို့သော် အခြား ဥရောပတိုက်သားများသည် အခြားနေရာများတွင် အလောင်းတွေ မြင်နေရစဉ်တွင် တစ်ဝန်းတည်း၌ပင် အလောင်း၊ ၆လောင်းကို အီတလီကောင်စစ်ဝန်အင်ဒီရိုနီကိုယ်တိုင် မြင်ပါသည်ဟု သက်သေပြသည်။

ဤသို့ အချီအချ ဖြစ်နေရာမှ ရုတ်ခြည်းကိစ္စတစ်ခု ထပ်ပေါ်လာသည်။ လက်နက်ချပြီးနောက် ဘုရင်နှင့် တွေ့ဆုံပုံအကြောင်းကြားနန်းသတင်းကို တိုင်းသတင်းစာတိုက်သို့ သတင်းစာ ဝန်ရှင်တော်(ပြန်ကြားရေးအရာရှိ) လက်မှတ်မပါဘဲ ပေးပို့သည်ဟု မစ္စတာမိုင်းလန်းအား စွပ်စွဲသည်။ မစ္စတာမိုင်းလန်းက သူ့တွင်ရှိသော အခွင့်အရေးအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ချေပသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အဆိုပါကြေးနန်းကို ဤသို့ကြည့်ရန် တောင်းဆိုခြင်းမရှိသည့်အပြင် စင်စစ်အင်အားဖြင့် သတင်းစာ ဝန်ရှင်တော်မင်းကြီးမှာ မင်းလှဦး ဒဏ်ရာရ၍ မသန်မစွမ်းဖြစ်ကတည်းက သတင်းဖြတ်တောက်ခြင်းကို မပြုလုပ်စေခဲ့ဟု ချေပသည်။

နောက်ဆုံးထွက်လာသောအဖြေမှာ မစ္စတာမွိုင်းလန်းအား မန္တလေးမှထွက်ခွာ၍ ရန်ကုန်သို့ပြန်သွားရန် အမိန့်ပေးဖြစ်သည်။ မစ္စတာမွိုင်းလန်းကလည်း လိုက်နာသည်။ မကြာမီပင် နိုင်ငံတော်အတွင်းဝန်ထံမှ ခွင့်ပြုမိန့်နှင့် သတင်းစာဆရာ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အနှောက်အယှက် အတားအဆီးမပြုရ ဟူသော အာမခံချက်လက်နက်ကို ကိုင်ဆောင်၍ ပြန်လာသည်။

ရန်ကုန်တွင် တစ်ရက်နားနေခိုက် ဤသတင်းများနှင့် ဤသတင်းများသာမကသော သတင်းများကို ဖတ်ရှုနားထောင်ပြီး နောက်ပြည်သို့ထွက်သော ညရထားပေါ်တက်ပြီးလျှင် ဧရာဝတီမြစ်ကမ်း ရှိပြည်ဘူတာရုံသို့ အင်္ဂါနေ့နံနက် ၇နာရီခွဲအချိန်တွင် ရောက်သည်။

သီပေါမင်းနှင့် သူ့တိုင်းပြည်ထီးနန်း လက်နက်ချပြီးနောက် နှစ်ပတ်အကြာတွင် ပြည်သိမ်းတပ်၏ စစ်အောင်ပွဲကို ပထမအကြိမ်ခြိမ့်ခြိမ့်သဲသဲ ထောပနာပြုခဲ့သော ကျေနပ်နှစ်သိမ့်မှုနောက်တွင် ကျေနပ်ဖွယ်မရှိသော မရေရာသော အခြေအနေရှိနေပါသေးသလားဟူသော ထင်မြင်ချက်က လိုက်လာသည်။ သူပုန်တွေ ခေါင်းထောင်လာခွင့်ပြုထားသော အာဏာပိုင်တို့အား ပြစ်တင်ဝေဖန်လိုသော သဘောရှိနေသည်။

အကွပ်မရှိသော သောင်းကျန်းမှုကို ခပ်ကြမ်းကြမ်း နှိမ်နင်းသောနည်းဖြင့် ဖယ်ရှားပြီးလျှင် ဘုရင်၏ ကသောင်းကနင်း အုပ်စိုးမှု ကို မဆိုင်းမတွဖြုတ်ချ၍ ကုန်ရောင်းကုန်ဝယ် လုပ်ငန်းကို အမြတ်ယူခွင့်ပြုသင့်သည်ဟု ယေဘုယျအားဖြင့် ဆန္ဒရှိကြသည်။

ယခုအခါ တွေ့ရတော့မည့်အခက်အခဲ၏ တကယ့်သဘောကို အောက်မြန်မာပြည်က ကောင်းကောင်းသဘောမပေါက်ပေ။ ဝိဝါဒကွဲပြားနေသော မန္တလေးတွင် ဖြစ်ပေါ်နေသည့် ဆူပူမှုများနှင့်ပတ်သက်၍



မန္တလေးကို သိမ်းပိုက်သော ပထမညက အစောင့်အရှောက်တို့ကို တစ်မြို့လုံးအနှံ့အပြား ချထားပါက အေးချမ်းမှုလည်း ပျက်စီးမည်မဟုတ် စိုးရိမ်စရာလည်း ပေါ်ပေါက်လာမည်မဟုတ်ဟု လူအများ ယုံကြည်မှုမှာ မည်သည့်နည်းနှင့်မျှ တထစ်ချ မမှန်နိုင်ကြောင်း မန္တလေးသို့ ရောက်သွားသောအခါမှ လေ့လာသိရှိရသည်။

မီးရောင်ကင်းမဲ့ပြီး မှောင်နေကာ ထိတ်လန့်တကြားဖြစ်နေ သောမြို့တွင်း၌ တစ်နေရာနှင့်တစ်နေရာ အဆက်အသွယ် မရှိဘဲ အစောင့်တို့ကိုချထားပါက စစ်သားတွေနှင့် မြန်မာတွေကို ထိပ်တိုက်ဝရုံးသုံးကား ဖြစ်စေလိမ့်မည်။ နေပြည်တော်ကြီးလည်း ကျွမ်းပြန်သွားလိမ့်မည်ဟု ဓာတ်သိများက ထင်မြင်ကြသည်။

မန္တလေးတစ်မြို့လုံးမှာ တိုက် တစ်လုံး နှစ်လုံးသာရှိသည်။ တစ်မြို့လုံးတွင် ဝါး ဝင်းထရံကာထားသော ပျဉ်ထောင်အိမ်နှင့် ဝါးထရံကာအိမ်တို့ချည်းဖြစ်သည်။ အားလုံး ဝါးတွေချည်းပင်။ နေပြည်တော်တစ်ခုလုံးတွင် မီးသတ်စက်တစ်လုံး မီးသတ်ရေပုံးတစ်ပုံးမှမရှိသည်ကိုမူ ထည့်ပြောစရာ လိုအံ့မထင်။ အလေးဂရုပြုရမည့် အချက်များစွာရှိသည်။ ပြည်သိမ်းတပ်ကြီး ချီတပ်ရာတွင် အပျင်းပြေတိုက်ပွဲ တစ်ခုတလေမှ မတိုက်ရသဖြင့် တိုက်ပွဲအရသာ မခံလိုက်ရသောကြောင့် တပ်တွေက အကြီးအကျယ် မကျေမချမ်းဖြစ်ကြသည်။

ထို့ပြင် တစ်နေ့လုံး ဘာမှမစားရဘဲနှင့် လက်နက်ကိုင်နေရ သည့်ဤတပ်တွေကိုသာ ညအမှောင်ထုအတွင်း မိမိတို့အား ရန်မူလိမ့် မည်ဟု ယူဆရသော မြို့သူမြို့သားများ၏အလယ် တာဝန်ထမ်းဆောင် ရန် အမိန့်ပေးလိုက်ပါက ထစ်ကနဲဆိုလျှင် ဝုန်းကနဲ ပေါက်ကွဲမည့် စိတ်ထားမျိုး ရှိနေမည်မှာ သေချာလှပေသည်။ မတော်တဆ ပစ်ခတ်သံပင်လျှင် အားလုံးပစ်ကြခတ်ကြတော့ဟု ဝရုံးသုံးကားဖြစ်အောင် အချက်ပေးလိုက်သလိုဖြစ်တော့မည်။

ဤသို့သော အခြေအနေမျိုးတွင် မြန်မာတွေနှင့် အစောင့်တွေကြား ဖြစ်ပေါ်လာနိုင်သော ဝရုံးသုံးကား အရေးထက် ပိုဆိုးသော အရေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာပြီးလျှင် တစ်မြို့လုံး ပြုတ်ပြုတ်ပြုန်းသွားစေနိုင်ပေလိမ့်မည်။

ထိုညတွင် ထိတ်လန့်၍ လက်တုံ့ပြန်ချင်က ပြန်မည်ဖြစ်သော မြို့သူမြို့သားများနှင့် စိတ်ဆာနေသော စစ်သားတို့ကြား အထင်အမြင်လွဲမှား၍ ပေါ်လာသော ဆူပူမှုအရေးသည် စားနိုင်သောက်နိုင်ရှိသူများကို လုယူတိုက်ခိုက်၍ အမြတ်ထုတ်လိုသော သူခိုးဓားပြများ၏ ဆူပူထကြွမှုထက် ပို၍ကြောက်စရာကောင်းသည်။ သူပုန်တွေ အတိအလင်း ထကြွလှုပ်ရှားနေသည်ကို စစ်တပ်ကလျစ်လျူပြုထားသည်ကို မခံမရပ်နိုင်ဖြစ်မည့်အရေးလည်း ရှိသေးသည်။

အထက် မြန်မာပြည်ကို စေလွှတ်လိုက်သော စစ်တပ်သည် မများလှချေ။ အဘယ်ကြောင့်ဆိုသော် သီပေါမင်းကို နန်းချ၍ မန္တလေး သိမ်းရန်အတွက် လိုသည်ထက်ပိုသော်လည်း တရုတ်တို့က လက်ဦးနေကောင်း လက်ဦးနေမည်ဖြစ်သော ဗန်းမော်သို့ တပ်တွေကို အမြန်စေလွှတ်ရမည်ဖြစ်သောကြောင့် ဖြစ်သည်။ စစ်တပ်မှာ ဆက်သွယ်ရေး ရေကြောင်းခရီး အဝေးကြီးတစ်လျှောက် လုံခြုံအောင် သိမ်းပိုက်တပ်စွဲ ရန်အတွက် လုံလောက်ရုံမျှသာရှိသည်။

နင်းကြင်း(ပျဉ်းမနား)သို့ တပ်အနည်းငယ်မျှသာ စေလွှတ်လိုက်ပြီးနောက် အဆက်ပြတ်သွားသည်။

မန္တလေးမှနေပြီး နင်းကြမ်းသို့ စစ်ချီရန်ကိစ္စမှာလည်း လက်လျှော့လိုက်ရသည်။ ဤအချက်အပြင် မြစ်ရိုးတစ်လျှောက်တွင် ဆယ်နေရာမျှ တပ်စွဲထားသည်။ ထို့ကြောင့် ဤဆယ်နေရာတွင် အင်အား လုံလောက်ရုံမျှသာဖြစ်သည်။ မြစ်အရှေ့ဘက်နှင့် အနောက်ဘက် တစ်တိုင်းပြည်လုံးကို သိမ်းပိုက်ဖို့ကြိုးစားရန်အတွက် အင်အားမရှိချေ။ တတ်နိုင်သမျှ လုပ်ဆောင်ဖွယ်မှာ နေပြည်တော်နှင့် ဆက်သွယ်ရေးလမ်းကို သိမ်းပိုက်ပြီး ဗန်းမော်သိမ်းရန် ပြည်သိမ်းတပ် ချီတက်ရေးသာလျှင် ဖြစ်ပေသည်။ မြန်မာတို့၏ လက်ထဲ၌ လေးပုံသုံးပုံရှိနေသေးသော အနယ်နယ်သို့ တပ်တွေချပြီး အုပ်ချုပ်ရေးအခြေချရန်မှာ မဖြစ်နိုင်သေးပေ။

နောင်မကြာမီတွင် သူပုန်ကို စစ်အာဏာဖြင့် နှိပ်ကွပ်၍ အပြုတ်တိုက်ရန်အတွက် တပ်စွဲထားရာမှ တစ်ရက်ခရီး နှစ်



ရက်ခရီးကို စစ်သားငါးဆယ်တစ်ရာဖြင့် ချီတက်နှိမ်နင်းခဲ့သော်လည်း ငြိမ်ဝပ်ပိပြားအောင် မတတ်နိုင်ခဲ့သည်မှာ သိကြပြီးဖြစ်သည်။ တစ်ကျိပ်နှစ်ကျိပ်ခန့်ရှိသော လူဆိုးဂိုဏ်းတွေ ရာနှင့်ချီလာပြီး ထောင်ချီလာအောင်ပင် များလာသည်။ ဓားပြတိုက်မှုသက်သက်မှ အနည်းနှင့်အများ ပြောက်ကျားတိုက်ပွဲကြီးအဖြစ်သို့ အလျင်အမြန်ကူးပြောင်းလာသည်။

ဟု အောက်မြန်မာပြည်တွင် ဝေဖန်ပြောဆိုနေကြသော ကိစ္စမှာ အစောပိုင်း၌ စစ်တပ်၏ လေးတိလေးကန်လုပ်မှုမှ အခြေအနေအရ မလွှဲမရှောင်သာ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ တပ်စွဲထားရာမှ ခွာလိုက်လျှင် သူအများထင်ကြေးပေးနေကြသလို ကျေနပ်လောက်သော အကျိုးကျေးဇူးကို ရရှိလိမ့်မည်ကား မဟုတ်ပေ။

မြန်မာအစိုးရကို ဖြုန်းကနဲဖြုတ်ချနိုင်ခဲ့သော စစ်အင်အားသည် အောက်မြန်မာပြည်ထက် နှစ်ဆကျယ်သော အထက်မြန်မာပြည် တစ်ပြည်လုံးကို စစ်တပ်ဖြင့် သိမ်းပိုက်နိုင်အောင် အင်အားမလုံလောက်သည်ကို အောက်မြန်မာပြည်က မသိကြချေ။ ထို့ပြင် တစ်ပြည်လုံးအနှံ့အပြား ချီတက်၍ ချုပ်ကိုင်ထားရန်မှာ သာ၍ပင် ခက်ခဲလှပေသည်။

အိန္ဒိယအစိုးရနှင့် စစ်အာဏာပိုင်များ၏ သဘောတူညီချက် ဖြင့် စစ်တပ်နှင့်အတူပါလာသော နိုင်ငံရေးအရာရှိ ဗိုလ်မှူးကြီးစလေဒင် က မြန်မာတို့လက်ထဲရှိနေသေးသော နယ်များကို မန္တလေးအစိုးရအုပ်ချုပ်ရေးသို့ ဆက်သွယ်ရောက်ရှိလာအောင် နိုင်ငံရေးနည်းဖြင့် ကြိုးစားခဲ့သည်။

စလေဒင်က လွှတ်တော်၏တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်အောင် ဆွဲဆောင်ထားသည်။ မန္တလေးတွင် သြဇာတိက္ကမရှိသော သို့မဟုတ် စွမ်းစွမ်းတမံ လုပ်နိုင်သူအနေဖြင့် တစ်ဦးတည်းသာကျန်သော သီပေါမင်း၏ စစ်ဝန်ကြီး တိုင်တားမင်းကြီးကို လွှတ်တော်၌ထားမြဲအတိုင်းထားသည်။

သီပေါမင်းနန်းတက်စဉ်က အဖြစ်ဆိုးနှင့် မကြာသေးမီ ၁၈၈၄ ခု လူသတ်ပွဲတရားခံတို့တွင် တိုင်တားမင်းကြီးအမည် ပါဝင်ခဲ့သည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သံသယရှိသော်လည်း လွှတ်တော်၌ ဆက်၍ထားခဲ့သည်။ ရဲရင့်၍ လိမ္မာပါးနပ်လှသော ဤမူဝါဒလမ်းစဉ်၏ အကျိုးကျေးဇူးကြောင့် ဗိုလ်မှူးကြီးစလေဒင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော လွှတ်တော်သို့ ဝန်ကြီးများနှင့် မှူးမတ်အကြီးအကဲ အများစုတို့ ပါဝင်လာခြင်းဖြစ်သည်ဟု သံသယကင်းကင်းဖြင့် ယူဆနိုင်သည်။

သူတို့သည် လွှတ်တော်၏အမိန့်ကို တတ်နိုင်သမျှ လိုက်နာဆောင်ရွက်ရန်နှင့် တာဝန်ဝတ္တရာများကို ဆင့်ကဲဆင့်ကဲ ခွဲဝေထမ်းဆောင်ရန် သဘောတူကြသည်။ ဤအုပ်ချုပ်ရေးစနစ်က ယခုအခါ ဗြိတိသျှလက်အောက်သို့ ရောက်နေပြီဖြစ်သော လွှတ်တော်ကို တစ်တိုင်းပြည်လုံးသို့ ဩဇာညောင်းအောင် ထိန်းကွပ်နိုင်လေသည်။

သို့ရာတွင် လွှတ်တော်၌ ဘုရင့်ရေတပ်မတော်ပိုင် သင်္ဘောဆယ်စီးနှင့် တိုက်လေယာဉ်များလည်း မရှိတော့ပြီ။ ဘုရင့်တပ်မတော်ကြီး လည်း မရှိတော့ပြီ။ အခွန်ဘဏ္ဍာငွေလည်း မရှိတော့ပြီဖြစ်လေရာ လွှတ်တော်၏ အာဏာကို ဖီဆန်သူအား နာခံလာအောင်လုပ်ရန် ဝန်ကြီးများတွင် ကျောထောက် နောက်ခံမရှိတော့ချေ။ မန္တလေး၏ ဩဇာအာဏာကို နယ်အရပ်ရပ်သို့ သက်ရောက်စေရန်အတွက် လွှတ်တော်သည် အထိရောက်ဆုံးနည်းလမ်းဖြစ်လေရာ ဗိုလ်မှူးကြီး စလေဒင်သည် လွှတ်တော်၏ အာဏာစက်ကို စောင့်ထိန်းရန်အရေးကို အဓိကထား ဆောင်ရွက်ခဲ့ကြောင်း ကျွန်တော်တို့တွေ့ရလေသည်။ ဗိုလ်မှူးကြီး စလေဒင်၏ လမ်းစဉ်သည် မြန်မာများ၏ ထင်မြင်ချက်နှင့် သဘောဆန္ဒကို အညံ့ခံ၍ အလျှော့ပေးလိုက်သည့်လမ်းစဉ်ဖြစ်သည်ဟု ယူဆနေသော မြန်မာပြည်ရှိ အင်္ဂလိပ်တို့၏ လှုပ်လှုပ်ရှရှဖြစ်မှုကြောင့် စလေဒင်၏မူဝါဒကို အမှန်အတိုင်း သဘောမပေါက်နိုင်တော့ဘဲ ဤမူဝါဒကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများကိုပင် အတော်အတန်ဖြစ်နေစေလေသည်။

◂◂ ▸▸

# အခန်း (၄)

## သူပုန်

ရထားလမ်းဆုံးဖြစ်သော ပြည်မြို့၌ ဗမာအမည်ရှိသော သင်္ဘောနှင့်တွေ့ဆုံလိမ့်မည်ဟု ကျွန်တော်နှင့်တကွ မီးရထားခရီးသည်များက မျှော်လင့်ထားခဲ့သော်လည်း ၎င်းသင်္ဘောကား မရောက်သေးချေ။ စစ်ပွဲ စတင်ဖြစ်ကတည်းက ပထမဆုံး မန္တလေးကို ခုတ်မောင်းသော သူရိယကုန်တင်သင်္ဘောသည် အရင်ထွက်သွားခဲ့ရာ ၎င်းသူရိယကို မှီလာသည်။ သူရိယသင်္ဘော၏ ယခင်အပတ်ခရီးမှ သီပေါမင်း မိဖုရားများနှင့် အခြွေအရံများကို မန္တလေးမှတင်ဆောင်လာသော ခရီးဖြစ်သည်။ သူရိယသင်္ဘောသည် ကုန်ရောင်းကုန်ဝယ်လုပ်ငန်းကို ချဲ့ထွင်လိုသော ဗွန်နီ့စားသည့် ကုန်သည်အချို့နှင့် ဆန်အိတ် ၉၀၀၀ကို သယ်ဆောင်လာသည်။ အစာရေစာ လုံးဝပြတ်လပ်နေသော ကြားလမ်းခရီးစဉ်ရှိ ဆိပ်ကမ်းများနှင့် မန္တလေးတွင် ဖြန့်ဖြူးရန်ဖြစ်သော ဆန်ဖြစ်သည်။

ရှမ်းပြည်သို့ တာဝန်နှင့်သွားရောက်ရန်အတွက် မန္တလေးသို့ သာရန် ဆင့်ခေါ်ခြင်းခံရသူ ဘင်္ဂလားအရေးပိုင် မစ္စတာပီလ်ချားလည်း မီးရထားဖြင့် ပါလာသည်။ လွှတ်လွှတ်လပ်လပ် ကြမ်းကြမ်းတမ်းတမ်းရှိသော ဤတောင်ပေါ်သားများအား မြန်မာ့အရှင်သခင်သစ်၏ ချစ်ကြည်ဖော်ရွေမှုကို ပြသရမည်ဖြစ်သည်။

သူတို့၏လွတ်လပ်မှုကို အာမခံရမည်။ သူတို့ကြိုက်သောနည်းဖြင့် သူတို့အုပ်ချုပ်စေခွင့်ပြုရမည်ဖြစ်သည်။ မန္တလေးအစိုးရလွှတ်တော်

www.burmeseclassic.com

www.burmeseclassic.com



၏ဆန္ဒအတိုင်း ရှမ်းပြည်ကို အာဏာပြခြင်းဖြင့် မြန်မာတို့သည် ရှမ်းများအား ဒုက္ခပေးခဲ့ကြသည်။

ပေါ်ထွက်လာသော ရလာဒ်မှာ ပဏ္ဍာဆက်ရန် ငြင်းဆန်ပြီး **အတောမသတ်နိုင်အောင် စစ်ဖြစ်ရခြင်းပင်ဖြစ်သည်။** ဖိနှိပ်ခြင်းမပြုဘဲ **အလိမ္မာဖက်သော** ဝါဒလမ်းစဉ်ဖြင့် အေးချမ်းမှုကို ရစေလိမ့်မည်ဟု **မျှော်လင့်ထားသည်။ သို့သော်** ဤကိစ္စမှာ အနာဂတ်အရေးဖြစ်သည်။ **လောလောဆယ်မှာမူ** ဘာမှ ပြတ်ပြတ်သားသားမရှိသေးချေ။

ပဏ္ဍာဆက်ရန်ကိစ္စနှင့်ပတ်သက်၍ ရှမ်းတို့က လိုက်လျောလာပြီးလျှင် သီပေါမင်းနှင့် စဖုရားလတ်တို့ကြောင့် ပဏ္ဍာတော်ပေးဆက် ရန်ငြင်းဆိုခြင်းမပြုမီ အရင် တစ်နှစ်လျှင် သိန်းနှစ်ဆယ်ပေးဆက်သည့် ပဏ္ဍာတော်ထံမှ ဆယ်သိန်းပေးမည်ဖြစ်ပေသည်။ မစ္စတာပီလ်ချားသည် အခြားကိစ္စများ ဆောင်ရွက်ရန်အတွက် အုပ်ချုပ်ရေးသစ် ရုံးစိုက်ရာ မန္တလေး၌ ဝင်ရောက်ရပ်နားနေစဉ် မန္တလေးမြို့ဂထိ ရှမ်းတွေဆင်းလာ ပြီးဝင်ရောက်တိုက်ခိုက်ကာ မြို့သူမြို့သားများအား အကြီးအကျယ်ခြောက်လှန့်နေကြောင်း ကျွန်တော်တို့ တွေ့ရှိရသည်။ တောင်ပေါ်သား တို့၏နိုင်ငံရေးမှာ အတွေးရကျပ်လှသည်။

မစ္စတာပီလ်ချားကား ရှမ်းတို့အကြောင်းသာမက ရှမ်းစကားနှင့် မြန်မာစကားကိုပါ တတ်သူဖြစ်သည်။ မြန်မာတို့၏ အသုံးအနှုန်းသိမ်မွေ့ယဉ်ကျေးပုံကို နားလည်ကျွမ်းကျင်သော ဤပုဂ္ဂိုလ်သည် လူတန်းစားအားလုံးနှင့် ဝင်ဆံ့သည်ဟု တိုင်းရင်းသားများထံမှ ကြားရ သည်။သူသည် အလွန်ခက်သော ဤဘာသာစကားကို မှတ်နေ အောင်နားလည်သည် လမ်းဌာနက မစ္စတာရစ်စ်လည်း မန္တလေးသို့ ဆက်သွားရန် ရထားပေါ်၌ ပါလာသည်။ သူသည် သူပုန်တွေကို မောင်းထုတ်ပစ်ရင်း အရှေ့တောင်အရပ်ရှိ နင်းကြမ်းသို့ မန္တလေးမှ ချိတက်မည်ဖြစ်သော စစ်ကြောင်းနှင့် အတူလိုက်ရန်အတွက် မန္တလေးသို့လာခြင်းဖြစ် သည်။

မစ္စတာရစ်စ်ကား သူပုန်အရေးနှင့် မည်သို့မှ မသက်ဆိုင်ချေ။ ရန်ကုန်၊ တောင်ငူ ရထားလမ်းကို မန္တလေးထိ တိုးချဲ့ရန်အတွက်



စစ်တောင်းမြစ်ဝှမ်းကို အကြမ်းဖျင်းလေ့လာကြည့်ရှုရန်ဖြစ်သည်။ သို့ သော် သူပုန်တွေ ဆူလာခြင်းနှင့် လမ်းပမ်းမပေါက်သော နယ်တွင် တွေ့ရမည့်အခက်အခဲများကြောင့် စစ်ချီတက်ရေးကို ရွှေ့ဆိုင်းလိုက်ရပြီးလျှင် မစ္စတာရစ်စ်လည်း အခြေအနေကောင်းမည့်အချိန်ကို စောင့်ဆိုင်းရန် အတွက် မကြာမီပင် မန္တလေးသို့ပြန်လာရလေသည်။

ကျွန်တော်တို့ နယ်နိမိတ်အတွင်း ဖမ်းမိထားသော သူပုန်ခြောက်ယောက်ကို သံခြေကျင်းခတ်၍ သင်္ဘောကုန်းပတ်ပေါ်တွင် တင်ထားသည်ကိုတွေ့ရသည်။ အခြားသူပုန်များနှင့်အတူ ၎င်းသူပုန်တို့သည် တိုက်ပွဲတစ်ခုကို ပိပိရိရိကလေး ဆင်နွှဲခဲ့ကြသည်။

ကင်းဂါတ်တစ်ခုကို ဝင်စီးပြီး ရဲသားများကို တိုက်ထုတ်ခါ ရဲသားများ၏ ဖနီးတွေကို ပြန်ပေးဆွဲသွားကြသည်။ ရဲသားများ၏ ဖနီးတစ်ယောက်လျှင် ငွေ ၂၇ကျပ်ပေး၍ ရွေးရမည်ဟုတောင်းသည်။ ထို့နောက် သူပုန်အဖွဲ့ထဲမှ ခြောက်ယောက်ကို ဖမ်းမိသည်။ သူတို့ ရည်ရွယ်ချက်မှာ ရဲသားဇနီးများနှင့် ကျွဲနွားတိရစ္ဆာန်များကို လုယက်ရန်ဖြစ်သည်။ သူတို့သည် မည်သူ့ကိုမှ သတ်ဖြတ်ခြင်းကားမပြုပေ။ ၎င်းသူပုန်များကိုစစ်မြေပြင်နယ်အတွင်းသို့ ပါဝင်နေသော မင်းလှသို့ ၄က်ဆိုးထိုးသံဟုအမိပ္ပာယ်ထွက်သော စုံစမ်းစစ်ဆေးရန် ပို့လိုက်သည်။ ဗြိတိသျှမြန်မာပြည်တွင် ဆိုလျှင် သူတို့အား နွားခိုးမှု သို့မဟုတ် ရဲဝတ္ထုရားနှောင့်ယှက်မှုအဖြစ်စစ်ဆေးခြင်းခံရမည်ဖြစ်သည်။ သူတို့ အတွက် ရှေ့နေများကလျှောက်လဲကာ ကွယ်ပြီး သူတို့၏စွန့်စားခန်းကို သနားစရာကောင်းသည့်အချစ်ရေးကိစ္စတစ်ခုဖြစ်သွားအောင် လျှောက်လဲချင်လည်း လျှောက်လဲပေမည်။

မြို့ပြောရလျှင် ပေါ်ပေါက်လာမည့် အခြေအနေမှာ သူတို့အား စောင့်နေသော စုံစမ်းစစ်ဆေးမှုထက် နိမိတ်ကောင်းပေသည်။ သူတို့ သည် သာမန်လူများဖြစ်သည်။ သူတို့ ဟန်ပန်ကြည့်ရသည်မှာ ခက်ထန် သော လူရိုင်းများ၊ သို့မဟုတ် လူစွမ်းကောင်းများနှင့်မတူဘဲ အမြဲ ကူလီထမ်းစားသူများနှင့်သာတူသည်။ ယခုအခါတွင် ဧရာဝတီမြစ်ဝကျွန်းပေါ် အရပ်၌ ဘုရင်ခံဖြစ်နေသော မစ္စတာရောဘတ်ဖဲယားသည် ရုပ်သဏ္ဍာန်

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်၍ ဆုံးဖြတ်တတ်သူဖြစ်သည်ဆိုပါက အကျဉ်းသားထဲမှ အသက်ခပ် ကြီးကြီးအရေတွန့်ပြီး ရုပ်ရည်ကြမ်းတမ်းသူ သုံးလေးယောက်ကို မြင်မြင်ချင်း ပစ်သတ်ကောင်း ပစ်သတ်လိုက်ပေလိမ့်မည်။ ငယ်ရွယ်သူများမှာမူ ဘာမှ စဉ်းစားတတ်သောသူများ မဟုတ်၍ အန္တရာယ်မရှိနိုင် ဟုသက်ညှာကောင်း သက်ညှာပေမည်။ သူပုန်တွေကိုဖမ်းလျှင် အစစ်အဆေးမရှိ ပစ်သတ်ဟု ပြောဆိုနေကြသော်လည်း သိမ်းကျုံးပြောလွန်း ရာကျသည်။

တောကြီးမြက်မည်းထဲသို့ ဖြတ်သန်းသွားရသော စစ်တပ်အနေဖြင့် လက်နက်ကိုင်ဖွဲ့ထားသော မြန်မာမှန်သမျှ သူပုန်ဟုထင်ပြီး တိုက်ခိုက်လုယက်မှုများ ဖြစ်ပွားသောနေရာ အနီးအနားက ရွာများကို ဘာပဲ ဖြစ်ဖြစ် အန္တရာယ်ရှိလိမ့်မည်ဟုထင်သည်။ မြန်မာမှန်သမျှ မိမိတို့၏ လက်နက်ကိုပေးအပ်ရမည်ဖြစ်လျှင် လက်နက်ပေးအပ်ခြင်းမပြုက စစ်ဥပဒေအရ သေဒဏ်ပေးမည်ဟု အစိုးရက အမိန့်ထုတ်ထားသည်။ သို့သော် သီပေါမင်း ကျသွားကြောင်းကို ကျွန်တော်တို့အာဏာပိုင်များ က ရှည်လျားထွေပြားသော စကားလုံးကြီးကြီးဖြင့် ထုတ်ပြန်သော အမိန့်ကြေညာချက်ကို ကရိကထခံ ဖတ်မနေနိုင်သော မြန်မာတို့အနေဖြင့် မိမိတို့အား ကာကွယ်ရန် လက်နက်မရှိပါက လက်နက်ရှိသော သူပုန်တို့၏ လုယက်တိုက်ခိုက်ခြင်းခံရမည်ဖြစ်သော အကျပ်အတည်းရှိသည်။ မြန်မာစာကြီးပေကြီးကိုလည်း တစ်လုံးပင် နားလည်မည့်သူ တစ်ဦးတစ်လေမှ ပင် ရှိပါလေစဟု သံသယဖြစ်စရာရှိသည်။

ရှေ့တိုးထမ်းပိုး နောက်ဆုတ် လှည်းတုတ်အကြားရောက်နေသော အထက်မြန်မာပြည်မှ လယ်သမားနှင့်စာလျှင် ဇာတိရပ်မြေမှ တိုရီနှင့် လစ်ဘရယ် ဘယ်သူ့ကို မဲဆန္ဒပေးရမှန်းမသိသူ ဆန္ဒမဲရှင်များက ရေးတေးတေးရှိသေးသည်။ လက်နက်ရှိနေလျှင် သူပုန်အဖြစ် သေဒဏ်ခံရမည်။ ဘာလက်နက်မှမရှိလျှင် အလုအယက်ခံရပြီး သူပုန်တို့ အသတ်ခံကောင်း ခံရပေမည်။

တိုင်းပြည်အခြေအနေနှင့် သူပုန်ထကြွမှုကို အထက်ဆန်သွားရင်း မြင်ချင် မကြားချင်အဆုံး တွေ့ခဲ့ရသည်။ လမ်းကမ်းနဘေးရှိ ရွာ



ကြီးများရောက်တိုင်း ခဏတစ်ဖြုတ်ဆင်း၍ ကြည့်ခဲ့သည်။ တစ်တိုင်းပြည်လုံး ဆူပူနေသောအခါနှင့် ပြည်တွင်းစစ်များ ဖြစ်နေချိန်တွင် သူပုန်ထသည်မှာ တောသူတောင်သားတိုင်း၏ သမားရိုးကျ အလုပ်အကိုင်အဖြစ် ဖြင့်လည်းကောင်း၊ သို့မဟုတ် ရိုးရိုးသားသား ခွင့်လွှတ်နိုင်သော လုပ်ကိုင်စားသောက်မှု အဖြစ်ဖြင့်လည်းကောင်း မြန်မာတို့က သဘောထားသည်ကို တွေ့ရသည်။ ထို့ပြင်လည်း တိုင်းပြည်ပျက်နေချိန်တွင် သူပုန်ဂိုဏ်းတစ်ခုခုထဲသို့ မပါဘဲနေသူများကို မိတ်ဆွေအိမ်နီးချင်းများက နေစိမ့်သူများအဖြစ် သဘောထားကြသည်။ ထွက်၍ လုယက်တိုက်ခိုက်ပြီး ဝေစုကိုရအောင် ယူရပေမည်။ သူတို့တွင် မီးရှို့ဖို့၊ သတ်ဖြတ်ဖို့ ဆန္ဒမရှိရိုးအမှန်ဖြစ်၏။ သို့သော် သင့်၌ ဆန်စပါးရှိနေလျှင် သူတို့က လာသိမ်းသွားလိမ့်မည်။ အဝတ်ကောင်းအစားကောင်းရှိနေလျှင် ချွတ်ပြီး သူတို့အဝတ်ဟောင်းတွေနှင့် လဲဝတ်သွားကြလိမ့်မည်။

သင့်မှာ မတော်တဆများ ဈေးသုံးငွေကလေးရှိသည်ကို သူတို့ကို ပေးလိုက်ပါက ကျေးဇူးပင်တင်ဦးမည်။ အဖိုးမတန်သော ပစ္စည်းကိုဖြစ်စေ၊ တိုက်ရာပါဝေစုအဖြစ် ရမည်ဆိုပါက စိတ်ဆိုးလိမ့်မည်မဟုတ်ချေ။ သူတို့သည် ပြည်တွင်းဖြစ် ယမ်းကို အသုံးပြုကြသည်။ ကိုယ့်ဘာသာလည်း ထုတ်လုပ်ကြသည်။ ကလိမ်ကျသော ကန်ထရိုက်တာက သွင်းထားသည့် ယမ်းမှုန့်ကဲ့သို့ပင် သူတို့ယမ်းမှုန့်များသည် မီးမကူးသော ယမ်းမှုန့်များဖြစ်ကြသည်။ သေနတ်လည်း ကောင်းကောင်းမပစ်တတ်။ သူတို့ဓားကလည်း တကယ့်တိုက်ပွဲ၌ အသုံးမဝင်ပေ။

တိုင်းပြည် ဗရုတ်ဗရက်ဖြစ်နေချိန်တွင် ရွာသူရွာသားတွေ သည် အပြင်ထွက်ပြီး ရတတ်သမျှ လုယူကြစမြဲဖြစ်သည်ဟု တောရွာမှ အဘိုးအိုတစ်ယောက်က မစ္စတာပီလ်ချားကိုပြောသည်။ ၁၈၅၂ ခုနှစ်က စစ်ပွဲ (အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ)ဖြစ်စဉ်က ငယ်ငယ်သာရှိသေး သော ရှင်းအဘိုးကြီးကိုယ်တိုင်ပင် မိမိဘာသာ သူပုန်လုပ်ခဲ့ဖူးသည်။

ဆားတစ်ကျပ်ဖိုးခန့်ကို အရင်းပြု၍ မြစ်ချောင်းအတိုင်း စုန်ဆန်ကူးကာ ကလေးများကို လုပ်ကိုင်ကျွေးမွေးသည်။ ဆားဝယ်ပြီးပြန်

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ လူတစ်ယောက်က သူ့ပစ္စည်းကို လုယက်လေတော့သည်။ အိမ်ပြန်လျှင် လက်ချည်းဖြင့်ပြန်၍ မဖြစ်နိုင်ရကား လမ်းတွင် စပါးအနည်းငယ်ကို သယ်လာသော သူတစ်ယောက်ထံမှ လုယူလိုက်ရလေတော့သည်။

ဆုံးသွားသော ခွေးစား အစား စပါးရပါ၏။ အိမ်ပြန်မရောက်ခင် လူတစ်သိုက်နှင့်တွေ့ပြီး သူ့ထံမှစပါးကို လုသွားကြပြန်သည်။ ထို့ကြောင့်သူသည် မြို့တက်ပြီး တောင်းရမ်းကာ ကလေးတွေကို လုပ်ကျွေးရသည်။

တိုင်းပြည်ပျက်နေချိန်တွင် ဤသို့ အလားတူပင် မပြုလုပ်သောလူငယ်လူရွယ်ဆိုလျှင် ယောကျ်ားမပီသသူ၊ အ,သူ၊ န,သူအဖြစ်သတ်မှတ်ကြသည်။ အပြင်ထွက် လုယက်တိုက်ခိုက်ခြင်းအတွက် ဘယ်သူ ကမှ သူ့ကို အဆိုးမထင်ကြ။ သို့သော် သူများထွက်လို့မှ မထွက်ရဲလျှင် ကားသင့်ကို လူရာသွင်းမည်မဟုတ်တော့ပေ။

မြို့စားနယ်စား မြို့ဝန်တို့ကလည်း သူတို့စားရသော စားကျေးအသီးသီးကို ငြိမ်ဝပ်ပိပြား၍ အေးချမ်းစွာရှိအောင် ကြိုးစားမည်သာဖြစ်သည်။ အိန္ဒိယရာဇသတ်ကြီးအရ သူပုန်ဆိုသည်မှာ ငါးယောက်ထက်မနည်းသောလူအုပ်က အကြမ်းဖက်၍ လုယက်မှုဖြစ်သည်။ မြန်မာပြည်တွင် ဆိုးသွမ်းမှုများ အလွန်မသောင်းကျန်းမီကဆိုလျှင် သူပုန်မှုကို အများအားဖြင့် ဒဏ်ငွေလောက်သာ အပြစ်ပေးလေသည်။

ဒဏ်ငွေမဆောင်နိုင်သောသူများအား ကြိမ်ဒဏ်ပေးလေ့ရှိသည်။ မြို့စားနယ်စားတို့ ရွှေစိတ်တော်ညိုလာသောအမှုများတွင်ကား သေဒဏ်ပေးတတ်သည်။ အလွန်ရက်စက် ညှဉ်းပမ်းမှုများကို ကျူးလွန်သောအခါ ကွပ်မျက်လိုက်ပြီးလျှင် လူဆိုးတွေကို နမူနာပြသည့်အနေဖြင့် ကားစင်တင်ထားသည်။

ဤသို့ ကြောက်ဖွယ်လိလိ ကားစင်တင်ထားသော မြင်ကွင်းများမှာ ခံရသူ၏လက်ချောင်းများကြားတွင် မီးခြစ်ကို ချည်တုပ်ထားပြီးလျှင် မီးခြစ်ကို မီးရှို့၍ ညှဉ်းပမ်းသောအလေ့ကို ပပျောက်စေရန် ရည်ရွယ်၍ လုပ်ထားခြင်းဖြစ်သည်။ ရက်စက်ညှဉ်းပမ်းမှု နောက်တစ်မျိုးမှာ သေပြီးနောက် ကားစင်တင်ထားသောအခါကျမှ ခရစ်စမတ်ပွဲတော်တွင်လူရွှင်တော်များ လုပ်ပြသကဲ့သို့ ရဲရဲကြီးပူသော သံချောင်းကို အားရပါးရအသုံးချပြခြင်းပင်ဖြစ်သည်။



ပြည်မြို့မှ သရက်အထိ ရေလမ်းခရီးသည် ဗြိတိသျှပိုင်နက်အတွင်းရှိသည်။ ဤခရီးကို သူရိယသင်္ဘောက တစ်ရက်သွားရသည်။ နောက်တစ်နေ့မနက် နာရီအနည်းငယ်မျှ သင်္ဘောထွက်မိသောအခါ နယ်ခြားသို့ အတိအကျရောက်လာသည်။ ကမ်းနှစ်ဖက်ရှိ နယ်အနေအထားမှာ တွေ့နေကျအတိုင်းပင်ဖြစ်သည်။

ကမ်းနှစ်ဖက်စလုံးသည် အလွန်မတ်စောက်သည်။ အရှေ့အနောက်ဖက်သို့ ရေသွယ်မြောင်းဖောက်လုပ်ရန် မဖြစ်နိုင်အောင် မတ်စောက်လွန်းသည်။ မြစ်သည် ကမ်းနားရှိ မြေမျက်နှာပြင်အောက် ပေ ၃၀ မှ ပေ ၄၀အထိ အနက်တွင်ရှိသည်။

တိဗက်ပြည်မှ နှင်းခဲတွေ အရည်ပျော်သောအခါ မြစ်ရေသည် ပေ ၄၀အထိ တက်လာပြီးလျှင် ပတ်ဝန်းကျင်ရှိ မြေနိမ့်ပိုင်းကို ရေလွှမ်းမိုးသည်။ ဤနည်းအတိုင်းပင် အထက်ဘက် အချို့နေရာများ၌ မြစ်အကျယ် ၁၂မိုင်မှ ၁၅မိုင်အထိ ကျယ်သည်။

မြစ်ထဲသို့ စီးဝင်သောရေမှာ မဖြစ်စလောက်သာရှိသည်။ ၎င်းမိုးရေမှာလည်း မပြောပလောက် ကမ္ဘာပေါ်တွင် ဧရာဝတီမြစ်သည်ဆီးနှင်းခဲပျော်ရည် အများဆုံးရှိသော မြစ်ဖြစ်ကောင်း ဖြစ်လိမ့်မည်။

အဆန်ခရီးတစ်လျှောက်လုံးတွင် အနောက်ဘက်ကမ်း၌ တောင်တန်းများကို တွေ့ရပြီး တစ်ခါတစ်ရံခါတွင် အရှေ့ဘက်ကမ်း၌လည်း တွေ့ရသည်။ရွာတွေကိုကား အဆက်မပြတ်မြင်ရသည် ကမူကလေး ကုန်းကလေးပေါ်တွင် သာယာဖွယ်တည် ထားသည့် စေတီများကို မကြာခဏ တွေ့ရသည်။ စေတီများမှာ အလွန်သပ္ပာယ် လှ၍ တောက်ပသော ရွှေချောင်းကြီးတစ်ပြင်လုံး၏ ကျက်သရေကိုဆောင် လျက်ရှိသည်။

မကြာမကြာ သစ်ရွက်တွေ အထပ်ထပ် တောင်လိုပုံကာ ကမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါးဖြစ်သော မတ်စောက်စောက် ကမ်းပါးများ၏ကြားမှ ဤမြစ်ကျယ်ကြီးစီးနေသည်။ နယ်ခြားဒေသ နှစ်ဖက်စလုံးအနီးတွင် တစ်ဝက်တစ်ပျက်သာ လူနေအိမ်ခြေရှိသည်။

ရှေ့ဆက်သွားသောအခါ လူနေကင်းမဲ့သော ရွာတွေကိုတွေ့ရသည်။ ရွာသူရွာသားများသည် တစ်ဖက်က သူပုန်ကြောင့် တစ်ဖက်က ကျွန်တော်တို့၏ စစ်တပ်များ သူတို့တိုင်းပြည်တွင်းသို့ ဝင်ရောက်လာမှုကြောင့် မိမိ အသက်အန္တရာယ်ကို စိုးရိမ်ကြပြီး ထွက်ပြေးသွားနေခြင်းဖြစ်သည်။

အခြေအနေအရ သူပုန်ထကြွရသည်မှာ မလွှဲမရှောင်သာဖြစ်ရကြောင်းကို မကြာမီပင် ကျွန်တော်တို့ လေ့လာရသည်။ ဖြစ်စ အစပထမပိုင်းတွင် သူပုန်ထကြွခြင်းသည် မျိုးချစ်စိတ်နှင့် မည်သို့မျှ မပတ်သက်။ လုယက်တိုက်ခိုက်ခြင်းနှင့်ပင် မပတ်သက်ပေ။ မိမိဝမ်းစာအတွက် တိုက်ရခြင်းသာဖြစ်သည်။ နောက်နှစ်ပတ် သုံးပတ်အတွင်း ကျွန်တော်တို့၏ မျက်စေ့ရှေ့တွင်ပင် သူပုန်တို့၏ အသွင်လက္ခဏာသည် ပြောင်းသွားသည်။

သို့သော် မြို့ပြအရာရှိတို့ကမူ ဤသူပုန်ထကြွမှုသည် ဘယ်နည်းနှင့်မှ အင်္ဂလိပ်တို့အား တိုက်ခိုက်ရန်မဟုတ်ပါဟု ရဲရဲကြီး အာမခံနေကြသည်။ သူပုန်ထကြွမှုသည် တစ်တိုင်းပြည်လုံး၏ အရေးကြောင့်ထခြင်းမဟုတ်၊ မိမိတို့ နယ်မြေအခြေအနေအတွင်းရှိ အရေးကိစ္စများကြောင့်သာ ပေါ်ပေါက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်က အထက်မြန်မာပြည်တွင် စပါးဆန်ရေ ရှားပါးမှု ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ခဲ့သဖြင့် ဆန်တန်ချိန် ၅၀၀၀ ကို ဗြိတိသျှမြန်မာပြည်မှ ပေးပို့ဖြည့်တင်းခဲ့ရသည်။ ထိုအချိန်ကပင် အစားအစာရှားပါးမှုကြောင့် သူပုန်ထကြွမှုကြီး ဖြစ်လုနီးပါးဖြစ်ခဲ့သည်။ သီပေါမင်း၏ အစိုးရက အတော် ခက်ခက်ခဲခဲ တားဆီးခဲ့ရသည်။ သူပုန်တစ်ထောင်ကို မန္တလေးသို့ဖမ်းခေါ်လာပြီးလျှင် နောက်တစ်ခါ မဆိုးနဲ့ဟု စာထိုးပြီးလွှတ်လိုက်သည်။ နောက်တစ်ကြိမ် ဖမ်းမိလျှင် အထူးစစ်ဆေးနေရန်



မလိုတော့။ ဤနည်းဖြင့်လည်းကောင်း၊ အခြားနည်းများဖြင့်လည်း ကောင်း လူပ်ရှားထကြွမည့်အရေးကို နှိပ်ကွပ်နိုင်ခဲ့သော်လည်း အပြီး အပြတ်ကား မနှိမ်နင်းခဲ့ပေ။

ရာသီဥတုအခြေအနေ ကောင်းပါ၏။ သို့သော် နိုင်ငံခြားဆက်ဆံရေးအခြေအနေ ဆိုးဝါးလာရာ စိုက်ပျိုးရေးကို ထိခိုက်လာမည်မှာ မုချပင်။ တစ်ဖက်က မကြာမီပင် ဗြိတိသျှစစ်တပ် တက်လာမှုကြောင့် ကောက်ရိတ်သိမ်းမှုကို ထိခိုက်လေရာ ပြည်တွင်းလုပ်ငန်းများနှင့် ကုန်သည်ပွဲစားတို့အဖို့ အလုပ် လုပ်မဖြစ်တော့ချေ။

ဤလို အခြေအနေမျိုးတွင် သူပုန်ထရမည်မှာ ဓမ္မတာဖြစ်သည်။ ဆန်စပါးရမှုအတွက် တောသူတောင်သားတို့သည် မိမိတို့အနီးအပါးတွင် လုယက်တိုက်ခိုက်ကြတော့သည်။ အတိုက်ခံရတော့မည့်ရွာနှင့် အတိုက်ခံရသော ရွာများမှ လူတွေသည် ရွာကိုစွန့်၍ ထွက်ပြေးကြသည်။ တချို့တောထဲထွက်ပြေးကြသည်။ တချို့တလေမှာ ရေလယ်ကောင် လှေပေါ်တက်နေကြသည်။

ဒီဇင်ဘာ ၁၅ရက် ဗုဒ္ဓဟူးနေ့တွင် ကမ်းပေါ်တက်ကြည့်ရာ ရွာကြီးတစ်ရွာလုံးမှာ အမယ်အိုနှစ်ယောက်သုံးယောက်သာ ရှိသည်ကို တွေ့ရသည်။ ကျွန်တော်တို့ဖွဲ့ထဲ ပါလာသူ ဘုန်းတော်ကြီး မစ္စတာကိုလ်ဘက်က ကြင်နာသမှုဖြင့် မေးမြန်းရာ အမယ်အိုတို့က အိမ်နီးချင်းအိမ်တွေသို့ သူပုန်လာကြကြောင်း၊ အချို့အိမ်ကို လုယက်သွားကြောင်းနှင့် ရွာသူရွာသားတွေ တောထဲထွက်ပြေးကုန်ကြောင်း ပြောပြသည်။ သူတို့ကို အသတ်မခံရပါဘူးဟု မည်သူကမျှ အာမ မခံနိုင်ရာ သူတို့သည် ရွာကိုပြန်လာရမှာ ကြောက်ရွံ့နေကြသည်။ အားကိုးစရာ မည်သူမျှမရှိ။ တောအုပ်သာလျှင် ဘေးအကင်းဆုံး အလုံခြုံဆုံးရာနေရာဖြစ်ပေသည်။

နောက်တစ်နေ့ ကြာသပတေးနေ့တွင် အတော်စည်ကားလှသည့် ဆိပ်ကမ်းဖြစ်သော မကွေး၌ ရပ်နားရသည်။ ကျွန်တော်တို့တတွေ ကမ်းပေါ်တက်ကြပြန်သည်။ ကမ်းပေါ်တွင် အိမ်မင်မစ္စမ်းရှိသူ ၃-၄

www.burmeseclassic.com

www.burmeseclassic.com



ယောက်ခန့် သူတို့တတ်နိုင်သမျှ လုံအောင်ပုန်းနေသည်ကို တွေ့ရသည်။ သန့်သန့်မာမာရှိသရွေ့မှာ တောထဲသို့ထွက်ပြေးကြလေပြီ။ အဘိုးအို များအား မည်သို့ စားသောက်နေထိုင်ကြသနည်းဟု မေးကြည့်ပြန်ရာ သူတို့က လွန်ခဲ့သော ၁၅ရက်မှစ၍ ဆန်မရှိတော့ကြောင်း၊ ထန်းမြစ် ကို ထုထောင်းစားနေကြကြောင်း၊ နှမ်းဖတ်ကိုလည်း စားနေရကြောင်း ပြောသည်။ သူတို့စားသော အစာနမူနာ အနည်းငယ်ကို တောင်းကြည့် ရာ မစားကောင်းသောအစာနှင့်တူသည်။ သူတို့က သူတို့သည် ငတ်နေ ကြသည်။ ငွေလည်းမရှိ။ ဆန်လည်းမရှိ။ အခြား ဘာမှလည်း စားစရာ မရှိဟုပြောသည်။

မန္တလေး၌ရောင်းချရန် ဆန်တွေတင်လာသော မော်လမြိုင်မှ ကုန်သည် မစ္စတာဟာက်ဒါဝစ်က ငတ်မွတ်နေသော အဘိုးအိုများကို သဘော်ပေါ်သို့ခေါ်ပြီး ဆန်အိတ်ဖောက်ကာ ရက်ရက်ရောရောကြီး ဝေခြမ်းပေးလိုက်သည်။ ဝေးနေသည်မှာ ကြာပြီဖြစ်သော ဆန်ကို သူတို့ ရသောအချိန်တွင် အံ့ဩသွားပုံ၊ ကျေးဇူးတတင်တင်ဖြစ်နေပုံမှာ သူတို့ မည်မျှပြတ်လပ်နေသည်ကို သက်သေပြလျက်ရှိသည်။ အလွန်ငတ်ပြတ် ခြင်းမဖြစ်သေးသော နောက်တစ်ရွာသို့ ရောက်သောအခါ မဝေးလှသော ရွာတစ်ရွာတွင် ခွေးသားကိုပင် စားနေကြရကြောင်း ကြားခဲ့ရသည်။

ယခင်က ရတနာပုံ အကောက်တော် ကန်ထရိုက်တာစတင်လုပ် ခဲ့ သော လူသိများသည့် မွတ်ဆလင်တစ်ဦးဖြစ်သူ မူလာအစ္စမေသည် မင်းလှမြို့ကို သိမ်းခဲ့စဉ်က အကြီးအကျယ် ခံလိုက်ရသော မင်းလှမြို့ သူမြို့သ : တို့အား ဆန် ၂၅အိတ် လက်ဆောင်ပေးခဲ့သည်။

အထက်ဘက်သို့ ကျွန်တော်တို့ ရောက်ခဲ့သမျှတွင် သူပုန်တို့ သည် နောက်မှဝင်လာသူ အင်္ဂလိပ်တို့အား တိုက်ခြင်းမဟုတ်ဟု ကြားရ သည်။ ဓားကိုဆွဲ၍ သူပုန်ထသောသူတို့တွင် ဟုတ်တိပတ်တိ နိုင်ငံရေး ရည်ရွယ်ချက်မရှိကြချေ။ ကျွန်တော်တို့ ဆင်းကြည့်သောနေရာမှ အရာရှိ တို့က တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်နေကြကြောင်း၊ ကိုယ့်ရွာအလုမခံရ အောင် တစ်ရွာကိုတစ်ရွာက ကာကွယ်တိုက်ခိုက်နေကြကြောင်း



ပြောပြသည်။ အင်္ဂလိပ် စစ်စခန်းများကို လာရောက်တိုက်ခိုက်ခြင်းမပြု။ အစောင့် စစ်သားများကိုလည်း ထိပါးခြင်းမရှိချေ။ ဆူပူထကြွမှုကို မကြာ မီနှိမ်နင်း တော့မည်ဖြစ်သည်။ သူပုန်တွေကို ပစ်သတ်ခြင်းဖြင့် သူပုန်ထကြွမှုကို အပြတ်တိုက်နိုင်လိမ့်မည်ဟု ယုံယုံကြည်ကြည် ပြောပြသည်။ ဤအချက် နှင့်ပတ်သက်၍ ဘာမှ သံသယရှိရန်မလိုသော် လည်း ဇွဲပါးသော ထကြွမှုတို့ကို ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည် စိတ်ချရသော ဤဆေးကို တိုက်ကျွေးရန် နှောင့်နှေးခဲ့သဖြင့် အချိန်တွေ အလဟဿ ကုန်ခဲ့ရသည်။

သူပုန်တွေကို ပြတ်ပြတ်သားသား ပစ်သတ်ခြင်းကို ထိုအချိန် တွင် စတင်ပြုလုပ်လျက်ရှိပေပြီ။ ဤသို့ တရားမျှတ၍ လုပ်သင့်လုပ် ထိုက်သော လမ်းစဉ်ကိုချမှတ်လိုက်ခြင်းဖြင့် ပေါ်ထွက်လာမည့် အကျိုး ကျေးဇူးကို သံသယဖြစ်မည့်သူ ရှိဟန်မတူချေ။ သို့ရာတွင် ပေါ်ပေါက် လာသောအကျိုးတရားမှ မျှော်လင့်ထားသလောက် ကျေနပ်ဖွယ်မရှိသည် ကို ကျွန်တော်တို့တွေ့ရသည်။

နောက်နှစ်ပတ်အတွင်း အင်္ဂလိပ်တပ်များ တပ်စွဲထားသော နေရာများဆီသို့ သူပုန်တို့က အာရုံပြောင်းလာကြသည်။ သူပုန်တွေမှာ အရေအတွက်လည်းများလာသည်။ ကျယ်လည်းကျယ်ပြန့်လာသည်။ ပြောက်ကျားတိုက်ပွဲနှင့် ကျွန်တော်တွေ့ရတော့မည်။

မန္တလေးသို့ အဆန်ခရီးကို ဆက်လက် ဆန်တက်သွားရင်း သူပုန်ထမှု တဖြည်းဖြည်းပြောင်းလဲဖြစ်ပေါ်လာသည့်ကို ကျွန်တော်တို့တွေ့ရသည်။ ၁၀ရက် ၁၂ရက်ခန့်အကြာ ကျွန်တော်တို့ ပြန်လာသောအခါ သူပုန်ထကြွမှုကို တိုင်းသူ ပြည်သားတစ်ရပ်လုံး ရန်မူအုံကြွ၍ ပါဝင်လာသော သူပုန် ထကြွမှုကြီးအဖြစ်သို့ ဝုန်းကနဲဒိုင်းကနဲ ကူးပြောင်းလာ ကြောင်း၊ ကြာလေဆိုးလေ ဒုက္ခပေးလာလေဖြစ်လာကြောင်း၊ ထို့ပြင် မြင်းတပ်တွေ ထပ်မံလိုအပ်နေကြောင်းနှင့် အလွန် ခက်ခဲပြင်းအထန် နှိမ်နင်းမှသာ ဖြစ်တော့မည်ဖြစ်ကြောင်း ကြား သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် ၂နှစ်၊ ၃နှစ်ကြာအောင် သူပုန်ထနေရာ စစ်သားပေါင်း ၂၅၀၀၀ မှ ၃၀၀၀၀ အထိ ခေါ်ယူအသုံးပြုခဲ့ရလေရာ ဤအရေးမှာကျွန်တော်တို့အနေနှင့် ဘာမှ အဆန်းမဟုတ်တော့ပေ။ သို့ဖြစ်လျှင် အဘယ့်ကြောင့် အထက်မြန်မာပြည်တွင် ဤမျှ အခက်အခဲများ မတွေ့နိုင်ဟု မျှော်လင့်ထားခဲ့သနည်း။

ဤအချက်မှာ အလွန်ပြောရခက်ပေသည်။ မန္တလေးမြို့ကို သိမ်းပြီးနောက် ပထမ နှစ်ပတ်၊ သုံးပတ်အတွင်း၌ နောက်ထပ် ပြဿနာပေါ်စရာ ရှိလိမ့်ဦးမည်ဟု မည်သူမျှ မတွေးမိခဲ့ပေ။

ပုန်ကန်တော်လှန်ရေးကို ပြည်သူအများက နေရာတကာတွင် လက်ခံနေကြသည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားလှပါ သည်။

◄◄ ►►

## အခန်း (၅)
## မင်းလှခံတပ်နှင့် မင်းလက်ဝါး

သို့သော် မကြာခင် ဇန်နဝါရီလ မကုန်မီပင် မြန်မာပြည် နိုင်ငံရေးရာနှင့် ရင်းနှီး၍ ထင်ရှားသောအုပ်ချုပ်ရေး ကျွမ်းကျင်သူ ပုဂ္ဂိုလ်တစ်ဦးက တစ်တိုင်းပြည်လုံးကို နှိပ်ကွပ်ထားရန်နှင့် ဆူပူထကြွနေသော ပြည်သူများကို ငြိမ်ဝပ်ပိပြားစေရန်အတွက် စစ်သားခြောက်သောင်း လိုလိမ့်မည်ဟု ထင်မြင်သည်။

ဖြစ်နိုင်စရာ အလားအလာနှင့် ပတ်သက်သော ဤအမြင်သည် ကျွန်တော် လက်မခံနိုင်သော အမြင်ဖြစ်သည်။ ကျွန်တော် လေ့လာရသလောက်မှာ တိုင်းပြည်ငြိမ်ဝပ်ပိပြားပြီး အောက်မြန်မာပြည်မှာရှိသော အုပ်ချုပ်ရေးမျိုးကို တည်ထောင်ရန်အတွက် တပ်တွေလည်း ထပ်လိုဦးမည်။ အချိန်လည်း ကြာဦးမည်ဖြစ်ရာ အလွန်ခက်ခဲသော အလုပ်ဖြစ်ကြောင်း သဘောပေါက်သူ အနည်းငယ်မျှသာ ရှိသည်ဆိုသောအချက်ကို ကျွန်တော်တွေ့မြင်မိသည်။

ပူပြင်းသော နွေရာသီရောက်လာလျှင် စစ်သားများ၏ ကျန်းမာရေးနှင့် အသက်ကို အထိခိုက်ခံပြီးလုပ်မှသာလျှင် ချီတက်လှုပ်ရှားနိုင်ပေတော့မည်။ ဤသို့ဆိုလျှင် တိုင်းပြည်၏ ငြိမ်ဝပ်ပိပြားရေးကို နှောင့်နှေးစေတော့မည်။ ဤသို့လုပ်လျှင်လည်း အခြေအနေကို ဆိုးအောင်လုပ်နေသည်သာ ဖြစ်ပေမည်။ ယခုလက်ရှိကျင့်သုံးနေသော စစ်ရေးနည်းထက် နိုင်ငံရေးအကိုင်အတွယ် ကျွမ်းကျင်မှုဖြင့်သာ ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



သက်အေးချမ်းစေသော နည်းလမ်းကို ရှာနိုင်မည်ဖြစ်သည်။

မင်းလှသည် ကျွန်တော်တို့ ပြည်သိမ်းတပ်တွေ ချီတက်လာစဉ်က တုတုတန်တန် တိုက်ခိုက်ခုခံခဲ့သော တစ်ခုတည်းသောနေရာဟု ဂုဏ်ယူလောက်သောအရပ်ဖြစ်သည်။ အရှေ့ဘက်ကမ်းပေါ်ရှိ တောင်ကုန်းတစ်ခုကို အီတလီ အင်ဂျင်နီယာတို့က အခိုင်အခန့်လုပ်ထားပြီးလျှင် တိုက်ခိုက်အောင်မြင်ရန် မလွယ်ဟုထင်ရသည်။ သို့သော် ကုန်းဘက် ၌ ဘာမှ အကာအကွယ်မရှိသည့်ပြင် အနီးတွင် တသီးတခြားရှိသော တောင်ကုန်းတစ်ခုကလည်း မင်းလှခံတပ်ကို မိုးလျှက်ရှိသည်။ ကျွန်တော်တို့တပ်တွေကို မြစ်အောက် မနီးမဝေးသောနေရာမှ ကမ်းပေါ်တက်ပြီး တောင်ကုန်းကို သိမ်းပိုက်မိထားပါတ. အစွမ်းအကောင်းဆုံး စစ်တပ်သည်ပင် ဤခံတပ်၌ ကြံ့ကြံ့ခံနိုင်လိမ့်မည်မဟုတ်ချေ။ (ဗွေးချောင်း) ခံတပ်ကို တိုက်ရန် မျက်နှာဖြူတပ်တွေကို တာဝန်ပေး၍ တစ်ဖက်ကမ်း မြစ်ညာရှိ မင်းလှခံတပ်ကိုတိုက်ရန်အတွက် ဘင်္ဂလားတပ်ရင်းနှင့် မဒရပ်တပ်ရင်း တို့မှ စစ်သားနှစ်ထောင်လက်သို့ ပုံအပ်ထားသည်။

မင်းလှခံတပ်သည် (မြစ်ထဲမှကြည့်လျှင်) ဘာမှတန်ဖိုးမရှိ သည့် ရွှံ့တုံးခံတပ်ကြီးသာဖြစ်သည်ဟု ထင်ရသော်လည်း အမှန်မှာ အုတ်ဖြင့် စနစ်တကျဆောက်ထားသော ခံတပ်တစ်ခုဖြစ်လေသည်။ ခံတပ်သို့တက်ရန်အတွက် တိုင်းရင်းသား (အိန္ဒိယ) တပ်ရင်းတို့သည် မြစ်နှင့်ဝေးသော ကုန်းဘက်မှ အနည်းငယ် (မြန်မာ့တပ်တော်အား) ချောင်ကွင်း ချီတက်ပြီး အောက်မြစ်စဉ် (၇)ခရိုင် မင်းကြီးအိမ်ကို ဝိုင်းထားလိုက်ပြီး မင်းလှမြို့သူမြို့သားများကိုလည်း ဝိုင်း၍ တပ်စွဲထားလိုက်သည်။

မင်းလှဘက်ကမ်းတွင် တကယ်ခုခံလိမ့်မည်မဟုတ်ဟု မျှော်လင့်ထားသည်။ သို့သော် မင်းကြီး မင်းလက်ဝါးသည် တစ်ဖက်ကမ်း ခံတပ် (ဗွေးချောင်း)၌ တပ်သား ၃၀၀ ဖြင့် ခုခံစေပြီးလျှင် သူ့အိမ်နှင့် အနီး ပတ်လည်မှ ဥယျာဉ်များ၌ တပ်သား ၅၀၀ ချထားသည်။ ဤကား မင်း လက်ဝါးကြီးက ကြံညာထားသော အရည်အတွက်ဖြစ်သည်။ သို့ရာတွင် မင်းကြီးမင်းလက်ဝါးသည် သူ့တပ်တွေ အလွယ်တကူနှင့်



အရှုံးပေးရသည် ကို ဆင်ခြေကန်ရန်အတွက် သူ့၌ရှိသော အင်အားကို လျှော့ပြောဟန်တူ သည်။ သူ့တပ်ထဲမှ တပ်သား ၃၀၀ ခန့်မှာ ဘုရင့်တပ်မတော်သားများ ဖြစ်သည်။ ကျန်တပ်သားများမှာ အရေးပေါ် သူကိုယ်တိုင် စုဆောင်း သိမ်းသွင်းထားသူများဖြစ်သည်။

သစ်ပင်တွေ ချုံတွေကြား၌ ပုန်းကွယ်နေသော မြန်မာတို့က နမော်နမဲ့ တက်လာသော ကုလားစစ်သားတွေကို ပစ်ခတ်ကြသည်။ မဒရပ်ကင်းထောက် တပ်သားများမှာ တပ်လန်၍ နောက်ကတပ်ကြီးထံသို့ ပြန်ဆုတ်ရသည်။ ဤသို့တပ်လန်သည်ကို ကြံ့ကြံ့မခံနိုင်ကောင်းလားဟု မတရား အပြောခံရသည်။ တိုက်စစ်ပြန်ဆင်သည်။

အခြားတစ်ဖက်မှ မျက်နှာဖြူစစ်ဗိုလ်တို့သည် သစ်တပ်များ (အုတ်ရိုး)ဆီသို့ အပြင်းတက်ပြီးလျှင် သစ်တပ်တစ်ဖက်တွင် ဝိတိုရိယ သူရဲကောင်းတံဆိပ်ရမည့် ဆုကြီးလာဒ်ကြီးကို မြင်ကြရသည်။ အမြောက်များ တပ်ဆင်ထားသော ခံတပ်ပေါ်ရှိ အမြင့် ဆင်ခြေလျှော ကျဉ်းကျဉ်းကလေးပေါ်သို့ ဒလကြမ်းတက်ကြသည်။ သူတို့ခေါင်းပေါ်မှ အမြောက်ဆံတွေ ဖြတ်သွားသည်။ တမုဟုတ်ခြင်းပင် သူတို့အထဲမှာ တပ်သားသုံးလေးဆယ်ခန့် ခံတပ်အတွင်းသို့ဝင်ပြီး မြန်မာတို့ကို ပစ်ခတ်ကြသည်။ မြန်မာတို့သည် ကြောက်လန့်တကြားဖြင့် အသက်ချမ်းသာပေးရန် ဒူးထောက်အသနားခံကြသည်။ တပ်မှူးသည် ခပ်ဝေးဝေးထွက်ပေါက်မှ ထွက်ပြေးလွတ်မြောက်သွားသည်။ ခံတပ်အတွင်းရှိ မြန်မာ ၈၀ အသတ်ခံရသည်။ သုံ့ပန်းများ ရာနှင့်ချီ၍မိသည်။ တပ်ဗိုလ်တပ်မှူး အများအပြားမှာ ဒဏ်ရာ အပြင်းအထန်ရသည်။

မည်သို့ပင်ဖြစ်စေ အနောက်ဖက်ကမ်း(မင်းလှ)ရှိ မြန်မာတို့သည် ပြောင်မြောက်စွာ တိုက်ခိုက်ခဲ့ကြပေသည်။ အလွန်တောင့်တင်းမာကျော၍ အသက် (၆၂–နှစ်)ရှိ မင်းလက်ဝါးကြီးသည် သူ့ခံတပ်နှင့် သူ့မြို့ကျဆုံးရသည်ကို အလွန် စိတ်ထိခိုက်သဖြင့် ကိုယ့်ကိုယ်ကို သတ်သေရန်ပင် ကြံစည်ခဲ့သည်။ သို့သော် သူသည် သူ့တပ်သားတွေကို ရတတ်သမျှစုရုံးပြီး အနောက်စလင်းဘက်သို့ ချီတက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ဝါးကြီးနောက်သို့ ဘင်္ဂလား အမှတ် (၁၁) ခြေလျင်တပ်မှ လူ(၂၀၀)ပါ လီဗာပူတပ်ရင်း၊ တောင်ပေါ်ပစ်အမြောက်နှစ်လက်ပါသော ဘင်္ဂလားတပ်သား (၁၅၀)တို့ကို ကူလီ (၁၅၀)နှင့်အတူ ခေါင်းဆောင်၍ ချီတက်သွားသည်။ မင်းလက်ဝါးကြီးက တိုက်ခိုက်ရန်ပြင်ဆင်သေးသော်လည်း ဗိုလ်မှူးကြီး ဘေကာ၏ တိုက်ခိုက်ရေးတပ်သားအားလုံးသည် သူ့အင်အားထက် များပြားလှသည်ကို သိသဖြင့် စေ့စပ်ရန်ကမ်းလှမ်းလိုက်သည်။ လွှတ်တော်သည် အာဏာရှိနေသေးကြောင်းနှင့်ခြေလွန်လက်လွန် မလုပ်မိအောင် ရှောင်ရှားပြီး ဗြိတိသျှတို့နှင့် ကျေအေးအောင်လုပ်ပါဟု မန္တလေးမှပေးစာတစ်စောင်ကို မင်းလက်ဝါးကြီးရရှိကြောင်း နောင်အခါတွင် သိရှိရလေသည်။

သူ့နယ်ကို ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ရန်အတွက် အခွင့်(၈)ရက်ပေးမည်ဆိုပါက ခဲယမ်းမီးကျောက် ပစ္စည်းများနှင့် လက်နက်ချပါမည်ဟု သူကတောင်းဆိုကမ်းလှမ်းသည်။ ဤလိုလားချက်များကို လိုက်လျော၍ လက်နက်များ ချအပ်သည်။ ထို့နောက် မြန်မာမင်းကြီး(မင်းလက်ဝါး)က ဗိုလ်မှူးကြီးဘေကာနှင့် သူ့စစ်ဗိုလ်များအား နံနက်စာ စားသောက်ရန် ယဉ်ကျေးစွာဖိတ်ကြားသည်။ စစ်ဗိုလ် (၁၄)ဦးက ဖိတ်ကြားသည်ကိုလက်ခံရာ ဖော်ရွေစွာကျွေးမွေးပြုစုသည်။

မင်းလှမှ ထွက်ခွာလာပြီး နောက်တစ်နေ့တွင် မင်းလက်ဝါးကြီးသည် သူရိယသင်္ဘောကို လှေတစ်စင်းဖြင့် ရောက်လာသည်။ ဗိုလ်မှူးကြီးစလေဒင်ထံမှ မန္တလေးသို့ မင်းလက်ဝါးလာရန် ရိုက်သော ကြေးနန်းကိုပြသည်။ နေပြည်တော်သို့ မင်းလက်ဝါးကြီး ကိုလာခွင့်ပြုလိုက်ခြင်းပင်။ ထို့ ကြောင့် သူရိယ သင်္ဘောပေါ်သို့ မင်းလက်ဝါးကြီး တက်စီးလိုက်ပါလေရာ ထူးခြားလှသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံရတော့မည်ဖြစ်၍ ကျွန်တော်တို့ဝမ်းသာမိသည်။ သူ၏ အမူအရာတို့သည် အလွန်လိုက်လျော ပြေပြစ်၍သူ့အဖြေများသည် ချင့်ချင့်ချိန်ချိန် သုခမိန်ပီသကာ ပရိယာယ်ဝေဝုစ်များသော အဖြေများဖြစ်သည်။ သို့ရာတွင် သူသည် အုပ်ချုပ်ရေး အပေါ်ဝပြီးဖြစ်လေရာ မလိုအပ်သောအခါ နှုတ်ဆိတ်နေတတ်ပြီးလျှင် ခန့်ညား



အောင်လည်း နေတတ်သည်။

ဤမျှ မဖြစ်စလောက်ကလေးသာ ခုခံနိုင်ပြီး မင်းလှခံတပ်ကျဆုံးရခြင်းအတွက် လဲသေချင်လောက်အောင် စိတ်နာ၍ ကိုယ့်ကိုယ်ကိုသတ်သေရန် စိတ်ကူးမိကြောင်း မင်းလက်ဝါးကြီးက ဝန်ခံလေသည်။ သို့ရာတွင် သူ့လူများသည် သာမန်အရပ်သားသာဖြစ်၍ ဘုရင့်တပ်မတော်မှတပ်သားအနည်းငယ်သာပါသောကြောင့် ဤသို့ဆုံးရှုံးရသည်ဟု မင်းလက်ဝါးကြီးက အကြောင်းပြသည်။

နောက်မကြာမီ သုံ့ပန်းအဖြစ် မန္တလေးသို့ ပေးပို့လိုက်သော သူ့တပ်သားတစ်ဝက်မှာ ဘုရင့်တပ်မတော်သားများဖြစ်သည်ကို ဤနေရာတွင် သူမေ့သွားသည်။ မစ္စတာဘားနတ်သည် ရေကြောင်းမှ အဆန်ခရီးသွားသောအခါ ၎င်းအမြဲတမ်း တပ်မတော်သားနှင့်တွေ့ရာ စပါးရိတ်ခြင်းဖြင့် ငွေရသော အလုပ်လုပ်နိုင်ရန်အတွက် အောက်မြန်မာပြည်သို့ တပ်သားများကို အခမဲ့ ပို့ပေးမည်ဟုပြောသည်။ တပ်သားများက သူတို့သည်လယ်ကူလီများမဟုတ်၍ ဤအလုပ်ကိုမလုပ်နိုင်ဟုဆိုသည်။ သူတို့သည်ဘုရင့်အမိန့်အရ တပ်မတော်ထဲသို့ သွတ်သွင်းခြင်းခံရသော ဆိုင်ရှင်များ၊ စာဆိုများ၊ လက်သမားများ၊ အပ်ချုပ်သည်များ စသည်တို့ဖြစ်သည်။ သူတို့ က သူတို့အိမ်သို့သာပြန်လိုသည်။ ၎င်းတို့အား မန္တလေးသို့ ပြန်ခေါ်လာ သောအခါ သူတို့ပြောသည့်အတိုင်း မှန်ကန်သည်ကို တွေ့ရှိရလေသည်။

ဘုရင့်တပ်မတော်သည် အင်္ဂလိပ်စစ်သားများနှင့် မယှဉ်နိုင်ကြောင်း မင်းလက်ဝါးက ဝန်ခံသည်။ မြန်မာတပ်သားတို့သည် လက်နက်ကောင်းလည်းမရှိ၊ တိုက်ခိုက်ရန်အတွက် စနစ်တကျ လေ့ကျင့်မှုလည်းမရှိ။ ဤစစ်ပွဲကား စစ်ပွဲအလျှင်းမဟုတ်။ ရန်းရင်းဆန်ခတ် ရန်ဖြစ်ခြင်းသာဖြစ်သည်။ ဤသို့ ဖြစ်လာလိမ့်မည်ဟု မြန်မာတို့ကမမျှော်လင့်၊ တကယ်တကယ် ရာဇသံပေးခံရသောအခါ မြန်မာတို့သည် ရာဇသံ၏ အဓိပ္ပာယ်အနက်ကို နားမလည်ကြ။ တကယ့်အရေးကိစ္စကြီးတစ်ခုကို (၅)ရက်တည်းနှင့် မည်သို့လုပ်၍ ဆွေးနွေးဖြေရှင်းနိုင်အံ့နည်း။ ဤလိုကိစ္စမျိုးကိုဘယ်

www.burmeseclassic.com

www.burmeseclassic.com



အခါကမှ မကြားခဲ့ဘူးပေ။ တစ်ဖက်နှင့်တစ်ဖက် ဈေးစပ် ဆွေး နွေးရတော့မည်ဆိုလျှင်လည်း အချိန် အလုံအလောက် ပေးသင့်သည်။ သို့သော် (၅)ရက် ကုန်သွားသောအခါ စစ်ဖြစ်လာသည်။ အဘယ်ကြောင့် (၁)ရက်တည်း စဉ်းစားခွင့်မပေးသနည်း။ စစ်တိုက်ရလိမ့်မည်။ တိုက်ခိုက်ရမည်ဟု စိတ်ပင်မကူးမိ။

ကင်းဝန်မင်းကြီးက လက်နက်ဖြင့်ဖြေရှင်း၍ မရနိုင်ဟုမြင်သည်။ ဈေးစပ်ဖြေရှင်းရလျှင် အခက်အခဲတွေ ပြေတန်ကောင်းရဲ့ဟု စဉ်းစားမိသည်။ အင်္ဂလိပ် ပြည်သိမ်းတပ်ကြီး တက်လာသောအခါ မတိုက်ဘဲ ရှိသမျှ လက်နက်ချလိုက်ရန် ဘုရင်အား အကြံပေးသည်။ အင်္ဂလိပ်တို့က အာဏာအကန့်အသတ်နှင့် ဘုရင်ကို နန်းပြန်တင်မည် မုချဖြစ်ရာ ဘုရင်သည် သူ့ထီးနန်း သူ့ရာဇပလ္လင်တွင် တည်မြဲလျက်ရှိမည်ဟု ကင်းဝန်မင်းကြီးက ထင်ထားသည်။ ဘုရင်ကြီးက သူ့စကားကိုလက်ခံပြီးနောက် ဘုရင်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယသို့ ပို့လိုက်သည်ကို ကင်းဝန်မင်းကြီး သိရသည်။

ယခုအခါ တစ်တိုင်းပြည်လုံးကို အင်္ဂလိပ်တို့က မိမိတို့ဘာသာ အုပ်ချုပ်တော့မည်။ လူတစ်ယောက်သည် မိမိအိတ်တွင်းသို့ သပိတ်ဝင် အိတ်ဝင် ရောက်ပြီဖြစ်သော ငွေကို အဘယ်ကြောင့် တစ်ခါပြန်ထုတ်ပြီး ပေးရအံ့နည်း။ မိမိအိတ်တွင်း၌ ထားသည်က စိတ်ချရသည် မဟုတ်လော။

အာဏာသံပါသော အပြောကျင့်ရသည့် မြန်မာတို့လေ့အတိုင်း ကျယ်လောင်သော အသံကြီးဖြင့် ခေါင်းမာပြီး ထိမထင်သော အဘိုးကြီး ပြောနေသည့်စကားထဲ၌ ကင်းဝန်မင်းကြီး၏ ပြည်ရေးပြည်မှု လုပ်ကိုင်ပုံကို မနှစ်မြို့ကြောင်း ပါလာသည်။ မင်းလက်ဝါးလို လူစားမျိုးသာ ရာဇပလ္လင်ပေါ် ရောက်လာက နောက်ထပ် သူတို့အကြောင်း ထပ်ကြားကြဦးမည်ဖြစ်သော ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့သည် လေသံတစ်မျိုးပြောင်းပြီး ဘုရင်ကြီးအား အကြံဉာဏ်ပေးဆက်မှ တော်လိမ့်မည်ဟု တွေးမိကြောင်း တွေးမိပေမည်။

လူဆိုးတစ်ယောက်ဟု သက်မကင်းဖွယ်ရှိသူတစ်ဦးအား လက်



ဝါးဖြင့် တစ်ချက်တည်းဖြင့် ပွဲချင်းပြီးအောင် ရိုက်နိုင်သဖြင့် မင်းလက်ဝါးဟူသောဘွဲ့ကို သီပေါမင်းအရင် စိုးစံသွားသော (ခမည်းတော်ဟု မရေး) ဘုရင်က ပေးခဲ့ခြင်းဖြစ်သည်။ မင်းလက်ဝါးဟူသောဘွဲ့နှင့်အညီ ဤမျှသန်မာသော လက်ဝါးရှင်ဖြစ်သည်ဟု ဘုရင်မင်းမြတ်က မြှောက်စားသည်။ ကျွန်တော့်အား ဘွဲ့ရသောလက်ကိုပြသည်။ ကြမ်းတမ်းမာကျောလှသောလက် ဖြစ်ပြီးလျှင် အရှေ့တိုင်းသားအနေဖြင့် ထူးကဲကြီးမားသော လက်ဖြစ်သည်။

ဆိုးသွမ်းနေသူများအပေါ် အာဏာစက်သုံးရာတွင် သူသည် မည်မျှ ပြတ်သားစွာ ဆောင်ရွက်သည်ကို ပါတော်မူဘုရင်ကြီးအား မင်းလက်ဝါးက မှတ်သားလောက်သော နမူနာပြခဲ့သည်။ သူ့၌ မိမိ၏အလုပ်ကိုယ်စီရှိသော ဇနီး (၄)ယောက်၊ သား (၂၀)နှင့် မြေး (၁၀)ယောက် ရှိသေးသည့်အနက်မှ သားတစ်ယောက်သည် လမ်းလွဲလိုက်ပြီး ပုန်ကန်ထကြွမှုတစ်ခုထဲသို့ ပါနေရာ မင်းလက်ဝါးက ဆိုင်းမဆင့် အရေးယူသည်။ သားဆိုးကိုဖမ်းဆီး၍ ချက်ခြင်းစစ်ဆေးကာ သေဒဏ်ပေးလိုက်သည်။ သူကိုယ်တိုင်ကွပ်မျက်ရန် အမိန့်ပေးသည်။ ဤသို့ အားကြိုးမာန်တက် မတွန့်မဆုတ် သစ္စာရှိမှုကြောင့် မင်းလက်ဝါးကြီးအား ဖြစ်ပြီးသားနှင့် နောင်ဖြစ်မည့်အဖြစ်များကြောင့် ကွပ်မျက်ခံရခြင်းဘေးမှ ကင်း လွတ်ခွင့်ရအောင် ဘုရင်မင်းမြတ်က "သက်တော်ရှည်"ဘွဲ့ ချီးမြှင့်သည်။ ဘုရင့်အမိန့်အရ အသက်ရှည်အောင်နေရသည်။ ဓား၊ တုတ်၊ လက်နက် တို့ဖြင့် ကွပ်မျက်ခြင်းဖြင့် အသက်မသေစေရဟု ဆိုလိုသည်။

စစ်သူကြီး ဟန်နီဘောလ်ကဲ့သို့ပင် ဤကြမ်းကြုတ်ရက်စက်လှသော မင်းလက်ဝါးကြီးသည်လည်း မျက်စိတစ်ဖက်လပ်ပင်ဖြစ်သည်။ သူ၏ ကြမ်းတမ်းသောမျက်နှာကို ပို၍ခက်ထန် မာကြောစေသည်။ သတိကောင်း၍ ဖြစ်ပျက်သမျှကို ဂရုစိုက်မှတ်သားသည်။ ကျွန်တော်အံ့ဩမိသည်ကား သတင်းထောက်၏ တာဝန်ဝတ္တရားအချို့ကို သူသိနေခြင်းပင်ဖြစ်သည်။ ဘုံဘေမြို့မှ ကျွန်တော်၏သတင်းစာတွင် သူ့အကြောင်းနှင့် သူ့နာမည်ကို ထည့်သွင်းပေးမည်လားဟု စကားပြန်မှ တစ်ဆင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထည့်သွင်းပေးမည်ဟု အလွယ်တကူ ကတိပေးသဖြင့် သူသည် အလွန်သဘောကျသွားကာ ကျွန်တော်နှင့်တွေ့ရသဖြင့် သူ အလွန်ဝမ်းမြောက်ကြောင်းကို စစ်သားပီသသော အသံသြကြီးဖြင့် အလွန်ခံ့ညားစွာပြောသည်။

သူ၏ ညဏ်သွားပုံ သာဓကတစ်ခုကို ဖော်ပြရဦးမည်။ သူသည် မင်းလှမှ သင်္ဘောမစီးဘဲ အထက် အနည်းငယ်ဝေးသောနေရာရောက်အောင် ဆန်ပြီးမှ သင်္ဘောပေါ်တက်သည်။ သူ ကံခေနေချိန်တွင် အနားအနီးတွင်နေသော ရန်ငြိုးရှိသူများက လက်စားချေမည်စိုးသောကြောင့် ဖြစ်သည်။ သူကား သူပုန်တွေကို နှိမ်နင်းသည့်ဘက်က အမြဲနေခဲ့သည်။ အင်္ဂလိပ်တွေကို အန်မတုနိုင်တော့ပြီဖြစ်ရာ ဗြိတိသျှတို့နှင့် ပူးပေါင်း ဆောင်ရွက်တော့မည်။ သို့သော် သူစားခဲ့ရသော (၇)ခရိုင်ကို မစ္စတာဖယ်ယားက ဆက်ခံအုပ်ချုပ်လျက်ရှိပေပြီ။

မင်းလက်ဝါးကြီး မန္တလေးသို့အသွားတွင် ဆာရောဘတ်ဖယ်ယာသည် မင်းလှမှာ မြို့ပြအရာရှိဖြစ်လာသည်။ ဖယ်ယာက သူသည် ပုဂံမှ သည်နယ်ခြားအတွင်း မြစ်ကမ်းနှစ်ဖက်ရှိ (၇)ခရိုင်ကို အုပ်ချုပ်နေသူဖြစ်သောကြောင့် သူ့အား "အောက်မြစ်စဉ် (၇)ခရိုင်မင်းကြီး"ဟု ခေါ်ဝေါ်ရမည်ဟု မြို့ဝန်များအား ညွှန်ကြားသည်။ ရှိသေလိုက်နာကြရန်အလို့ငှာ ယင်းအမိန့်မှာ ဘုရင်မင်းမြတ်၏ အမိန့်တော်ဖြစ်ကြောင်း ထင်ရှားစေရန် "အမိန့်တော်ရှိလိုက်သည်"ဟု အမိန့်ချသည်။ ဤစကားကို သုံးလိုက်သဖြင့် မြန်မာတို့မှာ ထိတ်လန့်ပြီး စိတ်ထိခိုက်သွားကြသည်။ မြန်မာများအနေဖြင့် ဤအသုံးအနှုန်းကို ဘုရင်မင်းမြတ်သာလျှင် သုံးနိုင်သောကြောင့်ဖြစ်သည်။ ဘုရင်မင်းမြတ်သည် လူသားအားလုံး၏ အထက်မှနေသကဲ့သို့ မစ္စတာဖယ်ယာကလည်း သူ့ကိုယ်သူ ခရိုင်ဝန် ဝန်ကြီးတို့ အထက်က ရှိသည်ဟု ထင်မှတ်ပုံရသည်ဟု မြန်မာတို့က အောက်မေ့သည်။

မြန်မာတို့က စကားလုံး အသုံးအနှုန်း အလေးအပေါ့ကို အလွန့်အလွန် အရေးထားသည်။ တစိမ်းတရံစာကိုလည်းကောင်း၊ မိမိသားချင်းကိုလည်းကောင်း၊ မိမိထက် ကြီးမြင့်သူကိုလည်းကောင်း၊ တန်းတူကို-



လည်းကောင်း၊ မိမိထက်ငယ်သူကိုလည်းကောင်း ခေါ်ဝေါ်ရာတွင် ပုဂ္ဂိုလ်အလိုက် သီးခြားနာမ်စားကို သုံးစွဲရသည်။ ဤအခက်အခဲကြောင့် မြန်မာဘာသာလေ့လာကာစ သူတို့အဖို့ မျက်လုံးပြူးရခြင်းပင်ဖြစ်သည်။

စစ်ဖြစ်တော့မည်ဆိုသောအချိန်တွင် မင်းလှ၌ရှိသူများအား အစိုးရအရေးပေါ် ရံပုံငွေအတွက် တစ်အိမ်ထောင်လျှင် ၅ကျပ်မှ ၁၀ကျပ်အထိ ထည့်ဝင်ရန် ဆင့်သည်။ အရောင်းအဝယ်လည်း ရပ်ဆိုင်းသွားပြီး လူတိုင်းလည်း ကျပ်တည်းဆင်းရဲလျက်ရှိသည့်အချိန်တွင် ဤသို့ ငွေကောက်ခံခြင်းဖြင့် မင်းလှနှင့် ပိုက်ဆံတစ်ပဲမျှ မကပ်နိုင်သော အခြားမြို့များမှာ နုရာဝဲစွဲ ဖြစ်ရရှာသည်။ သဿမေအခွန်မှာ အလွန်မှများလှ၊ တစ်အိမ်လျှင် ငွေ ၁၀ကျပ်သာဖြစ်သည်။ အသက် ၆၀ကျော်သော ယောကျ်ားနှင့် မုဆိုးမ၏အိမ်ကို ကင်းလွတ်ခွင့်ပြုထားသည်။

မြစ်ကမ်းပါးတစ်လျှောက်နှင့် မြစ်ကမ်းနှင့် ခပ်လှမ်းလှမ်းရှိ ရွာများမှာ အများအားဖြင့် ဝါးအမာခံနှင့် ထရံကာများဖြစ်သည်။ ကြမ်းခင်းကို တိုင်ပေါ်တွင် ၄-၅ ပေအမြင့်၌ ခင်းထားသည်။ တစ်အိမ်လုံးမှာ တစ်လှမ်းလှမ်းလိုက်တိုင်း သိမ့်ကနဲ လှုပ်သွားသော ခပ်နဲ့နဲ့အိမ်များသာဖြစ်သည်။ သို့သော် ဤအိမ်များမှာ ရာသီဥတုနှင့် အံကျဖြစ်ပြီး သပ်သပ်ရပ်ရပ်ကြည့်ကောင်းအောင် ဆောက်ထားသည်။ ဗြိတိသျှမြန်မာပြည်တွင် အပြင်ဘက် အကာအတွက် ဝါးထရံအစား သစ်သားကိုသာ အသုံးများသည်။ သို့သော် အထက်မြန်မာပြည်၌ အုတ်အညှပ်များဖြင့် ဆောက်ထားသောတိုက်များကို တစ်ခါတစ်ရံ တွေ့ရသော်လည်း ရွာသူရွာသားအများစုမှာ သစ်သားကို အကာပြုရန် မတတ်နိုင်ကြောင်း ထင်ရှားလှသည်။

သဿမေအခွန်တွင် အခွန်ဆောင်သူနေရန်အတွက် မြေခွန်ပါ ပါဝင်ဟန်ရှိသည်။ များစွာ အသုံးမပြုရသေးသော မြေရိုင်းများ တစ်ပြင်တစ်ပြေး အများကြီးရှိသေးသည်။ မြန်မာတို့အမြင်အရ တန်ဖိုးထားသည်မှာ မြေမဟုတ်၊ လုပ်အားသာဖြစ်သည်။ မကြာသေးမီကပင် အမှုတော်ကုန်စင်အောင် ရှုပ်ရှုပ်ချုံချုံ ထမ်းဆောင်ခဲ့သူများ၏ လုပ်အားကို ဆုတော်ချီးမြှင့်သည်။ လူနှင့်စာလျှင် ပေါများလှသော မြေများကို ခွဲဝေပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဘုရင်မင်းမြတ်ပိုင်သော ဘုရင့်မြေလည်း အတော်များများရှိသည်။ ၎င်းမြေများကို လယ်သမားများအား လုပ်ကိုင်စေ၍ မြေခအဖြစ် ထွက်လာသော သီးနှံများကို အချိုးကျပေးရလေသည်။

ဒီဇင်ဘာလ ၁၉ရက်နေ့တွင် မဆုံးနိုင်သော ခရီးကိုဆက်ရင်း တစ်ခါက ကြီးကျယ် ကျော်ကြားသော ပုဂံမြို့မှ ကျောင်း၊ ကန်၊ ဘုရား၊ ပုထိုးများကို မြင်ရသည်။ သူ့ခေတ်အခါကဆိုလျှင် ပုဂံမြို့သည် ယခု လန်ဒန်မြို့လောက် ကြီးပေလိမ့်မည်။ မြို့တော် ပျက်စီးပြီးနောက် နှစ်ပေါင်း ၅၀၀ ကျော်သောအခါ ခေတ်ကောင်းစဉ်က ရှိခဲ့သော ခမ်းနားကြီးကျယ်မှုကို သက်သေထူရန်အတွက် လန်ဒန်မြို့၌ ရန်အတွက် ဤမျှခမ်းနားသော ထုထည်အဆောက်အအုံကြီးများ ကျန်ရစ်ခဲ့လိမ့်မည်ဟု မျှော်လင့်ရန် ခဲယဉ်းလှပေသည်။

အလွန်ခမ်းနားလှသော ဘုရားပုထိုးများကို ရေတွက်ကြည့်ရာ ရှစ်ဆယ့်လေးဆူ ဖူးတွေ့ရသည်။ ယခုအချိန်အထိ မပျက်မစီးသေးဘဲ တည်ရှိနေသည်မှာ အံ့ဖွယ်ပင်။ မြစ်ကွေ့ရောက်သောအခါ ပို၍ မခမ်းနားသည့်တိုင်အောင် အရေအတွက်အားဖြင့် သာလွန်များပြားသည့် ဘုရားပုထိုးများကို တွေ့ရပြန်သည်။ ဤပန်းရန်လက်ရာ ထုထည်ကြီးကား လူတို့၏ လုံ့လလုပ်အားဖြင့် တည်ဆောက်ခဲ့သော အရာများအနက် အကြီးကျယ်ဆုံးသော ပန်းရန်လက်ရာ ထုထည်ကြီးဖြစ်ပေသည်။ သို့ရာတွင် ကမ္ဘောဒီးယားနှင့် မန္တလေးအထက်ရှိ ဘုရားပုထိုးအချို့သည် ဤဘုရားပုထိုးများထက် သာပေသည်။

ခရစ်နှစ်မစမီ အချိန်ကပင် ပုဂံသည် ကြီးကျယ်သော ရာဇဌာနီ နေပြည်တော်ကြီး ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ပုဂံမြို့၏ "ရွှေစုလစ်မွန်းချွန်၊ ငွေစုလစ်မွန်းချွန်"တို့ကို မာကိုပိုလိုတွေ့မြင်သောအချိန်ထိ ပုဂံနေပြည်တော်သည် ရောမမြို့တော်ကြီးအဖြစ်ပင် ရှိသေးသည်။ ၁၁ ရာစုနှင့် ၁၂ ရာစုနှစ်များတွင် ပုဂံနေပြည်တော်၏ ဘုန်းသမ္ဘာမှာ လျှမ်းလျှမ်းတောက်ခဲ့သည်။ ပုဂံနေပြည်တော် ပျက်သုန်းသွားသောအခါ မြန်မာပြည်သည် ပြည်တွင်းစစ်နှင့် မင်းမဲ့ခေတ်ပျက်ကြီးသို့ ဆိုက်ရောက်သွားလေသည်။ ဤသို့ဖြစ်



ပွားခဲ့သော ပြည်တွင်းစစ်သည် အလောင်းမင်းတရားကြီးသည် တစ်ပြည်လုံးကို အောင်ပွဲတွေ တစ်ပွဲပြီးတစ်ပွဲခံ၍ အလိုတော်ပြည့်သောအခါကျမှသာ ပြီးဆုံးသွားလေသည်။

အလောင်းမင်းတရားကား အနောက်အရပ်ရှိ ရွာငယ်တစ်ရွာမှ သူကြီးတစ်ဦးဖြစ်၍ ပြီးခဲ့သော ရာစုနှစ် (၁၈ ရာစု)နောက်ပိုင်း တိုင်းပြည်ကို ပြန်လည်စည်းရုံးပေးခဲ့သူဖြစ်သည်။ ခြောက်သွေ့သောလေသည် ပုဂံမှ ဘုရားပုထိုးများကို တည်တံ့ခိုင်မြဲစေခဲ့ပြီး ကျွန်တော်တို့ခေတ်အထိ ကြာရှည်ခံစေခြင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။ ထို့အပြင် ဘုရားပုထိုးကို သဒ္ဒါတရား ထက်သန်သော ဘုရင်များနှင့် ချမ်းသာကြွယ်ဝသူများကလည်း ပြင်ဆင်ထိန်းသိမ်းခဲ့သည်။

ဤရှေးဟောင်းမြို့တော်သည် ယခင် ပုဂံမြို့ဟောင်းကို ဆက်ခံ၍ တည်ခဲ့ခြင်းဖြစ်သည်။ ပုဂံမြို့ဟောင်းမှ ကျန်ရစ်ခဲ့သောအရာများကို ယခုထိ တွေ့နိုင်သေးသည့်အပြင် မြေပုံပေါ်တွင် မြောက်ဘက် မိုင်အနည်းငယ်ဝေးသော နေရာ၌ ဖော်ပြထားသည်။ နောက်မှတည်သော ပုဂံမြို့ (ညောင်ဦး)တွင် နေထိုင်သူများမှာ ကျောင်းဘုရား ဝေယျာဝစ္စကို ဆောင်ရွက်ရသော ကျွန်တော်များသာဖြစ်သည်။ သူတို့၏ အကြီးအချုပ်လုပ်သူသည် ဘုရင်ကဲ့သို့ပင် တစ်ထီးတစ်နန်းနေသည်။ ရာဇဝတ်သင့်သူနှင့် မောင်ကံဆိုးတို့ ခိုလှုံရာ လဲလျောင်းရာ အရပ်ဖြစ်သည်။ (မူရင်း စာရေးသူက ဤအတိုင်းရေးထားပါသည်။ အမှားအမှန်ကို ချင့်ယူကြပါ။ ဘာသာပြန်သူ) ကိုးကွယ်ရာအဖြစ်သတ်မှတ်သော အဆောက်အအုံကို ယုတ်ညံ့သော ဇာတ်အဖြစ်သတ်မှတ်ခြင်း ခံရသူများ၏လက်တွင်းသို့ အပ်ထားသည်မှာ ဗုဒ္ဓဘာသာ၏ အသိရခက်သော သဘောဖြစ်ပေသည်။

ပုဂံအထက် ဖမိုင်ကွာ အနောက်ဘက် ကမ်းပေါ်တွင် ဗြိတိသျှ တပ်သား ၆၀၀ ချထားသော ရွာကြီးတစ်ရွာသို့ ကျွန်တော်တို့ရောက်လာသည်။ ၎င်းတပ်မှ တပ်သား ၄၀၀ သည် သူပုန်တွေကို တိုက်ခိုက်ဖြိုခွင်းရန် တပ်ထွက်သွားကြသည်။ ယင်းသူပုန်များအကြောင်းကို အထက်အဆန်ခရီးတွင် ကျွန်တော်တို့ ကြားပြီးရင်းကြားခဲ့ရသည်။ မဒရပ် တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်းသား ခြေလျင်တပ်ဖွဲ့တစ်ခုကို အင်းဝမှ ပုဂံသို့ သူပုန်တွေကို တိုက်ခိုက်ရန် ရွေ့ဆောင်ချီလာသူ ဗိုလ်ကြီးဂေယာသည် မန္တလေးသို့ လိုက်ပါရန်အတွက် သင်္ဘောပေါ် တက်လာသည်။ သူ၏ တပ်ချီစဉ်က ရွက်ထည်တဲ၊ လမ်းပြ၊ မြေပုံတို့ကို မရသဖြင့် ခက်ခက်ခဲခဲ ချီတက်ခဲ့ရသည်။ မရောက်လည်း မရောက်ဘူး၊ လမ်းလည်းမရှိသည့် တောကြီးကို ဖောက်ထွင်း၍ချီတက်ခဲ့ရသည့် အခက်အခဲမှာ မသေးငယ်လှပါပေ။

လူ ၂ ဦးဖမ်းထားသည်။ သူပုန်ဖြစ်တန်သော လူများဖြစ်သည်။ သို့သော် သူပုန်ဟု အတတ်မစွဲနိုင်သဖြင့် သူတို့ကို ပစ်သတ်ခြင်းမပြုဘဲ ကိုးချောင်းထိုး ကြာပွတ်ဖြင့်သာ ရိုက်သည်။ ပေးထားသောအမိန့်မှာ လူယက်တိုက်ခိုက်သူ သို့မဟုတ် လက်နက်ကိုင်သော မြန်မာဟူသမျှကို ပစ်သတ်ရန်ဖြစ်သည်။ သို့သော် သံသယဖြစ်ရုံသာဖြစ်သောသူများကိုမူ ပစ်မသတ်ဘဲ ရိုက်နှက်သည်။

ဤသို့ခွဲခြား၍ အပြစ်ပေးသော်လည်း အင်္ဂလိပ်စစ်သားတွေက လူတိုင်းကို ပစ်သတ်နေတယ်ဆိုသော သတင်း ပြန့်သွားမှုကိုကား မတားဆီးနိုင်ခဲ့ပေ။ ထို့ပြင် သူပုန်က ရှိသမျှပစ္စည်းကို ချတ်ပေးလိုက်လျှင် အသက်ချမ်းသာ ပေးသေးသည်ဖြစ်ရာ အင်္ဂလိပ်စစ်တပ်သည် သူပုန်ထက် ကြောက်စရာကောင်းသူများဖြစ်နေသည်။ အချို့ရွာများတွင် ကိုယ်တိုင်က သူပုန်အဖြစ် ထွက်မလိုက်သေးမီတွင် မိမိအနီးအနားတွင် သူပုန်တွေ သောင်းကျန်းနေမည်ကိုမြင်သော ရွာသားများက မြစ်ကမ်းနဖူးတွင် သစ်တပ်ဖြင့်နေသော အင်္ဂလိပ်စစ်ဗိုလ်ထံသို့ သတင်းပေးဖြစ်အောင် သွားပေးကြလေသည်။

◂◂ ▸▸

# အခန်း (၆)

## တစ်ပြည်လုံးအုံကြွပြီ

ခရစ်စမတ်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် (မြန်မာ) ဘုရင့်တပ်မတော်ကို ကွပ်ကဲလျက်ရှိသော ဗိုလ်ချုပ်ထံ ဆက်သွယ်ဝင်ရောက်ရန်အတွက် လူအများအပြား မန္တလေးဘက်ဆီသို့ သွားကြသည်။ ဗိုလ်ချုပ်လက်အောက်တွင် တပ်သား ၇၀၀ ရှိသည်။ လူ ၇၀၀ ပါသော တပ်ဖွဲ့တစ်ဖွဲ့စီဖွဲ့၍ ရောဝတီရှိ ကျွန်တော်တို့ တပ်များနှင့် အလှမ်းမမီသော ချင်းတွင်းမြစ်အနောက်ဘက်သို့သွားရန် ရည်ရွယ်ချက်ဖြင့် မြောက်အရပ်သို့ ထွက်ခွာသွားကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ရပ်နားရာရွာတိုင်း၌ မနေ့ညက ရွာသားတွေ သူပုန်ဘယ်နှစ်ယောက်ကို သတ်လိုက်ပြန်ပြီ။ အနီးအနားမှ စစ်သားတွေကမည်မျှသုတ်သင်လိုက်ပြန်ပြီ။ တစ်ချို့နေရာတွင် သူပုန်တွေက ရွာသားတွေကို သတ်သွားပြန်ပြီဟု ကြားရသည်။ တပ်ကြပ်ကြီးတစ်ယောက်အုပ်ချုပ်သော တပ်သား ၁၂ယောက်နှင့် ကူလီများပါဝင်သော အဖွဲ့တစ်ခုသည် တယ်လီဖုန်းကြိုးပြတ်သောနေရာသို့ ပြင်ဆင်ရန်အတွက် အစောင့်အရှောက်အဖြစ် မန္တလေးမှ တောင်ဘက်သို့ ချီတက်သွားသည်။ ၃၀၀ ခန့်ရှိသော လူအုပ်နှင့် ရင်ဆိုင်တွေ့ရာ ပြေးနိုင်၍သာ အသက်ချမ်းသာရာရသည်။ ပစ္စည်းတွေကို ထားပစ်ခဲ့ရလေရာ သူပုန်အစစ်သာဆိုပါက အောင်ဆုကြီးဖြစ်ပေလိမ့်မည်။ ၎င်းလူ ၃၀၀ သည် ပါတော်မူဘုရင်ကြီး၏ တပ်သားဟောင်းများ ဖြစ်ဟန်တူသည်။ မဝေးလှသောရွာမှ အိမ်တစ်အိမ်ကို လူတစ်စုက တိုက်ခိုက်ရာ သူတို့အထဲမှ တစ်ယောက်မှာ သေနတ်မှန်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အပေါင်းပါများက သူ့ကို မည်သူမည်ဝါဟု မသိစေခြင်းငှာ သူ၏ခေါင်းကို ဖြတ်ယူသွားကြသည်။ ဤလိုကိစ္စမျိုးတွင် မြန်မာတို့သည် အလွန်လက်ယဉ်နေကြသည်။

ရွာသားများသည် ခေါင်းပြတ်နေသော အလောင်းကို ကားစင်တင်ပြီးလျှင် အနီးဆုံးစစ်တပ်မှ စစ်ဗိုလ်ထံတိုင်သည်။ စစ်ဗိုလ်က ချက်ခြင်းလိုက်လာပြီး မေးမြန်းစုံစမ်းသည်။ ရွာနီးချုပ်စပ်တွင် အင်္ဂလိပ်စစ်တပ်က ဗမာတွေကို အရှင်လတ်လတ် ကားစင်တင်သတဲ့ဟု သတင်းဖြစ်ပေါ်တော့သည်။

အမှန်မှာ ဤကဲ့သို့မိုးမှောင်ကျနေသော လူများသည် မြေဇာပင်များဖြစ်နေ၍ ကိုယ့်အသက်ကို ဖက်နှင့်ထုပ်ထားရသူများ ဖြစ်လေရာ မည်မျှပင်မဖြစ်နိုင်သော စကားကိုပင်ဖြစ်စေ ယုံပစ်ရန်အသင့် ဖြစ်နေကြသည်။ အကယ်၍ လက်ရှိအခြေအနေအတိုင်းသာ ဆက်သွားမည်ဆိုပါက အထက်မြန်မာပြည်သည် ဝီခေါ်အောင် ဘရုတ်ဘရက်ဖြစ်လာတော့မည်။

မြန်မာပြည်၌ အနေကြာ အရည်ဝပြီးဖြစ်သော ရန်ကုန်မှ ကုန်သည်(မျက်နှာဖြူ)များ၏ ထင်မြင်ချက်နှင့်ပတ်သက်၍ ပြောစရာများ စွာရှိသည်။ ၎င်းတို့က ကိုင်တားမင်းကြီးနှင့် စုဖုရားလတ်ကို အိန္ဒိယသို့ပို့၊ ကာနယ်စလေဒင် သို့မဟုတ် အခြားအရည်အချင်းရှိသည့် အရာရှိတစ်ဦးဦးကို ရှေ့ဆောင်ရှေ့ရွက်အဖြစ်၊ သုခမိန်အဖြစ်၊ မိတ်ဆွေအဖြစ်ဖြင့် သီပေါမင်းအနားထားပြီး သီပေါမင်းကို မန္တလေး၌ ဆက်လက်ထားခဲ့ပါက ယခုအခါ တိုင်းပြည်ပျက်တော့မလိုဖြစ်နေသော ဆူပူထကြွမှုများ ဘယ်တော့မှ ပေါ်ပေါက်မည်မဟုတ်။ အတိုက်အခိုက်မပါဘဲနှင့် တိုင်းပြည်အခြေအနေကောင်းလာလိမ့်မည်ဟု ယူဆကြသည်။

ကြောက်ရွံ့ခြင်းဒဏ်၊ ငတ်ပြတ်ခြင်းဒဏ်ကြောင့် တိုင်းသူပြည်သားအားလုံးမှာ ကုန်းကောက်စရာမရှိတော့။ တစ်တိုင်းပြည်လုံး သူပုန်တွေဖြစ်ကုန်ပြီ၊ တစ်ခါပြန်ပြီး နေသားတကျဖြစ်ဖို့ စိတ်ချလက်ချနေရဖို့အတွက် နည်းလမ်းအဘယ်မှာနည်း။ သီပေါမင်းအကြောင်း သိသူများက သီပေါမင်းသည် ရတနာပုံထီးနန်းတွင် ချယ်လှယ်သူများအနက် အကောင်းတကာ့အကောင်းဆုံး အတော်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟုဆိုသည်။ သို့သော်



သူ့မိဖုရား၊ ယောက္ခမနှင့် ဝန်ကြီးတွေက ကြိုးဆွဲနေသည်။ လိမ္မာနေသည်။ လမ်းမှားသို့ ပို့နေသည်ဟုဆိုသည်။ သို့သော် မည်သည့်ဘုရင်ဖြစ်စေ ဆိုးဆိုးကောင်းကောင်း တရားဥပဒေကို မထီလေးစားလုပ်လာလျှင် အောက်ခြေလွတ်လာတတ်သည်။

ဒီဇင်ဘာလ ၂၀ရက်၊ စနေနေ့တွင် စီးပွားတက်လျက်ရှိသော အုံဘေဘားမားကုမ္ပဏီ ဌာနကြီးတစ်ခုရှိသော ပခုက္ကူသို့ ဆိုက်သည်။ တိုက်များ၊ တရုတ်ကုန်သည်တို့၏ ပစ္စည်းပစ္စယများကြောင့် ဤမြို့ငယ်သည် တောင့်တင်းစည်ကားသော မြို့အသွင်ဆောင်နေသည်။ လှေတွေကို စပ်နေကြသည်။ အနီးတွင်လည်း လှေအများအပြား ဆိုက်ကပ်ထားသည်။ မြို့ဝန်မှာ ခရီးထွက်နေသဖြင့် သူ့မိခင် မြို့ဝန်ကတော်ဟောင်းကြီးက စီရင်အုပ်ချုပ်လျက်ရှိသည်။

ကျွန်တော်တို့ မြို့ဝန်အိမ် အလည်ရောက်သွားသောအခါ မြို့ဝန်ကတော်ဟောင်းကြီးသည် တရုတ်တစ်ဦးထံမှ ငှားရမ်းထားသောအိမ်၏ ကုလားထိုင်ပေါ် ထိုင်နေသည်။ ဖျာပေါ်တွင်ထိုင်ကာ မြန်မာတို့ထုံးစံအတိုင်း ဝပ်စင်းခစားလျက်ရှိသော လူများနှင့်တွေ့ဆုံဧည့်ခံနေချိန်ဖြစ်သည်။ ကုလားထိုင်ပေါ်ထိုင်လျက် ရှိသဖြင့် အိမ်ရှင်သည် အသက်စီးအသွင်ကို ဆောင်ကာ ဧည့်သည်များအပေါ် ကဲမိုးလျက်ရှိသော မြန်မာအမျိုးသမီးမှာ နှယ်နှယ်ရရ မဟုတ်ပါပေ။

ကျွန်တော်တို့ မျက်နှာဖြူများအား ကုလားထိုင် ထိုးပေးသည်။ ဆောင်ဆုပ်ခန့်ရှိသော ဆေးပေါ့လိပ်ကြီးကိုဖွာလျက် မြို့ဝန်ကတော်ဟောင်းကြီးသည် အခြေအနေကို အကွက်မိမိပြောပြသည်။

အနီးပတ်လည်တစ်ဝိုက်တွင် သူပုန်တွေပြည့်နေသဖြင့် အင်္ဂလိပ်တပ်များပို့ရန် တောင်းဆိုရာ တပ်တွေပို့လိုက်ကြောင်း ပြောပြသည်။ ညအချိန် အလွန်ဆိုးဝါးလျက်ရှိသည်။ အင်္ဂလိပ်တွေ မည်သို့ပြုလုပ်မည်နည်း။ အင်္ဂလိပ်များသည် ယုတ်စွအဆုံး မန္တလေးတွင် အမည်ခံဘုရင်ကိုပင်ဖြစ်စေ ထားခဲ့သင့်သည်။ ဘုရင်သည် တိုင်းပြည်၏ အကြီးအကဲဖြစ်သည်။ ဘာသာရေးတွင်လည်း ဘုရင်မရှိဘဲမဖြစ်။ ပြည်သူအများက ဘုရင်ကို ဘာသနာ့ ဒါယကာ၊ ဘုရင်သည် လောကသမုတိနတ်ဟု မှတ်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်ကတော်ဟောင်းကြီးသည် သူပုန်ထကြွမှုကို အေးငြိမ်းရေးအတွက် သူတတ်သမျှကြံလုပ်သည် မှန်ပါ၏။ သို့သော် လူတွေခွဲ စားစရာမရှိတော့ ရာ ထွက်ပြီးလုယက်ကြတော့သည်။ အကယ်တန္တ မန္တလေးနေပြည်တော်တွင် ဘုရင်ရှိမည်ဆိုပါက လူတွေသည် ဘုရင့်စကားကိုနားထောင်ပြီး ဟစ်ရွာနှင့်တစ်ရွာ လုယက်တိုက်ခိုက်ကြမတော့မည် မဟုတ်။ သဘော်ပေါ်တွင် ပါလာသော ဆန်အချို့ကို ရောင်းချရန်အတွက် ပခုက္ကူတွင် ပွဲစားများ ရှိမရှိ မေးမြန်းရာ မြို့ဝန်ကတော်ကြီးက ကုန်သည် ဘစ်ဦးကို စေလွှတ် လိုက်သည်။ သို့ရာတွင် ၎င်းကုန်သည်လည်း ထွက်ပြေးသွားရာ ဆန်အိတ် လုံးဝယ်ပြီး လက်လီရောင်းချမည့်သူ ရှာမရအောင် ဖြစ်နေသည်။

ပခုက္ကူအထက် မဝေးလှသောဆိပ်ကမ်းတွင် ဆန်အိတ် ၂၅ဝနှင့် တရုတ်တစ်ယောက် သဘော်ပေါ်မှဆင်းရာ လက်လီရောင်းချပေးမည့်သူ ရှာမရဖြစ်နေသည်။ အရောင်းအဝယ်လုပ်သူ မှန်သမျှသည် ရှိသမျှငွေကလေးပိုက်၍ ထွက်ပြေးကုန်ကြသည်။

မိုးချုပ်မှောင်လာစအချိန်အထိ သူပုန်ကိုကြောက်နေရသည့်အထဲ ကမ်းပေါ်တွင် ဆန်အိတ်တွေ တစ်ပုံပုံဖြစ်နေသည်။ သူသည် စိတ်ပျက်အားငယ်လျက်ရှိပြီး မည်သူကမှလည်း သူ့ကို မကူညီနိုင်ကြပေ။ မြစ်အောက်ဖက်၌ သူ့သေနတ်ကို မြို့ပြအရာရှိတစ်ဦးက သိမ်းယူထားလိုက်သဖြင့် ပို၍ အခက်တွေ့ရသည်။ ပေါ်ချင်သည့်နေရာက ပေါ်လာတတ်သော သူပုန်တွေ ခိုအောင်းရာ တောနက် အမှောင်ထုကို မျက်စိရှေ့ထားပြီး ဆန်အိတ်ပေါ်ထိုင်ကာ ကံဆိုးသူ တရုတ်သည် တစ်ညလုံးထိုင်၍ ဒုက္ခခံရပေတော့မည်။

အထက်မြန်မာပြည်တွင် ယခုနှစ်အတွင်း အရောင်းအဝယ်လုပ်ရန် လုံးဝမဖြစ်နိုင်တော့ကြောင်း သက်ဆိုင်သူများက ယခုအခါ အသင့်အတင့်သဘောပေါက်လာကြလေပြီ။ ရှေ့ဆက်ဆန်သွားလေ သူပုန်အကြောင်း ထပ်ကြားရလေ၊ ကြားရပြီး ကြောက်လန့်တကြားဖြစ်နေသော ပြည်သူတွေကို တွေ့မြင်ရလေဖြစ်သည်။ သူတို့ ရွေးချယ်ရမည်မှာ သူပုန်လုပ်မလား သူပုန်အတိုက်ခံမလားဟူ၍ နှစ်လမ်းသာရှိသည်။



မြစ်ကမ်းတစ်လျှောက် တစ်နေရာနှင့်တစ်နေရာခပ်လှမ်းလှမ်းတွင် စီတန်း တပ်စွဲထားသော စစ်စခန်းများအနေဖြင့် တစ်တိုင်းပြည်လုံးကို ထိန်းကွပ်နိုင်မည်ဟုလည်းကောင်း၊ မြစ်နှင့်လှမ်းသော ကျေးတောများတွင် အင်အားကောင်းလျက်ရှိသော သူပုန်များကို ဖြိုခွင်းပစ်မည်ဟုလည်းကောင်း ဟိတ်ဟန်မထုတ်နိုင်ပါ။ တပ်စခန်းများကို သစ်တပ်ဖြင့် ကာရံထားရာ ခံစစ်ဆင်မည့်ပုံသာ ပေါ်နေသည်။

ရှိသမျှတပ်သည် မည်မျှမဖြစ်စလောက် အင်အားသာရှိသနည်းဟူမူ အနီးကပ်လျက်ရှိသော ရွာအတွင်းသို့ အရဲကိုး၍ ဝင်လာသော သူပုန်တစ်စုလောက်ကို လိုက်တိုက်နိုင်ရုံသာရှိသည်။ ရွာများစွာမှ သူကြီးတွေ ထွက်ပြေးကုန်ကြသည်။ အချို့လစ်လပ်လျက်ရှိသော မြို့ဝန်၊ ခရိုင်ဝန်ရာထူးကို အင်္ဂလိပ်အုပ်ချုပ်ရေးအောက်ရှိ လွှတ်တော်ကလည်း ရွေးချယ်ခန့်ထားခြင်းမပြုသေးပေ။ ဤလစ်လပ်သောရာထူးကို ဆက်ခံရေးအတွက် တစ်ချို့နေရာတွင် သူကြီးချင်း တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်လျက်ရှိသည်။ ခရိုင်ဝန်နှင့် ဝန်စု မှူးစု အများစုသည် အလွန်ရိုင်းစိုင်းသော ချင်းတွင်းနယ်သို့ ထွက်ပြေးတိမ်းရှောင်နေကြရာ သူပုန်တို့သည် အခိုက်အတန့်အားဖြင့် မင်းမူချင်တိုင်း မင်းမူနေကြသည်။

ဒီဇင်ဘာလ (၂၁)ရက်နေ့တွင် ကျွန်တော်တို့သည် အင်းဝနှင့် မိုင်အနည်းငယ်သာလိုတော့သည်။ အနီးအနားတစ်ဝိုက်ရှိ လူ (၂ဝ)ကို သူပုန်တို့က သတ်ပစ်လိုက်သဖြင့် ထွက်ပြေးလာကြသော ရွာသားတွေ အပြည့်တင်လာသည့် လှေကြီး (၃)စီးက ကျွန်တော်တို့အား လက်ပြတားပြီးနောက် သူကြီးတစ်ယောက် သဘော်ပေါ်တက်လာသည်။ သူကြီးက မြစ်အနောက်ဖက်ကမ်းတွင် သူပုန် (၅ဝဝ)၊ အရှေ့ဘက်ကမ်းတွင် ရွာတွေကို လုယက်နေကြသော သူပုန် (၁၅ဝ)ရှိကြောင်း ပြောသည်။ သူသည် လွန်ခဲ့သောတစ်ပတ်က သူပုန်တစ်အုပ်နှင့် တွေ့ဆုံတိုက်ခိုက်ရာ သူပုန်ဗိုလ်များ၏ အမည်များကိုလည်း ပြောပြသေးသည်။ ဗိုလ်ကြီး ဂေယာက ဟောတ်မှန်ရာအတိုင်း ထွက်ဆိုရန် သတိပေးလျက် သူ့ထွက်ချက်ကို မှတ်သားသည်။

"မင်း လိမ်ပြောရင် မင်းကိုငါ သတ်ပစ်ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ လိမ်ပြောရင် သတ်ပစ်လိုက်ပါ"ဟု ဒေါ်ထန်နေသော စစ်ဗိုလ်ကိုလျှောင်ရယ်ရင်း သူ့စကားကို ဆက်ပြောသည်။ အနီးပတ်လည် နယ်တစ်ခွင်လုံးတွင် သူပုန်တွေချည်းဟု သူကပြောပြသည်။

ချင်းတွင်းမြစ်ဝှမ်းအထိ ရိုင်းစိုင်းကြမ်းတမ်းသောနယ်သို့ စစ်ကြောင်း (၂)ကြောင်း ချီတက်ပြီး ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ကာ ဘုံဘေဘားမားကုမ္ပဏီမှ အဖမ်းခံထားရပြီး ဒုက္ခရောက်နေသော အမှုထမ်း သုံးယောက်ကို ကယ်ရန် အမိန့်ပေးထားသည်။ ယခုအခါ ချင်းတွင်းမြစ်သည် ရေတိမ်သွားပြီဖြစ်ရာ သင်္ဘောဝင်၍ရချင်မှဖြစ်တော့မည်။ ချင်းလူမျိုးစု သည် ကြောက်စရာကောင်းသည်ဟု ကျော်ဇောနေသော ရက်စက်ကြမ်း ကြုတ်သည့် လူမျိုးစုဖြစ်သည်။ ချင်းနယ်တွင် မြန်မာ အုပ်ချုပ်ရေးလည်း ပျက်ပြားနေပြီဖြစ်သည်။ တစ်ဖန် လောလောဆယ် ဆိုးဝါးစေသည့် အချက်မှာ နောက်ထပ်အုပ်ချုပ်ရေး အစားမထိုးနိုင်ဘဲ မြန်မာအစိုးရ ရုတ်တရက် ပျောက်သွားခြင်းဖြစ်သည်။

စိတ်ချလက်ချ နာခံအားကိုးရမည်မှာ မြန်မာအစိုးရလော၊ အင်္ဂလိပ်အစိုးရလောဟု မြန်မာတို့သည် ခွဲခြားမသိနိုင်ကြသေးပေ။ ထို့ကြောင့် အလွန်ခေတ်နောက်ကျလျက်ရှိသော လူရိုင်းပြည်ကြီးမှာ လုံးဝ မင်းမဲ့တိုင်းပြည်ကြီးအဖြစ် ရောက်တော့မည့်ကဲ့သို့ အစည်းပြေလျက် အစိတ်စိတ်ဖြစ်နေသည်။

အထက်မြန်မာပြည် ဤနေရာအထိ သူပုန်ထခြင်း၏ ရည်ရွယ်ချက်မှာ မျိုးချစ်စိတ်ကြောင့်လည်း မဟုတ်သေး၊ ကျူးကျော်လာသူအား တိုက်ရိုက် တိုက်ခိုက်ခြင်းလည်း မပြုသေးပေ။ တစ်ရွာက တစ်ရွာကို တိုက်ခိုက်ခြင်းသာဖြစ်သည်။ တစ်စုနှင့်တစ်စု တိုက်ခိုက်နေခြင်းသာဖြစ်သည်။

ချင်းတွင်း၌ရောက်နေသော ဘုံဘေဘားမား ကုမ္ပဏီမှ မစ္စတာ ကယ်လိုဂရီဒီက ကာနယ်စလေဒင်ထံသို့ အင်္ဂလိပ်တပ်များ ချီတက်လာပြီး မန္တလေးအနီးသို့ ရောက်လာသောအခါ မြန်မာ့တပ်မတော်သည် အနောက်မြောက်ဘက်သို့ ထွက်ပြေးရင်း လမ်း၌တွေ့သော ခရီးသည်များနှင့် ဖြတ်သွားသော ရွာများကို လုယူတိုက်ခိုက်သွားကြသည်ဟု အစီရင်ခံသည်။



ခရိုင်ဝန်၊ မြို့ဝန်တို့သည် အာဏာမဲ့ဖြစ်ကာ ထွက်ပြေးကြသည်။ ရွာတွေကို မိမိတို့ဘာသာ လုံခြုံအောင် ကာရံကြသည်။ ရွှေထီးဆောင်း ဗိုလ်တစ်ဦး၏အောက်တွင် အဖွဲ့ကလေးများ စုပေါင်းထားသော အဖွဲ့ကြီးမျိုး နှစ်ဖွဲ့ခန့်ရှိသည်။ သူပုန်ဗိုလ်ကြီးက အခြားသူပုန်အဖွဲ့ခေါင်းဆောင်နှင့် ပူးပေါင်းလိုက်ရာ သူပုန် ၈၀၀ ခန့်ရှိ အဖွဲ့ကြီးဖြစ်သည်။ ၎င်းသူပုန်တို့သည် တစ်နယ်လုံးလှည့်ပတ်ပြီး သူကြီးတွေသတ်၊ ရွာတွေကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ကာ ရွာများအား လူ၊ လက်နက်၊ ငွေပေးရန် ညှင်းကြသည်။ ဤသူပုန်အဖွဲ့သည် တစ်မနက်လုံး လုယက်တိုက်ခိုက်လျက်ရှိသည်။ စစ်ကြောင်းတစ်ကြောင်းမှာ သူပုန်ကိုဖြိုခွင်းရန်အတွက် ချီတက်သွားခြင်းဖြစ်သည်။

မြင်းခြံတွင် ကာနယ်ဟဲရင် အုပ်ချုပ်လျက်ရှိသော အင်္ဂလိပ်တပ်ကို တွေ့ရသည်။ ထိုအရပ်တွင် လက်နက်အပြည့်အစုံနှင့် လူတစ်ရာရှိသော သူပုန်တို့သည် နောက်ထိုးသေနတ်ကို ကောင်းကောင်းမကိုင်တတ်ကြသော်လည်း အစောင့်ကိုမူ ပစ်ခတ်ကြသည်။ တပ်သား ၃၈ဦးပါသော လက်ပစ်ဗုံးကိုင် တပ်ဆွယ်တစ်ခုကိုလည်းကောင်း၊ သူပုန်တို့အား တိုက်ရန် စေလွှတ်လိုက်သည်။ သူပုန်တို့သည် နှစ်ချက်သုံးချက်ပစ်ပြီးလျှင် ကျန်လူများက ထွက်ပြေးကြသည်။ လွန်ခဲ့သော ၄–၅ညက တစ်နေရာတွင် သူပုန်တွေ လုယက်သွားပါသည်ဟု ရွာသားအချို့ လာတိုင်သည်။ စစ်သားများ ချီတက်သွားရာ ရွာ ၃ရွာမှ လုယက်တိုက်ခိုက်ထားသော ပစ္စည်းတွေအပြည့်တင်ထားသည့် နွားလှည်း ၁၉စီးတွေ့ရသည်။

ဤသူပုန်တို့သည် သူပုန်တို့၏ထုံးစံကို ချိုးဖောက်၍ မိန်းမတွေကို စော်ကားသည်အထိ အလွန်ရက်စက်ယုတ်မာကြသည်။ ဤလူယုတ်မာများသည် ကျူးကျော်သူကို ခုခံရန် သို့မဟုတ် ဘုရင်ကိုပုန်ကန်ရန် ရည်ရွယ်ချက်ဖြင့် သူပုန်ထကြသူများ ဖြစ်သည်ဟုပင် မပြောနိုင်ချေ။ သူတို့သည် ရာဇဝတ်မှုဖြင့် အသက်မွေးသူသာဖြစ်လိမ့်မည်။ သာမန် သူခိုးဓားပြများသာဖြစ်လိမ့်မည်။ ၇ယောက်ပစ်သတ်လိုက်ပြီး စစ်ဆေးရန်အတွက် လူအတော်များများကို ဖမ်းဆီးလာသည်။ တိုက်ရာပါပစ္စည်းများကို ပြန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမြားပြင့်ဂိုဏ်း၏ ရှေ့တန်းခေါင်းဆောင် နှစ်ယောက်သည် တစ်ဖက်နယ်ခြားမှ မြန်မာရဲသားများဖြစ်သည်။ သူတို့သည် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ရှောင်တခင် ခွင့်ယူလာကြသူများ ဖြစ်သည်။ အမှန်မှာ လုယက်တိုက်ခိုက်ရန်အတွက် အစိုးရက ထုတ်ပေးသော လက်နက်ကို ယူဆောင်လာခြင်းဖြစ်သည်။ ကျွန်တော်တို့ပိုင်နက်မှ ရဲသားသည် အထက်မြန်မာပြည်၌ အဆိုးဝါးဆုံး တိုက်ခိုက်နေသော သူပုန်ဖြစ်နေပါပကော။

ရေတပ် တပ်မဟာမှ တပ်သားအချို့သည် သူပုန်နောက်သို့ လိုက်ရန်ထွက်သွားကြသည်။ သူတို့သည် သူပုန်အတော်များများကို ဖမ်းဆီးသတ်ဖြတ်ခဲ့ကြပြီးလျှင် တော်၍ လုယက်သူများကိုမူ ရိုက်နှက်ရုံသာ ရိုက်နှက်လိုက်ကြသည်။ အချို့သူပုန်တို့က သူတို့ရွာတွေ အတိုက်အခိုက် အဖျက်အဆီးခံရသဖြင့် အငတ်မခံနိုင်သောကြောင့် ရွာနီးချင်းတွေကို ဝင်ရောက်လုယက်တိုက်ရင်း သူပုန်ဖြစ်လာရပါသည်ဟု အမှန်အတိုင်း ဝန်ခံကြသည်။

ဘုရင်တစ်ပါးပါးကို နန်းတင်ကြောင်း ကြေညာလိုက်ပါက ရက်သတ္တပတ်အနည်းငယ်အတွင်း သူပုန်တွေ ငြိမ်သွားလိမ့်မည်ဟု မြန်မာတို့က အတိအလင်းပြောကြသည်။ ဤသို့ ကြေညာလိုက်ခြင်းဖြင့် အစိုးရသည် သူတို့ရွာတွေကို အကာအကွယ်ပေးလိမ့်မည်။ ပိုနေမြဲကျားနေမြဲ နေသားတကျဖြစ်တော့မည်ဟု သဘောပေါက်သွားကြမည်ဖြစ်သည်။

အခြားတစ်ဖက်က လုံးဝသိမ်းပိုက်ရေးကို ထောက်ခံနေသော မျက်နှာဖြူများနှင့် မြန်မာပြည်ရှိ အင်္ဂလိပ်တိုင်းလိုလိုက လုံးဝ သိမ်းပိုက်ခြင်းသာလျှင် တစ်ခုတည်းသော ဖြေရှင်းနည်းဖြစ်သည်ဟု အဆိုရှိသည်။

ကံအားလျော်စွာပင် အစာရှားပါး ငတ်မွတ်မည်ဆိုသည်မှာ အခြေအမြစ်မရှိ။ ကောက်သစ်မှာ အလွန်ကောင်းသည်။ တောသူတောင်သားတွေကသာ သူပုန်မထကြတော့ဘဲ ကောက်ရိတ်မည်ဆိုပါက ကောက်သစ်မှာ အလွန်အားရစရာ ဖြစ်လိမ့်မည်။ လောလောဆယ်တွင်မူ ဒုစရိုက်သံသရာ လည်နေသည်။ ငတ်လို့ သူပုန်ထသည်။ ငွေမရှိ၊ အရောင်းအဝယ်မလုပ်နိုင် ဖြစ်နေသည်။ သာမန်အချိန်တွင်မူ မြန်မာအိမ်တိုင်းသည် တစ်ခုမဟုတ်တစ်ခု ရောင်းချသော ဈေးဆိုင်ဖြစ်သည်။ ၎င်းဈေးသည်



လုပ်ငန်းမှာ ယခုအခါ ရပ်ဆိုင်းသွားပြီဖြစ်လေသည်။

သူပုန်ထကြွမှုသည် တိုးတက်များပြားလာလျက်ရှိရာ နှိမ်နင်းရန်မလွယ်လှပေ။ အကြောင်းမှာ အသာကလေးလွတ်အောင် ရှောင်သွားနိုင်သော သူပုန်အဖွဲ့တွေကို စစ်တပ်က ဒလကြမ်း လိုက်မတိုက်သေးသောကြောင့်ဖြစ်သည်။

အကယ်၍ မြင်းတပ်ရှိမည်ဆိုက သူတို့ကို မီအောင်လိုက်နိုင်လိမ့်မည်။ မန္တလေးမှ မဒရပ်တပ်သားများကို စေလွှတ်လိုက်သော်လည်း သူတို့၏မြင်း ဝမ်းဗိုက်ထိအောင် ရွံ့ဗွက်များနှင့် တောနက်ကြီးကိုဖြတ်သန်းရန် မဖြစ်နိုင်သဖြင့် စိတ်ပျက်လက်ပျက်နှင့် ပြန်လာရလေသည်။ မြန်မာတို့သူရဲဘောနည်းသလော၊ ရဲရင့်သလောဆိုသော ကိစ္စကား ရှင်းနေပေသည်။ ဥရောပတပ်များကို ဟန်ဆောင်ပင် ခံမတိုက်ကြပေ။ ကုလားမဲများထက် သူတို့ကသာသည်ဟု ဆိုကြသော်လည်း လက်တွေ့သာဓကက မပြနိုင်ကြပေ။ မင်းလှ(ခံတပ်တိုက်ပွဲ)မှတစ်ပါး သူတို့သည် အပြောကြီးသလောက် တိုက်မပြနိုင်ပေ။ သူတို့၏တပ်များသည် လေ့ကျင့်မှု လုံးဝမရှိဟုပင် ပြောမည်ဆိုကပြောနိုင်သည်။ တပ်သားတွေမှာ ဝပ်နေအောင် ခံနေရသည်။ သူတို့လက်နက်များက ညံ့ဖျင်းလှသည်။ ခဲယမ်းမီးကျောက်မှာ သာ၍ပင်ညံ့သေးသည်။ သူတို့ကိုင်စွဲသော ဓား၊ လှံတို့မှာ သံနှင့်ပြုလုပ်ထားသည်။ ခြေနှင့်နင်းလိုက်လျှင် စည်ပတ်သံပြားလို ကွေးကောက်သွားသော သံမျိုးဖြစ်သည်။

အလောင်းဘုရားကို ဆက်ခံသူများသည် စစ်ရေးတွင် ဝါသနာထုံမှု ထူးထူးခြားခြား နည်းပါးလာဟန်တူသည်။ လွှတ်တော်က ပြင်သစ်စစ်ကျောင်းသို့ စစ်ပညာသင်များ စေလွှတ်ခဲ့သည်။ ပညာသင်များ ပြန်လာသောအခါ ခေတ်သစ်နည်းအရ ခံတပ်ဆောက်နည်းနှင့် စစ်၏သဘောတရားများကို အနည်းနှင့်အများ တတ်မြောက်လာကြသည်။ သို့သော် သူတို့၏ပညာကို အသုံးချမည့်သူ၊ သို့မဟုတ် ပညာရပ်များကို ပူးပေါင်းမည့်သူ မပေါ်ပေါက်ခဲ့ချေ။ မန္တလေးအောက် (၂)နာရီခရီးတွင်ရှိသော အင်းဝ၌ သာဓကတစ်ခုကို တွေ့နိုင်သည်။

ထိုနေရာတွင် မြစ်သည် အထူးသဖြင့် ကျယ်ပြည်းကျယ်၊ နက်

www.burmeseclassic.com

www.burmeseclassic.com



လည်းနက်သည်။ ဤနေရာ၌ပင်လျှင် အကြီးအကျယ် ရေကြောင်းပိတ်ဆို့မှုပြုလုပ်ရန်အတွက် ဆုံးဖြတ်သည်။ အရှေ့ကမ်း၌တစ်စု၊ အနောက်ဘက်ကမ်း၌တစ်စု ခေတ်သစ်နည်းအရ ဆောက်လုပ်ထားသော ခံတပ် (၂)ခု တည်ထား၏။ ဤ (၂)နေရာ၌ ခံတပ်ဖြင့် လုံခြုံပြီဖြစ်ရာ စစ်သင်္ဘောများ ခံတပ်နှင့် အလွန်နီးအောင် မကပ်စေနိုင်ရန်နှင့် ခံတပ် (၂)မှ (၂)ဖက်ညှပ်၍ ပစ်ခတ်နိုင်ရန်အတွက် မြစ်ကြောင်းပိတ်ဆို့ခြင်းကို ခံတပ်များရှေ့မှာ ထားသင့်သည်။ သို့သော် အဟန့်အတားမရှိ၊ ခံတပ်နားသို့ ကြိုက်သလောက် စစ်သင်္ဘောတွေကပ်လာပြီး ခံတပ်ကိုဖြိုခွင်းကာ အကာအကွယ်မဲ့လျက်ရှိသော လမ်းအတိုင်း စိတ်အေးလက်အေး တက်လာစေနိုင်လောက်အောင် မြစ်ကြောင်းပိတ်ဆို့မှုကို မြစ်အထက် တစ်မိုင်၏ (၄)ပုံ (၁)ပုံခန့်နေရာ၌ ပြုလုပ်သင့်သည်ဟု ဆုံးဖြတ်သော မြန်မာတို့ စိတ်သဘောထားကား အသိရခက်လှသည်။

သင်္ဘောကြီး (၂)စင်းနှင့် အနည်းဆုံး (၁၄)စင်းမျှသော လှေကြီးတို့သည် မြစ်အတွင်း ဧရာဝတီရေပြင်ကျယ်ကြီးထဲ၌ နစ်မြုပ်လျက်ရှိသည်။ ရေပြင်ပေါ်သို့ ထိုးထွက်လျက်ရှိသော ခေါင်းတိုင်နှင့် လှေဦးအစွန်းတို့က ဗြိတိသျှသင်္ဘောသားများ ရှောင်ကွင်းရမည့် ရေကြောင်းကို သတိပေးလျက်ရှိသည်။ ဤကဲ့သို့သော လူစု၏ စစ်ရည်စစ်သွေးကို မည်သို့ပြောရပါမည်နည်း။ မင်းလှမှ မင်းလက်ဝါးမှတပါး သီဖေါမင်းသည်လည်းကောင်း၊ သူ့ဝန်ကြီးများသည်လည်းကောင်း၊ ဗိုလ်ချုပ်များသည်လည်းကောင်း၊ စစ်သားတို့၏ တိုက်ရည်ခိုက်ရည်ကို တဆိတ်ကလေးမှ မပြနိုင်ခဲ့ကြပေ။ အကယ်၍ အမျိုးသားကာကွယ်ရေးတာဝန်ကို အမျိုးသမီးများအား လွှဲအပ်ပေးထားပါက ယခုထက်တော့သာလိမ့်မည်။ ယခုထက် ဆိုးဝါးသော အခြေအနေမျိုးကိုကား မရောက်နိုင်တော့ပြီ။

ပဏာမ စေ့စပ်ဆွေးနွေးမှု ပြုခဲ့စဉ်ကလည်းကောင်း၊ စိတ်လိုက်မာန်ပါ လုပ်လိုက်သဖြင့် ပေါ်ပေါက်လာသော အကျိုးဆက်ဖြစ်သည့် အင်္ဂလိပ်တွေကို ခုခံရန်ကြိုးစားစဉ်ကလည်းကောင်း၊ (မြန်မာတို့သည်) တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်သော အရည်အချင်းဖြင့် ပြည့်စုံသော အမှုတစ်ခု သို့မဟုတ် အကြံဉာဏ်ကို မပြနိုင်ခဲ့ကြပေ။



ပေါ့ပေါ့ဆဆ သာမန်အားဖြင့် ပြောပြရလျှင် မြန်မာတို့သည် ဉာဏ်ကောင်းသော ကလေးသူငယ်နှင့်တူ၍ လူကြီးတစ်ယောက်တွင် ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ မရှိဟုထင်ရသည်။

သို့သော်လည်း သမာသမတ်ကျကျ လေ့လာသူများကမူ မြန်မာတို့ကို သူရဲဘောကြောင်သူများဟု မယူဆကြပေ။ မြန်မာတို့သည် အရေးကြုံလာသောအခါ အားကြိုးမာန်တက် မဆုတ်မနစ် ဦးလည်မသုန် တိုက်ခိုက်ကြသည်။ သူတို့သည် တိုက်ရည်ခိုက်ရည် ဝလာသော သူပုန်များ ဖြစ်လာသောအခါ ကြောက်ဖွယ်လိလိဖြစ်လာသည်။ သူတို့သည် စည်း ကမ်းနှင့် မျက်နှာကြောမတည့်ကြပေ။ ပျော်ပျော်နေ သေခဲ ဟူသော အခြေခံ သဘောတရားကို လက်ခံထားရာ စည်းကမ်းတင်းကြပ်မှုက ဝင်နှောက်နေ ပေလိမ့်မည်။ မြန်မာတို့အဖို့ တစ်ခါတစ်ရံ တာရေးတာမော နားရမှ အတင်း အဖျင်းကလေးပြောရမှ နားနားနေနေ အေးအေးသာသာ နေရမှဖြစ်ပေ မည်။ စာတိုက်အာဏာပိုင်တို့သည် စာပို့လုပ်ငန်းအတွက် မြန်မာတို့ကို အားမကိုးရဲပေ။ မြန်မာတို့သည် စာတစ်စောင်ကို တစ်ပတ်ရှိမှ သွားပေး သည်။ နောက် အနားယူသည်။ စာဝေဖို့အလုပ်ကို နောင်အခွင့်သင့်မှ လုပ် မည်ဟု ပစ်ထားလိုက်သည်။

စည်းကမ်းတင်းကြပ်မှုဒဏ်ကို မခံနိုင်သော မြန်မာတို့သည် အမြဲတမ်း တပ်ကြီးများဖြင့် စစ်ဆင်ရေးကိုပြုလုပ်ရန် အရည်အချင်းမရှိသော်လည်း ပြောက်ကျားစစ်တိုက်ရန်မှာ သူတို့အဖို့ အံကျဖြစ်နေသည်။ သူတို့သည် သေရမှာကိုမကြောက်၊ လျင်မြန်ဖျတ်လတ်၍ အကြမ်းဝတမ်းခံနိုင်သည်။ ချက်ခြင်းလက်ငင်း အကျိုးရှိမည့် မျှော်လင့်ချက်က ဆွဲဆောင်လာ လျှင် ဝုန်းကနဲဒိုင်းကနဲ ထလုပ်တတ်သည့်အပြင် အံ့ဘနန်း ရဲစွမ်းပင် ပြတတ်သည်။

မြန်မာပြည်အကြောင်း သိသူတစ်ဦးက ဝေးလံသောရွာများ၌ အထူးသဖြင့် တောင်ပေါ်သားများနှင့် အဆက်အဆံ၊ အတိုက်အခိုက် များများရှိခဲ့သော သူများသည် ရဲစွမ်းသတ္တိအထူးပင်ရှိကြသည်ဟုကျွန် တော့် အားပြောဖူးသည်။ သို့သော် မြို့၌နေသူများသည် မိန်းမဆန် လာကြပြီးလျှင် အရေးပေါ်လာသောအခါ လက်ကို အသုံးချရန်ထက်

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို အသုံးပြုရန် အားသန်လာကြသည်။

မြန်မာတို့သည် ကမ္ဘာပေါ်တွင်ရှိသော လူမျိုးများအနက် အတိုက်အခိုက် ဝါသနာအထုံဆုံး၊ ကြောက်မက်ဖွယ်အကောင်းဆုံး မျိုးရိုးမှ ဆင်းသက်လာသော လူမျိုးဖြစ်သည်ဟူသော အချက်ကို သတိရသော အခါ မြန်မာတို့သည် ကာယိကသတ္တိ နည်းသူများဟူ၍ ယုတ္တိရှိရှိ မထင်မြင်နိုင်တော့ပေ။ ဂျင်ဂျစ်ခန်နှင့် တီမာလိမ်းလက်ထက်တွင် အာရှတိုက်တစ်ခုလုံးကိုအောင်နိုင်ပြီး ဥရောပတိုက်ကိုပင် မိမိလက်ခုပ်ထဲ ထည့်ထားကြသော အလွန်ရဲရင့် ကြောက်မက်ဖွယ်ကောင်းသော မွန်ဂိုတို့သည်ပင် အိမ်နီးချင်း လူမျိုးဖြစ်သော မြန်မာကိုခန့်ငြား အမှတ်ပြုရသည်။

စနစ်တကျလည်း စည်းရုံးထားမည်။ ခေါင်းဆောင်မှုလည်း ကောင်းမည်ဆိုပါက ဥရောပစည်းစနစ်ဖြင့် ဖွဲ့စည်းထားသော တရုတ်တပ်များကို ယခုအခါတွေ့ရသကဲ့သို့ တိုက်ရည်ခိုက်ရည် ရှိလာမည်ဖြစ်သည်။ တရုတ်များကို အစဉ်အလာအရ နာမည်ကျော် သတ္တိကြောင်များဟု မှတ်ယူခဲ့ကြသော်လည်း အခြေအနေပြောင်းလဲလိုက်သဖြင့် ကောင်းပေ့ဆိုသော စစ်တပ်နှင့် ယှဉ်ပြိုင်တိုက်လာနိုင်သည်။ မိမိတို့တပ်ကိုလည်း ထိမ်းသိမ်းနိုင်စွမ်းရှိသည်ကို ပြသခဲ့သည်။

မြန်မာလူမျိုးတို့သည် ကိုယ်ကာယ ထွားကျိုင်းသန်မာသော သူများဖြစ်ကြသည်။ သူတို့သည် ခြင်းလုံးကစားရာတွင် ဒူးနှင့်တံတောင်ကို အသုံးပြုရသဖြင့် ကြွက်သားများ သန်မာထွားကျိုင်းလာပြီးလျှင် အလွန်ကျင်လည် ဖျတ်လတ်လျင်မြန်မှုကို ပြသနိုင်သည်။

သင့်လျော်သော လေ့ကျင့်မှုရှိမည်ဆိုလျှင် မြန်မာတို့သည် တိုက်ခိုက်ရေးသမားကောင်း ဖြစ်လာပေမည်။ ဤကား မြန်မာတပ်ဖွဲ့သည် ကျွန်တော်တို့၏ တိုင်းရင်းသားတပ်များနှင့် တစ်ဖက်တည်း အတူလက်တွဲ၍ တိုက်ခိုက်မည့်အချိန်ကို မျှော်မှန်းနေသော အင်္ဂလိပ်အရာရှိများ၏ ထင်မြင်ချက်ပေတည်း။

◂◂ ▸▸

# အခန်း (၇)

## ရတနာပုံနေပြည်တော်

အင်းဝမှ ရတနာပုံ မန္တလေးအတွင်းသို့ ရောဝတီမြစ်သည် ကျယ်၍စီးလာပြီး ကမ်းနဖူးများကလည်း ပို၍ သာမောဖွယ်ဖြစ်လာသည်။ အရှေ့ဘက်နှင့် မြောက်ဖက်ရှိ ရှမ်းကုန်းပြင်မြင့်တောင်တန်းကြီးများမှာ အနီးကပ်လာသည်။ အနောက်ကမ်းတွင် ရံဖန်ရံခါ ပေ ၂၀၀–၃၀၀ လောက်အထိမြင့်သော တောင်ကမူ (စစ်ကိုင်းတောင်ရိုး)နှင့် ပုံစံအမျိုးမျိုးသော စေတီများကို တောင်ထိပ်တွင် တည်ထားလေရာ ရှုမျှော်ခင်း ပန်းချီဆရာအဖို့ ကြည်နူးရှုမောဖွယ်ဖြစ်သည်။

မန္တလေးသို့ဝင်... မြစ်ဝမရောက်ခင် ထောင်ချိုးမြစ်ကွေ့ကြီးတွင် စံထားလောက်သည့် တောင်နှစ်လုံးကို သဘာဝက တည်ထားပေးသည်။ အကယ်၍ ၎င်းတောင်များကိုသာ အခိုင်အခံ့ စစ်ဆင်ထားပါက နေပြည်တော်သို့ မြစ်ကြောင်းမှ ချဉ်း... ရေးတွင် အကြီးအကျယ် အခက်အခဲနှင့် တွေ့ရပေမည်။ သို့ရာတွင် ဤနှစ်လိုဖွယ်တောင်ကို အခိုင်အခံ့ပြုရန် စိတ်ကူးသည် မြန်မာတို့၏ခေါင်းထဲသို့ မဝင်ခဲ့ချေ။

လည်းကောင်းတောင်များသည် အပြာရောင်ကောင်းကင်သို့ လွင့်တက်နေသော စေတီကို ထိပ်ပေါ်တင်ထားပါသည် သာယာကြည်နူးဖွယ်လည်း ကောင်းပါ၏၊ သို့ရာတွင် လည်းကောင်းတို့သည် တစ်မျိုးသားလုံး၏ ရာဇဓာနီ နေပြည်တော်၏ လုံခြုံရေးတာဝန်ကိုမူ မဆောင်ကြချေ။

www.burmeseclassic.com

www.burmeseclassic.com



မြစ်အတွင်းမှ ချဉ်းကပ်လာသူသည် မန္တလေးမြို့ကို မြင်ရခဲ့သည်။ ယခုလက်ရှိ မြစ် ရေမျက်နှာပြင်ထက် ကမ်းနဖူးက ပေ ၃၀–ခန့် ပို မြင့်နေသည်။ မြို့ရိုး ၄–ဖက်ကာထားသော နန်းတော်ကြီးကား ကုန်းဘက်နှင့် ၁–မိုင်ခွဲခန့် ဝေးသေးသည်။ လမ်းခရီး၌ အိမ်များရှိကြသော်လည်း ဝါး၊ ဝါးထရံနှင့် ဆောက်ထား၍ တဲသာသာမျှသာရှိသည်။ သဘော်ဆိပ် မြို့ တွင်းသို့ လမ်းကျယ်ကြီးတစ်လမ်း ဖောက်ထားသည်။ သို့သော် ကျောက် ခင်းထားခြင်း၊ ပြုပြင်ခြင်းမရှိ။ တွင်းတွေ ချိုင့်တွေကြောင့် နွားလှည်းစီးရ သည်မှာ ကသိကအောက်ဖြင့် မသက်သာလှ။ တစ်မြို့လုံး မြင်းတစ်ကောင် တလေပင် မြင်ရခဲသည်။ မြန်မာပြည်တစ်ပြည်လုံး၌လည်း ဤအတိုင်းပင် မြင်းကို မြင်ရခဲသည်။

ရာသီဥတုမှာ မြင်းများနှင့် မသင့်လျော်ရကား မြင်းအစား အိန္ဒိယပြည်တွင် ပဲခူးမြင်းပုဟုခေါ်သည့် ရှမ်းပြည်ဘက်မှလာသော အလွန်မာသည့် ရှမ်းမြင်းပုများကို မွေးသည်။ ယခုအခါတွင် အထက်မြန်မာပြည်၌ ၎င်းမြင်းပုများပင် အလွန်ရှားနေချေပြီ။ ၎င်းမြင်းများသည် ဈေးကြီးပြီးလျှင် အမျိုးအစားမှာ တော်သင့်ရုံသာရှိသည်။

နန်းတော်သည် တစ်ဖက်လျှင် တစ်မိုင်ခန့်ရှည်သော အုတ်ရိုးလေးဘက်ကာထားသော စတုရန်း နန်းမြို့တော်ဖြစ်သည်။ မြို့ရိုးအခြေတွင် ပေ ၃၀–ခန့်အကျယ်၊ ၂၂–ပေခန့် အမြင့်ရှိသော တာရိုးရှိ၍ ၎င်းတာရိုးမှ မြို့ရိုးပေါ်သို့ တက်နိုင်သည်။ မြို့ရိုးရှေ့တွင် ကျယ်လည်းကျယ်၊ နက်လည်းနက်သော ကျုံးကို သစ်သားတံတားဖြင့် ဖြတ်ထားသည်။

အကာအကွယ် ပြုလုပ်ထားပုံမှာ ခေတ်လယ်ခေတ် မွန်ဂိုမြို့တော်များအတိုင်းပင်ဖြစ်၍ ခေတ်သစ် ကာကွယ်ရေးအရ လိုအပ်သော အချက်များကို အလေးမမူခဲ့ပေ။ တစ်ဖက်လျှင် ၃–ပေါက်ကျဖြင့် ဝင်ထွက်ရာ တံခါး ၁၂–ရပ်ရှိသည်။ တံခါးတစ်ဖက်မှ တစ်ဖက်သို့ မြို့ရိုးနှင့် မျဉ်းပြိုင်လမ်းများ ဖောက်ထားသည်။ လမ်းအကျယ်မှာ ပေ ၈၀ရှိ၍ လမ်းတစ်ဖက်တစ်ချက် သစ်ပင်များ စိုက်ထားပြီးလျှင် လမ်းသည် အိမ်များနှင့် နီးကပ်လွန်းသည်။ ၎င်းလမ်းကို ကျောက်ခင်းပြီးသောအခါတွင် လမ်း



ကောင်းများဖြစ်လာပေမည်။ အိမ်တွေကို အများအားဖြင့် ကျွန်း သို့မဟုတ် ဝါးဖြင့်ဆောက်ကြသည်။ အိမ်များသည် အလွန်ခနော်နီ ခနော်နဲ့နိုင်လှပြီး မခိုင်ခံ့ကြချေ။

အများအားဖြင့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော ဘာသာရေးအဆောက်အဦမှာ ပုံစံကျနသည်။ ပန်းပုလက်ရာများဖြင့် ခြယ်သထားကာ ဗိသုကာပညာ လက်ရာလည်းမြောက်သည်။ ဤအဆောက်အဦများအား မြို့တော်၏ အပြစ်အနာအဆာများကို ချေဖျက်လျက်ရှိသည်။ မြို့တော်လမ်းများ၏ သန့်ရှင်းရေးကို ကြောက်စရာအသွင်ရှိသော ဝက်မဲကြီးများနှင့် တစ်စစီ ကိုက်တတ်၊ ဟောင်တတ်သော ခွေးများလက်သို့ လုံးဝအပ်ထားသည်။ သူတို့က သူတို့၏ တာဝန်အသီးသီးကို အသင့်အတင့် ထမ်းဆောင်ကြသော်လည်း ဤတိရစ္ဆာန်များကား သည်းမခံနိုင်အောင် စိတ်ရှုပ်စရာကောင်းပေသည်။

မဟာဝန်ရှင်တော်မင်းကြီး မန္တလေးဘားနတ်က အလုပ်လက်မဲ့ ကုလီများထဲမှ အတော်အသင့် ကြိုးစားမည့်သူများကို ခေါ်ပြီးလျှင် တံမြက်စည်းသမားနှင့် လမ်းအလုပ်သမားအဖြစ် စေခိုင်းသည်။ ဝက်တွေ ခွေးတွေမှာ တဖြည်းဖြည်းချင်း လမ်းမကြီးပေါ်မှ ပျောက်သွားကြသည်။ စားရ ဖြစ်ပြီး သူပုန်ဖြစ်သွားနိုင်သော အလုပ်သမားများအတွက် လမ်းသစ်များ ဖောက်စေသည်။ လမ်းမကြီးများကို ကတ္တရာခင်းရန်ဖြစ်သည်။ အိမ်ခြေ နန်းမှန်းခြေမှာ ၁၂၀၀၀ ရှိ၍ လူဦးရေ ခန့်မှန်းခြေမှာ တစ်သိန်းခန့်ရှိသည်။ သူများအပြားမှာ နန်းတော်မှ လခ ရိက္ခာကိုသော်လည်းကောင်း၊ ဆုလာဘ်ပကာကိုသော်လည်းကောင်း အမှီပြု၍ နေကြသူများဖြစ်သည်။ နန်းတော်အပေါ် မှီ၍ အသက်မွေးနေသူများမှာ ၂၀၀၀၀ ရှိသည်ဟုဆိုသည်။

ရွှေနန်းတော်ကား သစ်တပ်ကာရံထားသော နန်းမြို့ အလယ်တွင်ရှိသည်။ သစ်တပ်မှာ ပေ ၂၁မြင့်သည်။ အုတ်ရိုး ၂ထပ်ကာထားသည်။ တစ်ထပ်မှာ သစ်တပ်အတွင်း၌ ပေ ၁၀၀ ရှိသည်။ ဒုတိယအထပ်မှာ ပေ ၂၀၀ ရှိ၍ ၃တန်သော အရံအတားတို့မှာ တစ်ပြေးတည်းရှိသည်။ တစ်ရက် ရန်သူဝင်ရောက် တိုက်ခိုက်ခြင်း အန္တရာယ်ကို ကာကွယ်ရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြုလုပ်ထားသကဲ့သို့ပင် ရှိချေသည်။

ဗြိတိသျှ စစ်အာဏာပိုင်များက ဤအရံအတားများကို နေရာခြား၍ ဖြတ်ဖောက်ပြီးလျှင် သစ်တပ်ထိပ်မှ ကွပ်ကဲရန်အတွက် ချက်ခြင်းပင် ကတုတ်များဆောက်လုပ်လိုက်သည်။ ဘုရင် ဝင်တော်ထွက်တော်မူရန်အတွက် သီးသန့်ထားရသော အရှေ့ဘက်တံခါးသည် ယခုအခါ ဟင်းလင်းပွင့်လျက်ရှိသည်။ ဤတံခါးမှ နန်းဦးမြေနန်းဆောင်ဘက်ကို မျှော်ကြည့်လိုက်လျှင် ဘုံအဆင့်ဆင့်တို့အောက်ရှိ ရွှေတိုင်ကြီးများအလယ်၌ အမြင့်တွင်တင်ထားသော ရာဇပလ္လင်ကို တွေ့ရလေသည်။ ညီလာခံသဘင်ကျင်းပရာ ရွှေနန်းဆောင်ကြီးမှာ နန်းတော်ကြီးတစ်ခုလုံးတွင် အကောင်းဆုံးအဆောက်အဦ ဖြစ်သည်။ ငွါးငွါးစွင့်စွင့် တင့်မောဖွယ်ရာ ပသာဒကို ဆောင်လျက်ရှိသော မှန်ကင်းပြသာဒ်သည် ကျက်သရေ ရွှန်းဝေလျက်ရှိသည်။ နန်းတော်ကြီးတစ်ခုလုံးကို မိုးလျက်ရှိသော ပြသာဒ်မှ ဝင်းလျက်ရှိသော ရွှေထီးတော်ကို ပြုလုပ်ရာတွင် သစ်သားနှင့်ဖက်၍ သံချောင်းများကို ကွေးကောက်ပြီး ခေါင်ခွေသည်။ သံချောင်းများကို တိုင်ပျော့ကြောင်းများအဖြစ်သုံးရာတွင် ငွါးငွါးစွင့်စွင့်ရှိသော ပြသာဒ်တော်နှင့် အလွန်ပဏာရလှပေသည်။ ပြသာဒ်အထွတ်ဘုံများကို ကြေးနန်းကြိုးတောင့်တောင့်ဖြင့် ဆွဲထိမ်းထားသည်။ ဤဆိုင်းကြိုးများသည်လည်း အပေါ်သို့ရှူးတက်သွားသော ပြသာဒ်ပုံစံနှင့် တသားတည်းကျသော လက်ရာမြောက်သည့် အဆင်တန်ဆာတစ်ခုပင်ဖြစ်သည်။ ရွှေထီးတော်ကို 'ဆုကော်မတီ'က မျက်စိကျလျက်ရှိသည်။ ရွှေသားချည်းဖြင့် ပြုလုပ်ထားသည်ဆိုပါက ခက်ခက်ခဲခဲဖြုတ်ရသည့် စရိတ်ကြေပေလိမ့်မည်။

နန်းဦး မြေနန်းဆောင်တော်တွင် တင်ရန်အတွက် ရွှေထီးတော်ကို ပြုလုပ်ပြီး မင်းတုန်းမင်းတရားကြီးအား ရှုစားရန် တင်ဆက်ပြသည်။ သို့သော် ၎င်းထီးကိုမတင်ဘဲ ရွှေချထားသော ထီးအတုကိုသာ အကြံပိုင်ပိုင်ဖြင့် တိတ်တဆိတ်တင်ထားသည်ဟု အများက ယုံကြည်လျက်ရှိသည်။ နန်းတော်ကြီးအတွင်းရှိ မှန်စီရွှေချ ပန်းတောင်း ပန်းဆွဲများဖြင့်ပြီးသော ရွှေနန်းဆောင်တို့၏အကြား ဟိုတစ်ပြောက် သည်တစ်ပြောက်ရှိနေသော



အုတ်ဂူနန်းများထဲရှိသော 'ခေါင်း'တော်များမှာ ရွှေဖြင့်လုပ်ထားသည်ဟု တီးတိုးပြောသံကြားရသည်။ သို့သော် 'ဆုကော်မတီ'သည် 'ခေါင်း'တော်များကို ရွှေဖြင့်လုပ်ထားသည်ပင်ဖြစ်စေ အုတ်ဂူနန်းကို ဖျက်ဆီးဖောက်ထွင်းရန်ကိုကား အိပ်မက်ပင် မမက်ချေ။ အမိန့်မရဘဲ အရမ်းဖောက်ကြမည်စိုး၍ ထိထိရောက်ရောက် စောင့်ရှောက်ထားသည်။

နန်းတော်အတွင်း၌ ရွှေမချထားဘဲ ဆေးနီသုတ်ထားသည့် ပန်းတောင်းပန်းဆွဲ အပြောက်အမွမ်းတို့ဖြင့်ပြီးသော ကျွန်းသား ရွှေနန်းဆောင်ကြီးငယ်တို့ အစီအရီရှိသည်။ ရွှေကိုပိန်းနေအောင် ရက်ရက်ရောရောချထားရာ မျက်စိပင် ကျိန်းလာသည်။ တိုင်ခြေ၌သုတ်ထားသော ဟင်္သပြဒါး အနီရောင်ကြောင့်သာ မျက်စိသက်သာရာရသည်။ ဗိသုကာကွန့်မြူးထားသော စိတ်ကူးနှင့် လက်မှုပညာသည်တို့၏ ကျွမ်းကျင်လိမ္မာမှုကြောင့် အသေးစိတ်လက်ရာတိုင်းတွင် ပသာဒအပြောင်းအလဲ အဖုံဖုံ စိတ်ဝင်စားဖွယ်အစုံစုံတို့ကို တွေ့ရသည်။ အခန့်အယဉ်ကို ကြည့်ရသော်လည်း ပင်ပန်းခြင်း ငြီးငွေ့ခြင်းမဖြစ်ပေ။ အချို့ နန်းဆောင်မှာမူ ရွှေနှင့်ငွေကို အရည်ကျိုပုံသွင်းလိုက်ပါက နန်းမတော်ကြီး၏ နန်းမစနဆောင်တွင် ဆင်ယင်ရန်အတွက် အထွက်အမြတ် ရတနာရွှေကြုတ်များပင် ရလောက်ပေလိမ့်မည်။

သတ်ဖြတ်ခြင်းခံရသော မင်းသွေးမင်းနွယ်များထဲမှ မသေဘဲ ကျန်ရစ်သူများအား ချုပ်နှောင်ရာ ကြည်းတိုက်မှာ သစ်သားဖြင့် ဆောက်လုပ်ထားသော အဆောက်အဦဖြစ်သည်။ အနီရောင်ခြယ်ထားပြီးလျှင် အခြားနန်းဆောင်များနှင့် နီးကပ်သဖြင့် လေမဝင်သာပေ။ ဤအချက်ကြောင့်လည်းကောင်း၊ အမင်္ဂလာအမည်းကွက်ဖြစ်ခဲ့သော နေရာဖြစ်သောကြောင့်လည်းကောင်း၊ လက်ရှိ နေထိုင်သူ အင်္ဂလိပ်တို့က ကြည်းတိုက်ကိုဖျက်ချပစ်လိုက်ရာ ကြည်းတိုက်သည် နှစ်ရှည်လများ အကျဉ်းချခြင်းခံရသော မိဖုရားနှင့် မင်းသမီးတို့၏ အတွေးအရိပ် အတွင်းမှာသာလျှင် တည်ရှိ တော့သည်။

သီပေါမင်း နေ့ရာသီညနေခင်းနှင့် ညများတွင် စမြန်းတော်မူ

www.burmeseclassic.com

www.burmeseclassic.com



သော တောင်ဥယျာဉ် နွေရာသီစံနန်းဆောင်သည်အဆောင်ဆောင်တို့ကြား မှ တမင်ဖောက်ထားသော ရေမြောင်းအနီး မှန်စီငွေပြားတပ်ထားသော တောက်ပသည့် စံနန်းတော်ကလေးပင်ဖြစ်သည်။ ၎င်းစံနန်းတော်ကလေး အသီးသီးတွင် ရဟန်းသံဃာတော်များ ကြွရောက်၍ လှူဖွယ်ဝတ္ထုများကို လှူဒါန်းသောအခါ သီတင်းသုံးရန်အတွက် သလွန်တော်တစ်ခုရှိသည်။ စံနန်းဆောင်ငယ်တစ်ခုစီတွင် လုပသော ပဒေသာမီးဆိုင်းတစ်ခုစီရှိသည်။ ခပ်ကြမ်းကြမ်း မဒရပ် အင်ဂျင်နီယာတပ်သားများက ဝုန်းကနဲဝင်လာပြီး ပဒေသာဖန်မီးဆိုင်းတွေ အောက်ပြုတ်ကျသည်ကို ကြည့်ကောင်းသဖြင့် မီးဆိုင်းတွေအားလုံးကို ဖျက်ဆီးပစ်ကြသည်။ ဤသို့ စည်းမဲ့ကမ်းမဲ့ ဖျက်ဆီးမှုသည် နန်းတွင်းမဟုတ်ပါက အလွန်အရုပ်ဆိုးမည့်ကိစ္စ ဖြစ်သည်။ နွေရာသီစံနန်းတော်ပတ်လည် အကာအရံများက ကျယ်ဝန်းလှသဖြင့် ဖျက်ဆီးသူများ ဖျက်ဆီးချင်တိုင်း ဖျက်ဆီးခွင့်ရခြင်းဖြစ်သည်။ ဥယျာဉ် တော်များသည် အလွန်နာမည်ကြီးသော်လည်း နောက်ပိုင်းတွင် လျစ်လျူ ရှုထားခြင်း ခံရဟန်တူသည်။

လမ်းကွေ့လမ်းကောက်လေးများ၊ ရေကန်ငယ်များ၊ ရွှေချ တံတား၊ ရေမြောင်းကလေးတစ်ခုနှင့် အပျော်စီးလှေကလေးတို့သည်ကား နွေရာသီစံနန်းတော်ရှိရာ ဥယျာဉ်တော်၏ အဆင်တန်ဆာများပေတည်း။ နန်းတော်ဝင်းအတွင်း ရှိသမျှသောနေရာ၌ ဥယျာဉ်တစ်ခု ကျဉ်းကျဉ်း ဖြစ်စေ ကျယ်ကျယ်ဖြစ်စေ၊ ပြုလုပ်ရန်မဖြစ်နိုင်ပေ။ နန်းတွင်းသို့အလယ် အပေါက် ရောက်သွားသောအခါ မြေနန်းဝအဝင် တစ်ဖက်တစ်ချက်၌ဘီးတပ် စင် ပေါ်တွင် တင်ထားသော ရွှေပိန်းချ အမြောက်ကြီး ၂ လက်မှာအထင်အ ရှား ဆုံးအရာဖြစ်ပေသည်။ ရွှေချထားသော အမြောက်ငယ်များနှင့်အ မြောက် တင်လှည်းများမှာ မနီးမဝေးရှိမြေတွင် ချထားသည်။ ၎င်းအမြောက် များကို ဖယ်ရှားပစ်ပြီးလျှင် အလောင်းဘုရား သင်္ဘောဖြင့် ရန်ကုန်သို့တင်ပို့ လိုက်သည်။ ဤအမြောက်များကို ကာလကတ္တား ဗေဒင်စစ်ရေးပြကွင်း၌ အလှပြထားမည်မှာ မုချပင်။

အဆင်တန်ဆာ အလှပြသက်သက်အဖြစ်ထားသော ဤ



ပြောင်လက်သော အမြောက်များအပြင် လိုရာအရပ်သို့ လှည့်၍ ချိန်နိုင် အောင် ကျကျနန ပြုလုပ်ထားသည့် စင်ပေါ်တွင် တင်ထားသည့် အ မြောက် အများအပြားလည်း ရှိသေးသည်။ ထူးခြားသောအချက်သည် ကား အမြောက်တွေကို ဘယ်ဘက်ကိုပင် လှည့်ချိန်ချိန် ပတ်လည်ရှိ မြို့ ရိုးနှင့် မလွတ်ခြင်းပင်ဖြစ်သည်။ ရွှေနန်းဆောင်များကို ဖယ်ရှား၍ နန်း တော်ကြီးကို ဖြိုဖျက်မပစ်လျှင် ယင်းအမြောက်များကို လုံးဝ အသုံးချရ မည်မဟုတ်ပေ။

ဒင်္ဂါးသွန်းစက်ရုံကဲ့သို့ပင် နန်းဆောင်များအတွင်း၌ အပါအဝင် အဆောက်အအုံဖြစ်သော လက်နက်တိုက်တော်တွင် ရိုမင်တန်နှင့် မာတီ နီဟင်နရီ အမျိုးအစား ရိုင်ဖယ်သေနတ် အတော်များများတွေ့ရသည်။ မာတီနီဟင်နရီသေနတ်မှာ မြန်မာတို့ ပြုလုပ်ခြင်းဖြစ်ပြီးလျှင် အလွန် ကောင်းမွန်သေသပ်စွာ ပြုလုပ်ထားသည်။ မြန်မာတို့သည် အင်္ဂလိပ်ယမ်း မှုန့်ကိုသာ ရမည်ဆိုပါက ဤလက်နက်များသည် ကျွန်တော်တို့၏ လက် နက်သည်ပင် ခဲခဲယဉ်းယဉ်း ရင်ဆိုင်ရမည့် လက်နက် ဖြစ်လာပေမည်။ ပေါက် ကွဲရှိန်နှေးသဖြင့် မြန်မာတို့ယမ်းသည် အားပျော့သည်။ ခွက်တစ်ခုထဲတွင် မြန်မာယမ်းထည့်၍ မီးတောက်လျက်ရှိသော မီးခြစ်ဆံ ပစ်တင်လိုက်သည် ကို ကျွန်တော်မြင်ခဲ့ဖူးသည်။ ယမ်းမှုန့်အချို့မီးစွဲသွား သောအခါကျမှသာ ထပေါက်သည်။ မန္တလေး၌ လက်နက်ချစဉ်ကဘုရင့် တပ်မတော်သားများ ချသော ဓါးအများအပြားသည်အသာဖိလိုက်လျှင် ကောက်ကွေးသွား သော သံညံ့များဖြင့် ပြုလုပ်ထားသည်ကိုတွေ့ရသည်။ ဓါးအိမ်များစွာတို့ သည် သံဖြူပြားဖြင့် လုပ်ထားသည်။ မြန်မာ့စစ်ဌာန သည် နိုင်ငံခြားရေး ဌာနကဲ့သို့ပင် "နုံ့"လှပေသည်။

နန်းတော်သည် မြန်မာ့အုပ်ချုပ်ရေးစနစ်၏ ဗဟိုအချက်အချာ သည်းဖြစ်သည်။ လွှတ်တော်သည် နန်းဦး မြေနန်းဆောင်နှင့်စပ်လျက် ရှိသော အဆောင်ဖြစ်သော်လည်း အတွင်းအုတ်ရိုးသည် တပ်ဝင်းသုံးထပ် ၏ အပြင်ဘက်၌ ရောက်နေသည်။ လွှတ်တော်သည် မြေနန်းဆောင်ကဲ့ သို့ပင် ရှေ့မျက်နှာစာနှင့် ဘေးတွင် အကာမရှိ ဟင်းလင်းဖြစ်လေရာ

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်ဝန်ကြီးများသည် လူလယ်ကောင် လေဟာပြင်၌ ထိုင်နေကြရသည်။ ဆီဇာဘုရင်ကြီး ပန်းဦးရစ်ဆင်ထားသကဲ့သို့ ခေါင်းပေါင်း ဖြူဖော့လုံးကို ပေါင်းကာ ပြည်သူ့ရှေ့တွင်ထိုင်၍ တရားစီရင်နေရသည်။ ဤလွှတ်တော်ထဲ၌ပင် အခြားဝန်ကြီးများနှင့်အတူ ရှိနေစဉ် တိုင်တား မင်းကြီးသည် မဟာဝန်ရှင်တော်မင်းကြီးထံမှ သူ့အား အစိုးရအဖွဲ့မှ ဖြုတ် ချ၍ နေပြည်တော်မှ အဝေးသို့ပို့လိုက်ကြောင်း အကြောင်းကြားစာကို လက်ခံခဲ့ရခြင်း ဖြစ်ပေသည်။ ဤသို့ ဖြစ်ပေါ်လာခဲ့သော အခြေအနေကို ကျွန်တော် ထပ်မံတင်ပြပါဦးမည်။

လွှတ်တော်နှင့် ကိုက် ၃–၄ ကိုက်အကွာတွင် ရေနာရီနှင့် ထိုထက်အရေးပါသော တစ်နေ့လျှင် ၄ ဗဟိုရ် (နေ့ ၄ချက် ည ၄ချက်) မြို့တော်က အချိန်သိရအောင် တီးသော ၄.(ဗဟိုရ်စည်) ရှိသည်။ ဗဟိုရ်စည်သံ ဆိတ်သွားပါက ထီးကျိုးစည်ပေါက်ဖြစ်ကြောင်း ပြသော လက္ခဏာဖြစ်ပြီးလျှင် မြန်မာတို့၏ နိုင်ငံရေးအခြေအနေတွင် စိုးရိမ်ဖွယ် အန္တရာယ်ဆိုက်ရောက်လာပြီဟု ယုံကြည်ကြသည်။

သီပေါမင်း လက်နက်ချသောနေ့တွင် စည်တော်တီးများလည်း ပျောက်သွားကြသည်။ ဤသို့ ဗဟိုရ်စည်သံက ဆိတ်သုန်းသွားသဖြင့် ကြောက်ရွံ့စရာ ပိုကောင်းလာပြီး အခါကာလ ညအခါတွင် ဆူပူသောင်းကျန်းမှုများကို ပို၍ ဖြစ်စေခဲ့သည်။ လွှတ်တော်ကို ပြန်လည်ဖွဲ့ စည်းရာတွင် ပထမဆုံး ကာနယ်စလေဒင်၏ ဂရုတစိုက်ဆောင်ရွက်ချက်မှာ ဗဟိုရ်စည်ကြီး မြည်ရေးပင်ဖြစ်သည်။ လူတွေ၏ စိတ်ဓာတ်ရေးရာတွင် သိသိသာသာကြီး တာသွားသော ဆောင်ရွက်မှုဖြစ်သည်။

မြို့သူမြို့သားများက အစိုးရသစ် အုပ်ချုပ်နေပြီဟု သိသွားကြပြီး ဆိုင်တွေပြန်ဖွင့်ကြ၊ အလုပ်အကိုင်တွေ ပြန်စကြသည်။ ဗဟိုရ်စင်မှ ဆင်းသောအခါ စည်တော်တီးသည် နန်းတွင်းအစဉ်အလာအတိုင်း ပထမရက်များတွင် နန်းတော်ဘက်လှည့်၍ ပျပ်ဝပ်ရှိခိုးလေ့ရှိသည်။သို့သော်ယခုအခါ နန်းတော်၏ အရှင်သခင်များဖြစ်သော မစ္စတာဘားနတ်က သော်လည်းကောင်း၊ ကာနယ်စလေဒင်က သော်လည်းကောင်း၊ အရိုအသေပြု



ခြင်းကို အလွန်အလေးမထားကြဟု ယူဆပြီး နန်းတော်ကို ရှိခိုးခြင်းမပြုတော့ဘဲ စည်တီးခြင်းကို သာမန်အလုပ်ဝတ္တရား တစ်ခုအနေဖြင့်သာ ဆောင်ရွက်တော့သည်။

ခရစ်စမတ်နေ့ နံနက်က မြေနန်းတော်ဆောင်တွင် ဘုန်းတော်ကြီးမစ္စတာဘိတ်က စစ်သားများအတွက် ဘုရားဝတ်ပြုပွဲတွင် ကျွန်တော်လည်း တက်ရောက်သည်။ သင်းအုပ်ဆရာသည် ပလ္လင်၏ရှေ့၌ စစ်သားပရိသတ်နှင့် မျက်နှာချင်းဆိုင်၍ ရပ်နေသည်။ နေရောင်ခြည်သည် နန်းတော်အဆောင်တွင်းသို့ စီးဝင်နေပြီးလျှင် ရွှေရောင်ဝင်းနေသော တိုင်များနှင့် ပိုင်ရှင်မဲ့နေသော ရာဇပလ္လင်ပေါ်သို့ ထွန်းလင်းနေသည်။ မြင်ကွင်းကား ဝင်းလက်၍ ခပ်ဆန်းဆန်းဖြစ်သည်။ ဤလိုပတ်ဝန်းကျင်အတွင်းမှ "အို... ဘုရားသခင်၊ ငြိမ်းအေးမှုကို ချီးမြှင့်ပါလော့"ဟူသော ဆုတောင်းသံသည် ထူးခြားသောအဓိပ္ပာယ်ကို ဆောင်၍ ထွက်လာသည်။

နန်းတွင်းရှိလမ်းများသည် ကျယ်ဝန်း၍ သန့်ရှင်းသည်။ မစ္စတာဘားနတ်သည် ဝေါ်ပြတ်နေသူများအား အလုပ်ပေးရန်အတွက် လမ်းလုပ်ငန်းဌာနကို လစ်ပြင်၊ ကတ္တရာခင်းရန် အရေးပေါ် စီမံလေသည်။ အချိန်မဖြုန်းတော့ဘဲ လက်တွေ့တိုးချဲ့ညှိစေရာ (၂၀၀၀)ကျော် (၃၀၀၀) ခန့်သည် တစ်နေ့လျှင် တစ်မတ်စီရကြသည်။ တစ်နေ့အတွက် လုပ်ခယူပြီးသောအခါ တစ်ပဲတန်အလုပ်သာ ပြီးသောကြောင့် ပုတ်ပြတ်ခိုင်းရသည်။ အလုပ်ကြိုးစားသူ အထူးသဖြင့် အမျိုးသမီးများသည် သုံးမူးမှ ငါးမူးအထိ ပင်ရကြသည်။ တစ်နေ့လုပ်စာ တစ်နေ့စားကြသူများဖြစ်၍ ညနေတိုင်း ငွေရှင်းပေးရသည်။

စိတ်ကူးဆဲဖြစ်သော မန္တလေးတောင်ငူ မီးရထားလမ်းသာ ဖောက်လုပ်လိုက်ပါက တောသူတောင်သားတွေ အလုပ်ရကြပြီးလျှင် သူပုန်အင်အား အကြီးအကျယ် လျော့သွားမည်ဖြစ်ပေသည်။ မြို့တော်အတွင်း၌ သူပုန်တွေ လုယက်တိုက်ခိုက်မှု လုံးဝမရှိသလောက် ဖြစ်သွားသည်။ စစ်တပ်ထဲသို့ ရွာသားတွေ ဖမ်းပို့သော သူပုန်နှစ်ယောက်ကို ထုံးစံအတိုင်း မနက်ခင်းက ပစ်သတ်လိုက်ပြီး (၆)ယောက်ကို ကြိမ်ဒဏ်ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘေးပတ်လည် ကွင်းပြင်ဘက်တွင် သူပုန်တွေ သောင်းကျန်းလျက်ရှိပြီး တစ်ခါတစ်ရံ ရွာသူရွာသားတွေက ကိုယ့်ရွာအတွက် ကာကွယ်ကြ၊ အနားကရွာကို ထွက်တိုက်လိုက်ကြဖြင့် ရှုံးလိုက်နိုင်လိုက်ဖြစ်ပြီး ညစဉ်လိုပင် တိုက်ပွဲတွေဖြစ်လျက်ရှိသည်။

နေရာမရွေး ရောက်တတ်သော မဟာဝန်ရှင်တော်မင်းကြီးက မြို့တော်၏ မြောက်ဘက်တွင် ရှုခင်းသာယာလျက်ရှိသော ကဲမိုးလျက်ရှိသည့် မန္တလေးတောင်ပေါ်သို့ အတူတက်ရန် ကျွန်တော့်အားဖိတ်ခေါ်သည်။ တောင်ထိပ်ပေါ်တွင် မှန်ဖြင့် နေရောင်ခြည်ထိုး အချက်ပြစခန်းတစ်ခုရှိ၍ အတော်လှမ်းသော စစ်တပ်စခန်းများနှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ တောင်ပေါ်တွင် သပ္ပာယ်လှသော စေတီပုထိုးများ အပြည့်ရှိသည်။ တောင်ခြေပေါ်တွင် ပေလေးဆယ်ခန့်ရှိသော အလွန်ကြီးမားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူရှိသည်။ ယင်းရုပ်ပွားတော်ကြီးသည် ထုနေကျပုံစံမျိုးမဟုတ်ဘဲ တားမြစ်ဟန်၊ သို့မဟုတ် ဗျာဒိတ်ပေးနေဟန်ဖြင့် လက်တော်ကို ဆန့်တန်းလျက်ရှိသည်။

တောင်ထိပ်မှနေ၍ကြည့်လျှင် အလွန် သာမောဖွယ်ကောင်းသော မြင်ကွင်းကျယ် ရှုခင်းကိုမြင်ရသည်။ မြစ်ရေတက်လာပြီးကန်ကြီးဖြစ်ကာ ကျွန်းကလေးတွေဖြင့် ဝန်းရံနေသည်။ ကမ်းနှစ်ဖက်စလုံးရှိ သစ်ပင်တွေ ပေါက်နေသော တောင်ခြေရောက်အောင် ရေတက်နေသည်။မြောက်ဘက်၌ တာတမံဖို့ထားသဖြင့် ရေတက်ချိန်တွင် မြို့တော်ကို ရေလွှမ်းမည့်ဘေး မှ ကာကွယ်ထားသည်။ နေသည် အနောက်ဘက်ရှိ တောင်တန်းပေါ်တွင် မေးတင်လျက်ရှိသည်။ ကောင်းကင်းတစ်ခုလုံး နီရဲနေသည်။ မြစ်ပေါ်၊ နေပြည်တော်ပေါ်နှင့် နန်းတော်ပြသာဒ် မှန်ကင်းများသို့ ရွှေရောင်ပတ္တမြား ရောင်ဟပ်နေသည်။

အရှေ့ဘက်နှင့် မြောက်ဘက်တွင် တုံကင်နှင့် တရုတ်ပြည်အထိ ရောက်သွားသော ညို့မှိုင်းသုန်မှုန်လျက်ရှိသည့် ရှမ်းရိုးမတောင်တန်းရှိရာ လွင်ပြင်သည် အရှေ့ဘက်၌ တဖြည်းဖြည်းကျဉ်းသွားသည်။ ကျဉ်းလည်းကျဉ်း၊ အကွေ့အကောက်လည်းများသော စစ်တောင်းနှင့် သံလွင်မြစ်သည် ဤရှမ်းရိုးမတောင်တန်းကြီးကို အရှေ့တောင်ဘက်တွင် ဖြတ်သန်းစီးဆင်းသော်လည်း မန္တလေးဘက်မှမူ ၎င်းမြစ်များသို့ မရောက်နိုင်ပေ။ မှန်ရောင်ပြ



ဆက်သွယ်ရေးတပ် ကင်းဂါတ်တာဝန်ခံက သူပုန်တွေဆူနေ၍ တောရွာများ၌ ညတိုင်းပင် ပစ်သံခတ်သံ ကြားနေရကြောင်းပြောသည်။

ဤသို့ ပစ်ခတ်မှုဖြစ်ပေါ်ရခြင်းမှာ ရှမ်းတို့၏ လက်ချက်ဖြစ်ကြောင်း နေ့ရက်တစ်ရက် နှစ်ရက်အတွင်း သိရသည်။ ရှမ်းများသည် သူပုန်များနှင့် ဆက်သွယ်ပါဝင်လျက် ရှိသည်ဟူသောအဆိုကို တစ်ချိန်က သံသယရှိခဲ့သော်လည်း မန္တလေးနှင့် (၅)မိုင် (၆)မိုင်ခန့်ဝေးသော အမရပူရတွင်ရှိသော ကျွန်တော်တို့၏ စစ်တပ်များနှင့် သူပုန် (၁၀၀) ခန့် တိုက်ပွဲဖြစ်သောအခါ ရက်အနည်းငယ်အတွင်း ဟုတ်မှန်ကြောင်း အခိုင်အမာတွေ့ရသည်။

ယခုအခါ တရုတ်ဟုခေါ်သော လူမျိုးတို့ကို မြောက်ဘက်မှ တောင်ဘက်သို့ မောင်းထုတ်ပြီးနောက် တရုတ်ပြည်ကို ဝင်ရောက်နေထိုင်ခဲ့သော အလွန်ရှေးကျ အလွန်ဖွံ့ကောင်းသော လူမျိုးစုမှ ဆင်းသက်လာသည့် ရှမ်းတို့သည် တောင်ပေါ်တိုက်ပွဲတွင် ဗိုလ်မထားသူများဟု ကျော်ကြားသည်။ ရှမ်းတွေ မန္တလေးဘက်သို့ ဆင်းလာပြီဟူသော သတင်းကြားသောအခါ ကြောက်လန့်ပြီး အလုပ်အကိုင်တွေ ရပ်ဆိုင်းကုန်သည်။ အောက်မြန်မာပြည်မှ ကျွန်တော်တို့စစ်တပ်တွေ ရောက်လာသည်ထက်ပင် ရှမ်းတွေ ရောက်လာသည်ကို ထိတ်လန့်ကြသည်။

သီပေါမင်းအား သစ္စာမခံခဲ့သော ရှမ်းအကြီးအကဲတို့သည် မန္တလေး၌ အင်္ဂလိပ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်လျက်ရှိသော်လည်း ရှမ်းတို့၏ အကျိုး စီးပွားကို ထိခိုက်စေမည်မဟုတ်ဟု သိလာလိမ့်မည်ဟု မျှော်လင့်ကြသည်။ သီပေါအရင် စိုးစံသွားသော ဘုရင်ကြီးအား ဆက်နေကျ ပဏ္ဏာတော်ကို ပြန်ဆက်ရန် တောင်းဆိုလျှင် ကျွန်တော်တို့၏အမြင်အတိုင်း ရှမ်းတို့ လက် ခံရန် ခဲယဉ်းပေလိမ့်မည်။ သို့သော် ရှမ်းတို့ထံမှ အခွန်အတုတ်ရရန် မျှော် လင့်ချက်ကိုကား လက်လျှော့ပြီးဖြစ်ပေသည်။

လိမ်လိမ်မာမာ ရာဇပရိယာယ်သုံး၍ သူတို့၏ ချစ်ကြည်ရေးကို ကျွန်တော်တို့ ရအောင်လုပ်သည်။ သို့သော် ကျွန်တော်တို့က စ မတိုက်ဘဲနှင့်ကား သူတို့ထံမှ အခွန်တော်များကို ရမည်မဟုတ်ပေ။

◄◄ ►►

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## သာသနာပိုင်ဆရာတော်အား ဖူးမျှော်ခြင်း

ခရီးသည်များအနေဖြင့် ကုသိုလ်လည်းရ၊ အလည်အပတ်လည်း သွားရသည့်သဘောဖြင့် ဝင်ရောက် ကြည့်ညိုရသော ဘာသာရေးအဆောက်အဦကြီးနှစ်ခုရှိသည်။ မြန်မာပြည် တစ်ပြည်လုံးကဲ့သို့ပင် နေပြည်တော်သည် ကျောင်းကန်၊ ဘုရားပုထိုးများဖြင့် ပြည့်နေသည်။ မြန်မာပြည်တစ်လွှား၌ ရှိသရွေ့ တောင်ကမူ၊ လွင်ပြင်၊ တောအုပ်၊ ဥယျာဉ်တိုင်းတွင်ရှိသော ရွှေစေတီ၊ ထုံးစေတီများဖြင့် မရေမတွက်နိုင်သော ဘုရားဒါယကာတို့၏ သဒ္ဓါထက်သန်ပုံ၊ ဘာသာရေးကိုင်းရှိုင်းနေပုံကို သက်သေခံလျက်ရှိသည်။

လွန်ခဲ့သောနှစ် ရာပေါင်းများစွာနှင့် ယခုထက်ထိ လစဉ် လဆက်၊ နှစ်စဉ်နှစ်ဆက် သဒ္ဓါတရား ထက်ထက်သန်သန်နှင့် ဤကဲ့သို့ လှူဒါန်းကုန်ကျခဲ့သော ငွေတွေကို အင်္ဂလန်ဘဏ်တိုက်မှ ရှိသမျှ စာရေးတွေအားလုံးကပင် တွက်ချက်နိုင်မည်မဟုတ်ပေ။ တစ်ခါတစ်ရံ တစ်လက်မထုရှိအောင် ရွှေပိန်းချထားသော အင်္ဂတေလက်ရာမပါဘဲနှင့်ပင် ဤစေတီများ တည်ခဲ့သော အုတ်အင်္ဂတေကို အသုံးပြုရမည်ဆိုပါက လမ်းတွေ၊ နန်းတော်တွေ၊ ခံတပ်တွေ၊ တူးမြောင်းတွေကို ဆောက်နိုင်လိမ့်မည်။ စေတီတစ်ဆူကို မီးခသဖြင့် စေတီတော်ရှိရွှေတွေ အရည်ပျော်ကျလာရာ ပေါင်စတာလင် ၆၀၀,၀၀၀ ဖိုးခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အရည်ပျော်ကျကုန်သော ရွှေများကို သီပေါမင်းက အစားပေး၍ ဘုရားလှူရသည်။ အဖိုးတန်



ကျောက်များပင် ထပ်မံလှူဒါန်းသည်။ ဤအဆိုမှာ ပြောရေးဆိုခွင့်ရှိသူ မြန်မာတို့ထံမှ ကြားရသော အဆိုဖြစ်သည်။

ဖက်မိုးထရံကာဖြင့် သားစဉ်မြေးဆက် နေလာကာ စုဆောင်းထားသော တစ်တိုင်းပြည်လုံးပိုင်သည့် ပစ္စည်းဥစ္စာကို ဤကဲ့သို့ အကြီးအကျယ် ဖြုန်းတီးပျက်စီးခြင်းသည် လူအများ ဆင်းရဲစေရန် အကြောင်းတစ်ခုဖြစ်သည်။ ဥစ္စာပစ္စည်းကို စုဆောင်းခြင်းမရှိကြ။ အိမ်ထောင်တိုင်းနေရသနိုက် အကြောင့်အကျမရှိ နေကြသည်။ နောက်ထပ် မွေးလာသူများကလည်း ဤအတိုင်းပင် နေထိုင်ကြဦးမည်။ မန္တလေးနန်းတော်ကြီးသည် ကျွန်းသားတွေ၊ ပန်းပုလက်ရာတွေ၊ ရွှေပိန်းချတွေဖြင့် အတိပြီးသည်မှန်ပါ၏။ သို့သော် ရေရှည်ခံ၊ ကြာရှည်ခံသော အုတ်ကျောက်တို့ဖြင့် ပြုလုပ်ထားသည့် အဆောင်အဆွယ် တစ်ခုမှမရှိချေ။ မြစ်တစ်ဖက်ကမ်း ၃–၄ မိုင်ဝေးသောနေရာတွင် ပြီးစီးသွားသည့်တိုင်အောင် ပစ္စည်းတွေကို အလဟဿ ဖြုန်းတီးအောင် စေတီတစ်ဆူ၏ ဖိနပ်တော်ကို မင်းတုန်းမင်းတည်ခဲ့သည်။ ဤဖိနပ်တော်မှာ ကမ္ဘာပေါ်တွင် အုတ်ဖြင့်ပြီးသော အကြီးဆုံး အဆောက်အဦဟု ဆိုကြသည်။

မြေငလျင်လှုပ်သဖြင့် ရင်းစား ပြန်မရနိုင်အောင်ဖြစ်ပြီးလျှင် စေတီကိုလည်း အပြီးမသတ်နိုင်ခဲ့ချေ။ သို့သော် အုတ်တွေ ထုထည်လိုက်ရှိသော ဖိနပ်တော်ကြီး ကျန်ခဲ့သည်။ နောင်ကိုလည်း ကမ္ဘာချဉ်းအောင် ရှိနေလိမ့်ဦးမည်။ အဘယ်ကြောင့်ဆိုသော် သာသနာ့ အဆောက်အဦ ဖြစ်နေသဖြင့် ဖယ်ရှားလျှင်၊ ဖွက်ဖက်လျှင်၊ သာသနာဖျက် ဖြစ်သွားမည် ဖြစ်သော ကြောင့်တည်း။

ဤစေတီ ဖိနပ်တော်ကား ငင်းဘုရင်ကြီး၏ လက်ထက်တွင် တစ်ခုတည်းသော ဘာသာရေးအဆောက်အဦကြီး ဖြစ်သည်။ ကျက်သရေရှိလှသော ဘုံပြသာဒ် အဆောင်များဖြင့် မန္တလေးတွင် အကောင်းဆုံး "အတုမရှိကျောင်းတော်ကြီး"ကို တည်ဆောက်လှူဒါန်းခဲ့သည်။ ဤကျောင်းတော်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးကျောင်းတော် ဖြစ်သည်ဟုဆိုလျှင် ချဲ့ကားပြောခြင်းမဟုတ်ပါ။ ဤကျောင်းတော်သည် တစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ဆင့် တက်ထားသော ဘုံ ၇ ဆင့်ဖြင့် ဗဟိုဆင့်က ထိပ်ဆုံးမှနေအောင် ဆောက်ထားသည်။ ရွှေချထားသော အခန်းကြီးမှာ တိုင်ပေါင်း ၃၆ တိုင်ရှိသည်။ အချို့တိုင်များသည် ပေ ၇၀ မြင့်၍ ဗဟိုအမြင့်ဆုံး ပြာသာဒ် မျက်နှာကျက်သို့ ရောက်သည်။

ထို့ပြင် ဘုရင်အတွက် ရည်စူးထားသော ရွှေပလ္လင်၏ ဘေး၌ အလွန်ကြီးမားသော ဈာန်ဝင်စားနေဟန် ထုဆစ်ထားသော ထိုင်တော်မူ ရုပ်ပွားတော်ကြီးတစ်ဆူ ရှိသည်။ ကျောင်းတော်ကြီးတစ်ခုလုံး၏ ပုံစံ အခန့်အသန့် ကျယ်ဝန်းလှသော ခန်းမဆောင်၏ အထည်အဝါ၊ ပလ္လင်၏ အထက်၌ ပျံဝဲနေသော ဘုံပြာသာဒ်၏ အကဲအမိုးနှင့် ဆင်းတုတော်ကြီးတို့သည် အနုပညာရသနှင့် ပသာဒသုခတို့ဖြင့် ပြည့်လျှမ်းနေသည်။ တိုင်တွေ၊ အကာတွေ၊ ပြာသာဒ်တွေကို ရွှေတွေ ပိန်းနေအောင် ချထားပြီး မှန်စီထားသဖြင့် အလွန်ဝင်းလက် တောက်ပနေသည်။

မြန်မာပြည်၏ အနာဂတ် အုပ်ချုပ်ရေးကို ကြေညာရန် ဘုရင်ခံချုပ်ကြီး မန္တလေးသို့ လာသောအခါ ကြေညာသော အခန်းအနားကို အထည်ဝါဆုံးဖြစ်သော ဤပလ္လင်ရှိရာ အခန်းတွင် ကျင်းပတန်ရာသည်။ ဤအခန်းအနားကို ကျင်းပရန် အခြေအနေ ပေးအပ်လာပါက အခန်းအနားကို ဤအတုလဝေယန် ကျောင်းတော်၌ ကျင်းပရန် မဟာဝန်ရှင်တော်မင်းကြီးက လိုလားနှစ်ခြိုက်သည်။

အပြင်ပန်းအားဖြင့် ဤကျောင်းတော်သည် အသုံးပြုသော ပစ္စည်းရော ပုံစံပါ ရှင်းရှင်းကလေးပင်ဖြစ်သည်။ နံရံများမှာ အဖြူသရိုးကိုင်ထားပြီး ဘာမှ ခြယ်လှယ်ဆင်ယင်ခြင်း မရှိ။ သို့ရာတွင် တောက်ပသောနေရောင်ခြည်အောက်၌ အဆောက်အဦ၏ ထုထည်သည် မိမိ၏ အရွက်မဖုံးသော ပကတိ အရိုးခံသဘောကို ထင်ထင်ကြီးပြလျက်ရှိသည်။

အတုလဝေယန် ကျောင်းတော်ကြီးနှင့် မဝေးလှသောနေရာတွင် စေတီကြီးတစ်ဆူ ရှိသည်။ စေတီကြီးသည် အလွန်သပ္ပာယ်၍ ရွှေချထားပြီးလျှင် ဘုရားခြေတော်ရင်းတွင် ကျောက်စာများရှိသော အုတ်ဂူပြာသာဒ်



၄၆၄ ခုရှိသည်။ အုတ်ဂူပြာသာဒ်တစ်ခုလျှင် ပိဋကတ်သုံးပုံကို ရေးထိုးထားသော (ပဌမသင်္ဂါယနာတင်) ကျောက်စာတစ်ချပ်ရှိသည်။ သို့ဖြစ်ရာ ကျောက်ထက်တွင် နက်စွာထွင်းထားသော ပိဋကတ်တော်ကို လေ့လာလိုသူအဖို့ အသာကလေး ဖတ်နိုင်သည်။ အနားပတ်လည်မှ အဆောက်အဦများပါ အပါအဝင် ဤစေတီတော်ကြီးအတွက် စတာလင်ပေါင် တစ်သိန်းခွဲ ကုန်ကျပေလိမ့်မည်။

ဘုရား၏ဘွဲ့တော် "ကုသိုလ်တော်"ဟူသော အဓိပ္ပာယ်မှာ ပိဋကတ်တော် ကျောက်စာများနှင့်တကွ ဤဘုရားကြီးကို တည်ဆောက်လှူဒါန်းရသော အကျိုးအားကြောင့် မင်းတုန်းမင်းကြီး နတ်ရွာလားသောအခါ နတ်တကာတို့၏နတ် ဖြစ်ရပါလို၏ ဟူ၏။ အဘယ်ကြောင့်ဆိုသော် မြန်မာဘုရင်တို့သည် သာမန် ပုထုဇဉ်များကဲ့သို့ သေခြင်းမဟုတ်ဘဲ နတ်ရွာလားသောကြောင့် ဖြစ်ပါသည်။ အကုသိုလ်တရားနှင့် သံသရာဘေးဒုက္ခအပေါင်းတို့မှ ကင်းလွတ်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုရလိမ့်မည်ဟု မင်းတရားကြီးက ယုံကြည်သည်။

သီပေါမင်းသည် မန္တလေးနှင့် ခပ်ဝေးဝေးနေရာတွင် ငွေတော် ၂၃ သိန်းကုန်ကျမည့် စေတီတော်ကြီးတစ်ဆူ တည်ထားကိုးကွယ်ရန် စီစဉ်ခဲ့သည်ဟု ကျွန်တော်ကြားရသည်။ အလွန်ကြီးကျယ်သော စေတီတော်ကြီးကိုတည်၍ လှူဒါန်းခြင်းဖြင့် သီပေါမင်းသည် သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်ကြောင်း သံသယကင်းကင်းဖြင့် ယုံကြည်လက်ခံလာစေရန်ဖြစ်သည်။ သို့သော် အခြားသူတစ်ဦး စ ထားသော ဘုရားကို ဗုဒ္ဓဘာသာဝင် နောက်တစ်စုံတစ်ယောက်က ပြီးစီးအောင် တည်လေ့မရှိရာ အလွန်ကြီးမားသော ဘုရားကြီးမှာ မပြီးနိုင်တော့ချေ။ သီပေါမင်းသည် မင်းကောင်းမင်းမြတ်တစ်ပါး ဟုတ်မဟုတ်ဆိုသည်မှာလည်း သံသယဖြစ်နိုင်ဖွယ်ရာအဖြစ် ကျန်ရစ်ခဲ့တော့သည်။

နန်းတွင်း လူသတ်ပွဲ ပြုလုပ်စဉ်က မန္တလေးမြို့သို့ သာသနာပြုရန် ရောက်ရှိနေသော အလွန်ကျွမ်းကျင်သည့် မြန်မာမှု သုတေသီဖြစ်သူ ဘုန်းတော်ကြီး ကိုးလ်ဘက်၊ စစ်မြေပြင် သင်းအုပ်ဆရာတော် မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာဘိတီနှင့် ကျွန်တော်တို့သည် အတုလဝေယန်ကျောင်းတော်နှင့် ကောင်းမှုတော်ဘုရားတို့ကို ကြည်ညိုပြီးနောက် အလွန်ကျော်ကြားသည့် သာသနာပိုင် ဆရာတော်ကြီးသည် အခြားထေရ်ကြီးဝါကြီး ဆရာတော်များနှင့်အတူ သီတင်းသုံးနေသော ကျောင်းတော်သို့ ဆက်လက်သွားကြသည်။

ကျောင်းတံခါးမကြီး ပွင့်နေသဖြင့် ကျောင်းတိုက်တွင်းသို့ ကျွန်တော်တို့ အတားအဆီး တစ်စုံတစ်ရာမတွေ့ရဘဲ ဝင်ခဲ့သည်။ အချို့သော ရဟန်းပျိုများနှင့် ကျောင်းဝင်းအတွင်း၌ တွေ့ရပြီး ကျွန်တော်တို့အား ပြုံးရယ်၍ ဆီးကြိုနှုတ်ဆက်သည်။ ကျွန်တော်တို့၏ အမည်၊ အလုပ်အကိုင်ကို ရေးမှတ်ပြသ၍ သာသနာပိုင်ဆရာတော်ထံ တွေ့ခွင့်တောင်းပေးရန် လျှောက်ထားသောအခါ ရဟန်းပျိုများသည် အထိတ်တလန့် ဖြစ်သွားပြီး ဆရာတော်ကြီးအား သူတို့ သွားမလျှောက်ရဲကြောင်းပြော၍ ခေါင်းရှောင်သွားကြသည်။

ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဆင်းရဲချမ်းသာမရွေး မြန်မာဟူသမျှတို့က အလွန့်အလွန် ရိုသေလေးစားသမှုကို ပြုကြသည်။ လမ်း၌ တွေ့ဆုံလျှင် ရှောင်ပေးရသည်။ လက်အုပ်မချီဘဲ ဘယ်တော့မှ မချဉ်းကပ်။ ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင် ရုပ်ကလာပ်ကို မပုပ်မသိုးအောင် အမွှေးနံ့သာတို့ဖြင့် လိမ်းကျံ ဆွတ်ဖျန်းထားပြီးနောက် ရွှေရုပ်သွင်တူအောင် ရွှေချသည်။ ရုပ်ကလာပ်ကို ပန်းပုလက်ရာ အပြောက်အမွှန်းများဖြင့်ပြီးသော အဖိုးတန် တလားတွင်းသို့ သွင်းကာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော သာသနာ့မြေပေါ်၌ ထားရသည်။

ဤမြတ်စွာဘုရား၏ သာသနာ့အမွေခံ ဆရာတော်ကြီးများထံသို့ ကျွန်တော်တို့ကိုယ်တိုင် ရိုသေသမှုအနေဖြင့် သွားကြရမည်။ တစ်ယောက်ယောက်အား ဧည့်သည်တွေလာနေသည်ဟု အပြောခိုင်း၍ မသင့်လျော်ပေ။

ကျောင်းတစ်ခုအတွင်းသို့ ကျွန်တော်တို့ ဝင်သွားရာ နေပူကြီးထဲတွင်ရှိသော ဝါးကြမ်းခင်းကွပ်ပျစ်ပေါ်၌ ဧကသီချ၍ထိုင် နေစာလှုံနေသော ဆရာတော်ကြီးကို ဖူးရသည်။ မြေကြီးပေါ်တွင် ထိုင်နေသော ဆရာတော် ဆယ့်လေးငါးပါးသည် ဆရာတော်ကြီးနှင့် အတင်အလျှောက် ပြုလုပ်နေသည်။ ကျွန်တော်တို့က ထောက်ခံစာအစား ကျွန်တော်၏ အလုပ်အကိုင်ကဒ်ပြားကို ဆက်ကပ်ရင်း ကျွန်တော်တို့ကိုယ်ကို မည်သူ မည်ဝါဖြစ်ပါသည်ဟု မိတ်ဆက်တင်လျှောက်ရာ ဆရာတော်ကြီး သဘောမပေါက်သဖြင့် ၎င်းကဒ်ပြားကို သူ ဘာလုပ်ရမည်နည်းဟု မိန့်ကြားပါသည်။ ကျွန်တော်တို့က ဧည့်သည်အမည်ပါသော ကဒ်ပြားကို ပေးသည်မှာ ဥရောပထုံးစံဖြစ်ကြောင်း လျှောက်ထားပြီးလျှင် ကျွန်တော်တို့၏အမည်၊ အလုပ်အကိုင်နှင့် မန္တလေးသို့ အလည်လာခြင်းမှာလည်း မိတ်ဆွေသဘော ဖြစ်ကြောင်း ရှင်းလင်းလျှောက်ထားသည်။

ဆရာတော်ကြီးသည် အလွန် အိန္ဒြေသိက္ခာ ရင့်ကျက်၍ အစတွင် သိသိသာသာပင် သတိထား၍ ရှေ့နောက်စဉ်းစားပြီးမှ ပြောဆိုသည်။ မကြာမီပင် ကျွန်တော်တို့၏ စေတနာနှင့်မေတ္တာ ရှေ့ထားပြီး လာမှန်း သိလာသဖြင့် ယုံယုံကြည်ကြည်ဖြစ်လာကာ အရောတဝင် စိတ်ဝင်စားလာသည်။ မစ္စတာကိုးလ်ဘက်က စကားပြန်လုပ်သည်။ မြန်မာစကားအသုံးအနှုန်း၊ အသိမ်အမွေ့တို့နှင့် အကျွမ်းဝင်သော မစ္စတာကိုးလ်ဘက်သည် ကျွန်တော်တို့နှင့် ဆရာတော်ကြီးအကြား၌ ကောင်းကောင်းကြီး အသုံးတော်ခံခဲ့သည်။

အများအားဖြင့် မစ္စတာဘိတီက မေးမြန်း တင်လျှောက်သဖြင့် သာသနာပိုင်ဆရာတော်ကြီးက မိန့်ကြားသည်မှာ သူသည် ဝါတော် ၄၇ ဝါ၊ သက်တော် ၆၂ နှစ်ရှိပြီဟု ဖြစ်သည်။ ဆရာတော်ကြီး၏ အုပ်ချုပ်မှုအောက်တွင် ကျောင်းပေါင်း ၂၇ ကျောင်းနှင့် ဂိုဏ်းချုပ် ဆရာတော်ပေါင်း ၇၀–၈၀ ခန့်ရှိသည်။ သံဃာတော်ပေါင်း ၁၂၀၀ ရှိခဲ့သော်လည်း ယခုအခါ လျော့သွားပေပြီ။ ၎င်းသံဃာတော်များ၏ ပစ္စည်း ၄ ပါး ဒါယကာ၊ ဒါယိကာမများသည် ဆုပ္ပမှုများကြောင့် ဆက်လက်၍ ထောက်ပံ့လှူဒါန်းခြင်းမပြုနိုင်သောကြောင့် ရဟန်းသံဃာတော်များသည် ဆွမ်းကွမ်းအတွက် မိဘတို့၏ မိဘရပ်ထံ ပြန်ကြွသွားကြသည်။ ယင်း သံဃာတော်များသည်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအတွင်း၌ သီတင်းမသုံးနိုင်ကြသော်လည်း သင့်တော်ရာတွင်နေ၍ သက်န်းကိုမူ ဝတ်မြဲဝတ်ထားကြသည်။

သာသနာပိုင် ဆရာတော်ကြီးက သီပေါမင်းသည် သူ့ထံသို့လာ၍ ဖူးမျှော်လေ့မရှိကြောင်း၊ ဆရာတော်ကြီးကသာ ဘုရင့်ထံကြွရကြောင်း မိန့်ကြားသည်။ ဘုရင်ကြီးအား ဆုံးမရန်၊ ဘုရင်၏အာဏာကို သတ္တဝါအကျိုး ရှေ့ရှုသုံးစွဲရန်အတွက် နည်းပေးလမ်းပြရန်မှာ သာသနာပိုင်ဆရာတော်ကြီး၏ တာဝန်ဖြစ်သည့်အတိုင်း ဆရာတော်ကြီးကလည်း ဆုံးမခဲ့သည်။

ဆရာတော်ကြီးအား ယခုလက်ရှိ သာသနာပိုင် ဆရာတော်အဖြစ် သီပေါမင်းက တင်မြှောက်ခဲ့ခြင်းမဟုတ်။ နတ်ပြည်စံ မင်းတုန်းမင်းကြီးက တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ယခင် သာသနာပိုင် ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါကျမှ သူ့အား သာသနာပိုင်ဆရာတော်ကြီးအဖြစ် တင်မြှောက်ခြင်းဖြစ်သည်။ ဆရာတော်ကြီးက နတ်ပြည်စံသော စကားလုံးမှာ ဘုရင် အနိစ္စရောက်သောအခါ အလေးအမြတ်ပြု၍ သုံးသော စကားလုံးဖြစ်ပြီး ဘဝနတ်ထံပျံတော်မူသည်ဆိုသော စကားလုံးမှာ သာသနာ့သားကောင်း ရဟန်းတော်များ အနိစ္စရောက်သောအခါ အရိုအသေပေး၍သုံးသော စကားလုံးဖြစ်ကြောင်း ခွဲခြားရှင်းလင်း၍ မိန့်ကြားသည်။

သာသနာပိုင်ဆရာတော်ကြီးက သူ့အား တင်မြှောက်ခြင်းမှာ ဝိဇ္ဇာကတ်သာသနာတွင် ထင်ရှားသောကြောင့် မဟုတ်ဘဲ ဘုရင်မင်းမြတ်က လိုလား၍ တင်မြှောက်ခြင်းဖြစ်ကြောင်း အလေးအနက် မိန့်ကြားသည်။ ဆရာတော်ကြီးသည် ဘုရင်မင်းမြတ်၏ ဥပဇ္ဈာယ်ငယ်ဆရာဖြစ်သည်။ ဩီအိုဆိုဖီဝါဒီများ (ထာဝရဝိဉာဏ်တော်နှင့် လူများဆက်သွယ်နိုင်သည် ဆိုသော ခရစ်ယာန်ဘာသာတစ်မျိုး) သို့မဟုတ် ကာနမ်အိုလ်ကော့ကို သိပါသလားဟု တင်လျှောက်ရာ ဆရာတော်က မည်သူ့ကိုမှ မသိကြောင်း၊ ကာနယ်အိုလ်ကော့အကြောင်း ကြားဖူးသည်ဟု ရဟန်းတစ်ပါးက ပြောသည်ကို ကြားဖူးကြောင်း မိန့်ကြားပါသည်။



မစ္စတာဘိတီက သီပေါမင်း နန်းတော်တွင် စာအုပ်များအကြား၌ သီအိုဆိုဖစ်စာစောင် စာတန်းများ တွေ့ခဲ့ရသည်ဟု ဆိုသည်။ သို့ရာတွင် သံဃာတော်အပေါင်းသည် မဒမ်ဗလာဗက်စကီနှင့် သူမ၏ကျမ်းကို မကြားဘူးကြချေ။

ထို့နောက် သာသနာပိုင်ဆရာတော်ကြီးအား နိုင်ငံရေးကိစ္စများကို ဥပါယ်တံမျဉ်ဖြင့် သဘောထားစုံစမ်းကြည့်သည်။ သို့သော် သတိထားလျက် အတော်ချိန်ချိန်ဆဆ မိန့်ကြားသည်။ သူ့သဘောထားကိုပြော၍ သူ့စကားအဖြစ်မခံဘဲ ဆင်ဝှေ့ရန်ရှောင် မိန့်ကြားသည်။ သို့သော်လည်း ဆရာတော်၏အမြင်ကို လွယ်လွယ်ကလေးနှင့် တွေးကြည့်နိုင်ပါသည်။ ဆရာတော်က ယခုအချိန်တွင် မည်သူ အုပ်စိုးနေသည်ကိုပင် မသိဟု မိန့်ကြားသည်။ သို့သော် မည်သည့်မင်းများပင် မင်းလုပ် အုပ်ချုပ်သည်ဖြစ်စေ သာသနာတော်ကို စောင့်ရှောက်မည်။ ပြည်သူတွေကို မဆင်းရဲ၊ မငြိုငြင်စေဘဲ အေးချမ်းစွာ အုပ်ချုပ်မည်ဆိုလျှင် ထိုရှင်ဘုရင်သည် မင်းကောင်းမင်းမြတ်ပင်ဖြစ်သည်။

သီပေါမင်းသည် သာသနာတော်ကို ကြည်ညိုပါ၏။ ရဟန်းသံဃာများကိုလည်း ထောက်ပံ့လှူဒါန်းပါ၏။ သို့သော် သူသည် အတွေ့အကြုံ မရင့်ကျက်သေး။ ငယ်ရွယ်နုနယ်သူဖြစ်၍ တိုင်းရေးပြည်မှုကို အနည်းအကျဉ်းသာသိသည်။ သာသနာပိုင်ဆရာတော်ကြီးအား ရုတ်တရက် အမ်းသွားစေသော တဲ့တိုးမေးခွန်းတစ်ခုကို တင်လျှောက်ရာ ဆရာတော်က သီပေါမင်းပါတော်မူသွားသဖြင့် သူ့အနေနှင့် အလွန်ဝမ်းနည်းခြင်း မဖြစ်မိ ကြောင်း၊ သားသမီးဆုံးသွားသော မိဘကဲ့သို့ပင်ဖြစ်ကြောင်း မိန့်ကြား သည်။ "မိဘဆိုတာ သားသမီးကို ချစ်ခင်ကြတာပဲ၊ ဒါပေမယ့် ကလေး ဟာ လူတိုင်းတွေ့ရမယ့် ဇဖ ပါးသော ရောဂါဝေဒနာကို ခံစားရတာပဲ။ မိဘကတော့ ကလေးနေကောင်းအောင် တတ်နိုင်သမျှ ကြိုးစားတာပဲ။ ဒါပေမယ့် မရပါဘူး။ နည်းမျိုးစုံနဲ့ကုပေမယ့် ကလေးတွေက စွန့်ခွာသွားကြတယ်။ ဖြစ်လာမယ့် ကိစ္စတွေအတွက်ဟာ စိတ်ဆင်းရဲခြင်း မဖြစ်ရဘူး။ အစွမ်းကုန် ကြိုးစားခဲ့တာပဲ။ ဖြစ်သမျှအကြောင်း အကောင်းချည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဲ. . . သီပေါမင်းကိုလည်းပဲ ဒီအတိုင်းပဲ သဘောထားရတာပဲ"

ဤသံဝေဂတရားမှ ပြန့်ပြင်၍ မရနိုင်သော ကိစ္စအပေါ်ထားသော သာသနာပိုင်ဆရာတော်ကြီး၏ ယောနိသောမနသိကာရ သဘောထားကို ပြတ်သားစွာ ထုတ်ဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။ တိုင်တားမင်းအား ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို သဘောတူ မတူနှင့် နန်းတွင်းလူသတ်ပွဲကို စစ်ဝန်ကြီးဖြစ်သော တိုင်တားမင်းကြီးက ခေါင်းဆောင်၍ လုပ်ခဲ့ခြင်း ဟုတ် မဟုတ် လျှောက်ထားသော် ခဏမျှစဉ်းစားပြီး အောက်ပါအတိုင်း မိန့်ကြားလိုက်သည်။

"ကျွန်ုပ်တို့ဟာ ဒီကျောင်းထဲမှာပဲ နေတာဖြစ်တယ်။ လူတွေနဲ့ နေတာမဟုတ်ဘူး။ နန်းတော်ကြီးဘက်မှာ ဘာဖြစ်နေတယ်ဆိုတာလည်း ကျွန်ုပ်တို့ မသိဘူး။ တစ်ခါတစ်ရံ ဟိုအကြောင်းသည်အကြောင်း ပြောသံ ကြားရတယ်။ ဒါတွေကို အမှန်ပဲလားဆိုတာ အသေအချာတော့ မပြော နိုင်ဘူး။ တိုင်တားဟာလည်း ဝန်ကြီးတစ်ပါးပဲ၊ သူပဲ တာဝန်ရှိသလား၊ ဒီပြင်ဝန်ကြီးတွေပဲ တာဝန်ရှိသလားဆိုတာ ကျုပ်တို့ မသိနိုင်ဘူး"

ဆရာတော်ဘုရား လှည့်ပတ်ဖြေလိုက်သည်ကို အနားမှ နား ထောင်နေကြသော သံဃာတော်များကပင် ထောက်ခံပြောဆိုသည်။ သံဃာတော်တစ်ပါးက ဆရာတော်တစ်ပါးအား "ဒီအဖြေဟာ အကောင်း ဆုံးအဖြေပဲ"ဟု တိုးတိုးကလေး ပြောလိုက်သည်။ ဤအဖြေသည်ပင် အကောင်းဆုံးအဖြေ ဖြစ်တန်ရာသည်။ အဘယ်ကြောင့်ဆိုသော် တိုင်တား မင်းကြီး၏ လူတွေမှာ နေရာတကာတွင်ရှိပြီး ကြောက်စရာလည်း ကောင်း သောကြောင့်ဖြစ်ပါသည်။

အင်္ဂလိပ် သိမ်းပိုက်ခြင်းနှင့် ပတ်သက်၍ ဆရာတော်ကြီးက အနည်းငယ်သာ ဖြစ်သော်လည်း ပွင့်လင်းစွာ မိန့်ကြားခဲ့သည်။ ဆရာတော် က အင်္ဂလိပ်မင်းကြီး (မစ္စတာဘားနတ်နှင့် ကာနယ်စလေဒင်)တွေ ဆော ရှက်ပုံကောင်းသည်။ မစ္စတာဘားနတ်သည် ဆရာတော်ထံ လာရောက် ဖူးမျှော်သည်။ စစ်သားများအနေဖြင့် အပြစ်များပြုသည်။ အထူးသဖြ နယ်ကလူများကို ဖိနှိပ်ကြောင်း၊ အမျိုးသမီးများနှင့်ပတ်သက်၍ အကျ



မကောင်းကြောင်း အတိုင်ခံရသည်ဟု မိန့်သည်။ ဤသို့ ကိုင်ကြားသော ကိစ္စများကို မစ္စတာဘားနတ်အား ပြောပြမည်ဟု စိတ်ကူးသော်လည်း မဟာဝန်ရှင်တော်မင်းကြီး ဖူးမျှော်ရန် လာသောအခါ ဤကိစ္စများကို မကြား ရတော့ဟု သိရသည်။ အချို့ ဘုန်းကြီးကျောင်းထဲတွင် စစ်သားတွေ တပ် စခန်းချနေကြသည့် ကိစ္စနှင့်ပတ်သက်၍ ဆရာတော်က လက်ရှိ အခြေ အနေအရ တပ်စခန်းချရန်လိုအပ်၍ ချခြင်းဖြစ်သည်။ သို့သော် စစ်သားများ သည် အဆောက်အဦကို ရုပ်ပျက်ဆင်းပျက်လုပ်ကြ၊ ဖျက်ဆီးကြသည် ဟု အမိန့်ရှိသည်။

ပါဠိဘာသာ မန်ကျည်းစေ့စာလုံးများဖြင့် ရေးထားသော ကမ္မ ဝါစာတစ်ထုပ်ကို ကျွန်တော့်အားပြသည်။ မစ္စတာဘီတီကို စာတစ်ထုပ် စွန့်ကြဲ၍ ကျွန်တော့်အား အဖိုးတန်သော စာရွက်နှစ်ရွက် စွန့်သည်။ ဤ ကမ္မဝါစာများကို ဘုရင့်ဝတ်လဲတော်များဖြင့် ပြုလုပ်သည်။ ဘုရင့်ဝတ်လဲ တော်မှာ အခြားယုတ်ညံ့သော နေရာများတွင် မသုံးထိုက်သောကြောင့် ဖြစ်သည်။ ဝတ်လဲတော်ကို လူတွေ မျက်စိဖြင့်မမြင်ရအောင် သရိုးကိုင်ပြီး မှ ရွှေရောင် အနက်ရောင် စာလုံးများဖြင့် ထပ်၍ ရေးသားသည်။

သာသနာပိုင် ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ် ပြုလျက်ရှိ သော် ဦးနေမိန် (ဦးနေမိန္ဒ)ဆိုသော-ဆရာတော်က ကျွန်တော်သည် ဘုံဘေ ကလာကြောင်း ကြားသောအခါ ဘုံဘေမြို့၏ ကျော်ကြားပုံကို ကြားဖူး သဖြင့် သူ့အား ဘုံဘေမြို့သို့ ခေါ်ဆောင်သွားရန် အားတက်သရော ပြော သည်။ ကျွန်တော်က ဘုံဘေတွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း တစ် ကျောင်းမှမရှိကြောင်း လျှောက်သောအခါ ဦးနေမိန်သည် အလွန်စိတ်ပျက် သွားသည်။ ကျွန်တော်က ပွင့်ပွင့်လင်းလင်း ပြောလိုက်သဖြင့် ဆရာတော် ကြီးများအဖို့ ဘုံဘေမြို့ နာမည်ပျက်သွားမည်ကို စိုးရိမ်မိသည်။

ကျွန်တော်တို့အား ကျောင်းတိုက်တံခါးဝသို့ လိုက်ပို့သော အခြားသံဃာတော် တစ်ပါးသည် အာပတ်သင့်မည့် သိက္ခာပုဒ်ကို ကျူး လွန်မိလေမလားဟု ကျွန်တော်စိုးရိမ်မိသည်။ ထိုရဟန်းက မစ္စတာဘီတီ၏ အိတ်ဆောင်နာရီနှင့် နာရီကြိုးကို အလှူခံသည်။ ပြုံးပြုံးရယ်ရယ်ဖြင့် ခွဲဖော်

www.burmeseclassic.com



အလှူခံနေသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဆန်တစ်လက်ဆွမ်းကိုပင် အလှူမခံရ၊ မရှာဖွေရဟု တင်းတင်းကြပ်ကြပ် ပညတ်ထားသည်။ သပိတ်ကို လွယ်ထားသော်လည်း ရဟန်းတို့သည် မျက်လွှာချ၍ စင်္ကြံ၌ ရှိရမည်။ နာရီတစ်လုံး၊ ကြိုးတစ်ချောင်းကို အလှူခံခြင်းသည် ဖွတ်အလှူခံသဖြင့် ဘဲမှအဖိုးမတန်သော လောကီကိစ္စကလေးကို လောဘတွယ်တာနေရာ ရောက်သဖြင့် မြတ်စွာဘုရား၏ အဆုံးအမကို ပစ်ပယ်ရာကျနေသည်။ (ဗုဒ္ဓဘာသာဝင် မဟုတ်သူတစ်ဦးသည် ဗုဒ္ဓဘာသာကို ယထာဘူတကျအောင် သာမန်အားဖြင့် သဘောမပေါက်နိုင်ကြောင်း သတိချပ်ပါရန်)

အကုသိုလ်ဖြစ်မည့်ကိစ္စတွင် မပါလိုသော မစ္စတာဘီတီက သူ့တွင် နာရီတစ်လုံးသာရှိ၍ မလှူနိုင်သဖြင့် ဝမ်းနည်းပါသည်ဟု တင်လျှောက်သည်။ ကျွန်တော့်အနေဖြင့် ဤကိစ္စ မှတ်တမ်းတင်ရမည်ကို အမှန်ပင်ရှက်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်ဘာသာရေးအာဏာပိုင်များက ဗုဒ္ဓဘာသာ ရဟန်းတော်များသည် အလွန်ဖြိုးဖြိုးစွာကျင့်သည်။ စွန့်ကြဲလှူဒါန်းတတ်ကြသည်ဟု ယုံကြည်ထားသောကြောင့်ဖြစ်ပါသည်။

◂◂ ▸▸

# အခန်း (၉)
# မြန်မာ့စိတ်သန္တာန်

အထက် မြန်မာပြည်တွင် ပညာရေးမှာ ရဟန်းတော်များ လက်တွင်း၌ လုံးဝရှိနေပြီးလျှင် ပညာရေးသည် မူအားဖြင့် ဘာသာရေးနှင့် အကျုံးဝင်ရုံမကဘဲ အသေးစိတ်ပါ ဘာသာရေးတွင် အကျုံးဝင်နေသည်။

ယောကျ်ားကလေးတစ်ယောက် အသက် ၆ နှစ်၊ ၇ နှစ် ရှိလာလျှင် ဘုန်းကြီးကျောင်း၌ နေရမည်။ သို့မဟုတ် နေ့စဉ်သွားရသည်။ ၎င်းကျောင်းသားများအား ဗုဒ္ဓဘာသာစာပေ ပရိယတ္တိကို သင်ကြားရပြီး အရေးအဖတ်ပါ သင်ကြားပေးသည်။ ဗုဒ္ဓဘာသာ ယောကျ်ားတိုင်း အနည်း ဆုံး တစ်ရက်ပင်ဖြစ်စေ သင်္ကန်းဝတ်ရသည်။ လက်ရှိဘဝ၌ ကုသိုလ်၊ အကုသိုလ်တို့ကို နှိုင်းယှဉ်လိုက်ပါက ကုသိုလ်တရားဘက်က များရန် ဖြစ်သည်။

အကယ်၍ သာသနာ့ဘောင်ကို ဝင်တော့မည်ဆိုလျှင် သင်ကြားရမည့် ဘာသာရပ်ထဲတွင် ဒေသနာများကို ရေးမှတ်ထားသည့် ဘာသာစကားဖြစ်သော ပါဠိကိုသင်ရသည်။ ပါဠိဘာသာနှင့်ပတ်သက်၍ နွားနို့သည် မြင့်မြတ်သော နွားမထံမှ စီးထွက်သကဲ့သို့ ပါဠိဘာသာသည် သက္ကတဘာသာက မွေးထုတ်သော သမီးကညာဖြစ်သည်ဟု ဗြာဟ္မဏတို့က အဆိုရှိသည်။

ရဟန်းသံဃာတို့သည် လူတို့၏ စာသင်ဆရာ၊ ကံကူ လက်သည်ဆရာဖြစ်၍ ရဟန်းတို့အား ကြည်ညိုလေးစားကြသည်။ သံဃာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ပါဠိကျမ်းဂန် ဂါထာများကို အလွတ်ရအောင် တတ်သော် [illegible]နတ်မရှုတ်ဖတ္တိနေသော [illegible]၏ အဓိပ္ပာယ်ကို ရွတ်ဖတ်သူ အတော်များများသည် သိမှုသိ[illegible]လေစဟု [illegible]ရှိသည်[illegible]များအဆက် [illegible] ဤအခြင်းအရာနှစ်ကို သံဃာများက မဖုံးကွယ်ကြချေ။ "သံဃာတော်တို့၏" ရည်ရွယ်ချက်တစ်ခုမှာ ဘာသာရေးစာပေ ပရိယတ္တိနှင့် အဆုံးအမကို တပည့်များအား သွတ်သွင်းရန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ဗုဒ္ဓဘာသာသံဃာတော်များသည် ပခြားသော ဘုန်းကြီးများထက် များစွာအောင်မြင်သည်။ မြန်မာ့အကြောင်းနှင့် မြန်မာတို့၏ အတွေးအခေါ်ကို သိသူ များက အစ္စလာမ်ဘာသာကို သင်သော မွတ်ဆလင်ထက်လည်းကောင်း၊ ခရစ်ယာန်ဘာသာကိုသင်သော ဥရောပထက်လည်းကောင်း၊ ဗုဒ္ဓဘာသာကို သင်ကြားရသော မြန်မာတို့ အတွင်းသို့ ဗုဒ္ဓဘာသာသည် နက်ရှိုင်းစွာ ဝင်ရောက်လျက်ရှိသည်ဟု ထင်မြင်သည်။

ငယ်ငယ်က သင်ကြားခဲ့ရသော စာပေပရိယတ်ကို နောင် ကြီးလာသောအခါ အခါကြီးရက်ကြီးတွင်လည်းကောင်း၊ လူစု လူဝေးဖြင့် ပျော်ပွဲရွှင်ပွဲများ၌လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများ၏ ဈာပနခွဲလည်းကောင်း တစ်ခါပြန်၍ ရွတ်ဖတ်ကြသည်။ ပိဋကတ်စာပေကိုဖတ်၍ ဒေသနာတော်၏ အချက်အလက်များကို ဆွေးနွေးငြင်းခုံကြသည်မှာ မြန်မာတို့အကြိုက် မြန်မာတို့စရိုက်ဖြစ်သည်။

မည်သူမပြု မိမိမှု ဆိုသည့်အတိုင်း မိမိ၏ကုသိုလ်၊ အကုသိုလ်က မိမိ၏ရှေ့ဘဝကို ဖန်တီးလိမ့်မည်။ အင်္ဂလိပ်တစ်ဦးသည် ခန္တီပါရမီကိုဖြည့်က သိမ်မွေ့မည်။ ယောနိသော မနသိကာရ ဖြင့် ပြုမူမည်ဆိုပါက သူသည် ရှေ့ဘဝတွင် ဗုဒ္ဓဘာသာ မြန်မာဖြစ်လိမ့်မည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ငါးသတ်ရောင်းခြင်း စသော ကံငါးပါးကို ကျူးလွန်မည်ဆိုက သူသည် အဝီစိငရဲသို့ နှစ်တွေကုဋေကုဋာ ချီ၍ကျမည်။ နောက်ဘဝတွင် ခွေး၊ ကြောင် စသော တိရစ္ဆာန်ဖြစ်မည်။ သို့မဟုတ် တရားနှင့်ဝေးသော အပါယ်သို့လားလိမ့်မည်။ ဤတရား၏ ဆိုလိုချက်သဘောမှာ



ဗုဒ္ဓဘာသာဝင်တို့ ကောင်းမှုပြုခြင်းသည် ကောင်းမှုဖြစ်ခြင်း သက်သက်ကြောင့် မဟုတ်။ ထွက်ပေါ်လာမည့် အကျိုးတရားကို မျှော်လင့်၍ ပြုလုပ်ခြင်းသာ ဖြစ်သည်ဟု ဗိုလ်ချုပ်ဖိုက်က ထင်မြင်သည်။ ဤဘဝတွင် ကောင်းမှုကုသိုလ်များလေ နောင်ဘဝတွင် ပျော်ရွှင်ချမ်းသာစွာ နေရလေဖြစ်သည်။

သို့သော် ဤအမြင်မှာ ကတ်သီးကတ်သတ် အပြစ်ရှာလိုသောအမြင်သာဖြစ်သည်။ ဗုဒ္ဓဘာသာသည် ထာဝရဘုရားသခင်ကသာ ဖန်ဆင်းသော ဘာသာဆိုပါက အကောင်းတကာ့ အကောင်းဆုံးဘာသာဖြစ်အောင် ကောင်းသော ဘာသာတရားဖြစ်သည်ဟု မာကိုပိုလိုက ကြေညာခဲ့သည်။ ဗုဒ္ဓဘာသာ၏ သြဇာအရှိန်အဝါအောက်ရှိ မြန်မာတို့၏ စိတ်သန္တာန် ကို နှစ်တွေရာနှင့်ချီပြီး ပုံသွင်းခဲ့ခြင်းဖြစ်သည်။ သို့သော် မွန်ဂိုလူမျိုးတို့ ကား အနည်းနှင့်အများ ပုံသွင်းရခက်သောသူများ ဖြစ်၍ မြန်မာတို့ထံ ဗုဒ္ဓဘာသာဒေသနာ ဖြန့်ခွင့်ရသောအချိန်တွင် မြန်မာတို့သည် မွန်ဂိုအဖြစ် ပင်ရှိသေးသည်။

ဗြိတိသျှစစ်တပ်သည် သီပေါမင်းအား နန်းချရန်အတွက်မန္တလေးသို့ ချီတက်နေစဉ်တွင် အောက်မြန်မာပြည်မှ ဂိုဏ်းချုပ်ဆရာတော်အား မစ္စတာဘားနတ်က ဗုဒ္ဓဘာသာအတွက် စိတ်ပူစရာမလိုကြောင်း၊ အကာအကွယ်ပေးမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ အထက်မြန်မာပြည်တွင် ဗုဒ္ဓဘာသာကို တစ်ပြည်လုံး၏ ဘာသာအဖြစ်ဆက်လက် တည်ရှိစေမည်ဖြစ်ကြောင်းနှင့် အစိုးရက ဗုဒ္ဓဘာသာကို ကာကွယ်စောင့်ရှောက်၍ ချီးမြှင့်မည်ဖြစ်ကြောင်း အာမခံသည်။ "သင်တို့ ဤအတိုင်း ဆုံးဖြတ်ထားခဲ့လျှင် ဗြိတိသျှ၏ ဝါဒလမ်းစဉ် အောင်မြင်မှာ သေချာသည်"ဟု သာသနာပိုင်ဆရာတော်ဘုရားကြီးက အမိန့်ရှိသည်။

အောက်မြန်မာပြည်တွင် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ ညှိုးနွမ်းလျက်ရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ဘာသာ အယူဝါဒ(ဗုဒ္ဓဘာသာ)အင်အားကောင်းသော နေရာတွင် ခရစ်ယာန်ဝါဒ မထွန်းကားနိုင်ပေ။ ပညာရေးသည် အဓိကအားဖြင့် ဘာသာရေးသာဖြစ်သည်။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



က သံဃာတော်များကို အာစရိယ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ သီလရှင်ကို မိန်းကလေးများက အာစရိယ ဆရာအဖြစ်ဖြင့်လည်းကောင်း ချစ်ခင်ကြသည်။ ဤကဲ့သို့သော အထက်တန်း ပညာသင်ကျောင်းများကို ခရစ်ယာန်သာသနာပြု အဖွဲ့ပေါင်းစုံက ဖွင့်လှစ်တည်ထောင်ကြသည်။ ရန်ကုန်ဂိုဏ်းချုပ်ကြီးက ထောက်ပံ့မှုလုပ်ငန်းကို ရှေ့ဆောင်လုပ်သည်။ ဤသို့သော လုပ်ငန်းများတွင် အင်္ဂလိပ်အမျိုးသမီးများနှင့် မြန်မာအမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်ကြသည်။ ရန်ကုန်မြို့တွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ တစ်ခုစီ၏ ကောင်းမွန်ပုံကို ပြတ်ပြတ်သားသား နိုင်နိုင်နင်းနင်း နှိုင်းယှဉ်တွေးနိုင်သူမှာ မနည်းလှပေ။

လွန်ခဲ့သောနှစ်အတွင်း ပေါ်ပေါက်ခဲ့သော စာပေတို့သည် အဓိက အားဖြင့် ဘာသာရေးစာပေများသာ ဖြစ်သည်ဟု အစိုးရပြန်တမ်းက ဆိုသည်။ စာပေထုတ်ဝေရေးတွင် အနုပညာ၊ ဝတ္ထု၊ နိုင်ငံရေး၊ အတွေးအခေါ်စသော စာအုပ်များ ထုတ်ဝေခြင်းမရှိ။ ဥပဒေနှင့်ပတ်သက်၍ စတက်ကျူး ဥပဒေမာတိကာ တစ်အုပ်သာရှိသည်။ အစိုးရပြန်တမ်း အယ်ဒီတာများက "ဤကဗျာများသည် အဓိကအားဖြင့် ဘာသာရေး၊ သို့မဟုတ် အချစ်ရေးသာဖြစ်သည်"ဟူသော ဝေဖန်ချက် ချထားသော ကဗျာစာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။ အစိုးရစာသင်ကျောင်းများ၊ ခရစ်ယာန်သာသနာပြု အထက်တန်း ပညာရေးကျောင်းများသည် ဗုဒ္ဓဘာသာ၏ သင်ကြားမှုများနှင့် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

သံဃာတော်များနှင့် ဘုန်းကြီးကျောင်းများ တည်ငြိမ်တည့်တည်း အထိန်းအကွပ်ရှိရေးအတွက် မရှိလျှင်မဖြစ်သော ဝိနည်းဥပဒေကို အစိုးရ က အသိအမှတ်မပြုနိုင်ဟု ငြင်းဆိုသည်။ ဝိဝါဒ ပြဿနာများ ပေါ်ပေါက် လာလေရာ မဟာန့်မတားနိုင်တော့ချေ။ ထို့ပြင် ဂိုဏ်းဂဏများပင် ပေါ်ပေါက် နေသည်။ မျှော်လင့်ထားသည့်အလား ဘာသာရေးဩဇာ သက်ရောက်မှု မှာ သိသိသာသာကြီး လျော့ပါးသွားသည်။

မြန်မာလူငယ်များသည် အရက်သောက်၊ ဘိန်းစားရန် စိတ်ညွတ်လာကြသည်။ ကျွန်တော်တို့၏ ယစ်မျိုးဥပဒေ၊ ဘိန်းဥပဒေက ဤစိတ်ဓာတ် ပျက်စီးစေမည့် ဒုစရိုက်ကို ကျူးလွန်အောင် နည်းလမ်းတွေကို ဖွင့်ပေးထားသည်။



အဆိုးတကာ့ အဆိုးဆုံးမှာ ဤအစိုးရ လောကဓာတ်ကျောင်းများက အစိုးရလခစားလုပ်ဖို့ ကုမ္ပဏီတွင် စာရေးအလုပ် ရဖို့အတွက် သင်ကြားပေးသည့်နေရာတွင် အထိရောက်ဆုံး သင်ပေးနေခြင်းပင်ဖြစ်သည်။ အောက်မြန်မာပြည်၌ ဗုဒ္ဓဘာသာ ထွန်းကားနေသည်ကို တွေ့မြင်နေသော ခရစ်ယာန် သာသနာပြုများသည် ဗုဒ္ဓဘာသာ ပြိုကွဲသွားမည်ကို ဝမ်းမနည်းကြပေ။ မူလအတိုင်း စင်ကြယ်နေသော ဗုဒ္ဓဘာသာသည် ခရစ်ယာန်ဘာသာ ပြန့်ပွားရေးအတွက် အဟန့်အတားဖြစ်နေသည်ဟု ခရစ်ယာန်တို့က ယုံကြည်ကြသည်။ ခရစ်ယာန် သာသနာပြုပုဂ္ဂိုလ် အများအပြားက ဗုဒ္ဓဘာသာ၏ ကောင်းမွန်မှန်ကန်သော အစိတ်အပိုင်းကို လေးစားကြပြီးလျှင် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ မြင့်မြတ်သော အကျင့်တရားကို အသိအမှတ်ပြုကြသည်။ မြန်မာမှုနှင့်ပတ်သက်၍ ကျွမ်းကျင်နံ့စပ်သည်ဟုထင်ရှားသော ရန်ကုန် ဘုရင်ကျီဂိုဏ်းချုပ်ကြီး ဒေါက်တာဘီဂင်ဒတ်က ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၏ ကျေးဇူးကြောင့်များစွာသော ကောင်းမွန်မှန်ကန်သည့် အချက်များကို ရရှိသည်ဟုဆိုသည်။ ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတို့သည် တိုင်းရေးပြည်ရေးတွင် ဝင်ရောက်စွက်ဖက်ခဲ့သည်ဟု ကြားလည်းမကြားဘူး၊ ဖတ်လည်းမဖတ်ဘူးပါဟု ဘီဂင်ဒတ်က မိန့်ဆိုခဲ့သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များသည် အိမ်တွင်းရေးကိစ္စများကို ဥပေက္ခာပြုသကဲ့သို့ ပြည်တွင်းရေးရာ ကိစ္စများလည်း ထပ်တူထပ်မျှ ဥပေက္ခာပြုထားကြသည်။

ရဟန်းသံဃာတို့ မျက်မှောက်ပြုရသည့် တရားအရနှင့် လိုက်နာရသည့် ဝိနည်းတော်တို့က သာသနာ့ဝန်ထမ်းတို့အား သာသနာမှ အပဖြစ်သော အရာများတွင် ပါဝင်စွက်ဖက်ခြင်းမပြုရန် တားမြစ်ထားလေသည်။ ဘာသာရေးရှုထောင့်မှကြည့်လျှင် သံဃာတော်တို့၏ ဩဇာတိက္ကမသည် အလွန်ပင်ကြီးမားလှသည်။ သံဃာတော်တို့၏ ပရိယတ္တိ သာသနာ

www.burmeseclassic.com



ပေါ်တွင် ဗုဒ္ဓဘာသာကြီးတစ်ခုလုံးသည် အမှီသဟဲပြုလျက် နေရသည်။ ဤပဋိပတ္တိသာသနာကို မြစ်ဖျားခံ၍ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ပြည်သူများ၏ ဘာသာရေးယုံကြည်မှု၊ ကိုးကွယ်မှုကို ကိုင်းရှိုင်းထက်သန်လာစေသော ဘဝရေအလျင် စီးဆင်းလာသည်။

သာသနာ့ဘောင်နေ ရဟန်းသံဃာတို့အား ဘာသာရေးအဖြစ်ဖြင့်လည်းကောင်း၊ ပြည်သူအပေါင်း၏ အထူးသဖြင့် လူငယ်တို့၏ ကန့်ကွက်လက်လှဲ့ ဆရာအဖြစ်လည်းကောင်း၊ ကျွန်တော်တို့ မြင်နိုင်သည်။ ဤသို့ နှစ်ဖက်နှစ်လမ်း အနေအထားကြောင့် ပြည်သူအပေါင်းတို့၏ စိတ်ဓာတ်ကို အကြီးအကျယ် ထိန်းချုပ် ပဲ့ကိုင်နိုင်သည်။ မိမိတို့ ဘာသာဝင်များ၏ အလယ်တွင် အလွန်ထင်ရှား တင့်တယ်လျက်ရှိသည်။ ရဟန်းတို့၏ ပရိက္ခရာ၊ အကျင့်သီလနှင့် ကာမဂုဏ်အာရုံ တရားတို့အား ရှောင်ကြဉ်၍ ခြိုးခြံစွာကျင့်ကြံမှုကြောင့် မိမိတို့အား ကိုးကွယ်နေသူအပေါင်းတို့၏ ကိုးကွယ် အာရုံစိုက်ရာဖြစ်လာသည်။ ရဟန်းသံဃာတော်တို့အား သမုတိသံဃာ အဖြစ်ဖြင့်လည်းကောင်း၊ သာသနာကို စောင့်ထိန်းလျက်ရှိသော ဘုရားသားတော်များအဖြစ်ဖြင့်လည်းကောင်း သဘောထားကြသည်။ မည်ကဲ့သို့ ကျင့်ကြံအားထုတ်ရမည်ဟု မိမိတို့ ဘာသာဝင်အပေါင်းအား ဟောပြော ထားသည့်အတိုင်း မိမိတို့ကလည်း စံနမူနာအဖြစ် ကျင့်သုံးဆောက်တည် ပြသည်။ ရဟန်းသံဃာတို့သည် ကြည်ညိုဖွယ်အကောင်းဆုံး၊ အဘက် ဘက်မှ အနန္တဂုဏ်တို့ဖြင့် ပြည့်စုံသော ဘာသာတရားဖြစ်ကြောင်း လူ အပေါင်းတို့အား ပြလျက်ရှိသော ကြည်ညိုဖွယ် သမုတိသံဃာ ဖြစ်သည်။

မိမိတို့ အချင်းချင်းလည်း တညီတညွတ် တစ်စုတစ်ဝေးနေသည့်အပြင် လူ့လောကနှင့်လည်း အစဉ်တွေ့ထိလျက်ရှိသော သာသနာ့ဝန်ထမ်း ရဟန်းတို့သည် မြန်မာတို့ကဲ့သို့ တစ်ဝက်တစ်ပျက်သာ ယဉ်ကျေးသည့် လူများအား ဘာသာတရား ရေအေး အမြိုက်ဆေးကို တိုက်ကျွေးရာတွင် အလွန်အစွမ်းထက်သော လက်နက်ကြီးဖြစ်ပေသည်။ သံဃာတော်တို့သည် ပြည်သူအပေါင်း၏ ကြည်ညိုလေးစားမှုကို ရရှိနေသည် ဖြစ်လေ



ရာ ပြည်သူများအပေါ်တွင် ဘာသာရေးသြဇာ များစွာညောင်းလျက်ရှိသည်။

ဆရာတော်ကြီးများသည် တပည့်သားမြေးများအား ပိဋကတ်များကို ပို့ချရာ၌လည်းကောင်း၊ လူအများအား ဗုဒ္ဓဘာသာ၏ တရားဒေသနာကို တိုက်ကျွေးရာ၌လည်းကောင်း၊ သံဃာတော်အဖြစ် ရရှိထားသော ကြည်ညိုလေးစားမှုကို အသုံးပြုလေသည်။ ဆရာတော်ကြီးများသည် သာသနာတော်ကိုပြုစု၊ တရားဒေသနာကို လူအများနားလည်လိုက်နာနိုင်အောင် ဟောပြောဆုံးမပြီးလျှင် ပစ္စက္ခလောကတွင်လည်း လူအများ၏ လေးမြတ်ကြည်ညိုမှု အကျိုးတရားကို ရရှိလေသည်။

ဤသာဓကကို ထုတ်ဆောင်ပြရသည်မှာ အောက်မြန်မာပြည်တွင် ဗုဒ္ဓဘာသာ ဆုတ်ယုတ်နေသည်ဟု အရမ်းယုံကြည်ခြင်းမပြုမီ စဉ်းစားဆင်ခြင်နိုင်ရန် ဖြစ်ပါသည်။ မစ္စတာဘားနတ်က တကယ့်အရေးကြီးဆုံးအချိန်တွင် ရန်ကုန်မှ ဂိုဏ်းချုပ်ဆရာကြီးအား အာမဘာန္တေ ခံခဲ့ရသည်။

ဤသို့ အာမဘာန္တေ ခံလိုက်ခြင်းဖြင့် ဝိနည်းတော်ကို အစိုးရအနေဖြင့် အသိအမှတ်ပြုရာရောက်သည်။ အထက်မြန်မာပြည်ရှိ သံဃာတော်တို့၏ စည်းလုံးညီညွတ်ရေး၊ ဝိနည်းသိက္ခာနှင့်အညီ ဖြစ်ရေးကို အစိုးရက ထိန်းသိမ်းစောင့်ရှောက်ပေးမည် ဆိုရာရောက်သည်ဟု အဓိပ္ပာယ်ကောက်ကြသည်။ အထက်မြန်မာပြည်၌ ဗုဒ္ဓဘာသာကို လက်တွေ့အားဖြင့် တည်တံ့ခိုင်မာအောင် ပြုလုပ်ရန်ဝါဒကို ချမှတ်ရာ၌ အစိုးရအနေဖြင့် တိကျပြတ်သားမှုရှိရန် လိုပေလိမ့်မည်။ အကယ်၍ ဤသို့ တိကျပြတ်သားစွာ ဆောင်ရွက်မှုမရှိလျှင် ဝိဝါဒ အဓိကရုဏ်းများ ပေါ်ပေါက်လာနိုင်သည်။ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်မင်းဆက်များသည် ဗုဒ္ဓဘာသာကို ကြည်ညိုမြတ်နိုးသူများဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာသာသနာပြုမင်းကောင်းမင်းမြတ်များ ဖြစ်လာကြသည်။

ယခုအခါတွင် ဘုရင်မင်းမြတ်မှာ ပါတော်မူသွားလေပြီဖြစ်ရာ နေရာတကာ၌ ကြားနေရသည်မှာ ယုတ်စွအဆုံး ဘာသာရေးအတွက်ပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ "အမည်ခံဘုရင်"ရှိသင့်သည်ဟု ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံခြားရေး စသော အရေးကိစ္စကို အင်္ဂလိပ်တို့အနေဖြင့် ကြိုက်သလိုစီမံစေနိုင်သည် သာမညသာ ဖြစ်သည်။ အဓိကမှာ သာသနာ့ဒါယကာမင်း ရှိဖို့ပင်ဟူ၍ ဖြစ်သည်။

အကယ်၍ အစောင့်အရှောက်ခံ မင်းသားတစ်ပါးကို တင်မြှောက်မည်ဆိုပါက သာသနာပိုင်ဆရာတော်ကြီးနှင့် သံဃာတော်တိုင်း အခွင့်အာဏာနှင့် ရှိရင်းစွဲအနေအထားကို တရားဝင်အသိအမှတ်မပြု၍ မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်အုပ်ချုပ်ရေး သက်သက်သည် ကုန်းဘောင်မင်းခေတ်နှင့်အတူ ပျောက်ကွယ်သွားပြီဖြစ်သော လူမှုရေးစည်းလုံးညီညွတ်မှုကို အစားမထိုးနိုင်သောကြောင့် ဖြစ်ပေသည်။ မြန်မာတို့က သီပေါ မင်းနှင့် သူ့အဆက်အနွယ်တော်များအပေါ် အချည်းနှီးထားရှိခဲ့သည် ကြည်ညိုမြတ်နိုးမှု အစွဲအလမ်းကို စလေဒင်က မနှစ်သက်သော်လည်း မဟာဝန်ရှင်တော်မင်းကြီးအနေဖြင့် ရရှိအောင် သို့မဟုတ် ဘုရင်ခံကပင် ဖြစ်စေ ရရှိအောင် ကြိုးစားရန်အတွက် နှစ်အတော်ကြာလိမ့်မည်။

ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှုကို အလွန်လိုလားသော ဘာသာဖြစ်သည်ဟု ဂုဏ်ယူပြောနိုင်ခွင့်ရှိသည်။ သာသနာတော်အနှစ် ၂၅၀၀ အတွင်း ဓါးမိုး၍ သာသနာကိုမပြုခဲ့။ အကြိမ်ကြိမ် ကွပ်မျက်ခံရသော်လည်း ကွပ်မျက်သူကို လက်တုံ့ပြန်ခဲ့ခြင်းမရှိဟု ကြေညာသည်။ ဗုဒ္ဓဘာသာ တရားတော်နှင့် အဆုံးအမကို ခရစ်ယာန်နှင့် မွတ်ဆလင်ဘာသာဝင် နှစ်ရပ်ပေါင်းထက် ကျော်လွန်သော လူသန်းပေါင်း (၅၀၀၀)က လက်ခံယုံကြည် ကိုးကွယ်ကြသည်။ အလွန်နှစ်သက်မြတ်နိုးသော ဘာသာဖြစ်၍ ဘာသာဝင်လူဦးရေကို ချဲ့ကားပြောခြင်းဖြစ်ရာ ကျွန်တော်တို့က ကရုဏာဖြင့် နားထောင်သင့်သည်။

အဝါရောင်သင်္ကန်းပေါ်၌လည်း သံချပ်ဝတ်စုံ ဝတ်သည်ကို မတွေ့ဘူး။ သံဃာတော်များ စစ်ပြောသံပေးခြင်းကိုလည်း မကြားဘူးဟု ဆိုခြင်းသည် အနည်းနှင့်အများ မှန်သည်ဟုယူဆသည်။

မိခင်၏နို့ရည်နှင့်အတူ ဖော်ပြခြင်းငှာ မတတ်သာသော ဘာသာ



ရေး၊ စိတ်ဓာတ်ရေး၊ ကိုယ်ကျင့်တရားနှင့် ပတ်သက်သော အထက်တန်းကျသည့် အသိဉာဏ်များကို မမိုတ်မသုန် သောက်သုံးခဲ့ရသဖြင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်ကြီးတွင် လက်ဦးဗိုလ်ကျနေသော လူမျိုးများအလယ်တွင် မြန်မာတို့က ဗိုလ်တက်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်နက်နိုင်ငံကြီး တည်ဆောက်သူ တကယ့်နိုင်ငံရေးသမား (ကုန်းဘောင်ခေတ်မင်းများ) သည် မိမိတို့၏ရည်မှန်းချက် အောင်မြင်ရေးတွင် ကောင်းစွာအကျိုးပြုခဲ့သော ဘိုးဘေးတို့၏ တကယ့်လက်တွေ့ထုံးတမ်းနည်းလမ်း အဖြာဖြာတို့ကို မပစ်ပယ်ခဲ့ပေ။

လွန်ခဲ့သော နှစ်ရာစုအလယ်တွင် မုဆိုးဖိုရွာမှ သူကြီးဖြစ်သူ အလောင်းမင်းတရားကြီးသည် စစ်ဗျူဟာလမ်းကို ဓါးရမ်းပြီး တောက်လျှောက်စစ်ခင်းကာ အာဏာပြ၍ တက်ခဲ့သည်။ ဤသို့ စစ်ဗျူဟာခင်းကျင်း ရန်အတွက် ရွေးချယ်ခဲ့သောလမ်းမှာ သေနင်္ဂဗျူဟာမြောက်လှရာ အလောင်းမင်းတရားကြီးသည် စစ်ပါရဂူကြီးဖြစ်ကြောင်း ကောင်းကောင်းကြီး သက်သေခံလျက်ရှိသည်။ သူ တိုက်ပွဲများကိုတိုက်ရင်း သတ်သင့်သူများကို အပြီးလိုက် သတ်ခဲ့သည်။ မင်းဆက်ကိုတည်ထောင်ခဲ့သောသူက သူ၏ကြမ်းကြုတ်မှုနှင့် အကြင်နာကင်းမဲ့သော စိတ်ထားကို အရိုက်ရာခံသူများထံ အမွေထားခဲ့သည်။ မိမိ၏ ရာဇပလ္လင် တည်မြဲရေးအတွက် ဖြစ်ပေါ်ခဲ့သော လူသတ်ပွဲတွင် သီပေါမင်းသည် အမှန်အားဖြင့် အပြစ်ကင်းခဲ့သည်။ သို့သော် သီပေါမင်းသည် ဖြစ်ခဲ့သမျှတို့၏ ရုပ်ပြဓါးစာခံဖြစ်သည်ဆိုပါက ကျွန်တော်တို့ခေတ်ထိအောင် သီပေါမင်း အသက်ရှင်လျက် ရှိနေခြင်းမှာ အလောင်းဘုရားမင်းဆက်၏သတ္တိကြောင့် ဖြစ်ကြောင်း စုဖုရားလတ်က သွေးအေးအေးနှင့် ပြလိုက်ခြင်းဖြစ်လေသည်။

အနောက်နိုင်ငံ ပညာရှိကြီးများ မထွင်သေးမီ အစောကြီးကပင် မြန်မာ့နိုင်ငံရေးသုခမိန်များက 'ရက်စက်မှုကြောက်ကွဲ ရုံမှ မင်းဖြစ်'ဟူသော တရားကို အသိအမှတ်ပြုထားကြသည်။ လွန်ခဲ့သော အနှစ်(၆၀) က အိန္ဒိယအစိုးရ (အင်္ဂလိပ်)နှင့် စေ့စပ်ဆွေးနွေးမှု ပျက်ပြားပြီး စစ်ဖြစ်ခဲ့ရသည်။ ထိုစေ့စပ်ဆွေးနွေးမှု ပြုလုပ်နေစဉ်အတွင်း အင်္ဂလိပ်ကိုယ်စားလှယ်

www.burmeseclassic.com

www.burmeseclassic.com



အား အေးချမ်းငြိမ်သက်နေသည့်အချိန်တွင် မြန်မာတို့သည် တရားဥပဒေ ကို ရိုသေ မှုမလေ့ထုံးတမ်းကို လေးစားကြသော အေးအေးလူလူနှင့် ပေါင်း သင်းကောင်းသူများဖြစ်သည်။ သို့သော် သူတို့အား သွားစမိသူ ရန်သူကိုမူ ကြောက်စရာကောင်းလောက်အောင် တိုက်ခိုက်တတ်သည်ဟု ကိုယ်စား လှယ်တော်နှင့် သက်ဆိုင်သူများထံ အသိပေးထားသည်။ မြန်မာတို့သည် လုံးဝပြောင်းလဲသွားကြပြီးလျှင် ကျူးကျော်ရန်စလာသူကို အကြင်နာ ကင်းမဲ့စွာ သတ်ဖြတ်ပစ်ကြသည်။ သစ္စာဖောက်သူကို ကားကြက်ပြီး လွ နှင့်တိုက်ကြသည်။ ဤကား ကြွားပြောခြင်းမဟုတ်ပေ။ စစ်ဖြစ်နေစဉ် အတွင်း အိန္ဒိယနယ်စပ်မှ နယ်တစ်နယ်ကို ဝင်ရောက်တိုက်ခိုက်ပြီး သုံ့ပန်း များခေါ်သွားသည်။ သုံ့ပန်းများ၏ရွာများမှ သိမ်းယူလာသော ပစ္စည်းများ ကို သုံ့ပန်းများအား မတန်စာဆ သယ်နိုင်းသည်။ ကလေးတွေချီလျက် ပါသော မိန်းမသုံ့ပန်းများမှာ လုယက်လာသော ပစ္စည်းတွေကို ကလေး တစ်ဖက်ကြောင့် မသယ်နိုင်ကြသဖြင့် ကလေးတွေကို ခေါင်းဖြတ် မြစ်ထဲ မျှောလိုက်သဖြင့် မပင်္ဃာဖြစ်ကုန်ကြသည်။ ထို့နောက်တွင်ကား ကလေး အမေများသည် အထုပ်အပိုးကို သယ်နိုင်ကြလေသည်။

မည်သို့ပင်ဆိုစေ မြန်မာတို့သည် ယေဘုယျအားဖြင့် ကြင်နာ တတ်သည်။ ဆက်ဆံ၍ကောင်းသည်။ ဖော်ရွေသည်ဟူသော ဂုဏ်သတင်း ရှိသည်ဟု ဆိုရပေမည်။ မြန်မာတို့သည် ရိုးသား၍ ဖြောင့်မတ်တည်ကြည် ကြသည်။ သူတို့စိတ်ထဲရှိသည့်အတိုင်း ပြောကြသည်။ သို့သော် ထားခဲ့ သောကတိအတိုင်း ဆောင်ရွက်ရန် မေ့သွားသောအခါ စကားကိုချက်ခြင်း လွှဲပစ်လိုက်တတ်သည်။ တစ်နေ့ကို တစ်ကျပ်ပေးထားသော ကူလီသည် ပင် ကံခေသောအလုပ်ရှင်ကို ပစ်ထားခဲ့ပြီး ဗြုန်းကနဲ ပွဲကြည့်ထွက်သွား တတ်သည်။ ၂ ရက်ခန့်ပွဲအရှည်ကြီးကို ဆက်တိုက်ကြည့်ပြီးနောက် အနား ယူပြီးလျှင် အိတ်ထဲက ငွေယားကလေး ကုန်သွားသဖြင့် အလုပ်လုပ်ချင် စိတ်ပေါက်လာမှ ပြန်လာတတ်သည်။

ကိုယ့်ကိုယ်ကို သက်သောင့်သက်သာနေခြင်းဖြင့် ဒုက္ခသုက္ခကို နည်းနိုင်သလောက်နည်းအောင် လုပ်ရမည်။ အပိုသက်သက်ဖြစ်သော



ပင်ပန်းကြီးစွာ လုပ်ကိုင်မှုကို ရှောင်ကြဉ်ခြင်းသည် မရှောင်သာသော ချို မြိန်မွှန်မြတ်သည့် တာဝန်ဝတ္တရားကြီး ဖြစ်ပေသည်။

မြန်မာတစ်ယောက် အနှိပ်အစက် ခံရပြီဆိုလျှင် သူ့ကိုယ်သူ သတ်သေမလား၊ နှိပ်စက်မှုကို ဒေါသအမျက် ချောင်းချောင်းထွက်ပြီး တွေ့ ရာသမျှင်း ဓါးမဆိုင်း သတ်ပစ်မလား ဆိုသည်မှာ ခေါင်းပန်းလှန်၍ ပြောရ မည့်ကိစ္စဖြစ်သည်။ သို့သော် ယေဘုယျအားဖြင့်ပြောရလျှင် ဗုဒ္ဓဘာသာ သည် မြန်မာတို့၏ ဘဝတစ်ခုလုံးကို လမ်းပြလျက်ရှိသည်။ ယဉ်ကျေး သိမ်မွေ့အောင် ဆုံးမလျက်ရှိသည်။ အားလုံးခြုံလိုက်ရလျှင် တစိမ်းတရံစာ အနေဖြင့် မြန်မာလူမျိုးတို့သည် ဆက်ဆံရေး ပြေပြစ်သူ၊ ဦးမလေး ပွဲမလေး ကူညီတတ်သူဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်ဘုရားအား ယုံကြည် ကိုးကွယ်မှု သည် လူအသိန်းအသန်းအား ငြိမ်းအေးစေသော အကျွတ်တရားကို ရရှိစေ ပြီးလျှင် မွန်ဂိုတို့၏ ကြမ်းကြုတ် ခက်ထန်မှုစရိုက်ကိုပင် နူးညံ့သိမ်မွေ့ လာစေသည်။

◂◂ ▸▸

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးဝါဒ

အထက်မြန်မာပြည်သို့ ရောက်လာခိုက် သီပေါမင်း နန်းအတက်တွင် ပေါ်ပေါက်ခဲ့သော နန်းတွင်းလူသတ်ပွဲကြီးတွင် မပါဘဲ သက်ဆိုးရှည်ခဲ့သော မင်းတုန်းမင်း၏ အနွယ်တော်များဖြစ်သည့် မိဖုရားများ၊ သမီးတော်များနှင့် ကံကောင်းထောက်မ၍ လူကိုယ်တိုင် တွေ့ဆုံခွင့်ရခဲ့သည်။ နလုံးတုန်ဖွယ်ကောင်းသော ကာလဆိုးကြီးတွင် အတွင်းကျကျ ပါဝင်ခဲ့ပြီး ကံဖယ်၍ အသက်မသေဘဲ ကျန်ရစ်ခဲ့သူတို့ထံမှ သိရသော အချက်အလက်များက ရာဇဝင်တွင် အဆိုးဝါးဆုံး အမည်းကွက်ကြီး ဖြစ်ပေါ်လာခြင်း၏ လျှို့ဝှက်သော အကြောင်းရင်းတစ်ခုကို ထင်းကနဲ လှစ်ပြလိုက်သည်။

ယင်းအမည်းကွက်ကြီး၏ နလုံးတုန်ဖွယ် အားလုံးကို နိုင်ငံခြားရေးနှင့် နိုင်ငံရေးရှုထောင့်မှ အကျဉ်းအားဖြင့် ဖော်ပြရာတွင် မန္တလေး (အင်္ဂလိပ်သံအမတ်)ထံမှ အိန္ဒိယအစိုးရထံသို့ ပေးပို့သော တရားဝင် အစီရင်ခံစာများထဲမှ ကောက်နုတ်ချက်တစ်ချို့ထက် ကျွန်တော်ကသာအောင် ရေးနိုင်မှ ရေးနိုင်ပေမည်။ သီပေါမင်း၏ ပြုမူဆောင်ရွက်ချက်ကြောင့် ဖြစ်ပေါ်လာသော အခြေအနေမှာ တစ်စတစ်စ ပြင်သစ်တို့နှင့် ပူးပေါင်းငြိစွန်းလာရပုံနှင့် ဗြိတိသျှတို့ ဝင်ရောက်တိုက်ခိုက်ရပုံတို့ကို ရေးရန် မရည်ရွယ်ခဲ့သော်လည်း မရေးလျှင်မဖြစ်သော အချက်ဖြစ်သည်။



၁၈၇၈ ခုနှစ်၊ အောက်တိုဘာလတွင် မင်းတုန်းမင်းကြီး နတ်ပြည်စံတော်မူသည်။ နောက်တစ်ခန်းတွင် ဖော်ပြမည်ဖြစ်သော သက်ဆိုးရှည်ကျန်ခဲ့သူ မင်းတုန်းမင်း၏ အနွယ်များ၏ အဆိုအရ မင်းတုန်းမင်းကြီးသည် အဆိပ်မိ၍ နတ်ပြည်စံရခြင်းဖြစ်သည်။ မင်းတုန်းမင်းကြီး အရေးပေးခံရသော အလယ်နန်းမတော်က သီပေါမင်းသားအား ထီးမွေနန်းမွေခံရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အလယ်နန်းမတော်ကြီးသည် သားယောကျ်ားများမရှိသဖြင့် သမီးတော်ကို သီပေါမင်းသားနှင့် လက်ဆက်ထားလျှင် သူ့သမီးတော် ရာဇပလ္လင်ပေါ် ထိုင်နိုင်မည်ဟု ဆုံးဖြတ်ထားသည်။ သီပေါမင်းသားသည် အရေးပေးခြင်းမခံရသော သားတော်ဖြစ်လေရာ အလယ်နန်းမတော်၏စကားကိုသာ နားထောင်နေသည်ဟု နန်းတွင်း၌ တီးတိုးပြောကြသည်။ ဤအချက်ကြောင့်ပင် သီပေါမင်းသားအား ထီးမွေခံရန် ရွေးချယ်ခြင်းဖြစ်သည်။ ဤအစီအစဉ်ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့သည်။ မန္တလေးရှိ စစ်တပ်များ၏ တပ်မှူးဖြစ်သော တိုင်တားမင်းကြီးသည် အစီအစဉ်မှ ပါဝင်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် မင်းတုန်းမင်းကြီး၏ အခြားသောသားတော်များက တန်ပြန်လုပ်ကြံ၍ အောင်မြင်သွားသည်ဆိုပါက တောင်နန်းစံမိဖုရားကြီး (အနောက်နန်းမတော် ဆင်ဖြူမရှင်ကို မျက်စိလည်ပြီး တောင်နန်းစံဟုရေးဟန်တူပါသည်။) သမီးတော်နှင့် သီပေါမင်းတို့သည် ဓါးမဆိုင်းဘဲ နီးရာသချိုင်း အပို့ခံရမည်ဖြစ်သည်။

မိမိတို့အား အန္တရာယ်ကြီးမှလည်း လွတ်စေရန်နှင့် ဘုရင်သစ်ရာဇပလ္လင် တည်မြဲရေးအတွက်လည်း စိတ်ချစေရန်အတွက် တောင်နန်းစံမိဖုရားကြီး (အနောက်နန်းမတော်)နှင့် ဒုတိယ သမီးတော်ဖြစ်သူ စုဖုရားလတ်တို့က လူသတ်ပွဲကြီး ကျင်းပရန် စီမံလေသည်။ သီပေါမင်းသားသည် သာသနာ့ဘောင်၌ စာပေပရိယတ္တိများကို သင်ကြားနေရာ ယခုအချိန်အထိ သင်္ကန်းဝတ်ထားဆဲပင် ရှိသေးသည်။

ထိုအကြံအစည်အားလုံးကို သီပေါမင်းသား လုံးဝမသိဟုယုံကြည်ရန် အကြောင်းရှိသည်။ အင်္ဂလိပ်တွေက ကြေညာပြီး သိမ်းပိုက်ရန် ရောက်လာ၍ သူ့ ကံဆိုးမိုးမှောင်ကျတော့မည်ကို သီပေါမင်းသား မသိလိုက်

www.burmeseclassic.com

www.burmeseclassic.com



သလိုပင် သူ့အမည်ကို အသုံးပြု၍ ပထမဆုံးလူသတ်ပွဲ ကျင်းပခဲ့သည်ကိုလည်း သီပေါမင်းအား အသိမပေးဘဲထား ခဲ့သည်။

မည်ကဲ့သို့ပင် ဆိုစေကာမူ မန္တလေးမှ ကိုယ်စားလှယ်တော် မစ္စတာရှောက ကာလကတ္တားရှိ နိုင်ငံခြားရေးဌာန အတွင်းဝန်ထံသို့ အောက်ပါအတိုင်း ကြေးနန်းရိုက်လိုက်သည်။

"နတ်ပြည်စံဘုရင်ကြီး၏ သားတော်များနှင့်အတူ ကြင်ယာတော်၊ ရင်သွေးတော်များအာလုံး ၈၀ ခန့်ကို ဘုရင့်အမိန့်ဖြင့် ကြည်းတိုက်ထဲတွင် ညစဉ်ဆက်၍ လူသတ်ပွဲကြီး ပြုလုပ်ခဲ့သည်။ လှုံ့ဆော်မှု၊ လုပ်ကြံမှု စသည်တို့မရှိ။ ဝန်ကြီးများက သဘောမတူဟု ထင်ရသည်။ ပြည်သူတွေ ကြောက်လန့်တကြားဖြစ်နေသည်။ နောက်ထပ် လူသတ်ပွဲထပ်လုပ်လျှင် (ဗြိတိသျှ)အလံတော်ကို ရုပ်သိမ်းပစ်မည်ဟု ကျွန်တော်က ခြိမ်းခြောက်ထားသည်။

နောက်တစ်ချီ လူသတ်ပွဲလုပ်သောအခါ ၈၀ မှ ၃၂ယောက် သို့ လျော့ သွားသည်။ ဝန်ကြီးများက ဤကိစ္စ သဘောမတူကြဟုသောထင်မြင်ချက်မှာ ကောက်ချက်အမှားကြီးအပေါ် အမှီပြု၍ ပေါ်ပေါက်ခြင်းဖြစ်သည်။ အသတ်ခံရသူများ၏ အကြောက်လွန်ပြီး စိတ်ထိခိုက်နေကြသော ယောက်ျားမိန်းမ မိတ်ဆွေသင်္ဂဟများက ကိုယ်စားလှယ်တော်အားပြောခြင်းဖြစ်ရာ ဤအချိန်မျိုးတွင် အမှားအမှန်ကို အတိအကျ စုံစမ်းစိစစ်ရန် မဖြစ်နိုင်ချေ။ သို့သော် သူတို့ပြောသော အချက်အလက်များသည်အခိုင်အမာ မှန်ကန်ကြောင်း နောင်အခါ တွေ့လာရသည်။

ထိုနေ့ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ ညနေမှာပင် မစ္စတာရှောသည် သူ၏အတွင်းရေး နေ့စဉ်မှတ်တမ်းတွင် အောက်ပါအတိုင်း ရေးမှတ်ထားသည်။

"ယနေ့နံနက်တွင် မငြင်းကွယ်နိုင်တော့သော သတင်းဆိုးကြီးမှာ အားလုံးအမှန်ဖြစ်ကြောင်း အတည်ပြုသည့် သတင်းရသည်။ ရရှိထားသော အချက်အလက်များကို စုပေါင်းလိုက်လျှင် စနေနေ့ညက နိုင်ငံရေးအကျဉ်းသားများအတွက် ရှင်းလင်းထားသော ကြည်းတိုက်၌ နိုင်ငံရေး



အကျဉ်းသားများကို သုတ်သင်မှု စတင်သည်ဟု ထင်မြင်သည်။ အချို့ကို ၎င်းည၌ပင် သတ်ဖြတ်၍ ကျန်အကျဉ်းသားများကို နောက် ၂ ည ဆက်၍ သတ်သည်။ ကြည်းတိုက်ဝင်းအတွင်း၌ တွင်းကြီးတွေတူးသည်။ ၎င်းတွင်းထဲသို့ အကျဉ်းသားများ၏ ရုပ်အလောင်းကို မြှုပ်နှံသည်။ မိန်းမတွေ၊ ကလေးတွေက သူတို့အား ချမ်းသာပေးရန် အချည်းနှီးတောင်းပန်ကြပုံ ထိခိုက်ဖွယ် သတင်းစုကို ကြားရသည်။ သူတို့တတွေ မအော်နိုင်အောင် ပါးကွက်သားတွေက လည်ပင်းကို ညှစ်သတ်ကြသည်။ အချို့မှာ အရက်ရှိန်ရနေသောသူများ၏ တုတ်တိုဖြင့် လည်မျိုကို အနှက်ခံရသည်။ ရုတ်တရက် အသက်မထွက်သဖြင့် ဆက်ခါဆက်ခါ နှက်ရသည်။ ယခုအခါ ရက်ရက်စက်စက် ကွပ်မျက်နေကြသော ပါးကွက်သားများသည် ဤကိစ္စအတွက် ထောင်မှ တမင်သက်သက် လွှတ်လိုက်သော အဆိုးဝါးဆုံး ရာဇဝတ်ကောင်များဖြစ်ကြသည်။ မင်းသားများအနက် အကြီးဆုံးဖြစ်သူ သုံးဆယ်မင်းသား တစ်ဦးတည်းသာ သတ္တိပြသွားသည်။ သုံးဆယ်မင်းသားက ရယ်လျက် သူ့ညီတော်များအား "ကဲ. . . ငါမပြောဘူးလား၊ သေမှပဲ လွှတ်မှာလို့"ဟု ပြောသည်ဆို၏။ တနင်္ဂနွေနေ့ည (၁၆ ရက်နေ့)တွင် ထုံးစံအရ အနွယ်တော်မင်းသားများ၏ အလောင်းကို လှည်း ၈ စီးဖြင့် နန်းတွင်းမှနေ၍ သယ်လာကာ အာဋ္ဌဝီ တံခါးမှထွက်ပြီး မြစ်ထဲချလိုက်သည်။ အခြားသူများ၏ အလောင်းကိုမူ ကြည်းတိုက်၌တူးပြီး ကျင်းကြီးထဲ မြှုပ်ပစ်လိုက်သည်။

ဤကြက်သီးထဖွယ် သတင်းဆိုးကြီး အိန္ဒိယပြည်သို့ ရောက်လာသောအခါ တစ်ပြည်လုံးက ကြောက်လန့် စက်ဆုတ်သွားကြသည်။ (အင်္ဂလိပ်)အစိုးရက အပြင်းအထန် ကန့်ကွက်လွှာပို့ပြီးလျှင် ဤကဲ့သို့သော အပြုအမူသည် ဗြိတိသျှအစိုးရနှင့် ဖီလာဖြစ်လျက်ရှိကြောင်း ဘုရင်အား သတိပေးလိုက်သည်။ ဤသို့ ခြိမ်းခြောက်လိုက်သောစာကို ပြန်ကြားလိုက်သောစာမှာ "မြန်မာနိုင်ငံတော် နယ်ပယ်အရပ်ရပ်ကို စိုးမိုး အုပ်ချုပ်တော်မူသော မင်းတရားကြီးသည် အချုပ်အခြာပိုင်သော မင်း[illegible]သည်နှင့်အညီ နိုင်ငံတော်အတွင်း မငြိမ်မသက် ဖြစ်ဖွယ်ရာအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာလျှင် စီမံပြုလုပ်ရန် အခွင့်အာဏာရှိသည်။ ဤသို့ ဘုရင်မင်းမြတ်ပြုတော်မူသော အမှုသည် အခြား သူတစ်ပါး၏ အပြစ်တင် ဆိုဖွယ်ရာရှိ မရှိကို ဂရုပြုရန်မလိုကြောင်း"ဟူ၍ ဖြစ်သည်။

ဤမောက်မာလှသော ပြန်ကြားချက်ကို နောက် ၁ ရက်၊ ၂ ရက် အကြာတွင် နိုင်ငံခြားရေးဝန်ကြီးထံမှ အနာဂတ်နှင့် အတိတ်ကာလကို သုံးသပ်၍ လိုအပ်သလို ပြုလုပ်ခြင်းဖြစ်ကြောင်း စာတစ်စောင်ဖြင့် ထပ်မံဖြည့်စွက်သည်။

"ကိုယ်စားလှယ်တော်၏ ၁၈၇၉ ခု၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့စွဲပါစာနှင့် ၂၀ ရက်နေ့စွဲပါ စာအသီးသီးကို ဝန်ကြီးက ကောင်းစွာရရှိပါသည်။ သက္ကရာဇ် ၁၂၂၄ (၁၈၆၂)ခု နတ်ပြည်စံ မင်းတရားကြီးလက်ထက်တော်၌ မြန်မာအစိုးရနှင့် ဗြိတိသျှအစိုးရတို့ မဟာမိတ် စာချုပ်ချုပ်ဆိုပြီးသည့် အချိန်မှစ၍ ရာဇမဟာမိတ် ချစ်ကြည်မှုရရှိခဲ့ရာ၊ ထိုသို့ရရှိခဲ့သော ရာဇမဟာမိတ် ချစ်ကြည်ရေးနှင့်အညီ ဗြိတိသျှအစိုးရပိုင်သော နယ်ပယ်အရပ်ရပ်တို့ ငြိမ်းချမ်းသာယာဝပြောစေရန် မြန်မာအစိုးရက အစဉ်အမြဲ မျှော်လင့်ဆုတောင်းလျက်ရှိပါသည်။ ထို့ပြင်တဝ ဗြိတိသျှအစိုးရကလည်း မြန်မာအစိုးရပိုင်သော နယ်ပယ်အရပ်ရပ်တို့ကို ထိုနည်းတူပင် မျှော်လင့်ဆုတောင်းလျက် ရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ သုတ်သင်မှု၊ ထိန်းကွပ်မှုနှင့် စပ်လျဉ်း၍ တိုင်းပြည် မငြိမ်မသက်ဖြစ်ဖွယ် ရာအကြောင်းပေါ်ပေါက်သောအခါမျိုးတွင် ရှေ့နောက် စဉ်းစားချင့်ချိန်၍သာ ဤသို့သော အရေးယူဆောင်ရွက်မှုမျိုးကို ပြုလုပ်ခြင်းဖြစ်သည်ဟု ဝန်ကြီးအားမှာကြားလိုပါသည်။ တိုင်းပြည်အား မငြိမ်မသက်ဖြစ်အောင် လုပ်မည့် မဟုတ်သူအား ထိန်းသိမ်းရန် ဖယ်ရှားရန် ရည်ရွယ်ခြင်းမရှိသည့်ပြင် ၎င်းတို့အား ပျော်ရွှင်ရောင့်ရဲစွာ နေစေလိုသော ဆန္ဒရှိပါသည်။ ကိုယ်စားလှယ်တော်၏ စာတွင်ပါသောအချက် ဆိုလိုသည်မှာ ဘုရင်မင်းမြတ်မြို့နက်အတွင်း၌နေထိုင်ရန် မလိုလားအပ်သောသူများကို စောင့်ရှောက်ရန် အတွက် ကိုယ်စားလှယ်တော်ထံ လွှဲအပ်ရန်ကိစ္စမှာ ရာဇမဟာမိတ်တို့၏ ရှိအပ်သော စိတ်ထားနှင့် တညီတည်းကျသဖြင့် ဝန်ကြီးကိုယ်စားလှယ်



တော်အား ကျေးဇူးတင်ပါသည်။"

မြန်မာအစိုးရသည် စစ်ပြင်လေတော့သည်။ (၁၅၀၀၀)မှ (၁၆၀၀၀) အတွင်းရှိသော တပ်မတော်သားများအား ဘုရင်မင်းမြတ်က စစ်ဆေးကြည့်ရှု ဗိုလ်ရှုခံသည်။ စစ်ပြင်ဆင်သူများကို အိန္ဒိယအစိုးရက မကျေမနပ်ဖြစ်မည်လောဟု မြန်မာဝန်ကြီးများက စိုးရိမ်သည်။ အောက်မြန်မာပြည်ရှိ ဗြိတိသျှ မြို့စောင့်တပ်များကို အင်အားဖြည့်သည်။ အိန္ဒိယအစိုးရသည် သီပေါမင်း၏ ကြမ်းကြုတ်ခက်ထန်လှသောဝါဒကို ရွတ်ချလျက် အပြင်းအထန် ကန့်ကွက်စာပေးရုံဖြင့် နှစ်သိမ့်ကျေနပ်လိုက်ရသည်။ သို့ဖြင့် တင်းမာမှု အကြပ်အတည်းမှာ တစ်ခန်းရပ်သွားသည်။ ဤကဲ့သို့သော ပြုမူမှုကို နောက်ထပ် ထပ်မံပြုလုပ်ပါက အပြင်ထန်ဆုံးသော မကျေနပ်မှုနှင့် တွေ့ကြရမည်ဖြစ်ကြောင်းကို သီပေါမင်းအား ရှင်းရှင်းလင်းလင်းအကြောင်းကြားပြီးဖြစ်သည်။ သို့ရာတွင် လူသတ်မှုများဖြစ်သေးသည်။ အသတ်ခံရသူမှာ နန်းမတော်ကြီးလက်စွဲ အပျိုတော်ဖြစ်သည်။

အချို့လူဆိုးလူညစ်များက အပျိုတော်သည် နိုလွှဲနေသော မင်းသား၏ ဓာတ်ပုံကို အရင်ပေးခဲ့ဖူးသော အမျိုးသမီးထံသို့ မကြာမီက ပေးပို့ခဲ့ကြောင်း မဟုတ်မမှန်စွပ်စွဲသည်။ ဘုရင်မင်းမြတ်က ၎င်းအမျိုးသမီးနှင့် သူ့မောင်ကို ကွပ်မျက်ရန် အမိန့်ပေးသည်။ ကြည်းတိုက်၌ အမျိုးသမီးကို နေ့တိုင်း ထမင်းလာပို့ပေးသော သူ့မိခင်နှင့်အတူ ပါးကွက်သားတို့ကို တွေ့သည်။ ပါးကွက်သားတွေ သုတ်သင်ရန် ဝင်လာသည်ကို တွေ့သောအခါ အမေလုပ်သူက ကြောက်လန့်တကြား အော်ဟစ်ပြီးလျှင် ကြည်းတိုက်မှ ကတိုက်ကရိုက် ထွက်ခွာသွားပြီး ချက်ချင်းပင် သူ့သားထံ သွားရောက်သတင်းပေးသည်။ အမျိုးသမီးမှာ မြန်မာတို့၏ ထုံးစံအရ ကွပ်မျက်လိုက်သည်။ လက်နှစ်ဘက်ကို ဒူးကြားထဲထည့်၊ လည်ပင်းကို ကြိုးနှစ်ချောင်းနှင့်ချည်ထားသည်။ ကြိုးတစ်ဖက်ကို တစ်ယောက်ဖြင့် တစ်ဖက်တစ်ချက်က ဆွဲထားခြင်းဖြင့် ခေါင်းကိုမထောင်နိုင်အောင် ဆွဲထားသည်။ ဤသို့နေစဉ်တွင် အခြားတစ်ယောက်က လည်မျိုကို ဝါးရင်းတုတ်နှင့်နှက်သည်။ အပျိုတော်မိန်းကလေးသည် ငယ်ရွယ်သန်မာသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ (၇)ချက်ရိုက်မှ သေသည်ဟု ပါးကွက်သားတွေကပြောသည်။ အလယ်နန်းမတော်ကြီးက အပျိုတော်၏အသက်အတွက် ကြားဝင်၍ ပြော သော်လည်း အချည်းနှီးဖြစ်၍ ကံဆိုးမအတွက် လှိုက်လှိုက်လှဲလှဲ ငိုရ သည်။ ပုဏ္ဏားဝန်အိမ်သို့ အာဏာသားတွေ ရောက်သောအခါ ပုဏ္ဏားဝန် ထွက်ပြေးသွားပြီကို တွေ့ရသဖြင့် ပစ္စည်းကို သိမ်းပိုက်ခွဲဝေယူရုံဖြင့်သာ ကျေနပ်ကြရတော့သည်။

၁၈၇၉–ခု ဩဂုတ်လတွင် မန္တလေးရှိ ကိုယ်စားလှယ်တော်၏ အခြေအနေမှာ ဆက်လက်နေရန် စိတ်မချရတော့သဖြင့် အိန္ဒိယအစိုးရ ကိုယ်စားလှယ်တော်အား ပြန်လည်ထွက်ခွာလာရန် ညွှန်ကြားလိုက်သည်။ ညောင်ရမ်းနှင့် ညောင်အုပ်မင်းသား နှစ်ပါးတို့သည် လူသတ်ပွဲမပြုလုပ် ခင်ကပင် ကိုယ်စားလှယ်တော်ထံသို့ ထွက်ပြေးခိုလှုံလာကြရာ လုံခြုံရေး အတွက် ကာလကတ္တားသို့ ပို့လိုက်ရသည်။

ဉာဏ်ပညာထက်မြက်၍ သနားကြင်နာတတ်သော ညောင်ရမ်း မင်းသားအား နတ်ပြည်စံမင်းတရားကြီးက အရိုက်အရာဆက်ခံရန် ကြံရွယ်တော်မူထားသည်။ ညောင်ရမ်းမင်းသားကို လုပ်ကြံသတ်ဖြတ်ရန် အတွက် အတွင်းလူများကို မန္တလေးမှ ကာလကတ္တားသို့ စေလွှတ်လိုက် သည်ဟု အိန္ဒိယအစိုးရက သတင်းရသည်။ ရဲသားများက အတွင်းလူ သက်မကင်းသူတို့အား သူတို့က စောင့်ကြည့်နေကြောင်းပြောလိုက် ချက်ခြင်းပင် မြန်မာပြည်သို့ ပြန်သွားကြသည်။ ကာလကတ္တားရောက် သော မင်းသား၏မယ်တော်နှင့် နှမတော်ကိုမူ မသတ်ဘဲ ဓါးစာခံအဖြ နန်းတွင်း၌ အကျဉ်းချထားသည်။ လွတ်မြောက်ထွက်ပြေးသွားမည်စိုး သံခြေကျင်းခတ်ထားသည်။

မြစ်တွင်း၌သွားလာနေသော သင်္ဘောကို မြန်မာတို့က တိုက်ခိုက် သည်အထိ အခြေအနေတင်းမာလာသည်။ ဆာ ချားလ်စ်က လက်ရှိ တ စာချုပ်များကိုဖျက်သိမ်းပြီး ဗြိတိသျှ အကျိုးစီးပွားအတွက် သက်သက်သ ကြည့်သော ဘဏ္ဍာရေးအစီအစဉ်မျိုး ပြင်ဆင်သတ်မှတ်သင့်သည်ဟု အ ပြုသည်။ ဤဝါဒလမ်းစဉ် အကောင်အထည်ဖော်ရန်အတွက် အထ



မြန်မာပြည်သို့ ဆားနှင့်ဆန်တင်ပို့ခြင်းကို ရပ်ဆိုင်းလိုက်ခြင်းဖြင့် အငတ် ဘေးနှင့်အကြပ်ကိုင်ပြီး အထက်မြန်မာပြည်ကို အောက်ကျို့လာအောင် လုပ်ရမည်ဟု အကြံပေးထားသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် မြန်မာ အစိုးရ အောက်ကျို့လာမည်မဟုတ်ပေ။ ထို့ကြောင့် အိန္ဒိယအစိုးရက ကုန် ပစ္စည်းများတင်ပို့ခြင်းကို ပိတ်ဆို့ရပ်ဆိုင်းရန် မပြုသင့်ဟုဆုံးဖြတ်သည်။ သို့ရာတွင် မဟာဝန်ရှင်တော်မင်းကြီးက အောက်မြန်မာပြည်မှ ဆန်နှင့်ဆား တင်ပို့ခြင်းကို အထက်မြန်မာပြည်တွင် ယာယီအငတ်ဘေးတွေ့အောင် ရပ်ဆိုင်းပစ်ရန် တွက်ချက်ရာ၌ အထက်မြန်မာပြည်ရှိ ထွက်ကုန်အင်အား နှင့် မိုးခေါင်ရေရှားဒေသ၏ ကုန်ထုတ်စွမ်းအားကို အလေးပေးထည့်သွင်း တွက်ချက်ခဲ့ခြင်းဖြစ်၏။

ဗြိတိသျှကိုယ်စားလှယ်တော် ရုပ်သိမ်းသွားခြင်းကို သံတမန် ရေးရာအောင်ပွဲဟု သီပေါမင်းက ယုံမှတ်တော်မူသည်။ ကိုယ်စားလှယ် တော်၏စာထဲတွင် သီပေါမင်းအား မဟာရာဇဝတ်မှုကြီးကို ကျူးလွန် သည့်အပြစ်ရှိကြောင်း တုံးတိတိပါရှိလေရာ ကိုယ်စားလှယ်တော် ရုတ် သိမ်းသွားခြင်းဖြင့် သီပေါမင်းအား ခြိမ်းခြောက်သောစာများမှ ကင်းလွတ် သွားစေသည်။ သို့သော် သီပေါမင်းသည် စစ်ရေးဖြင့်စွက်ဖက်လာမည်ကို စိုးရိမ်မိလေရာ တော်ပီတိုနှင့် နောက်ထိုးသေနတ်များ ထုတ်လုပ်ရေးကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ လက်နက်များ အချုပ်အချယ်မရှိ တင် သွင်းရေးကိစ္စ စာချုပ်မူကြမ်း ဆွေးနွေးရန်အတွက် ဗြိတိသျှနယ်စပ်သို့ သံ အဖွဲ့တစ်ခု စေလွှတ်သည်။

သံအဖွဲ့ ပြန်လည်လာရလေရာ တာဝန်ကျေပွန် အောင်မြင်စွာ မထမ်း ဆောင်နိုင်သဖြင့် ကံဆိုးသောသံအမတ်မှာ ကွပ်မျက်ခြင်းခံရသည်။ သီပေါမင်းသည် ပြင်သစ်နှင့် မဟာမိတ်ဖွဲ့ရန်အတွက်နည်းလမ်းရှာဖွေသော အချိန်မှာ ထိုအချိန်ပင်ဖြစ်သည်။ သိပ္ပံပညာ လေ့လာရေးအဖွဲ့ကို ၁၈၈၁ ခုနှစ်တွင် ဥရောပသို့ စေလွှတ်သည်။ ပဲရစ်၌ ၂ နှစ်ကြာ ဆွေးနွေး ပြီးနောက် ကုန်သွယ်ရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးပြီးလျှင် ၁၈၇၃ ခုနှစ်က ကောင့်ဒီရီချုပ်ရေးသော စာချုပ်မူကြမ်းဖြစ်ပြီး ပဲရစ်မြို့ရှိ ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



သံအမတ်က တရားဝင် "ကန့်ကွက်လိုက်သောစာချုပ်"ကို အတိအလင်း အတည်ပြုလိုက်သည်။

ဗြိတိသျှအစိုးရအား အကြီးအကျယ် ထိခိုက်စေသော ပြဿနာမှာ မန္တလေး၌ နောက်ထပ်ဖြစ်သေးသည်။ သီပေါမင်းနှင့် ပြင်သစ်တို့၏ ဆွေးနွေးစေ့စပ်မှုများ ပြုလုပ်၍ အရှိန်ရရှိနေစဉ်တွင် မြင်ကွန်းမင်းသားကြီးက ဘုရင်အားပုန်ကန်ရန် ကြံစည်လေသည်။ မြင်ကွန်းမင်းသား၏ ဘက်တော်သားများကို မန္တလေးထောင်ထဲသို့ သွင်းပြီးလျှင် ထောင်သားများအား အပြုံလိုက် သတ်ပစ်သည်။ ပုန်ကန်၍ နှိမ်နင်းရခြင်းဖြစ်သည်ဟု ဆိုသည်။ တိုင်တားမင်းကြီးက ဤအဆိုမှာ အမှန်ဖြစ်သည်ဟု ဆိုသည်။ သို့သော် အများကမူ ဤသို့မယုံကြည်ကြပေ။ ဤဒုတိယအကြိမ် လူ သတ်ပွဲကြောင့် သီပေါမင်း၏အုပ်ချုပ်ရေးကို အယုံအကြည်ကင်းမဲ့လာပြီး သီပေါမင်းကိုယ်တိုင် အခက်အခဲများနှင့် တွေ့လာရသည်။

အပြီးသတ် အန္တရာယ်ပေးမည့်ကိစ္စမှာ ဘုံဘေဘားမားကုမ္ပဏီထံ မတန်တဆမပေးနိုင်အောင် တောင်းဆိုရန် သီပေါမင်းအား တိုက်တွန်းကြခြင်းပင်ဖြစ်သည်။ ကန်ထရိုက်စာချုပ်တွင် တစ်လုံးတည်းအကြေပေးရန်ဖြစ်သည်။ သစ်လုံးကြီးများကို သစ်လုံးငယ်များအဖြစ် ရေမျှော၍ အကောက် တော်လိမ်ဆောင်သည်ဟု စွပ်စွဲသည်။ လွှတ်တော်က တရားဆုံးဖြတ်ပိုင် ခွင့်အရ ဤအမှုကိုစစ်ဆေးပြီး ပေးရန်ရှိသော အကောက်တော်၏ ၂ဆ၊ တစ်သန်း၏ လေးပုံတစ်ပုံနီးပါး ဒင်္ဂါးငွေ ၂၃ သိန်းကို ကုမ္ပဏီက ပေး ဆောင်ရန် စီရင်ချက်ချသည်။

ဤသို့ နိုင်ထက်စီးနင်းပြုမှုကြောင့် အောက်မြန်မာပြည်၌ မကျေမနပ်ဖြစ်ကာ မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားသည်။ အကြောင်းမှာပြင်သစ်ကောင်စစ်ဝန် ကလည်း ဘုံဘေဘားမားကုမ္ပဏီ၏အလုပ်ကို ပြင်သစ်ဆင်ဒီကိတ်တစ်ခု က အစားဝင်ရောက်လုပ်ကိုင်ပေးရန် တာဝန်ယူလေရာ အလွန်အရေးကြီးသော ပြဿနာဖြစ်လာသည်။

အိန္ဒိယအစိုးရက ကုမ္ပဏီအား စွဲထားသောအမှုကို အနုညာတခုံဖွဲ့၍ စစ်ဆေးရန် တောင်းဆိုသောအခါ မြန်မာအစိုးရက မိမိလွှတ် တော်၏



စီရင်ချက်ကို ပစ်ပယ်ရန်မသင့်သည့်အပြင် မြန်မာတို့၏ အကောက်ခွန်ကိစ္စကို နိုင်ငံခြားသား ခုံသမာဓိအား ဆုံးဖြတ်ရန် မလွှဲအပ်သင့်ဟူ၍ မဆင်မခြင် လေသံမြင့်ဖြင့် အကြောင်းပြသည်။ အငြင်းပွားမှုကို ဤအခြေအနေရောက်အောင် တွန်းပို့ခြင်းသည် ဆင်ခြင်တုံတရား ကင်းရာကျသည်။ အဘယ်ကြောင့်ဆိုသော် မတန်တဆဒင်္ဂါးငွေကို မရအရတောင်းရန် တကယ်ကြံရွယ်ချက် မရှိသောကြောင့်ဖြစ်သည်။ ကုမ္ပဏီ၏မိတ်ဆွေဖြစ်သော ကင်းဝန်မင်းကြီးသည် ကုမ္ပဏီက ဤဒင်္ဂါးငွေကိုမပေးဆောင်နိုင်လောက်အောင် ဒင်္ဂါးငွေကို ဤမျှရိုက်သင့်သည်ဟု မဖြစ်နိုင်သောအကြံကို ပေးခဲ့ခြင်းဖြစ်သည်။ ဒင်္ဂါးငွေတော်တော်များများ ရိုက်သော်လည်း မတန်တဆ မဆောင်နိုင်လောက်အောင် ဒင်္ဂါးငွေ မတောင်းဆိုသော တိုင်တားမင်းကြီးကို ကြောရအောင်လုပ်ရန် ကင်းဝန်မင်းကြီးက ကြံရွယ်ထားခြင်းဖြစ်သည်။

သို့သော် ရန်မီးပွားကာ လက်လွန်နေပေပြီ။ ဘုံဘေဘားမားကုမ္ပဏီ မန်နေဂျာများအနေဖြင့် ငွေအနည်းငယ်မျှပေး၍ အမှုကို ပြီးငြိမ်းစေခြင်းဖြင့် သူတို့အတွက် ပို၍ အကျိုးရှိမည်ကိုသိသော်လည်း ဤပြဿနာမှာ အစိုးရလက်တွင်းသို့ ရောက်သွားပြီဖြစ်၍ ဘာမှမတတ်နိုင်တော့ချေ။ အင်္ဂလိပ်အစိုးရက အနုညာတ ခုံအဖွဲ့ကို လက်ခံရန်ငြင်းဆန်ခြင်းသည် နောက်ထပ်ထိပါးလိုက်ခြင်းဖြစ်၍ ခွင့်မလွှတ်နိုင်ဟု သဘောပိုက်ထားချိန်ဖြစ်သည်။

သို့ရာတွင် ထိပါးမောက်မာမှု၏ တကယ့်အကြောင်းခံသည်တခြား နိုင်ငံကြီးများနှင့် ပူးပေါင်းကြံစည်မှုဖြစ်သည်။ ဗြိတိသျှတို့၏ မကျေနပ်မှု ပို၍ဖြစ်လာသည်နှင့်အမျှ သီပေါမင်းနှင့် ပြင်သစ်တို့၏ဆက်ဆံရေးမှာလည်း ပို၍ရင်းနှီးလာသည်။ ၁၈၈၅ ခု၊ ဇွန်လ ၄ ရက်နေ့တွင် မစ္စတာဘားနတ်က မန္တလေးရှိ ပြင်သစ်ကောင်စစ်ဝန် အမ်ဟာတ်စ် ခြေလှမ်း သွက်နေသောကိစ္စနှင့်ပတ်သက်၍ စာရွက်စာတမ်းများကို ဖတ်ရှုတွေ့ရှိရ သည်ဟု အစီရင်ခံသည်။ ထိုအချိန်အထိ ပြင်သစ်တို့တွင် အရင်းအနှီးမြှုပ်နှံရန် ငွေအမြောက်အများကြီး အသင့်မရှိသေး။ ထို့ကြောင့် ပြင်သစ်တို့ သည်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအစိုးရထံမှ အဖိုးတန်၍ အရေးပါသော ကင်းလွတ်ခွင့်လုပ်ငန်း များ မရနိုင်သေးဟု မဟာဝန်ရှင်တော်မင်းကြီးက ထင်မြင်သည်။

သို့သော် မန္တလေးအကြောင်း နောကျေနေအောင်သိသော "အီတလီနှင့်အခြားသူ"များက ဤသို့ယုံကြည်ကြသည်။ ပြင်သစ်အစိုးရက တာဝန်ယူ၍ ပြင်သစ်ဖရန့်ငွေ ၂၅ သိန်း အရင်းအနှီးမြှုပ်နှံမည်။ ရှမ်းပြည်ကိုဖြတ်၍ တုံကင်အထက်ပိုင်းနှင့် မန္တလေးလမ်းဖောက်ရန်၊ ကျောက်တွင်းတူးရန်၊ ဧရာဝတီတွင် ပြင်သစ်သင်္ဘောများ ခုတ်မောင်းရန်၊ ပြင်သစ်ဘဏ်ဖွင့်ရန်အတွက် ငွေကို သုံးစွဲမြှုပ်နှံမည်ဖြစ်သည်ဟူ၍ ဖြစ်သည်။

ပြင်သစ်ကောင်စစ်ဝန်က ဘုရင့်အား ငွေချေး၍ လွန်ခဲ့သော နှစ်တစ်ရာခန့်က ဘင်္ဂလားတွင် အရှေ့အိန္ဒိယကုမ္ပဏီ ခြေကုတ်ယူသည့်နည်းတူ တဖြည်းဖြည်းနှင့် အင်းဝ၌ ခြေကုတ်ယူရန်ဖြစ်သည်။

"တိုင်းပြည်ကို အင်္ဂလန်က သိမ်းထားသည့်တိုင်အောင် ပြင်သစ်တို့၏ ကင်းလွတ်ခွင့်လုပ်ငန်းကို အင်္ဂလန်က လေးစားရမည်ဟု သူတို့က ပြောင်ပြောင်ပင် ဇောဒကတက်ကြသည်။ ဤကိစ္စမှာ တစ်ဝက်သာသာက ကောလာဟလ အပြောသာဖြစ်ပြီး ကျန်တစ်ဝက်ကလည်း ဘာမှမဟုတ်သေးဟု ထင်ပါသည်။ သို့သော် ပြင်သစ်ကိုယ်စားလှယ်တို့က နောင်တစ်ချိန် တွင် ပြင်သစ်ပိုင်နက်ဖြစ်သော မြစ်နီမြစ်အထက်ပိုင်း (ကိုချင်ချိုင်းနား)နှင့် ဆက်ရန်အတွက် မန္တလေးတွင် အခြေချနိုင်အောင် ကြိုးစားနေသည်ဟု ယုံကြည်ပါသည်။"

လမကုန်မီပင် ဘာသာပြန်ထားသော စာနှစ်စောင်ကို မစ္စတာဘားနတ် ရရှိလေရာ ဇွေစပ်ဆွေးနွေးနေသော ကိစ္စမှာ ပူးပေါ်သလို ပေါ်လာသည်။ ဤစာအရ သဘောတူညီချက်နှစ်ခု၏ ခေါင်းစဉ်များ ပါဝင်လျက် ရှိသည်။ ဤသဘောတူညီချက်မှာ "ပြင်သစ်နှင့် မြန်မာအစိုးရ နှစ်ဖွဲ့တို့ ချုပ်ဆိုရန် တင်ပြထားသောအချက်ဖြစ်သည်။ ပထမအချက်မှာ ကျွန်ုပ်တို့၏ နယ်ခြား တောင်ငူနှင့်မန္တလေး ရထားလမ်းဖောက်ရန်ဖြစ်သည်။ ဤရထားလမ်းဖောက်လုပ်ရေးအတွက်ပြင်သစ်အစိုးရတို့ နှင့်ဖက်စပ်အတူ အကျုံ ဖောက်ရန်ဖြစ်သည်။ အရင်းအနှီးမှာ ပေါင်စတာလင် ၂,၅၀၀,၀၀၀



သို့မဟုတ် နပိုလီယံ ပြင်သစ်ငွေမြှုပ်နှံရန် ဖြစ်သည်။ ၇ နှစ် အတွင်း အပြီးဖောက်လုပ်၍ အနှစ် ၇၀ ကင်းလွတ်ခွင့်ပေးရန်ဖြစ်သည်။ အနှစ် ၇၀ စေ့သောအခါ ရထားလမ်းမှာ မြန်မာအစိုးရပိုင်လမ်း ဖြစ်ပါသည်။ အတိုးမှာ တစ်နှစ်လျှင် ၉၀ ရာနှုန်းတိုးကြီးဖြစ်သည်။ (မှတ်ချက်– မြန်မာဘာသာဖြင့်ရေးထားသော သဘောတူညီချက် ခေါင်းစဉ်တွင် အတိုးငွေမှာ ငွေတစ်ထောင်အတွက် တစ်လလျှင် ၇၅ ဖြစ်သည်။ မှားရေးခြင်း ဖြစ်ရမည်။ တစ်နှစ် ၇ နှစ်ပိုင်းတစ်ပိုင်း ရာနှုန်း အတိုးကို ဆိုလိုသည်။) အတိုးကို မျှော်မှန်းထားသော ရေကြောင်း အကောက်တော်ခွန်နှင့် ရေနံအကောက်တော်ခွန်ဖြင့် ပေးဆပ်ရန်ဖြစ်သည်။

ဒုတိယစာအရ "ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတို့၏ မ,တည်ငွေ နှစ်ကုဋေခွဲဖြင့် ဖွင့်လှစ်မည်ဖြစ်သော ဘဏ်တိုက်၏ စည်းကမ်းချက်များ ဖြစ်သည်။ မြန်မာဘုရင်မင်းမြတ်အား တစ်နှစ်လျှင် ၁၂ ရာခိုင်နှုန်း ငွေချေးရန်ဖြစ်ပြီး အခြားချေးငွေများကို ၁၈ ရာခိုင်နှုန်းဖြင့် ချေးရန်ဖြစ်သည်။ ဘဏ်တိုက်မှ ငွေစက္ကူများကို ထုတ်မည်။ ပတ္တမြားတွင်းများကို စီမံအုပ်ချုပ်မည်။ လက်ဖက်လုပ်ငန်းကို လက်ဝါးကြီးအုပ်မည်ဖြစ်ပြီးလျှင် ဘဏ်ကို ပြင်သစ်ဆင်ဒီကိတ်နှင့် မြန်မာအစိုးရ အရာရှိများက အုပ်ချုပ်မည်ဖြစ်သည်"

ယခုအချိန်အထိ ရရှိထားသော စာရွက်စာတမ်းများအရ ဤသဘောတူညီချက်များမှာ အဆိုပြုထားသော အဆင့်၌သာရှိသေးသည်။ မစ္စတာဘားနတ်ကို "ဤသဘောတူညီချက်များကို အပြီးသတ်သဘောတူပြီး အကောင်အထည်ဖော်တော့မည်ဆိုလျှင် ပြင်သစ်အစိုးရ သို့မဟုတ် ပြင်သစ်အစိုးရ ကိုယ်စားပြုမည်ဖြစ်သော ဆင်ဒီကိတ်သည် အောက်ပါနေရာများကို လုံးဝချုပ်ကိုင်ပြီးဖြစ်လိမ့်မည်"ဟု ဆိုသည်။

ယင်းတို့မှာ–

(က) အထက်မြန်မာပြည်မှ အဓိကရ အခွန်တော်ရငွေဌာနများ။

(ခ) ဧရာဝတီမြစ်အတွင်း သင်္ဘော သို့မဟုတ် လှေဖြင့် ကူးသန်းရောင်းဝယ်ရေးအလုပ်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) အထက်မြန်မာပြည်ရှိ တစ်ခုတည်းသော မီးရထားလမ်း။

(ဃ) ယခုအခါ ပွင့်နေပြီဖြစ်သော ဗြိတိသျှဆိပ်ကမ်း (အောက်မြန်မာပြည်)မှ တရုတ်ပြည် အနောက်ပိုင်းသို့ဝင်ရာ တစ်ခုတည်းသောလမ်း။

ဤ သဘောတူညီချက်များအတိုင်း ဆောင်ရွက်မည်ဆိုပါက ပြင်သစ်တို့ လွှမ်းမိုးကြီးစိုးလာပြီးလျှင် နောက်ဆုံးတွင် ဗြိတိသျှတို့၏ အရောင်းအဝယ်လုပ်ငန်းကို အထက်ပိုင်း ဧရာဝတီမြစ်ရိုးမှ မောင်းထုတ်ခြင်းခံရလိမ့်မည်ဟု ထင်မြင်လျက်ရှိကြောင်း မစ္စတာဘားနတ်က ဖော်ပြသည်။ ဤသို့ဖြစ်လာလျှင် အောက်မြန်မာပြည်ရှိ ဗြိတိသျှတို့၏ အကျိုးစီးပွားကို ပျက်စီးထိခိုက်စေလိမ့်မည်ဟု သူက ထပ်လောင်းဖော်ပြသည်။

ပင်လယ်ဘက်သို့ အဓိကထွက်ပေါက် သို့မဟုတ် တစ်ခုတည်းသော ပင်လယ်ထွက်မှာ ဗြိတိသျှပိုင်မြစ်ကြောင်းနှင့် မီးရထားလမ်းတစ်လျှောက်သာရှိသော အထက်မြန်မာပြည်သာ ပြင်သစ်တို့၏ အစောင့်အရှောက်ခံ နိုင်ငံဖြစ်သွားပါက မြန်မာနယ်စပ် တစ်ဖက်တစ်ချက်၌ အင်္ဂလိပ်နှင့် ပြင်သစ် အစိုးရတာဝန်ခံတို့ ကွဲလွဲမှုများ မကြာခဏ ပေါ်လာလိမ့်မည်။ ဤကွဲလွဲချက်များသည် အချိန်မရွေး ပြင်းထန်ဆိုးဝါးလာနိုင်သည်။ အထက်မြန်မာပြည် အခြေချပြီးက ပြင်သစ်တို့သည် (ယခုလည်းလုပ်နေသည့်နည်းတူ) အထက်မြန်မာပြည်ကို ကြားနယ်မြေအဖြစ်ပြုလုပ်ရေးအတွက် အခြားသော ဥရောပနိုင်ငံသားများကိုဆွယ်ရန် အားထုတ်လိမ့်မည်။ ယခုအခါ ဒနုဗီမြစ်ပေါ်တွင် ခြေကုပ်ယူသကဲ့သို့ ဧရာဝတီမြစ်ကိုလည်း ကမ္ဘာ့သင်္ဘောတွေ ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်နိုင်အောင် ပြုလုပ်ခြင်းဖြင့် ဆွယ်လိမ့်မည်။

မြန်မာပြည်၏အကြောင်းကို ၅ နှစ်တာလေ့လာပြီးနောက် မစ္စတာဘားနတ်က မြန်မာပြည်ကိုသိမ်းယူရန် မသင့်ဟူ၍ ကောက်ချက်ချလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဤသို့သိမ်းပိုက်လိုက်ပါက တစ်ပိုင်းအားဖြင့် နယ်ခြားဒေသတိုင်းပြည်များနှင့် တိုင်းရင်းသားတိုင်းပြည်များဖြစ်သော နီပေါလ်၊ ဆစ်ကင်း အစရှိသော တိုင်းပြည်များတွင် အလန့်တကြား



နိုးရိမ်ထိတ်လန့်မှု ပေါ်ပေါက်လာပြီးလျှင် တစ်ပိုင်းအားဖြင့် အထက်မြန်မာပြည်သူပြည်သားများသည် ဗြိတိသျှလက်အောက်ခံအဖြစ် နေလို မနေလိုမှာ သံသယရှိဖွယ် ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေအကယ်၍ မြန်မာဘုရင်က ပြင်သစ်နှင့် မဟာမိတ်ဖွဲ့ခြင်းကိုစွန့်လွှတ်ရန်ငြင်းပယ်ပါက မစ္စတာဖက်ရေး ဝါဒလမ်းစဉ်ကိုလည်း စွန့်လွှတ်ရန် လိုအပ်လိမ့်မည်ဖြစ်ပြီးလျှင် အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် ပြဿနာကိုလည်း စဉ်းစားရလိမ့်မည်ဟု သူက သဘောပိုက်သည်။

မန္တလေးမှတောင်ဘက် ဗြိတိသျှနယ်ခြား တောင်ငူအထိ မီးရထားလမ်း ဖောက်လုပ်ရေးအစီအစဉ် ရေးဆွဲပြီးပြီဟု နောက်ထပ်ရသောသတင်းများအရ သိရသည်။ ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတို့ပေါင်း၍ ငွေရင်းစတာလင်ပေါင် ၂၅ သိန်း (သို့မဟုတ် နပိုလီယံပြင်သစ်ငွေ)ကို ၄ ရစ်ခွဲ၍ မြှုပ်နှံလုပ်ကိုင်ရန်ဖြစ်သည်။

ပထမအရစ် ငွေ ၆၂၅,၀၀၀ ကို မြန်မာပြည်သို့ရောက်သည့်အချိန်မှစ၍ တစ်နှစ်လျှင် ခုနစ်နှစ်ပိုင်းတစ်ပိုင်း အတိုးပေးရန်နှင့် ဒုတိယ၊ စတုတ္ထအရစ်များကိုလည်း ပထမအရစ် အတိုးနှုန်းအတိုင်းပေးရန် ဖြစ်သည်။ မီးရထားလမ်းဖောက်လုပ်ရေးကို ၇ နှစ်အတွင်း ပြီးစီးရန် ရည်ရွယ်သည်။ ရထားလမ်း ဖောက်လုပ်ပြီးစီးသွားသော နေ့မှစ၍ အနှစ် ၇၀ အတွင်း မြန်မာအစိုးရအမှုထမ်းများအား ရထားခတောင်းခံခြင်းမပြုဘဲ စီးခွင့်ပြုသည်။ အခြားရထားခနှင့် ရသောငွေများကို ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတို့က သူတို့အတွက်ယူကြမည်။ ရထားလမ်းဖောက်လုပ်ရေးနှင့်ပတ်သက်၍ ကုန်ကျငွေများအတွက် ငွေရင်းငွေနှီးများ မြှုပ်နှံရသည်ကို ထောက်ထား၍ အာမခံချက်ပေးသည့်အနေဖြင့် မြန်မာအစိုးရက မီးရထားလမ်းဖောက်လုပ်သော စာချုပ်တွင် ရတနာပုံအကောက်တော်ကိုပါ ထည့်သွင်းပေးရန်သဘောတူသည်။

၎င်းအကောက်တော်သည် ဧရာဝတီမြစ်မှ ဝင်လာသော ဥရောပကုန်ပစ္စည်းများအပေါ်မှရသော အကောက်တော်၊ ဧရာဝတီမြစ်၏ အရှေ့ဘက်နှင့် အနောက်ဘက်ကမ်းမှရသော အကောက်တော်၊ ရေနံတွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ရသော အကောက်တော်များကို ပြင်သစ်အစိုးရ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာအစိုးရ ကိုယ်စားလှယ်တစ်ဦးတို့က စည်းကြပ်၍ရသော အကောက်တော်ခွန်များဖြစ်သည်။အကောက်တော်များမှရသော ငွေများသည် မီးရထားလမ်းဖေါက်လုပ်ခြင်းအတွက် ကုန်ကျစရိတ်များ မြှုပ်နှံမှုအပေါ် ပေးရန်ရှိသောအတိုးငွေနှိမ်၍ ပိုသော ကောက်ခွန်များမှရငွေသည် မြန်မာအစိုးရပိုင်သော ငွေများဖြစ်သည်။ အတိုးထက်လျော့နည်းနေပါက လိုသောငွေကို မြန်မာအစိုးရက ထပ်ဖြည့်ပေးရန်ဖြစ်သည်။ အနှစ် ၇၀ ပြည့်သောအခါ မီးရထားလမ်းဖောက်ရာ၌ အသုံးပြုသော ပစ္စည်းများနှင့် စက်ကိရိယာများ အတွက် ကုန်ကျသော စရိတ်ငွေများကို ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတို့က မြန်မာအစိုးရထံမှ တောင်းခံခြင်းမပြုဘဲ ၎င်းမီးရထားလမ်းသည် မြန်မာအစိုးရပိုင်ပစ္စည်း ဖြစ်လာစေရမည်။

ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတို့ မြှုပ်နှံမည်ဖြစ်သော ရင်းနှီးငွေ ၂၅ သိန်းအနက်မှ တစ်ဝက်ဖြစ်သော ၁၂ သိန်းခွဲကို မြန်မာအစိုးရက ထည့်ဝင်မည်။ ၎င်းအပေါ် အတိုးနှုန်းမှာ ၁ ရာနှုန်းဖြစ်သည်။ မြှုပ်နှံငွေ ၁၂ သိန်းခွဲတွင် ငွေဒင်္ဂါးနှင့် ကျန်တစ်ဝက်မှာ ငွေစက္ကူ ဖြစ်သည်။ ဤ ၂ မျိုးပါဝင်သော ငွေရင်း ၂၅ သိန်းဖြင့် ဘဏ်တိုက်တစ်ခုကို မြန်မာပြည်တွင် တည်ထောင်၍ ဘုရင်မင်းမြတ်၏ အသုံးစားရိတ်နှင့် ဘုရင်လုပ်ငန်းများအတွက် ချေးငွေပေါ်တွင် အတိုး ၁ ရာနှုန်းထား၍လည်းကောင်း၊ ပုဂ္ဂလိကနှင့် မြန်မာကုန်သည်အတွက် ချေးငွေပေါ်တွင် အတိုးနှုန်း တစ် နှစ်ပိုင်းတစ်ပိုင်း နှုန်းဖြင့်လည်းကောင်း၊ ကုန်ရောင်းကုန်ဝယ်နှင့် ပတ်သက်သောအကောက် ခွန်အရ ချေးငှားမည်ဖြစ်သည်။ ဘဏ်တည်ထောင်ရန်အတွက် သဘောတူ ချက်ရရှိသောအခါ "ဘဏ်စာချုပ်"တွင်ကျောက်တွင်းလက်ဖက်အခွန်တော်များ ပါဝင်စေရမည်။ ထိုစာချုပ်အရလည်းကောင်း၊ကျောက်တွင်း နှင့် လက်ဖက်လုပ်ငန်းတို့အား လက်ဝါးကြီးအုပ် လုပ်ပိုင်ခွင့်ရှိသည်။ ဘဏ် လုပ်ငန်းကို ပြင်သစ်နှင့် မြန်မာအရာရှိတို့က စီမံအုပ်ချုပ်၍ အမြတ်ငွေများ ကိုလည်း ညီတူညီမျှခွဲဝေယူရမည်။ အမြတ်ငွေတစ်ဝက်ထဲမှ ရင်းနှီးငွေ တစ်ဝက် ၁၂ သိန်းခွဲပေါ်တွင် ကျသင့်သော အတိုးငွေကို နှုတ်ယူပြီးနောက် အမြတ်ငွေကျန်သေးပါက မြန်မာအစိုးရ၏ ဝေစုဖြစ်စေရမည်။



လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလှသည်။ ဘာကိုဆိုလိုပါလိမ့်ဟု ခေါင်းကုပ်စဉ်းစားရန် မလိုတော့ချေ။ သို့သော် ဤကိစ္စနှင့်ပတ်သက်၍ အမ်ဒီဖရေဆီနတ်အား အကြပ်ကိုင်မေးသောအခါ မြန်မာပြည်တွင် ပြင်သစ်တို့က နိုင်ငံရေးလွှမ်းမိုးမှု ပြုလုပ်ရန် ကြံရွယ်ချက်မရှိဟု ငြင်းဆိုပြီးလျှင် ပြင်သစ်အစိုးရက ဗြိတိသျှတို့သြဇာ မြန်မာပြည်ပေါ်၌ ရှိပုံကို စောဒကတက်ရန်မရှိကြောင်း ကြေငြာသည်။

အိန္ဒိယအစိုးရက ဤဝန်ခံချက်ကို ချက်ခြင်းအသုံးချလိုက်သည်။ သီပေါဘုရင်ထံသို့ ဗြိတိသျှကိုယ်စားလှယ်တော်ကို လက်ခံရန်အတွက် သဘောတူရန် သူ၏နိုင်ငံခြားဝါဒကို အိန္ဒိယအစိုးရ၏ အလိုကျပြုလုပ်စေရန်အတွက် သဘောတူညီရန်ကိစ္စကို ၄ ရက်အတွင်း စဉ်းစားအကြောင်းပြန်ရန် ရာဇသံပေးလိုက်သည်။ သီပေါမင်းက ရာဇသံကိုနှုတ်ဖြင့် ပယ်သည်။ သို့သော် အကြီးအကျယ်လက်နက်ဖြင့် ပဋိပက္ခ ဖြစ်လာသောအခါ မြန်မာသံတမန်များကို ဘုရင်မင်းမြတ်က "ဟင့်အင်း"ဟု အမိန့်တော်မှတ်ခြင်းသည် "အင်း"ဟုဆိုလိုကြောင်း အတိအလင်းပြောသည်။ တာထဲက လေသံကလည်း ဤအဆိုနှင့် ကိုက်ညီလျက်ရှိသည်။ သို့ရာတွင် "ဟင့်အင်း"ဟူသောအဖြေကို လက်ခံရပြီးနောက် ဗြိတိသျှစစ်တပ်ကြီးက ချီတက်လာလေရာ မြန်မာတို့၏ထီးနန်းသည် မြန်းကနဲ သွက်သွက်ခါအောင် ပြို လဲသွားတော့သည်။

နှစ်ဦးစလုံးကြိုတင်မြင်နိုင်ပါလျက်နှင့် တစ်လမ်းသွားလမ်းစဉ်၏နောက်သို့ ကောက်ကောက်ပါအောင် လိုက်လျက်ရှိသော ဘုရင်၏အဆင်အခြင်ကင်းမဲ့မှုနှင့် ပြင်သစ်သံတမန်တို့၏ အဆင်အခြင်ကင်းမဲ့မှုသည် အန္တရာယ်ကို မွေးထုတ်သည့်နေရာတွင် နှင်လားငါလားပင်ဖြစ်သည်။ အန္တရာယ်ကို ဖယ်ထုတ်ရန်အတွက် သူတို့ ဘာမှမတတ်နိုင်တော့ပြီ။ ဗြိတိသျှအစိုးရ၏ စွက်ဖက်မှုအတွက် ဤထက်ကောင်းသော အကြောင်းပြချက်လည်း မရှိတော့ပြီ။ ပြင်သစ်မြန်မာ မဟာမိတ်ဖွဲ့ရန် အစီအစဉ်၏ မိုက်မဲပုံအတွက် ပြစရာဆင်ခြေတစ်ခုတည်းသာ ရှိသည်။ ရုရှနှင့် အင်္ဂလန်

www.burmeseclassic.com

www.burmeseclassic.com



တို့ မလွဲမရှောင်သာ စစ်ဖြစ်ရတော့မည်ဟု နှစ်ဦးပိုင်းက အကြီးအကျယ် ယုံကြည်နေမှုက အိန္ဒိယအစိုးရ (ဗြိတိသျှ)သည် အနောက်မြောက်ဘက် နယ်စပ် (ရုရှနယ်စပ်)တွင် ဗျာများနေမည် ဖြစ်သောကြောင့် အထက် မြန်မာပြည်တွင် စစ်ဆင်ရန် စစ်တပ်ချထားနိုင်တော့မည်မဟုတ် ဟူသော မျှော်လင့်ချက်ကား အကောင်အထည်ပေါ်မလာတော့။ သီပေါမင်း ဒုက္ခ ရောက်ပြီးလျှင် အမ်ဟာတ်စ်လည်း ရတနာပုံ နေပြည်တော်မှ နာမကျန်းခွင့် ယူ၍ ပြင်သစ်သို့မပြန်လျှင် မဖြစ်တော့သည့်အခြေသို့ ရောက်ခဲ့လေသည်။

◀◀ ▶▶



## အခန်း (၁၁)
## ပြင်သစ်၏မူဝါဒ

အမ်ဟာတ်စ်၏ ကျန်းမာရေးအခြေအနေမှာ အလွန်စိုးရိမ်ဖွယ် ကောင်းသဖြင့် ပြင်သစ်အစိုးရက သူ့အား ပဲရစ်သို့ ပြန်ခေါ်မှဖြစ်တော့မည် ဟု ရိပ်စားမိလာသောကြောင့် အမ်ဟာတ်စ်နေရာကို ဆက်ခံရန်အတွက် ပြင်သစ်ကောင်စစ်ဝန်အဖြစ် ခန့်လိုက်သော အမ်ဒီဘိုတေလာ (m de bo nteiller)အား သူရိယသင်္ဘောက မန္တလေးသို့ သယ်ဆောင်လာသည်။ ပြင်သစ်မှ တောက်လျှောက်လာသော အမ်ဒီဘိုတေလာသည် ရန်ကုန်သို့ ရောက်သောအခါ သီပေါမင်း နန်းကျသွားပြီးလျှင် မန္တလေးမြို့သည် ဗြိတိသျှစစ်တပ်၏ လက်တွင်းသို့ ကျရောက်နေပြီဟု သိရသည်။

အမြဲတမ်း သွားလာနေကျ သင်္ဘောခရီးစဉ်များ ရပ်ဆိုင်းထား သဖြင့် မန္တလေးမြို့သို့ မြန်မာတို့ လှေဖြင့် သွားခွင့်ပြုရန် ရန်ကုန်ရှိ အာဏာ ပိုင်များထံ ဘိုတေလာက တောင်းဆိုသည်။ သူ့အနေဖြင့် အစိုးရက ပို့ ပေးရန် မတောင်းဆိုနိုင်တော့ချေ။ မဟာဝန်ရှင်တော်မင်းကြီးက အမ်ဒီဘို တေလာ သွားရောက် ခစားရမည်ဖြစ်သော ဘုရင်မှာ ထီးနန်းစိုးစံလျက် မရှိတော့သဖြင့် ကောင်စစ်ဝန်လောင်းကြီးသည် ရတနာပုံသို့ သွားရန် အကြောင်းမရှိတော့ကြောင်း၊ မန္တလေးတွင် အာဏာပိုင်သူများ အင်္ဂလိပ် တို့သာလျှင်ဖြစ်ကြောင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစကားအရ ကောင်စစ်ဝန်အနေဖြင့် မေးစရာမြန်းစရာ ပေါ်လာသည်မှာ "ဤသို့ဆိုလိုက်ခြင်းသည် အထက်မြန်မာပြည်ကို အပိုင်သိမ်းလိုက်ပြီဟု တရားဝင် ကြေညာခြင်းအဖြစ် ယူဆရမည်လော"ဟူ၍ ဖြစ်သည်။ ဘယ်နည်းနှင့်မျှ မယူဆနိုင်သေးဟု ဖြေသည်။ သီပေါမင်း မအုပ်စိုးတော့သဖြင့် အမ်ဒီဘိုတေလာက ဆက်သသော သူ့ကောင်စစ်ဝန်ခန့်အပ်လွှာကို လက်ခံမည့်သူ မရှိပါဟူသော အချက်ကိုသာ အညွှန်းပြုသည်။ မိမိ မရှုမလှဖြစ်နေသည်ကို ဝန်မခံလိုသေးသော ဘိုတေလာက အကယ်၍ ကမောက်ကမ တစ်စုံတစ်ခု ဖြစ်သည်ဆိုလျှင် ကျွန်ုပ်တွင် တာဝန်မရှိ၊ ဘုရင်အားဖြုတ်ချပြီး ဘုရင်၏ထီးနန်းတွင် တစ်ယောက်ယောက်ကို တင်မပေးသောသူများသာလျှင် တာဝန်ရှိသည်ဟု စောဒကတက်သည်။

သို့သော် အောင်ပွဲဟူသမျှသည် မတန်တဆ အတိုးကြီး အရင်းကြီးပေးပြီးမှ ရသကဲ့သို့ စကားအရာတွင် ရခဲ့သည့်အောင်ပွဲမှာလည်း မတန်တဆ အတိုးကြီးအရင်းကြီး ပေးပြီးမှ ရတတ်သည်။ သို့ဖြစ်ရကား မကြာမီပင် ဤအတိုင်း မှန်လာလေသည်။ အပိုင်သိမ်းပိုက်လိုက်ကြောင်း မကြေညာမီကလေးတွင် ကပ်၍ အမ်ဒီဘိုတေလာ မန္တလေးသို့ ရောက်လာသည်။ သံတမန်ဆက်ဆံရေးကိစ္စအတွက် အကြောင်းပြချက်ဖြင့် ထုတ်ပြန်လိုက်သော သိမ်းပိုက်ကြောင်း ကြေညာချက်သည် အမ်ဒီဘိုတေလာက ပြတ်ပြတ်သားသား ထောက်ပြခဲ့သော နိုင်ငံရေးအခြေအနေ ကမောက်ကမဖြစ်မှုကို ဖယ်ရှားလိုက်လေသည်။

သို့ရာတွင် အမ်ဒီဘိုတေလာက ရန်ကုန်မြို့၌ ရှိစဉ်ကပင် သူ့ကိစ္စနှင့်ပတ်သက်၍ ဆင်ခြေဆင်လက် တက်ခဲ့သေးသည်။ ဤလိုအရေးကိစ္စမျိုးကို မကြာမီက တွေ့ခဲ့သော လုပ်ထုံးဖြင့် ဖြေရှင်းရမည်ဟု သူက အရေးဆိုသည်။ ကျူနစ်ရှားမြို့တော်သို့ ပြင်သစ်တို့ ဝင်ရောက်သိမ်းပိုက်ခဲ့စဉ်က ကျူနစ်ရှားမြို့တွင် အင်္ဂလိပ်၊ ဂျာမန်၊ အီတလီနှင့် အခြားကောင်စစ်ဝန်များ ရှိနေသည်။ သို့သော် "ကျူနစ်မြို့ ကျုပ်တို့လက်အောက်ရောက်နေပြီ။ ကိုယ့်ကိစ္စကိုယ်သာ စဉ်းစားကြ၊ ခင်ဗျားတို့ လုပ်စရာ ဘာမှ



မရှိတော့ဘူး"ဟု ပြင်သစ်ဗိုလ်ချုပ်ကြီးက မပြောခဲ့။ မိမိ၏ပြုမူချက်ကြောင့် ထူးခြားလာရသော အခြေအနေဖြစ်လေရာ ကောင်စစ်ဝန်များအား သူတို့အလုပ်တာဝန်ကို ဆောင်ရွက်စေနိုင်ရန်အလို့ငှာ ကောင်စစ်ဝန်များ၏ အကျိုးကို အကာအကွယ်ပေးရေးမှာ ပို၍ပင် အရေးကြီးပေသည်။

ကောင်စစ်ဝန်များက စောင့်နေပြီးလျှင် ကျူနစ်ရှားနှင့် စာချုပ်ချုပ်လိုက်သဖြင့် အစီအစဉ်အတိုင်း အဆင်ပြေသွားသည်။ ၎င်းစာချုပ်အရ ပြင်သစ်ကိုယ်စားလှယ်တော်သည် ကျူနစ်ရှား နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ ထို့နောက်တွင်ကား ကောင်စစ်ဝန်များသည် သူတို့ မည်သူနှင့် တွေ့ဆုံဆက်ဆံရမည်ကို သိသွားကြလေသည်။ သို့သော် ပြင်သစ်တို့ အစီအစဉ် ပြုလုပ်နေဆဲကာလတွင် သူတို့သည် ကောင်စစ်ဝန်အဖြစ်နှင့်ပင် ရှိကြသည်။ မည်သူမှ ကောင်စစ်ဝန်တို့၏ အလုပ်ကို စစ်လားဆေးလား ယုံမှားသံသယ မရှိကြချေ။ မန္တလေးတွင်လည်း အလားတူပင် ကျင့်သုံးရမည်ဟု အမ်ဒီဘိုတေလာက အရေးဆိုသည်။ နေပြည်တော်တွင် ဘုရင်မရှိတော့။ အဘယ်ကြောင့်ဆိုသော အင်္ဂလိပ်တို့က ဖြုတ်ချလိုက်သောကြောင့်ဖြစ်သည်။ ထိုဘုရင်၏ထီးနန်းတွင် မည်သူ့အား တင်ထားပါသည်ဟု အင်္ဂလိပ်တို့က လက်နက်နိုင်ငံကြီးများအား အကြောင်းမကြားခဲ့။ သို့သော် ထိုနေပြည်တော်တွင် ဖွန့်ပစ်မထားနိုင်ခဲ့သော စာရင်းမှတ်တမ်းများရှိသည်။ ကောင်စစ်ဝန်ရုံး ရှိသေးသည်။ မမျှော်လင့်သော အရေးအခင်းများ တစ်ခုပြီးတစ်ခု ဖြစ်နေချိန်တွင် အကာအကွယ်မဲ့ ထားပစ်ခဲ့၍မဖြစ်သော ပြင်သစ်နိုင်ငံသားများ ရှိသေးသည်။ သီပေါမင်း ပါတော်မူပြီးနောက် ဝထမဆုံး ခုတ်မောင်းလာသော ကုန်သည်သင်္ဘောပေါ်တွင် အိပ်ခန်းတစ်ခုယူပြီး မန္တလေးသို့ အမ်ဒီဘိုတေလာ လိုက်ပါသွားခြင်းဖြင့် ဤစိတ်ဝင်စားဖွယ်ကောင်းသော အခြေအတင် အငြင်းပွားမှုကလေးကို ဖြေရှင်းလိုက်လေသည်။ ထိုပြင် ယင်းသင်္ဘောမှာ သူရိယသင်္ဘောပင် ဖြစ်လေ၏။

အခြေအနေသစ်အရ ဘာမှ ထူးထူးခြားခြား အသုံးဝင်တော့မည်မဟုတ်သဖြင့် မန္တလေးရှိ ပြင်သစ်ကောင်စစ်ဝန်ရုံးကို ပိတ်ပစ်ရတော့မည်မှာ သေချာနေပြီဟု ကျွန်တော်ယုံကြည်သည်။ ကိုချင်ချိုင်းနားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဘုံကင်မှ ဗန်းမော်မြို့သို့ လာရောက် ရောင်းဝယ်ဖောက်ကားကြသော ပြင်သစ် ကုန်သည်တို့အား အကာအကွယ်ပေးရန်အတွက် ဗန်းမော်၌ ဒုတိယ ကောင်စစ်ဝန်ရုံးဖွင့်ရန် လိုအပ်သည်ဟု ဆိုပါက နောင်တစ်ချိန်တွင် ဖွင့်နိုင်သည်။

အမ်အင်ဒရေနိုနှင့် မန္တလေးရှိ အီတလီကောင်စစ်ဝန်ရုံး မည်သို့ ဖြစ်ပျက်လာမည် ကိုပြောရန် စောလွန်းသေးသည်။ မန္တလေး၌ ရှိသူများက အမ်အင်ဒရေနိုအား အမ်ဟာတ်စ်၏ မတရားကြီးမားလှသော မျှော်လင့်ချက် တောင်ကြီး ကို ဖြိုပစ်သူဟု အသိအမှတ်ပြုကြသည်။ သူသည် အတွေ့ အကြုံရင့် ကျက်သူဖြစ်သည်။ ယင်းအတွေ့အကြုံများကပင် သူ၏အီတလီ နိုင်ငံရေး ပရိယာယ်ဓာင်းကို ထက်မြက်စေခဲ့သည်။ သူသည် တစ်ချိန်က ရတနာပုံတွင် အီတလီသြဇာဖြန့်ကြက်ရေး အိပ်မက်တွေကို မက်ကြီးမက် ခဲ့ဖူး သည်။ သို့သော် အီတလီအစိုးရသည် ဤမျှ ဝေးလံလှသောတိုင်းပြည် တွင် သူ့အင်အားတွေကို ဖြုန်းပစ်လောက်အောင်လည်း အမြင်မကျဉ်း သေး။ သို့မဟုတ် မညံ့သေးချေ။

ရတနာပုံတွင် လူတွေ စကားစပ်မိတိုင်း ပြောနေကြသကဲ့သို့ပင် သူ့အနေဖြင့် အီတလီပြည်အတွက် ဘာမှ ဟုက်တိပတ်တိ လုပ်စရာမရှိ သော်လည်း ပြင်သစ်ကိုကား ကျောက်ချနိုင်ခဲ့လေသည်။

အမ်ဟာတ်စ်နှင့် ဘုရင်၏ဝန်ကြီးတို့ ရေးသားကြသည့် စာများ နှင့်ပတ်သက်၍ လျှို့ဝှက်သတင်းတွေကို အမ်အင်ဒရေနို က နှိုက်နိုင်သည်။ စာရွက်စာတမ်းအချို့ကို တိတ်တဆိတ်ကူးသည်။ ကူးပေးသူမှာ အမ်အင် ဒရေနိုမဟုတ်။ ကူးပေးသူ၏အမည်ကို ကျွန်တော်သိသော်လည်း မဖော်ပြ လိုက်လျှင် ပိုကောင်းပါသည်။ ကူးယူခဲ့သော စာရွက်စာတမ်းများသည် သဲကွဲမှု အနည်းငယ်ရှိသော်လည်း အလွန်တာသွားသော အရိပ်အမြွက် တွဖြစ်လေရာ ကောင်းကောင်းကြီး အသုံးတော်ခံလေသည်။ မည်မျှပင် ခြပုန်းခုတ်မှုတွေ ရှိနေကြစေကာမူ ရန်ကုန်နှင့် ဧရာဝတီမြစ် ဗြိတိသျှတို့ တက် ရှိနေခိုက်တွင် ရတနာပုံ၌ ပြင်သစ်တို့ မကြီးစိုးနိုင်ချေ။ သို့သော် န်မာတို့ကို လှုပ်လှုပ်ရွရွဖြစ်အောင် လှုံ့ဆော်သည်ကိုမူကား မထိမဲ့မြင်ပြု



၍မဖြစ်ပေ။ ဤခြပုန်းခုတ်မှုကပင် ကျွန်တော်တို့၏တပ်တွေကိုရတနာပုံသို့ ခေါ်ဆောင်လာပြီးလျှင် သီပေါမင်းအား အိန္ဒိယသို့ ပို့လိုက်ခြင်းဖြစ်သည်။

အမ်ဟာတ်စ်၏နှုတ်ခမ်းမွေးကို မီးမြိုက်ရုံ ကြံစည်မှုသည် မမျှော် လင့်ဘဲ ဝုန်းကနဲ ထိခိုက်ပျက်စီးသွားပုံကို အမ်အင်ဒရေနိုပင် စိတ်ထိခိုက် တုန်လှုပ်သွားသည်ဟု ဆိုကြသည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မြန်မာ တို့က အမ်အင်ဒရေနိုအား မြန်မာဘုရင်ကို ပြုတ်ကျအောင် ဒုက္ခပေး ခဲ့သည် ဟု မှတ်ယူထားသည်။ ဒဏ်ခံထားရသော မြန်မာတို့အဖို့ အမ်အင် ဒရေနို သည် ကြောက်စရာကောင်းသောသူ ဖြစ်နေသည်။

အမ်အင်ဒရေနိုသည် အကယ်၍ စိတ်မချမ်းမသာ ဖြစ်ခဲ့သည် ဆိုလျှင် ကျွန်းသစ်တောကြီးတွေကို တကယ်လက်တွေ့ လက်ဝါးကြီးအုပ် ထားသူ (သီပေါမင်းအား စွန့်စား၍ ဖြုတ်ချရန် သွေးအေးအေးဖြင့် မကြံ စည်နိုင်သော) ဘုံဘေဘားမားကုမ္ပဏီသည်လည်း သူ့လိုပင် စိတ်မချမ်း မသာ ဖြစ်မိလိမ့်မည်။ အများကထင်သည့်အတိုင်း သစ်ဇုံအားလုံးကို ကုမ္ပဏီက လက်ဝါးကြီးအုပ်ခွင့်ကိုကား မရခဲ့ပေ။ ကုမ္ပဏီသည် လက်ဝါး ကြီးအုပ်စုထဲတွင် ဗိုလ်ဖြစ်သည်မှာ မှန်ပါ၏။ သို့သော် ရှိသမျှအပေါ် လက်ဝါးကြီးအုပ်ခွင့်ကိုကား မရခဲ့။

အကယ်၍ မစ္စတာဘားနတ်က ဘုရင်ခံဖြစ်ပါက သီပေါမင်း သို့မဟုတ် ကင်းဝန်မင်းကြီးတို့နှင့် ဆက်ဆံရသကဲ့သို့ အဆင်ပြေမည် မဟုတ်ပေ။ ထို့ပြင် မော်လမြိုင်ကလည်း သစ်များကို လွပ်လပ်စွာ ရောင်း ဝယ်ရေးအတွက် သီပေါမင်း၏ သစ်တောအငှားချထားရေးစာချုပ်များကို ပယ်ဖျက်ပေးရန် အစိုးရထံ အသနားခံကြလိမ့်မည်။ မည်သို့ပင်ဖြစ်စေ မကျေနပ်မှု တစ်ချို့တလေ ရှိမည်ဖြစ်သော်လည်း စိတ်ပျက်ရန်အကြောင်း ကားမရှိချေ။ ကုမ္ပဏီ၏ငွေရင်းသည် မိမိ၏ပြိုင်ဘက်များ မယှဉ်သာ အောင် တောင့်တင်းသည်။ အကောင်းဆုံး လက်ရွေးစင်သစ်တောတွေ လက်ကိုင်ရှိသည်။ ဘုံဘေကျွန်းသစ် ရောင်းဝယ်ရေးလုပ်ငန်းကို ငုတ်ခုပ် ဘဲ ထည့်ထားနိုင်သည်။ ကုမ္ပဏီသည် မည်သူ့ကိုမှ အားမကိုးဘဲ ဘာသာ ရပ်တည်နိုင်သည်။ တိုင်းပြည်တွေပျက်သွားပါစေ ကုမ္ပဏီက

www.burmeseclassic.com

www.burmeseclassic.com



ရှိမြဲရှိနေမည်ဖြစ်သည်။

မြန်မာသံအဖွဲ့ဝင်များကတစ်ဖက်၊ ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံခြား ရေးဝန်ကြီး အင်မ်ဂျူးလ်ဖာရီကတစ်ဖက် ၁၈၈၅ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ပဲရစ်၌ လက်မှတ်ရေးထိုးကြသော စာချုပ်သည် သီပေါမင်း နန်းကျရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။ ဧရာဝတီမြစ်ဝှမ်းအထက်ပိုင်းတွင် ပြင်သစ်ခြေကုတ်ယူရန် ကြံရွယ်ခဲ့သည် မှာလည်း အသေအချာပင်ဖြစ်သည်။ ပဲရစ်၌ချုပ်ဆိုခဲ့သော စာချုပ်သည် ဤအချက်ကို အထောက်အကူပြုရန် မျှော်ကိုး၍ ချုပ်ဆိုခြင်းဖြစ်သည်။

ဤစာချုပ်တွင် လျှို့ဝှက်ထားသော အပိုဒ်များပါသည်ဟု ယုံ ကြည်ရန် အကြောင်းအချက်များရှိသည်။ လျှို့ဝှက်အပိုဒ်အရ တုံကင်နှင့် ဆက်သွယ်ရေးလမ်းပွင့်သွားသော နောင်အချိန်တွင် ပြင်သစ်တို့က မြန်မာ အစိုးရအား လက်နက်များပေးသွင်းမည်ဟု ပြင်သစ်တို့က ပဋိညာဉ်ပေး သည်။ ဤ(လျှို့ဝှက်)အပိုဒ် အမှန်ပါဝင်သည်ဟု အသေအချာ သက်သေ မပြနိုင်သော်လည်း ဤအပိုဒ်ပါဝင်သည်ဟု တကယ့်လက်ဆုပ်လက်ကိုင် အထောက်အထားပြရန် မလိုပေ။ အပွေးမြင် အပင်သိ၍ တစ်ထစ်ချ ပြော နိုင်သည့်ကိစ္စ ဖြစ်သည်။

ဗြိတိသျှ အကျိုးစီးပွားကို ရန်မူလျက်ရှိသော စာချုပ်ကို ပြင်သစ် အစိုးရကိုယ်စားလှယ်နှင့် မြန်မာအစိုးရတို့ ချုပ်ခဲ့သည်ဟု တစ်ထစ်ချပြော နိုင်သည့်အပြင် စာချုပ်ရေးဆွဲရေးနှင့် ပတ်သက်၍လည်း ပြောစရာအချက် ရှိသေးသည်။ ဤစာချုပ်မူကြမ်း၏ မိတ္တူတစ်စောင်သည် အိန္ဒိယအစိုးရ၏ လက်တွင်းသို့ ရောက်လာသည်။ ဤစာချုပ်ကို ပြင်သစ်တို့ထံ တင်ပြ ဖူးသည်။ ပြင်သစ်တို့က လက်ခံခဲ့သည်ဟု ပြောရန်ခက်လှသည်။ သီပေါ မင်းစိုးစံစဉ် လွန်ခဲ့သော ကာလများအတွင်းက မန္တလေး၌ ပြင်သစ်ကော စစ်ဝန်က မည်သည့်ကိစ္စကို စေ့စပ်ဆွေးနွေးခဲ့သည်ဟူ၍ အကုန်အစင် စိစ စစ်ဆေးခြင်း မပြုရသေးပေ။ သို့သော် မြန်မာပြည်အား ထီးကျိုး စည်ပေါ ဖြစ်စေမည့်လမ်းသို့ သီပေါမင်းနှင့် သူ့အကြံပေးများက တွန်းပို့ခြင်းနှ ပတ်သက်၍ အိန္ဒိယအစိုးရက မလိုလား၊ မကျေနပ်ကြောင်း ဖြစ်ခဲ့သည်မှာ



ခိုင်လုံပေသည်။

လောဒ်အဲလစ်ဖြူရီက ပြင်သစ်နှင့်မြန်မာတို့ ဆွေးနွေးစေ့စပ်လျက် ရှိသော ကိစ္စနှင့်ပတ်သက်၍ ပြင်သစ်အစိုးရထံ စုံစမ်းရာ အမ်ဒီဖရေဆီနက် က အိန္ဒိယပြည်ရှိ ဗြိတိသျှအစိုးရကို ဆန့်ကျင်အောင် မြှောက်ထိုးပင့်ကော် လုပ်မှုကိုလည်းကောင်း၊ အင်္ဂလိပ်ဆန့်ကျင်ရေးဝါဒကို ကျင့်သုံးရန်သော် လည်းကောင်း ပြင်သစ်အစိုးရအနေဖြင့် တစ်စုံတစ်ရာ ကြံရွယ်ခြင်းမရှိပါဟု ဖြေသည်။ ဤအာမခံချက်သည် ကျေနပ်ဖွယ်ရှိသည်။ အာမခံသည့် အတိုင်း အမ်ဟာတ်စ်၏ စေ့စပ်ဆွေးနွေးမှုများကိုလည်း ပယ်ချသည်။ မြန်မာပြည်သည် ပြင်သစ်ဩဇာအောက်၌မရှိဟု ကြေညာသည်မှန်သော် လည်း ဤမှုနှင့် တစ်ခါပြန်ပြီး ယုံကြည်ရန် မဖြစ်နိုင်သေးပေ။ အမ်လန်နီ ဆင်ရေးဆွဲပြီး ပြင်သစ်လွှတ်တော်တွင် အမ်လန်နီ ကိုယ်တိုင်ဖတ်ကြားကာ ပြင်သစ်အစိုးရက တရားဝင်ရေးသားထုတ်ဝေခဲ့သော အရှေ့ဖျားတိုင်းပြည် များအပေါ် ပြင်သစ်မူဝါဒ၏ ရည်မှန်းချက်နှင့် လေသံများသည် အမ်ဒီ ဖရေဆီနက် ဘူးကွယ်ခဲ့သော အချက်များ၏ တန်ဖိုးကို များစွာလျှော့စေခဲ့ သည်။

ယင်းသဘောထားမှာ လောလောဆယ် သဘောတူခဲ့ပြီးဖြစ် သော ကုန်သွယ်ရေးစာချုပ်များကို စစ်ဆေးရန်အတွက် ခန့်ထားသော ကော်မတီ၏ထင်မြင်ချက်ကို ဖော်ပြသော အစီရင်ခံစာဖြစ်သည်။ ကော်မတီ ၏တာဝန်မှာ စာချုပ်ကိုစစ်ဆေးရုံ သဘောတူညီချက်ပေးရုံနှင့် မပြီးသေး ပေ။ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး တစ်ခုလုံး၏ အထွေထွေအခြေအနေနှင့် ထိုဒေသတွင် ပြင်သစ်တို့ အလုပ်အကိုင် တိုးတက်လုပ်ဆောင်ရန် မျှော်လင့် ချက်ရှိ မရှိတို့ကိုပါ အားလုံးခြုံ၍ သုံးသပ်ရန်ဖြစ်သည်။ အာနမ်နှင့်တုံကင် တွင် ပြင်သစ်တို့ လွှမ်းမိုးထားနိုင်ခြင်းကြောင့် အရေးပါသော နယ်မြေဒေသ နှစ်ခုကို ချဉ်းကပ်ဝင်ရောက်ရန် အခွင့်အရေးရခဲ့သည်။ ထိုနယ်မြေနှစ်ခုမှာ ယိုးဒယားပြည်အပေါ် တစ်ပိုင်းက မှီခိုနေသော Bassac နှင့် မြောက်ဘက် ရှိ Luang Prabang ဖြစ်သည်။ လန်ပရာဘန်သည် မြန်မာ၊ ရှမ်း၊ အာနမ်၊ ယူနန်တို့နှင့် ထိစပ်နေသော ဒေသဖြစ်သည်။ လန်ပရာဘန်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က အာနမ်သို့ ၃ နှစ်လျှင်တစ်ကြိမ်ကျ ဘဏ္ဍာတော်ဆက်ရသည်။ ထို့ပြင် "ဤသို့ဘဏ္ဍာတော် ဆက်ခြင်း၏ အရေးပါပုံ သို့မဟုတ် ဤဘဏ္ဍာတော် ဆက်သည့်ကိစ္စမှ ကျွန်ုပ်တို့ အမြတ်ထုတ်နိုင်ပုံတို့ကို အထူး ဖော်ပြရန် လိုမည်မဟုတ်ချေ"ဟု အစီရင်ခံစာတွင် အဓိပ္ပာယ်ပါပါ ဖော်ပြထားသည်။

အစီရင်ခံစာကို ရေးသားစဉ်က ကော်မတီအဖွဲ့၏ စိတ်ထဲတွင် ရှိသမျှဖုံးကွယ်ထားခြင်း မရှိပေ။ "ကိုယ့်ထီးကိုယ့်နန်းနှင့်နေသော မြန်မာပြည်နှင့် ယိုးဒယားပြည်တို့သည် နိုင်နင်းပိပြားစွာ အုပ်ချုပ်နိုင်သော တိုင်းပြည်အဖြစ်နှင့် အလှမ်းဝေးလှသေးသည်။ ဤတိုင်းပြည်နှစ်ခုမှ အလွန်ကြီးသော အစိတ်အပိုင်းဒေသကို ရတနာပုံအာဏာစက်အောက်၌ ရှိသည်ဟု ဆိုရုံသာဆိုနိုင်သော အလွန်ရိုင်းစိုင်းသော လူရိုင်းလူမျိုးစုတစ်စုက ဝင်ရောက်နေထိုင်သည်။ မြန်မာတို့၏ရှမ်းပြည်သည် တရုတ်ပြည်နှင့် မြန်မာပြည်အကြားရှိ ရှမ်းပြည်ကို ပီကင်းနှင့်ရတနာပုံတို့က ငါသာပိုင်သည်ဟု အပြိုင်ဆိုသော်လည်း မည်သည့်တိုင်းပြည်ကမှ ထိထိရောက်ရောက် အုပ်ချုပ်နိုင်ခြင်း မရှိချေ။ ဤကား မြန်မာပြည်နှင့်ပတ်သက်သော အခြေအနေဖြစ်သည်"ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဤကဲ့သို့သော ပြဿနာများကို ဆွေးနွေးပြောဆိုနေသော သူများသည် ယင်းသို့သော ကုန်သွယ်ရေးစာချုပ်များ၏ အကျိုးရှိပုံထက် အင်ဒိုချိုင်းနား လက်နက်နိုင်ငံတော်ကြီး ဘည်ထောင်ရေးကိုသာ အထင်အရှား စိတ်ကူးနေခြင်းဖြစ်သည်။

ဤအမျှော်အမြင်ကင်းမဲ့လှသော အစီရင်ခံစာထဲတွင် ပြင်သစ်နှင့်မြန်မာတို့၏ တရားဝင်ဆက်ဆံရေးလမ်းစဉ်ကိုချမှတ်ထားပုံတစ်ခုကာ ည်နှင့်ပင် မြန်မာပြည်၌ဖြစ်ပျက်နေသော ကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှတို့အား မသက်သာဖြစ်လာစေသည်။ အင်္ဂလန်၊ အီတလီတို့နှင့် ကုန်သွယ်ရေးစာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သော မင်းတုန်းမင်းကြီးသည် ၁၈၆၅ ခုနှစ်တွင် ပြင်သစ်နှင့်လည်း အလားတူစာချုပ် ချုပ်ဆိုရန် ရည်ရွယ်ချက်ဖြင့် လူးဝစ်နပိုလီယံထံသို့ ကမ်းလှမ်းခဲ့သည်။ "မည်ကဲ့သို့သော သဘောဖြင့် ကမ်းလှမ်းလာ



သည်ကို ကျွန်ုပ်တို့ မသိရသော်လည်း လိမ္မာပါးနပ်စွာတွေးကြည့်လျှင် သိနိုင်ပါသည်။ နိုင်ငံတော်က မြန်မာပြည်၏ နိုင်ငံခြားဆက်သွယ်မှုမှာ သူတစ်ပါးပြဿနာ့ နှေးနေရသော တိုင်းပြည်ဖြစ်သည်ဟု စွဲလမ်းထားရာ မြန်မာတို့၏ ကမ်းလှမ်းမှုကို လှန်လွှတ်လိုက်သည်"ဟု အစီရင်ခံစာက လှောင်တောင်တောင် ဆိုသည်။

တတိယ နပိုလီယံသည် အဘယ်ကြောင့် မြန်မာပြည်တွင် ဗြိတိသျှတို့အား ထိပါးစေမည့်ကိစ္စကို ငြင်းပယ်လိုက်ရသည်ကို အတွေ့အကြုံက သင်ကြားလိုက်သဖြင့် အမ်လန်နီဆင် နားလည်လာခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ အမ်လန်နီဆင်၏ ခွင့်ပြုချက်ဖြင့် အမ်ဟတ်စ် အရမ်းကာရောဝင်ခဲ့သည့် နေရာကို သူ မနင်းရဲချေ။ ၁၈၇၂ ခုနှစ်တွင် သမ္မတနိုင်ငံ (ပြင်သစ်)သည် လက်နက်နိုင်ငံကြီးကို ဆက်ခံသောအခါ ကူးသန်းရောင်းဝယ်ရေး ၂ ဦး သဘောတူစာချုပ် ချုပ်ဆိုရန်အတွက် ပဲရစ်မြို့သို့ မြန်မာသံအဖွဲ့ ဒုတိယအကြိမ် ရောက်လာသည်။ ၁၈၇၃ ခုနှစ် ဇန်နဝါရီလတွင် ၂ ဦးသဘောတူ စာချုပ်ချုပ်ပြီးလျှင် နောက်တစ်နှစ်၌ အပြန်အလှန် စာချုပ်အတည်ပြုရေးအတွက် ရတနာပုံမန္တလေးသို့ ဒီရိုချိုချုပ် (de rochechout) ကို စေလွှတ်လိုက်သည်။ သူသည် အခွင့်အာဏာမရှိဘဲနှင့် လျှို့ဝှက် ၂ ဦး သဘောတူစာချုပ်ကို လက်မှတ်ထိုးသည်။ ထိုလျှို့ဝှက်ချက်၏ အကြောင်းကိုမူ ဖော်ပြခြင်းမပြုချေ။ ပြင်သစ်အစိုးရက သူတို့၏ကိုယ်စားလှယ်ကို ပစ်ပယ်လိုက်သည်။ ၂ ဦးသဘောတူ စာချုပ်ကိုလည်း အတည်မပြုတော့သဖြင့် စာချုပ်မှာ ပိုင်ရှင်မဲ့ စာချုပ်ကြီးအဖြစ် ချောင်ထိုးထားလိုက်ရသည်။

မင်းတုန်းမင်းလက်ထက်တွင်လည်းကောင်း၊ သီပေါမင်းတက်စအခါ တွင်လည်းကောင်း နောက်ထပ် စေ့စပ်ဆွေးနွေးမှုများ မပြုတော့ပေ။ သို့သော် ၁၈၈၃ ခုနှစ် ရှမ်းတွေ သူပုန်ထသဖြင့် အခက်အခဲနှင့် ရင်ဆိုင်နေပြီးလျှင် အိန္ဒိယအစိုးရနှင့်လည်း မသင့်မတင့်ဖြစ်နေစဉ်တွင် တုံကင်၌ ပြင်သစ်တို့ အခြေတည်ပြီး ဖြစ်သည်ကို သိသဖြင့် ၁၈၇၃ ခုနှစ်က ချုပ်ခဲ့သော စာချုပ်ကို အတည်ပြုရေးအတွက် ပဲရစ်သို့ သံအဖွဲ့တစ်ဖွဲ့ကို စေလွှတ်လိုက်လေသည်။ အဘယ်ကြောင့် စေ့စပ်ဆွေးနွေးမှုများကို ပြန်လည်လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရကြောင်း ရှင်းလင်းဖော်ပြထားသည်။ ဘုရင့်ထံမှ ရာဇသဝဏ်လွှာကို သံအဖွဲ့က ဆောင်လာသည်။

"အချုပ်အခြာအာဏာကို စိုးပိုင်သော တိုင်းကြီး၊ နိုင်ငံကြီးများသည် မိမိတို့၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုးများ၏ သာယာဝပြောမှု၊ မိမိတို့၏ ကုန်သည်ပွဲစားများ၏ အကျိုးစီးပွားနှင့် ရောင်းဝယ်ဖောက်ကားကူးသန်းဆက်ဆံရေးများ တိုးပွားမှု၊ အများပြည်သူတို့၏အတွက် အိုးအိမ်တိုက်တာများ ဆောက်လုပ်မှုများနှင့် လောကဓာတ်ပညာများကို မိမိတို့ တိုင်းပြည်သို့ ဖြန့်ဖြူးရန်တို့ကို အမြဲနှလုံးသွင်းသင့်ပါသည်။ ဤရည်ရွယ်ချက်များအတွက် တိုင်းကြီး ပြည်ကြီးများသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်ပစ္စည်း အသွင်းအထုတ် ပိုမိုဖောက်ကားနိုင်ရန်အလို့ငှာ ရှိဆဲစာချုပ်များက နိုင်မြဲအောင်၊ တောင့်တင်းအောင်သော်လည်းကောင်း၊ စာချုပ်သစ်များကို ချုပ်ဆိုခြင်းသော်လည်းကောင်း ပြုသင့်ပါသည်။ မြန်မာနှင့်ပြင်သစ်တို့သည် တစ်ပြည်နှင့်တစ်ပြည် အလွန် အလှမ်းဝေးကွာလှန်းရာ နှစ်ပြည်ထောင်ဆက်ဆံရေးသည် ခက်ခဲလှပေသည်။ ယခုမူကား တုံကင်နယ်ကို ပြင်သစ်တို့သိမ်းပိုက်ထားပြီး ဖြစ်သောကြောင့် နှစ်ပြည်ထောင်၏ နယ်နိမိတ်ချင်း ထိစပ်လာပါသည်။ ဆိုလိုသည်မှာ ကျိုင်းတုံနှင့် ကျိုင်းရုံးကြီးနယ်များရှိသော အရှေ့ဘက် မြန်မာနယ်စပ်တွင် တစ်ပြည်နှင့်တစ်ပြည် ထိစပ်နေပါသည်။ တုံကင်နယ်၊ ကျိုင်းတုံနှင့် ကျိုင်းရုံးကြီး နှစ်နယ်တို့သည် တရုတ်တို့၏ ယူနမ်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။ ဤနယ်များ၌ နေထိုင်ကြသော သူတို့သည် ရှေးအဆက်ဆက်ကတည်းက ရှိခဲ့သော လမ်းပမ်းအဆက်အသွယ်များ ဖြင့် တရုတ်တို့နှင့် ရောင်းဝယ်ကူးသန်းမှု ရှိခဲ့သည်။ မြန်မာပြည်တွင် နေ့စဉ်နှင့်အမျှ အရေးပါသောလုပ်ငန်းများကို တိုးတက်လုပ်ကိုင်လျက်ရှိသော ပြင်သစ်အင်ဂျင်နီယာများ၊ အရာရှိများနှင့် ကုန်သည်များ ရှိကြသည်။ ထို့ကြောင့် ၎င်းတို့ဆက်ဆံရေးကို အနာဂတ်တွင် တိုးမြှင့်ရန်နှင့် ကုန်ပစ္စည်းလဲလှယ်ရေး၊ နှစ်ပြည်ထောင် သာယာဝပြောရေး၊ နှစ်ဦးနှစ်ဘက် အကျိုးဖြစ်ထွန်းရေးတို့ကို ရည်မျှော်၍ ဘုန်းတော်အလွန်ကြီးမားသော ဘုရင်မင်းတရားကြီးသည် ပြင်သစ်နှင့်မြန်မာတို့ စာချုပ်ချုပ်ရန် အကြံတော်ရှိပါသည်။



နောက် ၂ နှစ်အကြာတွင် ပြင်သစ်တို့အား မြန်မာပြည်၌ ကူးသန်းရောင်းဝယ်ခွင့်ကို ဖွင့်ပေးလိုက်သော စာချုပ်ကို ၁၈၈၅ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီးလျှင် ပြင်သစ်နှင့်မြန်မာတို့သည် တစ်ပြည်ကိုတစ်ပြည် အရေးပေးခံရသော တိုင်းပြည်အဖြစ် နှစ်ဦးနှစ်ဖက်တန်းတူ အသိအမှတ်ပြုကြသည်။ စာချုပ်အနေဖြင့် ခြွင်းချက်ထားခြင်း မရှိသော်လည်း၊ လက်နက်နှင့် ခဲယမ်းမီးကျောက်များ တင်သွင်းခွင့် ပါဝင်သော အပိုဒ် ၁၁ ကို လွှတ်တော်သို့ တင်ပြသော အစီရင်ခံစာ၌ ဖော်ပြဝေဖန်သောအခါ စိတ်ဝင်စားလာကြသည်။

မြန်မာပြည်တွင် ပြင်သစ်ကုန်သည်တို့ လက်နက်များ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ကိစ္စကို စာချုပ်ထဲတွင် ထည့်သွင်းဖော်ပြခြင်း မပြုချေ။ သို့ရာတွင် ကူးသန်းရောင်းဝယ်ခြင်းကို ပိတ်ပင်တားမြစ်သော အပိုဒ် တစ်ပိုဒ်မှ မပါဝင်ဘဲ အပိုဒ် ၂ အရ ရောင်းဝယ်ဖောက်ကားမှု ဟူသ၍ အားလုံးကို ခွင့်ပြုထားရာ အခြားသော ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း ဌာနများကဲ့သို့ လက်နက်ကူးသန်းခြင်းကိုလည်း စာချုပ်ထဲတွင် ပါဝင်သည်ဟု ကောက်ချက်ချရပေမည်။ ဤအချက်သည် အရေးကြီးသော အချက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယဉ်ကျေးမှုအနည်းငယ်မျှသာရှိသော တိုင်းပြည်များတွင် လက်နက်ကုန်ကူးခြင်းသည် ဥရောပကုန်သည်များအဖို့ အမြတ်အများဆုံးရရှိသော လုပ်ငန်းဖြစ်သောကြောင့်ပင် ဖြစ်သည်။

ပြင်သစ်ကိုယ်စားလှယ်က နောင်အခါတွင် တုံကင်မှနေ၍ မြန်မာပြည်သို့ လက်နက်များပေးသွင်းရန် ကိစ္စကို တာဝန်ယူထားကြောင်းကို တစ်ထစ်ချ ပြောနိုင်သောကိစ္စနှင့်ဆက်စပ်၍ စဉ်းစားပြီးလျှင် အမြတ်ခပ်မြက်မြက်ကလေးရသော လက်နက်ကုန်ကူးရေးကိစ္စကို အရေးပေး၍ အမိအရ ဆုပ်ကိုင်ထားသည်မှာ သံသယရှိစရာ မလိုတော့ပေ။ ဝိတိုရိယဘုရင်မကြီး စည်တီးခရိုင် စိုးမိုးပိုင်သသော နယ်မြေအတွင်းသို့ မြန်မာပြည်အားသွတ်သွင်းလိုက်ခြင်းဖြင့် ပြင်သစ်ပြည် သို့မဟုတ် အခြားနိုင်ငံခြားတိုင်းပြည်ကြီးများနှင့် သီပေါမင်းတို့ပြုလုပ်ထားသော ကတိကဝတ် ဟူသမျှကို စခန်းသိမ်းပစ်လိုက်လေသည်။ ပြဿနာများက ဤအတိုင်းသာ ပစ်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပါက မလွဲသာမရှောင်သာ နိုင်ငံခြားတိုင်းပြည်များနှင့် ငြိစွန်းယှက်တင် ဖြစ်လာမည်ဖြစ်သော ခြေပုန်းခုတ်ကြံစည်မှုနှင့် ကြံစည်နိုင်သော အရာအားလုံးကို ဖာတ်သိမ်းပစ်လိုက်သည်။ ထိုသို့ ဖာတ်သိမ်းပစ်လိုက်သော ဆောင်ရွက်ချက်မှာ နောက်ဆုံးပိတ် အိတ်နှင့်လွယ်လိုက်သော မဟာဆောင်ရွက်ချက်ကြီးဖြစ်ကြောင်း ဘဝင်ကျကျ လက်ခံနိုင်လေသည်။

◀◀ ▶▶

## အခန်း (၁၂)
## မင်းတုန်းမင်း၏ အနွယ်တော်များ

ခရစ်စမတ်နေ့မြတ်တွင် မိခင်၊ မောင်များနှင့်အတူ မန္တလေးမြို့တွင် နေထိုင်သော ဂရိအမျိုးသမီး မစ္စစ်အန်ထရန်၏ထံတွင် ခိုလှုံနေသည့် သမီးတော်များထံသို့ အလည်သွားသည်။ သမီးတော်တိုင်းသည် အလွမ်းဖာဟ်ထုပ်ကြီးမှ "မင်းသမီး"များဖြစ်ကြသည်။ လူသတ်ပွဲများပြုလုပ်နေစဉ်တွင် လွတ်မြောက်သွားသော မင်းသားနှစ်ပါးအနက် ညောင်ရမ်းမင်းသားသည် သဘောလည်းကောင်း၊ ပါးလည်းပါးနပ်သည်။ အကယ်၍သာ အသက်ရှည်မည်ဆိုပါက ဘုရင်ဖြစ်ရန် သေချာသူဟု ထင်မှတ်ခြင်းခံရသော်လည်း မကြာသေးမီကပင် ကံကုန်သွားရှာသည်။ အခြားသူများနည်းတူ သူ့အား သေမင်းစောင့်နေသော နန်းတော်သို့လာရန် ဆင့်ခေါ်သည်။

သို့သော် အကြံအစည်ဖြင့်ခေါ်ခြင်းကို မသင်္ကာဖြစ်လာ၍ ကုလားအဝတ်များဝတ်ပြီး မစ္စတာ ကိုလ်ဘက်အိမ်သို့ ထွက်သွားသည်။ သူ၏မယ်တော်နှင့် နှမတော် ကျောက်ဆောက်မင်းသမီးမှာ ထောင်သွင်းအကျဉ်းချထားခြင်းခံရသည်။ သူတို့သည် အကျဉ်းထောင်ရိုးရိုးတွင် အကျဉ်းသားအဖြစ် ၇ နှစ်နေပြီးလျှင် သူတို့အတွက် ထမင်းစရိတ်ကိုပင် လွှတ်တော်က မပေးခဲ့ပေ။ ထွက်ပြေးလွတ်မြောက်သွားကြသော မင်းသားများ (ညောင်ရမ်း–ညောင်အုပ်)မလှုပ်ရဲအောင် ဓားစားခံအဖြစ် သူတို့အားမသတ်ဘဲထားခြင်းဖြစ်သည်။ မိတ်ဆွေများက ရံဖန်ရံခါ ငွေကလေး ကြေးကလေးဂ

www.burmeseclassic.com



တိတ်တစ်ဆိတ်ပို့ကြသည်။ ခမည်းတော်ရှိစဉ်က တပင်တိုင်မင်းသမီးဖြစ်ပြီး အ[illegible] အစာငတ်ထား၍ ကံကုန်သွားရသော စလင်းစုဖုရား မင်းသမီး၏ မယ်တော်[illegible]ဖုရား[illegible]ကဲ့သို့ အကျိုး[illegible]သည်။ လင်ပန်းမိဖုရား၏ သားတော်များသည် နန်းတွင်း လူသတ်ပွဲတွင် အသတ်ခံကြရသည်

မင်းတုန်းမင်းကြီးနှင့် လင်ပန်းမိဖုရားတို့မှ ဖွားမြင်သော သားတော်ကျပင်းမင်းသားနှင့် သရစိမ်းမိဖုရားတို့လည်း ထောင်ထဲရောက်နေကြသည်။ လင်ပန်းမိဖုရားနှင့် မင်းတုန်းမင်းကြီးတို့၏မြေးတော် မင်းသမီး နှစ်ပါးအပါအဝင် အခြား ၄ ဦးလည်း အကျဉ်းချခြင်းခံရသည်။

တစ်ခါတွင် ဤအကျဉ်းသား အမျိုးသမီးတစ်စုလုံးကို အောင်ပွဲခံပြီး မဟာလတာတန်ဆာများ ဆင်ယင်ထားသော အရှင်မိဖုရားခေါင်ကြီး စုဖုရားလတ်ကို ဖူးမျှော်ခစားရန် ဆင့်ခေါ်သည်။

နန်းမသခင် ထိပ်ခေါင်တင်ဖုရားက သူတို့အား ထမင်းကျွေး မွေးသည်။ ဝတ်စုံနှင့် ငွေတစ်ရာစီချီးမြှင့်ပြီးနောက် ထောင်ထဲပြန်သွင်းထား လိုက်သည်။ ကံဆိုးမတွေကို ကိုယ်တိုင်ရှုစားပြီး နောင် ငါလိုလူဇမ္ဗူမှာ ရှိသေးရဲ့လားဟု စုဖုရားလတ်က ပြလိုက်ခြင်းပင်တကား။

အင်္ဂလိပ်ပြည်သိမ်းတပ်ကြီး မန္တလေးသို့ တက်လာသောအခါ ထောင်စောင့်များ ထွက်ပြေးကြသည်။ လွတ်လာသော အနွယ်တော်တစ်ဦး က ရိုးသားစွာပြောသကဲ့သို့ပင် အနွယ်တော်အကျဉ်းသားများက သူတို့ လည်း ထွက်သွားမှ ဖြစ်တော့မည်ဟုတွေးမိပြီး မစ္စစ်အန်ထရန်အိမ်သို့ ဝင်ရောက်ခိုလှုံနေကြခြင်းဖြစ်သည်။ ဤမင်းတုန်းမင်း၏ ကျန်ရစ်ခဲ့သော အနွယ်တော်များ အရေးကို မည်သို့ဖြေရှင်းရမည်နည်း။ သူတို့ရှိသမျှပစ္စည်း တွေ အသိမ်းခံခဲ့ရသည်။ ထောင်ထဲက ထွက်လာကြပြီဖြစ်သော်လည်း အားလုံး အတိဒုက္ခရောက်ကာ ချွတ်ခြုံကျနေကြသည်။ နေ့စဉ်နှင့်အမျှ မိမိ၏အသက်နှင့် အစာရေစာအတွက် စိုးရိမ်ပူပန်နေရပြီး ၇ နှစ်လုံးလုံး ထောင်ထဲနေခဲ့ရသည့်ဒဏ်ကို ဖော်ပြနေကာ တည်ကြည်၍ အဆွေးမာတ် ရှိုက်သန်းနေသော မျက်နှာနုနုကလေးနှင့် သောင်ရမ်းမင်းသား၏နှမတော်



ကျောက်ဆောက်မင်းသမီးကို ကျွန်တော်တွေ့ရသည်။ နန်းတွင်း၌ကြီးပြင်း ခဲ့ရသည့် ဘဝတစ်လျှောက်လုံးတွင် လူစိမ်းသူစိမ်းနှင့် တစ်ခါမှ မတွေ့ဘူး ခဲ့သည့်အပြင် ပြင်ပလောကကြီးနှင့် အဆက်ဖြတ်ကာ ထောင်ထဲတွင်နေခဲ့ ရသဖြင့် မင်းသမီးကလေးသည် အတော်ပင် လန့်ဖျပ်နေရှာသည်။ သို့သော် နက်မှောင်နေသော သူ့မျက်လုံးများက အရာရာကို စူးစမ်းနေ သည်။

အသက် ၈ နှစ်သာရှိသေးသော မင်းသမီးကလေး အခန်းထဲ ပြေးဝင်သည်။ မင်းသမီးကလေး၏ ခမည်းတော်၊ မယ်တော်တို့ ၂ ပါး စလုံးမှာ မဟာသွေးချည်းဖြစ်ပြီးလျှင် အသတ်ခံရသည့်အထဲ ပါသွားကြ သည်။ မင်းသမီးကလေးကို သေဒဏ်စီရင်ချက်ချပြီး ဖြစ်သည်။ သို့သော် သနားစွာရှိသော အထိန်းတော်က မင်းသမီးကလေးကိုခေါ်၍ ပုန်းအောင်းနေ ရာပြီးနောက် တောဘက်ထွက်ပြေးခြင်းဖြင့် မင်းသမီးကလေး၏ အသက် ကို ကယ်လိုက်သည်။ ထို့နောက်တစ်ဖန် ဖမ်းဆီးပြန်ရာ စုဖုရားလတ်က မူလက ချမှတ်ခဲ့သော စီရင်ချက်အတိုင်း လုပ်ရမည်ဟု အမိန့်တော်မြွက် ခတ်သည်။ ဝန်ကြီးတစ်ပါးက မင်းသမီးကလေးသည် ကလေးငယ်ဖြစ် သေးကြောင်း၊ ဤအသက်အရွယ်မျှသာ ရှိသေးသော ကလေးငယ်ကို တွပ်မျက်ခြင်းဖြင့် အကျိုးတစ်စုံတစ်ရာ မရှိနိုင်ကြောင်း မိဖုရားခေါင်ကြီး အား လျှောက်တင်သည်။ မင်းသမီးကလေးမှာ အသက်ချမ်းသာရာရပြီး နန်းတွင်းသို့ပြန်ပို့လိုက်ရာ မင်းသမီးကလေးမှာ မကြာခဏ မညှာမတာ အနှိပ်စက်ခံရလေသည်။

ထို့နောက်တွင်ကား ယခုအခါ ပြင်သစ်ထံ ခိုလှုံနေသော မြင် ကွန်းမင်းအား ပုန်ကန်ထကြွသည့်အရေးတွင် မြင်ကွန်းမင်းသား လုပ်ကြံ၍ ရေတိမ်နစ်ရသော အိမ်ရှေ့မင်း (ကနောင်မင်းသားကြီး)၏ သမီးတော် ရန်အောင်မြင်မင်းသမီးနှင့် တွေ့ရသည်။ စုဖုရားလတ်က ရန်အောင်မြင် မင်းသမီးအား တစ်လလျှင် စားရိတ်ငွေတော် ၂၅၀ ကျပ် ပေးသနားထား သည်။ ရာဇဝင်တွင် ကြော်ကြားဖွယ်အကောင်းဆုံးများအနက် လူသတ်ပွဲကြီး မှ သက်ဆိုးရှည်၍ လွတ်ကျန်ရစ်သူ မဟာဆီမဟာသွေး အားလုံးတို့သည် မစ္စစ်အန်ထရန်၏ သိမ်သိမ်ငယ်ငယ် အိမ်ကလေးထဲ ရောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် လိုအပ်ချက်များကိုမူ ကာနယ်စလေဒင်၊ ဝန်ကြီးများနှင့် မဟာဝန်ရှင်တော်မင်းကြီးများက သိရှိပြီးဖြစ်သည်။ ဤအခြေအနေမျိုး ရောက်နေသူများ၏ တောင်းဆိုချက်များကို စဉ်းစားဆုံးဖြတ်ရာတွင် အချိန်ကုန်ပြီး ကြာညောင်းလှသည်ဟု မဆိုသာပါ။ သို့သော် ငွေများထုတ်ပေးရာတွင် မြန်မာလိုပင် ချီးမြှင့်မှုမှာလည်း ရက်ရောလှသည်ဟု ကျွန်တော် မပြောရဲပါ။ ချီးမြှင့်ထောက်ပံ့ငွေမှာ ယာယီခေတ္တ သဘောသာဖြစ်၍ အသတ်ခံရသော မင်းတုန်းမင်းအနွယ်ဝင်များအတွက် လိုအပ်ချက်များကို သင့်လျော်လုံလောက်အောင် ထပ်မံထောက်ပံ့နိုင်ရန် စီစဉ်ပါလိမ့်မည်။

ဤမဟာဆိမဟာသွေးများအား လစဉ် ထောက်ပံ့ငွေများ ချီးမြှင့်ရန် အမိန့်ချထားသည်။ လင်ပန်းမိဖုရား၊ သက်ပန်းမိဖုရားနှင့် သရစိမ်းမိဖုရား ၃ ပါးအား တစ်ပါးလျှင် ငွေ ၃၀ ကျပ်ကျစီ၊ မင်းတုန်းမင်း၏ သားတော် ထီးလင်းမင်းသား၊ အပျိုတော်နှစ်ဦး၊ မင်းတုန်းမင်းနှင့် လင်ပန်းမိဖုရားတို့မှမြင်သော မြေးတော်မင်းသမီး နှစ်ပါး၊ ပေါင်း ငါးဦးအတွက် ငွေတစ်ရာ၊ ရန်အောင်မြင်မင်းသမီးကို ငွေ ၁၅ ကျပ် အသီးသီး ထောက်ပံ့သည်။ ရန်အောင်မြင်မင်းသမီးက ကုလီတစ်ယောက်ရသော ငွေထက်ပင် နည်းနေသဖြင့် ဤငွေမျှလောက်ကို ယူရမည်ကိုပင် ရှက်စရာကောင်းသည်။ ယခုကဲ့သို့ အောက်ကျနောက်ကျခံရမည့်အစား ကိုယ့်ထမင်း ကိုယ့်ဘာသာရှာစားမည်ဟု ရန်အောင်မြင်မင်းသမီးကဆိုသည်။ ငါးခွန်မိဖုရား (Naquine) ဟူသောအမည်ကို အသံထွက်နှင့် အနီးစပ်ဆုံး ယူထားပါသည်)၏ သမီးတော် ၃ ပါးအား တစ်ပါးလျှင် ၁၀ ကျပ်ဖြင့် ၃၀ ကျပ် ထောက်ပံ့သည်။ မဟာနွယ်တို့အား ဤမျှ အငြိမ်းစားလစာငွေပေးသည်မှာ အလွန်နည်းလွန်းသည်ဟု ပြည်သူအများက ပြောဆိုကြတော့မည်။

သူတစ်ပါးထမင်းပွဲဝင်ပြီး ထမင်းစားရသည်မှာ မည်မျှ နာကြည်းဖွယ်ကောင်းပါသနည်း။ သူတစ်ပါးအိမ်ပေါ် တက်လိုက် ဆင်းလိုက်လုပ်ရသည်မှာလည်း မည်မျှပင်ပန်းဆင်းရဲမည်နည်း။ ခရစ်စမတ်အပြီး နောက် တစ်ရက်၊ နှစ်ရက်အတွင်း မစ္စတာဘားနတ်နှင့် ကာနယ်စလေဒင်က လင်ပန်း၊ သက်ပန်းနှင့် သရစိမ်းမိဖုရားတို့ကို ချက်ခြင်း



ရန်ကုန်ပို့ရန် ဆုံးဖြတ်လိုက်သည်။

ခုနစ်ရွာစား မိဖုရားနှင့် သမီးတော် ၅ ပါး၊ မြောက်ရွှေရေး မိဖုရား၊ ကျောက်ဆောက်မင်းသမီးနှင့် အခြားမင်းသမီးများ အပါအဝင် ပေါင်း ၂၁ ယောက်ကိုလည်း အလားတူပင် ရန်ကုန်ပို့ရန် အမိန့်ပေးလိုက်သည်။ ဖော်ပြခဲ့သော ထောက်ပံ့ငွေများ ရခဲ့သူနည်းတူ ၎င်းတို့အား ထောက်ပံ့ငွေများပေးသည်။ သို့သော် ၎င်းမဟာနွယ်တို့အထဲတွင် မြောက်ရွှေရေးမိဖုရားနှင့် သမီးတော်အား ငွေ ၁၅၀ ကျပ် ချီးမြှင့်သည်။ သူတို့အား အလောင်းဘုရားသဘော်ဖြင့် ရန်ကုန်သို့လိုက်ပါရန် အမိန့်ချထားသည်။ ကာနယ်စလေဒင်သည် ၎င်းတို့အား သင်္ဘောပေါ်သို့လိုက်၍ နှုတ်ဆက်ပြီး ပဋိသန္ဓာရစကား ပြောကြားသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် သင်္ဘောကို ကာကွယ်စောင့်ရှောက်ရန်အတွက် အစောင့်စစ်သား ၆ ယောက်နှင့်အတူ မဟာနွယ်များ မန္တလေးမှ ထွက်ခွာသွားသည်။ သူတို့အားလုံး အစိုးရသဘော်ဖြင့် ရန်ကုန်သို့ စုန်ရတော့မည်ဟူသော အမိန့် ပြန်းကနဲရောက်လာသောအခါ မဟာနွယ်တို့သည် အတော်ပင် အံ့အားသင့်သွားကြသည်။ စင်စစ်အားဖြင့် မန္တလေးမှစွန့်ခွာသွားရန် သူတို့ ဝမ်းမနည်းကြပေ။

တိုင်တားမင်းကြီးကား အာဏာလက်ရှိပင်ဖြစ်သည်။ အိန္ဒိယသို့ နယ်နှင်ခြင်းခံရသည်အထိ အာဏာလက်ရှိဖြစ်သည်။ တိုင်တားမင်းကြီးက ရက်များစွာ မကြာသေးမီကပင် စေလွှတ်လိုက်သော အစောင့်အရှောက်များကို လက်ခံရန် မစ္စစ်အန်ထရန်အား အမိန့်ပေးခဲ့သေးသည်။ သူ ဘာများ မဟာနွယ်ဆီက လိုချင်လို့လဲ။ တစ်အိမ်လုံး ထိတ်လန့်တကြား ဖြစ်သွားသည်။ သို့သော် ဤသတင်းကိုကြားသော အင်္ဂလိပ်နှစ်ဦးကတိုင်သဖြင့် မေဂျာဖစ်ရှာက ဤအိမ်သည် စစ်တပ်ကစောင့်ရှောက်ထားသော အိမ်ဖြစ်၍ ဗိုလ်ချုပ်၏ အမိန့်စာမပါဘဲ ဤအိမ်၌နေသူများကို ခေါ်ယူခြင်းမပြုရဟု ကြေညာပြီး စစ်သားအစောင့်များ ချထားလိုက်သည်။ ရက်စက်သည်ဟု နာမည်ရသော တိုင်တားမင်းကြီးအမိန့်ကြောင့်အကြီးအကျယ် ကြောက်လန့်ကုန်ကြသဖြင့် မန္တလေးမှ ခွာရမည်မှာ သက်ဆိုင်သူများအနေဖြင့် ကြိုဆိုကြမည်သာ ဖြစ်သည်။ သို့သော် အနွယ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသားများ အားလုံးနီးနီး အသတ်ခံရလေရာ ကျန်ရစ်သူ တစ် ကောင်ကြွက်နှင့် မယ်ကံဆိုးတို့ချည်းသာ မဲဇာသို့သွားရတော့မည်ဖြစ်လေ သည်။ သူတို့အား ထွက်ခွာသွားရန် အမိန့်စာတွင် ရန်ကုန်သို့ နယ်နှင် လိုက်သည်ဟု အထင်အရှား ဖော်ပြထားသည်။ အင်္ဂလိပ်စကား တစ်လုံးမှ လည်းမပြောတတ်ဘဲနှင့် ဤခရီးကို အနွယ်တော်မိဖုရား၊ မင်းသမီးများ မည်ကဲ့သို့လုပ်၍ သွားရပါမည်နည်း။

သူတို့က မစ္စတာကိုလ်ဘက်အား ကျွန်တော်သည် အောက် မြန်မာပြည် သွားမည့်သူဖြစ်၍ သင်္ဘောပေါ်တွင် ကျွန်တော်ပါလာမည်လော ဟု စိုးရိမ်တကြီး မေးကြသည်။ သူတို့ သက်သာမှုအတွက် ပြည်အင် ရင်းတို့နှင့်အတူ သင်္ဘောပေါ်လိုက်ပါရန် ကျွန်တော်က သဘောတူလိုက် သည်။ ကျွန်တော်နှင့်အတူ ပါလာသော ခရီးသည်များသည် သဘော လည်းကောင်း အလွန်လည်းဖော်ရွေသူများ ဖြစ်သည်ကို တွေ့ရသည် သူတို့နှင့်အတူ လိုက်ပါရန် တောင်းပန်ထားသည်ကို လိုက်လျောခဲ့သဖြ ကျွန်တော့်အား ကျေးဇူးတတင်တင် ဖြစ်နေကြသည်။ စကားပြန်တ ယောက် ရှာ၍ရသောအခါ နန်းတွင်းရေးများနှင့်ပတ်သက်၍ သူတို့သိသ ကို ပြောချင်ဇောဖြင့် ဖွင့်အန်ကြသည်။ မည်သို့မှ အပြစ်မပြောဘဲ သူ ခံစားခဲ့ရသော အတိဒုက္ခကို မည်သို့မှ မတတ်နိုင်သော ကံတရားအဖြ ပြောသည်။ ခုနစ်ရွာစား မိဖုရားက သူခံစားခဲ့ရသည်ကို လူ့ဘဝတွင် တွေ ရိုးတွေ့စဉ် အကြောင်းမလှသည့် ကိစ္စတစ်ခုအဖြစ် ပြောပြသည်။ ခုနစ် စား မိဖုရား၏ မြေးတော် ကျောက်ရောဂါဖြင့် ကံကုန်သွားသောအခါ မင်းသားကလေးအား မိန်းကလေးသဏ္ဍာန်ဝတ်၍ နန်းတော်ထဲမှ အပြင် ခုနစ်ရွာစားမိဖုရားက ထုတ်သွားသည်ဟု သင်္ကာမကင်းဖြစ်ခြင်းခံရသ ယခု သင်္ဘောပေါ်တွင် အတူပါသည့် ကျန်သော အသက် ၁၁ နှစ်ရှိ တော်လေးနှင့် ခုနစ်ရွာစား မိဖုရားအား တစ်ဖန် ထောင်သွင်း အကျဉ် ထားခြင်းခံရပြီးလျှင် ပျောက်သွားသော မင်းသားကလေး ရှိသည့်နေရာ ပြောရန်အတွက် နှစ်ရက်အတိတိ အစာငတ်ထားသည်။ မြေးတော်က ကို ညှင်းပမ်းနှိပ်စက်ကြသည်။ ခြေတွေလက်တွေကို နှောင်ကြိုးတဲထ



လက်ကောက်ဝတ်တွင် ကျိုးပဲ့လိမ်ကောက်သွားအောင် ကြိုးနှင့်အတုပ်ခံ ရသည်။ မြေးတော်ကလေးမှာ သူ့နောင်တော် သေသွားသည်ဟု ပြောရုံမှ တစ်ပါး အခြားပြောစရာမရှိချေ။

ခုနစ်ရွာစား မိဖုရား၏ သားတော်ဖြစ်သော ဤမြေးတော်နှစ်ပါး ၏ ခမည်းတော်မှာ မင်းတုန်းမင်း၏သားတော် သုံးဆယ်မင်းသား ဖြစ် သည်။ မယ်တော် ခုနစ်ရွာစား မိဖုရားက မင်းတရားကြီး နတ်ပြည်စံချိန် နီးတွင် သူ့သားတော် သုံးဆယ်မင်းသားအား အရိုက်အရာလွှဲရန် ကြိုး စားသော်လည်း မင်းတရားကြီးမှာ သတိလစ်သကဲ့သို့ဖြစ်ပြီး ဘာမှ နားမလည် နိုင်တော့ချေ။

မင်းသားအား ကွပ်မျက်တော့မည် ပြုသောအခါ သူ၏ ဝမ်းကွဲ ညီ အစ်ကိုတော်သူ ကံတူအကျိုးပေး မက္ကရာမင်းသားက အာဏာပါးကွက် သားတို့အား သုံးဆယ်မင်းသားကို မသတ်ဘဲ မျက်စိကိုသာ ဖောက်ပစ် ရန် တောင်းပန်သည်။ မျက်စိ ဖောက်ပစ်လိုက်ခြင်းဖြင့် ထီးနန်းဆက်ခံ နိုင်ခွင့်မရှိတော့ဘဲ အသက်နှင့်ကိုယ် မြဲရန်အတွက် တောင်းပန်ခြင်းဖြစ် သည်။ စိတ်ထိခိုက်နေသော မက္ကရာမင်းသားအား သုံးဆယ်မင်းသားက "ညီတော် ချမ်းသာပေးပါလို့ တောင်းပန်နေလို့ မတော်ပါဘူးကွာ၊ တို့ သေရမှာပဲ၊ ဒါဟာ ထုံးစံပဲ၊ မင်းလည်း ဘုရင်ဖြစ်လာရင် ဒီလိုပဲ အမိန့် ပေးရမှာပဲ၊ သေဖို့ကံ ပါလာတာ သေကြတာပေါ့။ ဂရုစိုက်မှာလည်း မဟုတ် ပါဘူး။ အသနားခံ မနေပါနှင့်တော့"ဟု ပြောခဲ့သည်။ သူတို့ အတူတကွ ပင် ကံတော်ကုန်ကြသည်။

တိုင်တားမင်းကြီးနှင့် ရနောင်မင်းသားတို့သည် မင်းသား၊ မင်း သမီးများအား မရဏပြည်သို့ ပို့ရာတွင် ကိုယ်ထိလက်ရောက် ပါဝင်ကူညီ ခဲ့သည်ဟု ပြောကြသည်။ အသတ်ခံရသည့်အထဲတွင် သုံးလသား မ[illegible] သွေးကလေးငယ်တစ်ဦးလည်း ပါသည်။ အထိန်းတော်က ချီ၍ လူ[illegible]ရာ သို့ထွက်ပြေးပြီး ကယ်ခဲ့သော မင်းသမီးကလေးအကြောင်း ကျွန်တော် ဖော်ပြခဲ့ပြီးဖြစ်သည်။

မိဖုရားနှစ်ပါးအနက် တစ်ပါးက သွေးပျက်ဖွယ်တို့ကို ဇာတ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းလှန်ရင်း ဤသို့ဖြစ်ပျက်ခဲ့သမျှ အားလုံးသည် စုဖုရားလတ် ဆိုးညစ်မှုကြောင့်ဖြစ်သည်ဟု ပြောသည်။ သီပေါသည် ဆိုးညစ်သူမဟုတ်သော်လည်း စုဖုရားလတ်စကား နားထောင်နေရသူဖြစ်သည်။ မိန်းမကြောက်ရတဲ့သူဟာ ဘယ်လိုလူမျိုးလဲ ကြည့်လေ။

ဤကား မိမိကို လုပ်ကျွေးသမှု ပြုနေသူ လင်ကို ရှိသေရမည်၊ ဆရာမလုပ်ရ လင်ကိုဘုရား၊ သားကိုသခင် ဟူသော အယူအဆဖြင့် ကြီးပြင်းလာသော မြန်မာအမျိုးသမီးများ၏ တွေးခေါ်နေကျ အတွေးအခေါ်ပင်တည်း။

မြန်မာတို့၏ စိတ်နေစိတ်ထားကို ပြောသောအခါ မြန်မာတို့သည် ကရုဏာတရားနှင့် တရားမျှတမှု သဘောကို အလွန်အလေးပေးထားကြောင်းကို ကျွန်တော် ဖော်ပြရလိမ့်မည်။ စိတ်သဘောကောင်းသော အင်္ဂလိပ်များသည် နောင်ဘဝတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးအဖြစ် ကောင်းကျိုးချမ်းသာ ခံစားရလိမ့်မည်ဟု မြန်မာတို့က ယုံကြည်ကြသည်။

ခုနစ်ရွာစား မိဖုရား၏သမီးတော် ၅ ပါးအနက် အချို့မှာ ယခုအချိန်အထိ လူမမယ်များသာ ရှိသေးသည်။ ဤ မင်းသမီးကလေးများသည် ကလေးအရွယ်မှစ၍ အထီးကျန်ဘဝဖြင့် တထိတ်ထိတ် နေခဲ့ရသော အရွယ်ရောက်ပြီး အပျိုကြီးများကဲ့သို့ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေကြသည်။ သူတို့သည် နေ့စဉ်နှင့်အမျှ ကွပ်မျက်သည့်အမိန့်ကို စောင့်မျှော်ရင်း ထောင်ထဲတွင် ၃ နှစ်နေခဲ့ရသည်။ သို့သော် သူတို့သည် မဟာသွေးဝီဝီ ယဉ်ကျေးသိမ်မွေ့ကြသည်။ မိန်းမတို့အိမ်ထွေ ရွှေပေးလို့မရ ဆိုသည့်နှယ် သိက္ခာရှိကြသည်။

မစ္စစ်အန်ထရန်၏မောင် မစ္စတာကဲလိုဂရစ်ဒီသည် သင်္ဘောပေါ်တွင် ၃ ရက်မျှ စီးနင်းလိုက်ပါလာပြီး မြန်မာစကားတတ်သဖြင့် မဟာနွယ်များသည် ကပ္ပတိန်ဂျက်နှင့်ကျွန်တော်တို့အား စကားစမြည်ပြောနိုင်သည်။ ကျွန်တော်တို့ အစုန်ခရီးသွားရင်း မစ္စတာကဲလိုဂရစ်ဒီ၏ ညီမှာ မြန်မာတို့၏ သတ်ဖြတ်ခြင်းကို ခံရသည်။ သို့သော် သူသည် ဤသို့အသတ်ခံရသည်ကို ပြီးမှသိသည်။ ဘုံဘေဘားမားပိုင် သစ်ဖောင်များကို ဆယ်ရန်အတွက် မစ္စတာကဲလိုဂရစ်ဒီ သင်္ဘောပေါ်မှ ဆင်းသွားသောအခါ စကားပြန်မရှိတော့သဖြင့် မဟာနွယ်များသည် အထီးတည်ဖြစ်နေကြသည်။



သူတို့သည် သူတို့အချင်းချင်း စိုးရိမ်သောကဖြင့် စကားပြောနေကြရင်း လမ်းတွင် တွေ့မြင်ရသော ဘုရားပုထိုးများကို မကြာခဏ ပျာပျာသလဲ ရှိခိုးပူဇော်ကြသည် သူတိုသည် တစ်ဦးကိုတစ်ဦးလည်း ချစ်ခင်ကြသည်။ လမ်းတွင် ဖူးရသော ဘုရားများသည် သူတို့အတွက် ရှိခိုးရန် အတ်အကျပြောရလျှင် ဆုတောင်းရန်အတွက် အကွက်ကောင်းများဖြစ်နေသည်။ အမှန်အတိုင်း ပြောရမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်များအဖို့ ဆုတောင်းရုံနှင့် ဘုရားက မ,နိုင်မည်မဟုတ်။ ကံတရားက စီမံသည့်အတိုင်းသာ ဖြစ်မြဲပင်။ သူတို့သည် နောက်ဆုံး အားကိုးရာအဖြစ် ဆုတောင်းခြင်းသာ ဖြစ်သည်။

မဟာနွယ်များတွင် အများအားဖြင့် မိထွေးတော်ဟုခေါ်သော မွေးစားအမေ အထိန်းတော် ၂၀ ရှိသည်။ မဟာသွေးဖြစ်သော မင်းသမီးများသည် မိမိတို့ကလေးကို နို့မတိုက်ရချေ။ အထိန်းတော်များကသာ မိမိ၏ သွေးသားကဲ့သို့ ပြုစုတိုက်ကျွေးရသော တာဝန်ကိုယူရသည်။ ဤ အထိန်းတော်များက မင်းသမီးများထံ ခစားသောအခါ ဒူးထောက်၍ ဝပ်စားရသည်။ အထိန်းတော်များသည် အရှင်သခင်မကလေးများအား ကြင်ကြင်နာနာ တစ်ခါတစ်ရံ ပွတ်သီးပွတ်သပ် ယုယုယယ ပြုစုပြီး အလွန်သံယောဇဉ် တွယ်တာကြသည်။ မင်းသမီးအားလုံးသည် ဆင်းရဲညှိုးနွမ်းနေကြပေပြီ။

သူတို့၏ပစ္စည်းများသည် သူတို့ ဒုက္ခတွေ့စဉ်ကပင် ဆုံးရှုံးခဲ့ကြသည်။ လွန်ခဲ့သော ၂ နှစ်က စုဖုရားလတ်က သူ့ နန်းသိမ်းပွဲ ဘိသိက်မင်္ဂလာပြုစဉ် မဟာနွယ်တို့က ဘာမှ လက်ဖွဲ့ပစ္စည်း မထည့်ခဲ့ကြသဖြင့် လက်ဖွဲ့ပစ္စည်း ထည့်ကြရမည်ဟု တောင်းပန်ရာ တောင်းပန်သည်ဆိုသော်လည်း အလွန်ရက်စက်လှသော အမိန့်သာဖြစ်ရကား လက်ဖွဲ့ထိုက်သဖြင့် ဤမဟာနွယ်အားလုံး ချွတ်ခြုံကျသွားသည်။ ဖွက်ထားသော ဘဏ္ဍာ မဟုတ် သိမ်းထားသော လက်ဝတ်ရတနာများကို မြို့ထဲသို့ ပွဲစားများထ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဈေးဖြင့် ထုတ်ရောင်းကြရသည်။ ရောင်းရသမျှမှာ စုဖုရားလတ် လက်ဖွဲ့အတွက် ပစ္စည်းများ ဝယ်လိုက်ရသဖြင့် လက်ချည်းသာကျန်တော့ သည်။ စုဖုရားလတ်သည် ကံခေသော ဆွေတော်မျိုးတော်တို့၏ ပစ္စည်းများ ကို တပ်မက်စရာမလိုအောင် လက်ဝတ်ရတနာတွေ အောတိုက်ပြီး ပေါများ လှလေရာ ဤသို့လုပ်ခြင်းသည် မဟာနွယ်များအား အခြေပြုတ်အောင် လုပ်လိုက်သော ရာဇနည်းပရိယာယ်တစ်ခုသာ ဖြစ်သည်မှာ သံသယ ဖြစ်စရာမလိုတော့။

ဗြိတိသျှအစိုးရက အမျိုးသမီးများအား အငြိမ်းစား ရိက္ခာတော် များ ပေးလိုက်သဖြင့် ခံစားနေရသော ဒုက္ခမှသက်သာရာ ရသွားသည်။ ခုနစ်ရွာစား မိဖုရားနှင့် အသက် ၁၈ နှစ်မှ ၂၈ နှစ်အတွင်းသာ ရှိသေး သော သမီးတော် ၅ ပါးတို့အတွက် တစ်လလျှင် ငွေ ၀၀၀ ရသည်။ အလွန်ကံကောင်း၍ လွတ်သွားသည်ဟု ပြောကြသော မြောက်ရွှေရေး မိဖုရားနှင့် သမီးတော်တို့မှာ တစ်လလျှင် ငွေ ၁၅၀ ရကြသည်။ မဟာနွယ် အားလုံးထဲ၌ ဤသားအမိနှစ်ဦး၏ ဉာဏ်ထက်မြက်မှုနှင့် ချင့်ချိန်ဆုံးဖြတ် မှုများကို ထူးကဲစွာ တွေ့ရသည်။ သူတို့ နှစ်ဦးသည် အခြားသူများထက် ပို၍ ခံခဲ့ရသူများဖြစ်သည်။ မြန်မာပြည်တွင် နောက်မင်းတက်လာလျှင် ညောင်ရမ်းမင်း၏ သားတော်ကို ထီးနန်းတင်ပေးလိမ့်မည်ဟူသော ယုံကြည် ချက်ဖြင့် သူတို့နှစ်သိမ့်နေကြသည်။

သို့သော် ဝမ်းနည်းဖွယ်ကောင်းလောက်အောင် နည်းပါးလှ သော အငြိမ်းစားလစာ ရိက္ခာကိုသာ ပေးသဖြင့် မင်းသမီးတို့ စိတ် အကြီးအကျယ် ထိခိုက်သွားကြသည်။ သူတို့တောင်းသည့်အတိုင်း မပေး နိုင်စေကာမူ မဟာဆိမဟာသွေး အနွယ်တော် ဖြစ်သူများအား ဤမျှ မဖြစ် စလောက် ထောက်ပံ့ကြေးကလေးသာ ပေးသည်မှာ ရှင်းမပြတတ်အောင် ပင် ဖြစ်သည်။ ကာနယ်စလေဒင်က အနည်းငယ်မျှ ပို၍ ပေးစေလိုသော် လည်း သူက ၆၀ တောင်းလျှင် ၃၀ သို့ဖြတ်၊ ၂၀ တောင်းလျှင် ၁၀ သို့ ဖြတ်ပစ်မည်ဟု ကျွန်တော်ကြားရသည်။

ဘုရင်ခံချုပ်ကဖြစ်စေ၊ နိုင်ငံတော် အတွင်းဝန်ကဖြစ်စေ၊ အငြိမ်း



စား ထောက်ပံ့ကြေး နှုန်းထားကို အမြန်ပြန်လည် ပြုပြင်ပေးကောင်းပါ သည်။ ကိုယ့်အကျိုးစီးပွားကိုသာ ကြည့်သူဟု ပြောနေကြသော တိုင်တား မင်းကြီးတွင် ပစ္စည်းဥစ္စာ အလုံအလောက် ရနေပြီးလျှင် မယုံသင်္ကာလည်း ဖြစ်သည့်အထဲမှပင် တစ်လ ၂၅၀ ပေးသေးသည်။

တစ်ဦးလျှင် ၁ ကျပ်နှုန်းဖြင့် စိတ်ဝင်စားဖွယ် ခရီးသည်ဖြစ်သော မဟာနွယ်များ ထမင်းဖိုးအတွက် တစ်နေ့လျှင် ၄၁ ကျပ်ကျ အလောင်း ဘုရားသင်္ဘော မာလိန်မှူးကို သုံးခွင့်ပြုထားသည်။ သူတို့အား ထမင်းနှင့် အမဲသားဟင်းကိုသာ အမိကျွေးသည်။ ခရီးတစ်ထောက်နားသော ဆိပ်ကမ်းတစ်ခုနှင့်တစ်ခုကြားတွင် ကံအားလျော်စွာပင် နွား ၂ ကောင် ၃ ကောင် ဝယ်ရသည်။ မဟာနွယ်အမျိုးသမီးများကို အလွန်မကျယ်လှ သော ပထမတန်း၌ထားသည်။ အရာရှိတစ်ဦး ပထမတန်းသို့ ရောက်လာ ရာ သူတို့အိပ်ခန်းများအတွင်းသို့ ဝင်ပြေးကြပြီး သူပြန်သွားသည်အထိ ရှောင်နေကြသည်။ မိဖုရား နှစ်ပါးက ဂရုတစိုက်ဖြင့် မိန်းမစိုးတာဝန်ကို နိုင်နိုင်နင်းနင်း ဆောင်ရွက်သည်။ ပုန်းနေရန် အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူတို့သည် မဆိုင်းမတွ စိတ်ပါလက်ပါ နာခံကြသည်။

ရတနာပုံနန်းတွင်း နိုင်ငံရေးကျင့်သုံးပုံများကို သူတို့မှတ်သား တွေ့မြင့်ခဲ့သည့်အတိုင်း ကျွန်တော့်အား မဟာနွယ်များက ဖောက်သည်ချ ပါသည်။ သူတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသော အန္တရာယ်အသွယ်သွယ် ဒုက္ခအဝဝနှင့် သူတို့၏သားချင်းများ အသတ်ခံခဲ့ကြရသည်ကို ပြောပြ သောအခါ သီပေါမင်းအပေါ်လည်း ပုံမချ။ သီပေါမင်းကိုလည်း ရန်ငြိုး လိုခြင်းမရှိ။ သီပေါမင်းသည် နှစ်လိုဖွယ်ကောင်းသူဖြစ်သည်ဟု သူတို့က သံယောဇဉ်ငြိနေသေးသော အသံဖြင့်ပြောသည်။ သီပေါမင်း၏ဘေးက ရှိသူများသည် သီပေါမင်းအား သူ့စိတ်ရင်းအတိုင်း ဆောင်ရွက်ခွင့်ပေး မည်ဆိုလျှင် လူသတ်ပွဲများ ဖြစ်မည်မဟုတ်ဟုဆိုသည်။

ဖြစ်ခဲ့သမျှသော ဘေးဆိုးအန္တရာယ်ဟူသမျှကို အငယ် နန်းမတော် ဆင်ဖြူရှင်မနှင့် စုဖုရားလတ်တို့အပေါ် ချည်း ပုံချသည်။ တစ်မူ ထူးခြားလှသော မိဖုရားခေါင်ကြီးသည် သွေးအေးအေးနှင့် ရက်စက်သော

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမှတစ်ပါး သနရုပ်ပ ရှိသည်။ ထက်မြက်သောဉာဏ်နှင့် ဖြတ်လတ်မှုကိုဆောင်လျက် ရှိသော မျက်လုံးကြီးများရှိသည်။ မြန်မာတစ်ယောက်အနေဖြင့် အသားမည်းလှသည်။ မိဖုရားကြီးတွင် နှောက်လန်လျက်ရှိသော အလောင်းမင်းတရားကြီးအနွယ် နဖူးတော်ရှိသော်လည်း သီပေါမင်းတွင် ဤနဖူးမျိုးမရှိ။ ကျယ်ပြန့်သောနဖူးတော်သာရှိသည်။

သူတို့အတွက် လုံခြုံရာ လောကနိဗ္ဗာန် မဲဇာသို့အပို့ခရီးသဘောပေါ်တွင် ကံဆုံ၍ ကျွန်တော်လိုက်ပါခဲ့ရစဉ်က တစ်ဦးနှင့်တစ်ဦး အလွန်ကွဲပြားခြားနားလှသော မိဖုရား မင်းသမီးတို့က နန်းတွင်းအရေးတော်ပုံ ဖြစ်ပေါ်ခဲ့ရပုံ အခြေအနေ အစုံစုံကို သူတို့တွေ့ခဲ့ရသည့်အတိုင်း ဇာတ်ကြောင်းပြန်ကြသည်။ မင်းတုန်းမင်းကိုယ်တော်တိုင် ရွေးချယ်ခဲ့သည့် အိမ်ရှေ့မင်းကို သားတော်များကလုပ်ကြံ၍ အိမ်ရှေ့မင်း ကံကုန်သည့် အချိန်မှစ၍ အန္တရာယ်များလှသော အိမ်ရှေ့အရိုက်အရာကို မည်သူမှ မပေးတော့ဟု ဆုံးဖြတ်ထားသည်။ သို့ရာတွင် အရေးပေးခံရသော သမီးတော်စလင်းစုဖုရားကိုမူ ထီးနန်းဆက်ခံမည့် မင်းသားနှင့် လက်ထပ်ထိမ်းမြားရန်အတွက် တစ်ပင်တိုင်မင်းသမီးအဖြစ် ထားခဲ့သည်။ မင်းတရားကြီးနှင့်ခုနစ် ရွာမိဖုရားတို့မှ ဖွားမြင်သော သားတော်အကြီးဆုံး မက္ခရာမင်းသားနှင့် စလင်းစုဖုရားတို့ လက်ထပ်ထိမ်းမြားရန် ဖြစ်သော်လည်း စလင်းစုဖုရားက သူ့ခမည်းတော် နတ်ပြည်စံတော်မမူမီ လက်မထပ်လိုဟု သာယာညှင်းပြောင်း အကြောင်းပြ၍ ငြင်းပယ်ခဲ့သည်။ ပို၍ သေချာစေရန်အတွက် ဖန်ရည်စွန်းသော အဝတ်ဝတ်၍ သီလရှင်လုပ်သွားသည်။

မင်းတရားကြီးက အကြီးဆုံးသားတော်အား အရိုက်အရာလွှဲရန် လက္ခဏာပြခဲ့သည်။ မိဖုရားခေါင်ကြီး (အလယ်နန်းမတော် ဆင်ဖြူရှင်မဖြစ်သည်)သည် အလွန်အကြံကြီး၍ သမီးတော် ၃ ပါးရှိသည်။ သို့သော် သားတော် မထွန်းကားချေ။ တပင်တိုင်မင်းသမီးနှင့် လက်ထပ်ထိမ်းမြားမည်ဖြစ်သော မင်းသား တစ်ပါးပါးဖြစ်စေ သူတို့သည် ဆင်ဖြူရှင်မ၏ သမီး တော်(စုဖုရားလတ်)၏ တက်လမ်းကို ပိတ်မည့်သူများသာဖြစ်သည်။ ထို အချိန်တွင် မင်းတရားကြီး နာမကျန်းဖြစ်တော်မူရာ



အကယ်၍ သူသာ နတ်ရွာလားရပါက လူသတ်ပွဲဖြစ်မည်ကို စိုးရိမ်၍ သားဆက်များအားလုံး ကို ရှေ့တော်သို့ခေါ်၍ အချင်းချင်း မသင့်မတင့်မဖြစ်ကြဘဲ ချစ်ချစ်ခင်ခင် နေထိုင်သွားကြရန် ဆုံးမလေသည်။ မင်းသားများအသီးသီးအား ခွဲဝေ ချထားသော ဒေသအသီးသီးသို့ သွားရောက်အုပ်ချုပ်ရန်နှင့် နန်းတော်မှ မထွက်မီ သမီးတော်များကို နှုတ်ဆက်ရမည်ဟု မိန့်တော်မူသည်။ နှုတ်ဆက်ရမည့်အဆောင်ကိုလည်း သတ်မှတ်ပေးသည်။ မင်းတရားကြီးမှာ အသက်စိုးရိမ်ရသောအခြေအနေရောက် နေပြီဖြစ်ရာ အလယ်နန်းမတော်ကြီးက မင်းသားများနယ်ပယ်အသီးသီးသို့ ရောက်သွားပါက ထောင်ထားခြားနားကြတော့မည်ဖြစ်၍ မင်းသားများအားဖမ်းဆီး၍ နန်းတွင်း၌ ချုပ်နှောင်ထားရန် အမိန့်တော်ထုတ်လိုက်သည်။

မင်းတရားကြီး၏အမိန့်တော်ကို တန်ပြန်လိုက်သော ဆင်ဖြူမရှင်၏ ရဲရဲတောက်အမိန့်ထွက်လာသောသတင်းကို ဆင်ဖြူမရှင်က မည်သူနှင့်မှမတွေ့ရအောင် ကြပ်မတ်ထားသည့် မင်းတရားထံ ယူဆောင်လာသည်။ သားတော်များအား ဖမ်းဆီးရန်အမိန့်ကို မည်သူထုတ်သနည်းဟု မင်းတရားကြီးက မေးခွန်းထုတ်သည်။ မင်းတရားကြီး အမျက်ပြင်းစွာ ရှလေပြီဖြစ်ရာ ဆင်ဖြူမရှင်နှင့် ဝန်ကြီးတို့၏အသက်မှာ ဖက်နှင့်ထုပ်ထားရသည့် အန္တရာယ်ဆိုက်လာသည်။ ဤအန္တရာယ်ကို ဘိန်းဆီတိုက်ကျွေးခြင်းဖြင့် ဖယ်ရှားလိုက်သည်။ မင်းတရားကြီး နတ်ပြည်စံတော်မူပြီးလျှင် သားတော်၊ သမီးတော် အများအပြားကို ထောင်တွင်းအကျဉ်းထားလိုက်သည်။ သီပေါမင်းသားကို ရင်ခွင်ပိုက်ဘုရင်အဖြစ် ကြေညာလိုက်သည်။

သီပေါမင်းအား အရိုက်အရာ ဆက်ခံရန်အတွက် အလယ်နန်းမတော်က ရွေးချယ်ခြင်းမှာ သီပေါမင်းသားတွင် သူ့ကိုယ်ပိုင်ဂိုဏ်းမရှိသောကြောင့် ဖြစ်သည်။ သီပေါမင်းသား၏ မယ်တော်မှာ အရှက်တကွဲအမည်ပျက်လျက်ရှိပြီး သီပေါမင်းသား၏ ဇာတိတော်ကိုပင် သံသယရှိကြသည်။ သီပေါမင်းသည် ၇ နှစ်သားမှစ၍ သင်္ကန်းဝတ်လာခဲ့သည်။ ညှိုးသိမ်မွေ့သော အမူအရာရှိ၍ မြန်မာမင်းသားအနေဖြင့်ဆိုလျှင် စာပေ ဝိရိယတ္တိ ကောင်းစွာတတ်သည်ဟု ဆိုရပေမည်။ စာပြန်ပွဲ ပွဲကို အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့သည်။ သီပေါမင်းနှင့် အလယ်နန်းမတော်ကြီး၏ ဒုတိယသမီးတော်ကို လက်ဆက်ပေးရလျှင် အိမ်ရှေ့မင်းသားများနှင့် အခြား မင်းသားများကိုလည်း အပျောက်ရှင်းလိုက်လျှင် အလယ်နန်းမတော်သည် အာဏာကို လက်ကိုင်ထားပြီး သူ့သမီးတော်များ၏ နောင်ရေးကိုလည်း စိတ်အေးရပေလိမ့်မည်။

သမီးတော်များနှင့် လက်ထပ်ခြင်းကိစ္စ အောင်မြင်စွာဆောင်ရွက်ပြီးနောက် သီပေါမင်းအား ဘုရင်အဖြစ် ကြေညာလိုက်သည်။ သို့သော် သက်ဆိုင်သူများအနေနှင့်ကား ကြောက်ဖွယ်လိလိ အန္တရာယ်ရှိလာသော အခြေအနေပင်တည်း။ အလယ်နန်းမတော် ဆင်ဖြူမရှင်၊ မိဖုရားခေါင်ကြီး စုဖုရားလတ်နှင့် ဝန်ကြီးများ၏အမိန့်ဖြင့် လူသတ်ပွဲကြီးကို ဆင်နွှဲခဲ့သည်။ ပထမတွင် ဤကိစ္စနှင့်ပတ်သက်သောသတင်းများ ကိုယ်စားလှယ်တော် (အင်္ဂလိပ်)က မပေါက်ကြားအောင် တားမြစ်ပိတ်ပင်ရန် ကြံရွယ်ခဲ့သည်။ သို့သော် ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသား ညီနောင်တို့ လွတ်မြောက်သွားခြင်းနှင့် အခြားအခြေအနေများအရ လျှို့ဝှက်ထားရန် မဖြစ်နိုင်တော့ရကား ကင်းဝန်မင်းကြီးက နိုင်ငံတော်အကျိုးအတွက် လိုအပ်သည့်အလျောက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ဥပဒေဓလေ့ထုံးစံအရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ကာကွယ်လေသည်။

ကျန်ရစ်သူအနွယ်တော်များက တိုင်တားမင်းကြီးကို အလွန်ကြောက်ဖွယ်ကောင်းသည်ဟု ပြောကြသော်လည်း လူသတ်ပွဲနှင့်ပတ်သက်၍ တိုင်တားမင်းကြီးသည် ထူးထူးခြားခြား တာဝန်ရှိသည်ဟု မဆိုကြချေ။ စုဖုရားလတ်နှင့် မယ်တော် ဆင်ဖြူမရှင်တို့ မိဖုရားနှစ်ပါးကိုသာ သူတို့က အပြစ်တင်သည်။

သူတို့က စုဖုရားလတ်သည် အလွန်ကြမ်းကြုတ် ရိုင်းစိုင်းသူ၊ ခက်ထန်သူ၊ ဘာလုပ်ရလုပ်ရ လက်မတွန့်သော မိန်းမတစ်ယောက် ဖြစ်သည်ဟုဆိုသည်။ မိဖုရားခေါင်ကြီး၏ အမိန့်တော်ကို မနာခံလျှင် ဝန်ကြီးများသည်ပင် သေဘေးနှင့်တွေ့ရမည် ဖြစ်သည်။ သီပေါမင်း နန်းတက်သောအခါ သီပေါမင်းက မင်းသားအဖြစ် ချီးမြှောက်ခဲ့သူ လက်စွဲတော်



ရနောင်မင်းသား၏အဖြစ်ကို မဟာနွယ်များက ဥပမာတင်ပြကြသည်။ ထိုအချိန်က သီပေါမင်းသည် သူ့ကြောင့် ဖြစ်ပေါ်ခဲ့ရသော ကိစ္စများအတွက် နောင်တကြီးစွာ ရနေချိန်တွင် ရနောင်မင်းသား၏ ဆွဲဆောင်မှုကြောင့်ရက်သေစာ သုံးဆောင်တော်မူတတ်လာသည်။ ရနောင်မင်းသားကပင် မြန်မာ့ရွှေနန်းဆက် အစဉ်အလာအရ တောင်နန်း၊ မြောက်နန်း၊ အနောက်နန်း၊ အရှေ့နန်းဟူ၍ မိဖုရားကြီးလေးပါးအား ပြည့်အောင် နောက်ထပ် တော်ကောက်၍ စံစားခံစားရန် ဆက်လက်တွန်းပြန်သည်။ စုဖုရားလတ် ပြောသရွေ့ နားထောင်နေရသဖြင့် လူတွေက မယားကြောက်ရသူဟု လှောင်ပြောင်နေကြပြီဟု သီပေါမင်းအား မြှောက်ထိုးပင့်ကော်လုပ်သည်။

မိဖုရားခေါင်ကြီးမှာ အလန့်တကြားဖြစ်သွားပြီး ရနောင်မင်းသားသည် ဘုရင်အားလုပ်ကြံရန် ကြံစည်နေသည်ဟု စွဲချက်တင်လေသည်။ ဝန်ကြီးတွေက စွဲချက်ကို ထောက်ခံလာအောင်လုပ်ပြီး တရားခံအား ဖမ်းဆီးခွင့်အမိန့်တော်ကိုလည်း စုဖုရားလတ်က ရခဲ့သည်။ ရနောင်မင်းသားမှာ ထောင်ဝရောက်သည်နှင့်တစ်ပြိုင်နက် လည်မျိုညှစ်သတ်ခံရသည်။ ရနောင်မင်းသားသည် ကတ်ကြေးဖြင့် သူ့ကိုယ်သူ စီရင်သွားသည်ဟု သံတော်ဦးတင်ရာ မင်းတရားကြီးက ယုံကြည်သည်။ ၁ နှစ် ၂ နှစ်အတွင်း နောက်ထပ်တင်မြှောက်သော မိဖုရားများ ကံတော်ကုန်သွားကြသည်။ ၎င်းတို့အထဲမှ မိဖုရားတစ်ပါးကို တိုင်တားမင်းကြီးက ထိမ်းသိမ်းထားရပြီးလျှင် စုဖုရားလတ်ထံမှ ကွပ်မျက်ရန် အမိန့်ရောက်လာကြောင်း ထိုမိဖုရားအား တိုင်တားမင်းကြီးက ပြောလေသည်။ ကြမ္မာငင်နေသော ထိုအမျိုးသမီးက "ကျုပ်ကိုမသတ်ပါနဲ့၊ အဆိပ်သောက်ပါ့မယ်"ဟုပြောသည်။ သူသည် ထွက်သွားပြီး အသင့်ရှိသော အဆိပ်ကိုသောက်လိုက်သည်။ထိုမိဖုရားများအနက်မှ တစ်ယောက်သည် လေထိုးရင်ကျပ်ဖြစ်၍လည်းကောင်း၊ တစ်ယောက်မှာ ဖျားနာ၍လည်းကောင်း၊ ကျန်တစ်ယောက်မှာမည်သူက သတ်မှန်းမသိဘဲ ဥပဒ္ဒေဝက ကံကြောင့်လည်းကောင်း သေကြသည်ဟု ဘုရင်အား သံတော်ဦးတင်သည်။

နန်းတွင်း၌ စုဖုရားလတ်နှင့် မယ်တော်ကို မကြိုက်သူများ မပြုဝံ့

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းမှာ ဟိုးလေးတကျော် ဖြစ်နေသောကိစ္စ ဖြစ်သည်။ ဘုရင်မင်းမြတ်၏ စိတ်သဘောတော်မှာ ကောင်းပါ၏။ သို့သော် စုဖုရားလတ်တို့ သား အမိနှစ်ယောက်က ခြယ်လှယ်ကြိုးကိုင်ကာ မိမိတို့အသက်ကို သူတို့နှစ်ယောက်လက်သို့ ဝကွက်အပ်ထားရသော ဝန်ကြီးများ၏ ဩဇာအောက်သို့ ရောက်နေသည်။

စုဖုရားလတ်ထံ ခစားနေရသော မင်းသမီးတစ်ပါးက အမြဲကြုံတွေ့ခဲ့ရသော နန်းတွင်းဘဝကို ပြောပြသည်။ မိဖုရားခေါင်ကြီးက သူ့ကို နှစ်မြိုက်မြောက်စားသည်မှာ မိဖုရားခေါင်ကြီး အဘယ်မျှစိတ်ဆိုးဆိုး၊ ကြမ်းကြမ်း သူက မိဖုရားခေါင်ကြီးအပေါ် အနှံ့အတာ ဖွဲမျိုးကို ခံခဲ့ရသောကြောင့် ဖြစ်သည်။ မိဖုရားခေါင်ကြီးကား အားလုံးအပေါ်တွင် အလွန်ဆိုးသည်သာဖြစ်သည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးသည် နံနက် ၉ နာရီ၌ အတူတကွ ပွဲတော်တည်ကြသည်။ အနီး၌ အပျိုတော်တစ်ဦးနှစ်ဦးသာ စောင့်ရသည်။ နေ့ ၂ နာရီတွင် လက်ဖက်ရည်တော်ဆက်ရပြီး ညစာကို ၆ နာရီတွင် ပွဲတော်တည်သည်။ ဘုရင်မင်းတရားကြီးသည် အလွန်ပြင်းထန်သော သေရည်သေရက်ကို မသုံးဆောင်ချေ။ နန်းတက်ပြီး လအနည်းငယ်မျှအပ ဘုရင်ကြီးသည် အလွန်အကျွံမူးအောင် မမှီဝဲတော့ချေ။ ထိုစဉ်ကသာ ရနောင်မင်းသား၏ သွေးဆောင်မှုအရ အလွန်အကျွံ မှီဝဲခဲ့သည်။ အရက်တန်ခိုးကြောင့် ထလာသောဒေါသအရှိန်ဖြင့် ဘုရင်မင်းမြတ်သည် သတ်တော့မလို လှံတစ်ချောင်းဆွဲ၍ အပျိုတော်များအား လိုက်ပြာစင်သွားအောင် လိုက်လေတော့သည်။ မိဖုရားခေါင်ကြီးကိုပင် လှံနှင့်လိုက်ခဲ့ဖူးသည်။

ဉာဏ်အတော်ထက်ပုံရသော အခြား မင်းသမီးတစ်ဦးက သီပေါမင်းသည် ရနောင်မင်းသားက အားပေးအားမြှောက်ပြု၍ ရထားသော မိဖုရားသစ်ကလေးများနှင့် အခန်းတံခါးပိတ်ပြီး စန္ဒရားနှိပ်ရန်အတွက် အပျိုတော်များနှင့် မိဖုရားခေါင်ကြီးကို လိုက်သတ်တော့မယောင် ဟန်ဆောင်ပြီး မောင်းထုတ်တတ်သည်ဟု ပြောသည်။

၆ နာရီထိုး ညစာပွဲတော်တည်ပြီးသောအခါ ဝန်ကြီးများ အစုံ



အညီဖြင့် ည ၉ နာရီအထိ ညီလာခံသဘင် တက်ရောက်သည်။ ဤညီလာခံသို့ တစ်ခါတစ်ရံကလွဲ၍ မိဖုရားခေါင်ကြီး တက်လေ့မရှိ။ သို့သော် မိဖုရားခေါင်ကြီးသည် ကိုယ်တိုင်သွားရောက် နားမဆင်လိုသည့်အခါတွင် အပျိုတော်တစ်ယောက်ကို စေလွှတ်ပြီး နားထောင်ခိုင်းခြင်းဖြင့် ညီလာခံတွင် ပြောသမျှကိစ္စကို အမြဲသိရလေသည်။ ဤအရေးကိစ္စတို့ကို မိဖုရားခေါင်ကြီးသည် မင်းသမီးများနှင့် အခြားသူများကို ပြောခဲ့သည်။ ဝန်ကြီးတွေကို သူက အမိန့်မပေးဘဲ ဘုရင်ကို တစ်ခွန်းပြောလိုက်ရုံပါပဲ ပြောသည်။ သို့ရာတွင် ဘုရင်၏အမိန့်မပါဘဲ မိဖုရားခေါင်ကြီးသည် လူတွေကို သေဒဏ်ပေးရန်အမိန့်ကို ကောင်းကောင်းကြီးပေးခဲ့သည်။ မြို့ဝန်မောင်ခြိုနှင့် ရွှေလုံဗိုလ်တို့သည် ဤသို့သောကိစ္စများအတွက် မိဖုရားခေါင်ကြီး၏ လက်ရုံးဖြစ်ကြသည်။ တစ်ခါတစ်ရံ သူမသိဘဲ ကွပ်မျက်ပစ်လိုက်သူ ဘယ်သူဘယ်ဝါ ဘယ်ရောက်နေသနည်းဟု အမေး ရှိတော်မူတတ်သည်။ ထိုအခါ ၎င်းတို့သည် ဇွဖ ပါးသောရောဂါဖြင့် သေဆုံးသွားကြသည်ဟု သံတော်ဦးတင်သည်။

ဘုရင်မင်းမြတ်တွင် သူ့မိဖုရားများသာရှိသည်။ အပျိုတော်တွေပင် စကားမပြောရဲချေ။ မိဖုရား ၃ ပါးလည်း ဘဝတစ်ပါးပြောင်းသွားကြပြီ။ ထို ၃ ပါးအနက် ၂ ပါးကို မိဖုရားခေါင်ကြီးအမိန့်ဖြင့် တိုင်တားမင်းကြီးက ကွပ်မျက်ပစ်လိုက်သည်။ ဤအဆိုမှာ နန်းတွင်းသူများ၏ အဆိုမျှသာဖြစ်သည်။ နိုင်လုံသော ယုံကြည်မှုဖြစ်သည်ဟု အပြီးအပြတ်မယူဆနိုင်သေးပေ။ ထိုမိဖုရား ၂ ပါးကို ချက်ခြင်းသတ်ပစ်သည်မဟုတ်၊ တစ်ပါးနှင့်တစ်ပါး တစ်နှစ်ခွဲခြား၍ သတ်ခဲ့ခြင်းဖြစ်သည်။ စုဖုရားလတ်က အထက်စီးရလျက်ရှိပြီးလျှင် သီပေါမင်းသည် စုဖုရားလတ်နှင့် အလွန်ညက်ညောလှသည်။ စုဖုရားလတ်၏ ကျေးဇူးတော်တွေ ပုံနေသည်ကို သီပေါမင်းက သိတော်မူပြီးလျှင် စုဖုရားလတ်မယ်တော်သည် သူနှင့် သူ့မယ်တော် (လောင်းရှည်)တို့ အရှက်တကွဲအကျိုးနည်း ဖြစ်နေစဉ်တွင် စောကြည့်ရှုခဲ့သည်။ သူ့မယ်တော်မှာ နန်းတော်မှဆင်း၍ ဥယျာဉ်တွင်း၌ အိမ်နိမ့်စံနေရသည်။ မင်းတုန်းမင်းတရားကြီးက သီပေါမင်း၏မယ်တော်ကို သတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်သည်။ သို့သော် မှူးကြီးမတ်ကြီးများက မင်းတရားကြီး၏ ရာဇ
အိမ်ရှေ့နှင့် သာသနာပြုမင်းဟူသော ဂုဏ်သတင်းကို ထိခိုက်စေမည့်
အသရေယုတ်ဖွယ်အမှုကို မပြုဘဲ ဆင်ခြင်တော်မူရန် လျှောက်ထားသဖြင့်
မသတ်ခဲ့ခြင်းဖြစ်သည်ဟု မိန့်တော်မူသည်။

နတ်ရွာစံဘုရင်ကြီးက အဘယ်ကြောင့် သီပေါမင်း၏မယ်တော်
ကို ရွှေစိတ်တော်ငြိုခဲ့ရသနည်းဟု မေးသောအခါ ကျွန်တော့်အား ပြောပြ
သူ မင်းသမီးက ပြုံးစစနဲ့ဖြင့် နဖာနာမိဟုဆိုသည်။ အမှန်မှာ မင်းတရားကြီး
က တစ်ပါးသော ဘုန်းကြီးအားဝန်တိုရန် အကြောင်းတစ်ခု သူ့တွင်ရှိနေ
သည်ဟု တွေးမိသောကြောင့်ပင် ဖြစ်လေသည်။ အသက် ၆ နှစ်၊ ၇ နှ
အရွယ်ကပင် သီပေါမင်းသားကို သင်္ကန်းဝတ် ပေးခဲ့သည်။ စုဖုရားလတ်၏
မယ်တော်က သီပေါမင်းသားအား အခြားမင်းသားများထက် သဘောက
သည်။ သီပေါမင်းသားအနေဖြင့် ဆင်ဖြူရှင်မှတစ်ပါး မျက်နှာထောက်စရာ
အခြားသူမရှိ၊ ဆရာတော်ကြီးများထံတွင် ပညာသင်ကြားလာခဲ့ရသဖြင့်
အခြားမင်းသားများထက် စာပေပရိယတ္တိ တတ်သည်။ သူ့သမီးတော
တစ်ပါးနှင့် သီပေါမင်းသားကို ဘုရင်ဖြစ်အောင် လုပ်ပေးပြီး ပေးစားမည
ဟု ဆင်ဖြူရှင်မက အကြံရတော်မူသည်။ ထိုအကြံအတိုင်း ဖြစ်အော
လည်း လုပ်ခဲ့သည်။

အလယ်နန်းမတော် ဆင်ဖြူမရှင်၏ ကျေးဇူးတရားကို ထော
ထားသဖြင့် သီပေါမင်းသည် စုဖုရားလတ်၏ ကြိုးဆွဲရာ က,နေခြင်းဖြ
သည်။ ခိုင်းသ၍ လုပ်နေရခြင်းဖြစ်သည်။ သူကား စိတ်ကောင်းသဘော
ကောင်း ရှိသူဖြစ်သည်။ ဘာသာတရားကို လေ့လာခဲ့သူဖြစ်ရာ ဘာသ
တရားက သီပေါမင်းအား စိတ်သဘောထား နူးညံ့စေသည်။ သူ့ဘေး
လူတွေကသာ လမ်းမှားကို မပို့ဘူးဆိုလျှင် လူသတ်ပွဲတွေပေါ်မည်မဟုတ်
သူ့သဘော စိတ်ဆန္ဒအလျောက် မည်သူ့ကိုမှ သတ်မည်မဟုတ်။

ဘုရင်မင်းမြတ်သည် စာပေကျမ်းဂန်တို့ကို အခါအားလျော်
ဖတ်ရှုလေ့ရှိသည်။ မကြာခဏ ကြွရောက်ချီးမြှင့်သော ဆရာတေ
သံဃာတော်များအား သီပေါမင်းသည် အလွန်ရိုသေကိုင်းရှိုင်းသည



သီပေါမင်းသည် ညနေခင်းများတွင် ဥယျာဉ်တော်၌လည်းကောင်း၊ နန်းတွင်း၌လည်းကောင်း၊ စုဖုရားလတ်နှင့် စကားစမြည်ပြော ရယ်မောရင်း စံပယ်လေ့ရှိသည်။ သီပေါမင်းသည် စုဖုရားလတ်ကို အလွန်မြတ်နိုးတော်မူသည်။

လက်စွဲတော်ကြီး ရနောင်မင်းသားနှင့်ပတ်သက်၍ မဟာနွယ်များက သူသည် နန်းတွင်း လူပျိုတော်သားတစ်ဦးဖြစ်၍ သီပေါမင်း ငယ်ရွယ်စဉ်ကပင် သီပေါမင်း၏ ရင်းနှီးသော သူငယ်ချင်းဖြစ်သည်။ သီပေါမင်းသားက သူသာ ထီးနန်းစိုးစံရလျှင် ရနောင်မင်းသားကို မင်းသားအဖြစ် သူကောင်းပြုချီးမြှောက်မည်ဟု ကျိန်တွယ်ပြောခဲ့ဖူးသည်ဟု ပြောပြသည်။ ဤကတိအတိုင်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရနောင်မင်းသားက သီပေါမင်းသားအား မိဖုရားအများအပြားထားရန် ဆွဲဆောင်သောအခါတွင် သူသည် စုဖုရားလတ်၏ မျက်မာန်တော်ညှိုးခြင်းကို ခံရလေတော့သည်။ ရနောင်မင်းသားသည် စုဖုရားလတ်က ရွှေစိတ်တော်ငြိုကြောင်း ကြားရသောအခါ "ငါဟာ သခင်တစ်ဦးတစ်ယောက်တည်းကိုပဲ သစ္စာရှိရလိမ့်မယ်၊ ဘုရင်မင်းမြတ် သစ္စာကိုပဲ ခံမယ်၊ ဘုရင်က ငါ့ကို မြတ်နိုးနေတဲ့ဟာ ဘယ်သူ့ကို လူထင်ရမတုံး" ဟု ပြန်ပြောလိုက်သည်။

သူသည် တရားဥပဒေကို သူ့လက်ခုတ်ထဲထည့်ထားပြီး ချောချောလှလှမြင်သရွေ့ကို တော်ကောက်ခါ မကျေနပ်၍ တိုင်လားတောလား လုပ်မည့် ဖအေနှင့် လင်တွေကို သေမင်းဆီပို့ပစ်လိုက်သည်။ ရနောင်မင်းသားကို အသေအလဲကြောက်ဟန်ပေါ်နေသော စုဖုရားလတ်က မှူးကြီးမတ်ကြီးများကို အပြစ်တင်ရင်း ရနောင်မင်းသားကို ပုန်ကန်ရန် ကြံစည်သည်ဟု စွဲချက်တင်လေသည်။ ဘုရင်မင်းမြတ်က ဖမ်းဆီးရန်ထုတ်လိုက်သောအမိန့်ကို ကွပ်မျက်ရန်ဟု အဓိပ္ပာယ်ကောက်၍ နာရီမဆိုင်း ကွပ်မျက်လိုက်သည်။ ရနောင်မင်းသား၏ ပစ္စည်းပစ္စယမှာ မနည်းလှပေ။ သူ၏ ကျောက်သံပတ္တမြား လက်ဝတ်ရတနာများကို နန်းတော်သို့ ယူဆောင်လာသည်ကိုတွေ့သော စုဖုရားလတ်က "သူက ငါ့ထက်ဘောင် ချွေးနေပါကလား" ဟု ဒေါသနှင့် လွှတ်ကနဲပြောမိသည်။ ထိုစဉ်က "ကတ်ကြေး"

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ယုံကြည်ခဲ့သော်လည်း ပြီးခဲ့သော နို၀င်ဘာလ (ပါတော်စဉ်)တွင် သစ္စာအဖောက်ခံရသဖြင့် အတိဒုက္ခရောက်ရတော့မည့်အခါတွ သူ့လက်စွဲတော်ပေါင်းကြီးကို အမှတ်ရ၍ "ရနောင်သာရှိနေရင် ဒီကိစ္စ ငါ့ကိုကယ်မှာပဲ"ဟု ဥဒါန်းကျူးခဲ့သည်။

ရနောင်မင်းသားသည် အတော်ထက်မြက် မာန်ပြင်းလှသူတစ်ဦး အမှန်ပင်ဖြစ်သည်။ ထို့ပြင် ဘုရင်အား အကြံဉာဏ်များ တိုင်ပင်ပေးဆ ရာတွင် ပိသုလေးနှင့် နံဘေးပစ်လိုက်သလို ဖြောင်ဖြောင်တတ်သည် စုဖုရားလတ်အား မတန်တဆလုပ်ချင်ရာလုပ်ရန် ခွင့်ပေးထားသဖြ ပေါ်လာ မည့် နိုင်ငံရေးအန္တရာယ်ကို ရနောင်ကမြင်သောကြောင့် အကယ် စုဖုရား လတ်က တိုင်းပြည်ကိုအုပ်စိုးထားကြောင်း သိကုန်လျှင် လူတွေ သီပေါ မင်းအား လက်ညှိုးထိုး၍ သီပေါသည် ဘုရင်မဟုတ်၊ စုဖုရားလ ကမှ ဘုရင်ဟု ဆိုကြလိမ့်မည်ဟု ဘုရင်အား လျှောက်ထားသည်။ ဤ တင်းသော အကြံဉာဏ်ကို ပေးဆက်ခြင်းဖြင့် သူသည်ကိုယ့်သေတွင်းကို တူးခြင်းသာ ဖြစ်ပေသည်။ ဤသို့ ပြောင်ပြောင် ပြောလာခြင်းသည်လည် ကောင်း၊ မိဖုရား ၄ ပါးထားရန် ပြောခြင်းသည်လည်းကောင်း၊ စုဖု လတ်အနေဖြင့် ခွင့်မလွှတ်နိုင်သောကိစ္စ ဖြစ်သည်။ ဤသို့ဖြင့် ရနော မင်းသားသည် သီပေါမင်းလက်ထက်တော်တွင် စောစောစီးစီး ဇာတ်သိ သွားရလေသည်။

ဘုရင်မင်းမြတ်သည် အားလပ်သည့်အချိန်များတွင် စာ ပရိယတ်စာပေဖတ်ရှုရန် ဝါသနာထုံတော်မူသည်။ ဘုရင့်စာတိုက်တော် အဖိုးတန် ပါဠိပေပုရပိုက်များ၊ မြန်မာရာဇဝင်များဖြင့် ပြည့်နှက်နေသ ဤစာပေကျမ်းဂန်များမှာ နန်းတော်တွင် ရောင်းကြ၀ယ်ကြသဖြင့် ပုဂ္ဂလိ ဝယ်သူများလက်သို့ ပြန့်ကြဲသွားမည့်အန္တရာယ် ရှိသည်။ သို့ ဘုန်းတော်ကြီး ကိုးလ်ဘက်က ဗိုလ်ချုပ်အားတိုင်သဖြင့် စာအုပ် ရောင်းချခြင်း ရပ်စဲသွားသည်။ ပေထုပ်အတော်များများမှာ ပေရွက် ကို ရွှေချဟင်္သာ ပြဒါးသုတ်ကာ ပိုးစဖြင့် ရစ်ပတ်ထားသည်။ ဗိုလ်ချုပ် ရည်ရွယ်ချက်သည် စာအုပ်ကို အလွန်တန်ဖိုးထားသော အင်္ဂလိ



တက္ကသိုလ်တစ်ခုခုကိုသော်လည်းကောင်း၊ တက္ကသိုလ်အများကိုသော် လည်းကောင်း ပို့ပြီး ဤပေထုပ်များကို ဥရောပတိုက်သားများ လေ့လာရန် ဖြစ် သည်ဟု ကျွန်တော်ထင်သည်။ မစ္စတာ ကိုးလ်ဘက်သည် မြန်နိုင်သမျှ မြန်မြန် ဤစာအုပ်များကို စာရင်းကောက်ထားလိမ့်မည်။

စာအုပ် တစ်အုပ်နှစ်အုပ်မှာ ရာဇဝင်ရှိသောစာအုပ်ဖြစ်သည်။ မြတ်စွာဘုရား ဟောကြားခဲ့သော အနှစ်သာရ ပြည့်လွှမ်းသည့် ဝိပဿနာ ကျမ်းတစ်ဆူကို တစ်နေ့တွင် ကောက်တွေ့သည်။ ယင်းကျမ်းသည် ပါဠိနိဿယ ပေထုပ်ငယ်တစ်ဆူဖြစ်၍ မြေဒူးမင်းသမီး ကိုးကွယ်ခဲ့သော ကျမ်းဖြစ်သည်။ မြေဒူးမင်းသမီး၏အမည်ကို ပထမတွင် မင်းသမီးဟုရေး ထားပြီး မြန်မာ သက္ကရာဇ် ၁၁၉၄ ခု (၁၈၃၃)တွင် မိဖုရားကြီး ဖြစ်လာသောဟု ဖော်ပြထားသည်။ ထို့ကြောင့် အဆိုပါမိဖုရားမှာ ၁၈၁၉ မှ ၁၈၃၇ အထိ စိုးစံခဲ့သော ဘကြီးတော်ဘုရင်၏ မိဖုရားတစ်ပါးပင်ဖြစ်ရ မည် ဘကြီးတော်ဘုရား၏ လက်ထက်တော်တွင် မြန်မာလက်နက် နိုင်ငံကြီးအား ပထမဆုံး ကျွန်တော်တို့လက်နက်ဖြင့် ဝင်ရောက်ဖွဲ့ယူခဲ့သည်။ ဤကျမ်း ကိုပိုင်သော နှောင်းလူများက မိဖုရားကြီး၏ နာမတော်ကို ဖျက် ထားသော်လည်း ဖတ်၍ရပါသေးသည်။

အခြားကျမ်း၊ သို့မဟုတ် ကျမ်းတွဲများမှာ ဂေါတမမြတ်စွာ ဘုရား၏ အဖြစ်တော်အစုံကို ဖော်ပြထားသော စာအုပ်ဖြစ်သည်။ ပန်းချီ တော် ဦးစန္ဒာအား မင်းတုန်းမင်းတရားကြီးက ၅၅၀ နိပါတ်တော် ရေးဆွဲ ရန် အမိန့်တော်မြတ် ချမှတ်သည်။ "အဇာတသတ်မင်း၏ အမိန့်ဖြင့် ဝေသာလီရပုဏ္ဏားအား ဆံပယ်စေသည်မှစ၍ ပါဠိလိပုတ်ပြည် (ဇေတဝန်) ကျောင်းတော်တွင် တရားနာပရိသတ်အပေါင်းအား ကုသိုလ်တရား အကျိုး ပေးပုံ၊ တရားရေအေး အမြိုက်ဆေးကို သဗ္ဗညုတာမြတ်စွာဘုရားက တိုက် ကျွေးနေပုံထိဖြစ်သည်"

နန်းတော်အတွင်း ကိုးခန်းဆောင်ကို ပန်းချီရေးဆွဲရန်အတွက် စီစဉ်ပေးသည်။ နိပါတ်တော်ကားများ ရေးဆွဲခြင်းကို မင်းတရားကြီးက စိတ်ဝင်စားလေရကား မကြာခဏ ကြွရောက်ရှုစားတော်မူသည် သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ပန်းချီဆရာသည် ဝမ်းလျားမှောက်၍ ရေးဆွဲနေခြင်းဖြစ်ရာ မင်းတရားကြီး၏ ရှေ့တော်မှောက်တွင် အတော် ကသိကအောက်ဖြစ်၍ အနေရခက်လှသည်။ သို့သော် သနားဖွယ် ပန်းချီတော်ဆက်၏ဒုက္ခမှာ ဤမျှပင်မကသေး။ တစ်နေ့တွင် ဆောင်လှုမှုုးဟူသောဘွဲ့ဖြင့် နာမည်ဆိုးဖြင့် ဟိုးလေးတစ်ကျော်ဖြစ်နေသော လက်သုံးတော်လူပျိုတော် သားတစ်ယောက် နှင့်အတူ မင်းတရားကြီး ကြွချီလာသည်။ ပန်းချီတော်၏ အမယ်လေး တ,ရမည့်နေရာကို လူပျိုတော်သားက တက်နင်းလိုက်ရာ အသည်းခိုက် နာသွားသည်။ သနားဖွယ် ပန်းချီတော်မှာလည်း ရှိသမျှ မင်းတရားကြီး အားကြောက်ရွံ့မှုနှင့် လုပ်သင့်မလုပ်သင့်ကိုပင် မစဉ်းစားနိုင်တော့ဘဲ ထွေး ခံတော်ကိုကောက်ကိုင်လိုက်ကာ သူ့အား မညှာမတာလုပ်လိုက်သူ၏ ငယ်ထိပ်ကို ဝုန်းကနဲပေါက်လိုက်လေသည်။ မင်းတရားလည်း အလန့် တကြား ထတော်မူပြီးလျှင် သူ၏ရှေ့တော်မှောက်တွင် မဖွယ်မရာပြုရပါ မည်လောဟု ရာဇမာန်တော်ရှသွားကာ ပန်းချီဆရာအား သျှောင်ဆွဲ နန်းထဲက ဆွဲထုတ်စေသည်။ သူ့အား ခါးမဆိုင်းဘဲ ကွပ်မျက်ရမည်ဖြစ်သော်လည်း ပါရမီထူးသော ပန်းချီဆရာတစ်ဦး ဖြစ်သောကြောင့်လည်းကောင်း၊ သာသနာပိုင် ဆရာတော်ကြီး၏ ကြားဝင်မေတ္တာရပ်ခံမှုကြောင့် အသက် ချမ်းသာရာ ရသွားသည်။

ဦးစန္ဒာကား သူရေးနေသော နိပါတ်တော်ကားများကို လက်စ မသတ်လိုက်ရတော့ချေ။ သို့သော် မင်းတရားကြီးထက် အသက်ရှည်ရှည် နေရပြီးလျှင် လွန်ခဲ့သော ၄ လ ကမှ ကွယ်လွန်သွားသည်။ သူရေးဆွဲသော နိပါတ်တော်ကားများသည် အင်္ဂလိပ်ရင်ခွင်ပိုက်ကျောင်းများ၌ အရုပ်ကား စာအုပ်အဖြစ် ရောက်သွားချေတော့မည်။ မြန်မာပြည်တိုက်ပွဲမှ ပြန်လှ သောဖခင်ရှိပါလာသည့် လက်ဆောင်ပစ္စည်းအဖြစ် သားသမီးတွေ ပြုကြပေတော့မည်။ ထို့နောက်တွင်ကား တစ်ဆင့်ပြီးတစ်ဆင့် မလွဲတမ်း မြေး မီးစာအဖြစ်ရောက်၍ ဇာတ်သိမ်းသွားရချေတော့မည် ဖြစ်သည်။

◀◀ ▶▶

## အခန်း (၁၃)
## မြင်ကွန်းမင်းသား

အင်္ဂလိပ်တို့ ဝင်ရောက်တိုက်ခိုက်ခြင်း မပြုမီက ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ကြီးတို့သည် ပွန်ဒီချာရီ၌နေပြီး သီပေါမင်း ထီးနန်းကို လုရန်ချိန်နေသော မြင်ကွန်းမင်းသားအား သူတို့အတွက် ကြောက်စရာ အကောင်းဆုံး ရန်သူဟု သဘောထားသည်။ အင်္ဂလိပ်တွေတက်လာသည့် အချိန်အထိ ထီးနန်းပြန်ရလိမ့်မည်ဟု ထင်နေကြသော မြင်ကွန်းမင်းသား၏ မျှော်လင့်ချက်မှာ အင်္ဂလိပ်တို့ သိမ်းပိုက်အောင်မြင်သွားသဖြင့် ခဲရေလ သမျှသဲရေကျ ဖြစ်သွားရသည်။

၁၈၈၀ ခု၊ အောက်တိုဘာလတွင် မြင်ကွန်းမင်းသားနှင့် ပတ်သက်၍ မြင်သစ်နှင့် နားလည်မှုရအောင်လုပ်ရန်နှင့် မြင်ကွန်းမင်းသားကို အကဲခတ်ရန်အတွက် ရတနာပုံနေပြည်တော်မှ ပွန်ဒီချာရီသို့ အဖွဲ့တစ်ခု စေလွှတ်မတော်မည်ဟု သီပေါမင်းက အကြံတော်ရသည်။ ဤသို့ စေလွှတ်လိုက်သောအခါ ကျွန်တော့်သတင်းစာတိုက်မှ မစ္စတာပိုက်အား မြန်မာတို့၏ လုပ်ရိုးလုပ်စဉ်လမ်းစဉ်မှ ထိစ်မှုထူးခြား၍ ဤသို့ ခွဲထွက်ယှဉ်ရခြင်း၏ ရည်ရွယ်ချက်အတိအကျကို အမိအရသိရန်နှင့် မြင်ကွန်းမင်းသား၏သဘောနှင့် လိုလားချက်ကို အကဲခတ်ရန်ဖြစ်သည်။ ဤထက်၍ အလိုရမွက်ကြီးလှသော မြင်ကွန်းမင်းသား၏ အောက်ဖော်ပြပါ အကြောင်းအရာများမှာ မစ္စတာပိုက်မှတ်စု၏ ကျေးဇူးပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်၏တိုင်းပြည်မှာ နေမဖြစ်၍ထွက်ခွာလာကတည်းက နေလာခဲ့သော နေရာများအနက် ဖ ကြိမ်မြောက်နေရာဖြစ်သော ပွန်ဒီချာရီ၌ မြင်ကွန်းနေထိုင်ခြင်းမှာ အချက်နှစ်ချက်ကြောင့် ဖြစ်သည်။ ပင်လယ်ကမ်းခြေတွင်ဖြစ်၍ သူ့အနေနှင့် နောက်တစ်နေရာသို့ အခက်အခဲများစွာ မတွေ့ရဘဲ လစ်ထွက်သွားနိုင်သော နေရာဖြစ်ခြင်းမှာ အဓိကအချက်ဖြစ်သည်။ ဒုတိယအချက်မှာ အထွေအထူးမဟုတ်၊ အင်္ဂလိပ်ပိုင်နက် မဟုတ်သောနေရာ ဖြစ်သည်ဆိုသောအချက် ဖြစ်သည်။ ပွန်ဒီချာရီကား တစ်နှစ်ပတ်လုံး သုသာန်တစ်စ သချိုင်းဝကဲ့သို့ပင် တိတ်ဆိတ်ငြိမ်သက်လှသည်။ ညည့်သည်တစ်ယောက် မျက်စေ့လည်၍များ ရောက်လာလျှင် မိုးပေါ်က ကျလာသလားဟု တအံ့တဩဖြစ်ကြသည်။

တိတ်ဆိတ်ခြင်း မင်းမူလျက်ရှိသော မြို့တွင်းသို့ နောက်တော်ပါ အခြွေအရံများဖြင့် တစ်ထီးတစ်နန်း တစ်ဆောင်တယောင်နေပြီးလျှင် ထို နေရာသို့ ယင်းလူစိမ်းများကဲ့သို့ပင် ဆန်းကျယ်သောအဝတ်အစား မကြား ဘူးသော ဘာသာစကားကို ပြောဆိုသောသူများ ဝင်လိုက်ထွက်လိုက် လုပ်ခြင်းဖြင့် မြန်မာမင်းသားဟု အများက ခေါ်ဆောင်ကြသော မြင်ကွန်း မင်းသားသည် တစ်မြို့လုံးကို လှုပ်လှုပ်ရွ ဖြစ်ပွားစေခဲ့သည်။ မြင်ကွန်း မင်းသားသည် မျက်နှာဖြူများနေသော ရပ်ကွက်တွင်နေထိုင်၍ သူ၏ စံအိမ်တော်မှာ မြို့မြောက်ဘက် ဆင်ခြေဖုံးနှင့် ထိစပ်လျက်ရှိသော သာမောဖွယ်အုန်းတောနှင့် ပင်လယ်၏ အလယ်ဗဟိုတွင် တည်ရှိသည်။

မဒရပ်မီးရထားဖြင့်လာသော ခရီးသည်များထဲတွင် မြန်မာနှစ်ယောက်ပါသည်။ တစ်ဦးမှာ မန္တလေးရှိ သီပေါမင်း၏နန်းတော်မှ မှူးမတ်ကြီးဖြစ်သည်။ မဒရပ်သို့ ရန်ကုန်မှ သင်္ဘောတိုက်ရိုက်သွားလျက်ရှိပြီး မဒရပ်နှင့် မြန်မာပြည် ဥဒဟိုသွားရာ ရေလမ်းခရီးရှိ ပွန်ဒီချာရီမြို့တွင် မြင်ကွန်းမင်းသားက နေထိုင်လျက်ရှိရာ အဝင်အထွက်များလှသဖြင့် မည်သူကမှ ဂရုတစိုက် ဝေဖန်ပြောဆိုခြင်း မရှိတော့ပေ။ ပွန်ဒီချာရီသို့ မီးရထားရောက်လာသော အခါတွင်ကား အပေးရောက်မင်းသားသည်



ဘုရင်၏လူယုံတော်များအလာကို စောင့်စားလျက်ရှိကြောင်း ထင်ရှားလာသည်။ အုန်းတောရိပ် ခပ်မှောင်မှောင်ထဲမှ မီးရထားထွက်လာသောအခါတွင် တောက်ပသော မြန်မာအဝတ်အစားကို ဝတ်ဆင်ထားသည့် မြန်မာတစ်စုကို ဘူတာရုံတွင် စောင့်ကြိုလျက်ရှိသည်ကို တွေ့မြင်ရသည်။ သူ့ကိစ္စနှင့်ပတ်သက်၍ အဖွဲ့တစ်ဖွဲ့ထွက်လာရာ လမ်းရောက်နေပေပြီ။ တနင်္ဂနွေနေ့ ရထားတွင် မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဌာန လက်ထောက်အတွင်းဝန် ဦးပေါ်ထွန်း ထက်မငယ်သော အရာရှိတစ်ဦး ပါလာလိမ့်မည်ဟု မြင်ကွန်းမင်းသားက သိပြီးဖြစ်သည်။

ဘူတာရုံပလက်ဖောင်းတွင် စုရုံးနေကြသူများသည် မြန်မာအဖွဲ့ပြန်သွားသောအခါ သူတို့အင်အားနှင့် ဩဇာကြီးမားပုံကို ပြလိုက်သဖြင့် မြန်မာဘုရင်အား သူတို့မြင်သည့်အကိုင်း ပြန်၍ လျှောက်တင်လိမ့်မည်ဟူသော ကြံရွယ်ချက်ဖြင့် စောင့်နေဟန်တူသည်။ ဘုရင့်ကိုယ်စားလှယ်တော်များအား ရန်မူသည့် အပြုအမူမျိုးကိုလည်း မဟုတ်ချေ။ သို့သော်ကိစ္စ များပေါ်ပေါက်လာခဲ့လျှင် မြန်မာမှူးကြီးမတ်ကြီးများအားစောင့်ရှောက်နိုင်ရန်အတွက် ပြင်သစ်အာဏာပိုင်တို့က အစောင့်ကို မှာကြား၍ ချထားခြင်းဖြစ်သည်။ မကြာမီတွင် အင်အားပြပွဲလေးမှာလည်း ပြီးဆုံးသွားပြီးလျှင် ဤမြို့တွင် ဤတစ်မျိုးတည်းသာရှိသော လက်တွန်းလှည်းပေါ်သို့ တက်၍ မြန်မာနှစ်ယောက် တစ်တွဲစီက ကူလီများအား မြန်နိုင်သလောက် မြန်မြန် ဘီးလှိမ့်ရန်ပြောသည်။

နေ့လယ်ပိုင်းတွင် သီပေါမင်း၏ ကိုယ်စားလှယ်တော်များသည် ဘုရင်အသစ်နှင့် တွေ့ဆုံဆွေးနွေးသည်။ ဘုရင်ခံအသစ်မှာ ခေတ္တဘုရင်ခံဖြစ်၍ အိန္ဒိယပြည်တွင် အမှုထမ်းရန်အလာတွင် ဖြစ်သည်။ နောက်တစ်နေ့နံနက်တွင် ကိုယ်စားလှယ်တော်အဖွဲ့သည် ဆွေးနွေးလုပ်ဆောင်ခဲ့သော ကိစ္စများကို မန္တလေးနေပြည်တော်သို့ ကာလကတ္တားမှတဆင့် ပြန်၍ အစီရင်ခံရန်အတွက် အပ်ကာရီနက်လမ်းဆုံသို့ ထွက်ခွာသွားလေသည်။ မြန်မာကိုယ်စားလှယ်တော်အဖွဲ့ မပြန်မချင်း ကိုယ်စားလှယ်တော် တည်းခိုရာဟိုတယ်၌ အစောင့်ချထားသော ကုလားပုလိပ်မှာ ရင်တမမ ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်တော်များ ရောက်နေကြောင်း သတင်းကို မြင်ကွန်းမင်းသား မရမီအချိန်ကလေးအတွင်း သူ့ထံသို့ မစ္စတာဝိုက် ရောက်ရှိသွားရာ မြင်ကွန်းမင်းသားမှာ စိတ်အားတက်ကြွလျက်ပင်ရှိကြောင်း တွေ့ရသည်။ သူ၏ စံအိမ်တော်မှာ အတော်ကျယ်ဝန်းသည်။ အိမ်ရှေ့တွင်လည်း ကျယ်ဝန်းသောခြံရှိ၍ လမ်းဘေးတစ်လျှောက် ဆောက်ထားသော အိမ်နီးချင်းများထက် သာသည်။ ဤအိမ်သည် ပြင်သစ်အစိုးရပိုင်ဖြစ်ပြီး ဘုရင်ခံ၏အတွင်းဝန် နေလေ့ရှိသောအိမ် ဖြစ်သော်လည်း မြင်ကွန်းမင်းသားက ဤအိမ်နှင့်တကွ သူ့တပည့်များနေရန် အခြားအိမ် ၃ လုံးစလုံးကိုပါ အမြဲသဘောမျိုးဖြင့်နေပြီး ထုံးစံအတိုင်း လခပေးနေသည်။ ပြင်သစ်ပိုင် ဤမြို့သို့ရောက်သည့်အချိန်မှစ၍ ရန်ကုန်မှရောက်လာသော လူငယ် ၆၀ ခန့် မင်းသားထံ လာရောက်ပူးပေါင်းနေထိုင်ကြသည်။ သို့သော် သူ့လူများသည် လူငယ်တွေချည်းကား မဟုတ်။ အောက်ဝရံတာ၌ ဓါးကိုင် လမ်းလျှောက်၍ အရွယ် အတော်ထောက်နေပြီးလျှင် မျက်နှာထားတင်းတင်းနှင့် လူတစ်ယောက်စောင့်နေသည်။ အခြား အသက်အရွယ်ကြီးသော မင်းသား၏လူများ နောက်မှ အလျှိုလျှိုထွက်လာကြသော်လည်း အစောင့်၏လက်ထဲမှ ဓါးတစ်ခုသာလျှင် လက်နက်အဖြစ် တွေ့ရသည်။

အသက်အရွယ်ကြီးကြီးထဲမှ မြင်ကွန်းမင်းသား မန္တလေး၌ ပုန်ကန်နေစဉ်က ပါဝင်ခဲ့သော ဦးမှိုဆိုသူမှာ အထူးခြားဆုံးဖြစ်သည်။ သူ့သခင်မင်းသားနှင့်အတူ ထွက်ပြေးလာကာ ရန်ကုန်၌ အများဆုံးနေခဲ့သည်။ မြင်ကွန်းမင်းသား အကျယ်ချုပ်ခံရစဉ်က မင်းသားထံ မကြာခဏ လာရောက်ပြီး မင်းသား၏ အဓိကဆက်သွယ်ရေးတာဝန်ခံ ဖြစ်ခဲ့သည်။ ယခုအခါတွင်မူ ပွန်ဒီချာရီ၌ အတူတကွ လာရောက်နေထိုင်လျက်ရှိပြီး မြင်ကွန်းမင်းသား၏ နန်းရင်းဝန်ဖြစ်နေပြီးလျှင် သူ့ကို နန်းရင်းဝန်ဟုပင် ခေါ်ကြသည်။ မြန်မာလူငယ် လူစွမ်းကောင်းတစ်ယောက်မှာ ဖိုးသင်အမည်ရှိသော မွတ်ဆလင်တစ်ဦးဖြစ်သည်။ ဤလူငယ်၏ ဇာတွေများလှသော ဝတ်စုံကြောင့် ဘူတာရုံတွင် ထင်ပေါ်ခဲ့သူဖြစ်ပြီးလျှင် သူသည် မြန်မာပြည်၌ ကြီးပြင်းခဲ့သူဖြစ်ကာ သီပေါမင်း၏ ကျောက်တွင်းများ၌ ပတ္တမြား



ကျောက် ရောင်းဝယ်နေသူဖြစ်သည်။ ဖိုးသင်သည် အမြင်အားဖြင့် ရှင်လူထွက်သာသာရှိသော်လည်း မြင်ကွန်း၏အရေးတွင် လက်စွမ်းပြခဲ့သူဖြစ်သည်။

သူ့အစွမ်းကြောင့်သာလျှင် မြင်ကွန်းမင်းသားသည် အနောမိမှ ပြင်သစ်ပိုင်နက်သို့ လွတ်မြောက်ထွက်ပြေး လာနိုင်ခြင်းဖြစ်သည်။ ယခုအချိန်အထိ ညီတော် မြင်းခုံတိုင်မင်းသား နေလျက်ရှိသော အနောမိမြို့တော်မှ ရုပ်ဖျက်၍ မြင်ကွန်းမင်းသားအား ထုတ်ယူရသော ခက်ခဲသည့် တာဝန်ကြီးတစ်ခုလုံးကို တာဝန်ယူခဲ့သော မွတ်ဆလင်ဖြစ်သည်။

ပွန်ဒီချာရီမှ နောင်အခါ မြင်ကွန်းမင်းသား လွတ်မြောက်ထွက်ပြေးရေးအတွက် ကြိုးပမ်းခဲ့သူ အာမေနီယံ အင်ဂျင်နီယာ ဆီပန်အုပ်အကြောင်းကို များစွာရေးသားခဲ့ကြသော်လည်း သူ့အား "အောင်ပန်း" ဟူသော ပေးထားသည့်ဘွဲ့သည် ထိုက်တန်ကြောင်းကိုမူ လက်တွေ့ပြရန် လိုသေးသည်။ လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ မင်းသားနှင့် လာရောက်ပူးပေါင်းပြီးလျှင် ဥရောပဘာသာစကားများကို တတ်ကျွမ်းသဖြင့် သူ့သခင်ဖြစ်သူ မင်းသားအတွက် ကောင်းကောင်းကြီး အသုံးဝင်ခဲ့သည်။

မြင်ကွန်းမင်းသား ညစက်တော်ခေါ်ချိန်တွင် သူ့လူများက စောင့်ကြသောထုံးစံရှိသည်။ မင်းသား၏ လုံခြုံမှုအတွက် နောက်တော်ပါများက တစ်ညလျှင် ၃–၄ ဆိုင်းခွဲ၍ စောင့်ကြသည်။ အပြင်ဘက်ဝင်းထဲတွင် ပုလိပ်သား ၁ ယောက် ၂ ယောက်ရှိသည်။ သို့သော် ရတနာပုံမှ ဘုရင်မင်းမြတ်၏ ကိုယ်စားလှယ်များ အလည်လာရောက်စဉ်က ယာယီအစီအစဉ်အနေဖြင့်သာ အစောင့်ချထားခြင်းဖြစ်သည်။

စံအိမ်တော်ကြီး တစ်ခြမ်းလုံး အပြည့်ရှိသော ဧည့်ခန်းတွင် စံတော်မူလျက်ရှိသော မင်းသားထံသို့ ကျွန်တော့်အား လက်သုံးတော်တစ်ဦးက ခေါ်ဆောင်သွားသည်။ အရပ်မနိမ့်မမြင့် ကိုယ်လုံးတောင့်တောင့်၊ အသက် ၄၀ ခန့် ကွက်လည်းကွက်၊ ဝိုင်းလည်းဝိုင်း၍ ချိုသာသော မျက်နှာထားနှင့် အန္တရာယ်များလှသော စွန့်စားမှုကြီးကို ပြုလုပ်ခဲ့လင့်ကစား ဤစွန့်စားမှု၏ အရိပ်အရောင်ကိုမရှိသော ဤလက္ခဏာကြန်အင်များသည်

www.burmeseclassic.com

www.burmeseclassic.com



ကား မြင်ကွန်းမင်းသား၏ ပုံသဏ္ဌာန်ဖြစ်၏။

သူ၏အဝတ်အစားတို့မှာ သာမန် မြန်မာအဝတ်အစားမျှသာ ဖြစ်၍ တန်ဆာဆင်ထားခြင်း မရှိပေ။ အပေါ်အင်္ကျီအဖြူ တိုင်းရင်းလက်ယက်ပုဆိုးအစင်း၊ သျှောင်ကို ထိပ်လယ်တွင်ထုံးထားပြီး တဘက်ပဝါကို ပေါင်းထားသည်။ မင်းသားကို အမြင်အားဖြင့်ကြည့်၍ သူ့နောက်တော်ပါးများနှင့် ခွဲခြား၍မရပေ။ သို့သော် နောက်တော်ပါးများသည် မြန်မာဘုရင်များရှေ့တော်၌ သွားသည့်နည်းတူ မင်းသားရှေ့တွင်ဝပ်၍ ဒူးထောက်သွားရသည်။ သူ၏စကားပြန်သည် မင်းသားအား လျှောက်တင်သောအခါ၌ပင် ဒူးထောက်လက်အုပ်ချီ၍ တင်လျှောက်ရသည်။ မြင်ကွန်းမင်းသားသည် အလွန် သိမ်မွေ့ပျော့ပျောင်းလှသော ဟန်သဏ္ဌာန် ရှိလေရာ ဤမျှဖော်ပြခြင်းမှာ မစွမ်းသာအောင် စိတ်သဘောကောင်းလှသော သူတစ်ဦးအား ရာဇဝင်တွင်စေမည့် ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့သူပါဟုပင် ပြောရမှာ ခက်လှပေသည်။ လွန်ခဲ့သော အနှစ် ၂၀ ခန့်က ခမည်းတော်ဘုရင်ကို ပုန်ကန်ခဲ့သဖြင့် ခမည်းတော်အပြေးကောင်းပြီး ရုပ်ဖျက်ကောင်း၍သာ ဘုရင်ကိုလုပ်ကြံသူ၊ ခမည်းတော်ကိုသတ်သူ၊ အဇာတသတ်မဖြစ်လိုက်ရသောမင်းသားဟုဆိုက ယုံနိုင်ပါမည်လော။

သို့သော် နန်းလုမှု တိုက်ပွဲကြီးဖြစ်စဉ်က ဦးလေးတော်လည်းဟုတ်၊ ယောက္ခမလည်းမှန်သော ၂ ဘက်တော်စပ်သောမင်းသား (ကနောင်) သည် မြင်ကွန်းမင်းသား၏ လုပ်ကြံမှု ဓါးစာကို ခံသွားရသည်။ ရန်ကုန်၌ ခိုလှုံနေစဉ်အတွင်း မိမိအား စောင့်ရှောက်ထားသူကို ညဏ်နီ ညဏ်နက် ဆင်ပြန်သဖြင့် အင်္ဂလိပ်အစိုးရက သူ့အား အန္ဒမန်ကျွန်းသို့ နှင်လိုက်ရသော တခေါက်ကန်းကလေးပင် ဖြစ်သလော။

သူ ငယ်စဉ်က မှားခဲ့သော ဤအဖြစ်အပျက်ကို အနည်းငယ်မျှ ရည်ညွှန်းရင်း ယခုအခါ သူသည် တစ်မူပြောင်းသွားသောသူ ဖြစ်နေပြီဟု မြင်ကွန်းမင်းသားက ကြေညာသည်။ သူ အဝေးရောက်နေစဉ်အတွင်း တတ်ကျွမ်းခဲ့သော ဟိန္ဒူစတန်နီဘာသာဖြင့် မြင်ကွန်းမင်းသားက ဤသို့ အတိအလင်းပြောသည်။ "တစ်လျှောက်လုံး အင်္ဂလိပ်အစိုးရဟာ အမှား



တွေကို အခုအထိ လျှောက်လုပ်လာတယ်။ ကျုပ်စိတ်ရင်းကို မသိလို့ဘဲ ဒီအနှစ် ၂၀ အတွင်းမှာ ကျုပ်ဟာ ဘာမှပြောင်းလဲမှုမရှိဘူးလို့ အစိုးရက ထင်နေတယ်။ တစ်သက်လုံး ကလေးချည်းဖြစ်မနေဘူးဆိုတာကို မေ့နေကြတယ်။ သူတို့ကို ကျုပ်ပြောတာ ကြာလှပါပြီ။ ဒါပေမယ့် ကျုပ်စကားကို သူတို့မယုံဘူး၊ ကျုပ်ထီးနန်းစံရတဲ့အခါမှာ ကျုပ်ဟာ လူတိုင်းနဲ့ ချစ်ချစ်ခင်ခင်နေမယ်၊ ကျုပ်ရဲ့ရည်ရွယ်ချက်ဟာ ကျုပ်တိုင်းသူပြည်သားတွေ အေးအေးချမ်းချမ်းနေဖို့ပဲ ဆိုတာကို အင်္ဂလိပ်အစိုးရနဲ့ တစ်ကမ္ဘာလုံးသိအောင် ပြပါမယ်ဆိုတာကို မယုံကြဘူး။ အိမ်နီးချင်းတွေနဲ့ စစ်ဖြစ်နေရင် ဘယ်နဲ့လုပ်ပြီး ကျုပ်တိုင်းသူပြည်သားတွေကို အေးချမ်းအောင်ထားမလဲ"

လွန်ခဲ့သော အနှစ် ၂၀ က ရမ်းရမ်းကားကားဘဝနှင့် ယနေ့ မြင်ကွန်းမင်းသား၏ဘဝ နှိုင်းယှဉ်ချက်ကို သူက ဆက်ပြောပြသည်။ "အခုတော့ စိန်ကောင်းကျောက်ကောင်းရဲ့ တန်ဖိုးကို နားလည်တဲ့လူကို စိန်ကောင်းကျောက်ကောင်းက လိုက်ရသလိုပါပဲ၊ တန်ဖိုးနားလည်တဲ့လူ လက်ထဲရောက်သွားရင် ကျောက်ဟာ ပိုပြီး အဖိုးတန်လာပေမယ့် တန်ဖိုးနားမလည်တဲ့လူလက်ထဲ စိန်ကောင်းကျောက်ကောင်း ရောက်သွားရင် ချင်းလက် ပတ္တမြားရောက်ဆိုသလို အလဟဿ ဖြစ်သွားမှာပဲ"

မြင်ကွန်းမင်းသားသည် ဗြိတိသျှအစိုးရထံ မချဉ်းကပ်တော့ဟု ဆိုသော်လည်း သူ၏ နန်းရရေး အကြံအစည် အောင်မြင်ရန်အတွက် လွတ်လွတ်ကျွတ်ကျွတ် ကြံစည်နိုင်သော အထောက်အပံ့ဖြစ်မည်ဆိုက နားစွင့်နေလျက်ရှိသည်။ သူ့အား ဝရမ်းပြေးတစ်ယောက်အဖြစ် အသိအမှတ်ပြုထားခြင်းမှ ဗြိတိသျှတို့ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းပန်နေသည်။ သို့သော် မျှော်လင့်ချက်မရှိသော အသနားခံမှုများကို လုပ်ရလွန်း၍ မောလှပြီဟု ထုတ်ပြောသည်။ ဘေးကင်းရာ ချန္ဒာနဂိုသို့ ရောက်လျှင်ရောက်ချင်း မိမိ၏ အာသီသကို တိုတိုနှင့်လိုရင်း ထုတ်ဖော်သည့်နေရာတွင် စ[illegible]လောက်သောစာတစ်စောင်ကို ပို့လိုက်သည်။ ယင်းစာမှာ 'ဌာနီကိုပြန်ပါရစေ'ဟူသတည်း။ ဤ အသနားခံလွှာကို လော့ဒပ်ဖရင်က အဖြေပေးလိုက်သည်။ "ပြင်သစ်ပိုင်နက်မှ ထွက်လာပြီး ဗြိတိသျှအာဏာပိုင်တို့ထံ အညံ့ခံ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာမည်ဆိုပါက သင် တင်ပြလိုလားတာမှန်သမျှကို စဉ်းစားလိမ့်မည်"

ဤမျှလောက်ဖြင့် အားမလျှော့သော မြင်ကွန်းမင်းသားသည် နောက် ၄-၅ ရက်အတွင်း စာတစ်စောင် အကျယ်တဝင့် ရေးသားပေးပို့ ပြန်သည်။ သူသည် ဗြိတိသျှအစိုးရနှင့် ခင်မင်သင့်တင့်စွာ ဆက်ဆံလို ကြောင်း၊ သူ သွားလိုရာသို့ လွတ်လွတ်လပ်လပ်သွားလိုကြောင်း၊ သူ့ ဘက်က ချစ်ကြည်ရေးကို တုန့်ပြန်သောအားဖြင့် ဗြိတိသျှအစိုးရက ဆက်ဆံရေးနှင့်ပတ်သက်သော ချမှတ်ထားသည့် စည်းကမ်းကို လိုက်နာ မည်ဖြစ်ကြောင်း၊ အထက်မြန်မာပြည်ရှိ အနောက်နိုင်ငံသား ကုန်သည်များ ၏အရေးကို အဆင်ပြေအောင် ထပ်မံဖြေရှင်းပေးမည်ဖြစ်ကြောင်း အာမခံ ထားသည်။

ဤစာကို မည်သို့မှ အကြောင်းမပြန်ချေ။ သီပေါမင်းက ပြင်သစ် ကို သံစေလွှတ်သောအခါ တတိယအကြိမ် သူ့နန်းရင်းဝန်ကို ကိုယ်စား လှယ်တော်အဖြစ် စေလွှတ်ပြီး စေ့စပ်ရန်တောင်းဆိုသော်လည်း နောက်ဆုံး တွင် မည်သို့မှ အရာမထင်ခဲ့ချေ။ လော့ဒ်ဗပ်ဖရင့်သည် ရှေးက ကျင့်ထုံး ဟောင်းများအတိုင်း လိုက်သည့်ဘုရင့်ခံမဟုတ်ကြောင်း၊ သူတွေ့နေရသော နိုင်ငံပြဿနာများကို သူကိုယ်တိုင် ထင်မြင်ချက်ဖြင့် ဆောင်ရွက်မည့်သူ ဖြစ်ကြောင်း အကြံပေးသောအခါ မြင်ကွန်းမင်းသားက ခေါင်းကိုသာ တွင်တွင်ရမ်းပြီး 'လော့ဒ်ရစ်ပွန်'တုန်းကလည်း ဒီလိုပြောကြတာပဲ၊ ဒါပေမဲ့ ကျုပ်က ရိုးရိုးသားသား အသနားခံတာကို သူက အရေးတောင်မစိုက် ခဲ့ဘူး" ဟု ပြောသည်။

ဤပြဿနာနှင့်ပတ်သက်၍ အခြားအမြင်တစ်မျိုးကို မင်းသား က ပြောသည်။ "အင်္ဂလိပ်အစိုးရက ကျုပ်ကိုခွာထုတ်တယ်၊ ပြင်သစ်က တော့ ကျုပ်ကို ကလေးဆိုးကြီးလို ကြင်ကြင်နာနာ ဖော်ဖော်ရွေရွေ လက်ခံ ပြုစုတယ်၊ ဒီကို ကျုပ်ရောက်စက ကျုပ်မယ် အခြွေအရံတစ်ယောက်တည်း ရှိတယ်၊ ဟော. . . အခုကြည့် အိမ် ၄ လုံးအပြည့် လူ ၆၀ ရှိနေပြီ။ ပြင်သစ်က ကျုပ်ကို ငွေရေးကြေးရေးထောက်ပံ့တယ်၊ မြန်မာပြည်မှာရှိတဲ့ ကျုပ်ရဲ့ နောက်တော်ပါတွေက အခုအထိ ကျုပ်လိုသမျှငွေ ထောက်ပံ့တယ်၊



ကျုပ်က အလိုရှိတဲ့အခါကျမှ ယူမယ်လို့ ပြောထားရတယ်"

ပြင်သစ်အစိုးရသည် မင်းသားကြီးအား ဖော်ရွေရက်ရောစွာ ဆက်ဆံလျက်ရှိသော်လည်း မင်းသားကြီးက ဖြုတ်ချရန်ကြံစည်လျက် ရှိသော သီပေါဘုရင်၏ သံအမတ်ကိုလည်း ပဲရစ်အစိုးရက အလားတူပင် ရင်းနှီးစွာဆက်ဆံလျက်ရှိကြောင်း မင်းသားကြီးအား ကျွန်တော် ထောက်ပြ လိုက်ပါသည်။ ပြင်သစ်မိတ်ဆွေတို့၏ ကိုယ်ကျိုးမငဲ့သော ဖော် ရွေမှုကို ကျုပ်သိပါတယ်ဗျာဟု ဆိုလိုသောအဓိပ္ပာယ်ဖြင့် ဟားတိုက်ရယ် လိုက်သည်။

ပွန်ဒီချာရီမှလွတ်မြောက်ရန် အလားအလာမှာ မြူဖုံးလျက်ရှိ သော်လည်း မြင်ကွန်းမင်းသားသည် မျှော်လင့်ချက်ကြီး တခွဲသားရှိတုန်း ပင်ဖြစ်သည်။ ထိုထက်မက ဗန်ကောက်သွားရမည်လော၊ ဆေးဂုံသွားရ မည်လော၊ မန္တလေးပဲ ပြန်ရမည်လောဟုပင် ဖယားချကြည့်နေသေးသည်။ အခြား မည်သည့်အချက်များ ရှိနေစေကာမူ တစ်ခုခုကို ဆုံးဖြတ်ချက် ချထားသည်။ "ကျုပ်ကို ချုပ်နှောင်မထားပါဘူးလို့ အသေအချာ အာမ မခံဘဲနဲ့ ဘယ်နဲ့လုပ်ပြီး *အင်္ဂလိပ်အစိုးရဆီကို ကိုယ့်ကိုယ်ကို အပ်နိုင်ပါ့* မလဲ" မြင်ကွန်းမင်းသားသည် ကိုက် ၅၀ အကွာရှိ သဲသောင်ခုံများပေါ် သို့ လှိုင်းတဖွားဖွား ရိုက်ခတ်နေသော ပင်လယ်ကမ်းခြေ ပြတင်းပေါက်မှ လှမ်းကြည့်ရင်း ဤမေးခွန်းကို မေးလိုက်သည်။ သူ့အသက်ကိုစွန့်၍ သူ့ မျှော်လင့်ချက်ကို အောင်မြင်အောင် လုပ်တော့မည်မှာ ရှင်းနေပေသည်။

မြင်ကွန်းမင်းသားသည် ယခုအချိန်အထိ 'လှိုင်းလုံး'ကို ကျေးဇူး တင်ရန်အကြောင်း မမြင်သေးပေ။ မြင်ကွန်းမင်းသားသည် လှိုင်းမူးတတ်သူ ဖြစ်သည်။ မကြာသေးမီက အိန္ဒိယပြည်ရှိ ပြင်သစ်ပိုင်နက်ထဲ သို့မဟုတ် ကိုချင်ချိုင်းနားပြည်သို့ ထွက်ပြေးရန်အကြံမှာ အကယ်၍သာ ခရီးသည် အဖော်များကို အားကိုးရမည်ဆိုက အောင်မြင်သွားမည်ဖြစ်သည်။ ဤသို့ မအောင်မြင်ခဲ့သည်မှာ အစီအစဉ်ချွတ်ယွင်းမှုကြောင့်မဟုတ်ဘဲ လှိုင်းမူး သောဒဏ်ကို မခံနိုင်သောကြောင့်ဖြစ်သည်။ တိတ်တဆိတ် လွတ်လွတ် ကျွတ်ကျွတ်ထွက်လာပြီး ကိုလံဘိုသို့အသွား ပင်လယ်ထဲရောက်နေ ကာမှ

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလားအော်တွင် မုတ်သုန်လေမိ၍ ဒုက္ခရောက်ခြင်းဖြစ်သည်။ မခံမရပ်နိုင်အောင် လှိုင်းမူးလာသဖြင့် သူ့အား ဒုတိယတန်းမှ ပထမတန်းသို့ ရွှေ့ပြောင်းလာရန် မာလိန်မှူးက တောင်းပန်ခဲ့သည်။ ပထမတန်းခ တောင်းသဖြင့် မင်းသားကြီးသည် သူ မင်းသားဖြစ်ကြောင်း ထုတ်ပြောပြကာ မာလိန်မှူးအား လိုသမျှငွေကို သူ့လူများကပေးရန် စာတစ်စောင် ရေးပေးလိုက်သည်။ မင်းသားကြီးမှာ သက်သောင့်သက်သာရှိသောနေရာသို့ ရွှေ့ပြောင်းရသော်လည်း ကိုလံဘိုရောက်သောအခါ မင်းသားကြီး ထွက်ပြေးသွားကြောင်း ကြေးနန်းရောက်လာသဖြင့် ရှေ့ဆက်သွားခွင့်မရတော့ဘဲ အိန္ဒိယသို့ ပြန်သွားရလေသည်။

မည်သို့ပင်ရှိစေ မြန်မာပြည်သို့ ပြန်ဝင်ရန်အတွက် နောက်တစ်ခါ ကြိုးစားရန် မြင်ကွန်းမင်းသားက ဆုံးဖြတ်ထားသည်။ ယိုးဒယားက ဆင်းဝင်ရလျှင် ဗြိတိသျှတို့ နှောက်ယှက်မည်ကို စိုးရိမ်သဖြင့် ဆေးဂုံကိုပို၍ မျက်စိကျလျက်ရှိသည်။ ပွန်ဒီချာရီ၌မူ အချိန်မရွေးထွက်သွား၍ ရသောနေရာဟု မင်းသားကြီးက ယူဆသည်။ မြင်ကွန်းမင်းသားအား သာမန်ယားရိုးထားစဉ် အစောင့်များချထားသော အရိပ်အရောင် မရှိသည်မှန်သော်လည်း ပြင်သစ်အာဏာပိုင်တို့အား မြင်ကွန်းမင်းသားကြီး ထွက်ပြေးမည့်အရိပ်အခြေ စောင့်ကြည့်နေရန် အမှာ ထားရှိမည်ကား သံသယရှိစရာ မလိုပါပေ။ မြင်ကွန်းမင်းသားကြီးထံ သူသည် အရေးပေါ်တော့မည့်အချိန်အခါစောင့်နေကြောင်း၊ ထိုအရေးပေါ်လာသည်နှင့်တစ်ပြိုင်နက် အောင်ပွဲသေချာစေရန်အတွက် ခေါင်းဆောင်ဝင်လုပ်လိုက်ရန်ပင်ဖြစ်ကြောင်း ထုတ်ပြောသည်။

"သီပေါဘုရင်ကို ပြည်သူတွေက မကြည်ဖြူကြတော့ဘူး၊ ကျုပ်သာ သူ့ရဲ့နောင်တော်ဖြစ်တယ်။ ထီးမွေနန်းမွေ ဆက်ခံထိုက်သူဖြစ်တယ်။ သူ့အပေါ်ရော မိဖုရားအပေါ်ရော မကောင်းစိတ်မထားပါဘူး။ သီပေါဟာ ကျုပ်ရဲ့ညီတော်ပဲ။ သူ့မယားကလည်း ကျုပ်ရဲ့နှမတော်ပဲ" မင်းသားကပြောသော ဆွေမျိုးတော်စပ်ပုံမှာ နှစ်ဖက်စလုံးတော်စပ်ပုံကို ပြောခြင်းဖြစ်သည်။ ပီရူးပြည် အင်ကာလူမျိုးတို့၏ ဓလေ့အတိုင်းပင် မြန်မာမိဖုရားကြီး



များလည်း ဘုရင့်သမီးတော်များထဲမှ ရွေးချယ်တင်မြှောက်ရခြင်း ဖြစ်သည်။

မြင်ကွန်းမင်းသားကြီးက သူသာ ထီးနန်းရထိုက်သည်ဟူသော အဆိုတွင် ရွှေနန်းဆက်အစဉ်အလာကို အဓိကထား၍ ဆိုခြင်းဖြစ်သည်။ ထီးမွေနန်းမွေကို ပေးအပ်ခွင့်ရှိသော ခမည်းတော်၏ဆန္ဒအရ သီပေါသည် ထီးနန်းကိုဆက်ခံနိုင်ခွင့် မရှိရုံမျှမက ထီးနန်းစိုးပိုင်အုပ်ချုပ်သူသည် ခမည်းတော်၊ မယ်တော် နှစ်ပါးစုံ မင်းသွေးဖြစ်ရမည်ဆိုသော မြန်မာ ရွှေနန်းဆက် အစဉ်အလာအရ သီပေါမင်းသားသည် မင်းသွေးမစစ်သောကြောင့် အရိုက်အရာကို ဆက်ခံနိုင်ခွင့်မရှိချေ။

သီပေါမင်း၏လက်အောက်တွင် ရောက်နေသော သူ၏ နောက်လိုက် နောက်ပါများအကြောင်းကို အတိအကျ မပြောသော်လည်း သူ့လူများကို မြင်ကွန်းမင်းသားက ယုံကြည်မှုမှာ အပြည့်အဝရှိလေသည်။ လူတွေကို အပြုံလိုက်သတ်ဖြတ်ရန်အတွက် သက်သက် အကွက်ထွင်လိုက်သော မန္တလေးထောင်ထမှုတွင် သူ့တာဝန်မရှိကြောင်း မြင်ကွန်းက ငြင်းဆိုသည်။ ထောင်ထသော အကျဉ်းသားထဲတွင် မင်းသား၏လူများ ပါမည်မဟုတ်ပါလောဟု မေးသောအခါ မြင်ကွန်းမင်းသားက မေးခွန်းကို ဤသို့ လှီးလွှဲပစ်သည်။ "အို. . .ဒါကတော့ ထောင်ထဲမှာရော၊ ထောင်ပြင်ဘက်မှာရော ကျုပ်လူတွေရှိတာပဲ"

လွန်ခဲ့သော ငါးနှစ်ကတည်းက ထကြွခဲ့သော ရှမ်းသူပုန်တို့သည် သူ့လူများဖြစ်ကြောင်း၊ သူ့ညီတော်ကို အပြစ်မတင်လိုသော်လည်း မိဖုရားက နေရာတကာ ချယ်လှယ်နေသဖြင့် မတရားမှုကို မခံနိုင်သောကြောင့် ရှမ်းတို့ ပုန်ကန်ခြင်းဖြစ်သည်ဟု မြင်ကွန်းကပြောသည်။ မြင်ကွန်းမင်းသားကြီးသည် သူ့သတင်းပါသော သတင်းစာများကို ကောင်းစွာရရှိလေရာ ရန်ကုန်မှ သတင်းစာတစ်ထပ်ကြီးကို သူ့အမိန့်ဖြင့် ထုတ်လာသည်။ သူ၏ ရည်ရွယ်ချက် အောင်မြင်တိုးတက်မှုကို ပြသည့်အနေဖြင့် မြင်ကွန်းမင်းသားကို အစားထိုး၍ နန်းတင်ပေးရန်အတွက် ဗြိတိသျှအစိုးရသည် မြင်ကွန်းမင်းသားနှင့် စေ့စပ်သင့်သည်ဟု ရန်ကုန်သတင်းစာတစ်စောင်က ဗြိတိသျှအစိုးရအား တိုက်တွန်းရေးသားထားကြောင်းကို ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မည်သည့်အချိန်တွင် အရေးတော်ပေါ်မည်နည်းဟု မေးသောအခါ မင်းသားက ဘုရားတရားကို ကိုင်းရှိုင်းဟန်ဖြင့် "ဘုရားမှသိမှာပဲ"ဟု ပြောသည်။

မြင်ကွန်းမင်းသားနှင့် တွေ့ဆုံသောအခါ မြန်မာလေ့ထုံးစံအတိုင်း ဧည့်ခံသည်။ လက်ပါးစေတစ်ယောက်သာ ကျန်တော်နှင့်မင်းသားကြီးကြား၌ ဆေးလိပ်အတော်များများ လာတည်သည်။ မြန်မာ့ယဉ်ကျေးမှုထုံးစံအရ ဧည့်သည်က အိမ်ရှင်၏ အရင်ဆေးလိပ်မီးညှိရသည်။ မစ္စတာဂ္ဂိုက် ပြန်သောအခါ မြင်ကွန်းမင်းသားကြီးနှင့် နောက်တော်ပါး ၃၀ ခန့်သည် တသီကြီး ဝပ်တွားလျက် လှေကားထိပ်အထိ လိုက်ပို့သည်။ အလွန်မသက်သာလှသော ရှုကွင်းတစ်ခုပင်ဖြစ်သည်။

ဒီဇင်ဘာလကုန်တွင် သူ့အား နန်းတင်ပေးမည်ဆိုပါက ပြင်သစ်တို့နှင့် အဆက်အဆံ မပြုပါဟူသော မြင်ကွန်းမင်းသားထံမှ စာတစ်စောင် ကာနယ်စလေဒင်ထံ ရောက်လာသည်။

ဤစာနှင့်ပတ်သက်၍ မည်သို့မျှ အရေးမလုပ်ချေ။

မြင်ကွန်းမင်းသားအတွက် ရာဇဝင် တစ်ပတ်ကြော့လာခြင်းမှာ ပျင်းစရာကောင်းပေသည်။ မြင်ကွန်းမင်းသားကြီးသည် ဖေဖော်ဝါရီလတွင် ပြင်သစ်ပိုင် "တိုင်ဗာ"သင်္ဘောဖြင့် ကိုလံဘိုသို့ ဒုတိယမ္ဘိ ထွက်သွားပြန်သည်။ ထို့ပြင် လှိုင်းမူး၍ စိတ်ပျက်လက်ပျက်ဖြင့် လာလမ်းသို့ ပြန်လာရသည်။

မြင်ကွန်းမင်းသားကြီးက ပွန်ဒီချာရီမှ ကိုလံဘိုသို့ သယ်ယူလာသော တိုင်ဗာ သင်္ဘောမာလိန်မှူးအား သူ့ကို ဆေးဂုံသွားသော ပြင်သစ်သင်္ဘော "ချိုင်းနား"ပေါ်သို့ ပြောင်းပေးရန် တောင်းပန်သော်လည်း မာလိန်မှူးက လက်မခံဘဲ ငြင်းဆန်လိုက်သည်။ ဘာကြောင့် ငြင်းဆန်ရသည်ကိုလည်း မဖော်ပြချေ။ မာလိန်မှူးက ဗြိတိသျှအာဏာပိုင်တို့ ခံတွင်းမတွေ့မည့် အပို့အသယ်လုပ်မှုကို မလုပ်လိုသောကြောင့် ဖြစ်ပေလိမ့်မည်။ သို့[illegible] မာလိန်မှူးက တိုင်းရင်းသားတို့၏ လှေဖြင့်ဖြစ်စေ၊ ဆိပ်ကမ်းမှ လှေဖြင့်ဖြစ်စေ "ချိုင်းနား"ပေါ်တက်ရန် မင်းသားကြီးအား အကြံပေးသည်။



ဤနည်းကို အန္တရာယ်များသည့်နည်းဟု ယူဆသည်။ ဗြိတိသျှပိုင်နက်အတွင်း ဗြိတိသျှအလံတော်အောက်ရှိ လှေကိုစီးရမည်ဆိုလျှင် မြင်ကွန်းမင်းသားကြီးသည် နောက်တစ်ချီ အကျဉ်းသားပြန်ဖြစ်ရလိမ့်မည်။

ထို့ကြောင့် တိုင်ဗာသင်္ဘောဖြင့်ပင် ပွန်ဒီချာရီသို့ပြန်ရန် ဆုံးဖြတ်လိုက်ပြီးလျှင် ပွန်ဒီချာရီသို့ ရောက်သောအခါ နေရာဟောင်းစံအိမ်တော်သို့ ပြန်တက်ရလေသည်။ ဤသို့ အကြောင်းမလှသော ခရီးစဉ်ကို မထွက်မီကလေးတွင် မြင်ကွန်းမင်းသားကြီးက မြန်မာပြည်၌ ဖြစ်ပေါ်လျက်ရှိသော အရေးကိစ္စများအကြောင်းကို ဧည့်သည်တော်များအား တွင်တွင်ကြီး ပြောခဲ့သေးသည်။ မင်းသားကြီးက သီပေါမင်းကို မင်းအဖြစ်နှင့်မတန်သူဟု ယူဆသော်လည်း သီပေါမင်း၏ စိတ်သဘောကိုမူ ကြိုက်နှစ်သက်သည်။ ဗြိတိသျှတို့အပေါ် သူသည် ရန်မူလိုသော သဘောမရှိချေ။ သီပေါမင်း၏နေရာတွင် သူသာ နန်းတက်ရပါက အခြေအနေ တစ်မျိုးတစ်မည်ဖြစ်လာမည်ဖြစ်ပေသည်။

အကယ်၍ မြင်ကွန်းမင်းသားသည် ထီးနန်းအုပ်ချုပ် မင်းလုပ်ရမည်ဆိုပါက အင်္ဂလိပ်တို့က တက်လာချင်သည်ဆိုက သီပေါမင်းလက်ထက်တွင် ရတနာပုံသို့ အင်္ဂလိပ်တို့ တက်လာသည်ထက်စော၍ တက်လာကောင်း တက်လာမည်ဖြစ်သည်။ အင်္ဂလိပ်တို့အား ရာဇမဟာမိတ်၊ မိတ်ဆွေအဖြစ် ကြိုဆိုမည်သာဖြစ်သည်။ သီပေါမင်းသည် တိုင်းပြည်အုပ်ချုပ်ရေးကို နားမလည်သူဖြစ်ရာ သီပေါမင်းအား ဖြုတ်ချလိုက်ခြင်းက သာခုခေါ်ရမည်ဖြစ်သည်။ မြင်ကွန်းမင်းသားကြီးက ဆေးဂုံသို့ သွားရောက်နေထိုင်မည်ဟုလည်းကောင်း၊ ပြင်သစ်အာဏာပိုင်တို့ထံမှာ စာကို စောင့်မျှော်လျက်ရှိသည်ဟုလည်းကောင်း ပြောသည်။

သူ စောင့်မျှော်လျက်ရှိသည်ဆိုသော စာမှာ နိုင်ငံကူးလက်မှတ်ဖြစ်ဟန်တူသည်။ သူသည် ပြင်သစ်တို့နှင့် ကဏ္ဍကောစ မပြုလုပ်ခဲ့ဖူးသည့်ပြင် အကျဉ်းသားမဟုတ်လေရာ ထုံးစံအတိုင်း နိုင်ငံကူးလက်မှတ်ကို ရလိမ့်မည်ဟု မင်းသားကြီးကပြောသည်။ ဤမြင်ကွန်းမင်းသား၏အကြောင်းကို တစ်ချီထပ်ပြီး ကြားရကောင်း ကြားရလိမ့်ဦးမည်။ အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသော် ယခုအချိန်အထိ စိတ်ကျေနပ်စရာ ကောင်းလောက်အောင် အကြံအစည်မအောင်မြင်ခဲ့သော်လည်း သူသည် အလွန်ပြင်းထန် ထက်သန်သူဖြစ်သောကြောင့်ပင်တည်း။

လွှတ်တော်ပေါ်တွင် တိုင်တားမင်းကြီးအား ဖမ်းဆီးလိုက်သဖြင့် ဒီဇင်ဘာလ ၂၇ ရက်နေ့ ညနေတွင် မန္တလေးတစ်မြို့လုံး သိမ့်သိမ့်တုန်သွားသည်။ ကျားသားမိုးကြိုး မည်သူမှ စိတ်ကူးထဲမထည့်ခဲ့မိသော ကိစ္စဖြစ်သည်။ ရတနာပုံ မန္တလေးမြို့ကို သိမ်းပိုက်ပြီးသည့်နေ့မှစ၍ မြေနန်းဆောင်အနီးရှိ နန်းဖော်တွင်းသို့ ဝင်ခွင့်ရသူတိုင်း တွေ့မြင်ရသော လွှတ်တော်သို့ တိုင်တားမင်းကြီးနှင့် အခြားဝန်ကြီးများသည် နေ့စဉ်ရုံးထိုင်ကြသည်။

ကာနယ်စလေဒင်သည် လွှတ်တော်ကျင်းပစဉ်တွင် အများအားဖြင့်တက်ရောက်လေ့ရှိပြီး သဘာပတိအဖြစ် ဆောင်ရွက်လေသည်။ ကာနယ်စလေဒင် မန္တလေးသို့လာသောအခါ တိုင်တားမင်းကြီးကို ရက်စက်ကြမ်းကြုတ်သူဟု အများက ယုံကြည်သည့်အတိုင်း ယုံကြည်လျက်ရှိပြီးလျှင် လိုအပ်ပါက တိုင်တားမင်းကြီးကို ကွပ်မျက်ပစ်ရန်ပင် အသင့်ရှိလေသည်။ ကာနယ်စလေဒင်၏ အာသီသမှာ ကင်းဝန်မင်းကြီးနှင့်ပူးပေါင်း၍ သူတတ်နိုင်သမျှ အစွမ်းကုန်ဆောင်ရွက်ရန်ဖြစ်သည်။ သို့ရာတွင် အနီးကပ်လေ့လာလိုက်သောအခါ တိုင်တားမင်းကြီးသည် သူမတူအောင် ကြမ်းကြုတ် ရက်စက်မှုဆိုသည်မှာ ကောလာဟလ စကားများသာဖြစ်၍ အာဃာတ နည်းနည်းဖက်သော အပြောမျှသာဖြစ်ကြောင်း တွေ့ရသည်။

နန်းတွင်းလူသတ်ပွဲနှင့်ပတ်သက်၍ တိုင်တားမင်းကြီးသည် အခြားအတူတူ တာဝန်ရှိသူများထက် အပြစ်ပိုကြီးကြောင်း သက်သေသာဓက မပြနိုင်ချေ။ သူ၏အတိတ်က ရာဇဝင်ကို အပထား၍ ယခုလက်ရှိအခြေအနေတွင် ပို၍ အရေးကြီးနေသောအချက်အရ တိုင်းပြည်အုပ်ချုပ်ရေးအသွင်သဏ္ဌာန်ကို ထိမ်းသိမ်းရာတွင် သူ့အား အလွန်အသုံးဝင်သူတစ်ဦးအဖြစ် ရွေးထားသည်။ တိုင်တားမင်းကြီးသည် လုံလောက်သော အကြောင်းများကြောင့် "ဘုရင့်လူ"မဖြစ်နိုင်တော့သည်မှာ ထင်ရှားလာသည်။



ထို့ပြင် ဘဝလုံခြုံမှုအတွက် ကျွန်တော်တို့ဘက်သို့ ခြေစုံပစ်ဝင်ရောက်လာရန် အလွန့်အလွန် အရေးပါသော အကြောင်းရင်းများရှိနေသည်။ တိုင်တားမင်းကြီးတွင် နောက်တက်လာသော မင်းသစ်ကို အကျိုးလည်းပြုနိုင်၊ ဆန့်ကျင်ဘက်လည်းလုပ်နိုင်သော ဩဇာအာဏာ ကောင်းကောင်းကြီးရှိသည်။ သူ့ဘဝ တည်မြဲမှု အခြေအနေက တိုင်တားမင်းကြီးအား သူ့သခင်အကျိုးထက် ကျွန်တော်တို့အကျိုးကို ပြုလုပ်ရန် စေခိုင်းလျက်ရှိသည်။

သီပေါမင်း ယတိပြတ်နန်းချ၍ ပါတော်မူသွားသောအခါ အစိုးရစက်ယန္တရားကြီး တစ်ခုလုံးမှာလည်း ပြိုလဲသွားသည်။ ပြိုလဲသွားသော အစိုးရနေရာတွင် ယာယီအစိုးရ အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန်လိုသည်။ ကင်းဝန်မင်းကြီးသည် နောက်ဆုံးအချိန်တွင် သီပေါမင်းနှင့် မြစ်ဆိပ်အထိ လိုက်သွားသူ တိုင်တားမင်းကြီးသည် အသုံးကျသော အကူအညီကို ပေးနိုင်သူဖြစ်တန်ရာ ကာနယ်စလေဒင်က တိုင်တားမင်းကြီးကို စောင့်ကြည့်ရင်း လွှတ်တော်တွင်ခန့်ထားရန် ဆုံးဖြတ်လိုက်လေသည်။

မည်သို့ပင်ဖြစ်စေ မဟာဝန်ရှင်တော်မင်းကြီး မစ္စတာဘားနတ်က အများ၏ထောက်ခံချက်ဖြင့် တစ်စုံတစ်ရာ အကြောင်းကြားခြင်းမပြုဘဲ ရာထူးမှဖြုတ်ပစ်လိုက်ပြီးနောက် နန်းတော်ရှေ့တွင် မျက်လုံးပြူးမျက်ဆံပြူးနေသော တိုင်တားမင်းကြီးကိုသူ၏ လုပ်ဖော်ကိုင်ဖက်များ ရှေ့မှောက်၌ပင် ဖမ်းဆီးလိုက်ပြီးလျှင် ဗြိတိသျှစစ်သား အစောင့်အရှောက်တို့ဖြင့် သင်္ဘောပေါ်တွင် စောင့်ရှောက်ပို့လိုက်သည်။

မည်မျှ ဝုန်းကနဲဒိုင်းကနဲ ဖြိုးစားကြီးဖြစ်လာသနည်းဟူမူ ရုတ်တရက် နန်းလုပွဲဖြစ်လိုက်သလို မန္တလေးတစ်မြို့လုံး အကြီးအကျယ် တုန်လှုပ်သွားသည်။ အောက်မြန်မာပြည်သို့ တိုင်တားမင်းကြီးအား ပို့လိုက်သည့်အတွက် အိန္ဒိယပြည်တွင်လည်း အလားတူပင် လှုပ်ရှားသွားသည်။

ဤကဲ့သို့ မမျှော်လင့်ဘဲ တစ်ချက်လွှတ်အာဏာကို ပြင်းပြင်းထန်ထန် သုံးရခြင်းအတွက် မစ္စတာဘားနတ်၏ အကြောင်းပြချက် မှာ အလွန်အရေးပါသော အကြောင်းပြချက်ဖြစ်ပြီးလျှင် သူ၏ အရေးယူ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်မှုကို မှန်ကန်ကြောင်း အထောက်အထားအဖြစ် လက်ခံနိုင်ဖွယ်ရှိပေသည်။ မြန်မာတို့ကိုယ်တိုင်ကပင် ကျေနပ်ကြသော ကျေနပ်မှုမျိုးရှိကြသည်။ မန္တလေးရှိ အနောက်နိုင်ငံသား မျက်နှာဖြူများက ကျေနပ်ကြသည်မှာလည်း ယုံမှားဖွယ်မရှိချေ။

အခြေအနေကို နားလည်ရန်အတွက်လည်းကောင်း၊ ဝန်ရှင်တော်မင်းကြီး၏ ဆုံးဖြတ်ချက်ကို တစ်ဖက်က လက်ခံထားသော်လည်း လူမုန်းများသော တိုင်တားမင်းကြီးကို စလေဒင်က အဘယ်ကြောင့် အသုံးချခဲ့သည်ကို ပြည်သူအများက သဘောပေါက်စေရန်အတွက်လည်းကောင်း၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ နာမည်ဆိုးနှင့် ဟိုးလေးတကျော်ကျော် ဖြစ်လာပုံကို သိရန်အတွက်လည်းကောင်း ဤကိစ္စများနှင့် စစ်ဝန်ကြီးများ၏ နောက်ပိုင်းဆောင်ရွက်မှု အဖြစ်မှန်တို့ကို ဆက်စပ်ကြည့်ရပေလိမ့်မည်။

တိုင်တားမင်းကြီးသည် ဘုရင့်အမှုတော်၊ သို့မဟုတ် အုပ်ချုပ်ရေးတာဝန်များကို မထမ်းဆောင်မီ နှစ်ပေါင်းများစွာကတည်းက စစ်ဘက်တွင် အမှုထမ်းလာခဲ့သော စစ်သည်တော်တစ်ဦးဖြစ်သည်။ အမှုတော်ကို ကြေကုန်အောင် ထမ်းဆောင်ခဲ့သဖြင့် တိုင်တားမြို့မှရသော အခွန်တော်ကို စားရန် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအခေါ်အားဖြင့် တိုင်တားမြို့စားဟုဖြစ်သည်။ သူက ဝန်ခံသလိုလိုနှင့် သူသည် စာတတ်ပေတတ်ကြီးမဟုတ်ကြောင်း အသားယူပြောပြီးလျှင် သူလုပ်နေကျ သမရိုးကျအလုပ်ကိုသာ နားလည်သည်ဟု ပြောတတ်သည်။

မည်သို့ပင်ဖြစ်စေ သူသည် အလွန်ပါးနပ် လိမ္မာလှသူဖြစ်ပြီးလျှင် အမှုတော်ထမ်းရသည့်နေရာတွင် ပါရမီထူးချွန်သည်ဟုပင် ဆိုရမည်။ ဘုရင်မင်းမြတ် လွှတ်တော်၌ ထက်မြက်ထူးချွန်သူ ၂ ဦးရှိသည့်အနက် သူတစ်ဦး အပါအဝင်ဖြစ်သည်။ ကင်းဝန်မင်းကြီးကား သူနှင့်ပြိုင်ဘက်ဖြစ်သည်။ သို့ရာတွင် ၂ ဦး အကျိုးတူခံစားရေးကို အခြေခံ၍ တိုင်တားမင်းကြီးသည် ကင်းဝန်မင်းကြီးနှင့် မိတ်မပျက် ဆက်ဆံသွားသည်။ တစ်ယောက်က အများပြည်သူ၏ ကိုးစားယုံကြည်မှုကို အနည်းနှင့်အများ



ရသည်။ ပညာတတ်ဖြစ်သည်။ ဥရောပတိုက်သို့ ရောက်ဖူးသူဖြစ်သည်။ စိတ်ကောင်းရှိသူဟု ယုံကြည်ကြပြီးလျှင် အုပ်ချုပ်ရေးကို နိုင်နင်းသောမင်းကြီးဖြစ်သည်။ အခြားတစ်ယောက်မှာမူ နန်းတော်ထဲတွင် အထူးသဖြင့် မိဖုရားခေါင်ကြီး စုဖုရားလတ်နှင့် မယ်တော်အပါးတွင် မည်သို့ ခစားရမည်ကိုသိသော စစ်သည်တော်ဖြစ်သည်။ သူသည် တပ်မတော်၏ အကြီးအကဲလည်းဖြစ်သည်။ သူ၏သားမှာ နန်းတော်ဝင်းတပ်မှူးဖြစ်သည်။ မဟာဆီမဟာသွေးများနှင့် ကစားဘက်ဖြစ်သည်။ ထို့ပြင် သူသည် တုံးဆိုတိုက်သော လက်ရုံးရည်သမားလည်းဖြစ်ရာ သူ့အကူအညီဖြင့် ဘုရင် မင်းတရားကြီး ရွှေနန်းစည်းစိမ်ရသည်ဟု အဆိုရှိသည်။ ရွှေနန်းရှင်ဘုရားနှင့် မိဖုရားခေါင်ကြီးတို့ ရွှေစိတ်တော်ငြို အလိုတော်မကျ ရာဇအမျက်တော်အရှခံရသောသူအား ကားစင်တင်၍ အပျောက်ရှင်းရမည့်တာဝန်ကို ယူရသူမှာ တိုင်တားမင်းကြီးပင်ဖြစ်သည်။ ထို့ကြောင့် သူ့ကိုချစ်သည်ယက်ကြောက်ရွံ့ကြသည်။ မည်သည့်အလုပ်ကိုမှ လက်မရွံ့ဘူး။ ပယောဂမဖက်ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့၏ ပကတိဉာဏ်သက်သက်ဖြင့် တီထွင်နိုင်ကောင်းမှ တီထွင်နိုင်မည်ဖြစ်သော ရောမကလိန်ခြို ပြစ်မှုကြီးကို ကျူးလွန်အောင် သွေးထိုးနှိုးဆော်ခဲ့သည်။

သို့ရာတွင် ယခုအခါ၌ ကြမ်းကြုတ်လှသော မင်းကြီးသည် အာယာတအငြိုး၏ ဓါးစာခံအဖြစ်မျိုးသို့ အရောက်ကြီးရောက်လျက် ရှိပေပြီ။ တိုင်တားမင်းကြီးသည် ယခင်ယခင်အခါများက စက်ဆုပ်ကြောက်ရွံ့ဖွယ်ကောင်းသူဖြစ်ခဲ့သော်လည်း လူပေါင်းများစွာကို အတိဒုက္ခတွေ့မည့်ဘေး၊ ဖြုန်းကနဲ မရဏာလမ်းရောက်မည့်ဘေးတို့မှ သူ့ဩဇာကို အသုံးပြုကယ်ခဲ့သည်ဟု မင်းတုန်းမင်း၏ မဟာနွယ်မင်းသမီးတို့ထဲမှ ကျွန်တော်အခိုင်အမာသိခဲ့ရသည်။ သူသည် ရွှေနန်းရှင်ကေရာဇ် အထူးသဖြင့် မိဖုရားခေါင်ကြီး၏ ခေါင်းတော်ညိတ်သည်နှင့်တစ်ပြိုင်နက် စိတ်တော်သိပြီး အလိုကျထမ်းရွက်ခဲ့သည်။ အကြင်သူတစ်ဦးအား အပျောက်ရှင်းရန်အတွက် တာဝန်ကို သူ့အားပေးအပ်လာခဲ့လျှင် မည်သည့်အခါမှ ပြောင်းမငြင်းဆန်ချေ။ သို့သော် အချို့ကိစ္စများတွင် သူက နှောင့်နှေးအောင် အချိန်ဆွဲထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှေနန်းရှင်မင်းတရားကြီးကဖြစ်စေ၊ အကြင်နာကင်းမဲ့သော စုဖုရားလတ်ကဖြစ်စေ ရွှေစိတ်တော် ပြောင်းလာလိမ့်မည်။ သို့မဟုတ် မေ့ပျောက်သွားလိမ့်မည်ဟူသော အားကိုးဖြင့် အချို့ကိစ္စများတွင် ကြမ္မာငင်နေသူအား ရှောင်သာတိမ်းသာအောင် စောင်းပါးရိပ်ခြေ ပြခဲ့သည်။

မင်းတုန်းမင်းတရားကြီး၏ ကျန်ရစ်သော အနွယ်တော်များကို ကွပ်မျက်ရန် အမိန့်တော်ကို တစ်ကြိမ်မက ထပ်မံ၍ ချမှတ်ခဲ့သည်မှာ သေချာသလောက်ပင်ဖြစ်သည်။ တိုင်တားမင်းကြီးလက်ချက် အများဆုံး အပါအဝင်ဖြစ်သည်။ ဝန်ကြီးများက ကြားဝင်ထိုးလိုက်သဖြင့် ပေါ်လာသော နှောင့်နှေးကြန့်ကြာမှုနှင့် အဖုအထစ်များကြောင့် အနွယ်တော်တို့မှာ မရဏတွင်းမှ ရှောင်ကွင်းနိုင်ခဲ့ပေသည်။ မန္တလေးသို့ အင်္ဂလိပ် ပြည်သိမ်းတပ်များ တက်လာကတည်းကစ၍ တိုင်တားမင်းကြီးသည် အခြားဝန်ကြီးများထက် ကြောက်ဖွယ်လိလိအမှုကြီးတွင် ပါဝင်ခဲ့သည်ဆိုသော ယိုးစွပ်မှုကို အထောက်အကူပြုမည့် သက်သေခံအထောက်အထားကို မတွေ့ခဲ့ရပေ။ သက်သေခံအထောက်အထားကို ရှာဖွေရာတွင် အထူးသဖြင့် မစ္စတာဘားနတ်က ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ချေ။

လွှတ်တော်အုပ်ချုပ်ရေးစနစ်သည် ဝန်ကြီးများအဖွဲ့က တာဝန်ယူရသောစနစ်မျိုးဖြစ်သည်။ ဝန်ကြီးတစ်ဦးတစ်ယောက်၏ လက်ထဲသို့ အာဏာတွေ စုပုံရောက်သွားမည့် အန္တရာယ်ကို ထိထိရောက်ရောက် ကာကွယ်ထားသည်။ တစ်စုံတစ်ခုကို အမိန့်ချမှတ်တော့မည်ဆိုလျှင် ပထမဆုံး အားလုံး တညီတညွတ်တည်း သဘောတူမှ ချမှတ်ရပေမည်။ ဝန်ကြီးတစ်ပါးပါးက မိမိသဘောဖြင့် ထင်ရာကိုလုပ်မည် သို့မဟုတ် အခြားလွှတ်တော်ဝန်ကြီးများ၏ ထောက်ခံမှု၊ ခွင့်ပြုမှုမရဘဲ ဘုရင်မင်းမြတ်အား အလွန်ကြီးလေး တာသွားလှသော ခြေလှမ်းလှမ်းရန် သံတော်ဦးတင်မည်ဆိုပါက အန္တရာယ်လည်း တိုး၍ ဖြစ်ပေါ်လာနိုင်လေသည်။ တစ်ခုခု ချွတ်ယွင်းတိမ်းပါးသည်နှင့်တစ်ပြိုင်နက် သူသည် မဟာဒုက္ခကြီး နှင့် တွေ့ရတော့မည်ဖြစ်သည်။ ကျွန်တော်တို့၏ မျက်စေ့ရှေ့တွင် မြင်ရသည့်အတိုင်း မြန်မာပြည်တွင် ရွှေစိတ်တော်ငြို အလိုတော်မကျဟုဆိုလျှင်



ရာထူးမှ အသာကလေးထုတ်ပစ်လိုက်ခြင်းသာ ဖြစ်သည်ဟု ယူဆ၍ မရချေ။ ရာထူးမှကျသည်နှင့်တစ်ပြိုင်နက်တည်း မဲဇာပို့လျှင်ပို့ သို့မဟုတ် ကွပ်မျက်မှုပါ တစ်ပါတည်း ပါလာသည်ချည်းဖြစ်သည်။ နောက်ဆုံး သီပေါမင်း၏ လက်ထက်တော်တွင် ကွပ်မျက်လေသည်။ မစ္စတာဘားနတ်က သူ့အား လွှတ်တော်မှဖြုတ်ပစ်လိုက်ခြင်းကို တိုင်တားမင်းကြီးက သေဒဏ်ပေးလိုက်ခြင်းသာ ဖြစ်သည်ဟုယူဆသည်။ နယ်နှင်ခံရရုံဖြင့်ပင် ကိစ္စပြီးသွားလိမ့်မည်ဟု မယုံကြည်ခဲ့။

သီပေါမင်းလက်ထက်တော်တွင် ဘုရင်၏ ဆွေတော်မျိုးတော်များကို သတ်ဖြတ်ရန်အတွက် မည်သည့် ဝန်ကြီးတစ်ဦးတစ်ယောက်မှ သူတို့အနေဖြင့် စွန့်စားပြီး ကမကထ လုပ်ရဲမည်မဟုတ်ချေ။ စုဖုရားလတ်မယ်တော်၏စနက်နှင့် မာကျော၍ နောက်မတွန့်တတ်သော ကြီးရာပါမိဖုရားကြီး၏ လက်ချက်ပင်ဖြစ်သည်။ မြန်မာတို့၏ အစဉ်အလာ ထုံးတမ်းအရ လူသတ်ပွဲကြီးကို အစိုးရ၏ မူဝါဒအနေဖြင့် လွှတ်တော်က ဆုံးဖြတ်ဆောင်ရွက်ခဲ့သည်မှာ ယုံမှားဖွယ်အကြောင်းမရှိ။ သို့သော် မင်းတုန်းမင်းတရားကြီးကိစ္စ အမှန်ဖြစ်သည်။ မသင်္ကာဖွယ်ဖြစ်စေ အဆိပ်ကျွေးလုပ်ကြံခဲ့သဖြင့် မိမိတို့၏အသက်ကို ဖက်နှင့်ထုပ်ထားရသော မယ်တော်၊ သမီးတော် မိဖုရားနှစ်ပါးတို့၏စနက်ကြောင့် ပြုလုပ်ခဲ့ခြင်းသာဖြစ်သည်။

သူ၏နှောင်တော်များအား သူသာ နန်းတက်ရပါက မြန်မာနန်းဆက်အစဉ်အလာအတိုင်း မပြုလုပ်ပါဟု ကတိပေးရသော နန်းကျဘုရင် သီပေါမင်းက သူ့နှောင်တော်များအား သတ်ဖြတ်သည့်ကိစ္စကို သူမသိရပါဟု အစဉ်အမြဲလည်းပြော၊ အတိအလင်းလည်း ကြေညာခဲ့သည်။ အကယ်၍ သူ့နှောင်တော်ထဲမှ တစ်ဦးဦး နန်းတက်လျှင်လည်း ဤအတိုင်း ပြုကျင့်ပါမည်ဟူသော ကတိကိုရခဲ့သည်။ ဤသတင်းဆိုးကို ကြားရသောအခါ သူသည် မည်မျှ တုန်လှုပ်ထိတ်လန့်သွားသနည်းဟူမူ နန်းရိပ်ထီးရိပ်ကို မဆက်ခံတော့ဘဲ သာသနာ့ဘောင်ဝင်တော့မည်ဟု ဝန်ကြီးများအား ပြောခဲ့ပြီးလျှင် တကယ်ပင် ခုနစ်လတိတိ သင်္ကန်းဆီးမည်ဟု သီပေါမင်းက ထုတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြုလုပ်ဆောင်ရွက်ရသည်မှာ အသက်တွေဆုံးရှုံးရမည့် ပြည်တွင်းစစ်ကြီးကို တားဆီးရန်အတွက် မလွှဲသာဘဲလုပ်ရခြင်းဖြစ်ကြောင်း၊ မြန်မာပြည်တွင် ဤသို့ အလားတူရည်ရွယ်ချက်အတွက် ဤသို့ပင် ကျင့်သုံးရသည်မှာ လုပ်လေ့လုပ်ထရှိသော ကိစ္စမျှသာဖြစ်ကြောင်း၊ ဝန်ကြီးများအပေါ်သာလျှင် တာဝန်နှင့်အပြစ်တွေ ပုံကျမည်ဖြစ်ကြောင်း၊ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်အနေဖြင့် မည်သို့မျှ တာဝန်မရှိကြောင်း၊ မသက်ဆိုင်ကြောင်းကို ဝန်ကြီးများ အထူးသဖြင့် ကင်းဝန်မင်းကြီးက သူ့အား သံတော်ဦးတင်ခဲ့သည်ဟု ပြောပြသည်။ ဤအမြင်အတိုင်းပြောဆိုရာတွင် လူသတ်ပွဲကြီးပြုလုပ်ရန် ဝန်ကြီးများက ဆုံးဖြတ်ခဲ့သည်မှာ အစိုးရလမ်းစဉ် အမျှော်အမြင်အရသာမဟုတ်ဘဲ သီပေါမင်း၏ ဆွေတော်မျိုးတော်တွေကို စတေးပစ်ရန် စုဖုရားလတ်နှင့် သူ့မယ်တော်တို့က ဖွတ်အခမ့်တိုက်တွန်းခဲ့သောကြောင့်လည်း ဖြစ်ရသည်ဟု နိဂုံးချုပ်လိုက်ရန်သာ ရှိတော့သည်။

ထုံးစံအတိုင်း ကိုယ်က လက်ဦးမထားပါက သူတို့နှစ်ဦးစလုံး၏အသက်နှင့် ဘုရင့်အသက်မှာ ဖက်နှင့်ထုပ်ထားရန်သာ ရှိတော့သည်ဟု မိဖုရားသားအမိနှစ်ပါးက သဘောပိုက်ထားကြသည်။ လက်ဦးအောင်လည်း လုပ်ခဲ့ကြသည်။ ဤရာဇဝတ်မှုကြီးကို တိုင်တားမင်းကြီးအပေါ် အပ်ချမတ်ချ ပုံချရန်အတွက် သက်သေအထောက်အထား လုံးဝမရှိ။ သူသည် လွှတ်တော်ဝန်ကြီးတစ်ပါးသာဖြစ်၍ သူ့တာဝန်ရှိသလောက်ကို တိုင်တားမင်းကြီးက တာဝန်ယူခဲ့သည်။

ထို့နောက် ဖုံးမရအောင် ဗူးပေါ်သလိုပေါ်လာသောအခါ ကင်းဝန်မင်းကြီးက ထုံးတမ်းအစဉ်အလာရှိသည့်အတိုင်း အစိုးရအနေဖြင့် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သောကိစ္စ ဖြစ်သည်ဟု အကြောင်းပြလာလေသည်။

ပြည်သူတွေက ကင်းဝန်မင်းကြီးသည် အမည်းကွက်ကြီးတွင် ဆရာပါဖြစ်သည်ဟုလည်းကောင်း၊ ကြံဖန်ဆင်ခြေပေးနေခြင်းဖြစ်သည်ဟုလည်းကောင်း ထင်မြင်ခြင်းမှ လုံးလုံးမလွတ်သည့်တိုင်အောင် အကြီး



အကျယ်ကား မခံရချေ။

ဘုရင်မင်းမြတ်၏ အရေးပေးခြင်းကို တစ်လျှောက်လုံးရခဲ့ပြီးလျှင် မြန်မာပြည်တွင် ပြည်သူတွေ၏ ယုံကြည်ကိုးစားမှုကို ယခုထိရလျက်ရှိသေးသည်။ တိုင်တားမင်းကြီး မရှိတော့သဖြင့် "ဟာ"လျက်ရှိသော လွှတ်တော်သို့ ဝင်ရောက်ထမ်းဆောင်ရန်အတွက် ကင်းဝန်မင်းကြီးအား မန္တလေးသို့ ပြန်လည်ခေါ်ယူရလေသည်။

တဲတဲကလေးရှိသော သီပေါမင်း၏အင်အား ပြိုပျက်သွားသည်မှာ မည်မျှလွယ်ကူပြီးပြတ်၍ မြီးကနဲ ဖြစ်ပေါ်လာသနည်းဟူမှု ပျက်သုဉ်းမှု၏ တိုက်ရိုက်အကြောင်းရင်းကို ဖော်ထုတ်ရန်မှာ အတော်စိတ်ဝင်စားဖွယ်ကောင်းအောင်ပင်ဖြစ်ပေသည်။

ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့သည် တစ်ဦး၏ဩဇာနှင့်တစ်ဦး ထိပ်တိုက်ပဋိပက္ခဖြစ်မှုကို ရှောင်ရှားရန်အတွက် မကြာခဏအတူ ပူးပေါင်းလေ့ရှိသော်လည်း သူတို့နှစ်ဦးသည် အာဏာချင်းရာထူးချင်းမှာ အပြိုင်အဆိုင်ပင်ဖြစ်သည်။ အင်္ဂလန်သို့ရောက်ဖူးသော ကင်းဝန်မင်းကြီးက ကျွန်တော်တို့ကို မြန်မာတို့က အန်မတုနိုင်ဟုလည်းကောင်း၊ အင်အားချင်းမယှဉ်နိုင်ဟုလည်းကောင်း၊ ရင်ဆိုင်တိုက်ခိုက်မှု ဖြစ်စေသည့်ကိစ္စကို ရှောင်ရှားရန်အတွက် အလိမ္မာဖက်သင့်သည်ဟုလည်းကောင်း နိဂုံးချုပ်ထားသည်။ နှစ်ဦးပိုင်းက အင်္ဂလိပ်အစိုးရနှင့် ကွဲလွဲမှုများ ပေါ်ပေါက်လာသောအခါ သူက ကင်းလွှတ်ခွင့်အလျှော့ပေးသင့်သည်။ သေတွင်းတူးရာရောက်နိုင်သည်။ ရန်ကိုရန်ချင်း မတုံ့လျှင်းသင့်ဟု ကင်းဝန်မင်းကြီးက တိုက်တွန်းသည်။

ဤမျှ မျိုးချစ်စိတ်နည်းပါးရပါမည်လားဟု ကင်းဝန်မင်းကြီးအပေါ် ရာဇအမျက် ချောင်းချောင်းထွက်လျက်ရှိသော မိဖုရားကြီးစုဖုရားလတ်က "ကင်းဝန်မင်းကြီးကို ထမိဝတ်ပေးလိုက်၊ သူဟာ ဝန်ကြီးမဟုတ်တော့ဘူး။ မိန်းမဖြစ်သွားပြီ"ဟု ဒေါသဖြင့် အမိန့်တော်ရှိလိုက်လေသည်။ တိုင်တားမင်းကြီးက စစ်ဝန်ကြီးအနေဖြင့် မိဖုရားကြီး၏ အမျက်တော်ရှပြီး ထမိဝတ်ရမည့်ဘဝ မရောက်စေသင့်ဟု ယူဆထားသည်။ မြန်မာ့အင်အား

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားခိုင်မာပုံကို သန်သန်ကြီးပြောပြီး အကယ်၍ အင်္ဂလိပ်တွေ တက်လာခဲ့ရင် လာပစေ၊ အကြောင်းသိသွားအောင် ကောင်းကောင်းကြီးပြလိုက်မည်ဟု တိုင်တားမင်းကြီးက ကြေညာလေတော့သည်။

အိန္ဒိယအစိုးရကိုလည်းကောင်း၊ အင်္ဂလန်ကိုလည်းကောင်း၊ ကမ္ဘာလက်နက်နိုင်ငံကြီး တစ်ခုခုကိုလည်းကောင်း၊ ကြောက်စရာမလိုဟု နားဆင်ရန် အကြီးအကျယ် ရွှေဘောတော်ညွှတ်လျက်ရှိသော ရွှေနန်းရှင် ဘုရား၏ ရွှေနားတော်သို့ ဤရဲရင့်လှသော စစ်သည်ကြီး၏ စကားလုံးများ ဝင်သွားလေသည်။ မြန်မာတို့အင်အားသည် အလွန်ကြီးမားလျက် ရန်သူကို ဘာမထီသော အင်အား ရှိနေရာ မည်သည့်အရေးပေါ်လာသည်ဖြစ်စေ၊ တစ်ရွေးသားမျှ အလျှော့မပေးနိုင်။ တိုင်တားမင်းကြီးသည် ဘုရင်မင်းမြတ်အား အသူရာချောက်နှုတ်ခမ်းသို့ တန်းပြီးခေါ်သွားရာတွင် ကိုယ်တိုင်ကလည်း မိမိ၏အသိဉာဏ်ခေါင်းပါးမှု၏ လှည့်စားမှုဒဏ်ကို ခံလိုက်ရသည်ဟု ယုံကြည်ကြသည်။ အိန္ဒိယအစိုးရ၏ အသင့်ရှိနေသော စစ်အင်အားကို သူကိုယ်တိုင်က နားကန်းတစ်လုံးမှမသိ။ ကျွမ်းလည်းမကျွမ်းကျင်၊ နောက်ကျနေပြီဖြစ်သော သူ့ပြောင်းထိုးအမြောက်ကို မည်သည့်လက်နက်ကမှ အံမတုနိုင်ဟု ယုံကြည်လျက်ရှိပြီး စုတ်ပြတ်နေသော သူ့တပ်မကြီးကိုလည်း ကမ္ဘာ့စစ်တပ်များနှင့် တန်းတူထား၍ ကိုးစားလျက်ရှိသည်။ မန္တလေးရွှေနန်းတော်၌ တိုင်တားမင်းကြီးသည် အခိုက်အတန့်အားဖြင့် မျက်နှာပန်းလှလျက်ရှိသည်။ ကင်းဝန်မင်းကြီးမှာ မဟာအရှက်တော်ကွဲပြီးလျှင် သူ၏ အမျှော်အမြင်ကြီးလှသော အကြံဉာဏ်များမှာလည်း ရွှေနားတော် လေ ချော်သွားလေသည်။

စစ်ဝန်ကြီးကိုယ်တိုင်ကမူကား စစ်ကြီးဖြစ်တော့မည့် တဲတဲကလေးလိုတော့သည်ကို တကယ်တမ်းမယုံကြည်ချေ။ ခရီးရောက်သည့် ပြင်ဆင်မှုကိုလည်း မပြုလုပ်၊ ဝတ်ကျေတန်းကျေအဖြစ်၊ ညစ်ကျယ်ကျယ် [illegible]သော ပြုလုပ်သည်။ သံဖြူခါးအိမ်နှင့် ဓါးတွေကိုထုတ်လုပ်သည်။ [illegible]င်းကာကွယ်ရေးအတွက် အစီအစဉ်များပြုလုပ်ရန် အီတလီ အင်ဂျင်နီယာ ၂ ဦးကို တာဝန်ပေးသည်။ သို့သော်လည်း သင့်လျော်လိုအပ်



သော ပစ္စည်းကိရိယာကို ထုတ်မပေးခဲ့။ အင်္ဂလိပ်တို့၏ ရာဇသံကို ခပ်ဖော့ဖော့ သံတော်ဦးတင်သည်။ သို့မဟုတ် အောက်ခြေလွှတ်ကာ ရွှေနန်းစည်းစိမ်ကို ခံစားနေရသော ဘုရင်မင်းမြတ်အား အသိမပေးဘဲ ထိန်ချန်၍ ပင်ထားသည်။

အင်္ဂလိပ်ပြည်သိမ်းတပ်ကြီး ချီတက်လာပြီးလျှင် မျက်ကလူးဆန်ပြာ အခြေအနေဆိုက်လာသည်။ စစ်သူရဲကောင်းကြီးဖြစ်သော တိုင်တားမင်းကြီးမှာလည်း ပြေးပေါက်မှားတော့မည်ကဲ့သို့ အခြေဆိုက်ရောက်လာသည်။ သူ့ခေါင်းကို ရှိမှရှိသေးရဲ့လားဟု စမ်းနေရမည့်ကိန်းဖြစ်လာသည်။ အင်္ဂလိပ်တွေ ရတနာပုံမန္တလေးကို ချီတက်လျက်ရှိနေပေပြီ။ အင်္ဂလိပ်တွေကို တားဆီးကာကွယ်ရန် နည်းလမ်းလည်း မရှိတော့ပြီ။ ထီးနန်း၏အရေးကို ဘယ်တော့မှ ကရော်ကမယ်မလုပ်သော ဘုရင်မင်းမြတ်နှင့် အဓိကအားဖြင့် စုဖုရားလတ်တို့က အမှန်အတိုင်းသိမြင်သွားသောအချိန်တွင် ချုံးပွဲချ ငိုရမည့်ကိန်း ကြုံလာရတော့မည်။ ပထမဆုံးအရေးစိုက် လုပ်ရမည့်အလုပ်မှာ အန္တရာယ်များလှသည့် အခြေအနေဆိုးကို ရွှေနန်းရှင်ဘုရား မသိစေရန်ဖြစ်သည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးအား အင်္ဂလိပ်တို့ ချီတက်လာပြီဖြစ်ကြောင်း မတင်လျှောက်ကြချေ။

မင်းလှ၌ တိုက်ပွဲတွေဖြစ်သောအခါ၌ မြန်မာတို့က အောင်ပွဲဆင်လိုက်ပြီး မန္တလေးသို့တက်လာသော သင်္ဘောတွေကို သိမ်းလိုက်ပြီဟု ထုတ်ဖော်ကြေညာသည်။ ဤအရေးပါသောသတင်းကို အင်္ဂလိပ်တပ်တွေ အင်းဝအနီးသို့ရောက်လာချိန်တွင် ပြည်ပေါ်မှာ ရွှေကြော်ညာစွဲကာ မောင်းကြေးနှင်းခတ်စေသည်။ မင်းလှတွင် တပ်တွေ၊ ခံတပ်တွေ၊ ရေနစ်နေသော သင်္ဘောနှင့် အခြားဖောင်များဖြင့် ဆင်ထားသော အတားအဆီးတွေရှိသော်လည်း ဤအရာများသည် ဟုတ်တိပတ်တိ ခုခံနိုင်စွမ်းရှိမည်မဟုတ်သည်ကို တိုင်တားမင်းကြီး အသိနောက်ကျပြီဖြစ်သည်။

ဤသို့ အကျဉ်းအကြပ် အချိန်မျိုးမှာပင် သူ၏လှည့်ကွက်များနှင့် သတိဝီရိယရှိမှုတို့က တိုင်တားမင်းကြီးအား ကယ်နိုင်ခဲ့သည်။ အခြေအနေဆိုးဝါးလာပြီဟု သင်္ကာမကင်း ဖြစ်လာသောအခါ ငြိမ်းချမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးအဖြစ် မျက်နှာပန်းပွင့်လာပြီဖြစ်သော ကင်းဝန်မင်းကြီးနှင့် ပြန်ပေါင်းထုတ်သည်။ အင်္ဂလိပ်တပ်တွေ တက်လာသည်မှာ စစ်ပြုရန်မဟုတ်၊ ဘုရင်မင်းမြတ်ထံ ငြိမ်းချမ်းရေး ဈေးစပ်ဆွေးနွေးရန်အတွက် လာသော ကာနယ်စလေဒင်ကို စောင့်ရှောက်ပို့ဆောင်သောတပ်တွေသာ ဖြစ်သည်ဟု ဘုရင်အား တင်လျှောက်ထားကာ အခြေအနေဆိုးကို ဖုံးဖိထားသည်။ ဘုရင်မင်းမြတ်အား ရတနာပုံနန်း၌ပင် ဆက်လက်စိုးစံရန် သံတော်ဦးတင်သည်။ ပြဿနာများကို ရှင်းလင်းပြရန် အခက်အခဲမရှိကြောင်းနှင့် အင်္ဂလိပ်တို့ ကျေနပ်အောင် စည်းကမ်းချက်အသစ်ဖြင့် စာချုပ်ချုပ်ရန်သာ ရှိသည်ဟု ဘုရင်မင်းမြတ်အား အကြံဉာဏ်ပေးသည်။ ထို့နောက် အင်္ဂလိပ်တို့သည် စာချုပ်ပိုက်၍ ပြန်သွားကြလိမ့်မည်ဖြစ်၍ ဘုရင်မင်းမြတ်မှာ ယခင်အတိုင်း နန်းရပ်ထီးဖြူ၌ အုပ်စိုးတော်မူရန်သာ ရှိပါသည်ဟု သံတော်ဦးတင်ကြသည်။

သီပေါမင်းကား သံသယဝင်သွားဟန်တူသည်။ ရှမ်းပြည်ဘက်သို့ ဆုတ်ခွာတော်မူရန်အလို့ငှာ ကျောက်သံပတ္တမြား ပစ္စည်းပစ္စယတို့ကို ဆင်အကောင် ၅၀ နှင့် မြင်း ၂၀၀ ပေါ်တွင် တင်၍ထားရန် အမိန့်တော်ချမှတ်ပြီး ဖြစ်နေသည်။ ဤအစီအစဉ်အတိုင်းသာ ပြုလုပ်မည်ဆိုပါက တိုင်တားမင်းကြီးမှာ ဒုက္ခလှလှ တွေ့ရပေတော့မည်။ ဘုရင်မင်းမြတ်သည် ထွက်ပြေးလွတ်မြောက်တော်မူပြီးလျှင် တိုင်းပြည်အတွင်းသို့ အင်္ဂလိပ်တပ်တွေ အခုအခံမရှိ ချီတက်လာကြပြီဆိုသော အကြောင်းကို ဖုံးဖိထားသည့်ကြားထဲက ရွှေနားတော် ပေါက်ကြားသွားပြီ ဆိုပါလျှင်လည်းကောင်း၊ နေပြည်တော်နှင့်တကွ ရွှေနန်းတော်ကို သိမ်းပိုက်လိုက်ပြီး တစ်ချက်မှ မခုခံလိုက်ရဘဲနှင့် ရွှေနန်းရှင်လည်း ပျောက်ကွယ်သွားပြီဆိုလျှင်လည်းကောင်း စစ်ဝန်ကြီး၏ကံကြမ္မာမှာ ရှင်းနေပြီ။ အကြပ်အတည်းကြားထဲတွင် ရှင်းနေသော ကိစ္စတစ်ခုကား ဘုရင်မင်းမြတ်ကို အကုန်လုံး အသိမပေးရန်ပင်ဖြစ်သည်။ တိုင်တားမင်းကြီး၏သားတော် ရွှေနန်းတော်စောင့်တပ်မှူးက နန်းတွင်းဝင်ခွင့်ကို ချုပ်ကိုင်ထားသည်။ ဘုရင်မင်းမြတ်အား အဖြစ်မှန်တင်လျှောက်မည့်သူ သို့မဟုတ် အခစားဝင်လိုသူမှန်သမျှ



မည်သူမှ ဝင်ခွင့်မပြုချေ။

ရှမ်းပြည်ဘက်သို့ထွက်ပြေးခြင်းမှာ အရေးလှမည်မဟုတ်ဟု ကင်းဝန်မင်းကြီးက သဘောတူသည်။ အခြေအနေအရ အင်္ဂလိပ်တို့ထံ လက်နက်ချ၊ သူတို့တောင်းဆိုချက်အတိုင်း လိုက်လျော၍ ဘုရင်ကို သစ္စာတော်ခံဘုရင်အဖြစ် နန်းပြန်တင်စေပြီး သူတို့လမ်းကို သူတို့သွားကြစေခြင်းသာလျှင် အကောင်းဆုံးလမ်းဖြစ်သည်ဟု ကင်းဝန်မင်းကြီးက သဘောရသည်။ မင်းကြီးနှစ်ပါးစလုံးက ဤလမ်းစဉ်အတိုင်းလိုက်နာရန် သီပေါမင်းအား ဆွဲဆောင်ကြသည်။ အကယ်၍ ဘုရင်မင်းမြတ်က တိုက်ခိုက်မည်ဆိုပါက အရေးနိမ့်တော်မူကောင်း နိမ့်မည်ဖြစ်ပြီးလျှင် ထီးနန်းကိုလည်း ဆုံးရှုံးရမည်ဖြစ်ကြောင်း မင်းကြီးနှစ်ပါးစလုံးက တင်လျှောက်ကြသည်။ အင်္ဂလိပ်တွေလာကြသည်မှာ စာချုပ်ရအောင် လာခြင်းဖြစ်သည်။ အင်္ဂလိပ်တွေ နန်းထဲဝင်လာအောင် တံခါးဖွင့်ပေးလိုက်၊ သူတို့နှင့် ကိုယ်တော်တိုင် ဈေးစပ်ဆွေးနွေး စာချုပ်ချုပ်ပြီးပေးလိုက်လျှင် အင်္ဂလိပ်တွေ ရန်ကုန်ပြန်သွားကြလိမ့်မည်။

အတော်အတန် ဖျောင်းဖျတင်လျှောက်ပြီးသည့်နောက် အင်္ဂလိပ်တပ်တွေ အင်းဝခံတပ်ကို ဖြတ်ကျော်ချီတက်ခွင့်ရရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အလို့ငှာ အတိုက်အခိုက်ရပ်စဲရန် ကမ်းလှမ်းချက်ကို ဂျင်နရယ်ပရင်ဒါဂတ်ထံသို့ ရာဇသဝဏ်လွှာတစ်စောင် ပေးပို့ရန် ဘုရင်ကြီးသဘောတူလာအောင် မင်းကြီးနှစ်ပါးက နှုးကြသည်။ ဆွေးနွေးတိုင်ပင်ရန်အတွက် အချိန်ကိုပင်မပေးဘဲ စစ်တပ်ကိုစေလွှတ်သည်ဟု ရာဇသဝဏ်လွှာတွင် အပြစ်တင်ထားသည်။ ရာဇသံကို စာအရေးအသားအနေဖြင့် ပယ်ချလိုက်သော်လည်း မြန်မာတို့၏အသုံးအနှုန်းမှာ 'အင်း'ဟုဆိုလျှင် 'ဟင့်အင်း'ဟု အဓိပ္ပာယ်ပေါက်သဖြင့် ရယ်ဖွယ်ကောင်းသောအသုံးအနှုန်းကို ဖြည့်စွက်ထည့်ထားသည်။ ဤသဝဏ်မှာ လက်မှတ်ထိုးမထားပေ။ မြန်မာအစိုးရ၏ ရာဇသဝဏ်လွှာမှာ အဆုံးတွင် အမည်ကိုထည့်ရိုးမရှိ။ ရွှေနန်းရှင်အမည်ကို ခတ်နှိပ်လိုက်ရလျှင် အသရေတော်ယုတ်နိမ့်သွားသည်ဟု ယူဆကောင်းယူဆဟန်တူသည်။ ဘုရင်မင်းမြတ်ထံမှ ချမှတ်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အမိန့်တော်တွင် မိမိအမည်ကို တပ်ရမည်မှာ မှူးကြီးမတ်ကြီးတို့အဖို့ အရှိ အသေတန်ရာ ကျနေပေလိမ့်မည်။ ထုံးစံမှာသာမန်တမန်တော်တစ်ယောက်ဖြင့် ရာဇသဝဏ်ကို ပို့လိုက်သည်။ နောက်မှ စိတ်ချယုံကြည်ရသူတစ်ဦးက လိုက်လာပြီး ရာဇသဝဏ်၏ အနက်အဓိပ္ပာယ်နှင့် အခြေအမြစ်ကို ရှင်းလင်းပြရသည်။

နယ်ပယ်အကြီးအကဲတို့က သူ့ထံရောက်လာသော ဘုရင့်အမိန့်တော်ကို နောက်မှ ရှင်းလင်းပြမည့်လူ မလိုက်လာသရွေ့ လိုက်နာဆောင်ရွက်ခြင်းမရှိကြ။ ဤသို့ အမိန့်တော်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသေးဘဲ ရှင်းလင်းပြမည့်သူကို စောင့်မျှော်နေခြင်းမှာ ခမ်းနားကြီးကျယ် ငြိုးငွေ့ဖွယ်ကောင်းလှသော ရှေ့နန်းသုံးဝေါဟာရကို နားလည်ရန်ခက်ခဲသောကြောင့် ဖြစ်တန်ရာသည်။

မြန်မာ "တော်"သုံးဝေါဟာရ၏ ထူးခြားချက်ကို နားလည်သော အင်္ဂလိပ်စစ်အာဏာပိုင်တို့အား ခွင့်လွှတ်ရပေမည်။ ရာဇသဝဏ်လွှာတွင် လက်မှတ်ရေးထိုးထားခြင်း မရှိသဖြင့် အင်္ဂလိပ်တို့တောင်းဆိုချက်ကို လိုက်လျောပါမည်ဆိုသည်မှာလည်း မည်သို့မျှ တန်ဖိုးမရှိကြောင်းစစ်အာဏာပိုင်တို့က ကာနယ် စလေဒင်အား ထောက်ပြလိုက်လေသည်။ ကာနယ်စလေဒင်က အကယ် ၍ သဝဏ်လွှာတွင် လက်မှတ်ရေးထိုးထားပါက တရားမဝင် တန်ဖိုးမရှိ စာသာဖြစ်သည်။ ယခုသဝဏ်မှာ မြန်မာ့ကျင့်ဝတ်ထုံးတမ်းအရ လက်မှတ် မထိုးဘဲထားခြင်းသာ ဖြစ်သည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ စလေဒင် ကသာ ဤစာသည် အစစ်အမှန်ဖြစ်၍ လက်နက်ချလိုသည်ဟု ဆိုလို ကြောင်း ရှင်းမပြပါက ဤစာကို ကလိန်ကျသည့်စာဟု ယူဆပြီး တမန်တော်ကိုပင် သင်္ဘောပေါ်မှကန်ချခြင်း ခံရပေလိမ့်မည်။

တပ်မတော်တစ်ခုလုံးက တိုက်ချင်လွန်း၍ လက်ယားနေကြရာ နှောင့်နှေးကြန့်ကြာမှုကို အောင့်အီးသည်းခံစောင့်ရသည်။ အပြန်အလှန်စာဖြင့်ဆက်သွယ်ပြီးနောက် လက်နက်ချရန်နှင့် အင်္ဂလိပ်တပ်တွေကို မခုခံဘဲ ချီတက်ခွင့်ပေးရန် ဘုရင်၏ကြေးနန်းအမိန့်တော် ရောက်လာသည်။



အင်းဝ၌သာ တိုက်ပွဲဖြစ်ပွားခဲ့ပါက မန္တလေးတွင်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားမည်ဖြစ်ပြီးလျှင် မီးခြစ်ဗူးလောက်သာရှိသော နေပြည်တော်သည် နန်းတော်ပါ အပါအဝင် အကုန်ပြာကျသွားမည်ဖြစ်ပေသည်။ ဘုရင်မင်းမြတ်သည်လည်း ကြံရွယ်တော်မူသည့်အတိုင်း ရှမ်းပြည်သို့ထွက်ပြေးကာ မပြီးမဆုံးနိုင်သော၊ အတောမသတ်နိုင်အောင် သွေးချောင်းစီးမည့် ပျောက်ကျားစစ်ပွဲကြီး ဖြစ်ပေါ်လာမည်ဖြစ်ပေသည်။

စစ်ဝန်ကြီး၏ ဝါဒလမ်းစဉ်အောင်မြင်ရန် အခြေအနေဖြစ်ပေါ်လာသည်။ အင်္ဂလိပ်တပ်များသည် အင်းဝကို အခုအခံမရှိဘဲ ဖြတ်သန်းချီတက်လာသည်။ မြန်မာ့တပ်မတော်ကို လက်နက်ဖြုတ်လိုက်သည်။ ဘုရင်အားဖမ်းပြီး အိန္ဒိယသို့ ပို့လိုက်သည်။ ဤအရှုပ်အထွေးများ ဖြစ်ပေါ်နေချိန်တွင် "စစ်သေနာပတိချုပ်"ကြီး၏ခေါင်းမှာ သူ့ကိုယ်သူ အိုးစားမကွဲသေးဘဲ စိတ်ချရသောအခြေသို့ ရောက်လာပြီးလျှင် သီပေါမင်းလည်း ယခုအခါမရှိတော့ပြီဖြစ်ရာ မြန်မာပြည်အတွက် မည်သို့ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်နိုင်သည်ကို တိုင်တားမင်းကြီးအနေဖြင့် သိမြင်နိုင်ပေပြီ။ ကျွန်တော်တို့၏အကျိုးစီးပွားနှင့်စပ်လျဉ်း၍မူကား ဤကိစ္စများနှင့်ပတ်သက်၍ တိုင်တားမင်းကြီးသည် အသုံးအဝင်ဆုံးသူတစ်ဦး ဖြစ်ပေသည်။

သီပေါမင်းသည် အကျဉ်းသားဘဝ မရောက်သေးမီ နန်းတွင်း၌ အစောင့်အရှောက်တို့ဖြင့် နေစဉ်အခါကပင် တိုင်တားမင်းကြီးက သူသည် သီပေါဘုရင်၏ သစ္စာတော်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ မြန်မာပြည်နှင့် သူ့အတွက် အင်္ဂလိပ်တို့ထံ ဝင်ရောက်ခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်၍ သီပေါမင်းလည်း သူ့ကြမ္မာသူဖန်တီးပါစေတော့ဆို သည်ကို ကောင်းကောင်းကြီးနားလည်ပြီဖြစ်ကြောင်း ကာနယ်စလေဒင်အား ဘဝင်ကျအောင် ပြောခဲ့သည်။

သူသည် ကာနယ်စလေဒင်အား မနက်အစောကြီး လာရောက်နှိုးပြီးလျှင် နန်းတွင်း၌ ဗရုတ်သုတ်ခ ဖြစ်နေပြီး သီပေါမင်းလည်း နန်းတော်မှထွက်တော်မူရန် ပြင်ဆင်နေကြောင်း လာပြောလေရာကာနယ်စလေဒင်က ဘုရင်မင်းမြတ်အား တာဝန်ယူရသည်။ ဘုရင်၏လုံခြုံမှုအတွက်

www.burmeseclassic.com

www.burmeseclassic.com



စလေဒင်က အစောင့်အရှောက်ချထားသည်။ ထို့ကြောင့် ဘုရင်သည် သူ့နန်းတော်အတွင်း၌ပင် အကျဉ်းသားဖြစ်သွားရလေသည်။ ဝန်ကြီးထဲတွင် အကြောက်ရွံ့ရဆုံး စစ်ဝန်ကြီးအနေဖြင့် သြဇာကိတ္တိမ လည်းရှိသော တိုင်တားမင်းကြီးလို ပုဂ္ဂိုလ်တစ်ဦး၏ အကူအညီကို မငြင်းပယ်နိုင်တော့ချေ။

သီပေါမင်းနှင့်အတူ မြန်မာ့အုပ်ချုပ်ရေး ယန္တရားကြီးမှာလည်း ပြိုလဲသွားသည်။ တပ်မတော်ကို လက်နက်လည်းဖြုတ်ပြီးပြီ။ တပ်လည်း ဖျက်ပြီးပြီ။ မြန်မာသင်္ဘော ၁၁ စီးခန့်ကိုလည်း သိမ်းပြီးလေပြီ။ ရဲသားတို့လည်း တစ်ကွဲတစ်ပြားဖြစ်နေကြသည်။ အုပ်ချုပ်ရေး၏ ဗဟိုဌာနပျောက်နေသည်။ ယာယီအစိုးရအဖွဲ့ တစ်မျိုးမျိုးကိုဖွဲ့စည်းရန် လိုအပ်သည်မှာ အထင်အရှား အရေးတကြီးဖြစ်လာသည်။

သီပေါဘုရင်ကိုယ်တိုင်တော်က မိန့်မြွက်သဖြင့် နောက်ဆုံးအချိန်တွင် ရန်ကုန်သို့ သီပေါမင်းအား ခေါ်ဆောင်သွားမည့်သင်္ဘော ဆိုက်ကပ်ရာ ဆိပ်ကမ်းအထိ ကင်းဝန်မင်းကြီးက လိုက်ပို့သည်။ ကျန်ရစ်သော ဝန်ကြီးထဲမှ အရေးပါသူမှာ တိုင်တားမင်းကြီးတစ်ဦးတည်းသာ ရှိသည်။ သူသည် နောက်အစိုးရသစ်ဘက်သို့ ပါလာမည်ဆိုပါက ပရမ်းပတာ မင်းမဲ့တိုင်းပြည်ဖြစ်မည့်အရေးမှ ရှောင်ကွင်းရာတွင် များစွာ အသုံးကျမည့်သူဖြစ်သည်။ အကယ်၍ သူ့ကိုပါ အဝေးသို့ ပို့ပစ်လိုက်မည်ဆိုပါက သူ့နေရာတွင် အစားထိုး၍ ရနိုင်သူမရှိချေ။ ကျွန်တော် အထက်ကဖော်ပြခဲ့သော ယခင်ကဖြစ်ပျက်ခဲ့သည့် ကိစ္စများနှင့်ပတ်သက်၍ သေချာအောင် မေးမြန်းစုံစမ်းပြီးနောက် ကာနယ်စလေဒင်သည် တိုင်တားမင်းကြီးအား အသုံးချရန် ဆုံးဖြတ်လိုက်လေသည်။

လက်မှုပညာသည်သည် မိမိလက်၌ရှိသော လက်နက်ကိရိယာကို အကောင်းဆုံးအသုံးချသည်ဟူသော မူအရ စစ်ဝန်ကြီးဟောင်းအနေဖြင့် အသုံးချနိုင်သောနေရာတွင် အသုံးချရန် ကာနယ်စလေဒင်က ဆုံးဖြတ်လိုက်သည်မှာ အခြေအနေအရ မှန်ကန်ပေလိမ့်မည်။ ဗြိတိသျှတို့ စစ်ချီရာ လမ်းနှင့် အလှမ်းဝေးပြီး ရောဝတီကမ်းနဖူးတွင် တပ်ဖွဲ့ထားသော တပ်



ဆွယ်တို့ လက်လှမ်းမမှီသော လွတ်လပ်လျက်ရှိနေသေးသည့် မြန်မာပြည်၏ ဧရာမအစိတ်အပိုင်းကြီး ရှိနေသေးသည်။

ထို့ကြောင့် ဤနယ်မြေဒေသ တစ်ခုလုံးကို ဒေသဆိုင်ရာအုပ်ချုပ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေးရအောင် ပြုလုပ်ရန်အခက်အခဲမှာ အလွန်ပင် ကြီးလေးလှသည်။ အဘယ်ကြောင့်ဆိုသော် နိုဝင်ဘာလကုန်ပိုင်းနောက်ဆုံး ၃ ရက်တွင် မြန်မာတို့၏ ကြည်းတပ်မတော်၊ ရေတပ်မတော်နှင့်ဘဏ္ဍာရေးမှာ ချုပ်ငြိမ်းသွားသောကြောင့် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ယာယီအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်က ဝန်ကြီးတွေ၊ မြို့ဝန်၊ ခရိုင်ဝန်တွေ ရွာသူကြီးတွေကို အစိုးရလက်အောက်ခံအမှုထမ်းအဖြစ် ဝင်လာအောင် သို့မဟုတ် မန္တလေးမှ စေလွှတ်ခန့်အပ်လိုက်သော အမှုထမ်းများကိုလက်ခံ၍ နေရာဖယ်ပေးလာအောင် ဆွဲဆောင်နိုင်ခဲ့သည်။ ဤကား မြို့ပြအုပ်ချုပ်ရေးနှင့် ရဲလုပ်ငန်းကို ပြန်လည်အသက်သွင်းရန်အတွက် ပထမဆုံးခြေလှမ်းဖြစ်သည်။ ဤသို့ ပြန်လည်ဖွဲ့စည်းရာတွင် မြို့ကြည့်လိုက်မည်ဆိုပါက အောင်မြင်သည်ဟု ဆိုရမည်။ ဤမျှ အောင်မြင်စွာ ဆောင်ရွက်နိုင်သည်မှာ တိုင်တားမင်းကြီး၏သြဇာသည် အဓိကဖြစ်သည်မှာ ယုံမှားဖွယ်မရှိ။

သို့သော် နာမည်ဆိုးနှင့် ဟိုးလေးကျော်နေသူ တိုင်တားမင်းကြီးအား ခန့်လိုက်သဖြင့် အထက်မြန်မာပြည်နှင့် အလားတူပင် အောက်မြန်မာပြည်ရှိ ပြည်သူတို့အနေဖြင့် တုန်လှုပ်ခြောက်ခြားသွားသည်ကိုမူ ဝန်ခံရပေမည်။ တိုင်တားမင်းကြီးကို ကမ်းကုန်အောင် ကြမ်းကြုတ်ဆိုးယုတ်သူဟု အများအားဖြင့် သဘောထားကြသည်။ ကံခေသော သီပေါမင်းကို ကရုဏာသက်နေကြသော မြန်မာတို့က ဘုရင်ကိုနန်းကျ၍ ပါတော်မူအောင် လှည့်ပတ်ချောက်တွန်းသူရှိသည်ဆိုလျှင် တိုင်တားမင်းကြီးသာ သစ္စာဖောက်သူဖြစ်ရမည်ဟု မှတ်ယူကြသည်။

မဟာဝန်ရှင်တော်မင်းကြီးကလည်း အများ၏ ထင်မြင်ချက်အတိုင်း အပြည့်အဝခံယူကာ နာမည်ဆိုးဖြင့် ဟိုးလေးတကျော်ဖြစ်နေသူကို အစိုးရအဖွဲ့ထဲ မထည့်ထိုက်ဟု ယူဆသည်။ မဟာဝန်ရှင်တော်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



က တိုင်တားမင်းကြီးအား ဖမ်းဆီးအရေးယူလိုက်သောကိစ္စမှာ ပြည်သူ၏ ကြည်ဖြူမှုကို တော်တော်ရရှိခဲ့သည်။ တိုင်တားမင်းကြီးကိုဖြုတ်ချရန် ဆုံးဖြတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူ့အားထုတ်ပယ်၍ မြန်မာပြည်မှ နယ်နှင်ဒဏ်ခတ်လိုက်ရာ တိကျပြတ်သား၍ ပြင်းပြင်းထန်ထန်ပြုလုပ်မည် မှာ သေချာလှပေသည်။

လျှို့ဝှက်ပုံ၊ ဖြုန်းကနဲ မမျှော်လင့်ဘဲဖြစ်လာပုံ၊ ရွှေရောင်တွေ ဝင်း လျက်ရှိသော လွှတ်တော်တိုင်ကြားမှ ရွှေပလ္လင်တော်ကို မြင်ရသော လွှတ်တော်ပေါ်၌ဖမ်းရန် နေရာရွေးချယ်ထားပုံတို့မှာ ရတ်ခြည်းအာဏာ သိမ်းလိုက်သလို ဖြစ်သွားသည်။ ဤသို့ ဖမ်းဆီးအရေးယူတော့မည်ကို ကြိုတင်အသိပေးထားခြင်းခံရသူ စလေဒင်က သူ့အနေဖြင့် သဘောမတူ နိုင်ကြောင်းနှင့် ဤသို့ သူသဘောမတူဘဲ ငြင်းဆန်သည်ကို မစ္စတာ ဘားနတ်က ဘုရင်ခံချုပ်ထံ အစီရင်ခံ ဆက်သွင်းသောအခါတွင် ထည့် သွင်းရန်ပါ ပြောသည်။

ကာနယ်စလေဒင်က နောက်ထပ် မသင်္ကာဖွယ်ရာ အပြစ်တစ်စုံ တစ်ရာပြရန် အကြောင်းမရှိဘဲနှင့် ကျွန်တော်တို့၏ အုပ်ချုပ်ရေးကို ကောင်း စွာ အလုပ်အကျွေးပြုခဲ့သည်ကို ဥပေက္ခာပြုခြင်းသည် မှားယွင်းသည်၊ ထို့ပြင် တိုင်တားမင်းကြီးသည် လူသတ်ပွဲကြီးပြုလုပ်ရန် စိုင်းပြင်းသူများ ထဲတွင် အထူးသဖြင့် တာဝန်ပိုရှိသည်ဟူသော အထောက်အထား မတွေ့ရ ကြောင်းကိုလည်း ထောက်ပြသည်။ နိုင်ငံရေးအရာရှိဖြစ်သူ စလေဒင်က တိုင်တားမင်းကြီးကို သူ့လုပ်ဖော်ကိုင်ဖက်တစ်ယောက် အနေဖြင့် ဘာမှ အပြစ်ပြောစရာ မရှိသည့်အပြင် သူ၏အမှုတော် ထမ်းဆောင်ခဲ့ပုံမှာလည်း ကျေနပ်စရာ မရှိသဖြင့် တိုင်တားမင်းကြီးကို သူကိုယ်တိုင် မဖမ်းပါရစေနဲ့ ဟု တောင်းပန်သည်။

မစ္စတာဘားနတ်က ကာနယ်စလေဒင်၏ အမြင်ကို သူ နား လည်ကြောင်းနှင့် ကိုယ်ချင်းစာမိကြောင်း ပြောသည်။ သို့သော် တိုင်တား မင်းကြီးကို လွှတ်တော်အစိုးရအဖွဲ့မှ ထုတ်ပယ်မှသာ ဖြစ်မည်။ ထို့အပြင် အခြေအနေအရ တိုင်းပြည်မှနှင်မှ ဖြစ်တော့မည်။



ထို့နောက် မစ္စတာပီလ်များသည် ညနေ ၅ နာရီသာရှိသေးသဖြင့် စည်းဝေးနေဆဲ လွှတ်တော်ဘက်သို့ ဆက်လက်ထွက်ခွာသွားသည်။ မဟာဝန်ရှင်တော်မင်းကြီးက တိုင်တားမင်းကြီးနှင့် တွေ့လိုသည်ဟူသော ကာနယ်စလေဒင်ထံမှ စာကို ပီလ်များက တိုင်တားမင်းကြီးအား လှမ်းပေး လိုက်သည်။ တိုင်တားမင်းကြီးရော အခြားဝန်ကြီးများပါ မည်သို့ဖြစ်ပေါ် လာတော့မည်ကို စိုးစဉ်းမျှ မတွေးမိကြဘဲ တိုင်တားမင်းကြီးသည် မစ္စတာ ပီလ်များနှင့်အတူ ထွက်သွားသည်။ အနီးရှိ မစ္စတာဘားနတ်နေရာသို့ ခေါ်သွားပြီး သီပေါမင်း နန်းအတက်တွင် ဖြစ်ပေါ်ခဲ့သော ဝမ်းနည်းဖွယ် ကိစ္စတစ်ခုတွင် တိုင်တားအမည် ပါဝင်လျက်ရှိသည်ဟု အများက ပြော နေကြသဖြင့် တိုင်တားမင်းကြီးအား လွှတ်တော်အဖွဲ့ဝင်အဖြစ် ထားရန် မလိုလားအပ်ကြောင်း ပြောကြားလေသည်။

တိုင်တားမင်းကြီးသည် အလွန် ဩဇာညောင်း၍ အာဏာရှိသူ ဖြစ်လေရာ လွှတ်တော်အဖွဲ့ဝင်သာ မဟုတ်တော့ပါက သူ၏ဩဇာ ကို လွှတ်တော်အားဆန့်ကျင်၍ အသုံးပြုကောင်း အသုံးပြုမည်ဟု ထင် မြင်ရန်အကြောင်းများ ရှိပေသည်။ ထို့ကြောင့် အစိုးရအဖွဲ့မှ ထုတ်ပယ် လိုက်သည်နှင့်တစ်ပြိုင်နက် သူ့အား ယခုအချိန်အတွင်း ရန်ကုန်သို့ဖြစ်စေ၊ အိန္ဒိယသို့ဖြစ်စေ နယ်နှင်ရပေမည်။ ဤသို့ ပြုလုပ်ခြင်းကို သူ့အနေဖြင့် အပြစ်ဒဏ်ပေးခြင်းဟု မယူဆဘဲ ကြိုတင်ပြင်ဆင်ခြင်းသာ ဖြစ်သည်ဟု သဘောထားရန်ဖြစ်သည်။ အစိုးရက သူ့အား ကောင်းစွာစောင့်ရှောက် မည်ဖြစ်သည်။

မဟာဝန်ရှင်တော်မင်းကြီးက သူ့အား ပြောလိုက်သောစကား ကြောင့် တိုင်တားမင်းကြီးမှာ အတော် ကြောက်ဒူးတုန်သွားသည်။ ကျုပ် အသက်ချမ်းသာပေးပါ။ ကျုပ်အသက် ချမ်းသာပေးပါ။ မသတ်ကြပါနဲ့ ဟု တိုင်တားမင်းကြီးကပြောသည်။ မဟာဝန်ရှင်တော်မင်းကြီးက အလွန် သနားကြင်နာစွာဖြင့် သူ့အား ကောင်းစွာ ပြုစုစောင့်ရှောက်မည်ဖြစ်ကြောင်း အာမခံသည်။ သူ၏ အတိတ်က ပြစ်မှုများကို ပြန်ဖော်မည်မဟုတ်။ မစ္စတာ ဘားနတ်အနေဖြင့် တတ်နိုင်သမျှ သူ့အသက်ကို ဘယ်နည်းနှင့်မျှ ရန်ရှာ

www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်ကြောင်း ကတိပေးသည်။ တိုင်တားမင်းကြီးသည် အိန္ဒိယသို့ သွားရတော့မည်။ တစ်လငွေ ၂၅၀ ထောက်ပံ့ရန် ရည်ရွယ်ထားသည် ကောင်းစွာပြုစုလိမ့်မည် ဟူ၍ပင်ဖြစ်သည်။ နိုင်ငံရေးကိစ္စကြောင့် သူ့အား အိန္ဒိယပြည်၌ ၂ နှစ်မျှ ထိမ်းသိမ်းထားလိမ့်မည်။ ဟမ့်ပ်ရှိုင်းယားတပ်ရင်း မှ ဗိုလ်တစ်ဦးနှင့် အစောင့်တပ်သားများ အသင့်စောင့်နေပြီဖြစ်ကြောင်း သူ့အား အကြောင်းကြားသည်။ အစိုးရသင်္ဘောပေါ်သို့ တက်ရောက်စီးနင် ရန်အတွက် လှည်းတစ်စီး သူ့ထံစေလွှတ်မည်ဖြစ်ပြီးလျှင် နောက် တနင်္ဂ နံနက်အဖွင့် တိုင်တားမင်းကြီးသည် ရန်ကုန်သို့ ဆက်လက်ထွက်ခွာသွား ပေမည်။

ဤသို့ ပြောဆိုပြီးလျှင် ဤသို့ ဤသို့ ပြုလုပ်ခဲ့သည် တိုင်တားမင်းကြီးနှင့် သူ့ပစ္စည်းဥစ္စာများကို သင်္ဘောပေါ်သို့ အစော အရောက်များဖြင့် ပို့သည်။ ဘေးကနေကြည့်ရန်အတွက် ၅ နာရီခွဲတွ ကျွန်တော်သည် နန်းတော်သို့ ထွက်လာခဲ့သည်။ မြို့ရိုး၏အပြင်ဘက် တွင်ပင်ဖြစ်သည်။ ထို့နောက် ဤနေရာသည် အကျဉ်းနည်းဖြင့် စီရင်ချ ချပြီး ကွပ်မျက်မည့်နေရာဖြစ်ဖို့ အကြောင်းရှိသောနေရာ ဖြစ်သည် တိုင်တားမင်းကြီးက သူ၏ နောက်ဆုံးအချိန်သို့ ရောက်လာပြီဟု ထင် သူက မစ္စတာဖောဒ်အား 'ခင်ဗျားတို့ ဒီနေရာမှာ ကျုပ်ကို သတ်တော့မလ လား၊ အမလေး . . . ကျုပ်အသက်ကို ချမ်းသာပေးကြပါ၊ ချမ်းသာပေ ကြပါ'ဟု ပြောသဖြင့် မစ္စတာဖောဒ်က တိုင်တားမင်းကြီးကို သင်္ဘောဖြ အိန္ဒိယပြည်သို့ ကောင်းမွန်လုံခြုံစွာ ပို့မည်ဖြစ်ကြောင်းပြော၍ တိုင်တာ မင်းကြီး စိတ်ချသွားအောင် ကြိုးစားရသည်။ ဖမ်းဆီးလိုက်သည် တစ်ပြိုင်နက် အစောင့်တပ်တစ်တပ်ကို တိုင်တားမင်းကြီးအိမ်၌ ချထ လိုက်သည်။

မတော်တရော်ကြံစည်ရန် အခွင့်အလမ်း ရသွားမည်စိုး တိုင်တားမင်းကြီးကို သူ့ဇနီးနှင့်သမီးကို နှုတ်ဆက်ရန် အဝတ်အ စသည်တို့ကို ယူရန်ပင် အိမ်သို့ပြန်ခွင့် မရတော့ချေ။ သို့သော် ငွေသေ ၁ လုံးကို သင်္ဘောပေါ်သို့ နောက်မှပို့သည်။ သူကား ကျိုကျိုတက်ချမ်းသ



သည်ဟု ပြောကြသည်။

နန်းတွင်း၌ အခြားဝန်ကြီးများ ခေါင်းချင်းရိုက်နေကြသည်ကို တွေ့ရသည်။ သူတို့ကိုလည်း သတိမပေးဘဲ ဖမ်းဆီးပြီး နယ်နှင်ပစ်လိုက်မှာ ကြောက်ရွံ့နေကြောင်းကို မဖုံးကွယ်ကြပေ။ သူတို့၏မျက်နှာပေါ်တွင် ကြောက်ရွံ့ထိတ်လန့်မှုများ အထင်းသားပေါ်နေသည်။ သို့ရာတွင် သူတို့ အနေဖြင့် ကြောက်ရွံ့ဖွယ်ရာ အကြောင်းမရှိကြောင်း တိုင်တားမင်းကြီး တစ်ဦးသာလျှင်ဖြစ်ကြောင်း၊ သူ့ကိုလည်း အထူး အကြောင်းအချက်များ ရှိနေ၍ နယ်နှင်ရခြင်းဖြစ်ကြောင်း အခိုင်အမာ အကြောင်းကြားထားသည်။ သို့သော် သူတို့က အာမခံချက်ကို မယုံကြည်နိုင်အောင်ဖြစ်နေရာ ဝန်ကြီး များ၏ သွေးပျက်မှုမှာ စိုးရိမ်စရာဖြစ်လာသည်။ သူတို့က ကာနယ် စလေဒင်အား "တိုင်တားမင်းကြီး ရန်ကုန်ရောက်ရင် သူက ကျန်တဲ့လူ တွေလုပ်သလို ကျုပ်လည်း လုပ်ခဲ့တာပဲ။ သူတို့ကိုတော့ ဘာပြုလို့ နယ် မနှင်သေးသလဲလို့ ပြောလိုက်ရင် ကျုပ်တို့ အကုန်အဖမ်းခံရပြီး ကုလား ပြည်အပို့ခံရတော့မှာပဲ"ဟု ပြောသည်။

သူတို့၏အတွေးမှာ ကောင်းလွန်းအားကြီးသော်လည်း တိုင်တားမင်းကြီးကို ဆိုင်းမဆင့်ဗုံမဆင့် ဖမ်းဆီးလိုက်သဖြင့် အစိုးရ အဖွဲ့ဝင်နှင့် လွှတ်တော်ဝန်ကြီးများကိုလည်း ဤနည်းအတိုင်းပင် ပြုလေ မလားဟု သူတို့က ယုံကြည်နေရန်အကြောင်း ကောင်းကောင်းကြီးရှိနေ သည်။ ဤသို့ပြုလိုက်သဖြင့် ထိခိုက်သွားသော ဂုဏ်သိက္ခာနှင့် အာဏာ စက်မှာ အဖတ်ဆယ်မရတော့ချေ။ ဘားနတ်က လွှတ်တော်သြဇာ ညောင်း လာအောင် အသက်သွင်းရန် ကြိုးစားခဲ့သမျှ နောက်ဆုံးတွင် သဲထဲရေကျ ဖြစ်ရသည်။ ဘုရင်ခံချုပ် မန္တလေးသို့ရောက်လာသောအခါ လွှတ်တော် ဝန်ကြီးများအား အသိအမှတ်မပြုဘဲ ကျော်သွားသည်။ လွှတ်တော်ဝန်ကြီးများက မြန်မာဘုရင်အသစ်မြှောက်၍ အုပ်ချုပ်ရေးသစ် ရေးဆွဲရန် တောင်းဆိုသည်မှာ ဤသို့ ပြောင်ပြောင်ကြီး မထေမဲ့မြင် လုပ်ခဲ့သည်ကို အကြောင်းပြု၍ တောင်းဆိုခြင်း ဖြစ်တန်ရာသည်။

ထို့နောက်တွင် ဘုရင်ခံချုပ်က လွှတ်တော်အား စာတစ်တန်

www.burmeseclassic.com

www.burmeseclassic.com



ပေတစ်တန်ရေး၍ အရေးပေးလာသည်။ သို့သော် စာကို မစ္စတာမက္ကင်ဇီ ဝေါလေ့စ်က ဖတ်ပြသည်။ အမှုကို ကျေကုန်အောင်ထမ်းသော မြန်မာ အရာရှိများအား ချီးမြှင့်မည်ဖြစ်ပြီးလျှင်၊ သစ္စာမဲ့သူများအား ဒဏ်ခတ်လိမ့် မည်ဖြစ်ကြောင်းနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ကူညီကြရန် တိုက်တွန်း ဆော်ဩထားသည်ဟု ဝန်ကြီးများအား ဖတ်ပြောပြသည်။ အမှန်စင်စစ် အားဖြင့် လွှတ်တော်ကို အပြီးအပြတ် ချောင်ထိုးထားလိုက်ပြီးလျှင် ဗြိတိသျှ အရာရှိများလက်သို့ တိုင်းပြည်ချယ်လှယ်ရေးကို လုံးလုံးကြီး ထိုးအပ်လိုက် ခြင်းဖြစ်သည်။ သို့သော် ဤနောက်တစ်လကျော်ကြာမှ ဤသို့ အပ်လိုက် ရခြင်းဖြစ်သည်။

ကာလကတ္တားသို့ ရောက်သောအခါ သူ၏ စိုးရိမ်ကြောင့်ကြမှု အခြေအမြစ်မရှိကြောင်း တိုင်တားမင်းကြီး တွေ့ရသည်။ လော့ဒပ်ဖရင်က တိုင်တားမင်းကြီးသည် အနွယ်တော်များအား သတ်ဖြတ်မှုကိစ္စနှင့်ပတ် သက်၍ အခြားသောဝန်ကြီးများထက် တိုင်တားမင်းကြီးတွင် ပို၍ တာဝန်ရှိ ကြောင်း သက်သေအထောက်အထား မတွေ့ရသည့်အချိန်မှစ၍ တိုင်တား မင်းကြီးအား စာနာမှု ဖြင့် လက်ခံဆက်ဆံသည်။ မြန်မာပြည်တွင် ငြိမ်သက် အေးချမ်းသွားသော အခါ၌ အစိုးရက သူ့အား မန္တလေးသို့ပြန်၍ နေထိုင်ခွင့် ပြုမည်ဖြစ်ကြောင်း တိုင်တားမင်းကြီးအားအကြောင်းကြားထားလေသည်။

တိုင်တားမင်းကြီးအား ပြန်လည်ခန့်ထားရန်နှင့် တိုင်တားမင်း ကြီးတစ်ဦးတည်းအပေါ် ပုံချပြီးလျှင် သူ့အား ထုတ်ပယ်၍ အိန္ဒိယသို့ ပို့ ရခြင်း အကြောင်းရင်းဖြစ်သည့်ကိစ္စတွင် ကျန်ဝန်ကြီးများလည်း အညီအမျှ တာဝန်ရှိသူများဖြစ်သည်ဟု ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ကြေညာ၍ ဘုရင်ခံ ချုပ်ထံသို့ စာရေးသား ပေးပို့ခဲ့သည်။ ဤသို့ ရဲရဲရင့်ရင့် ကိုယ်ကျိုးမငဲ့ဘဲ ရေးသားလိုက်သဖြင့် လွှတ်တော်သည် ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။ လွှတ်တော်ကောင်စီဝင်အဖြစ် ကင်းဝန်မင်းကြီးအား ပြန်လည်ခန့်ထားရန် လည်း လွှတ်တော်က တောင်းဆို၍ ရရှိခဲ့လေသည်။

ကင်းဝန်မင်းကြီး မန္တလေးသို့ရောက်သောအခါ ပြီးခဲ့သော စစ်ပွဲ အတွင်းက သူတို့ကိုယ်စား ကင်းဝန်မင်းကြီးက မဆုတ်မနစ် လုံ့လဝီရိယ



ဖြင့် ကြိုးစားဆောင်ရွက်ခဲ့သောကြောင့် ကျေးဇူးတင်လျက်ရှိကြောင်း မှတ် တမ်းတင်လွှာကို မန္တလေးရှိ ဥရောပနှင့် နိုင်ငံခြားကိုယ်စားလှယ်တော် သံတမန် ၂၉ ဦးက လက်မှတ်ရေးထိုး၍ ပေးအပ်ခဲ့သည်မှာ မှတ်သားဖွယ် ကောင်းလှသည်။ ဤသို့ ပြုမူလိုက်ခြင်းသည် ဥရောပတိုက်သား မျက်နှာ ဖြူလူမျိုးတို့ကို အပြုံလိုက်သတ်ဖြတ်ရန် ကြံခဲ့သည်ဟု မသင်္ကာဖြစ်ခဲ့သော တိုင်တားမင်းကြီးအား စောင်းချိတ်၍ ရှုတ်ချလိုက်ခြင်းဖြစ်လေသည်။ တိုင်တားမင်းကြီးသည် ဤသို့ ကြံစည်ချက်ရှိကြောင်း သက်သေ အထောက်အထား မပြနိုင်ပေ။ အကယ်၍ သူသာ ဤသို့ ကြံရွယ်ခဲ့ပါက လက်တွေ့ဆောင်ရွက်ရန် အခက်အခဲမရှိချေ။

အလွန် သွေးဆူလွယ်သော စိတ်ဓာတ်ရှိသည့် မြန်မာတို့အပေါ် တွင်ရှိသော သူ၏ဩဇာကိတ္တိမနှင့် ဤလိုသောင်းကျန်းသူများအား နှစ် ရှည်လများ အုပ်ချုပ်ခဲ့သော သူ၏ အတွေ့အကြုံတို့မှာ မြို့ပြအုပ်ချုပ်ရေး ကို ပြန်လည်ဖွဲ့စည်းရာတွင် ကြီးစွာအလုပ်အကျွေးပြုခဲ့သည်မှာ အငြင်းပွား စရာမရှိဟု ကျွန်တော်ထင်သည်။ သို့ရာတွင် တိုင်တားမင်းကြီးအား ပြန် လည်ခန့်ထားလိုက်သဖြင့် ဥရောပတိုက်သားများနှင့် မြောက်များစွာသော မြန်မာတို့က ကျေနပ်ကြမည်ကား မဟုတ်ပေ။ ထို့ပြင်မက အခြားသူများ ထက် သူမရှိလျှင် မဖြစ်နိုင်ဟု ဝန်ခံရန် အစိုးရကလည်း တွန့်နေသည်။

ဘုရင်ခံချုပ်က အဝေးရောက် တိုင်တားမင်းကြီးနှင့် တွေ့ဆုံ ခြင်းဖြင့် ကျွန်တော်တို့တပ်တွေကို အကူအညီပေးပြီးနောက် ဆက်၍ သေ ရေးရှင်ရေးအချိန်တွင် သူပုန်ရန်အား သူက တားဆီးခဲ့သည်ကို တိုင်တား မင်းကြီးက တောင်းဆိုခဲ့သည့်အတိုင်း အသိအမှတ်ပြုခဲ့ခြင်းသည် ကာနယ် စလေဒင်က တိုင်တားမင်းကြီးကို အသုံးချခဲ့ခြင်းနှင့် အသစ်ဖွဲ့စည်းထား သော လွှတ်တော်၌ မြန်မာ့အရေးကိစ္စများကို ဆောင်ရွက်ရာတွင် တိုင်တား မင်းကြီး၏ ထူးချွန်သောအရည်အချင်းကို အသုံးချခဲ့သော လမ်းစဉ်အား သွယ်ဝိုက်၍ သဘောတူခွင့်ပြုရာရောက်သည်ဟု ယူဆရပေလိမ့်မည်။ မဟာနွယ် မင်းသားမင်းသမီးတို့ သုတ်သင်ရာ၌ အတူတူတာဝန်ရှိ၍ တိုင်တားမင်းကြီးအား ပြန်လည်ခန့်ထားရန် တောင်းဆိုထားသော လွှတ်

www.burmeseclassic.com

www.burmeseclassic.com



တော်၏စာမှာလည်း ဤသဘောနှင့်ထပ်တူပင် ဖြစ်သည်။

မစ္စတာဘားနတ်ကလည်း ထိုနည်းတူပင် တိုင်တားမင်းကြီးအား ဖြုတ်ပစ်ပြီး အိန္ဒိယသို့ ပို့လိုက်ခြင်းအတွက် သူ့တွင် လုံလောက်သော အကြောင်းပြချက်များ ရှိနေသည်။ နာမည်ဆိုးနှင့် ဟိုးလေးတကျော်ကျော်ဖြစ်နေသော ဝန်ကြီးအား တစ်ချက်လွတ် ရာထူးမှဖြုတ်၍ နယ်နှင်ဒဏ်ခတ်ရန် ခွင့်ပြုမိန့်ချမှတ်လိုက်သောအခါ နိုင်ငံရေးသိက္ခာကို ကာကွယ်ရန် လိုအပ်သည်ဟူသော မဟာဝန်ရှင်တော်မင်းကြီး၏ လမ်းစဉ်ကို ဘုရင်ခံချုပ်က ကာယကံမြောက် သဘောတူလိုက်ခြင်းဖြစ်ပေသည်။

သို့ရာတွင် ဤသို့ပြုလုပ်ခြင်းကြောင့် ပေါ်ပေါက်လာသော ကာယကံမြောက် အကျိုးသက်ရောက်မှုမှာ ဝါးပြဟုခေါ်ဝေါ်နေသော်လည်း အမှန်အားဖြင့် ဗြိတိသျှတို့ စိုးမိုးမှုကို ခုခံနေသော တော်လှန်ရေးကြီးက ချက်ချင်းကျယ်ပြန့်၍ အရှိန်အဟုန်ကြီးထွားလာခြင်းပင် ဖြစ်လေသည်။

ဒီဇင်ဘာလတွင် သူပုန်တို့သည် ဆန်နှင့်အစားအစာအတွက် ရွာတွေကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းလောက်သာ အများအားဖြင့် လုပ်နိုင်တော့သည်။ လမကုန်မီပင် အခြေအနေ အသွင်အပြင်ကြီးတစ်ခုလုံး ပြောင်းလဲသွားသည်။ တောရွာများ၌ ခေါင်းဆောင်များ၏ စည်းရုံးရေးအောက်၌ အဖွဲ့လိုက်စည်းရုံးမိကြပြီးလျှင် တပ်စခန်းချရာမှ စေလွှတ်လိုက်သော အင်္ဂလိပ်တပ်ဆွယ်များကို တိုက်ပွဲဆင်ကြသည်။ ထို့ပြင် ညအချိန်တွင် ကင်းစောင့်စစ်သားကို လာရောက်ပစ်ခတ်ခြင်းဖြင့် မြို့စောင့်တပ်များကိုပင် လာရောက်နှောင့်ယှက် လေသည်။

◂◂ ▸▸

# အခန်း (၁၄)

## ဖိလျှင်ကြွသည်

သူပုန်တွေ ထကြွလှုပ်ရှားလာသည်မှာ သူပုန်တွေကို ခပ်ကြမ်းကြမ်းနှိမ်နင်း၍သာ ဖြစ်သည်ဟု ဗြိတိသျှပိုင် အောက်မြန်မာပြည်တွင် ထင်မြင်လျက်ရှိသည်။ မြန်မာတို့အမြင်ဘက်က ကျွန်တော်တို့ ကြည့်မည်ဆိုပါက ဤကောက်ချက်မျိုးကို ဆတ်ကနဲ ချလိမ့်မည်မဟုတ်ချေ။

မန္တလေးကိုသိမ်းပိုက်ပြီးနောက်ရက်သတ္တပတ် အနည်းငယ်အတွင်း၌ မြန်မာတို့၏ ဆတ်ဆတ်ထိမခံသော စိတ်ဓာတ်ကို ဥပေက္ခာပြု၍ ပြဿနာများကို တစ်ဖက်စီးနင်း ဖြေရှင်းဆောင်ရွက် သွားနိုင်လိမ့်မည်ဟူသော အရိပ်လက္ခဏာများကို ဆောင်လျက်ရှိသည်။ ဤထင်မြင်ချက်ကို ခိုင်မာစေသော သာဓကများကို ကျွန်တော် အရိပ်အမြွက် ဖော်ပြခဲ့ပြီးဖြစ်သည်။ မန္တလေး၌ပင် အန္တရာယ်ဖြစ်စေနိုင်သော တစ္ဆတ်ထိုးပြုလုပ်မှုကို မစ္စတာဘားနတ်နှင့် ကာနယ်စလေဒင်တို့က အလုံးစုံ မတားဆီးနိုင်ကြပေ။

ဤသို့သော အခြေအနေမျိုးတွင် စစ်ခေါင်းဆောင်များက နိုင်ငံရေးအရာရှိများကို ထုံးစံအတိုင်း ပျော့လွန်းသည်ဟု သဘောထားသည်။ သေနတ်ကိုင်၍ အမှန်ပင် သူပုန်ထသည်ဆိုသော အထောက်အထားတစ်ခုခုကို နိုင်ငံရေးအရာရှိတို့က လိုချင်သည်။ သာမန် ခိုးမှုကလေးကိုသေဒဏ်ပေးမည့်အစား ကြိမ်ဒဏ်လောက်သာ ဆောင်စေချင်သည်။ ထို့ကြောင့် သုံ့ပန်းအဖြစ် ဖမ်းလာလျှင် အများပြုမိရာသာ ကျွဲတော့မည်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရာ အများအားဖြင့် သူပုန်တွေကို မိသည်နှင့်တစ်ပြိုင်နက် လက်လွတ် စပယ် ပစ်သတ်ကြသည်။ ထိုသို့ ပစ်သတ်ခြင်းကို အခွင့်အရေးကြီးတစ်ခု အနေနှင့်သာမက ညှာတာသောလမ်းစဉ်တစ်ခုအဖြစ်လည်း ယူဆသည်။ ကရိကထ အနည်းဆုံး အလုပ်အဖြစ်နှင့်လည်း ဆင်ခြေပေးကြသည်။ အဘယ်ကြောင့်ဆိုသော် ထောင်လုပ်ရန်နေရာ မရှိသဖြင့် အကျဉ်းသားများကို စောင့်ရှောက်ရမည့်တာဝန်မှာ စစ်သားများအဖို့ စိတ်ညစ်စရာကောင်းသော ကိစ္စဖြစ်သောကြောင့် နောင်ကြဉ်အောင် ဒဏ်ခတ်သော ဤလမ်းစဉ်ကို ပြောရာတွင် ခွင့်ပြုထားပြီဟုမှတ်ယူကာ သူပုန်ဟု ထင်ရသူတစ်ယောက်ကို လူ ၄-၅-၁၀ ယောက်က ပစ်သတ်ခြင်းသည် တောသူတောင်သားများအား ငြိမ်ဝပ်အောင် အားကိုလာအောင် လုပ်ရာ ရောက်မရောက်မှာ စောဒကတက်ဖွယ်ပင် ဖြစ်ပေသည်။

ပစ်သတ်မှု ကြိမ်ဒဏ်ဆောင်မှုများ အများအပြား မလုပ်ရသေးမီ ဇန်နဝါရီလတွင် သူပုန်တို့သည် လွန်ခဲ့သော နှစ်ပတ်သုံးပတ်ထက် အင်အားလည်းကြီးလာပြီး အန္တရာယ်လည်း ပေးလာသည်မှာ အရပ်ဘက်နှင့်စစ်ဖက် နှစ်ဖက်စလုံးမှပုဂ္ဂိုလ်တို့ သတိပြုမိသောအချက် ဖြစ်သည်။

သူပုန်နှိမ်နင်းရေးတွင် ရက်ရက်စက်စက် မာရှယ်လောထုတ်၍ ကွပ်မျက်ခြင်းသည် ဆေးနည်းကောင်းတစ်လက် ဖြစ်ပါက သူပုန်တွေ ငြိမ်သက်သွားရမည်ဖြစ်သည်။ သို့သော် အနယ်အရပ်ရပ်တွင် သူပုန်တွေ ရန်သည် လျော့ပါးသွားသည်မရှိ၊ တိုးသထက်သာ သေသေချာချာကြီး တိုးလာသည်။ အစိုးရဟောင်း ဖြုန်းကနဲပျောက်သွားသဖြင့် လူ့အဖွဲ့အစည်း ကြီးတစ်ခုလုံးသည် ပြိုပျက်သွားကာ အခြေအနေဆိုးလျက်ရှိသည်။ တစ်တိုင်းပြည်လုံး၏ ကြီးမားလှသော အစိတ်အပိုင်းနှင့် သက်ဆိုင်သမျှမှာ အစိုးရဟောင်းအစား ဘာမှ အစားထိုးခြင်းမရှိသေးချေ။

ဒီဇင်ဘာလတွင် ပုဂံအထက်၌ တပ်စခန်းချထားသော တပ်မှ တပ်ဆွယ်တစ်ခုသည် သူပုန်နှင့် ရွာသားတွေ ရောနေသော ရွာတစ်ရွာသို့ ရောက်သွားသည်။ အမှန်အားဖြင့် သူပုန် အများအပြားမှာ သာမန်ရွာသားများဖြစ်ကြသည်။ သူတို့အားကာကွယ်ရန် သူပုန်ခေါင်းဆောင်ကို ငွေမပေး



လျှင် သူတို့ အလုခံရမည်ဟု ရွာသားများက ရှင်းပြသည်။ သူပုန်ဗိုလ်က အကာအကွယ် ပေးထားသဖြင့် ရွာသားများ ဘာမှ မဖြစ်ကြချေကာကွယ်နိုင်သူအစိုးရ ယခုအခါ မရှိတော့ပြီဖြစ်ရာ သူတို့အနေဖြင့် ဘာလုပ်ရမည်နည်း။

မန္တလေးအထိ ဧရာဝတီမြစ်ရိုးတစ်လျှောက် စခန်းတွေ ဆက်ချထားသည်။ သို့သော် မြစ်အရှေ့ဘက်၊ အနောက်ဘက်နှင့်လှမ်းသော နယ်ဒေသ တစ်ပြင်တစ်ပြေးကြီးကို သိမ်းပိုက်ထားပါသည်ဟု ဟိတ်မထုတ်နိုင်။ မိမိတို့ အတိုက်ခံရမည်။ အလုခံရမည်စိုး၍ ရွာနီးချောက်စပ်ကို ဝင်၍ တိုက်ခိုက်နေကြသော သူတစ်လုငါတစ်မင်း အခါပျက်ကြီးထဲသို့ တောရွာသားတွေ ပါသွားကြသည်။ အများအားဖြင့် မရှိမဲ့ရှိမဲ့ လက်နက်ကလေး ကိုင်ဆောင်ထားကြသော ရွာသားများဖြစ်သော တစ်ကျိပ်နှစ်ယောက်ကို ပစ်သတ်လိုက်ခြင်းသည် လောလောဆယ် ခံလိုက်ရသူအဖို့ ကံဆိုးသူဖြစ်သွားသည်။ သို့သော် ဤအချက်သည် ယခုအခါ သူပုန်ဘဝကို ကြောက်သွားရန်အကြောင်းမဟုတ်၊ ရွာကထွက်ပြီး စစ်တပ်အဖွဲ့ကလေး မရောက်နိုင်သော တောထဲခိုရန် အကြောင်းသာဖြစ်သည်။ ဤကား ဒီဇင်ဘာလအကုန်နှင့် ဇန်နဝါရီလတွင် တစ်တိုင်းပြည်လုံး၌ တကယ်ဖြစ်နေသော အခြေအနေပင်တည်း။

ညတိုက်ပွဲများတွင် ပို၍ ရဲလာကြသောအချိန်တွင် သူပုန်နောက်က လိုက်တိုက်ခိုင်းလိုက်သော တပ်ဆွယ်မှ သူပုန်တို့ကို အမိလိုက်ရန် ပို၍ ခက်ခဲလာသည်။ အလွန်သန်မာတောင့်တင်းသော ရာဇဝတ်ဝန် မစ္စတာ မာတီနီနှင့်အတူ အခြား အရပ်သားများသည် ပုဂံမှ လွှတ်လိုက်သော တပ်ဆွယ်နှင့်ချီတက်သွားကြသည်။ မှန်းထားသောရွာသို့ ရောက်သောအခါ သူပုန်တို့ကိုမတွေ့ရ၍ တပ်သားတွေကို ပြန်လွှတ်လိုက်သည်။ မစ္စတာမာတီနီနှင့် အဖော်တစ်ယောက်သည် နောက်တစ်ရွာသို့ မြင်းနှင့် ထွက်သွားကြသည်။ ထိုရွာတွင် လက်နက်အပြည့်အစုံ သူပုန် ၁၅၀ နှင့် တွေ့လေသည်။ မြန်မာတစ်ယောက်က ရာဇဝတ်ဝန်ကို သေနတ်နှင့် ချိန်ထားသည်။ အခြားတစ်ယောက်က ရာဇဝတ်ဝန်နှင့်သူ့အဖော်ကို ပစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်ခွင့်တောင်းသည်။

ကံအားလျော်စွာ ဒုက္ခတွေ့နေသူနှစ်ဦးအနက် မစ္စတာမာတီနီက မြန်မာစကားတတ်သဖြင့် အာဏာရှိပုံရသော အကင်းပါးသူအား အန္တရာယ်မပြုသူနှစ်ဦးအား သတ်ခြင်းဖြင့် ဘာမှ အကျိုးမရှိကြောင်း ပြောပြသည်။ တစ်ချို့ တိုင်ပင်ကြပြန်သည်။ ရဲအရာရှိနှစ်ဦးကို မြင်းဖြင့် ပြန်ခွင့်ပေးလိုက်သဖြင့် သူတို့သည် အသက်ကိုလု၍ ခြေကုန်သုတ်ခဲ့ရသည်။ ၎င်းသူပုန်များရှိရာသို့ တစ်ဆွယ်တစ်တပ် စေလွှတ်လိုက်သော်လည်း သူပုန်ကို ရှာမတွေ့တော့ချေ။

စေလွှတ်လိုက်သော တပ်ဖွဲ့ကလေးများ လုံးဝမရောက်သောအရပ်ဒေသများတွင်ရှိသော ပြည်သူတွေက စစ်ရေးအရကွပ်မျက်မှုကြောင့် ငြိမ် သက်သွားလိမ့်မည်ကို ယုံမှယုံပါ့မလားဟု သံသယဝင်စရာဖြစ်လာမည်။ အာဖဂန်နိစတန်က တောင်တွေ၊ အီဂျစ်နှင့် ဆူဒန်က သဲကန္တာရတွေကဲ့သို့ လက်လှမ်းမီ ပုန်းစရာရှိသည့် အရပ်ဒေသများတွင်ရှိသော လမ်းလွဲလိုက်သူ လက်စားချေရန် အကြံရှိသူတို့ထံသို့ စစ်ရေးကွပ်မျက်မှုများ မရောက်နိုင် လေရာ ယောက်ယက်ခတ်နေသော ပြည်သူတို့သည် ကြောက်ရွံ့သွားမည်ထက် မခံချင်သော စိတ်ဓာတ်များပင် ကိန်းအောင်းလာကြသည်ဟု အတွေ့အကြုံက ပြနေသည်။

အီဂျစ်ပြည်ကို စစ်ရေးအရ အောင်နိုင်ပြီးသောအခါ နပိုလီယံက နှိပ်ကွပ်ဖိနှိပ်မှုအစွမ်းကို အယုံကြီးယုံထားသည်။ သူပုန်တွေကို ခပ်ကြမ်းကြမ်းကိုင်မှ ဖြစ်သောကြောင့် မနက်တိုင်းမနက်တိုင်း မွတ်ဆလင်သူပုန် ၄–၅ ယောက်ကို ခေါင်းဖြတ်ပေးနေရသည်ဟု နပိုလီယံက အမြဲပင်ကြွားခဲ့သည်။ ထို့ပြင် ၎င်းသူပုန် ဒါဇင်ဝက်ကို သတ်ရသည်မှာ နေပြည်တော်၌သာဖြစ်သေးသည်။ တစ်ပြည်လုံးရှိ တာဝန်ခံများအား ခပ်ကြမ်းကြမ်းသာလုပ်ကြဟု အမြဲတိုက်တွန်းထားသည်။ အမှန်အားဖြင့် သူတို့ကို အများကြီးတိုက်တွန်းနေစရာမလိုချေ။

နပိုလီယံနှင့် သူ့ဗိုလ်ချုပ်တို့သည် အီဂျစ်မှာပဲဖြစ်ဖြစ်၊ အခြားနေရာများမှာပဲဖြစ်ဖြစ် လူချင်းစာနာမှုကို သို့မဟုတ် ကရုဏာတရားတို့၏



ရှုတ်ချပြစ်တင်ခြင်းကို မခံခဲ့ရပေ။ သို့သော် မှန်းချက်နှင့်နှမ်းတွက်ကား ကွာပါဘိ။ ပျော့စိစိကုပ်ချောင်းချောင်း အီဂျစ်တို့ပင်လျှင် အစဉ်သဖြင့် ပုန်ကန်နေကြသည်။ သူတို့၏ပုန်ကန်မှုသည် အင်္ဂလိပ်တပ်ကူတွေ မရောက်မီကပင် တပ်တွေကို အနှောက်အယှက်ပေး၍ မျက်လုံးပြူးလာအောင်တိုက်ခိုက်ကြသည်။ ထို့နောက်တွင်ကား ပြည်သူပြည်သားတို့၏ မေတ္တာကို ပြင်သစ်တို့ တစ်စက်ကလေးမှမရဘဲ သွေးနှင့်တည်ဆောက်မည်ဟု နပိုလီယံ မျှော်လင့်ထားသော အဆောက်အဦကြီးမှာလည်း မပြန်လမ်းသို့ ကြွမြန်းသွားရှာလေသည်။

အကြမ်းဖက်မှုကို အစွမ်းတစ်ရပ်အနေဖြင့် မည်သို့သော နိယာမတရားအရ အားကိုးနိုင်သည်။ မည်သည့်အဆင့်သို့ ရောက်သွားလျှင် အကြမ်းဖက်မှုကို မကြောက်ကြတော့ဘဲ တုန့်ပြန်လာတတ်သည်ကို စူးစမ်းလေ့လာ အဖြေရှာ၍ ထုတ်ဖော်ပြသပေးနိုင်သော လက်တွေ့အဘိဓမ္မာဆရာသည် လူ့လောကကြီးအား ကြီးစွာ အလုပ်အကျွေး ပြုနိုင်မည်ဖြစ်သည်။ အတိတ်ခေတ်တွင် ကြိုးမိန့်ပေးသော တရားသူကြီးက ကြိုးစင်၏ ရက်စက်မှုအရှိန်အဝါကို အခိုင်အမာ ယုံကြည်ခဲ့ကြသည်။ သို့သော် ကြိုးစင်ကို တွင်တွင်ကြီးအသုံးပြုပြီး ဘင်သန်၊ ရိုမဲလီ စသော ပုဂ္ဂိုလ်တို့က တကယ်အကျိုးပြု မပြု ဆန်းစစ်လိုက်သောအခါ ကြိုးစင်ကို တရားလွန်အောင် အသုံးပြုခြင်းသည် အမှားတစ်ရပ်ပင်ဖြစ်၍ တရားသူကြီးနှင့် တရားခံကိုပါ ကြမ်းကြုတ်ရက်စက်လာကြောင်း တွေ့ရှိခဲ့သည်။

အကြမ်းနည်းကို တော်ရုံတန်ရုံဆိုလျှင် တကယ်အသုံးကျသည်မှန်သော်လည်း နည်းနည်းကလေး ပိုသုံးမိလျှင် ခေါင်းငုံ့မခံတော့ဘဲ ထုံသွားတတ်သည်။ ပြဿနာတိုင်းကို သူများမမြင်သော အမြင်ဖြင့် မြင်လေ့ရှိပြီး အမြင်ထက်မြက်လှသော ဗိုလ်ချုပ်စကိုဘဲလက်က ယောကျ်ားတွေ၊ မိန်းမတွေ၊ ကလေးတွေကို စစ်ပွဲအပြီး သွေးအေးမှ ကွပ်မျက်ရသည်ထက် တိုက်ပွဲအတွင်း သတ်ဖြတ်ပစ်ရသည်က ကောင်းသည်ဟုပြောသည်။ အဘယ်ကြောင့်ဆိုသော် တိုက်ပွဲအတွင်း မတော်တဆ ပါသွားသည်ဟု ယူဆနိုင်သဖြင့် လူမုန်းမခံရချေ။ ကွပ်မျက်သောနည်းမှာ အုပ်စိုးခံပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေ စိတ်နာလာစေသည်။ ရိုက်စပီးယားကဲ့သို့သော ပုဂ္ဂိုလ်ကြီးကလည်း "ရက်စက်ခြင်း၊ ပျော့ညံ့ခြင်းတို့ကြောင့် ဘယ်တော့မှ ထီးနန်းမရ၊ စိတ်ရှည်သော ကစားသမားသာလျှင် အနိုင်ရသည်"ဟု ဆိုသည်။

ပျော့ပျောင်းသော စိတ်ရှည်သော ကစားသမားသည် အလျှော့ပေးခဲ့ရသည်ကို ကာမိစေရန်အတွက်ငင်း မိမိသည် သူတို့၏ အကျိုးအတွက် သူတို့အား အုပ်ချုပ်နေရကြောင်းကို လက်အောက်ခံပြည်သူပြည်သားတို့ သဘောပေါက်လာအောင် အချိန်ယူ၍ လုပ်ရလိမ့်မည်။ နေ့စဉ်နှင့်အမျှ သူတို့ တိုင်းသူပြည်သားတွေ မရဏာပွဲဝင်နေကြရသည်ကိုချည်း တွေ့နေရ သော ပြည်သူတို့အား သူတို့သည် မိတ်ဆွေ ခင်ပွန်းတို့၏ လက်ထဲ၌ နေရပါသည်ဟု ထင်မှတ်လာအောင် ပြုလုပ်ရန်မှာ ခဲယဉ်းလှပေသည်။

မိမိ့လက်အောက်သို့ နှိပ်ကွပ်သိမ်းသွင်းရန် ရည်ရွယ်ထားသော တိုင်းသူပြည်သားတို့အား မညှာမတာ နှစ်ရှည်လများ ဆက်တိုက် အကြမ်းကိုင်၍ ဖြစ်ပေါ်လာသော အကျိုးတရားနှင့်ပတ်သက်၍ မည်သို့ပင် ထင်မြင်ကြစေကာမူ ဤနည်းကို လက်တွေ့အသုံးပြုမှုများသည် မိမိကိုယ်တိုင်ကိုလည်းကောင်း၊ မိမိတို့၏ အစိုးရကိုလည်းကောင်း နာမည်ပျက်အောင် မဆင်မခြင် လုပ်မိလာကြသည်မှာ သံသယဖြစ်စရာ မလိုတော့ချေ။

အကြမ်းကိုင်၍ ကျိုးနွံလာအောင် လုပ်ပစ်ရမည့် တိုင်းသူပြည်သားများတွင် လူ့အခွင့်အရေးများ တောင်းဆိုနိုင်သည်ဟူသော အယူဝါဒမှာ ဆိတ်သုဉ်းသွားလေသည်။ ကြောက်အောင် ပြုလုပ်ရမည်မှာ မှန်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကြောက်မလာသည်မှာ ချွတ်ယွင်းညံ့ဖျင်းကြောင်းကိုပြသော သာဓကဖြစ်သည်ဟု မှတ်ယူရမည်။ ဤကိစ္စနှင့်ပတ်သက်၍ ရဲရင့် ဖြောင့်မတ်သော အရာရှိများ၏အမည်ကို ဝမ်းနည်းစွာထုတ်ဖော်လိုက်ရပါသည်။ သို့ရာတွင် သူတို့အကြောင်းကို ကမ္ဘာကသိအောင် ရေးသားထုတ်ဝေပြီးဖြစ်ရာ ယခုမှ ဖုံးဖိနေ၍လည်း အကျိုးမရှိတော့ချေ။ ထို့ကြောင့် မန္တလေး၌ ဇန်နဝါရီလလယ်တွင် ဖြစ်ပျက်မိသော အဖြစ်အပျက်နှစ်ခုကို အတိုချုံး၍ ကျွန်တော် ဖော်ပြပါမည်။ လုပ်နေကျ တရားစီရင်ရေးလုပ်ထုံး



ကို အလုပ်ပိုဟု ယူဆပြီး ဘေးဖယ်ထားလိုက်သောအခါ ဖြစ်ပေါ်လာသော ကိစ္စများကို နောင်အခါ မှတ်သားနိုင်ရန်အတွက် ထုတ်ဖော်ပြခြင်းဖြစ်ပါသည်။

ရတနာပုံမန္တလေးအကြောင်းသိသော သူတစ်ယောက်သည် တကယ်လည်းရှိ ဟန်ပြလောက်သာလည်း ရှိသော အတောမသတ်နိုင်သည့် လုပ်ကြံမှုတွေ၊ တန်ပြန် လုပ်ကြံမှုတွေ တသီကြီးအကြောင်းကို နားထောင်ဖို့ ပြင်ထားရပေလိမ့်မည်။ ထိတ်လန့်တုန်လှုပ်ဖွယ်တွေကို နားထောင်ရန်အတွက် နည်းနည်းကလေးမှ အံ့သြကြတော့မည် မဟုတ်ပါ။ အလွန်စိတ်ချရသော နေရာမှ မည်သည့်ဝန်ကြီးက သို့မဟုတ် မည်သည့်ပုဂ္ဂိုလ်ကြီးက စလေဒင်အား သတ်ဖြတ်ရန် ကြံစည်နေသည်။ သို့မဟုတ် မန္တလေး၌ ဗြိတိသျှတို့အား ရုတ်တရက် တိုက်ထုတ်တော့မည်ဆိုသော သတင်းများရသည်ဟု ကာနယ်စလေဒင်အား အလေးအနက်ပြောကြသည်။

တချို့ လန်ကြုတ် လုပ်ကြံမှုများကို ကာနယ်စလေဒင်က ပျက်ရယ်ပြုသည်။ တချို့လုပ်ကြံမှုမှာ ယာယီအစိုးရအဖွဲ့တွင် အသုံးကျနေသူများကို သက်သက် နာမည်ပျက်အောင် ပရိယာယ်ဆင်ခြင်းဖြစ်ကြောင်း စလေဒင်က တွက်ပြသည်။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဤမဆုံးနိုင်သော လုပ်ကြံမှုဇာတ်ထုတ်ကြီးတွင် ထူးထူးခြားခြားကိစ္စ ဖြစ်ပေါ်လာသည်။

သတင်းအရ တပ်ထိန်းချုပ် ကာနယ်ဟူပါးနှင့် လက်ထောက်လက်ဖတင်နင် ဘာရီးစ်တို့သည် လွှတ်တော်မှ ထိပ်တန်းဝန်ကြီးနှစ်ဦးပါဝင်လျက်ရှိသောအဖွဲ့ကို လုပ်ကြံမှုနှင့်ပတ်သက်၍ သင်္ကာမကင်းမှုကြောင့် ငနိုင်ဆိုသူအား ဖမ်းဆီးလိုက်သည်။

ဖော်ပြောရန်အတွက် အပြင်းထန်ဆုံး အကြမ်းတမ်းဆုံးနည်းဖြင့် စစ်ဆေးသော်လည်း ထိုသူက လုပ်ကြံမှုနှင့် ပတ်သက်၍မသိပါဟုငြင်းဆိုသည်။ သူ့ကို စီရင်ချက်ချထားသော သူပုန်များနှင့်အတူ ချုပ်နှောင်ထားပြီးလျှင် နောက်တစ်နေ့တွင် ထပ်မံစစ်ဆေး မေးမြန်းပြန်သည်။ လိုချင်သော

www.burmeseclassic.com

www.burmeseclassic.com



အဖြေကိုမရသဖြင့် သူပုန် ၅ ယောက်နှင့်အတူ မြို့ရိုးတောင်ဘက်အပေါက်သို့ထုတ်ရန် အမိန့်ပေးလိုက်သည်။

ပထမတွင် တပ်ထိန်းချုပ် ကာနယ်ဟူပါးနှင့် လက်ထောက်တို့ နှစ်ယောက်စလုံး အတူ ရောက်ရှိလာကြသော်လည်း ကာနယ်ဟူပါးသည် လက်အောက်အရာရှိကို ဆက်လက်စစ်ဆေးရန် ထားပစ်ခဲ့ကာ အပြင်သို့ ကိစ္စတစ်ခုဖြင့် ထွက်သွားသည်။ သူပုန် ၅ ယောက်ကို လက်ပြန်ကြိုး တုပ်၍ မြို့ရိုးကိုမှီရပ်စေကာ ၂ သုတ်ခွဲ ပစ်သတ်လိုက်သည်။ ငနိုင်ကို ရှေ့ထုတ်ပြီး တစ်ချီစစ်ဆေးမေးမြန်းရာ ဘူးကွယ်လျက်ပင်ရှိသည်။ထို့နောက် သူ့အားနှောင်ကြိုးတည်း၍ မြို့ရိုးခြေကန်ပြီး သူပုန်တွေ အလောင်း ထဲရပ်စေ သည်။ ပစ်သတ်ရမည့် စစ်သားများအား 'အသင့်ပြင်'ဟု အမိန့် ပေးလိုက် သည်။ ဒူးတုန်နေသော ငနိုင်ထံသို့ ရဲအရာရှိတစ်ဦး သွားရောက်ကာ မေးလိုက်သည်။

"မင်း ဖြောင့်ချက်ပေးမလား၊ မပေးရင်တော့ ပွဲချင်းပြီးပဲ"

"ဟုတ်ကဲ့၊ ဖြောင့်ချက်ပေးပါတော့မယ်၊ အသက်ချမ်းသာပေးပါ"

ရန်ကုန်ဂေဇက်မှ မစ္စတာရိုးစ်။ အိလပ်စထရိတ်တက်လန်ဒန်နယူးစ်မှ ပန်းချီဆရာ မစ္စတာ မဲလ်တန်ပရိုင်ယားတို့ သတင်းထောက် ၂ ယောက်နှင့် မျက်နှာဖြူအချို့အပြင် မြန်မာအချို့က ကြည့်နေကြသည်။ ၎င်းတို့ထံမှ မှတ်စုစာအုပ်တစ်အုပ် ငှားပြီး ဝန်ကြီး ၂ ဦး လုပ်ကြံမှုထဲပါကြောင်း ဖြောင့်ချက်ကို ရေးသားသည်။ ဖြောင့်ချက်ကို တပ်ထိန်းချုပ်၏ လက်ထောက်ထံအပ်လိုက်ပြီး သူက တစ်ဖန်ဆက်၍ စလေဒင်၏ လွှတ်တော်ဝန်ကြီး ၂ ဦး အပြစ်ကျူးလွန်နေကြောင်း သက်သေခံကို ကာနယ်စလေဒင်အား ထုတ်ပြလိုက်သည်။

အကဲခတ်မှားခဲ့ပြီး မြန်မာပြည်တွင် အတွေ့အကြုံ အလွန်ရင့်ကျက်သော ကာနယ်စလေဒင်သည် ခက်ထန်သူဟု ကျော်ကြားနေသော အရာရှိဖြစ်သည်။ ပြီးလျှင် ဤသို့ ကျော်ကြားသင့်သောသူ ဖြစ်ကြောင်းကိုလည်း သံသယဖြစ်စရာမလိုပါ။ သို့သော် သူသည် ခေါင်းအေးအေးထားတတ်ပြီး တရားမျှတသူလည်း ဖြစ်သည်။ မြန်မာတစ်ယောက်အား ကိုယ်



ရောစိတ်ပါ ညှဉ်းပန်းနှိပ်စက်ပြီး ဖြောင့်ချက်ညှစ်ယူပုံကို ကြားရသောအခါ ကာနယ်စလေဒင်သည် မခံမရပ်နိုင်ဖြစ်သွားသည်။ ၎င်းအရာရှိငယ်အား ကာနယ်စလေဒင်က အပြင်းအထန် ပြစ်တင် ကန့်ကွက်ပြီးလျှင် နောက်ဆုံးတွင် အမှုစစ်ဆေးရာ၌ တရားနည်းလမ်းမကျပုံကို တရားဝင်ကန့်ကွက်စာရေး၍ ဂျင်နရယ်ပရင်ဒါဂတ်ထံ ပို့သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ စစ်ဥပဒေ မည်သို့ရှိသည်ကို ကျွန်တော်မသိ။ သို့သော် စစ်ဥပဒေဆိုသည်မှာ ရှိနေကျ တရားရုံးများသည် လက်နက်ကိုင် တော်လှန်မှုကြောင့် တရားစစ်ဆေးခြင်း မပြုနိုင်သောအခါ ဥပဒေရိုးရိုးကိုပင် ခုံရုံးဖွဲ့၍ အားဖြည့်ပေးလိုက်ခြင်းသက်သက်သာ ဖြစ်သည်ဟု ဝဲလ်လင်တန်မြို့စားကြီးက ယူဆသည်။ ခြိမ်းခြောက်၍သော်လည်းကောင်း၊ ညှဉ်းပန်း၍သော်လည်းကောင်း ဖြောင့်ချက်ယူရခြင်းဖြင့် အာဏာကို အလွဲသုံးစားပြုမှုကို အိန္ဒိယရာဇသတ်ကြီးက တားမြစ်ထားလေသည်။

မဟာဝန်ရှင်တော်မင်းကြီးက မြန်မာဝန်ကြီးတို့၏ ပြစ်ချက်ကို ဤသို့ တရားမဝင်သောနည်းဖြင့် ရရှိသော အထောက်အထားကို လက်မခံနိုင်ဟု ငြင်းပယ်လိုက်သည်။ မန္တလေးရှိ အင်္ဂလိပ်သာသနာပြုဆရာတော်ကိုးလ်ဘက်က အောက်ပါအတိုင်း မစ္စတာဘားနတ်ထံ ကန့်ကွက်စာ တင်လိုက်သည်။

"အင်္ဂလိပ်လူမျိုးအဖြစ်ဖြင့်လည်းကောင်း၊ ခရစ်ယာန်တစ်ဦးအဖြစ်လည်းကောင်း၊ ဘုရားသခင်၏ သာဝကအနေဖြင့်လည်းကောင်း ဤကဲ့သို့ ရိုင်းစိုင်းကြမ်းကြုတ်လှသည့် စစ်ဆေးမှုမျိုးကို နောင် အနာဂတ်တွင် မဖြစ်ပေါ်စေအောင် တားဆီးပေးပါရန် လေးစားစွာ မေတ္တာရပ်ခံပါသည်။ အကယ်၍ အစိုးရကသာ ဤအမှုမျိုးကို ခွင့်ပြုလိုက်မည်ဆိုပါက ကျွန်ုပ်တို့၏ နာမည်၊ လူမျိုးနှင့် ဘာသာကို ထိခိုက် အရှက်ရစေမည်။ အသရေယုတ်စေမည် ဖြစ်ပါသည်။ ထို့ပြင်လည်း ယင်းသို့သော ကိစ္စသည် ကျွန်ုပ်တို့ တရားဥပဒေ၏ တရားမျှတမှု၊ ကရုဏာတရား ရှေ့ထားမှုတို့နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိပါသည်။ ကျွန်ုပ်တို့ တရား

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေ၏ အကျိုးကျေးဇူးများကို ဤတိုင်းပြည်သို့ မကြာသေးမီကပင် ဆောင်ကြဉ်းခဲ့ပြီးဖြစ်ပါသည်။"

မဟာဝန်ရှင်တော်မင်းကြီးက ကန့်ကွက်လွှာကို လက်ခံသဘောတူကြောင်းနှင့် ဤကိစ္စကို ပြင်းထန်စွာ ရှုတ်ချပြစ်တင်ကြောင်း စာပြန်သည်။ ဤကိစ္စ လောဒ်ရန်းဒိုဖ်ချာချီနှင့် လောဒ်ဒပ်ဖရင်တို့၏နားသို့ရောက်သွားရာ သူတို့ကလည်း ယင်းအရာရှိပြုလုပ်ပုံကို ပြစ်တင် ပြောဆိုလေသည်။

ဒုတိယထုတ်ဖော်ရမည့် သာဓကမှာ မန္တလေး၌ စစ်တပ်ကကွပ်မျက်မှုများအပေါ်တွင် အရပ်ရပ် နေပြည်တော် ကြား၍မှမလျှော်အောင် ကင်မရာကို ထူးထူးဆန်းဆန်း အသုံးပြုသော ကိစ္စပင်ဖြစ်သည်။ ကျည်ဆံမှန်သွားသောအချိန်၌ အကျဉ်းသားများ မည်သို့ခံစားရမည်၊ မည်သို့ ပေါ်ပေါက်လာသည်ကို ဓာတ်ပုံရိုက်ယူထားရန် အာသီသဖြင့် အသင့် ... ချိန်ဟူသော ရင်တုန်ဖွယ်အမိန့် ပေးလိုက်သောအခါ တပ်ထိန်းချုပ်က သင့်ရာနေရာမှနေ၍ ချိန်ထားသည်။

ထို့နောက် သေမင်းငင်နေသော သူများအနီးသို့ ကင်မရာရွှေ့ချိန်နေစဉ်တွင် မပစ်သေးဘဲ မိနစ်အနည်းငယ် စောင့်ဆိုင်းနေရသည်။ အရိပ်ပြတ်သားလာအောင် ကင်မရာ အသေအချာချိန်ပြီးသောအခါ အချက်ပေးလိုက်ရာ အကျဉ်းသားများကို ကျည်ဆံထိမှန်သွားသည်။ မိမိဇီဝိန်ချွေမည့် ကျည်ဆံကို မျက်နှာအဝတ်စည်းလျက် စောင့်နေရသူ၏ တဒင်္ဂအတွင်းခံစားချက်ကိုမူ ဤသို့ ရိုက်ယူသောနည်းဖြင့် ပေါ်လွင်အောင် မရိုက်ယူနိုင်ချေ။ အားငယ် နိုကိုးရာမဲ့သော သူတို့အား ကျည်ဆံထိတဲ့အခိုက် စိတ်ရော ကိုယ်ရော မည်သို့ခံစားရသည်ကို သိပ္ပံနည်းကျကျ မှတ်တမ်းတင်ရန် အတွက် ပစ်မသတ်သေးဘဲ တမင်တကာ အေးအေးဆေးဆေး အချိန် စောင့်၍ ပြုလုပ်ခြင်းသည် စက်ဆုပ်ဖွယ်ကောင်းသည့်အပြင် အနိဋ္ဌာရုံ ဖြစ်သည်ဟု ဆိုရပေမည်။

ကာလကတ္တားရှိ လောဒ်ဒပ်ဖရင်နှင့် အင်္ဂလန်မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ထိုသို့ပြုလုပ်သည်ကို သိရှိသောအခါ မစ္စတာဘားနတ်



နှင့် အလားတူပင် မကျေမနပ်ဖြစ်ကြသည်။ ထို့နောက် အတွင်းဝန် လော့ဒ်ရန်ဒေါ့ဖ်ချာချီက သက်ဆိုင်သူအရာရှိအား ချက်ခြင်း ပြင်းထန်စွာ အရေးယူရန် ကြေးနန်းဖြင့် ညွှန်ကြားလိုက်သည်။ သူ့နေရာ ဆက်ခံသူက တပ်ထိန်းချုပ်အား စစ်ခုံရုံးတင်ရမည်ဟု အမိန့်ချသည်။ လူ့မူလ အခွင့်အရေးကြီးများကို လေးစား အသိအမှတ်ပြုမြဲဖြစ်သော နိုင်ငံရေးသမား အုပ်ချုပ်ရေးသမားတို့သည် ဤကဲ့သို့သော အပြုအမူမျိုးကို တားဆီးပိတ်ပင်ရန် ပျက်ကွက်လိမ့်မည်ဟု မည်သူကမှ ထင်မည်မဟုတ်ချေ။

တစ်စုံတစ်ခုသော အခြေအနေအရ မလွဲမရှောင်သာတဲ့ သဘာဝတရားအရ ဖြစ်ပျက်မြဲဖြစ်သော ရက်စက်မှုကို ကျင့်သုံးခြင်းသည် သနားကြင်နာတတ်သူကိုပင်လျှင် ရက်စက်လာစေတတ်သည်ဟူသော သဘာဝနိယာမအရ တစ်စုံတစ်ခုသော အခြေအနေတွင် မလွဲမရှောင်သာ ဖြစ်ပေါ်လာတတ်သည်မှာ ဒုက္ခပေးသော အချက်ပင်ဖြစ်သည်။ တရားဝင် ဆောင်ရွက်ခြင်းနှင့် တရားမဝင်သော ဆောင်ရွက်ခြင်းတို့ကို အတိအကျ စည်းသား၍ ပိုင်းခြားသတ်မှတ်ရန် မဖြစ်နိုင်သေးသ၍ လူ့ကျင့်ဝတ်တရားများမှေး မှိန်နေဦးမည်ဖြစ်သည်။

ကာနယ်ဟူပါးသည် အလွန်သဘောကောင်းသော အရာရှိတစ်ဦးအဖြစ် ကျော်ကြားသည်ဟု သမာသမတ်ကျကျ ပြောနိုင်သည်။ မြန်မာတို့အား ကျည်ဆံမှန်ခိုက် ဓာတ်ပုံရိုက်လိုသော ဆန္ဒမှာ လူစိတ်ကင်းမဲ့မှုကြောင့်မဟုတ်၊ တကယ့် အရေးပါဆုံးအချိန်တွင် လူ့မျက်နှာ အမူအရာ ဖြစ်ပေါ်ပုံကို မပျောက်မပျက်အောင် အမီအရ မှတ်တမ်းတင်လိုသည့် ဇောကြောင့်သာဖြစ်သည်ဟု သဘောပိုက်ထားနိုင်ပေသည်။

တစ်ခါက စစ်သားတစ်ယောက်သည် သူ့ရဲဘော်များနှင့် သူ့အထက်က ဗိုလ်တွေကို တွေ့ကရာ အရမ်းသေနတ်ဖြင့် ပစ်နေစဉ်တွင် မိမိအား သေနတ်နှင့်ချိန်နေသော ၎င်းစစ်သားရှိရာသို့ ကင်မရာကြီးကိုင်ပြီး ကာနယ်ဟူပါးက ဓာတ်ပုံရိုက်ရန် ကပ်လိုက်သည်။ အခြားစစ်သားတစ်ယောက်က ချက်ခြင်းပင် ရမ်းကားနေသော ၎င်းစစ်သားအား သေနတ်ဖြင့် ပစ်လိုက်ရာ ကာနယ်ဟူပါးက ဓာတ်ပုံရိုက်လိုက်သည်။ ၎င်းလှတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းကလည်း သူသည် ထူးခြားသောကိစ္စများကို မှတ်တမ်းတင်ရန် အတွက် ပစ်ခတ်နေသည့်ကြားထဲမှပင် ကင်မရာကို သယ်ယူလာခဲ့သည်။

ဖော်ပြပါ အခြေအနေများအရ မန္တလေး၌ လူများကို ပစ်သတ်ဖို့ ခတ်ပုံရိုက်မှုသည် အပြစ်ဆိုဖွယ် အမှန်ပင်ဖြစ်သည်။ အလွန်အရုပ်ဆိုး သော ကိစ္စဖြစ်၍ ကာနယ်ဟူပါးသည် ပြည်သူတို့၏ တံတွေးခွက်တွင် ပက်လက်မျောရတော့မည်။ သူပုန်တွေကို အသုတ်လိုက်အသုတ်လိုက် ကွပ်မျက်သည်ကိုမူ မိမိတို့နိုင်ထားသော လူတွေအား ငြိမ်နေအောင် ပြု လုပ်သော သာမန်ကိစ္စဟု ထောက်ခံထားကြပြီးလျှင် ခတ်ပုံရိုက်သည့် အလုပ်ကျမှ ပယ်လှန်နေကြသော သဘောမှာ လူကြားကောင်း တရားမှာ အသံကောင်းဟစ်ခြင်းပင် မဟုတ်လောဟု တွေးတောဖွယ်ရာပင်ဖြစ်သည်။

သေနတ်ဖြင့် ကွပ်မျက်ခြင်းခံရသူများသည် ယုံကြည်ချက်ဖြင့် အသက်စွန့်သူများမဟုတ်ဘဲ သူပုန် သို့မဟုတ် လူ့ကျင့်ဝတ် ဖောက်ဖျက် သူများသာ ဖြစ်သည်ဆိုပါက ပစ်သတ်ခြင်းသည် တရားနည်းလမ်း မှန်ရုံ သာမက လိုအပ်လှပေသည်။ သို့သော် ယေဘုယျအားဖြင့်ပြောရလျှင် ဤသို့ ကွပ်မျက်ခြင်းသည် နှောင်ကြဉ်အောင် နမူနာပြခြင်းသာဖြစ်၍ အပြစ် ဒဏ်ပေးခြင်းမဟုတ်ပေ။ အနိုင်ရခဲ့သောတိုင်းပြည်တွင် စစ်ဆင်ရေးလုပ် သည့်အကြောင်းကို ဖော်ပြကြရာတွင် ခပ်ဖော့ဖော့ကလေး ထုတ်ဖော်ခဲ့ သော "ဆုံးမနှိပ်ကွပ်"မှု၏ အဖြစ်မှန်ကို မကြားချင် မမြင်ချင်ယောင်ဆောင် သော အလေ့ ရှိခဲ့သည်။

ဤကိစ္စမျိုးနှင့် ပတ်သက်၍ ပြောရာတွင် ဖြတ်သန်းသွားလေ့ ရှိသော စက်ဆုတ်ဖွယ်ဟူသမျှကို သေသေချာချာချိန်ကိုက်ပြီး တစ်ကမ္ဘာလုံး သိအောင် မောင်းတီးလေ့ရှိသော ကာနယ်ဟူပါးတွေ အများကြီးရှိပါက လူ့လောကကြီးတစ်ခုလုံးအတွက် မဟာအကျိုးအမြတ်ကြီး ဖြစ်လိမ့်မည်။ ကျွန်အဖြစ်ရောက်သွားသော ပြည်သူများက မိမိတို့ရရှိသော လူ့ယဉ်ကျေးမှု အသီးအပွင့်အတွက် ပေးရသောတန်ဖိုးကို တိတိကျကျ သဘောပေါက် လာသောအခါ ဤကဲ့သို့သောကိစ္စနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အမြင်မှန်ရလာကြလိမ့်မည်။



အထက်က ဆိုခဲ့သည့်အတိုင်းပင် အေးချမ်းသာယာစေရန် ရည် ရွယ်ချက်ဖြင့် အကြမ်းဖက်နှိမ်နင်းမှုကို နေရာမရွေး အသုံးပြုသောအခါ တိုင်းတွင် အေးချမ်းသာယာမှုကို ရသည်ဆိုပါက ရောဂါပျောက်ကင်းစေရန် အတွက် နာကျင်စွာခွဲစိတ်မှုကို ပြုရသော ဆရာဝန်ကဲ့သို့ပင် အကြမ်းဖက် နှိမ်နင်းခြင်းကို ကြိတ်မှိတ်လက်ခံရမည်သာ ဖြစ်သည်။ လူတွေကို အပြုံ လိုက် လက်လွှတ်စပယ် ကွပ်မျက်သည့်နည်းကို လက်ကိုင်ပြုခြင်းသည် ထိုသို့ ကွပ်မျက်ရခြင်း၏ မူလရည်ရွယ်ချက်ကိုပင် ထိခိုက်နစ်နာစေသည် ဟူသော ကျွန်တော်၏အယူအဆကို မြန်မာပြည်နှင့် စစ်ပွဲကလေးမဖြစ်မီ ပဝေသဏီကတည်းက ဖြစ်ပေါ်ခဲ့သော ကိစ္စများတွင် အတွေ့အကြုံရင့် သော အရာရှိများက ထောက်ခံလေသည်။

တိုက်ပွဲတွင် သေရခြင်းမဟုတ်ဘဲ နိုင်သူက အာဏာပြသည့် အနေဖြင့် "ကြောက်အောင်ချောက်" လိုက်ခြင်းကြောင့် မသာ ဖြစ်သွားရ ရှာသော မောင်တွေ၊ လင်တွေကို တမ်းတပြီး ရွာရိုးတစ်လျှောက် လမ်းတစ် လျှောက် ၇ အိမ်ကြား ၈ အိမ်ကြား ဟစ်ငိုနေသော မိန်းမတစ်ယောက်သည် ပြည်သူတွေ ဒေါသထွက်လာအောင် လှုံ့ဆော်နေသည့်နေရာတွင် သူပုန် သူပုန် ထထဟု အော်လန်ကြီးနှင့် လိုက်အော်သည်ထက် ထိရောက်လှပေ သည်။

သူပုန်တွေကို ဓာတ်ပုံရိုက်ကူးခြင်းသည် မကြာသေးမီက ဖြစ် ပျက်ခဲ့သော အဖြစ်အပျက်မှ မြစ်ဖျားခံလာသည်ဟု သံသယနည်းနည်း ဖြစ်မိသည်။ မကြာသေးမီကလေးက စိတ်ဝင်စား၍ ပြောစမှတ်ဖြစ်လောက် အောင်ပင် မြန်မာတို့သည် ကြောက်မက်ဖွယ်ကြားထဲမှပင် ဟာကွက်ကို မြင်တတ်သော သာဓကတစ်ခု ရှိခဲ့သည်။ ရေတပ်မဟာ တပ်ဆွယ်တစ်ခု သည် သူပုန် ၁၂ ယောက်ကို ဖမ်းသည်။ မြန်မာတို့၏ စိတ်ဓာတ်တွင် ပို၍ စွဲမှတ်သွားစေရန်အတွက် တစ်ပြုံကြီးကို တစ်ချိတည်း ပစ်မသတ်ဘဲ တစ်ယောက်ပြီးမှတစ်ယောက် ပစ်သတ်ရန် စီစဉ်သည်။ ပထမဦးဆုံး သူပုန် တစ်ယောက်ကို နံရံတွင်ကျောခိုင်း ရပ်စေသည်။ နှာခေါင်းပေါ်တည့်တည့် ကျည် ထိပ်ဖူး ထိမှန်လေရာ ခေါင်းအထက်ပိုင်းတစ်ခုလုံး ပြုတ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့် ဘဲ ထူးထူးဆန်းဆန်း အစရှာမရအောင် ပျောက်သွားသည်။ ကိုယ့်အလှည့် ကိုစောင့်ရင်း သူ့အနားတွင်ရပ်နေသော ရဲဘော်များက ၎င်းသူပုန်ကိုကြည့် ၍ မပြုံးဘဲ ဝါးလုံးကွဲ ရယ်ကြသည်။ လူသတ်ပွဲကြီးတစ်ခုလုံးကို ရယ်စရာ ပွဲကြီးပွဲကောင်းအဖြစ် သဘောထားပြီး တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျရယ်မောရင်း အသတ်ခံသွားကြသည်။ စိတ်ထဲတွင် ပိုစွဲသွား အောင် တမင်တကာ ကွပ်မျက်လိုက်သော ရေတပ်သားတို့သည် နည်းနည်း လေးမှ မခံချင်စိတ် မပေါ်သောကြောင့် စိတ်ပျက်လက်ပျက်ဖြင့် တပ်စခန်းသို့ ပြန်သွားကြလေသည်။ သူပုန်တွေက နည်းနည်းကလေးမှမမှုဘဲ ရယ်စရာဟု ထင်နေသဖြင့် သူပုန်တွေကို ပစ်သတ်ခြင်းသည် အကျိုးမရှိဟု သူတို့က ပြောသည်။

မြန်မာနှစ်ဦးအား ကြိမ်ဒဏ်ရိုက်ရာ ဒုတိယလူက သူ့အား ပထမလူလို တိုင်တွင် ကြိုးနှင့်မချည်ပါနှင့်ဟု ကန့်ကွက်ပြီး ကြိုးမတုတ်ဘဲနှင့် တိုင်ကိုမှီလျက် ကြိမ်ဒဏ်ရိုက်ပြီးသည်အထိ စုတ်တစ်ချက်မသတ်ဘဲ ခံသွားသည်။ ထို့နောက် သူက နောက်ထပ်ရိုက်ရန် ကျန်သေးသလားဟု ရယ်မောကာ မေးမြန်းပြီး မဲ့ကာရွဲ့ကာ ထွက်သွားကြောင်းကို မျက်မြင်တွေ့သူတစ်ဦးက ကျွန်တော့်အား ပြန်ပြောပြသည်။

မည်သို့ပင်ဖြစ်စေကာမူ လွတ်မြောက်အောင် ထွက်ပြေးဖို့ အခွင့်သာလျှင် အခြားလူများနည်းတူပင် သူတို့သည် ကိုယ့်အသက်ကို တွယ်တာကြောင်း ပြကြသည်။ သူပုန် ၆ ယောက်ကိုပစ်သတ်ပြီး ခေါင်းဖြတ်ရန်အတွက် စစ်တပ်အပြင်ဘက်သို့ ထုတ်လာသည်။ သူတို့ကို လက်ပြန်ကြိုးတုပ်ထားသော်လည်း အပြင်ရောက်သောအခါ အစောင့်လက်ထဲမှ အသက်လု၍ ခြေကုန်သုတ်ပြေးကြသည်။ သူတို့ နောက်ပါသူတို့က အစွမ်းကုန်ကြိုးစားပမ်းစား ခုခံကြရင်း ကျည်ဆံနှင့်လှံစွပ်တို့ကြားတွင် အသက်ပျောက်သွားကြသည်။ ဖြတ်ထားသော ခေါင်းပြတ်ကြီးကို လူမြင်အောင်ပြခြင်းသည် မြန်မာတို့၏ စိတ်ဓာတ်တွင် ကောင်းကျိုးထက် ဆိုးကျိုးကို ဖြစ်ပေါ်စေသည်ဟု ကြားရသည်မှာ သံသယရှိစရာမလိုချေ။



အလောင်းကို ကားစင်တင်ပြီး ပြခြင်းသည် မြန်မာအာဏာပိုင်တို့ အသုံးပြုသော ကြုံတောင့်ကြုံခဲ ရက်စက်မှုကိုပြသည့် ကိစ္စ ဖြစ်သည့်အပြင် ထိုသို့ပြုလုပ်ခြင်းကို မြင်ရခဲပေသည်။ ထို့အပြင် ခေါင်းဖြတ်ခြင်းသည် အလွန်ကြမ်းကြုတ် ရိုင်းစိုင်းသော လူမဆန်သည့်အမှုဟု ယူဆထားရာ ကားစင်တင်သော်လည်း ခေါင်းဖြတ်ခြင်းကား မပြုချေ။

ရဟန်းတော်များသည် ကရုဏာတရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များဖြစ်သည်။ သူတို့သည် ဒုက္ခရောက်နေသူတို့အား ကူညီစောင့်ရှောက်ရန် အမြဲ စေတနာထက်သန်ကြသည်။ သို့တိုင်အောင် ကျန် တိုင်းသူပြည်သားများကဲ့သို့ပင် ရဟန်းတော်များကလည်း သိမ်မွေ့သော ယုံကြည်ချက်အရ ခပ်ပေါ့ပေါ့ပင် သဘောထားနိုင်ကြသည်။ လုံခြုံသည်ဟု ထင်ရသော နေရာတစ်နေရာတွင် ရဟန်းတော်နှစ်ပါး ထိုင်နေကြသည်။ ထိုနေရာမှာ မြစ်ကမ်းမှ မိုင်ဝက်ခန့်ဝေး၍ ကျွန်တော်တို့ စစ်သင်္ဘောက မကြာသေးမီက အမြောက်နှင့်ပစ်ထားသော မြို့ကလေးတွင်ဖြစ်သည်။

ရဟန်းတစ်ပါး၏ဦးခေါင်းသည် အမြောက်ဆံထိ၍ အစအနပင် ရှာမရအောင်ဖြစ်သွားသည်။ ကျန်ရဟန်းနှင့် အနီးရှိလူများသည် စကားပြောရင်းက ဖြုန်းကနဲ ပျောက်သွားသော ရဟန်း၏ဦးခေါင်းကြောင့် ငိုအားထက် ရယ်အားသန်စရာ ဖြစ်သွားလေသည်။ ထိုအကြောင်းကို ဗြိတိသျှအရာရှိအား ပြန်လည်ဖောက်သည်ချရင်း ကျန်ရစ်သော ရဟန်းတော်များက တစ်ဖန် ရယ်မောပြန်သည်။

မန္တလေးမှ အဖြစ်အပျက်များသည် မြန်မာတို့ပုန်ကန်မှုအား နှိမ်နင်းပုံကို ညွှန်ပြလျက်ရှိသည်။ လောဒ်ဒပ်ဖရင်က ရက်စက်စွာနှိပ်ကွပ်ခြင်းကို ယေဘုယျသဘောကြောင့် မဟုတ်ဘဲ အလွန့်အလွန် ရက်စက်ဖန်များသောကြောင့် မနှစ်မြို့က်ခြင်းဖြစ်သည်ဟု နားလည်ကြသည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဘုရင်ခံချုပ်သည် ကာလကတ္တားမှ မြန်မာပြည်သို့ ထွက်ခွာလာရာ ဗိုလ်ချုပ်ပရင်ဒါဂတ်က ဒီဇင်ဘာလ လယ်မှစ၍ ထိုက်ပွဲတွေအပေါ် အမည်းစက်ထင်သော လက်လွတ်စပယ် ကွပ်မျက်ခြင်းကို ရပ်ဆိုင်းရန် အထွေထွေအမိန့်တစ်ရပ် ထုတ်ပြန်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြို့ပြဆိုင်ရာ အရာရှိတို့က သေဒဏ်စီရင်ချက် ချထားသော ရာဇဝတ်သားများမှတစ်ပါး ကွပ်မျက်မှုများ မပြုလုပ်ရ ဆိုသည်ကို ရှင်း လင်းစွာ နားလည်ကြစေရန် သေနာပတိချုပ်က ဆန္ဒရှိကြောင်း" ဤအမိန့် နာမည်ဆိုးနှင့် အန္တရာယ်ကြီးကို ဖာတ်သိမ်းပစ်လိုက်သည်။

သူပုန်ဟု အမည်မှည့်ထားသူတွေအားလုံးကို အရမ်းကျုံးပြီး ပစ် သတ်နေခြင်းကြောင့်ပင်လျှင် လွန်ခဲ့သောတစ်လမှစ၍ အထက်မြန်မာပြည် တွင် တော်လှန်မှုများ အဟုန်ပြင်းစွာ ကျယ်ပြန့်သွားရသည်ဟု မဆိုနိုင် သော်လည်း သူပုန်ကျယ်ပြန့်သွားမှု၏ အဓိက အကြောင်းရင်းကြီး ဖြစ် သည်ဟု အကဲခတ်သမားများက ယူဆသည်။ သက်သေမကင်းဖြစ်လျှင် ဆွဲသတ်ပစ်လိုက်၊ သို့မှ လူတွေကြောက်ပြီး ငြိမ်သွားလိမ့်မည်ဆိုသည်ကို ကျင့်ထုံးတစ်ခုအနေဖြင့် မရေမတွက်နိုင်အောင် လက်စံကျင့်သုံးခဲ့ကြသည်။ ဤသို့ လုပ်ခဲ့သည့်စနစ်ကား ယခုအခါ အမှားဖြစ်သည်ဟု အသိအမှတ်ပြု ရလေပြီ။ ဤသို့ ပြုကျင့်ခြင်းသည် ဘုရင်ခံချုပ်နှင့် အိန္ဒိယအစိုးရတို့၏ ဆန္ဒအရမဟုတ်ပေ။

ယခုအခါ ရပ်သိမ်းလိုက်ပြီဖြစ်သော အကြမ်းဖက်နှိပ်ကွပ်မှုသည် အထက်အမိန့်ဖြင့် ပြုလုပ်ခြင်းမဟုတ်ဘဲ အရှိန်လွန်မှုနှင့် တိုက်ပွဲအတွေ့ အကြုံနည်းမှုကြောင့် ဖြစ်ရသည်ကို မြို့ပြအုပ်ချုပ်ရေး အရာရှိတို့က အလွန် စေ့စပ်သေချာစွာ စိစစ်ပြီးမှ သေဒဏ်ပေးခဲ့သည့်အချက်က ကောင်းကောင်း ကြီး သက်သေခံနေသည်။

မြို့ပြအုပ်ချုပ်ရေး အရာရှိတို့၏ အမိန့်ဖြင့် တစ်သုတ်တွင် ၅၊ ယောက်ထိအောင် ပါဝင်ခဲ့သော သာဓကဖြင့် သူပုန်တွေကို အပြုံလိုက် သေဒဏ်ချ ကွပ်မျက်မှုများနှင့်ပတ်သက်၍ ရန်ကုန်ထုတ်သတင်းများထဲ တစ်ခါတစ်ရံ စိတ်မချမ်းသာဖွယ် အသားပေး ရေးသားဖော်ပြထားခြင်းမှာ လုံးဝ အခြေအမြစ်မရှိပေ။

ဇန်နဝါရီလတွင် မြစ်ကြောင်းမှ ကျွန်တော်တို့ စုန်ဆင်းသွားသော အခါ သူပုန်အများအပြားနှင့် တွေ့ရသည်။ ပုဂံ၏မြောက်ဘက် ညောင်ဦး ဟု စာလုံးပေါင်းသော်လည်း အသံထွက်ချင်သလို ထွက်နိုင်သော ဆိပ်



ကမ်းတွင် လူ ၇၀၀ သာရှိသော ဌာနချုပ်စခန်းတစ်ခု ဆောက်လုပ်ထား သည်။ စစ်ချီထွက်လိုက်၊ ပြန်လာလိုက်ဖြင့် အမြဲလိုပင် သူပုန်တစ်ယောက် နှစ်ယောက်စ ပါလာတတ်သည်။ ထိုဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ် ထားခိုက် အိန္ဒိယဆိုင်းရင်းသား တပ်ရင်းအမှတ် ၁၁ မှ စစ်သားအချို့ သည် သူပုန်နှစ်ယောက်ကို ဖမ်းခေါ်လာကြသည်။ ၎င်းစစ်သားထဲမှ အလွန် ထွားကျိုင်းသန်မာသော စစ်သားတစ်ယောက်သည် အကျဉ်းသားတို့အား သျှောင်ကို ဆွဲခေါ်လာရာ လမ်းပေါ်တွင် မညီမညာဖြစ်နေသော ကျင်းတွေ၊ ချိုင့်တွေကို ဖြတ်ကျော်သောအခါ သျှောင်ကိုဆွဲမလိုက်သလို မြှောက်ခေါ် သွားသဖြင့် ရယ်စရာပင်ဖြစ်သည်။ အကျဉ်းသား အများအပြားကား မပါ လာပေ။

တပ်ရင်း၊ ၁၁ မှ လူ ၂၀ ပါ တပ်ခွဲတစ်ခုသည် ၆ မိုင်ကွာရှိ ရွာတွင် သူပုန်များရှိသည်ဟု ဆိုသဖြင့် အရေးပိုင် မစ္စတာအိုင်ယားကို စောင့်ရှောက် ပို့ဆောင်ရန်အတွက် ဇန်နဝါရီလ ၂ ရက်နေ့တွင် ထွက်လာ သည်။ ၎င်းအဖွဲ့တွင် ဘုရင့်အင်ဂျင်နီယာတပ်မှ ဗိုလ်အိုမီရားလည်း လိုက် ပါလာသည်။

၁၁ နာရီနှင့် ၁၂ နာရီအကြားတွင် ခေါင်းနှင့်လက်ကို ဓါးဖြင့် ရက်ရက်စက်စက် အခုတ်ခံထားရသော မစ္စတာအိုမီရားကို တင်ဆောင်ကာ ရွာသားတွေ ဆွဲလာကြသော လှည်းတစ်စီး ရောက်လာသည်။ မစ္စတာ မာတီနီနှင့် မစ္စတာ အိုင်ယားတို့သည် အစောင့်တပ်သားတို့ရှေ့က သွား နှင့်ပြီး သူပုန်တွေနှင့် တွေ့ဆုံကာ အတိုက်ခံရဟန်တူသည်။ မစ္စတာ အိုမီရား၏မြင်းမှာ သူစီးနေစဉ်မှာပင် သေနတ်မှန်သွားဟန်တူသည်။

မစ္စတာ အိုမီရားမှာ အပိုင်းပိုင်းအပြတ်ပြတ် အခုတ်ခံရသလောက် နီးပါးပင် ခံရသည်။ သို့သော် စစ်သားများနှင့် သိပ်မဝေးတော့သည်ကို သိသောကြောင့် သူ့ရဲဘော်တို့ကိုလည်း အိုမီရားကိုခုတ်ရန် အချိန်မရလိုက် ဖြစ်သွားသည်။ အချင်းဖြစ်ပွားရာနေရာသို့ စစ်သားများသည် နာရီဝက် အကြာ အရာရှိ အလူးအလဲခံရပြီးမှ ရောက်လာရာ အနီး၌ တွေ့ရသူ ၄ ယောက်ကို ဖမ်းထားသည်။ သူတို့အထဲမှ နှစ်ယောက်ကို နောက်တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် သူပုန်အဖြစ် ပစ်သတ်လိုက်သည်။ ကျန်နှစ်ယောက်မှာ အနီးအနားတွင် လယ်လုပ်နေသော လယ်သမား လူရိုးများဖြစ်ကြောင်း မစ္စတာမာတီနီက သိသဖြင့် ကံကောင်းသွားသည်။ မစ္စတာမာတီနီကသူတို့သည် သူပုန် မဟုတ်ကြောင်း သက်သေခံသဖြင့် သူတို့အား လွှတ်လိုက်သည်။ သူတို့ကား လက်မတင်ကလေး လွတ်သွားကြသူများဖြစ်သည်။

ရွာထဲသို့ ရောက်လာသောအခါ လက်ဖြင့် ဆွဲလာသော လှည်းဆီသို့ ထမ်းစင်တစ်ခုကို စခန်းမှစေလွှတ်လိုက်သည်။ ကံဆိုးသော အင်ဂျင်နီယာ အိုမီရားကို ချက်ခြင်းဆေးရုံထဲသို့ ပြောင်းရွှေ့လိုက်သည်။ အိုမီရားဆေးရုံထဲသို့ ရောက်မဆိုက်ပင် မေဂျာရောဘတ်စ်က လီဗာပူတပ်မဟာမှ စစ်သား ၅၀ နှင့် အမှတ် ၁၁ တပ်မှ စစ်သား ၅၀ ကို တက်စီးရန် အမိန့်ထုတ်လိုက်သည်။ အမိန့်ကို ထက်သန့်တက်ကြွစွာ နာခံဆောင်ရွက်ကြပုံမှာ ကြည့်ကောင်းလှသည်။ စစ်ရေးပြကွင်းဆီသို့ စစ်သားတွေ အပြေးကလေးသွားကြသည်။ တစ်ခါတစ်ရံ ခပ်ဖြည်းဖြည်းကလေးသွားရင်းဖြင့် စစ်သားတစ်ရာမှာ ရွာကိုဖြတ်ကျော်ပြီး အပြင်ဘက်ကွင်းပြင်ထဲ ၅ မိနစ်အတွင်း ရောက်သွားကြသည်။

ရိက္ခာမပါ၊ ရေဗူးမပါဘဲ ထမ်းစင်နှစ်ခု နောက်လိုက် ၁၂ ယောက်ဖြင့် ထွက်လာခြင်းဖြစ်သည်။ မြေမျက်စေ့ရောက်အောင်နစ်သော သဲလမ်းကြီးတစ်လျှောက် တောင်ကမူတွေဖြတ်ပြီး မြစ်နှင့်ဝေးရာ တောနယ်ဘက်သို့ ချီတက်သွားကြသည်။

တစ်နာရီမျှမပြည့်မီတွင် ၅ မိုင်ခရီးပေါက်ခဲ့သည်။ ကျွန်တော် ၆ မိုင် ၇ မိုင်အတွင်း သူပုန်တွေနှင့် တိုက်ပွဲတော့ တွေ့ရလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ချီတက်သွားသော စစ်ကြောင်းနှင့်အတူ လိုက်ပါသွားသည်။ ခေါင်းပေါ်တွင် ကျဲကျဲတောက်အောင် ပူလျက်ရှိသော နေမင်း၏ မွန်းတည့်နေအောက်တွင် သဲပူကြီးထဲကျွံရင်း အပြေးအလွှားချီတက်ရသည်မှာ မသက်သာလှပါပေ။ လူ ၁၀ ယောက်ခန့် လဲကျသွားသည်။ အနီးအနားတွင် သူပုန်တွေရှိသည်ဟု သိရသော်လည်း အရိပ်အရောင်ပင် မတွေ့



ရသေး။ ကုန်းမို့ပေါ်သို့တက်ရန် အပြေးအလွှားချီတက်ကြပြန်သည်။

သူပုန်တွေမှာ မြောက်ဘက်တောင်တန်းများဘက်သို့ သွားကြဟန်တူသည်။ ကျွန်တော့်တွင် လက်နက်၊ ရိက္ခာ၊ ရေမပါလာ။ ထို့ကြောင့် အပူဒဏ်မခံနိုင်သဖြင့် နောက်ပြန်မည့်သူများနှင့်အတူ ပြန်လိုက်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ဤတစ်ချီကား ကျွန်တော်တို့ လျှောက်ခဲ့ဖူးသည့် ခရီးများအနက် အပင်ပန်းဆုံး ခရီးအမှန်ဖြစ်သည်။ သေနတ်တွေကျည်ဆံတွေကိုသယ်ရင်း စိတ်ရောကိုယ်ပါ စေတနာရှေ့ဆောင်ပြီး ဒလကြမ်း ချီတက်သွားကြခြင်းသည် သူတို့၏စိတ်ဓာတ်နှင့် ကြံ့ခိုင်မှုကို ပြနေသော သာဓကပင်ဖြစ်သည်။ တောခွေးနောက် ညာသံပေး၍ တံအားလိုက်သော "ဘုံဘေတောလိုက်သမားများ"ပင် သူတို့နှင့် ပြိုင်နိုင်မည် မဟုတ်ချေ။ ကျွန်တော် ဤစာကိုရေးနေချိန် ညနေ ၅ နာရီအထိ စစ်ကြောင်း ပြန်မရောက်သေး။ သဲတွေ၊ အပူရှိန်တွေ၊ လမ်းဆိုးတွေနှင့် တောထဲတောင်ထဲ နင်းဖြတ်သွားတတ်သော မြန်မာတို့၏ လျင်မြန်သော ခြေတို့မှာ ဗူးလေးရာ ဖရုံဆင့်လျက်ရှိပြီး စစ်သားတို့၏ ခံနိုင်ရည်ကို စမ်းလျက်ရှိသော အရာများပင်တည်း။

မြစ်နှင့်ဝေးသော ရွာများတွင် ညစခန်းချထားသောအခါ ရွာများမှ အမျိုးသမီးများက ရေအိုးကိုရွက်၍ ရေလာပို့ကြသည်ကို တပ်သားကလေးတွေက ကျေးဇူးတင်စကား ပြောကြသည်။ သို့သော် အစားအသောက်ရရန်ကား ခက်လှသည်။ ရိက္ခာမပါဘဲနှင့် အပြင်းချီတက်ရသော တပ်သားတို့မှာ ကိုယ့်တပ်စခန်း ပြန်မရောက်မချင်း စားစရာရဖို့ မျှော်လင့်ချက် နည်းပါးလှသည်။ မြင်းတပ်လည်းမရှိ။

သို့သော် ဇန်နဝါရီလ ၂ ရက်နေ့တွင် မြန်မာ ရဲသား ၅ ယောက် ၆ ယောက် ပါလာသည်။ သူတို့သည် နယူးဖောင်လန်ခွေးအရွယ်ရှိ မြင်းပုကလေးတွေကို စီးလာကြသည်။ ခါးတွေ တရမ်းရမ်းဖြင့် အလွန်ဂိုက်ဖမ်းလျက်ရှိကြသည်။ သူတို့အတွက် စိုးရိမ်စရာကား အင်္ဂလိပ်တပ်တွေကသူတို့ကို သူပုန်ဟု ထင်မည်ပင်ဖြစ်သည်ဟု ကျွန်တော် ထင်သည်။ သူပုန်က သူတို့ကို ရဲသားဟု ထင်မထင်မှာ တခြားပြဿနာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ရောက် အင်္ဂလိပ်များက မြန်မာတို့သည် ရဲသားအဖြစ် အသုံးမကျသူများဖြစ်ပြီးလျှင် မြန်မာရဲသားတို့သည် သူပုန်တို့ သတင်းအရိပ်အခြည် ပေးကောင်းပေးမည်။ သူပုန်ကို ဘယ်တော့မှ မပစ်ခတ်သဖြင့် သူပုန်အတွက် အသုံးဝင်သူများဖြစ်သည်ဟု ကံသေကံမ မှတ်ယူထားကြသည်။ သို့သော် အင်္ဂလန်၌ပင် ရဲတို့သည် ပက်ပက်စက်စက် ဝေဖန်ရန် အကွက်ကောင်းကြီးဟု သဘောထားနေကြသေးသည်။

◂◂ ▸▸

## အခန်း (၁၅)

## ထိလျှင် ချသည်။

ဒီဇင်ဘာလလယ်တွင် ဗိုလ်ချုပ် ပရင်ဒါဂတ်စ်သည် ဗန်းမော်ကို သိမ်းပိုက်ရန်အတွက် စစ်သားနှစ်ထောင်ဖြင့် မန္တလေးမှ ထွက်ခွာသွားသည်။ တွေ့ရသမျှသော အခက်အခဲမှာ မြစ်ရေတိမ်မှုကြောင့်သာ ဖြစ်သည်။ ချီတက်သွားသော တပ်ကြီးသည် လမ်းတွင် အတော်ကြာရပ်နေရ၍ တရုတ်တို့နှင့် သံတမန်ရေးရာကိစ္စများ အခက်အခဲတွေ့နေသောကြောင့် အဖုအထစ်ဖြစ်ရသည်ဟု မန္တလေးတွင် သတင်းဖြစ်နေသည်။

ဤသတင်းကို အတည်ပြုရန် အကြောင်းမမြင်ရ။ သို့သော် စစ်သေနာပတိမှာ တရုတ်တို့နှင့် ထိပ်တိုက် ပဋိပက္ခဖြစ်မှုကို ရှောင်ရှားရမည်ဟု ညွှန်ကြားချက်များ ရထားသည်။ ယင်း ညွှန်ကြားချက်များကို ဦးထိပ်ပန်၍ ဆောင်ရွက်ရန်အတွက် အနည်းငယ် ကွေ့ပတ်ပြီးလျှင် မြောက်အရပ်သို့ စစ်ချီမည်ဆိုက ချီနိုင်ပေသည်။

ဗန်းမော်ချီစစ်ကြောင်းအပြင် ဒီဇင်ဘာလကုန်တွင် အခြား စစ်ကြောင်းကြီး ၄ ကြောင်းကိုလည်း ချီစေသည်။ နယ်ကို ငြိမ်သက်အေးချမ်းအောင်လုပ်ရန် တစ်ထီးတစ်နန်း ထနေသော မင်းလောင်းကို နှိမ်နင်းရန်နှင့် အန္တရာယ်တွေ့နေသော မျက်နှာဖြူတို့အား ကယ်ဆယ်ရန်အတွက် ရွှေဘိုသို့ စစ်ကြောင်းတစ်ကြောင်း ချီသည်။ ရွှေဘိုသည် မန္တလေးနှင့် မိုင် ၆၀ ခန့် ဝေးသည်။

ဒုတိယစစ်ကြောင်းမှာ ကင်းတပ်ရှိ ဘုံဘေသားများ ကုမ္ပဏီမှ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူအမှုထမ်းများကို ကယ်ဆယ်ရန်နှင့် ကျွန်တော်တို့အား ကူညီခဲ့သောကြောင့် ထွက်ပြေးနေရသော တိုင်းရင်းသား အရာရှိများကို ပြန်လည်အားပေးရန် ချင်းတွင်းသို့ ချီတက်စေသည်။

စတုတ္ထစစ်ကြောင်းမှာ တယ်လီဖုန်းကြိုးတစ်လျှောက် ချီတက်ပြီး မန္တလေးနှင့် မြင်းခြံအကြား ဆက်သွယ်ရေး ပြန်လည်ကောင်းမွန်အောင်လုပ်ရန်ဖြစ်သည်။ အောက်ဖော်ပြပါ မြို့စောင့်တပ်ချထားသော စခန်း ၁၀ ခုမှာ ဆက်သွယ်ရေးလုပ်ငန်းကို ထိန်းသိမ်းရန်နှင့် မိမိ အနီးပတ်လည်ကို ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ရန်ဖြစ်သည်။ ၎င်းတို့မှာ စစ်ကိုင်း၊ တောင်တွင်းကြီး၊ ညောင်ဦး၊ ရေနံချောင်း၊ နွားထိုးကြီး၊ ပခုက္ကူ၊ မင်းလှ၊ မြင်းခြံ၊ ဆမိတ်ကျုန် (ဆမိတ်ခုံ)နှင့် နင်းကြမ်းတို့ဖြစ်သည်။

နောင်အခါတွင် မန္တလေးမှ တောင်ငူနယ်စပ် နင်းကြမ်းအထိ တယ်လီဖုန်းကြိုးလမ်းတစ်လျှောက် စစ်ကြောင်းချီရန် ဖြစ်သည်။ ရုံပုံငွေများ ရရှိသောအခါ မီးရထားလမ်း ဖောက်လုပ်ရန် ကြံရွယ်ထားသော လမ်းအတိုင်းပင်ဖြစ်သည်။

လွှတ်တော်ကို သစ္စာခံထားသော မြန်မာ ဝန်စု မှူးစုတို့အား အထောက်အကူပေးရန်အတွက် ရဲအဖွဲ့ကို ဖွဲ့စည်းလျက်ရှိသည်။ ဤရဲအဖွဲ့ကို မြန်မာလူမျိုး ၂၅၀၀ ပါဝင်စေလျက် မြန်မာတစ်ပြည်လုံးတွင် ဖြန့်၍ထားရန် ရည်ရွယ်ထားသည်။ ဖွဲ့စည်းရန်မှာ မလွယ်လှသော်လည်း တိုင်တားမင်းကြီးအား နယ်နှင်လိုက်ခြင်းကြောင့် မဖြေရှင်း မကျော်နိုင်လောက်အောင်ပင် အခက်အခဲများ ဖြစ်ပေါ်လာသည်။ အကြောင်းမှာ ဗြိတိသျှတပ်များ တကယ်တမ်း မသိမ်းပိုက်နိုင်ရသေးသော နယ်ပယ်ဒေသများစွာတွင် ရဲအဖွဲ့ကို ဖွဲ့စည်းရန်ဖြစ်သောကြောင့်ပင်။

မန္တလေးမြို့ တာဝန်ခံအရာရှိဖြစ်သူ မေဂျာ အဒမ်ဆန်က လက်နက်ကိုင် မြန်မာရဲတို့ မြို့တွင်း၌ ပတ္တရောင်လှည့်ခြင်းကို ကန့်ကွက်လေသည်။ ထို့ကြောင့် ဤအစီအစဉ်မှာ တိုးလိုးတန်းလန်းဖြစ်သွားသည်။ ဝမ်းနည်းဖွယ် ကိစ္စလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖေဖော်ဝါရီလတွင် လော့ဒ်ဒပ်ဖရင် တိုင်းခန်းလှည့်လည် လာရောက်စဉ်က နောက်နိုဝင်



ဘာလအထိ တစ်ပြည်လုံးတွင် စစ်ဥပဒေဖြင့် ဆက်အုပ်ချုပ်ရန် စဉ်းစားဆုံးဖြတ်ရာတွင် ဤအချက်လည်း အပါအဝင်ဖြစ်သောကြောင့်ပင်တည်း။

အထက်မြန်မာပြည် အုပ်ချုပ်ရေးသည် ဖရိုဖရဲနိုင်လှပြီးလျှင် စစ်အုပ်ချုပ်ရေး မရှိသလောက်ပင်ဖြစ်သည်။ နေပြည်တော်နှင့် ဗန်းမော်၏ အပြင်ဘက်တွင် စခန်း ၁၀ ခုမျှသာ စစ်တပ်ဖြင့် သိမ်းပိုက်ထားနိုင်သော ဒေသအားကိုးတစ်ခုတည်းဖြင့်သာ ရပ်တည်နေခြင်းဖြစ်သည်။ လွှတ်တော်ကို အသုံးချရန် အားထုတ်မှုမှာ အတော်အတန် အောင်မြင်သော်လည်း အခြေအနေ မပေးသည့်အပြင် ဘုရင်ခံချုပ် မန္တလေးသို့ ရောက်လာသောအခါ လွှတ်တော်ကို ဖျက်သိမ်းပစ်လိုက်သည်။

အိန္ဒိယပြည်မှ စစ်ကူအနည်းငယ် ရောက်လာရာ စခန်း ၁၀ ခုမျှသာ ရှိနေရာမှ ၂၅ ခု အထိ တိုးတက်လာသည်။ မူလက စစ်မြေပြင်တပ်များကိုဖျက်၍ ဘုရင်ခံချုပ် တိုင်းခန်းလှည့်လည်ပြီးလျှင် အများစုကို အိန္ဒိယပြန်ပို့ရန် ကြံရွယ်ထားသည်။ ဖေဖော်ဝါရီလလယ် ရောက်သောအခါ တပ်မတော်၏အင်အားကို စစ်သားခြောက်ထောင်အထိ တိုးမြှင့်ရန် လိုအပ်သည်ဟု သဘောပေါက်လာသည်။ ဗိုလ်ချုပ် ပရင်ဒါဂတ်စ်က ရန်ကုန်တွင် စစ်ဌာနချုပ်ထားရှိ၍ မန္တလေးတွင် ပထမတပ်မဟာ။ ဗန်းမော်တွင် ဒုတိယတပ်မဟာတို့ဖြင့် အထက်အောက် မြန်မာပြည်ရှိ တပ်များကို အုပ်ချုပ်ရန်ဖြစ်သည်။

အထက်မြန်မာပြည်ကို တပ်များ တက်ရောက်သိမ်းပိုက်နေစဉ်အတွင်းတွင် အောက်မြန်မာပြည်မှ သူပုန်တို့သည် အောင်မြင်မှုကို အတော်အတန်ရရှိကြသောအချက်က အထက်မြန်မာပြည်၌ မည်သည့်ကာကွယ်ရေး အစီအစဉ်များ ဆွဲသည်ဖြစ်စေ၊ အောက်မြန်မာပြည်ကိုပါ ထည့်သွင်းစီစဉ်ရေးဆွဲရန် လိုအပ်ကြောင်း ပြလျက်ရှိသည်။

မြောက်ဘက်ချီစစ်ကြောင်းက ဗန်းမော်မြို့ကို အခုအခံမရှိဘဲ သိမ်းပိုက်လိုက်ပြီးနောက် မြန်မာမြို့စောင့်တပ်သား ၂၅၀ ကို မန္တလေးသို့ ပို့လိုက်သည်။ တရုတ်တို့သည် ဗန်းမော်မြို့ကို ကြီးစိုးနေသော ကုန်သည်

www.burmeseclassic.com

www.burmeseclassic.com



လူတန်းစားဖြစ်ကြရာ မြန်မာခရိုင်ဝန် မျက်စေ့ရှေ့၌ပင် ဗန်းမော်မြို့နှင့် အနီး တစ်ဝိုက်နယ်ပယ်တို့တွင် ထင်ရာစိုင်းလျက်ရှိကြသည်။ ဗြိတိသျှအုပ်ချုပ်ရေး ရောက်လာပါက သူတို့ ထင်တိုင်းမလုပ်နိုင်တော့ပြီကို သူတို့ ကောင်းစွာ သိကြသည်။ ထို့ကြောင့် သူတို့က အုပ်ချုပ်ရေးအပြောင်းအလဲ လုပ်သည် ကို အလွန်ကြီး မကျေနပ်ကြသော်လည်း ယခုအထိ အောင့်အည်းနေ ကြသေးသည်။

ဗန်းမော်သို့ စစ်ကြောင်းချီလိုက်သဖြင့် တကယ့်အရေးထဲတွင် မန္တလေး၌ စစ်ဌာနချုပ် မရှိတော့ချေ။ အောက်မြန်မာပြည် ဝန်ရှင်တော် မင်းကြီး မစ္စတာဘားနတ်သည် မန္တလေးသို့ ကူညီမည့်သူမပါဘဲ ရောက် လာပြီးလျှင် အထက်မြန်မာပြည်အုပ်ချုပ်ရေးကို တည်ထောင်ဖွဲ့စည်းရန် အတွက် အလွန်အားကြိုးမာန်တက် ကြိုးစားပမ်းစား စတင်ဆောင်ရွက် သည်။ မန္တလေးမြို့ကို အထူးတာဝန်အဖြစ် သူ့လက်အောက်၌ ထား၍ အစစကြီးကြပ်ကွပ်ကဲသည်။ ငတ်နေသော နယ်သူနယ်သားတို့အား အလုပ်ပေးရန်အတွက် ပြည်သူ့လုပ်ငန်းဖြစ်သော လမ်းဖောက်လမ်းပြင် လုပ်ငန်းကို စီစဉ်သည်။

လွှတ်တော် သဘာပတိဖြစ်သူ နိုင်ငံရေးအရာရှိ ကာနယ်စလေ ဒင်သည် မြန်မာလွှတ်တော်ဝန်ကြီးများနှင့် တွဲဖက်၍ ဗြိတိသျှတကယ်တမ်း မသိမ်းပိုက်ရသေးသော တိုင်းပြည်တစ်ဝှမ်းလုံးတွင် ပုံမှန်အစိုးရအသွင် လက္ခဏာများ ပြန်လည်ထူထောင်ရန် ဆောင်ရွက်လေသည်။ မန္တလေး၊ တောင်ငူလမ်းဖောက်ရန် စီမံကိန်းရေးဆွဲသော်လည်း ငွေမရှိသဖြင့် ဘာမှ မလုပ်နိုင်ပေ။ နယ်တွင် လမ်းတွေဖောက်လုပ်ရန် စီစဉ်သည်။ အခြား ဝင်ငွေ မရှိ၍ သူပုန်လုပ်ရသော လူများအား လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

အထက်က ဖော်ပြခဲ့သော စစ်ကြောင်းများကို စီစဉ်ချီတက်စေ ခြင်းမှာ ငြိမ်ဝပ်ပိပြားရေးကို ပြန်လည်ထူထောင်ရန်အတွက်ဖြစ်သည်။ စစ်ကြောင်းများ ချီပြီးနောက် တစ်နေရာစီတွင် ဖြစ်ပွားတိုက်ခိုက်ခဲ့သော တိုက်ပွဲများကို ဆက်စပ်၍ ရှင်းလင်းအောင် စီစဉ်ရေးသားရန် မလွယ်လှ သော်လည်း အရေးပါသော တိုက်ပွဲကြီးအနည်းငယ်ကို ကြည့်၍ ယေဘုယျ



သန္တာန်ကို ဆုံးဖြတ်နိုင်သည်။

ဒီဇင်ဘာလတွင် ပုန်ကန်သောင်းကျန်းမှုများ လုပ်တော့မည် ဖြစ်ကြောင်းနှင့် တော်လှန်ရေးကြီးအသွင် အုံကြွလာတော့မည်ကို ညွှန်ပြ လျက်ရှိသော ပထမဆုံးကိစ္စမှာ အမှတ် ၂၃ မဒရပ် ခြေလျင်တပ်မှ တက်လူ လက်ဖတင်နင်ကော့ကာရမ် ကျဆုံးရခြင်းပင်ဖြစ်သည်။ သူသည် မန္တလေး နှင့် ၁၆ မိုင်ဝေးသော တစ်ဖက်ကမ်း စစ်ကိုင်းတွင် ချထားသောတပ်မှဖြစ် သည်။ တစ်ချက်မှမပစ်ရဘဲနှင့် ခံတပ်ကြီးကို ထိုးအပ်ခြင်းခံရပြီးလျှင် လက် နက်ချပြီးသောအခါ မြန်မာပြည်သားများအား ထွက်ခွာသွားခွင့် ပေးလိုက် သည်။ မဒရပ်တိုင်းရင်းသား ခြေလျင်တပ်မှ တပ်ခွဲ ၃ ခွဲနှင့် ဟမ့်ရှိုင်းယား တပ်မဟာမှ တပ်ခွဲတစ်ခွဲတို့ကို ကာနယ်ကင်းဘဲလ် အုပ်ချုပ်၍ အစောင့် တပ်အဖြစ် ချထားခဲ့သည်။ သူတို့အား ပစ်ထားခဲ့သဖြင့်လည်းကောင်း၊ တိုက်ပွဲမဝင်ရသဖြင့်လည်းကောင်း စိတ်ညစ်နေကြသည်။

သို့ရာတွင် ဘေးပတ်လည် နယ်မြေဒေသမှာ အလွန်ရှုမောဖွယ် ကောင်းလှသည်။ ကျွန်တော်၏တွက်ကိန်း မှန်မည်ဆိုပါက နောင်တွင် မန္တလေး၌ အလုပ်အကိုင်လုပ်လျက်ရှိသော မျက်နှာဖြူများသည် ဤနေရာ တွင် စံအိမ်တော်ဆောက်ပြီး နေစရာကောင်းသော နေရာပင် ဖြစ်လိမ့်မည်။ ကျွန်တော်သည် ကော့ကာရမ်နှင့် ဒီဇင်ဘာလ ၂၃ ရက်နေ့က တွေ့ကြသေး သည်။ သူသည် အနီးအနားပတ်လည်သို့ ရောက်ခဲ့ပြီး ဤရှုခင်းသာယာပုံ၊ မြေဩဇာထက်သန်ပုံအကြောင်း ပြောခဲ့သည်။

ထိုအချိန်က မန္တလေး အနီးတစ်ဝိုက်တွင် သူပုန်တို့ အရိပ် အရောင်ပင် မရှိသေးပေ။ ၂ ရက် ၃ ရက် ရှိသောအခါ ဘုံဘေဘားမား ကုမ္ပဏီ ချင်းတွင်းမြစ် ကိုယ်စားလှယ်တို့အား ရက်စက်စွာသတ်ဖြတ်ခဲ့ သော သံတော်ဆင့် မောင်စံဘုန် (မှတ်ချက်။ ။ မောင်စံဘော်၊ မောင်စံဒို ဟုလည်း အသံထွက်နိုင်ပါသေးသည်။) တို့၏ ဂိုဏ်းသားအချို့ပါ ထင် ရသော သူပုန်တစ်စုသည် အနောက်မြောက်ဘက် ၈ မိုင်ခန့်တွင် စုရုံးနေကြ သည်ဟု သတင်းထောက်လှမ်း ရရှိသည်။ ကော့ကာရမ်သည် ကုလား စစ်သား ၄၀ ခေါ်ပြီးနောက် ဟမ့်ပ်ရှိုင်းယား တပ်မဟာမှ ဥရောပသား

www.burmeseclassic.com

www.burmeseclassic.com



၃၀ ပါဝင်သော လက်ဖတင်နှင်လိုက်စ်တစ်နှင့် ပူးပေါင်းလိုက်သည်။

သူတို့၏ ရည်ရွယ်ချက်မှာ ၁ ရက်ကြာမျှသာ ထွက်ရန်ဖြစ်သည်။ သို့သော် သတင်းရသော ရွာတွင် သူပုန်မတွေ့ရာ စစ်ကိုင်းရှိ တပ်မှူးထံသို့ နောက်တစ်ရက် နေဦးမည်ဖြစ်ကြောင်း သတင်းပို့လိုက်သည်။ ရန်သူနှင့် သေချာပေါက်တွေ့ရမည်ဆိုသော နောက်ထပ် ၉ မိုင်ဝေးသောအရပ်သို့ ချီတက်ပြန်သည်။ ထိုနေ့မှာ ဒီဇင်ဘာ ၂၇ ရက်ဖြစ်သည်။ နောက်ဆုံးတွင် ဇေတီထဲ၊ ကျောင်းထဲတွင် အကျ နေရာယူထားသော သူပုန်အတော်များများနှင့်တွေ့၍ အနိုင်မခံ အရှုံးမပေးဘဲ တိုက်သည်။

ဗိုလ် ၂ ဦးက နှစ်ဖက်ညှပ်တိုက်ရန်အတွက် သူတို့လူကို ၂ စု ခွဲလိုက်သည်။ သူပုန်တွေ နေရာယူထားသော နေရာသည် ကိုက် ၄၀ ကွာအထိ တောအုပ်ချုံနွယ်တို့ဖြင့် ကာဆီးလျက်ရှိပြီး ထိုကိုက် ၃၀ လွန်သောအခါ တစ်ဖန် အကာအဆီးမရှိသော ပြောင်တလင်းဖြစ်သည်။ ကော့ကရမ်သည် မြင်းပေါ်မှဆင်းပြီး သတိထားကာ တလင်းပြင်သို့ ကင်းထောက်ရန် တစ်ယောက်တည်းသွားသည်။ သူတို့ကို ပိုင်းပစ်ကြလေရာ သူ ချက်ခြင်းပင် လဲကျသွားသည်။

အခြားတစ်ဖက်မှ တက်လာသော လက်ဖတင်နှင် လိုက်စ်က ကော့ကရမ် ကျသွားသည်ကို မြင်လိုက်ရာ သူ့တပ်သားများက ကာပစ်ပစ်ပေးရင်း ရှေ့သို့ကူညီရန် တက်လာသည်။ သနားစရာ ကော့ကရမ်မှာအသက်မရှိတော့ပြီ ဖြစ်သော်လည်း လိုက်စ်က ကော့ကရမ်အလောင်း သယ်ရန်ဆုံးဖြတ်လိုက်ပြီးလျှင် မိမိသဘောဖြင့် ကူညီမည့်သူကို လှမ်း ခေါ်လိုက်သည့် ဟမ့်ပ်ရှိုင်းတပ်မဟာမှ တပ်သားဝစ်သည် စွန့်စားကူညီရန် ချက်ခြင်းထွက်လာပြီးလျှင် အလောင်းကိုသယ်ရာတွင် ရဲရဲဝံ့ဝံ့ ဆောင်ရွက်သည်။

လိုက်စ်မှာ ကျည်ဆံ ၂ ချက်မှန်သည်။ သံခမောက်တွင်တစ်ချက် ခြောက်လုံးပြူးအိတ်ကိုတစ်ချက်မှန်သော်လည်း အကြီးအကျယ် ထိခိုက်ခြင်းမရှိ။ ထိုအတောအတွင်း၌ အခြားသူ ၆ ယောက် ဒဏ်ရာဖြင့် လဲနေသည်။ တပ်ကြပ်အဲရစ်၊ တပ်သား ချာလီစမစ်၊ ဟမ့်ပ်ရှိုင်းယားတပ်မှ မာ



တင်နှင့် ကုလားစစ်သား သုံးယောက် ဖြစ်သည်။

အမြောက်တွေမရှိဘဲနှင့် တိုက်ခိုက်သိမ်းပိုက်ခြင်း မပြုနိုင်သည်ကို တွေ့မြင်လေရာ လိုက်စ်သည် ဒဏ်ရာရသူကိုသယ်၍ စစ်ကိုင်းသို့ ပြန်လာခဲ့သည်။ အထက်ဖော်ပြပါ အကျအဆုံးအပြင် ကုလားစစ်သား တစ်ယောက် ပျောက်နေသည်။

သူပုန်တစ်စုသည် မန္တလေးတောင် မြောက်ဘက် ၃ မိုင်ကွာခန့်တွင် အကြီးအကျယ် တိုက်ခိုက် လုယက်ပြီး တစ်နယ်လုံး ဖိန့်ဖိန့်တုန်အောင် ထကြွလျက်ရှိသည်။ ယင်းသူပုန်ကို နောက်ပိုးသိပ်ရန်အတွက် ၂၈ ရက်နေ့တွင် အမှတ် ၂၃ မဒရပ် ခြေလျင်တပ်မှ တပ်ခွဲ ၃ ခွဲကို ကာနယ်ဂေါ်ဒွန် ကွပ်ကဲပြီးလျှင် အမှတ် ၂ မဒရပ်မြင်းတပ်မှ ဓါးကောက်ကိုင် တပ်သား ၃၀ ကို လက်ဖတင်နင် ဟောလိုဝေး ကွပ်ကဲလျက် ညအချိန် ချီတက်ရန် ညနေ ၅ နာရီတွင် တပ် ထွက်သွားသည်။ သန်းခေါင်ကျော်၍ နံ နက် ကျော်ချင်း မဒရပ်တပ်ခွဲ ၂ ခွဲကို လက်ဖတင်နင် ကာနယ်မစ်ဒဲလ်ဘာန် အုပ်ချုပ်၍လည်းကောင်း၊ မဒရပ်မြင်းတပ်မှ ကုလားမြင်းတပ်သား ၄၀ ကို မေဂျာနန်း အုပ်ချုပ်၍လည်းကောင်း၊ ဘုရင့်အမြောက်တပ်မှ အမြောက်နှစ်လက်နှင့် ဟမ့်ပ်တပ်မဟာမှ စစ်သား ၁၅၀ တို့ကို မေဂျာကောလင်း ကွပ်ကဲ၍လည်းကောင်း မျက်နှာချင်းဆိုင်တိုက်ရန် စေလွှတ်လိုက်သည်။

မစ်ဒဲလ်တန်၏ တပ်ဖွဲ့သည် ရွာထဲ လုယက်နေသော သူပုန်တစ်ဖွဲ့နှင့်တွေ့ရာ ခွင် ပိုက်လံ တိုက်ခိုက်မောင်းထုတ်လိုက်ရာ သူပုန်တို့လူ ၂၀ ခန့် သေသူသေ၊ ဒဏ်ရာရသူရသည်။ သူပုန် တွမှာ ရှမ်းတွေဖြစ်သည်။ ကျန်သူပုန်တို့ကလည်း ခြေကုန်သုတ်ကြသည်။ ဂေါ်ဒွင်စစ်ကြောင်းက သူပုန်တွေ ဆုတ်လမ်းကို ဖြတ်ထားရန်အတွက် အချိန်မီ မဝိုင်းမိသော်လည်း ရှမ်းသူပုန်တစ်စုနှင့်တွေ့၍ တိုက်ရာ ရှမ်း ၆ ယောက် ကျသွားသည်။ ကျွန်တော်တို့ဘက်က တစ်ယောက်မှ အထိအခိုက် အကျအဆုံးမရှိချေ။

ဤမျှ စောစောစီးစီး ကျွန်တော်တို့နှင့် ရှမ်းများ ပဋိပက္ခဖြစ်ရသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည် အစိုးရ၏ ဝါဒပေါ်လစီမှာ ရှမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေကို မြန်မာဘက်မှ ဖဲ့ထုတ်ပြီး စော်ဘွားဟုခေါ်သော သူတို့၏ တိုင်းရင်းသား မင်းသား၏လက်အောက်တွင်ထား၍ လွတ်လပ်ရေးပေးရန်ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကဆိုလျှင် ဤစော်ဘွားများက တစ်နှစ်တစ်ကြိမ် ပဏ္ဏာတော်ဆက်သမြဲဖြစ်သည်။ သို့သော် အမည်ခံ အသိအမှတ်ပြုရုံကလေး ပြုသည့်မှတစ်ပါး သီပေါမင်းကို သူတို့၏ အရှင်သခင်အဖြစ် အသိအမှတ်ပြုခဲ့ပုံမရပေ။ ထို့ပြင် မြန်မာတို့အား ဆန့်ကျင်၍ ကျွန်တော်တို့ဘက်သို့ လုံးလုံးကြီး ပူးပေါင်းလာလိမ့်မည်ဟု အောက်မေ့သည်။ ဤသို့ ဖြစ်ပေါ်လာ မလာကို စောင့်ကြည့်ရန်သာရှိသည်။

သို့သော် ၄-၅ နေရာတွင် သူတို့နှင့် တိုက်ပွဲငယ်များ ဖြစ်ခဲ့ရာ အနည်းနှင့်အများ ကျွန်တော်တို့အစိုးရအား ဆန့်ကျင်ဘက်ဖြစ်လာသည်။ ထို့ပြင် ရှမ်းတို့သည် မန္တလေးမှ ဘုန်းကြီးယောင်ဆောင်၍ ရှမ်းပြည်ဘက်သို့ ထွက်ပြေးလွတ်မြောက်သွားသည်မှာ ၁၈ ယောက်သာ ရှိသေးသည်။ မြင်းစိုင်းမင်းသားငယ်အား ထောက်ခံလျှက်ရှိသည်။

၂၉ ရက်နေ့တွင် စစ်တပ်နှင့် ရဲအဖွဲ့ဝင်တစ်စုတို့သည် ရွှေထီးဆောင်း မြန်မာဗိုလ်တစ်ဦး ခေါင်းဆောင်ကာ ဆင်နှစ်စီးဖြင့် ကြေးအမြောက်အများကို တင်ဆောင်လာသော ရှမ်းသူပုန်တို့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ ခေါင်းဆောင်ကျဆုံးပြီးလျှင် ရှမ်းတို့ကိုလည်း အထိနာအောင် တိုက်ထုတ်လိုက်သည်။ ဤလို ဖြစ်ပွားခဲ့သောနေရာမှာ မန္တလေး အရှေ့မြောက်ဘက်တွင် ဖြစ်သည်။

ထို့နောက်တွင် ဘုံဘေဘားမားကုမ္ပဏီ အမှုထမ်းများထဲမှ အသက်ဆုံးရှုံးမှုများ ထပ်မံဖြစ်ပေါ်ခဲ့သည်။ ကုမ္ပဏီကိုယ်စားလှယ်တစ်ဦးဖြစ်သူ မစ္စတာဂျော့ကဲလိုဂရစ်နှင့်အတူ မစ္စတာဝပ်ကာနှင့် မစ္စတာဂရေးတို့သည် ဒီဇင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့ ညနေတွင် မန္တလေးမှ တောင်ဘက်သို့ ခရီးထွက်သွားကြသည်။ ယင်းခရီးမှာ နင်းကြမ်းသို့သွားခြင်း ဖြစ်ပြီးလျှင် လွန်ခဲ့သော တစ်လမပြည့်မီ သူတို့သွားခဲ့စဉ်အချိန်က လုံး၀ [illegible] လုံခြုံသောအရပ်ဖြစ်သည်။

သူတို့တွင် လက်နက် ၂၀ ပါသွားပြီး အန္တရာယ်လည်း မတွေ့



နိုင်ဟု မျှော်လင့်ထားသည်။ သူတို့နှင့်အတူ ဝန်ဒိုင်စာရေ (ဝန်ဒိုင်စာရေး) မောင်ကြွက်လည်း ပါသွားသည်။ ၎င်းမောင်ကြွက်သည် မကြာသေးမီကပင် ဥရောပသားများအား ကူညီထမ်းဆောင်ခဲ့မှု၍ ဘုံဘေဘားမားကုမ္ပဏီ၏ တောင်းဆိုမှုကြောင့် သူ့အား သစ်တောခရိုင်ဝန်အဖြစ် လွှတ်တော်က ခန့်လိုက်သည်။ ယင်းသစ်တောမှာ မစ္စတာ ဂျော့ကဲလိုဂရစ်ဒီတို့က ချက်ခြင်း အလုပ်စတင်လုပ်လိုသော သစ်တောပင်ဖြစ်သည်။

မောင်ကြွက်က သစ်တောလုပ်ငန်းရှင်များအား အချိန်စောင့်ရန် ပြောသော်လည်း သူတို့က ဖွတ်လုပ်ရမှ ဖြစ်နေသည်။ သူတို့အဖွဲ့သည် အမရပူရ ကျော်မိလျှင် အခြေအနေမလှသော လက္ခဏာများကို တွေ့ရသည်။ သူတို့နှင့်ပါလာသော လှည်းသမားနှင့် လှေသမားတို့က သူတို့အား စွန့်ခွာသွားကြသည်။ တိုင်းပြည်လည်း ယခုအခါ ကျွန်တော်တို့အား လက်နက်ကိုင်၍ ပုန်ကန်လျက်ရှိသော မြင်စိုင်းမင်းသားအား မကြာမီကမှ ခရိုင်ဝန်အဖြစ် ခန့်ခဲ့သော သူ၏နေရာတွင် ခန့်ထားလိုက်ပြီဟု ခရိုင်ဝန်က ကြား၍ စိုးရိမ်လာပြီးလျှင် နောက်ဆုံးတွင် ဘုံဘေဘားမား ကိုယ်စားလှယ်တို့အား ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ထားပစ်ခဲ့ကာ သူ့လူတွေကို ရုပ်သိမ်းသွားလေသည်။

ဒီဇင်ဘာ ၃၀ ရက်နေ့ မနက်တွင် ရာချီ၍ အင်အားရှိသော မြန်မာလက်နက်ကိုင်တို့နှင့် မစ္စတာကဲလိုဂရစ်ဒီတို့သည် ရင်ဆိုင်တွေ့ရသည်။ သူတို့သည် မိမိအလုပ်ကို အေးချမ်းစွာ လုပ်လိုသော ကုန်သည်များဖြစ်ကြောင်း၊ သို့သော် သူတို့အသက်ကို ရန်မရှာဘူးဆိုပါက သူတို့ပစ္စည်းများကို ပေးအပ်မည်ဖြစ်ကြောင်း စကားကမ်းလိုက်သည်။ အဖြေမှာ "သူတို့ဟာ မျက်နှာဖြူတွေမို့ သူတို့အသက်ကို လိုချင်တယ်"ဟု ဖြစ်သည်။

တိုက်ပွဲဖြစ်ပွားရာ မနက် ၆ နာရီမှ ၉ နာရီအထိ ကြာသည်။ ထိုအချိန်တွင် နောက်ကျောမှ ဝင်လာသောသူများက ပစ်ခတ်သောကြောင့် ကဲလိုဂရစ်ဒီ၊ ဝပ်ကာနှင့် နောက်ပါလူနှစ်ယောက်တို့ သေနတ်ထိမှန်သည်။ မြန်မာ ၁၁ ယောက်သေ၍ ၂၄ ယောက် ဒဏ်ရာရသည်။ မစ္စတာဂရေးမှာ သူ့လက်ကို သေနတ်ထိမှန်၍ ကျိုးသွားပြီး သုံ့ပန်းအဖြစ် အဖမ်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်နေစဉ်တွင် ထွက်ပြေးသွားသော အစေခံတစ်ယောက်က ဖြေ့သဖြင့် မန္တလေးသို့ သတင်းရောက်သွားသည်။ ထိုသတင်းကို နောက်တစ်နေ့နံနက်တွင် ဓါးဒဏ်ရာနှစ်ချက်ရသော်လည်း မြို့သို့ရောက်အောင် ပြေးနိုင်သူ နောက်ထပ် အစေခံတစ်ယောက်က အမှန်ဖြစ်ကြောင်း ပြောပြသည်။ သူ ပြေးလာချိန်တွင် လူတွေ လဲကျလျက်ရှိသည်။

ခရိုင်ဝန်အသစ်ဖြစ်သော မောင်ကြွက်မှာ ဖြစ်ပွားရာသို့ အရိပ်အရောင်ပင် ပေါ်မလာပေ။ သူသည် တိုင်တားမင်းကြီး၏ ဆွေမျိုးဖြစ်၍ တိုင်တားမင်းကြီးအား နယ်နှင်လိုက်သည်ကို မကျေမနပ်ဖြစ်ရန် အကြောင်းရှိသည်။ သူ့အနီးအနားပတ်လည်တွင် စုရုံးနေကြသော သူပုန်တွေကို အကြောက်လွန်ပြီး နိုင်ငံခြားသားတွေ ကိုယ့်ဖာသာ တိုက်ရစ်ကြပေတော့ဟု ထားပစ်ခဲ့ကာ သူပုန်တွေနှင့် ကြေရာကြေကြောင်း သူ့အတွက် လုပ်ပြီးသွားလေသည်။

ဤအဖြစ်အပျက်များက နေပြည်တော်အား ခြိမ်းခြောက်နေသော သူပုန်များကို ဖြိုခွဲပစ်ရန်အတွက် ပြတ်ပြတ်သားသား အရှုံးအနိုင်ပေါ်အောင် တိုက်ခိုက်ရန်အချိန် ရောက်လာပြီဖြစ်ကြောင်း ဗိုလ်ချုပ်ပိုက်အား စေ့ဆော်လိုက်သည်။ ဒီဇင်ဘာလကုန်သည့်နေ့တွင် စစ်ကြောင်းတစ်ကြောင်းကိုလည်းကောင်း၊ ဇန်နဝါရီ ၁ ရက်နေ့တွင် လမ်းနှစ်ခုခွဲ၍ စစ်ကြောင်းနှစ်ကြောင်းကို တစ်ချိန်စီခွဲ၍ ဗိုလ်ချုပ်ပိုက်က စေလွှတ်လိုက်သည်။ ဤတပ်များသည် မန္တလေး၏ အရေးပေါ်လိုအပ်မှုအတိုင်း လုံလောက်အောင် အင်အားတောင့်တင်းသည့်အပြင် နယ်ဒေသများသို့ ချီတက်ရှင်းလင်းပြီး စစ်နှစ်ကြောင်းညှပ်၍ ရန်သူကို ချမှုန်းနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ တစ်ဖန်ပြန်၍ ကြောက်လန့်စိုးရိမ်ဖွယ်များ ပေါ်လာမည့်အပြင် မန္တလေး နေပြည်တော်နှင့် မြို့ဆင်ခြေဖုံးတို့တွင် အလွန် ဆူပူလာလေရာ ဤသို့ဆောင်ရွက်ရန် ပိုမို လိုအပ်လာပေသည်။

ဗိုလ်ချုပ်ပိုက် ရပ်ကွက်တကာကို မကြာခဏလှည့်၍ တစ်ညလုံးပေါက် လှည့်ကင်းတွေချထားရန် အမိန့်ထုတ်၍ ကောင်းစွာစီစဉ်သည်။ ကင်းလှည့်တစ်ဖွဲ့လျှင် ၅၀ ပါ၍ လူ ၂၅ ယောက်ပါ ကင်းစောင့်အဖွဲ့ကို



ကင်းစခန်းများစွာတွင် ချထားသည်။ နန်းတွင်းသစ်တပ် မျက်နှာစာတစ်ဖက်စီကို အလယ်တည့်တည့်မှ ဖေါက်၍ သစ်တပ် အပြင်ဘက်နှင့် အဝင်အထွက် ပြုလုပ်ရာ မြို့ရိုးတံခါးကို ဆီးထားနိုင်မည်ဖြစ်ကာကတုတ်ခံတပ်များ ဖြစ်လာအောင် ရှေ့တိုးထားခြင်းဖြစ်သည်။ ကတုတ် တစ်ခုလျှင် အမြောက် ၆ လက်၊ ၈ လက်ဖောက်၍ တပ်ထားသည်။

မြောက်ဘက်စစ်ကြောင်းမှ သတင်းရသည်။ ဧရာဝတီမြစ်ဝှမ်းရှိ ရွှေဘိုခွဲ မျက်နှာဖြူအများအပြားတို့သည် လုံခြုံစွာရှိကြသည်။ ခန့်မှန်းထားသည့်အတိုင်း ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဗန်းမော်မြို့သို့ ရောက်သည်။

တိုင်တားမင်းကြီးအား ဖမ်းဆီးလိုက်သည်ကို မြန်မာတို့က ယေဘုယျအားဖြင့် နှစ်သက်ကြသည်။ သို့သော် ယာယီ အစိုးရအဖွဲ့ဝင်တို့ကမူ ကြောက်လန့်နေကြသည်။ ကင်းဝန်မင်းကြီးသည် နှစ်ဦးအစောပိုင်း၌ ပြန်ရောက်လာသည်။ သူသည် တိုင်းရေးပြည်ရေးတွင် နှစ်ရှည်လများ ဆောင်ရွက်ခဲ့သူဖြစ်သောကြောင့် တိုင်တားမင်းကြီးထက်ပို၍ အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ရသည်။ သို့သော် မျှော်လင့်ချက်ကား ကောင်းအထည်မပေါ်လာပေ။

ထိုအတောအတွင်းတွင် ကောလာဟလများကလည်း အလုံးအရင်းလိုက် ပြန့်လျက်ရှိသည်။ သူပုန်တို့၏ စိတ်ဓာတ်အင်အား၊ လူအင်အားများလည်း မန္တလေးတစ်ဝိုက်တွင် အသေအချာ တိုးတက်လျက်ရှိပြီးလျှင် မန္တလေးတစ်ဝိုက်တွင် သူပုန်တို့ ကြီးစိုးချင်တိုင်း ကြီးစိုးနေကြသည်။ သူပုန်ထသောရွာများသို့ တပ်ဖွဲ့များကို အစဉ်မပြတ်စေလွှတ်သည်။ သို့သော် အများအားဖြင့် ပင်ပန်းစွာချီတက်လာသော စစ်တပ်ကြီးမရောက်ခင် သူတို့က ကိုယ်ရောင်ဖျောက်သွားကြသည်။

သံ့ပန်းအချို့ကိုမိသည်။ တချို့ကို သတ်ပစ်သည်။ အချို့ကို ကြိမ်ဒဏ်ချသည်။ ပြီးလျှင် စစ်တပ်ပြန်လာသည် အတော်ဝေးဝေး ရောက်နေသော စစ်ကြောင်းက ၎င်း၏တပ်သား ၃၀ ကို ဆေးရုံပို့ရသည်။ ပင်ပန်းမှု၊ အစားမှားမှု၊ ရေမသန့်ရှင်းမှုတို့ကြောင့် ဖြစ်သည်။ မုဒ္ဒရပ်မြင်း

www.burmeseclassic.com

www.burmeseclassic.com



တပ်တစ်တပ်ကို နောက်တစ်ကြိမ်တွင် စေလွှတ်လိုက်ရာ သစ်တောကြီးနှင့် မဖြတ်နိုင်သော နွံကြီးကိုတွေ့သောကြောင့် ပြန်လာခဲ့ကြသည်။ သူပုန်တို့အား နှိမ်နင်းပေးရန် တောင်းဆိုသည်ကို အမြဲတမ်း ဥပေက္ခာပြုထားရန် မဖြစ်နိုင်သော်လည်း ဤသို့ တိုက်ပွဲငယ်များဖြင့် တန်ပြန်တိုက်စစ်ဆင်ခြင်းကြောင့် အကျိုးရှိသည်ထက် အကျိုးယုတ်မယုတ် စဉ်းစားရမည့်ကိစ္စပင် ဖြစ်သည်။

"စစ်တပ်ဖြင့် ကွပ်မျက်မှုများသည် မြန်မာတို့၏ စိတ်ဓာတ်ကို ပျော့လင့်သလောက် မထိရောက်ချေ"။ ကံစီမံသည့်အတိုင်း ဖြစ်ရသည်ဟု ၍သာ ကံကိုပုံချလိုက်ကြသည်။ အကယ်၍ ကျန်ခဲ့သောသူအား ချောက်လှန့် လိုမည်ဆိုလျှင် သတ်ပစ်မှပင် ဖြစ်ပေမည်။ ကျန်သူကလည်း အန္တရာယ်ရှိသည့် လမ်းကိုရှောင်သွားပြီး တောခိုသွားလိမ့်မည်ဖြစ်သည်။

ခပ်ကြမ်းကြမ်းနှိမ်နင်းမှုကြောင့် လက်တွေ့ အကျိုးတရား မည်သို့ပေါ်လာသည်ဖြစ်စေ၊ သူပုန်တို့၏ တိုက်ခိုက်မှုမှာ အစကထက်ပို၍ ကြမ်းတမ်းလာသည်။ သူတို့သည် စစ်တပ်ရှေ့ကရောက်အောင်သွားနည်း ရှောင်နည်းကိုလည်း တတ်လာကြပြီး စစ်တပ်ကို အနှောင့်အယှက်ပေးရာတွင်လည်း ကျွမ်းကျင်၍ ဉာဏ်ကူလာကြသည်။ အကာအကွယ်ကောင်းကောင်းယူပြီး စစ်တပ်ကို ပစ်သည်။ အခြားတပ်သားနှင့် ကွဲလာသူစစ်သားအား ဓါးဖြင့်ပိုင်းကြသည်။

အကယ်၍ မန္တလေးနှင့် အောက်မြန်မာပြည်လမ်းတစ်လျှောက်တွင် မြို့စောင့်တပ်များကို ၁၀ တပ်မှ ၂၅ တပ်အထိ တိုးချဲ့မည်ဆိုလျှင် ယခုထက် အင်အားကောင်းလာပြီးလျှင် ယခု စနစ်အရ လုပ်နေသော စိတ်ဓာတ်စစ်ဆင်ရေးမှာလည်း အကောင်အထည်ပေါ်လာမည် ဖြစ်သည်။ မြို့စောင့်တပ်များသည် အများအားဖြင့် တပ်ဆွယ်လေးများဖြစ်ရာ ရန်သူကသာ ဖူးလူးတို့လို၊ အာရပ်တို့လို ဓွတ်စွန့်စားမည်ဆိုပါက ကိုယ့်တပ်စခန်းကိုပင် ထိန်းနိုင်မည် မဟုတ်ပေ။ သို့ဖြစ်လေရာ သူပုန်များသည် ကြောက်မသွားကြဘဲ သတ္တိ ရဲသထက်ရဲလာကြသည်။

မည်သူကမှ မမျှော်လင့်ဘဲ ဗြုန်းကနဲပေါ်လာသော မင်းသားများ



၏ ခေါင်းဆောင်မှုအောက်တွင် အဖွဲ့အစည်းများ ဖွဲ့လာကြသည်။ မင်းလောင်းများအနက် တစ်ဦးမှာ အသက် ၁၈ နှစ်သာရှိသေး၍ ကုန်းဘောင်မင်းဆက်ဟု ဆိုသည်။ သူ့နောက်လိုက်များအတွက် ကုန်းဘောင်မင်းဆက်ခံမည့်သူဟူသော ဂုဏ်သည် သူ၏ စစ်ရေးကျွမ်းကျင်မှုနှင့် သူ့ အစွမ်းထက် တန်ဖိုးရှိပုံရသည်။

သူသည် သီပေါမင်း၏ ညီဝမ်းကွဲဖြစ်သည်။ အခြား မင်းလောင်း မင်းသားတစ်ပါးက အသက်ပိုကြီးသည်။ သူလည်း သီပေါ၏ ဝမ်းကွဲနောင်တော်ပင်ဖြစ်သည်။ တတိယမင်းလောင်းမှာ မင်းမျိုးမင်းနွယ်ဟု ပြောနေသော်လည်း သူ့အကြောင်းမှာ ခပ်ရှုပ်ရှုပ်ဖြစ်ဟန်တူ သည်။ သူ့အား ဖမ်းမိသောအခါ အယောင်ဆောင်သူအဖြစ် သတ်ပစ် လိုက်သည်။ ဤ မြန်မာမင်းနွယ်အဆက်များ၏ နောက်လိုက်တို့သည် မိမိတို့ကိုယ်ကို စစ်သားဟု သဘောထားကြသည်။ အမြောက်တွေကို ရှာကြံလာပြီး စွန့်စား၍ တိုက်ပွဲဝင်ကြသည်။ သို့သော် အလွယ်တကူဖြင့် တပ်လန်သွားကြပြီးလျှင် လုံ့စွပ်ဖြင့်ထိုးခြင်းကို ခံနိုင်ရည်ရှိပုံ မပေါ်ကြပေ။ သူတို့သည် တောထဲသို့ လွတ်မြောက်သွားကြပြီးလျှင် နောက်က ပစ် နေသော ကျည်ဆံတွေကို ဟားတိုက်နေကြလိမ့်မည်။

မြောက်ဘက်နယ်တွင် လူ ၉၀၀၀ နှင့် မင်းသားတစ်ပါး ချီတက်သွားသည်ဟုလည်းကောင်း၊ နောက် မင်းသားတစ်ယောက်မှာ နောက်ပါ ၂၀၀၀ နှင့် ၅၀၀၀ ကြားရှိ လူအင်အားနှင့် မိုင် ၆၀ ဝေးသော ရွှေဘို အနီးတဝိုက်တွင် ရှိသည်ဟုလည်းကောင်း၊ မန္တလေးတွင် ဈေးစကား အဖြစ်ကြားရသည်။ ရွှေဘိုဘက်မှ မင်းသားသည် လယ်ကွင်းနှင့်ရွာတွေကို တိုက်ခိုက် ပြီး တွေ့သမျှလူတိုင်းကို ဓွတ်ခေါ်ပြီးလျှင် သူ့နောက်မလိုက်သော ရွာတွေ ကို မီးရှို့သည်။ သူက မန္တလေးကို သိမ်းပစ်မည်ဟု ကြွားသည်။ သူ ရှိရာသို့ မန္တလေးမှစစ်တပ် စေလွှတ်လိုက်သည်။ စစ်တပ်အရင် သူက တောင်ဘက်သို့ ဆုတ်ခွာသွားကောင်းသွားမည်။ သူ ဆုတ်သော ရွာ တစ်လျှောက်တွင် အရပ်ရပ်၌ ဖြစ်နေသည့်အတိုင်း ဖရိုဖရဲ ဖျက်ဆီးပစ်ခဲ့လိမ့်မည်။ ဤခေါင်းဆောင်၏လက်အောက်တွင် သေနတ်ပေါက်နက်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



နောကပေ့ကဲ အတော်အတန်များသည်။ သို့သော် သူ့တွင် လက်နက်ခဲယမ်းမီးကျောက် အပိုမရှိ။ အခြားနေရာမှလည်း မရနိုင်လေရာ သူ့တွင်ရှိသော ယမ်းမှုန့်မှာ ကြာကြာခံမည်မဟုတ်ချေ။

မန္တလေးသည် ရှမ်းရိုးမတောင်တန်းနှင့် အချို့နေရာတွင် ၆ မိုင်ခန့်သာဝေး၍ မြို့တော်ဟောင်း အမရပူရနှင့် ၅ မိုင် ၆ မိုင်သာဝေးသည်။ ထိုမှနေ၍ တောင်ကြ းတစ်လှည့်၊ ညွှန်တစ်လှည့်ဖြင့် ရှမ်းရိုးမတောင်တန်းသည် ပြင်သစ်တို့က ယူနန်နှင့်ကုန်သွယ်ရေး လက်ဝါးကြီးအုပ်နိုင်ရန် မျှော်လင့်ထားသော ဆွန်ကျိုင် (မြစ်နီ)အထိ ထိစပ်နေသည်။ ရှမ်းများသည် ရဲရင့်၍ ခွဲကောင်းသောသူများဖြစ်သည်။ သူတို့သည် မြန်မာတို့ထက် အတိုက်အခိုက်တော်ကြသော်လည်း ပထမတန်းစရီးသွားနိုင် ကြသူများဖြစ်ရာ တတ်နိုင်လျှင် ကူးသန်းရောင်းဝယ်ခြင်းကိုသာ လုပ်ကြသည်။ အခြေအနေ အရ တိုက်သည့်အခါတိုက်၊ ကူးသန်းရောင်းဝယ်သည့်အခါ ရောင်းဝယ် လိုက်ပင်ဖြစ်သည်။

စုဖုရားလတ်သည် ရှမ်းအကြီးအ ကဲတစ်ဦး၏ နမတော်ကို ထောင်တွင်း အကျဉ်းချထားလိုက်ခြင်းဖြင့် မောင်တော် သီပေါဘုရင်အား ရှမ်းတို့က ရန်မူလာအောင် လုပ်ခဲ့သည်။ ရှမ်းတို့က သီပေါကို ရေမြေအရှင်အဖြစ် အသိအမှတ်မပြုဘဲ ဘုရင်ကလေးဟု ရှုတ်ချခေါ်ဝေါ်ပြီး ဘဏ္ဍာတော်ဆက်ရန်လည်း ငြင်းပယ်ခဲ့သည်။ မင်းတုန်းမင်းကြီးရှိစဉ်က ရှမ်းတို့ထံမှ ဘဏ္ဍာတော် သိန်း ၂၀ ဖိုး ရနေကျဖြစ်သည်။ သီပေါမင်းက လူငါးထောင် ခြောက် ထောင်လွှတ်၍ အခွန်တော် အတောင်းခိုင်းလေ့ရှိသော်လည်း အပြင်းအထန် ခံချသည်မှတစ်ပ ဘာမှမရခဲ့ချေ။ အပြန်တွင် လူနှစ်ထောင် သုံးထောင်သာ ပြန်လာတတ်ပြီး  ကျန်လူများမှာ ဖျားနာ၍ သေဆုံးခဲ့ ကြသည်ဟု သံတော်ဦး  ကြသည်။

ဤကား သီပေါမင်းကို ကျွန်ုပ်တို့ ခေါ်ဆောင်၍ ပါတော်မူစဉ်က အခြေအနေပင်ဖြစ်သည်။ သီပေါနှင့် သူ့စစ်တပ်တွေရန်မှ ကင်းလွတ်သွားရသဖြင့် ရှမ်းတို့က ကျွန်တော်တို့အား လိုက်လျောလိမ့်မည်ဟု သဘာဝအတိုင်း ထင်စရာရှိသော်လည်း သူတို့က ကျေးဇူးတင်ကြောင်း



သိပ်မပြကြချေ။ သူတို့သည် မြန်မာတို့အား တိုက်ခိုက်လုယက်ရန်သာ လုံးပမ်းနေကြပြီးလျှင် မန္တလေးကို ကျွန်တော်တို့က သိမ်းထားပြီးသည်ကို မေ့ပြီး မန္တလေးမြို့ကိုပင် ဝင်ရောက်လုယက် တိုက်ခိုက်ဦးမည်ဟု ကြိမ်းနေသည်။

ကျွန်တော်တို့တပ်တွေနှင့် ပထမဆုံး တွေ့ဆုံတိုက်ခိုက်သည်မှာ ရှမ်းတွေပင်ဖြစ်သည်။ ရှမ်းသူပုန်အဖွဲ့တစ်ဖွဲ့သည် အနီးအနား တောင်ပေါ်မှနေ၍ မြို့နှင့်အနီးကပ်ဆုံးသို့ ရွှေ့လာရာ ဈေးထဲတွင် အလန့်တကြားဖြစ်နေသည်။ သီပေါမင်းလက်ထက်အထိ မြန်မာတို့၏ လက်အောက်ခံ ကျေးတော်မျိုး၊ ကျွန်တော်မျိုးဟု သဘောထားခဲ့သော ရှမ်းတို့သည် လူဦးရေ ၅ သိန်းရှိမည်ဟု ခန့်မှန်းသည်။ ၁ သန်းခွဲသာသာရှိသော ရှမ်းတို့မှာ လွတ်လပ်သောလူမျိုး၊ သို့မဟုတ် တရုတ်နှင့် ယိုးဒယားလက်အောက်ခံများဖြစ်ကြသည်။ တချို့မှာ တရုတ်နှင့်မြန်မာ၊ တရုတ်နှင့်ယိုးဒယား နှစ်ဖက်သစ္စာခံထားကြသည်။ သူတို့၏ နိုင်ငံရေးကျင့်ထုံးမှာ နားမလည်နိုင်အောင် ရှုပ်ထွေးဆန်းကျယ်လှသည်။ သို့သော် သူတို့သည် မခံရပ်နိုင်အောင် စိတ်ရှုပ်လာသောအခါ ဤနိုင်ငံရေးကျင့်ထုံးများကို တစ်ခါတည်း ပယ်လှန်ပစ်ကြသည်။ သူတို့၏ တောင်တန်းသည် ခက်ခဲကြမ်းတမ်းလှသည့်အပြင် မြန်မာတို့ပင် ငှက်ဖျားကြောင့် ရှမ်းပြည်ကို ကြောက်ကြရသည်။

ဒီဇင်ဘာလကုန်တွင် ရှမ်းတွေရောက်လာပြီး မြို့ကို မီးတိုက်တော့မည်ဟု ယုံကြည်နေ၍ မန္တလေးရှိ ဈေးများတွင် အစစရှားပါးလျက်ရှိသည်။ ဆိုင်တွေပိတ်ပြီး ကုန်တွေကို ဝှက်ထားကြသည်။ အနည်းအကျဉ်းမျှသာဝယ်ရသည်။ ကြောက်လန့်တကြားဖြစ်မည်ဆိုက ဖြစ်စရာအကြောင်းက ရှိနေသည်။ ဒီဇင်ဘာလ ၂၈ ရက်နေ့ နံနက်တွင် မဟာဝန်ရှင်တော်မင်းကြီးသည် ကုလားမြင်းတပ်သားများနှင့်အတူ ထိုအရပ်တွင် ခိုလှုမ်းလှုမ်းရှိ ရှမ်းသူပုန်တွေကို ဟန့်တားရန်အတွက် တပ်စွဲရန်၊ နေရာများကို ကြည့်ရှုရန် အမရပူရသို့ မြင်းဖြင့်ထွက်သွားသည်။ ထိုစဉ်က တပ်မှူးဖြစ်သူ ဒိုလ်ချုပ်ဂိုက်လည်း ပါလာသည်။ ခြေလျင်တပ်မှ တပ်ခွဲ ၂ ခွဲကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်ထားသည်။ မဟာဝန်ရှင်တော်မင်းကြီးနှင့် ဗိုလ်ချုပ်ဝိုက်တို့ ကွင်းပြင်သို့ရောက်သွားသောအခါ ရွာထဲမှနေ၍ အပြင်းအထန်ပစ်ခတ်သံများကို ကြားရသည်။ မည်သို့ဖြစ်သည်ကို သိရန်အတွက် သူတို့က မြင်းဖြင့်သွားကြည့်သည်။ ရန်သူအင်အားကောင်းသည့် နေရာသို့ မသွားစေရန်အတွက် ဗိုလ်ချုပ်တို့အား ကြားဖြတ်တားဆီးရန် ကာနယ်စလေဒင်က လက်ဖအောင်နှင့် မောလိုဝေး ခေါင်းဆောင်သော မြင်းတပ်သား ၅၀ ကို စေလွှတ်လိုက်သည်။

ရှမ်းတွေအပို့ အလွန်အဖိုးထိုက်သော ဆုကြီးလာဘ်ကြီးပေတကား။ မြန်မာခေါင်းဆောင်တို့၏အောက်တွင် သူပုန် ၂၀၀ ခန့်ရှိဟန်တူသည်။ ရွာထဲသို့ သူပုန်တွေကို ပိတ်ဖမ်းရန် စစ်တပ်က ကြိုးစားသော်လည်း သူပုန်တွေမှာ တောထဲက ဖြတ်ပြီး ၂ မိုင်ခန့်ဝေးသော နောက်တစ်ရွာဆီ ရောက်သွားသည်။ နောက်ထပ် စစ်တပ်တွေ ထပ်လွှတ်သည်။

ကျွန်တော် ဖော်ပြခဲ့သည့်အတိုင်းပင် မန္တလေးတွင် အစစအရာရာ အလွန် ရှားရှားပါးပါးဖြင့် နှစ်ဟောင်းကုန်သွားသည်။ လွန်ခဲ့သောညက မြို့ထဲတွင် ၃ နေရာခွဲ၍ အပြင်းအထန် ပစ်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ သို့သော် သူပုန်တွေဝင်လာမည်ကိုကြောက်၍ လုပ်မိလုပ်ရာ သူပုန်မလာရဲအောင် အရပ်ထဲက သေနတ်ပစ်ဖောက်၍ လှန့်နေခြင်းဖြစ်သည်။

ရဲအဖွဲ့ကို ဖွဲ့စည်းလျက်ရှိပြီးလျှင် ၄–၅ ရက်အတွင်းတွင် ညအချိန်၌ မိမိတို့သေနတ်ကို အချိန်အခါမဟုတ်ဘဲ ပစ်ဖောက်ပါက သေနတ်များကို သိမ်းယူမည်ဟု စီစဉ်ရသည်။ မြို့အနီးအနားကပ်၍ သူပုန်တွေအတင့်ရဲလာသည်ဟူသော ကောလာဟလကြောင့် ထိတ်လန့်တကြားဖြစ်နေခြင်းဖြစ်သည်။ စစ်ကိုင်းမှ ၉ မိုင်ဝေးသော သစ်တပ်ချထားသည့် ဘုရားတွင် ကျဆုံးခဲ့ရပုံနှင့် အမရပူရ၌ဖြစ်ခဲ့သော အရေးအခင်းတို့ကို ကျွန်တော်တို့ ကြားရသည်။

ဘာပြောပြော ယုံနေသော နေရာဖြစ်သည့် ဈေးထဲတွင် ဇန်နဝါရီလ ၃ ရက်နေ့ညတွင် မြို့ကို မီးတိုက်၍ လုယက်သိမ်းလိမ့်မတဲ့။ ရှမ်းတွေ ထောင်နဲ့ချီပြီး လာနေပြီတဲ့။ မင်းလောင်းနှစ်ပါးက ရှမ်းတွေနဲ့ပေါင်းပြီး



မြို့ထဲဝင်လာတော့မတဲ့ဟူသော ဈေးသတင်း ဖြစ်နေသည်။ ဈေးသည်များက သူတို့ ဆိုင်ပိတ်၍ ကုန်တွေကို ဝှက်ကြသည်။ သစ်တပ်ဝိုင်းထားသော ဈေးအတွင်း၌ပင် အရောင်းအဝယ် မဖြစ်သလောက်ဖြစ်သွားသည်။

မူလာအစ္စမိုင်၏ အကြီးဆုံးဈေးကို သစ်တပ်ချ၍ မြို့စောင့်တပ်ချထားသည်။ ထိုဈေးမှာ ခေတ်ကောင်းစဉ်က တစ်လ ၁၂၅၀၀ ဝင်၍ ထိုအထဲမှ အခွန်တော် ၆၀၀၀ ဆောင်ရသည်။ ကျွန်တော် အပါအဝင် ဥရောပသားများအား သဘောရှိနေကြရန် အပ်ထားသော မူလာအစ္စမိုင်၏ အိမ်ကြီးကိုလည်း အစောင့်စစ်တပ်ချထားသည်။ တံခါးများမှာ သံတံခါးဖြစ်၍ ပြတင်းပေါက်များကိုလည်း သံတိုင်များတပ်ထားသည်။ ဈေးနှင့် အိမ် နှစ်ခုစလုံးသည် သူပုန်တို့ ဝိုင်းဝန်းတိုက်ခိုက်မည်ကို မမှုတော့ချေ။

ရတနာပုံနေပြည်တော်ကို အသာတကြည်နှင့် ထိုးအပ်မည်လော။ တပ်ထောင်တာ ဗိုလ်ထုနှင့် လူစု၍ ခုခံမည်လား။ ဒလကြမ်းဝင်လာပြီး မီးတိုက်မည်လား။ မသေချာမရေရာသောအချိန်၊ သူပုန်ကဖြစ်စေ၊ မြစ်ထဲက တက်လာသော ကုလားတွေကဖြစ်စေ၊ တိုက်ခိုက်လုယက်သည်ကို လက်ပိုက်ကြည့်နေရတော့မည်လား မသိရသေးသော ကာလပျက်အချိန်တွင် ကြောက်လန့်နေသော ကုန်သည်တို့က စုစုပေါင်း ၂၅ သိန်းတန်ဖိုးရှိသော သူတို့၏ စိန်ရွှေငွေနှင့် အဝတ်အစား အဖိုးတန်များကို ကျယ်ဝန်းသောဂိုဒေါင်ထဲတွင် လာရောက် သိမ်းဆည်းထားကြသည်။ မီးဘေး၊ သူခိုး၊ လူဆိုးဘေးမှ အခါခပ်သိမ်း စိတ်ချစေရန်အတွက် ဂိုဒေါင်တံခါးပေါက်ကြီးများကို အုတ်စီ၍ ပိတ်ထားသည်။

အေးဆေးငြိမ်သက်သောအခါ ပိတ်ထားသော အုတ်တွေကို ဖြိုဖျက်၍ အဖိုးတန်ပစ္စည်းအချို့ကို ထုတ်သွားကြသည်။ တချို့တစ်ဝက်ကို ရန်ကုန်သို့ သင်္ဘောဖြင့် ပို့ကြသည်။ သို့သော် အထဲတွင် အတော်များများ ကျန်ရှိသေးရာ ၎င်းပစ္စည်းများကို အိန္ဒိယမှ မွတ်ဆလင်လူသန်ကြီးများက စောင့်ရှောက်နေကြသည်။ ဓါးလွယ်ထားသော အရပ်ရှည်ရှည် ဂူဂျာရတီ ကုလားတစ်ယောက်က သူသည် ဗမာ ၁၂ ယောက်နှင့် တိုက်ရဲသည်ဟုဆိုသည်။ ဤကြွားလုံးသည် မြန်မာတို့၏ အတွေးအခေါ်ကို

www.burmeseclassic.com

www.burmeseclassic.com



အကောက်အယူမှားပြီး ပြောခြင်းဖြစ်သည်။

မြန်မာတို့သည် တွေးခေါ်မျှော်မြင်တတ်ပြီး လက်တွေ့လည်းကျသော သူများဖြစ်သည်။ တိုက်ခိုက်ချင်လွန်း၍ တိုက်ခိုက်ခြင်းမဟုတ်၊ သူတို့၏ ဆန္ဒမှာ သတ်ဖြတ်ရန်ဖြစ်သည်။ အကယ်၍ သူတို့ ကိုယ်တိုင်အသတ်ခံရသည်ဆိုလျှင်လည်း အရေးမဟုတ်၊ ကံတရား၏ စီမံမှုအတိုင်းသာ ဖြစ်ရခြင်းဖြစ်သည်။ သို့ရာတွင် ဂုဂျာရတီ လူ့ဘီလူးကြီးအား အခွင့်သာလျှင် တစ်ယောက်တည်းနှင့် အသာကလေး ကိစ္စချောပစ်နိုင်ပါလျက် ၁၂ ယောက်ဝိုင်းတိုက်ရမည်ဆိုလျှင် မြန်မာတို့အမြင်တွင် ရှုးမိုက်ရာ ကျပေသည်။ မြန်မာတို့သည် အောင့်အည်းမျိုသိပ်၍ စောင့်နေနိုင်သူများသည်။

မျက်နှာဖြူတစ်ယောက်နှင့် မြန်မာတစ်ယောက် သဘောကွဲလွဲကြရာ ၆ လ အောင့်အည်းမျိုသိပ်လျက် အခွင့်ကောင်းကို ချောင်းနေသည်။ သစ်တောထဲတွင် မျက်နှာဖြူကို လက်စဖျောက်ပစ်ရန် အခွင့်မသာသဖြင့် ချောင်းနေခြင်းဖြစ်သည်ဟု မျက်နှာဖြူတစ်ဦးက ကျွန်တော့်အားပြောဖူးသည်။ မြန်မာတစ်မျိုးသားလုံး စိတ်ဓာတ်အခြေခံမှာ လေးနက်စွာ ဆင်ခြင်စဉ်းစားမှုပင်ဖြစ်သည်။ ဖြစ်သမျှကို အလွယ်နှင့် လက်ခံလိုက်သည်။ အခြေအနေ အနည်းငယ်မျှ မပြောင်းမချင်း ဟန်မပျက် အသာကလေး ငြိမ်ခံနေလိမ့်မည်။

ထိုင်ပြီး ဆေးပေါ့လိပ်ကြီး တောင်ဆုပ်လောက်သောက်ကာ ပစ္စုပ္ပန်ဘဝတွင် ဒုက္ခ သုခအားလုံးကို ကြုံရ ဆုံရလိမ့်မည်။ နောင်တမလွန်ဘဝတွင် သံသရာ ဝဲဩဃ မှ လွတ်မြောက်ရာနိဗ္ဗာန်မဂ်ဖိုလ် ရောက်ရေးအတွက် စိတ်အကြံပေါက်နေလိမ့်မည်။

◂◂ ▸▸

## အခန်း (၁၇)

## ဗမာ့တော်လှန်ရေးနိဒါန်း

ဇန်နဝါရီလ တစ်လလုံးလုံး တော်လှန်ရေးပုန်ကန်မှုများသည် ပြင်းထန်မလာသည့်တိုင်အောင် အင်အားကြီးမားလာသည်။ အင်အားကြီးမားလာသော သူပုန်တွေကိုတိုက်ရန် စစ်တပ်များစေလွှတ်၍ အတော်ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားသည်။ မင်းလောင်း (တော်လှန်ရေးခေါင်းဆောင်)သည် ရွှေဘိုတစ်ဝိုက်တွင် မင်းမှုလျက်ရှိကြောင်း သတင်းဆိုးများကြားရသည်။ ထိုအရပ်တွင်ရှိသော ကျွန်တော်တို့၏စစ်တပ်တွေမှာ ကိုယ့်တပ်စခန်းကို ထိန်းရုံထက် ပိုပြီး မတတ်နိုင်ချေ။ ကာနယ်ဆင်ပဆွန်၏ ဆောက်ဝေးစ်ဘော်ဒါရာတပ်မှ သတ္တိပြောင်သော တပ်ခွဲနှစ်ခွဲနှင့် ကုလား ခြေလျင်တပ်ဆွယ်တစ်ခုသည် ရွှေဘိုတွင်ရှိသော ရန်သူတို့အားရက်အတော်ကြာကပင် တိုက်ခိုက်ရန် စီစဉ်လျက်ရှိသည်။

ရက်အနည်းငယ်ခန့်ကပင် လူတို့၏ စစ်တပ်ဌာနချုပ်၏ အရှေ့တောင်ဘက် မိုင်အနည်းငယ်ခန့်တွင် သူပုန်အမြောက်အများ စုရုံးနေကြောင်း သတင်းရသည်။ လက်ဖတင်နင် ဂွင်နီ အုပ်ချုပ်သော တပ်သား ၁၇၀ နှင့် လက်ဖတင်နင် ကာနေဂီအုပ်ချုပ်သော တပ်သား ၈၅ ယောက်ကို ကာနယ်ဆင်ပဆွန်က စေလွှတ်လိုက်သည်။ ရွှေဘိုနှင့် မိုင် ၂၀ ဝေးသော ကဒူး ခုနစ်ရွာတွင် သူပုန်နှင့်တွေ့သည်။ သူပုန်အမြောက်အများအနက် တစ်လုံးထိုးသေနတ်ကိုင် လူ ၅၀၀ ပါသည်။ ၅ ပေမြင့်သော ဘုရားအုတ်တံတိုင်းအတွင်း၌ တပ်စွဲထားသည်။ ၎င်းသူပုန်တို့မှာ မင်းတုန်းမင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ထက်ကတည်းက နာမည်ကြီးဗိုလ်သောင်း၏ သူပုန်တပ်ဖြစ်သည်။

နောက် သူပုန်တစ်တပ်မှာ အတော်ဝေးဝေးတွင် စုရုံးလျက်ရှိသော ဓါးနှင့်လှံကိုင် ၁၅၀၀ ရှိ သူပုန်တပ်ဖြစ်ပြီးလျှင် ၎င်းတို့နှင့်အတူ မင်းသား မောင်မှတ် ခေါ် ထိပ်တင်မှတ် ရှိသည်။ ကျွန်တော်တို့တပ်တွေက ဘုရားပေါ်ကို ဒလကြမ်းပစ်ထည့်ပြီး ရွှေဘိုတွင် တိုက်စခဲ့ကကဲ့သို့ အလျင်အမြန် ချီတက်တိုက်ခိုက်သည်။ သူပုန်တို့က ပထမဆုံးပစ်လိုက်ရာ ကျွန်တော်တို့ဘက်က ဗိုလ် ၃ ဦး ထိခိုက်ဒဏ်ရာရသဖြင့် အသေအချာ ချိန်ပစ်လိုက်ဟန်တူသည်။

ကာနယ်ဆင်ပဆွန်သည် ခေါင်းနှင့်မျက်နှာတွင် ဒဏ်ရာ အကြီးအကျယ်ရသဖြင့် လဲကျသွားသည်။ လက်ဖတင်နင် ကာနေဂီနှင့် ဂွင်နီတို့လည်း ဒဏ်ရာရကြသည်။ သို့သော် ကာနေဂီသည် သူ့တပ်သားများနှင့်အတူ ချီတက်နိုင်သေးသည်။ သူသည် နောက်ထပ်တပ်သား ၃ ယောက် ဒဏ်ရာ အရခံ၍ ဘုရားကို အမြန်သိမ်းပိုက်လိုက်သည်။ တပ်ကြပ် ဖလေဟာတီနှင့် တပ်သား ပလင်ဒါဟီတ်တို့ ဒဏ်ရာ အနည်းငယ်ရ၍ တပ်သားဂိုးလ်မှာ အပြင်းအထန် ဒဏ်ရာရသည်။ အမှတ် ၁၂ မဒရပ် ခြေလျင်တပ်မှ တပ်သား အပွနားတစ်ဦးသာ ဒဏ်ရာရသည်။

ဒဏ်ရာရသူများကို ကျွန်တော်တို့ လူတွေက နောက်ပိုင်းပစ္စည်းများထားရာ စခန်းသို့ ပြန်သယ်လာပြီးလျှင် သူတို့ခေါင်းဆောင်ဗိုလ်သောင်းနှင့် အခြားသူပုန် ၄၀ ခန့် ကျဆုံးသွားပြီဖြစ်သော ရန်သူတွေနောက်ကို စတင်တောနင်း၍ လိုက်ကြသည်။ သို့ရာတွင် မြန်မာတို့အနေဖြင့် တစ်နေ့တာအတွက် တော်လောက်ပြီဖြစ်ရာ ကျွန်တော်တို့တပ်တွေ သူ့အနားမရောက်မီ မင်းသားက ထွက်သွားလေသည်။ နောက်ထပ်ကျွန်တော်တို့တပ်တွေ ဆက်မလိုက်သောကြောင်း တစ်ရပ်မှာ ကျွန်တော်တို့တပ်တွင် မိမိကိုယ်ပေါ်ရှိသော အဝတ်နှင့် လက်နက်မှတစ်ပါး တခြားဘာမှ မပါလာကြသောကြောင့် ဖြစ်သည်။ သူတို့၌ တဲထိုးရန် ပတ္တူတဲလည်းမပါ။ ရိက္ခာမှာလည်း ရက် ၃၀ စာလောက်သာ ပါကြသည်။ အဆိုးဝါးဆုံးမှာ မရပ်မနား တစ်ချီထဲ ချီတက်နေရသောကြောင့် ဖိနပ်တွေ စုတ်ပြတ်



ကုန်ခြင်းဖြစ်သည်။ ထို့ကြောင့် မျက်နှာဖြူရော ကုလားတွေပါ ဒုက္ခတွေ့နေကြသည်။ အများက သိကြသည့်အတိုင်း ဖိနပ်မကောင်းလျှင်ချီနေသည့် စစ်သားခြေကျိုးသည်နှင့် အတူတူပင်ဖြစ်သည်။ လုံးဝ ဖိနပ်မပါခြင်းနှင့် ဘာမှမထူးတော့ပြီ။

ကာနယ်ဆင်ပဆွန်၏တပ်မှာ ခရစ်စမတ် မဲတိုင်မီကလေး အတွင်းတွင် ၅ ကြိမ်ထက်မနည်း တိုက်ခဲ့ရသည်။ မင်းသားထံသို့ စစ်ကိုင်းဘက်နှင့် မန္တလေးမှ လက်နက်နှင့် ခဲယမ်းမီးကျောက်များ တိတ်တဆိတ်ပို့လျက်ရှိရာ နောက်ထပ်လည်း တိုက်ပွဲတွေနှင့် တွေ့ရဦးမည်ဖြစ်သည်။ တပ်မှူးဗိုလ်ချုပ်သည် နန်းတော်အတွင်း၌ ခြောက်ကပ်ကပ်ဘဝကို ငြီးငွေ့၍ အစောင့်တပ်သား အနည်းငယ်မျှဖြင့် ဖိနပ်တွေတစ်ပုံကြီးကို သယ်ဆောင်ပြီး ရွှေဘိုဘက် တစ်ဟုန်ထိုး ချီတက်သွားသည်။

မေဂျာ အိုမန်နီသည် မြင်းခြံတွင် နာမည်ရခဲ့သူဖြစ်သည်။ အမြောက်ကြီး ၅ လက်၊ အမြောက်ငယ် ၁၅ လက်၊ တပ်သား ၁၀၀၀နှင့်အတူ "ထိပ်တင်နိုင်နှင့် ထိပ်တင်ပိုင်"တို့သည် သူ့အနီးတွင် စုရုံးနေကြသည်ဟု ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သတင်းရသည်။ မေဂျာအိုမန်နီ၏အင်အားမှာ တပ်သား ၁၆၃ ယောက်သာရှိသည်။ သို့သော် ၎င်းတို့အထဲတွင်ဘုံဘေအမြောက်တပ်နှင့် တောင်ပေါ်ပစ်အမြောက်တပ်မှ အမြောက် ၂ လက်နှင့် လက်ဖတင်နင် ဘာလ်တန်အုပ်ချုပ်သော အမှတ် ၂ မဒရပ် မြင်းတပ်မှ မြင်းတပ်သား ၃၇ ယောက်တို့ ပါဝင်သည်။ နိုင်ငံရေး အရာ ရှိဖြစ်သူ မစ္စတာကောလင်းစ်မှာ ထုံးစံအတိုင်း စစ်တပ်နှင့်အတူ လိုက်သွားသည်။

ရန်သူတို့သည် သတင်းရရှိထားသော နေရာထက်ဝေးသော နေရာသို့ ရောက်သွားသည်။ သို့သော် ၁၈ ရက်နေ့တွင် ကမ္မရွာအနီးတွင် သူပုန်တွေနှင့်တွေ့ရသည်။ ကိုက် ၄၀၀ ကွာအထိ တက်သွားပြီး စတင်ပစ်ခတ်သည်။ မြန်မာတို့သည် လှည့်ပြီးထွက်သွားကြသော်လည်း လူ ၃–၄ ဆယ်ခန့်ကျဆုံးရစ်ခဲ့သည်။ ကျွန်တော်တို့ဘက်မှ ကုလားစစ်သား တစ်ဦးနှင့် ကူလီ ၄ ယောက်သာ အကျအဆုံးရှိသည်။ မြင်းတပ်က ဆက်လိုက်ရာ ယခင်က မတွေ့ခဲ့ရဘူးသော ကွင်းပြင်ကျယ်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့က ကွင်းပြင်ထဲပြေးရာ မြင်းတပ်က သူတို့နောက် လိုက်တိုက်သည်။ ရွာထဲတွင် မဒရပ်မြင်းတပ်၏ ပစ္စည်းဖြစ်သော ပတ္တူတဲ ကို တွေ့ရသည်။ ဤပစ္စည်းကို အောင်ဆုအဖြစ် မင်းသားက သူ့နေရာသို့ ယူဆောင်သွားခြင်းဖြစ်သည်။ လွန်ခဲ့သည့်တစ်လခန့်က အင်းဝအောက် ဘက်၌ မြင်းတပ်ကို မြန်မာတို့ တစ်ဟုန်ထိုးတိုက်စဉ်က ရသွားသော ပစ္စည်းဖြစ်ပြီးလျှင် မြန်မာတို့သည် အင်္ဂလိပ်စစ်တပ်ယက် မယှဉ်သာ အောင် တစ်ချိန်က အင်အားကြီးမားခဲ့ကြောင်းကို ဖော်ပြနေသည်။

၁၉ ရက်နေ့တွင် စပါးခင်းရွာသားများက တပ်နောက်ပိုင်း အစောင့်တပ်ကို လာရောက်တိုက်ခိုက်ပြီး ကူလီများအား လုယက်ကြ သည်။ တကယ် တိုက်ပွဲဆင်ခြင်းလော စနစ်တကျ လုယက်ခြင်းလော ကျွန်တော် အတတ်မပြောနိုင်သော်လည်း မေဂျာကာ မှူကာကောလင်းနှင့် တိုင်ပင်ပြီးလျှင် နောင်ကြဉ်အောင် နမူနာပြလုပ်ခြင်းသာ အကောင်းဆုံး ဖြစ်သည်ဟု ယူဆကြသည်။ ထို့ကြောင့် သူတို့ရွာကို မီးရှို့ပစ်လိုက်သည်။ လိုက်လံတိုက်ခိုက်စဉ်အတွင်း လီဗာပူတပ်မဟာမှ တပ်သား ကာလီ ကျ သွားပြီး ပျောက်ဆုံးနေသည်။ မြင်းတပ်နှင့် မြန်မာတို့က သူ့အား ရှာကြ သေးသော်လည်း ရှာမတွေ့တော့။ ရွာနီးချုပ်စပ်မှ ဘုန်းတော်ကြီးတစ်ပါး က မေဂျာအိုမန်နီကသာ ၁၀ ရက်ခန့် သူ့ကို ခွင့်ပြုမည်ဆိုက လက်နက် တွေယူပေးမည်ဟု ပြောလာသည်။ ဘုန်းတော်ကြီးအား တစ်ရက်ခွင့်ပြု လိုက်ရာ တစ်လုံးထိုးသေနတ်များ ယူဆောင်လာသည်။ အမြောက်ကြီး များကိုမူ မတွေ့ရပေ။ သို့သော် ကြေးအမြောက်အငယ်စား ၆ လက် သိမ်း ပိုက်ရရှိကာ သူပုန်အများအပြားမှာ မြောက်ဘက်ရှိ တောအုပ်နှင့် ကိုင်း တော၊ စပါးတောကြားထဲ ထွက်ပြေးသွားကြသည်။ စပါးပင်တွေ ရှည်ချင့် တိုင်းရှည်နေသော စပါးတောကိုကြည့်၍ ယခုနှစ်တွင် စပါးရိတ်သိမ်းခြင်း မပြုနိုင်သဖြင့် ဝမ်းနည်းဖွယ်ပင်၊ အဟာရေစာရှားပါးမှုသည် နောက်တော် ပါ ရာဇဝတ်မှုနှင့် အတိဒုက္ခများကိုပါခေါ်၍ လာတော့မည်မှာ သေချာလှ သည်။

မင်းသားနှစ်ပါးတို့ မြောက်ဘက် ဆုတ်ခွာသွားကြသဖြင့် တောင်



ဘက် အင်းဝအောက်တွင် သူတို့အား ဆီးတိုက်ရန်အတွက် အမှတ် ၂ မဒရပ်မြင်းတပ်မှ မေဂျာဝါနာဦးစီးသော လက်နက်မျိုးစုံ ကိုင်ဆောင်ထား သော ခြေမြန်စစ်ကြောင်းတစ်ကြောင်းကို မန္တလေးမှ စေလွှတ်လိုက်သည်။ ဤစစ်ကြောင်းသည် အလွန်ပေါ့ပါး သွက်လက်စွာဖြင့် တစ်ပတ်လုံးလုံး တောနင်း တိုက်ခိုက်ခဲ့သော်လည်း ရန်သူအလုံးအရင်းဖြင့် တစ်ခါမှ ရင် မဆိုင်ခဲ့ရသေးချေ။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် သူပုန်တွေက သူတို့အား လာ တိုက်သည်။ သို့သော် ကိုက် ၅၀၀ အတွင်း မရောက်လာဘဲ အဝေးမှ ပစ်ခတ်ခြင်းသာဖြစ်ရာ မည်သို့သော အကျိုးတရား ထွက်ပေါ်လာမည်ကို လွယ်လွယ်ကလေးနှင့် တွက်ကြည့်နိုင်သည်။ မြန်မာ ၂၄ ယောက် သေ ကြေ၍ ကျွန်တော်တို့ဘက်တွင် တစ်ယောက်မှ အထိအခိုက်မရှိ။ လူဦးရေ ၁၅၀၀ ရှိသည့် ရွာကြီးဖြစ်သော ကျောက်ဆည်သို့ တပ်ရောက်လာသည်။ သို့သော် အမြောက်များ၊ ဆင် ၇ ကောင်နှင့် ရှမ်းနောက်လိုက် ၂၀၀ နှင့် အတူ မင်းသားတို့သည် အရင်တစ်ရက်ကပင် ဤအရပ်မှခွာ၍ တောင် ဘက်သို့ ဆုတ်သွားကြသည်။

အစိမ်းရောင်မျဉ်းတို ချပ်ဝတ်တန်ဆာကို ဝတ်ဆင်လျက် လက် နက်ကိုင်ထားသော မင်းသား၏ လက်ရွေးစင် မြန်မာတစ်ဦးကို လိုက်လံ ဖမ်းဆီး၍ မိထားသည်။ ၎င်းအကျဉ်းသားကို သူပုန် သို့မဟုတ် ဓါးပြ အဖြစ် ပစ်သတ်လိုက်သည်။ နိုင်ငံရေးအရာရှိ ကာနယ်လုံးဒီးစ်က ၎င်း ၎င်းအကျဉ်းသားအား ကွပ်မျက်ရမည့်တာဝန်ကိုမနှစ်သက်ပေ အကျဉ်း သားနှစ်ယောက်ကိုမူ အသနားပို၍ လွှတ်ပေးလိုက်သည်။

အကယ်၍ စစ်သားအားလုံးက ပစ်သတ်လိုက်သော သူသည် ယောကျာ်းလည်းဖြစ်သည်။ တိုက်ခိုက်နေသောသူလည်း ဖြစ်သည်ဆိုပါ က အနည်းငယ် ပစ်ခတ်တိုက်ခိုက်မှုကလေးများအကြောင်း အသေးစိတ် ဖော်ပြ၍ ဤမျှလောက် ကန့်ကွက်နေကြမည်မဟုတ်ချေ။ သို့သော် ဤသို့ မဟုတ်သောကြောင့် ဖြစ်သည်။ ဖော်ပြမည့် အဖွဲ့နှင့်အတူထွက်လာသော မျက်နှာဖြူအရာရှိတစ်ဦးက ယခုအဖြစ်အပျက်ကို ကျွန်တော်နှင့် အသေး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရေးပေးသော ကျွန်တော့်၏ သတင်းထောက်ကို ပြောပြသည်။

ကုလားအရာရှိက "သခင် သစ်ပင်အောက်မှာ ရှိတဲ့မြန်မာတွေကို ဝိုင်းဆော်ထည့်လိုက်ပါရစေ"ဟုပြောရာ မျက်နှာဖြူအရာရှိက ကိုယ်ချင်းစာ၍ "နေပါဦး၊ ကျုပ် အရင်ဆုံးကြည့်ပါရစေဦး"ဟု ပြောလိုက်သည်။ မျက်နှာ ဖြူအရာရှိသည် မြင်းနှင့်သွား၍ ကိုက် ၃၀၀ ခန့်ရောက်သောအခါ ရန်သူ ဟု ဆိုသူများသည် သူပုန်တွေက ရှိသမျှ တိုက်ယူသွားခြင်းခံရသော ကြောင့်ကတုန်ကရင်ဖြစ်နေသည့် ဒုက္ခိတမိန်းမ ရှစ်ဦးနှင့် ကလေးတစ်သိုက်ဖြစ်ကြောင်းတွေ့ရသည်။ ဆင်ကန်းတောတိုး ဓားကြီးမှုကြောင့် တစ်ပြုံလုံး အသတ်ခံရတော့မည်ကဲ့သို့ ဖြစ်သွားသည်။ သို့တည်းမဟုတ် ကျွန်တော်တို့လူတွေ သွေးဆာနေကြသည်ဟု ဆိုရပေတော့မည်။

ဤသာဓကများက ယနေ့အခါ အပြစ်တင်ကန့်ကွက်ရန်အကြောင်း ပေါ်ပေါက်နေပြီကို ဖော်ပြလျက်ရှိသည်။ ကျွန်တော်၏ တပ်ဖွဲ့များသည် ဟိုဟိုသည်သည် စစ်ချီ၍ မြန်မာ နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ်ကို သတ်မည်ဆိုလျှင် စဉ်းစဉ်းစားစား ပစ်ခတ်၍ အကျဉ်းသားများကို ညှာညှာတာတာ လုပ်သင့်သည်။ ကုလားမြင်းတပ်တွေက လက်နက်မပါ၊ အကာအကွယ်မဲ့ သူများကို တိုက်ခိုက်ခဲ့ပုံ၊ လက်နက်ဆို၍ တံပြာတစ်ချောင်းကိုင်ထားသူကိုပင် ပစ်သော၊ ပစ်ချင်၍ လက်ယားနေသော မျက်နှာဖြူများအကြောင်းကို ပြောသံဆိုသံကြားရသည်။ ဤကား တကယ့်စစ်သားကောင်းပီသသူ၏ ဂုဏ်သိက္ခာကို မလွဲတမ်း ထိခိုက်စေသော အမှုပင်။ အကယ်၍ လိုအပ်လာလျှင် ကျွန်တော်၏ စစ်ဗိုလ်များက ဤသို့သော အမှုမျိုးကို ကျူးလွန်သူတို့အား ပြင်းထန်စွာ ဆုံးမ၍ အပြစ်ပေးလိမ့်မည်ဟု မျှော်လင့်ရပေသည်။

ရွှေဘိုက, သတင်းကောင်းများကို တစ်ဖန် ကြားရပြန်သည်။ ဒုက္ခပေးလှသော မင်းလှမင်းသား မောင်မှတ် သို့မဟုတ် ထိပ်တင်မှတ်သည် အင်္ဂလိပ်တပ်များအား အတိုက်အခိုက် ရပ်သွားသည်။ စစ်ကိုင်းတစ်ဝိုက်မှ သူ့တပ်သားများက အိမ်ပြန်လိုစိတ် စောနေကြခြင်းကြောင့်ဖြစ်ကောင်းဖြစ်လိမ့်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ တစ်နေရာဆီမှလာသော



သတင်းသုံးခုအရ ထိပ်တင်မှတ်သည် တောင်ဘက်သို့ရောက်လာပြီးလျှင် စစ်ကိုင်းအနောက်ဘက် လက်မူးနှင့် ချင်းတွင်းမြစ်အကြား ဒေသတွင် ရမ်းနေကြသော သူပုန်ဗိုလ် မောင်ငဦးနှင့် ပူးပေါင်းရန် ကြိုးစားနေလေသည်။

သတင်းတွေကား ရောက်လာမစဲ တသဲသဲပင်။ ဇန်နဝါရီ ၁၈ ရက်နေ့ထုတ်ဖြင့် ထုတ်ပြန်ချက်တွင် ကင်းတပ်သို့ ဇန်နဝါရီ ၄ ရက်နေ့ ရောက်သော ချင်းတွင်းစစ်ကြောင်းက ကယ်တင်ခဲ့သော ဘုံဘေဘားမားကုမ္ပဏီမှလူများ၏ အမည်စာရင်းကို တွေ့ရသည်။ ကယ်တင်ခြင်းခံရသော သူများ၏ အမည်မှာ ဘတ်စ်ကားလ်၊ မော်ဂန်၊ ဘရက်တိုနှင့် ဒီဗွိုက်စ်ဖြစ်သည်။ မဏိပူရတွင်ရှိသော နိုင်ငံရေး ကိုယ်စားလှယ်တော် ကာနယ်ဂျွန်စတုံး ကယ်ဆယ်လိုက်သော သူများထဲတွင် ကင်းတပ်ခရိုင်ဝန်လည်း ပါသည်။ ကင်းတပ်ဝန် အဘိုးကြီးသည် မျက်နှာဖြူတို့အား ကြင်နာမိသဖြင့် အန္တရာယ်တွေ့ရသူဖြစ်ရာ သူ၏ အလုပ်အကျွေးပြုမှုကို အသိအမှတ်ပြုရန် အစိုးရက လက်နှေးမည်မဟုတ်ပေ။

ကင်းတပ်သည် ချင်းတွင်းအထက်ပိုင်း ဒိစတြိတ်တွင်ရှိသည်။ ချင်းတွင်းအောက်ပိုင်းတွင် နာမည်ဆိုးဖြင့် ကျော်ဇောလျက်ရှိသော လူဦးကို သူ့လက်အောက် ဗိုလ်တစ်ဦးက ပစ်သတ်လိုက်ပြီဟု ဆိုကြသည်။ ဤသတင်းကား ထိုအရပ်တွင်ရှိသော သူပုန်တို့ ပြိုကွဲသွားသည့် လက္ခဏာပင်ဖြစ်သည်။ ချင်းတွင်းမှနေ၍ နယ်တစ်လျှောက် ဖြတ်လာပြီး စစ်ကိုင်းထိရောက်သော လမ်းသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဘုရင်ဂျီဘုန်းကြီးများ အခြေစိုက်ခဲ့သော ရွာများကို ဖြတ်သန်းသွားသည်။ ငဘဲသည် တစ်ချိန်ကဆိုလျှင် ခရစ်ယာန်ရွာလုံးလုံး ဖြတ်လုနီးပါးပင် ဖြစ်သည်။ သို့သော် မကြာမီက လုယက်တိုက်ခိုက်ခြင်း နှစ်ချီသုံးချီ ခံလိုက်ရပြီဆိုလျှင် ခရစ်ယာန်ဘာသာဝင်များသည် သူတို့၏ ခရစ်ယာန်ဘုန်းကြီးများနှင့်အတူ ရွာနှင့်ဝေးရာရောက်သွားကြသည်။

ဘုန်းတော်ကြီး လီကွန်တီသည် မန္တလေးသို့ရောက်လာပြီးလျှင် မဟာဝန်ရှင်တော်မင်းကြီး၏ အမိန့်အရ တစ်လုံးဆီးသနတ် ၂၅ လက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခဲယမ်းမီးကျောက် အများအပြားကို ဘုန်းတော်ကြီးအား ပေးအပ်လိုက်သည်။ ဤလက်နက်များနှင့်အတူ ဘုန်းတော်ကြီးသည် သူ၏ ရွာများဆီသို့ ပြန်ကြွသွားပြီး လူတွေကို လက်နက်တပ်ဆင်ပေးသည်။

အခြေအနေအပြောင်းအလဲကို မသိလိုက်သော သူပုန်တို့က လဆန်း ၅ ရက်နေ့တွင် လာ၍ ဆက်ကြေးတောင်းမည်ဟု ဆင့်လိုက်သည်။ ထို့ကြောင့် ရွာသားများက အခွင့်ကောင်းကို လက်မလွှတ်ရအောင် သူတို့တွင်ရှိသော လက်နက်တွေကို မိမိရရကြီး အသုံးပြုကာ ရုတ်တရက် ထပြီး သူပုန်တွေဆီ သွားတိုက်ခိုက်သည်။ ရန်သူတွေကို ဖြိုခွဲနိုင်ရုံမက ဘုန်းတော်ကြီး၏ ပစ္စည်းများအပါအဝင် တိုက်ရာပါပစ္စည်း တစ်ပုံကြီးနှင့် လှည်းအစီးပေါင်း ၂၀၀ ကို ပြန်ရလိုက်သည်။

ဘေဘာက်မှ မန္တလေးသို့အပြန်တွင် မကြာခင်က တိုက်ပွဲတွေများစွာ ဖြစ်ခဲ့သော စစ်ကိုင်းအနီးတစ်ဝိုက်ကို ကျွန်တော်တို့ ရောက်ခဲ့သည်။ ဤနေရာတွင်လည်း နောက်ဆုံးတွင် ငြိမ်သက်အေးချမ်းစ ပြုနေပြီကို တွေ့ရသည်။ စစ်မင်းသား(ကနောင်မင်းသား၏ သားတော်) ဆိုသူက ကျွန်တော်တို့အား ဒုက္ခအလွန်ပေးခဲ့သူ သူပုန်မင်းသားကျွန်းညို(မောင်မြကျိုင်း)သည် အသေစောသွားရှာသည်။ ကျွန်တော်သည် သူ့အတွက်ဝမ်းနည်းဟန်မဆောင်လိုပါ။ သို့သော် သူ့အားသုတ်သင်ပုံ သုတ်သင်နည်းမှာ ကန်းကွက် ဖွယ်ကောင်းသည်။

လွှတ်တော်ဝန်ကြီးများအား ကာနယ်စလေဒင်က သူနှင့် လွှတ်တော်ဝန်ကြီးများ ကိုယ်တိုင်က ယုံကြည်မှုရလာအောင် အစွမ်းပြ တစ်ခုခု လုပ်ပြသင့်သည်ဟု တိုက်တွန်းသည်။ အကြောင်းမှုကား လက်ရှိ အေးကျပ်နံကျပ်အချိန်တွင် စလေဒင်သည် လွှတ်တော်ဝန်ကြီးများအား တစ်ဦးတည်းထောက်ခံသူဟု ဆိုရမလောက်ဖြစ်သောသူ ဖြစ်သည့်အပြင် အုပ်ချုပ်ရေးတွင် မြန်မာတို့၏ အကူအညီကိုယူသဖြင့် မြန်မာပြည်ရှိ အင်္ဂလိပ်များနှင့် အင်္ဂလိပ်အရာရှိများ၏ အငြိုးအငြင်ကို သူကိုယ်တိုင်ခံနေရသောကြောင့် ဖြစ်လေသည်။ တစ်နေ့တွင် သူက လွှတ်တော်ဝန်ကြီးများအား သူတို့သည် မြန်မာဘုရင်မင်းမြတ် လက်ထက်ကပင် ခါးပြတိုက်မှုနှင့်



ပုန်ကန်မှုများကို ကြုံပြင်ခုတ် ကြုံငုတ်မကျန်အောင် သုတ်သင်ခဲ့သင့်ပါလျက်နှင့် မသုတ်သင်ခဲ့ဘူးဆိုလျှင် ကိုယ့်အပြစ်ကိုယ်ခံကြပေါ့ဟု တဲ့တိုးကြီးပြောလိုက်သည်။

လေ့သင်းအတွင်းဝန်က ဤပြစ်တင်စကားကို အသည်းစွဲသွားလေရာ ယုံကြည်ရသူများကို သေနတ်များပေးအပ်၍ မြစ်တစ်ဖက်ကမ်းရှိ စစ်ကိုင်းသို့ ကျွန်းညိုမင်းသားနှင့် ပူးပေါင်းရန် စေလွှတ်လိုက်သည်။ သဘောရင်း အတိုင်း သူ့ဆီလာပူးပေါင်းသည်ဟု ယုံကြည်စေရန်အတွက် မင်းသားအား လက်နက်နှင့် ခဲယမ်းမီးကျောက်များ ပေးလိုက်သည်။ တစ်ညတွင် သူ့လူများက တမင်တလာ ဗရုတ်ဗရက် ပြုလုပ်ဖန်တီးကာ မင်းသားကို အသေပစ်လိုက်ပြီးလျှင် မန္တလေးသို့ ထွက်ပြေးလာကြသည်။ ဤသို့ ပြုလုပ်ခဲ့သည်ကို လေ့သင်းအတွင်းဝန်က ဗြိတိသျှအစိုးရအား အလုပ် အကျွေးပြုခြင်းဖြစ်သည်ဟု အသားယူသည်။ သို့သော် နာမည်ကလေး မဖြစ်စလောက်သာရသည်။ ဤသို့ ပြုလုပ်ခဲ့ခြင်းသည် "လူသတ်မှုလော၊ ကြေညာ၍တိုက်သော စစ်ပွဲလော"ဟူ၍ စဉ်းလဲဖွာပေးမည့် စာဒကတက်ရန် ပုစ္ဆာတစ်ရပ်ပင်ဖြစ်သည်။ ၎င်းသူပုန်များ ပြိုကွဲသွားတော့မည်ဟု မျှော်လင့်ထားသည်။

လေ့သင်းအတွင်းဝန် မန္တလေးသို့ ပြန်ရောက်သောအခါ သူသည် မတရား အမှားလုပ်ခြင်းမဟုတ်၊ စစ်သဘော လုပ်ထုံးအရလုပ်ခြင်းသာ ဖြစ်သည်ဟု ပြောကြောင်း ကျွန်တော်ကြားရသည်။

ထို့နောက်တွင်ကား လေ့သင်းအတွင်းဝန်၏ သစ္စာဖောက်မှုသတင်းသည် အုတ်အော်သောင်းနင်း ဖြစ်သွားသည်။ လေ့သင်းအတွင်းဝန်သည် တက်ကြွသွက်လက်သော်လည်း အောက်ခြေလွတ်သူဖြစ်သည်။ သူ့ကို ကာနယ်စလေဒင်က ယုံကြည်စိတ်ချရသူ၊ အားကိုးရသူဟု ယူဆသည်။ ယုံကြည်စိတ်ချရသူဆိုရာ၌ သူ့အတွက် တွက်ခြေကိုက်မည့်အလုပ်ကို ခိုင်းသည့်အခါမျိုးသာ ယုံကြည်စိတ်ချရခြင်းဖြစ်သည်။ မြန်မာတို့၏ ပျော့ညံ့ချက်များကို ကာနယ်စလေဒင်မသိဟု သူတို့က အထင်များနေသည်။ သို့သော် ကာနယ်စလေဒင်က အခုတော့ ဒီဝန်ကြီးတွေဟာ ကျုပ်

www.burmeseclassic.com

www.burmeseclassic.com



တို့လိုပဲ ကိုယ်အကျိုးရှိမယ့်အလုပ်တော့ တယ်သိကြတာပဲဟု ပြောသည်။

သူကိုယ်တိုင် သူပုန်တွေကိုနှိမ်နင်းပြီး အေးချမ်းသွားအောင်ကြိုးစား လုပ်ကိုင်မည် တိုက်တွန်းလေရာ လေ့အသင်းဝန်သည် သူကိုယ်တိုင် ထွက်ကြဲရန် သန္နိဋ္ဌာန်ချလိုက်ပြီးလျှင် ရွှေဘိုမှဆုတ်လာသော သူပုန်တွေ ရောက်နေသည့် စစ်ကိုင်းအနောက်ဘက်ရှိ သူတောကျွမ်းပြီး နယ်သို့ ထွက်သွားသည်။ သူပုန်တွေကို မောင်းထုတ်၊ သူကြီးဟောင်းတွေ၊ ခရိုင်ဝန်ဟောင်းတွေကို ပြန်ခန့်ပြီး ယေဘုယျအားဖြင့် ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ရန် ဖြစ်သည်။

ဤသို့ဆောင်ရွက်ရန်အတွက် ဇန်နဝါရီလကုန်တွင် မြန်မာရဲသား ၂၅၀ ကို သူနှင့်အတူ ခေါ်ဆောင်သွားသည်။ ထို့ပြင် တစ်ပတ်ပတ်မိအောင် တောနင်း၍ စစ်ကိုင်းမြောက်ဘက် ၂ မိုင်နား၊ ၃ မိုင်တက် ခရီးအကွာရှိ ရွာတစ်ရွာတွင်ပတ်လာသော စစ်တပ်နှင့်တွေ့ဆုံချိန် စစ်ကိုင်းရှိစစ်တပ်နှင့် ချိန်းဆို စီစဉ်ထားသည်။ သူတို့ ၂ ဖွဲ့ချိန်းသည့်အတိုင်း တွေ့ဆုံကြပါ၏။ သို့သော် သူပုန်ကားမတွေ့ချေ။ သူတို့တပ်ချင်း လမ်းခွဲကြကာ မေဂျာဘရက်ဒွန်၏လက်အောက်ရှိ အင်္ဂလိပ်တပ် ဟမ့်ရှိုင်းယားတပ်မဟာသည် လေ့သင်းအတွင်းဝန်တို့လာခဲ့သော လမ်းအတိုင်း ပြန်သွားကြပြီး လေ့သင်းအတွင်းဝန်နှင့်အဖွဲ့သည် မြောက်ဘက်သို့ ဆက်သွားကြသည်။

မေဂျာဘရက်ဒွန်၏တပ်သည် ခရီးတစ်ထောက်မျှ မဆိုင်းရသေးမီ မီးလောင်နေသော ရွာတစ်ရွာသို့ ရောက်လာသည်။ စုံစမ်းကြည့်သောအခါ နာရီပိုင်းအတွင်းက လေ့သင်းအတွင်းဝန်၏ လူများ ဝင်သွားကြသေးသည်ဟု သိရသည်။ ရွာသားများသည် သူပုန်များဖြစ်သည်ဟု သတင်းရလေရာ လေ့သင်းအတွင်းဝန်က လိုက်လေသည်။ သစ်ပင်အောက်တွင် ထမင်းချက်နေသော လူတစ်သိုက်ကို တွေ့၍ပစ်ခတ်လိုက်ရာ မိန်းမ ၂ ယောက် သေသွားသည်။ သူ့ကင်းထောက်တွေ အရပ်ခံတွေထဲမှ အနီးတစ်ဝိုက်တွင် သူပုန်တပ်ရှိနေကြောင်းပြောကြ သူ ရထားသည့်သတင်းအရ ဤသူများသည် တကယ့်သူပုန်အစစ်ဖြစ်သည်ဆိုပါက လေ့သင်းအတွင်းဝန်မှာ သက်သာလှမည် မဟုတ်ပေ။



ထက်မြက်သော လူငယ်ရဲအရာရှိဖြစ်သူ မစ္စတာလောက လေ့သင်းအတွင်းဝန်သည် မုသားစကား ဇီဆယ်ပြောခြင်းဖြစ်ကြောင်း သက်သေအထောက်အထား ပြနိုင်သည်ဟု အတိအကျဆိုသည်။ လေ့သင်းအတွင်းဝန်သည် ဘုရင်ခံချုပ် မရောက်ခင် ပြန်လာပြီးလျှင် သခင်သစ်၏ ရှေ့တွင် မျက်နှာသာရအောင် ခ,စားဦးမည်မှာ သေချာလှပေသည်။ မစ္စတာလောကို ဖြေရန်အတွက်လည်း ဆင်ခြေကောင်းကောင်းကြီး ရှိနေပေလိမ့်မည်။ ကာနယ်စလေဒင်က သူ့လူဘက်မှ အကာအကွယ်ပေးသည်။

သူပုန်ဟုဆိုသူများထဲတွင် မိန်းမတွေရှိနေခြင်းမှ အလွန်ထူးဆန်းလှသည့်ပြင် ဤအမှုတစ်ခုလုံးကိုလည်း သံသယဝင်လာစေသည်။ အပစ်ခံရသူတွေကို မည်သူမည်ဝါဖြစ်ကြောင်းဖြေရန် အချိန်ကိုပင် မပေးဘဲ ပထမဆုံးသေနတ်တွေ ဒလဟောပစ်၍ နှုတ်ဆက်လိုက်ခြင်းသာဖြစ်သည်။ သူပုန်ဟုအထင်ခံရသူများသည် လက်နက်ကိုင် လူဆိုးတွေလော၊ သို့တည်းမဟုတ် ယောက်ျားတွေမှ ဟုတ်ပါ၏လောဟူ၍ပင် အသေအချာမပြောနိုင်ပေ။ စီရင်ချက်ချရန် ခဲယဉ်းနေပုံရသည်။ ဤပြဿနာဖြစ်ခဲ့သည်မှာ ဇန်နဝါရီ ၃၁ ရက်နေ့တွင်ဖြစ်သည်။

တကယ့်အရေးပါသောကိစ္စမှာ ဇန်နဝါရီလ ၂၇ ရက်နေ့က ရွှေဘိုခွဲဖြစ်ခဲ့သည်။ ထိပ်တင်မှတ်နှင့် လှဦးတို့သည် တပ်ချင်းပူးပေါင်း၍ ဧရာဝတီနှင့် ချင်းတွင်း မြစ်ပြိုင် တောင်နှင့်မြောက် စီးလျက်ရှိသော မူးမြစ်ညာဘက်ကမ်းနဖူးတွင် အခိုင်အလုံတပ်စွဲထားသည်။ ထိုနေရာတွင် အင်္ဂလိပ်တပ်များနှင့် တိုက်ပွဲဖြစ်ပွားသည်။ သစ်တပ်အတွင်းမှ သူပုန်များကို အကျအဆုံးများစွာဖြင့် မောင်းထုတ်လိုက်ရာ သူပုန်တွေ တစ်ကွဲတစ်ပြားစီ ဖြစ်ကုန်သည်။

ကျွန်တော်တို့လူတွေက ရန်သူ ၅၃ ယောက်သတ်၍ ရန်သူ့ပစ္စည်းသိမ်းပြီးလျှင် နေရိပ်ခိုရန်အတွက် ၁၁ နာရီခွဲတွင် အနားက ရွာထဲဝင်နားခြင်းဖြင့် တစ်မနက်ခင်း အလုပ်လုပ်ပြီးသွားသည်။ မြန်မာသူပုန်တစ်တပ် မြောက်ဘက်ကလာ၍ ရွာကိုဝင်တိုက်ကြသော်လည်း တစ်ကွဲတစ်ပြား ဖြစ်သွားကြသော အရင်·သူပုန်တွေ၏ ကံကြမ္မာကို သိမ့်ခံသွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်တို့ တပ်သားများသည် ယူနီဖောင်းပါသူကပါ မပါသူက မပါ ဖြစ်သလို တန်းစီကြသည်။ သို့သော် သူတို့ တာဝန်ကျေပွန်ခဲ့ပြီဖြစ်ရာ အေးအေးဆေးဆေး နေခွင့်ပေးလိုက်သည်။ သူတို့တစ်တွေကား မန္တလေးသို့ ရောက်လာသောအခါ အောင်သပြေကမ်း၍ အကြိုအဆိုခံရမည်မှာ သေချာနေပေသည်။

ဤအကြောင်းအချက်များကို ကျွန်တော့်အားပေးသော သတင်းထောက်က ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် အင်းဝရှိ ယမ့်ရှိုင်းယား တပ်မဟာမှ ကပ္ပတိန် မက်ဒိုနယ်သည် အင်းဝအရှေ့တောင်ဘက် ၇ မိုင်ကွာရှိ တံတားဦးတွင် သူပုန်တစ်ဖွဲ့နှင့် တိုက်ပွဲအနည်းငယ် ဖြစ်ခဲ့သည်ဟုပြော သည်။ သူပုန်တွေဘက်က ၄ ယောက်ကျဆုံးပြီးလျှင် ၄ ယောက် လက်ရဖမ်းမိသဖြင့် မှတ်လောက်သားလောက် ကြိမ်ဒဏ်ပေးလိုက်သည်။ ကြိမ်ဒဏ်ခံရသူများသည် အသတ်ခံရသလောက်ပင် စိတ်နာနေကြမည်ဟု ကျွန်တော်ဆိုသည်။ သေသွားလျှင် တစ်ခါတည်း ကိစ္စပြတ်သည်။

ကျွန်တော့်ဘက်က အထိအခိုက် အကျအဆုံးမရှိ။ သို့သော် ထိုတိုက်ပွဲဖြစ်ပွားခဲ့သလို ၎င်းနေရာအနီးအနားသို့ မန္တလေးမှ ဒုတိယစစ်ကြောင်း ချီတက်သွားသဖြင့် ထိုနေရာတွင် သူပုန်တွေ အလုံးအရင်းနှင့် ရှိလိမ့်ဦးမည်ဟု ကျွန်တော်တို့တပ်ဗိုလ်တွေက အတတ်တွေးကြသည်။

ဘုရင်ခံချုပ် စီးသွားသောသင်္ဘောကို အပစ်အခတ်ခံရသည်ဆိုလျှင် မဖွယ်မရာဖြစ်သွားပေမည်။ ထို့ပြင် သင်္ဘောအဆန်ခရီး အင်းဝနှင့် စစ်ကိုင်းနားတွင် ပစ်လိုက်ခတ်လိုက်လုပ်မည်ဆိုက လုပ်နိုင်သောနေရာများ ရှိနေသည်။

ကျွန်တော်တို့သည် မြောက်ဘက်လှည့်၍ ကာနယ်ဆင်ပဆွန်တွက်ခြေကိုက်အောင် အောင်ပွဲဆင်သောနေရာသို့ ရောက်လာကြသည်။ ဤနေရာတွင်လည်း သူပုန်တို့သည် အရှိန်လွန်၍ ခံသွားကြရသည်။ သူပုန်ဗိုလ်သည် ရွာတစ်ရွာသွားပြီး လူ ၂၅ ယောက်နှင့် လက်နက်အများအပြား ပေးရမည်။ အကယ်၍ အချိန်ကျ ဆက်ကြေးမပေးလျှင် ရွာကို မီးရှို့ပစ်မည်ဟု ကြိမ်းသည်။ သေချာပေါက်ရပြီဟုတွက်ကာ သူပုန်ဗိုလ်သည်



နော[illegible]ကျောင်းဝင်း[illegible] ကိုယူရန် သွားသည်။ ရွာသားများက ပြေးမလွတ်နိုင်တော့ဟု တွေးပြီး ပေးရန်[illegible]ပြင်[illegible]သည်။ [illegible]သွား သောအခါ ရွာသားများသည် သူပုန်တွေထက် သူတို့က လူအင်အား သာနေသည်ကို တွေ့မြင်ရာ ပြန်လှန်တိုက်ခိုက်ပြီးလျှင် သူပုန်ဗိုလ်ကို ပစ်သတ်ပြီး အရိုက်ထိုးကာ မိမိတို့ရပ်ရွာကို ပြန်ခဲ့ကြသည်။ ဤသို့ လုပ်သင့်လုပ်ထိုက်သည်ဟု ကျွန်တော်ထင်သည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဖြစ်ပွားသော စစ်ကိုင်းတိုက်ပွဲဖြစ်ပြီးနောက် ရန်သူတို့သည် မျှော်လင့်ထားသည့်အတိုင်း ရွှေဘိုဘက်သို့ မဆုတ်ဘဲ အနောက်တောင်ဘက်သို့ ဆုတ်ခွာသွားသည်။ ပုဂံကစ်ဝိုက်တွင် ပြန်လည်၍ စုရုံးကြဦးမည်ဟု မှန်းရသည်။ ပုဂံမြောက်ဘက်နားတွင် ရှိသော ညောင်ဦးတွင် အမှတ် (၁၁) ဘင်္ဂလားခြေလျင်တပ်ကို မေဂျာစတက်က အုပ်ချုပ်လျက်ရှိသည်။ သူပုန်တို့သည် အလုံးအရင်းဖြင့် စုရုံးနေဟန်တူသဖြင့် တစ်ပွဲတစ်လမ်း အကဲစမ်းရန်အတွက် မေဂျာသည် စစ်သား ၁၈၀ နှင့်အတူ ထွက်သွားသည်။ ပုဂံ၏ အရှေ့မြောက်ဘက် မိုင် ၂၀ အကွာတွင် သူပုန် ၂၀၀ နှင့်တွေ့သည်။ သို့သော် တောထဲ ၂ မိုင်ခန့်ရောက်အောင် ရန်သူ့နောက်က လိုက်တိုက်ရသော အပြေးအလွှားတိုက်ပွဲသာဖြစ်သည်။ မေဂျာဘက်မှ နှလုံးသားကိုမှန်၍ အမှတ် (၈) ဘုရင့်လီပါပူတပ်မဟာမှ တပ်သားတစ်ယောက် ကျဆုံးသည်။ သူပုန်အလောင်း ၂ လောင်းတွေ့ရသည်။ မျက်ခြည်ပြတ်သွားသောကြောင့်လည်းကောင်း၊ မင်းသားသည် မြင်းခြံအနီး၌ သူပုန်တပ်နှင့် အတူရှိလိမ့်မည်ဟု ထင်ရသည်မှတစ်ပါး၊ အခြားသတင်း မကြားရသောကြောင့်လည်းကောင်း မေဂျာသည် ၂၀ ရက်နေ့တွင် ပုဂံသို့ ပြန်သွားရလေသည်။

◂◂ ▸▸

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

## အရှုံးအမြတ်

အထက်မြန်မာပြည်၏ အနာဂတ်ပြဿနာမှာ ရန်ကုန်ကဲ့သို့ပင် မန္တလေးတွင်လည်း ဆွေးနွေးစရာ ပြဿနာတစ်ခု ဖြစ်နေသည်။ မျက်နှာဖြူများသာမက မွတ်ဆလင်နှင့် အခြားသူတို့ကပါ ဘယ်ဘက်ကကြည့်ကြည့် သိမ်းပိုက်လိုက်ခြင်းသည် အကောင်းဆုံး၊ အရှင်းဆုံး၊ အမြတ်အထွက်ဆုံး ဖြစ်သည်ဟု တစ်သံတည်းဖြစ်လုနီးပါး ယူဆကြသည်။ သိမ်းပိုက်ရေးကို အပြင်းအထန် လိုလားသူအပေါင်း တစ်ယောက်မကျန်က အောက်မြန်မာပြည်မှ အခွန်အတုတ်ရခဲ့သလောက်ပင် အထက်မြန်မာပြည်မှလည်း ရလိမ့်မည်ဟု ယုံကြည်ကြသည်။

အောက်မြန်မာပြည်သည် အမေရိကန်မြို့ကြီးများ နေ့ချင်းညချင်း ကြီးပွားတိုးတက်လာသလို ကြီးပွားတိုးတက်ခဲ့သည်။ အကယ်၍ အထက်မြန်မာပြည်သည်လည်း ဤသို့ ကြီးပွားတိုးတက်မလာလျှင် သီပေါမင်းအုပ်ချုပ်ပုံ ချို့ယွင်းညံ့ဖျင်းမှုနှင့် မတရားဖိနှိပ်ညှင်းပမ်းမှုကြောင့် ဖြစ်သည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားလှသည်။ အကယ်၍ အထက်မြန်မာပြည်ကို ဗြိတိသျှ မြန်မာပြည်အဖြစ် အပြီးအပိုင် သိမ်းလိုက်မည်ဆိုပါက ဤချို့ယွင်းချက်များကို ချက်ချင်းပြုပြင်ပစ်ရပေမည်။

သို့ရာတွင် မျက်နှာဖြူအားလုံးက ဤသို့ ယတိပြတ်မယုံကြည်ကြချေ။ ဤကိစ္စကို တစ်မျိုးမြင်သောသူ ၃ ဦးနှင့် ကျွန်တော် တွေ့ခဲ့သည်ဟု အောက်မေ့သည်။ တစ်ယောက်မှာ အထက်မြန်မာပြည်တွင်းသို့ မိုင်



၃၀၀ ကျော် မိမိတပ်ကို အုပ်ချုပ်၍ ချီတက်ခဲ့သော တပ်မှူးတစ်ဦးဖြစ်သည်။ သူက အင်္ဂလိပ်မြန်မာနယ်ခြား မြောက်ဘက်အရေးနှင့် ပတ်သက်၍ ရန်ကုန်က အယူအဆ မှားနေကြောင်းကို အံ့ဩစွာတွေ့ရသည်ဟု ဆိုသည်။ လမ်းလုံးဝမရှိဘူးဟု ပြောကြသော်လည်း လမ်းအများအပြားရှိသည့်အပြင် မြို့ကြီးများနှင့်ဝေးသော အောက်မြန်မာပြည်မှ လမ်းတွေ့ထက်ပင်ကောင်းနေသည်ကို တွေ့ရသည်။ လမ်းဖောက်လျှင် ကုသိုလ်ရသည်ဟူသော ဗုဒ္ဓဘာသာ၏ ယုံကြည်ချက်အရ အထက်မြန်မာပြည်တွင် လမ်းတွေကို ဖောက်ကြခြင်းဖြစ်သည်။

အိမ်တွေကလည်း ညံ့သည်ဟု သူ့ကိုပြောကြသည်။ သို့သော် သူ့အနေဖြင့် အိမ်ချင်းကွာခြားသည်ဆိုလျှင် အထက်မြန်မာပြည်ရှိ အိမ်တွေဘက်က မဲပေးမည်ဖြစ်သည်။ ပြည်သူအများသည် ရက်စက်ကြမ်းကြုတ်မှုအောက်တွင် ပိပြားနေကြပြီးလျှင် ရတနာပုံအစိုးရကို ဖြုတ်ပစ်ရန် ပြင်းပြနေကြသည်ဟု ယုံနေကြသည်။ ရေလွှမ်းမိုးခံရသော နယ်အချို့မှတစ်ပါး ပြည်သူတွေမှာ ကောင်းစွာစားသောက်နေထိုင်နိုင်ပြီး သူတို့ဘဝကိုသူတို့ ကျေနပ်ကြကြောင်း တွေ့ရှိရသည်။ ဖိနှိပ်ခြင်းခံရသည်ဟုလည်း ငြီးတွားပစ်တင်ခြင်းမပြု။ ကျွန်တော်တို့ ရောက်လာ၍လည်း ဝမ်းသာအားရဖြစ်သည့်လက္ခဏာ မပြကြချေ။ ထင်သည့်အတိုင်းမဟုတ်ဘဲ ပြည်သူပြည်သားများက ကျွန်တော်တို့အား ပုန်ကန်နေသော သူပုန်တွေကို လိုလားထောက်ခံကြသည်။

ဤနေရာတွင် ပြည်အရေးပိုင် မေဂျာ အလက်ဇန္ဒားဆီထိအောင် ရောက်ခဲ့သော အဖြစ်အပျက်တစ်ခုကို ဖော်ပြပါမည်။ သီပေါမင်းအား အကျဉ်းသားအဖြစ် မြစ်ကြောင်းအတိုင်း ခေါ်ဆောင်သွားပြီးနောက် သုံးပတ်ခန့်အကြာတွင် မိမိ ဆိုင်ငယ်တွင်ရှိသော ယက္ကန်းတစ်စင်တွင် ထိုင်လျက်ရှိသည့် အောက်သူတစ်ယောက်က အခြားယက္ကန်းတစ်စင်တွင် ယက္ကန်းယက်နေသော အညာသူအား သီပေါမင်းသည် ယခုအချိန်ရောက် ဆိုလျှင် အင်္ဂလိပ်လက်အောက် မဒရပ်ရောက်နေပြီဟု ပြောလိုက်သည်။ အညာသူက အနားရှိ အောက်သူကို မဟုတ်မတရားတွေ ပြောရမည်

www.burmeseclassic.com

www.burmeseclassic.com



လားဟု ပြစ်တင်သတိပေးလိုက်ပြီးလျှင် ဘုရင့်သူလျှိုတွေကြားလျှင် ခေါင်းဖြတ်ခံရလိမ့်မည်ဟု ပြောလိုက်သည်။

ဖြစ်ပျက်နေသော အခြေအနေကို ပိုသိနေသော အောက်သူက ဘုရင်မှာ သူတစ်ပါးလက်အောက်ရောက်၍ ထောင်သွင်းအကျဉ်းချရန်အတွက် အိန္ဒိယသို့ ပါတော်မူသွားပြီးဖြစ်ရာ ဘုရင်နှင့်ပတ်သက်၍ ဘာမှ မရှိတော့ပြီဖြစ်ကြောင်း ပြောလိုက်သည်။ ဤစကားကို မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော အညာသူက လက်မခံနိုင်ရကား ပြည်မြို့သူကို လိမ်သူ ဘုရင့်ရန်သူဟု စွပ်စွဲလိုက်သည်။ သူတို့နှစ်ယောက် လမ်းပေါ်တွင် သတ်ပုတ်ရန်ဖြစ်ကြရာ ဝရုန်းသုံးကား ဖြစ်သွားလေသည်။

လောလောဆယ်ဖြစ်ပေါ်နေသည့် အခြေအနေအရ မြန်မာတို့၏ ခံပြင်းတတ်သော စိတ်ဓာတ်နှင့်ပတ်သက်သော နောက်ထပ် သာဓကတစ်ခုကို မေဂျာအလက်ဖနွားက ပြောပြသည်။ သိက္ခာသမာဓိ အတော်အတန်ရှိသော ရန်ကုန်မှ မြန်မာတစ်ဦးသည် ပြည်သို့ ရောက်လာပြီးလျှင် ဘုရင့်တပ်မတော် အောင်ပွဲဆင်နေသည်ဆိုသော ကောလာဟလကို မိတ်ဆွေတစ်ဦးနှစ်ဦးအား ပြောပြသည်။ သူ ကြားခဲ့သမျှကို ရေးပေးပါဟု ဆို၍ သူက ရေးမှတ်ပေးလိုက်သည်။ သူ ရေးလိုက်သောသတင်းမှာ တစ်စောင်မှတစ်စောင် ရေးကူး၍ပွားလိုက်ရာ တစ်မြို့လုံးအနှံ့ "ကြေညာချက်" အစောင်ပေါင်း ၃၀၀ ထိ ပြန့်သွားသည်။ လူတိုင်းက ယုံကြည်ကြပြီးလျှင် ဤသတင်းအမှန်ဖြစ်သည်ဟု ရဲရဲကြီး ထင်နေကြသည်။

ဘုရင်နှင့်မိဖုရားကြီး ပါတော်မူသွားပြီကို သိသွားကြသောအခါ အထက်မြန်မာပြည် ကျေးရွာများရှိ အမျိုးသမီးများနှင့် ယောက်ျားများပင်လျှင် မျက်ရည်ဖြိုင်ဖြိုင်စီး၍ ရှိုက်ကြီးတငင် ဝမ်းနည်းပူဆွေး ငိုကြွေးလျက်ရှိကြသည်။ သိမ်းပိုက်ရေးကို အားတိုက်အင်တိုက် ရှေ့နေလိုက်လျက်ရှိနေသော ကာနယ်စလေဒင်ကပင် မြန်မာလူမျိုးတို့သည် မဟာနွယ်တို့အား ကြည်ညိုရိုသေသော အစွဲအလမ်းရှိကြောင်း ဝန်ခံရသည်။ မြန်မာတို့သည် သိမ်းပိုက်ခြင်းကို လိုလားလျက်ရှိရုံမက ဖိနှိပ်မှုမှလွတ်မြောက်ရာအဖြစ် သိမ်းပိုက်ပါတော့ဟုပင် ဆုတောင်းနေကြသည်ဟု ကာနယ်စလေဒင်က



အတိအလင်းပြောခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ အကယ်၍ မြန်မာတို့က ဤသို့ ဆုတောင်းကြသည်ဟုဆိုလျှင် မြန်မာတို့၏ ဆုတောင်းပုံသည် မကြုံစဖူး အထူးအံ့သြစဖွယ်ကောင်းသော ဆုတောင်းပုံပင်ဖြစ်သည်ဟု ဝန်ခံရပေလိမ့်မည်။

အညာသားတို့၏ အတောင့်တဆုံးဆန္ဒမှာ အောက်ဘက်ရှိ ညီနောင်တို့နှင့် မကွဲမပြား တစ်သားတည်းဖြစ်ရန်နှင့် အပြီးအပိုင် ဗြိတိသျှ ကျေးတော်ကျွန်တော်မျိုးဖြစ်ရန်သာ ဖြစ်သည်ဟု ထက်အောက် မြန်မာပြည်ရှိ ၁၀၀ လျှင် ၉၉ ယောက်သော မျက်နှာဖြူတို့က တွင်တွင်ကြီး ဆိုနေကြခြင်းမှာ လက်တွေ့အစမ်းသပ် မခံနိုင်သလောက်ပင်ဖြစ်သည်။ ကျွန်တော်တို့၏ အစိုးရအမှုထမ်းအဖြစ်ဖြင့် ပိုကောင်းစားလိမ့်မည်ဟု ထင်နေသော လူလတ်တန်းစား အညာသားအရာရှိ အရာခံတို့သည် ပြည်သူတွေက သိမ်းပိုက်စေချင်ကြပါသည်ဟု ပြောရန် ပါးစပ်တပြင်ပြင်ဖြစ်နေကြသည်။ သို့သော် ရည်ရွယ်ချက် အမျိုးမျိုးဖြင့် သူတို့ကိုယ်တိုင် သိမ်းပိုက်ရေးကို လိုလားလျက်ရှိသော ကုလားများက မကွယ်မထောင့်ပေးထားသော ဖြောင့်ချက်ကို သတိပြုမည်ဆိုပါက ဤသဘောထားမှာ ယေဘုယျ သဘောထားမဟုတ်ကြောင်း တွေ့ရသည်။ ဘုရင်က မြန်မာတို့အား နတ်ရွာနိဗ္ဗာန်ရောက်အောင် တစ်နည်းနည်းဖြင့် ကူညီသည်။ ဘုရင်သည် မြန်မာတို့၏ မင်းသားမဟုတ်၊ ဘုရားနှင့် တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်ရာလည်းဖြစ်သည်။ ထို့ပြင် လောကီလောကုတ် နှစ်မျိုးစလုံး ရှေ့ဆောင်မှု၊ ကာကွယ်မှု ပေးနိုင်သော ဘုရင်နှင့် ကင်းကွာနေရလျှင် မဟာကြမ္မာဆိုးကြီးဟု အထင်ရောက်အောင် ရိုးသားသူများဖြစ်သည်ဟု ကုလားတွေက သရော်သလိုလို ဆိုကြသည်။

မြန်မာတို့သည် သူတို့ ဘုရင်၏ မောက်မာမှု၊ စော်ကားမှုကို တော်လှန်၍ လွတ်မြောက်ရန် တောင့်တမျှော်လင့်နေသည်ဟု ဂိုဏ်းချုပ် ဖော်ဒွန်က ထင်သည်။ ဤကား ပြင်သစ်တို့အမြင်ဖြစ်ကြောင်း ထင်ရှားလှသည်။ ဖြစ်သင့်သည့်အတိုင်း အမြဲဖြစ်နေသည်မဟုတ်။ ဘုရင်၏ ရှေ့မှောက်တွင် ခယ ဝပ်တွားခစားနေရသောကြောင်း မြန်မာတို့ စိတ်နာနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်ဟူသော အယူမှာ အနောက်နိုင်ငံအမြင်ဖြင့် ပြောခြင်းဖြစ်ပြီးလျှင် ကိုယ့်အထွာနှင့်ကိုယ်တိုင်း၍ စဉ်းစားခြင်းလည်းဖြစ်သည်။ မင်းစိုးတို့၏ ထံပါးတွင် ဒူးထောက်တံတောင်ထောက် ခစားရသည်ကို မြန်မာတို့အနေဖြင့် မကျေမနပ်မဖြစ်။ မင်းသမီးတစ်ပါး၏ရှေ့တွင် မြတ်မြတ်နိုးနိုး ဒူးထောက်ခစားနေသော အပျိုတော်တို့ကို မြင်ဖူးသည်။ တစ်ယောက်က ဆေးပေါ့လိပ်ကိုင်၊ တစ်ယောက်က မီးခြစ်ကိုင်ကာ ခစားနေရခြင်းကြောင့် နည်းနည်းလေးမှ ဤသို့လုပ်ရလေခြင်းဟု စိတ်မနာသည်မှာ အသေအချာပင်ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်က သူတို့ သဘောထားမျိုး ရှိနေမည်ဆိုလျှင်လည်း သူလိုပင် မင်းသမီးရှေ့ ဒူးထောက်ဝပ်တွား ခစားရသည်ကို ပျော်ရွှင်နေမည်သာ ဖြစ်သည်။

ကျွန်တော်တို့ အနောက်နိုင်ငံ လူ့ကျင့်ဝတ်သိက္ခာ သဘောထားဖြင့် အညာသား မြန်မာတို့ကို သွားတိုင်း၍မရပေ။ အောက်ကျနောက်ကျ ခစားရသည်ကို ဂုဏ်ယူနေသော ဤသူတို့အား အနောက်နိုင်ငံမှ လူ့အခွင့်အရေး ကြေညာစာတမ်းကြီးက ရှက်အောင်လုပ်နိုင်မည်မဟုတ်ချေ။ ကျွန်တော်တို့အနေဖြင့် ဤသို့ ခယဝယလုပ် ပြောဆိုပြုမူပုံမှာ ဥရောပ ရာဇဝင် တစ်ခေတ်တွင် ခွေးက သခင်ကို သစ္စာရှိပုံမျိုးရှိခဲ့သော ကိစ္စထက်ပင် လွန် သည်ဟု ထင်ရသည်။

ခါးတကုန်းကုန်း မျက်လွှာတချချဖြင့် ဘွတ်ဖိနပ် မနင်းဘူးသော ကြမ်းပြင်ကို နဖူးနှင့် ထိလျက်နေရသည်ကို မြန်မာတို့ ငြီးငွေ့စက်ဆုပ်လှပြီဟု ထင်မှတ်ခြင်းသည် မှောက်မှားသောအထင်ဖြစ်သည်။ အတိတ်ကာလကတည်းက ဤသို့ ပြုလုပ်ရသည်ကို နှစ်ခြိုက်ကြသည်။ သို့ မနှစ်ခြိုက်ခဲ့လျှင် အစဉ်အလာဓလေ့ ဖြစ်လာမည်မဟုတ်။ ယခုအထိလည်း နှစ်ခြိုက်လျက်ရှိသေးသည်။

သို့ရာတွင် ဘုရင့်အား လောကသမုတိနတ်အဖြစ် လွန်ကဲသော အထွတ်အမြတ် ဂုဏ်အင်္ဂါများဖြင့် အသိအမှတ်ပြုလာသည်အထိ တိုးတက်သောအမြင်များ ရှိနေပြီဖြစ်သည်မှာ ယုံမှားဖွယ်မရှိချေ။ အနာဂတ်



အရေးကို စဉ်းစားမိတိုင်းလိုလိုပင် မြန်မာတစ်ဦးကပြောသော "နာမည်ခံဘုရင်" "ရုပ်ပြဘုရင်" "အင်္ဂလိပ်တို့အလိုကျ လုပ်မည့်ဘုရင်" စသည်တို့သည် အများ၏ လိုလားချက်နှင့် ကိုက်ညီပေသည်။ မိမိ၏ အလိုအတိုင်း အံတိအကျလုပ်နိုင်မည့် ဘုရင်မျိုးကို မမျှော်လင့်။ ဤသို့သော စိတ်တိုင်းကျ ဘုရင်မျိုးကား မမျှော်လင့်သာပြီ။ ကောင်းစွာ ကျင့်ကြံပြုမူမည့် အာဏာကို ကန့်သတ်ထားသော ဘုရင်မျိုးကိုရလျှင် တော်ပါပြီဟု မြန်မာတို့က စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန်ဖြင့် လက်လျှော့ထားပုံရသည်။

ဤသို့ အကန့်အသတ်ဖြင့် တောင့်တချက်သည်ပင် ရေစုံမျောသွားပြီးလျှင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အညာသားတို့သည် မိမိတို့၏ ကံကြမ္မာကို အောက်မြန်မာပြည်လိုပင် ဗြိတိသျှလက်သို့ ဝကွက်အပ်ရပေတော့မည်။

ဘုရင့်တပ်မတော်နှင့် နေပြည်တော်ကို အခုအခံမရှိဘဲ လက်နက်ချ အညံ့ခံလိုက်သော အချိန်မှစ၍ လက်တွေ့နိုင်ငံရေး လိုလားချက် ဟူသမျှကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ဆုံးရှုံးသွားပြီးလျှင် တိုင်းပြည်၏ အနာဂတ်ရေးကို အင်္ဂလိပ် စစ်သေနာပတိလက်ထဲသို့ အပ်လိုက်ရသည်။ ထို့နောက် ဖြစ်ပေါ်လာသော သူတို့၏တော်လှန်ရေးမှာ တစ်သားတည်း ညီညွတ်မှု၊ တစ်ခဲနက်အင်အားရှိမှုနှင့် တိုင်းပြည်အတွက် တိကျသော ရည်ရွယ်ချက်များ ကင်းမဲ့မှုကြောင့် ဆုံးရှုံးသွားရသည်။ မြန်မာမင်းဆက်က အညံ့ အခံကြီးခံ၍ လက်နက်ချခဲ့ပြီဖြစ်သော ဗြိတိသျှအစိုးရ၏ အမြင်နှင့် အကျိုးစီးပွားကိုသာ စဉ်းစားရန်ရှိတော့သည်။ ယခုအခါ မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းယူပြီးဖြစ်ရာ မြန်မာပြည်အရေးကိစ္စနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရမည့်သူမှာ အနိုင်ရထားသူကပင်ဖြစ်သည်။

မြန်မာပြည်အား သိမ်းပိုက်မည်လော၊ တိုင်းရင်းသား မင်းတစ်ပါးကိုပြန်တင်မည်လော၊ အိန္ဒိယအစိုးရ၏ ဩဇာအာဏာနှင့် မြို့စောင့်တပ်ကြီးက ကျားကန်ထားသော ဗြိတိသျှသံကိုယ်စားလှယ်တော်၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင်ထားသည့် ထီးနန်းကို အစောင့်ရှောက်ခံ မင်းသားတစ်ပါးကို အပ်မည်လော၊ မည်သို့ ဆုံးဖြတ်ချက်ချခဲ့သည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အသိပင်ဖြစ်သည်။ လက်တွေ့ စိတ်ဝင်စားဖွယ် မရှိတော့သော ၎င်းပြဿနာကို ကျွန်တော် အငြင်းမပွားလိုပါ။ သို့သော် မည်သည့်အခြေအနေတို့ကြောင့် ဗြိတိသျှအစိုးရသည် အထက်မြန်မာပြည်ကို သိမ်းပိုက်ရန် ဆုံးဖြတ်ရခြင်းနှင့် သီပေါမင်း၏ ပိုင်နက်များကို ဗြိတိသျှပိုင်နယ်တစ်ခုအဖြစ် သွတ်သွင်းရမည်ကို ကျွန်တော်တို့ အသေအချာ ဆန်းစစ်ကြည့်မည်ဆိုပါက ခက်ခဲသော ပြဿနာတစ်ခုကို နားလည်ရေးအတွက် အထောက်အကူဖြစ်စေပြီးလျှင် နောင်တွင်လည်း ချွတ်ချော်လွဲမှားမှုကို ရှောင်ရှား နိုင်ပေလိမ့်မည်။

ကျွန်တော်တို့က သိမ်းပိုက်ရန် ဆုံးဖြတ်ထားသောတိုင်းပြည်သည် ငွေရင်းငွေနှီး မြှုပ်နှံသင့်သောတိုင်းပြည် ဟုတ်မဟုတ်ကို ပထမဆုံးကြည့်ရအောင် စစ်စရိတ်မှာ ပေါင် ၃၀၀,၀၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းသည်။ စစ်စရိတ်ဆိုသည်မှာ ခန့်မှန်းသည်ထက် ပိုကုန်စရာရှိ သည်။ သို့ရာတွင် ပြည်သိမ်းတပ်စရိတ်မှာ အလွန်ကြီးကုန်ကျဖွယ်မရှိ၊ ဥပမာ အာဖဂန်နစ္စတန်စစ်ပွဲသည် မူလက ၂ သန်းကုန်ကျမည်ဟု ခန့်မှန်း သော်လည်း သန်း ၂၀ ကုန်ကျသွားသကဲ့သို့ မြန်မာပြည်တွင် စစ်စရိတ် ဤမျှကုန်ကျလိမ့်မည်မဟုတ်ပေ။ ဗန်းမော်နှင့် ၎င်းအနီးနယ်များကို တရုတ်တို့က ပိုင်ထိုက်သည်ဟု တောင်းဆိုမှုကြောင့် ဖြစ်ပေါ်လာသော တိုက်ပွဲတွင် ကျွန်တော်တို့ ဝင်ရောက်မတိုက်ဘဲ နေမည်ဆိုက မြန်မာပြည်သိမ်းပိုက်ရေးနှင့် ပတ်သက်၍ အကုန်အကျများဖွယ် မမြင်ချေ။ သို့သော် ဤကိစ္စမှာ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့ ဆောင်ရွက်ကြရမည်ဖြစ်သော ဘဏ္ဍာရေးပြဿနာနှင့် တခြားစီထားရမည်ဖြစ်သော နိုင်ငံရေးပြဿနာ ဖြစ်သည်။

"သိမ်းပိုက်ခြင်းသည် အမြတ်ထွက်မည်လော" ဆိုသော အရေးကြီးသည့်ပြဿနာနှင့်ပတ်သက်၍ ပထမ ၅ နှစ်အတွင်းမှာ သိမ်းပိုက်လိုက်ခြင်းကြောင့် ဗြိတိသျှ၊ မြန်မာပြည်နှင့် အိန္ဒိယပြည်တို့၏ ဘဏ္ဍာရေးအပေါ်တွင် ဝန်ထုပ်ဝန်ပိုး တက်လာမည်ဖြစ်သော်လည်း မြန်မာပြည်သည် လမ်းတွေပွင့်ပြီး တိုးတက်ကြီးပွားလာသောအခါတွင် အမြတ်ထွက်လာလိမ့်



မည်ဆိုသော အဖြေကို မဟာဝန်ရှင်တော်မင်းကြီးက ဆိုလာလိမ့်မည်ဟု ကျွန်တော် ယုံကြည်သည်။

ဤပြဿနာကို အလေးအနက် စဉ်းစားသော အရာရှိတစ်ဦးက စေ့စေ့စပ်စပ် ပြုလုပ်မည်ဆိုပါက ၁၄ နှစ်အတွင်း အထက်မြန်မာပြည်သည် တစ်နှစ်လျှင် ပေါင်တစ်သိန်း အမြတ်ထွက်လိမ့်မည်ဟု ယုံကြည်သည်။ ကြိုတင်ခန့်မှန်းချက်များသည် အမြဲတမ်း ချဲ့ကားတတ်သည် မဟုတ်ကြောင်းကို ပြရန်အလို့ငှာ ထိုစဉ်က တစ်နှစ်လျှင် အခွန်တော် သိန်း ၆၀ ရနေသော အောက်မြန်မာပြည်၏ ဘဏ္ဍာရေး အလားအလာကို ချင့်တွက်ရန်အတွက် ၁၈၆၀ နှစ်တွင် အောက်မြန်မာပြည်သို့ ရောက်လာသော ဆာရစ်ချပ်တင်ပဲလ် ခေါင်းဆောင်သောအဖွဲ့ဝင်များသည် အခြေအနေကို လေ့လာပြီးနောက် အကယ်၍ အစစအဆင်ပြေမည်ဆိုပါက ဤနယ်မှ တစ်နှစ်လျှင် အခွန်တော် သိန်း ၈၀ ရလိမ့်မည်ဟု ကြိုတင်၍ပြောသည်။ ယခုလက်ရှိ အောက်မြန်မာပြည်မှရသော အခွန်တော်မှာ သိန်း ၂၈၀ ဖြစ်သည်။

ဤကား အထက်မြန်မာပြည်ကို အောက်မြန်မာပြည်၏ လမ်းစဉ်အတိုင်း အုပ်ချုပ်သင့်ကြောင်း သံသယဝင်နေသော မဟာဝန်ရှင်တော်မင်းကြီး၏ ပွင့်လင်းစွာ ထုတ်ဖော်မှုကြောင့် ကျွန်တော်သိခဲ့ရသော အကြောင်းဖြစ်ရာ သိမ်းပိုက်ရေး အားသန်သူများကို အားတက်စေမည့် ရာဇဝင်ကဏ္ဍတစ်ခု ဖြစ်လေသည်။

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၏ ဘဏ္ဍာရေးအခြေအနေ ကွဲပြားခြားနားမှုရှိသည်ဆိုလျှင် အထက်မြန်မာပြည်သည် သီပေါမင်းနှင့် သူ၏ ဘိုးတော်ဘေးတော် ခမည်းတော်တို့၏ ဖိနှိပ်မှုအောက်တွင် ပြားပြားဝပ်နေရပြီးလျှင် အောက်မြန်မာပြည်သည် ကျွမ်းကျင်နိုင်နင်းသော ဗြိတိသျှအုပ်ချုပ်ရေး တာဝန်ခံများ အစဉ်အဆက်အုပ်ချုပ်ခဲ့သောကြောင့်သာလျှင် လုံးလုံးကြီးဖြစ်ပေသည်။ အောက်မြန်မာပြည်တွင် အလွန်အောင်မြင်ခဲ့သော အုပ်ချုပ်ရေးလက်အောက်သို့ အထက်မြန်မာပြည်ကို သွင်းရန်အတွက် ဘဏ္ဍာရေး အကြောင်းပြချက်ကြောင့် တွန့်ဆုတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမရှိချေ။

သို့သော် သိမ်းပိုက်ရေးဝါဒီများထဲတွင် လက်တွေ့အကျဆုံးနှင့် စိတ်ကူးယဉ်မှုကို လက်မခံသော လောဒ်ဒါလဟိုဇီသည် အထက်မြန်မာပြည်ကို လက်ဖျားနှင့်မျှ မတို့တော့ဘဲ ပဲခူးကိုသိမ်းပြီး သိမ်းပိုက်ရေးကို အောက် မြန်မာပြည်တွင်သာ ရပ်ထားရန် ဆုံးဖြတ်လိုက်သည့်အချိန်မှစ၍ နယ်မြေဒေသ ပထဝီအခြေအနေ ခြားနားမှုသည် ထူးထူးခြားခြားလျစ်လျူ ရှုထားခြင်းခံခဲ့ရသည်။အချို့ဒေသတွင် တစ်နှစ်လျှင် မိုးရေချိန်လက်မ ၁၀၀ နှင့် အချို့ဒေသတွင် လက်မ ၂၂၀ ထိအောင် မိုးကောင်းသဖြင့် အောက် မြန်မာပြည်သည် လယ်ယာစိုက်ပျိုးမှု ဖြစ်ထွန်းသည်။ ထို့ပြင် အောက် မြန်မာပြည်သည် ကျွန်တော်တို့၏ ရေတပ်ချီတက်ရေး၊ စစ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေးအတွက် ပင်လယ်မြစ်ချောင်းတို့ဖြင့် လမ်းပွင့်လျက် ရှိရာ အဘက်ဘက်မှ သွားလာဝင်ထွက်နိုင်သည်။

အထက်မြန်မာပြည်သည် ပင်လယ်နှင့် အလွန်ဝေးကွာသည်။ တစ်နှစ်မှ မိုးရေချိန်လက်မ ၃၀ အနိုင်နိုင်ရွာသည်။ လွန်ခဲ့သော နှစ်အတော် ကြာကတည်းက အစာရေစာ လျော့နည်းလာပြီးလျှင် မလုံမလောက်ပင် ဖြစ်နေသည်။ မိုးခေါင်ရခြင်းမှာ နိုင်ငံခြားသို့ ကျွန်းသစ်များ တိုးတက်တင် ပို့ရောင်းချရာ သစ်တောပြုန်းသွားသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ မည်သည့်အကြောင်းဖြင့်ဖြစ်စေ၊ လွန်ခဲ့သော အတိတ်ကာလ အထူးသဖြင့် လွန်ခဲ့သော ၃ နှစ်အတွင်း၌ အညာသားတို့သည် မိမိတို့ အထက်မြန်မာ ပြည်မှထွက်သော အစားအစာ သီးနှံများကို လုံလောက်စွာရရှိရေးအတွက် ခက်သထက်ခက်သည်မှာ ထင်ရှားလှပေသည်။ လွန်ခဲ့သောနှစ်၌ အောက် မြန်မာပြည်မှဆန်ကို မှန်မှန်ကြီးဝယ်ယူနေရစဉ်တွင် အညာသားတို့သည် အောက်မြန်မာပြည်သို့ ရွှေ့ပြောင်းဝင်ရောက်လာကြသည်။ ဗြိတိသျှပိုင်နယ် အတွင်းမှ အလွန်များပြားစွာ စပါးတန်ချိန် ၉၅၀၀၀ အထိ ဝယ်ယူခဲ့သည်။

ရေရှားပါးမှုကြောင့် တိရစ္ဆာန်တွေ ရောဂါဘယထူ၍ အသေ အပျောက်များသည်။ မကြာခဏ များလှသော သားရေတွေကို ရန်ကုန်သို့ပို့ပြီးလျှင် ဆန်ဖိုးပေးရမည့်ငွေထဲ ခုလိုက်သည်။ ကျည်ခံဖို့



"ငွေ"ပေးဆပ်ရန် မည်မျှများပြားသနည်းဟူမူ လွန်ခဲ့သော နှစ်အတော်ကြာ ကတည်းက ပြည်သူတို့သည် ဆန်ဖိုးပေးရန်အတွက် လက်ဝတ်လက်စား (ငွေထည်)လေးကို ဖြုတ်၍ ပေးဆပ်ခဲ့သည်အထိပင် ဖြစ်လေသည်။

အထက်မြန်မာပြည်သည် မိုးခေါင်ရေရှားဒေသဖြစ်၍ အောက် မြန်မာပြည်သည် ရေလုံလောက်ပြီး သီးနှံဖြစ်ထွန်းသော ဒေသဖြစ်သည်။ လယ်ကွင်းကြီးများက သီးနှံကောင်းများထွက်ပါ၏။ သို့သော် လူနေကျဲ သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းသည် အတော်ပင် စိုးရိမ်နေရပြီး စရိတ် ကြီးလာသည်။ အောက်မြန်မာပြည်၌ ကောက်ရိတ်အလုပ် အလွန်များ လေရာ လုပ်ခကောင်းကောင်းရရန်အတွက် အိန္ဒိယပြည်မှလာသော ကူလီ တွေ အထောင်အသောင်း၏ အကူအညီမရဘဲနှင့် မရိတ်သိမ်းနိုင်ချေ။ ခေတ် အေးဆေး ငြိမ်သက်စဉ်ကဆိုလျှင် အညာသားတို့၏ မက်လုံးလုပ်ငန်းကြီး ဖြစ်သည်။ ဧရာဝတီမြစ်ရိုးအတိုင်း ကိုယ့်လှေနှင့်ကိုယ်လာကြပြီး လှေကို အမြတ်တင်ရောင်းကြသည်။ အပြန်တွင် လုပ်ကိုင်စုဆောင်းထားသော ငွေထုတ်ကလေးကိုပိုက်၍ သင်္ဘောကြုံနှင့်ပြန်ကြသည်။

အောက်မြန်မာပြည်က လုပ်ခသည် အိန္ဒိယထက်သာသည်။ အထက်မြန်မာပြည်တွင် တစ်လလျှင် ၁၂၊ ကျပ် ၁၄ ကျပ်ထက်နည်းသော အလုပ်ဆိုလျှင် မလုပ်ကြပေ။ ဝင်ငွေကောင်းကောင်းရစေကာမူ သူများ အလုပ်ကို လှူငှားလုပ်လိုသူ အလွန်နည်းသည်။ သစ်တောထွက်ပစ္စည်း များ၊ သတ္တုတွင်းများ၊ ရေနံတွင်းများက မည်မျှပင် အစွမ်းကုန်ထွက်စေ ကာမူ မိုးကလည်းခေါင်၊ လူဦးရေကလည်း မလုံလောက်သော အထက် မြန်မာပြည်ကို အောက်မြန်မာပြည်ကဲ့သို့ ကုန်ပစ္စည်း ထွက်ကောင်းထွက် လိမ့်မည်ဟု မယူဆနိုင်ချေ။

အချက်အလက်များကို လေ့လာခွင့် အကောင်းဆုံးသော နေရာ၌ ရှိသူ အကဲခတ်ပုဂ္ဂိုလ်တစ်ဦးက အထက်မြန်မာပြည်သည် အောက်မြန်မာ ပြည်နှင့် မြေဩဇာကောင်း၍ ထွက်ကုန်သီးနှံဖွံ့ဖြိုးမှုတွင် လုံးဝအယှဉ်သာ သည့်အပြင် မည်သည့်အစိုးရကပင်တက်တက် အောက်မြန်မာပြည်လို အလျင်အမြန် မတိုးတက်နိုင်ဟု ယူဆသည်။ မင်းလှုန်းမင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်တော်မူခဲ့သော သကြားစက်၊ သံဖို၊ ဝါဂွမ်းစက်နှင့် အခြား စက်ရုံများမှာ အကျိုးအမြတ်မရခဲ့ချေ။ ဤစက်ရုံများကို အကျိုးရှိအောင် ပြုလုပ်ရန်အတွက် မည်သည့်မျက်နှာဖြူမှ မမျှော်လင့်နိုင်ချေ။ အထက် အမြွက်မျှ ဖော်ပြခဲ့သော အလုပ်သမားခက်ခဲမှုပြဿနာကြောင့် နှစ်ရှည် များ လူဦးရေတိုးတက်လာသည်အထိ အချိန်ကြာမြင့်စွာ စက်ရုံများမှာ အမြတ် မထွက်ဘဲ လည်နေကြသည်။

ရေနံတွင်း လက်ဝါးကြီးအုပ်ထားမှုမှ သီပေါမင်းသည် သုံးသိန်း ရသည်။ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုရှိ၍ အမေရိကန်ရေနံနှင့် ယှဉ် ပြိုင်ရသောအခါ အမြတ်လျော့သွားလိမ့်မည်။ ကျောက်မီးသွေးတွင်း တူး ဖော်ရေးလုပ်ငန်းကို လုပ်လျှင် အကျိုးရှိသောအလုပ် ဖြစ်လာလိမ့်မည် သို့သော် အစိုးရအား အမြတ်များစွာပေးမည်။ သို့မဟုတ် အခွန်တော် များစွာကိုးပွားလာလိမ့်မည် ဟူ၍ကား မမျှော်လင့်နိုင်ချေ။ ဤပြဿနာကို ဆန်းစစ်ကြည့်သော် အစိုးရအာဏာပိုင်တစ်ဦးက ၁၀ နှစ်အတွင်း တရုတ် တို့နှင့် ခိုက်ရန်ဖြစ်ပွားမှု မပေါ်ပေါက်ခဲ့ပါက ဗြိတိသျှအုပ်ချုပ်ရေး လက် အောက်သို့ ရောက်ရှိနေပြီဖြစ်သော အထက်မြန်မာပြည်မှ အကျိုးအမြတ် ပေါ်ထွက်လာစရာရှိသည်ဟု ထုတ်ဖော်ပြောသည်။ သို့သော် အစပထမ တွင် အထက်မြန်မာပြည်သည် သူ၏ အုပ်ချုပ်ရေးစရိတ်ကိုပင် ကြေမည် မဟုတ်ဟုဆိုသည်။

မဟာဝန်ရှင်တော်မင်းကြီး မစ္စတာဘားနတ်သည် သိမ်းပိုက်ရေး ပြဿနာနှင့်ပတ်သက်၍ ဘဏ္ဍာရေးအနေအထားကို အချိန်များစွာသုံး၍ မျက်ခြေမပြတ် ကြည့်ရှုခဲ့သည်။ သီပေါမင်းလက်ထက် လက်ဝါးကြီးအုပ် လုပ်ငန်းနှင့် အခြား အခွန်တော်ရမည့် လုပ်ငန်းများကို အခြေတည်ပြီး နောက် အထက်မြန်မာပြည်၏ အများဆုံးအခွန်တော် အကြမ်းဖျင်းရရှိ မှာ သိန်းဂဏန်းဖြင့်ပြရလျှင် သဿမေဓ အခွန်တော်မှ သိန်း ၄၀၊ မြေခွန် တော် ၁၀ သိန်း၊ ကျောက်သံပတ္တမြားမှ ၃ သိန်း၊ လက်ဖက်မှ ၈ သိန်း ရေနံမှ ၃ သိန်း၊ အကောက်တော် ၁၅ သိန်း၊ အသေးအဖွဲ့နှင့် ဖြတ်သန်း သွားသော ကုန်ပစ္စည်းပေါ်မှ အကောက်ခွန် ၉ သိန်း၊ တူးမြောင်းအခွန်



တော် ၂ သိန်း စုစုပေါင်း ၁၀၅ သိန်း ဖြစ်သည်။

သီပေါမင်းလက်ထက်တော်တွင် လွန်ခဲ့သော ၂ နှစ်အတွင်း တရားလက်လွတ် အုပ်စိုးပြီး သူခိုးဓါးပြတွေ သောင်းကျန်း၊ အချို့ဒေသ တွင် ရေလွှမ်းမိုးခြင်းခံရသော အခါတွင် ဤစုစုပေါင်းရသော အခွန်တော် ထက်ပင် လျော့နည်းသွားသည်။ အထက်မြန်မာပြည်ကို အင်္ဂလိပ်ပိုင် ပြည် နယ်တစ်ခုအဖြစ် သွတ်သွင်းလိုက်သောအခါ အကောက်တော်မှ ၁၅ သိန်း၊ ခိုင်ကြေးနှင့် ဖြတ်သန်းသွားသော ကုန်ပစ္စည်းပေါ်မှ အကောက်ခွန် ၉ သိန်း နှင့် လက်ဝါးကြီးအုပ်လုပ်ငန်းမှ ၆ သိန်း စသည့် အခွန်တော်ဝင်ငွေများကို မရနိုင်တော့ပေ။ အခွန်တော်ရငွေ သိန်း ၃၀ လောက်ကို လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေး ယဇ်ပလ္လင်ပေါ်တွင် ပူဇော်ပစ်လိုက်ရတော့မည်။

အခြားတစ်ဖက်တွင်မူ တံဆိပ်ခေါင်းအခွန်တော်မှ ၅ သိန်း၊ လက်ဖက်မှလည်း အနည်းနှင့်အများ အခွန်တော်များ ရနိုင်သည်ဟုဆို သည်။ အရက်ခွန်၊ ဘိန်းခွန်စနစ်ကို ပြုလုပ်လိမ့်မည်မဟုတ်ပေ။ ဤယစ် မျိုးတို့ကို မြန်မာတို့က စက်ဆုပ်ကြသော်လည်း ဤသေစာများက အောက် မြန်မာပြည်ကို အကြီးအကျယ် အန္တရာယ်ဆိုးကျိုးများ ပေးမည်ဖြစ်ရာ ထို အရပ်တွင် ဤသေစာများကို စွန့်လွှတ်ကောင်း စွန့်လွှတ်လိမ့်မည် ဖြစ်ပေ သည်။

ဤသို့ဆိုလျှင် အကောက်တော်ခွန်၊ လက်ဝါးကြီးအုပ်နှင့် ဖြတ် သန်းသော ကုန်များပေါ်မှ အကောက်ခွန်များကို စွန့်လွှတ်လိုက်သောအခါ သီပေါမင်း အများဆုံးရခဲ့သော စံချိန်ဖြစ်သည့် အခွန်တော် ၁၀၅ သိန်း အောက် ရောက်သွားသော သိန်း ၈၀ သာ ကျွန်တော်တို့ရတော့မည်။ သို့ဖြစ်၍ ကုန်ကျမည့် စရိတ်စကကို အနည်းဆုံးထား၍ တွက်ကြည့်ကြ ရအောင်၊ ရဲအဖွဲ့အတွက် စားရိတ်၊ အခွန်တော် တောင်းခံမှုစရိတ်၊ တရား ဖွံ့စရိတ်နှင့် အထွေထွေအုပ်ချုပ်ရေးစရိတ် ခန့်မှန်းခြေမှာ သိန်း ၄၀ ဖြစ်သည်။ လမ်းနှင့်အိမ် ဆောက်လုပ်ရေးလုပ်ငန်း၊ စစ်တန်းလျား ဆောက် လုပ်ရေး အစရှိသည်တို့အတွက် သိန်း ၂၀ ထား၊ သူပုန် သူကန်တို့ကြောင့် ကြာမီကလေးကပင် ဗိုလ်ချုပ်ပရင်ဒါဂတ်စ် ဒုက္ခများ၍ ကုန်ကျခဲ့သော

www.burmeseclassic.com



စရိတ်များ ထည့်မတွက်ရသေးဘဲ နယ်စောင့်တပ်များအတွက် ဗိုလ်ချုပ်ပရင်ဒါဂတ်စ် တောင်းဆိုသောငွေမှာ ၃၉ သိန်းဖြစ်ရာ အားလုံး စုစုပေါင်း ၆၉ သိန်း ကုန်ကျမည်ဖြစ်သည်။

ဗိုလ်ချုပ် ပရင်ဒါဂတ်စ် တောင်းဆိုသော နယ်စောင့်တပ်ကို လျှော့ချ၍ အခြေအနေအရ ကုန်ကျစရိတ်ကို ၂၅ သိန်းထက် မပိုသင့်ဟု မစ္စတာဘားနတ်က ယူဆသည်ကို ကျွန်တော် နားလည်ပါသည်။ သို့သော် နှစ်အနည်းငယ်အတွင်း၌ နယ်စောင့်တပ် အများအပြားထားရန် လိုကောင်းလိုပေလိမ့်မည်။ ယခုအနေအတိုင်းဆိုလျှင် ပြည်သိမ်းတပ် ချီတက်ရေးအတွက် ကုန်ကျစရိတ် ၁၆ သိန်းမပါဘဲနှင့်ပင် အခွန်တော်ငွေမှာ လိုငွေပြနေပေလိမ့်ဦးမည်။ ဇန်နဝါရီလ အကုန်အထိ ပြည်သိမ်းတပ်အတွက် ကုန်ကျစရိတ်မှာ သိန်း ၃၀ ဖြစ်သည်။ သို့သော် စစ်ကူအများအပြား လိုအပ်နေရာ ဤခန့်မှန်းခြေထက်ပင် ကျော်လွန်ဖွယ်ရှိနေသည်။

မစ္စတာဘားနတ်၏ အဆိုအတိုင်း နယ်စောင့်တပ် အနည်းငယ်မျှသာ ထားသည်ဖြစ်စေကာမူ၊ မြန်မာပြည်ကို ဗြိတိသျှတို့ အုပ်ချုပ်ရေးစားရိတ်မှာ တစ်နှစ်လျှင် ငွေ ၄ သိန်းလိုနေပေဦးမည်။ တရုတ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပြီးလျှင် ရောက်ပေါက်ရန် ခဲယဉ်းသော တောင်များပေါ်၌နေသော အတိုက်အခိုက်ထုံသည့် လူရိုင်းမျိုးစုံရှိရာ နယ်ခြားဒေသတို့ဖြင့် ကျယ်ဝန်းလှသော တိုင်းပြည်ကြီးအား ကာကွယ်စောင့်ရှောက်ရန်အတွက် နယ်စောင့်တပ်အနည်းငယ်မျှဖြင့် လုံလောက်လိမ့်မည်ဟု စစ်အာဏာပိုင်တို့က ထင်မြင်ယူဆပါမည်လောဟု ကျွန်တော်သံသယ ဖြစ်မိသည်။

အုပ်ချုပ်ရေးစရိတ် သေချာပေါက် တိုးလာလိမ့်မည်ဟု ကြိုတင်တွက်ချက်သည်။ သို့သော် ထိုအခါတွင် အခွန်တော်ရငွေကလည်း တိုးလာလိမ့်မည်။ အောက်မြန်မာပြည်အား သိမ်းပိုက်ပြီးနောက် ၂ နှစ်အကြာတွင် စရိတ် သိန်း ၈၀ ကုန်ကျ၍ ရငွေ ၄၅ သိန်း၊ သိန်း ၅၀ ရခဲ့သည်။ အနှစ် ၃၀ ကြာပြီးနောက် ယခုအခါ ရန်ကုန်က မှန်းထားသော အမြတ် သိန်း ၉၀၊ အပြတ်အသတ် ထွက်လာအောင် အောက်မြန်မာပြည်က ဝင်ငွေ သိန်း ၂၇၀ ရရှိခဲ့သည်။ ဤငွေမှာ မြို့ပြဆိုင်ရာ စရိတ်စကများ



နှင့် အုပ်ချုပ်ရေးစရိတ်များ ပေးပြီးနောက် ပိုထွက်လာသောငွေ ဖြစ်သည်။ သို့ရာတွင် အိန္ဒိယဘဏ္ဍာရေး တာဝန်ခံက ဤငွေသည် မြန်မာပြည်နှင့် အိန္ဒိယအင်ပါယာကြီး တစ်ခုလုံး၏ လုံခြုံရေးအတွက်ကုန်ကျမည့် စစ်စရိတ်သို့ ထည့်ဝင်ငွေအဖြစ် သဘောထားသည်။

အခြားတစ်ဖက်တွင်မူ အောက်မြန်မာပြည်၌ တရားရေးဌာနများ၊ လမ်းများ၊ ပြည်သူ့လုပ်ငန်းဆိုင်ရာ အဆောက်အဦများနှင့် တောင့်တင်းသော ရဲ့အဖွဲ့များ စီမံပေးမည်ဆိုက ပိုငွေ အတော်လျော့နည်းသွားမည်ဟု တိုက်တွန်းကြသည်။ အထက်မြန်မာပြည်၊ သို့မဟုတ် အလားတူတိုင်းပြည်တစ်ခုခုတွင် အခွန်တော်များ တိုးတက်လာရန် တွက်ချက်ရာ၌ အောက်မြန်မာပြည်တွင် အခွန်တော်များ အလွန်များပြားစွာ တိုးတက်ကောက်ခံခဲ့သည်ကို အမှီပြု၍ တွက်ချက်မည်ဆိုပါက နယ်မြေ ၂ ခုတို့၏ ရုပ်အခြေအနေ ခြားနားမှုနှင့် ဤသို့ခြားနားမှုကြောင့် ပေါ်ထွက်လာသော စီးပွားရေးအခြေအနေတို့ကိုပါ ထည့်သွင်းစဉ်းစားရန် လိုပေလိမ့်မည်။

ဤကား ဗြိတိသျှပိုင် ပြည်နယ်တစ်ခုအဖြစ် အထက်မြန်မာပြည်ကို တိုက်ရိုက်အုပ်ချုပ်ရေးနှင့် သက်ဆိုင်သမျှ သိမ်းပိုက်ရေးလမ်းစဉ်၏ ဘဏ္ဍာရေးကဏ္ဍဖြစ်သည်။

◂◂ ▸▸

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

## အထက်မြန်မာပြည်၏ စီးပွားရေးအခြေအမြစ်များ

ပြောင်းလဲခြားနားသွားသော အစိုးရ၏ လက်အောက်တွင် အထက်မြန်မာပြည်သည် ယခုအထိ ထွက်ကုန် ထုတ်လုပ်ခဲ့သည်ထက် အများအပြား ပို၍ထွက်အောင် လုပ်နိုင်မည်လောဟူသည့် ပြဿနာ ပေါ်ထွက်လာသည်။ ရန်ကုန်၌ အလွန် လူပြောများနေကြသည့်အတိုင်း မျှော်လင့်ချက်ကို အကောင်အထည်ဖော်ရန် သံသယဖြစ်ပေါ်လာသည်။

အထက်က ကျွန်တော်ဆိုခဲ့သည့်အတိုင်း မေ၊ ဇွန်နှင့် ဇူလိုင်တို့တွင်ရွာသော အထက်မြန်မာပြည်၏ မိုးရေချိန်သည် လက်မ ၃၀ ပင် အနိုင်နိုင်ရှိပြီးလျှင် မိုးတွင်းမှတစ်ပါး မြစ်ရေသည် အချို့နယ်များတွင် မြန်မာဘုရင်များက တူးမြောင်းများ ဖောက်လုပ်ထားခဲ့သော်လည်း ဆည်မြောင်းများဖြင့် အကြီးအကျယ် ရေပေးစေရန် ယေဘုယျအဆင့်နှင့် အလွန့်အလွန် အလှမ်းကွာလျက်ရှိသည်။

ပါရှားဘီးခေါ် ဘီးကို ရေခွက်တပ်၍ ရေတင်သော ဘီးကို ဘယ်မှာမှ မတွေ့ရချေ။ ရေသည် လယ်ကွင်း၏အောက် ပေ ၃၀ လောက် ရောက်နေသဖြင့် ၎င်းပါရှားဘီးကို အားကိုးလောက်အောင် အသုံးချနိုင်မည်မဟုတ်ချေ။

ထို့ပြင် ရေ အလွန်ကျသွားသောအခါ တစ်နှစ်လျှင် လများစွာ သောင်ထွန်း သဲကမ်းပေါ်လာသဖြင့် ယာခင်းနှင့် ၂ ဖါလုံ မှသည် ၂ မိုင် ၃ မိုင်အထိ အလှမ်းဝေးကွာသွားသည်။ မြေမှာ သဲဆန်ပြီးလျှင် ရေတံခါး



လျှံတက်လာတိုင်း ရေများဖုံးလွှမ်း ဖြတ်သန်းသွားပြီးလျှင် မြေစာများကို တောင်ဘက်သို့ တိုက်စားသွားသည်။ ဤနည်းအားဖြင့် သောင်ခုံများ ပေါ်ပေါက်ပြောင်းလဲလျက်ရှိရာ ရေကြောင်းသွားလာရေးမှာ မဖရမရာတော့ဘဲ အန္တရာယ်များလှသည်။

တစ်နေ့ပြီးတစ်နေ့ သင်္ဘောဖြင့် လှနေကျဲလှသော နယ်ပယ်တို့ကို မိုင်တွေ ရာနှင့်ချီပြီး ဖြတ်သန်းတွေ့မြင်လာရသော အကဲခတ်သမားတစ်ယောက်သည် အထက်မြန်မာပြည်သည် မြေဩဇာကောင်း၍ သယံဇာတပစ္စည်းများ ပေါများသည်ဟု ပြောသည်မှာ ချဲ့ကားပြောခြင်းဖြစ်သည်ဟု ထင်မြင်ပြီးလျှင် မြစ်နှင့်ဝေးသော တောပိုင်းရှိ စိုက်ပျိုးရေးအခြေအနေကို မေးမြန်းစုံစမ်းကြည့်သောအခါ ဤထင်မြင်ချက်မှာ ခိုင်မာလာသည်။ ဘယ်အရပ်ကိုကြည့်လိုက်ကြည့်လိုက် သားကောင်တို့ပျော်မြူးရာ တောကြီးပင်တွေ့ရသည်။ တောင်နံးတစ်သိုက်သည် မြစ်ကမ်းတွင် ငြိမ်သက်စွာနားနေကြသည်။ တောဘဲတွေကို ပစ်မည်ဆိုက ထောင်ချီရ လောက်သည်။ မိုင်တွေ ရာနှင့်ချီ၍ ကျယ်ပြောသော ဒေသကြီးတွင် ငှက်တွေချည်းသာ ရှိသည်ဟု ထင်ရသည်။

ကွဲပြားခြားနားသော အခြေခံကို ထည့်မတွက်ဘဲနှင့် ယဉ်ကျေးခေတ်မီသော အစိုးရလက်အောက်တွင် အောက်မြန်မာပြည်သည် ကြီးပွားတိုးတက်လာရာ အထက်မြန်မာပြည်လည်း ထို့အတူ တိုးတက်ကြီးပွားလာရမည်။

အောက်မြန်မာပြည် ရသလောက် အခွန်အတုတ်လည်း ရလိမ့်မည်ဟု သဘောတရားအရ အဆိုရှိသည်။ သိမ်းပိုက်လိုက်လျှင် အမြတ်ထွက်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်နေသော ကျွန်တော်နှင့် ခရီးသွားဖော်အချို့သည် မြောက်ဘက်ကို ရောက်လာသည်နှင့်အမျှ သူတို့၏ အမြင်ပြောင်းလာရသည်ကို ကျွန်တော်တွေ့ရသည်။ တိုးတက်လာသော အုပ်ချုပ်ရေး စက်ယန္တရားကြီး တစ်ခုလုံး၏ စရိတ်ကို အထက်မြန်မာပြည်မှ ခံကြအောင် အခွန်အတုတ်ထွက်မှ ထွက်ပါမည်လောဟူသော သံသယ ဝင်စ ပြုလာပြီဖြစ်ပြီးလျှင် အောက်မြန်မာပြည်နှင့် အိန္ဒိယ အကုန်အကျ

www.burmeseclassic.com

www.burmeseclassic.com



ခံရန်မလိုသော အကာအကွယ် အစောင့်ခံတိုင်းပြည်တစ်ခုအဖြစ် တည်ထောင်ရေးကိစ္စကို စေ့စပ်ဆွေးနွေးရန် ပြဿနာကို တည်ငြိမ်စွာ ဆင်ခြင်ဝေဖန်နိုင်လာသည်။

မဟာဝန်ရှင်တော်မင်းကြီးက အထက် မြန်မာပြည်ကို သိမ်းပိုက်ခြင်းသည် မှားသည်ဟု အခိုင်အမာယူဆသည်။ သူက အထက်မြန်မာပြည်သည် နောင် နှစ်အတော်ကြာအထိ ဗြိတိသျှအုပ်ချုပ်ရေးစရိတ်ကို ကြေမည်မဟုတ်ဟု ထင်ပြီးလျှင် အကာအကွယ် အစောင့်ခံ တိုင်းပြည်အဖြစ် ပြုလုပ်ခြင်းဖြင့် လိုအပ်သောကိစ္စ အားလုံးပြီးမြောက်သွားမည် ဟု ယူဆသည်။

မဟာဝန်ရှင်တော်မင်းကြီးဟောင်း ဆာ ချားလက်အေချီဆင်ကလည်း ဤအတိုင်းပင် ထင်မြင်သည်။ သို့သော် တစ်ဖက်တွင်မူ ဆာအေဖယ်ယာ၊ ဂျင်နရယ်ဖိုက်နှင့် ဆာ အေအီဒင်တို့က သိမ်းပိုက်ရေးကို လိုလားကြသည်။

အလွန်ကြွယ်ဝချမ်းသာသည်ဆိုသော အထက်မြန်မာပြည်၏ တွင်းထွက်ဓာတ်သတ္တုပစ္စည်းကား မုချ သွားရေကျစရာ ဖြစ်သည်။ မြေပုံထဲတွင် အနီ့အပြားမှတ်သား၍ ပြထားသော ရွှေ၊ ငွေ၊ ကြေး၊ ကျောက်မီးသွေး၊ ပယင်းနှင့် သံတို့သည် စူးစမ်းရှာဖွေချက်များအပေါ်တွင် အခြေပြုထားခြင်း ဖြစ်တန်ရာသည်။ သို့သော် သယံဇာတ အဖိုးတန်ရတနာများကို တစ်ခါမှ တကယ်တမ်း မြေထဲမှ တူးဖော် မကြည့်ခဲ့ရသေးချေ။

မရေမတွက်သော အနမတဂ္ဂပစ္စည်းများကို ထုတ်ဖော်ရန် အခွင့်ပေါ်မည့် စီမံကိန်းကို မြန်မာမင်းများက လျစ်လျူရှုခဲ့သည်မဟုတ်။ စီမံကိန်းမျိုးစုံ သံတော်ဦးတင်၍ အချို့နည်းလမ်းများကို စမ်းသပ်ကြည့်သည်။ သို့သော် ဤရတနာတွင်းများမှ များများစားစား မရခဲ့ဘူးချေ။ သို့ရာတွင် မီးရထား သွားလာမှုစရိတ် သက်သာရန်နှင့် သဆောာ်သွားလာရေးကို ကြိမ်တို့ပေးစေမည်ဖြစ်သော ကျောက်မီးသွေးမှ ငွေဝင်လမ်းကို ထည့်သွင်းတွက်ချက်ရန် အကြောင်းရှိသည်။

ကျွန်တော်တို့သည် ဆန်တက်လာရင်း ရေနံချောင်းသို့ ရောက်



သောအခါ ဆိုက်ကပ်သည်။ ရေနံချောင်းတွင် ပုဂ္ဂလိကပိုင် ရေနံတွင်းပေါင်း ၃၅၀ ခန့်ရှိသည်။ ရေနံတွင်းစားများက မြန်မာအစိုးရက သတ်မှတ်ပေးသောဈေးဖြင့် လက်ဝါးကြီးအုပ် ကုန်သည်ကြီးများအား ယခုအထိ ရောင်းချလျက်ရှိသည်။ ဈေးနှုန်းမကျအောင် ဤအစီအစဉ်က ထိန်းထားသည်။ ဤအချက်သည်ပင် အဓိကရည်ရွယ်ချက် ဖြစ်ဟန်တူသည်။ အထက်မြန်မာပြည်မှထွက်သော ရေနံကို အထက်မြန်မာပြည်မှာပင် ပြန်၍ သုံးစွဲရာ တစ်နှစ်လျှင် အခွန်တော်ငွေ ၂၀၀၀၀ ရရှိသည်။ သို့သော် ယခင်က ရေနံပိဿာချိန် ၄ သိန်း၊ တစ်ပိဿာလျှင် တစ်ဂါလံနီးပါး သုံးရာမှ တဖြည်းဖြည်းလျော့လာရာ ပိဿာချိန် တစ်သိန်း လေးသောင်းထိ ကျလာသည်။

ဈေးနှုန်းအလွန်မကြီးအောင် သတ်မှတ်၍ ရေနံလုပ်ငန်းကို အရင်အတိုင်း ဆက်လက်လုပ်ကိုင်ရန် မစ္စတာဖယ်ယာက သက်ဆိုင်ရာဝန်ကြီးအား ညွှန်ကြားလိုက်သည်။ သို့သော် ၎င်းရေနံထက် အပြတ်အသတ်ပိုကောင်းသော အမေရိကန်ရေနံကြောင့် မြန်မာရေနံဈေးကွက် ကျသွားနိုင်သည်ဟု မှာလိုက်သည်။ ရေနံလုပ်ငန်းမှ အခွန်အတုတ် ပိုမိုရရှိရန်ကြိုးစားမှုမှာ အောင်မြင်ဖွယ်မရှိချေ။ ရေနံတွေ မကုန်နိုင် မခမ်းနိုင်ရှိသည်ဟု ဆိုခြင်းမှာ မှန်ပါ၏။ သို့သော် အနည်းအကျဉ်းမျှသာထွက်၍ အမေရိကန်နှင့် ကက်စပီယံတွင် ရေနံဖြင့် ကြွယ်ဝသွားသူများ ရခဲ့သော အထက်ပန်းထွက်သည့် ရေနံတွင်းမျိုးကား မဟုတ်ချေ။

ကျွန်းသစ်လုပ်ငန်းမှ အခွန်အတုတ်များ ရရှိအောင် ထိမ်းသိမ်းရေး၊ တိုးမြှင့်ရေးပြဿနာမှာ အရေးကြီးသော ပြဿနာဖြစ်သည်။ ယခုအချိန်ထိအောင် သစ်များကို အရမ်းကာရော အပျက်အစီးများအောင် ခုတ်နေသော တိုင်းရင်းသား သစ်ကုန်သည်များအား တကယ်တမ်း ချုပ်ကိုင်မှု မရှိသေးချေ။ ဗြိတိသျှမြန်မာပြည်တွင် ကျင့်သုံးလျက်ရှိသော အစိုးရဌာနတစ်ခု အနေဖြင့် လုပ်ကိုင်ခြင်းကို အထက်မြန်မာပြည်၌လည်း ကျင့်သုံးပါမည်ဆိုပါက နောင်နှစ် အတော်ကြာ သစ်ထွက်လျော့နည်းသွားမည်ဖြစ်သည်။ သစ်တောများကို ထိမ်းသိမ်းရမည်ဖြစ်ပြီးလျှင် အလွန်ကျယ်ဝန်းသော နယ်မြေတစ်လွှားတွင်ရှိသော သစ်တောများကို သစ်တော

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက ခွင့်ပြုသော သစ်ပင်အရွယ်ရောက်သည်အထိ မခုတ်မလှဲသေးဘဲ လုံးဝလောက်နီးနီး ခုတ်လှဲခြင်းကို ရပ်ထားရပေမည်။

လွန်ခဲ့သော နှစ်အတော်ကြာကပင် ရင်တမမနှင့် စောင့်ခဲ့သော မိုးခေါင်ရေရှား ဘေးဆိုးကြီး ဖြစ်ပေါ်စေသောအကြောင်းမှာ သစ်တောဖြုန်းတီးမှုနှင့် တောင်ကတုံးဖြစ်မှုကြောင့် ဖြစ်ပေသည်။ နောင်အခါတွင် မိုးခေါင်ခြင်းမှ ကင်းဝေး၍ သစ်တောထွက်ပစ္စည်းများကို ထွက်စေလိုပါက သစ်ပင်စိုက်ပျိုးရေးကို ပြုလုပ်ရပေလိမ့်မည်။ ကံအားလျော်စွာပင် သင့်လျော်သောမြေနှင့် ရာသီဥတုဆိုလျှင် ကျွန်းပင်များသည် အပေါက်မြန်သည်။

လုံးဝ လက်ဖျားနှင့်မျှ မတို့ရသေးသော အဖိုးတန်သစ်တောဧရာမအကျယ်ကြီး ရှိသေးသည်။ ယခုအချိန်အထိအောင် ခုတ်ထွင်ပြီးသော သစ်တောများကို အထူးကြပ်မတ် ချုပ်ကိုင်လိုက်ခြင်းကြောင့် သစ်ထွက်လျော့သွားမည်ကားမဟုတ်၊ သို့သော် သစ်တောနယ်အသစ်တို့ကို ရှာဖွေရန်အတွက်သာ တာဝန်တက်လာမည်ဖြစ်သည်။ သို့တိုင်အောင်ပင် မြန်မာသစ်တောမှ အခွန်အတုပ်များအား ရှိသလောက် တိုးတက် ထွက်လာလိမ့်မည်ဟု စိတ်ချလက်ချ တွက်နိုင်မည်လောဆိုသည်မှာ သံသယရှိဖွယ်ပင်ဖြစ်သည်။

သီပေါမင်း၏ အုပ်ချုပ်ရေးထက် သာသောအုပ်ချုပ်ရေးကို အစားထိုးလိုက်ခြင်းဖြင့် အထက် မြန်မာပြည်နှင့် ကူးသန်းရောင်းဝယ်ရေးမှာ လောလောဆယ်ပင် ကြီးကျယ် တွင်ကျယ်လာလိမ့်မည်ဟု ထင်ထားသည်။ ဤ ထင်မြင်ချက်မှာ သီပေါမင်းအုပ်ချုပ်ရေး၏ နုံချာမှု၊ ညံ့ဖျင်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာဒဏ်ချက်ကို အမှန်ထက်ချဲ့ကား၍ ခန့်မှန်းထားချက်အပေါ်တွင် အခြေပြုထားခြင်း အမှန်ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် သူ့နန်းဆက်တစ်လျှောက်အတွင်း ပါတော်မူဘုရင်ကြီးသည် ကုန်သွယ်ရေးလုပ်ငန်း တစ်ခုလုံးကို ကြီးကြီးကျယ်ကျယ်ဩဇာမညောင်းခဲ့ပေ။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ရန်ကုန်ရှိ ကုန်သည်ကြီးများအသင်းမှ တင်ပြအရေးဆိုချက်များအား မစ္စတာဘားနတ်



က အိန္ဒိယအစိုးရထံ ခြေကြားထုတ်ဖော်ခဲ့သော အချက်များကို နောက်ဆုံးပိတ် ဘဝင်ကျစရာအဖြစ် ယူနိုင်သည်။

"အထက် မြန်မာပြည်နှင့် ကျွန်တော်တို့၏ ကုန်အရောင်းအဝယ်လုပ်ငန်း ကြီးထွားလာမှုသည် လက်ဝါးကြီးအုပ် လုပ်ငန်းကြောင့်လည်းကောင်း၊ အခြားကုန်သွယ်ရေး ချုပ်ချယ်မှုများကြောင့်လည်းကောင်း အားနည်းသွားခဲ့သည်။ ရံဖန်ရံခါတွင် ရပ်တန့်၍ပင် သွားခဲ့သည်။ ဤသို့သော အကြပ်ကိုင်မှုများကို တချုပ်နှင့်ဆန့်ကျင်၍ ပြုလုပ်လာသောအခါ နောက်ဆုံးတွင် သံကိုယ်စားလှယ်တော်ကိုပင် ရုတ်သိမ်းပစ်ရသည်အထိ သံတမန်ရေးရာဖြင့် အရေးဆိုခဲ့သည်။ အထက်မြန်မာပြည် နယ်ခြားကို ကျော်ဖြတ်၍ ကူးသန်းရောင်းဝယ်ခဲ့သော ဗြိတိသျှတို့၏ ကုန်သွယ်ရေးပမာဏမှာ ကရာချီမှ စစ်တကောင်းထိ အိန္ဒိယနယ်ခြား ဒေသကြီးတစ်ခုလုံးကို ဖြတ်သန်း၍ ကူးသန်းရောင်းဝယ်ခဲ့သည်။ ကုန်သွယ်ရေးပမာဏ၏ ၆၂ ရာခိုင်နှုန်း ရှိခဲ့သည်မှာ မှတ်သားဖွယ်ကောင်းလှသည်။ မစ္စတာ ဟာမ်မီတန်၏ ၁၈၈၁-၈၂ ခုနှစ် အစီရင်ခံစာအရ အိန္ဒိယနယ်ခြားကို ဖြတ်ကျော်၍ ဘလူချီစတန်၊ အာဖဂန်နစ္စတန်၊ ကက်ရှ်မီယား၊ တိဗက်၊ နီပေါလ်၊ ဆစ်ကင်၊ ဘူတန်၊ မဏိပူရနှင့် အရှေ့ဘက်နယ်စပ်ရှိ လူမျိုးစုများနှင့် အရောင်းအဝယ် ပြုလုပ်ခဲ့သည်မှာ စုစုပေါင်းတန်ဖိုး ပေါင် ၅၁၄၅၀၀၀ ဖြစ်သည်။ သီပေါမင်းလက်ထက် တစ်နှစ်အတွင်း အထက်မြန်မာနိုင်ငံနှင့် ကျွန်တော်တို့ အရောင်းအဝယ်ဖြစ်ခဲ့သည်မှာ ပေါင် ၃၂၂၄၈၁၄ ဖြစ်သည်။ မြန်မာအစိုးရအား ချီးကျူးကွက်တစ်ကွက် ဖော်ပြရမည်ဆိုလျှင် တချုပ်အရ ဗြိတိသျှတို့၏ သွင်းကုန်များအပေါ်တွင် တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ကောက်ရန် ခွင့်ပြုထားသော်လည်း ယခုအချိန်အထိ သွင်းကုန်ခွန် ၅ ရာခိုင်နှုန်းသာ ကောက်ခဲ့သည်။

ပြည်တွင်းကုန်သွယ်ရေးတွင် အကြပ်ကိုင်မှုများ ထပ်မံပြုလုပ်ခြင်းနှင့် အမျိုးမတူသော ကုန်ပစ္စည်းများကို တင်သွင်းခဲ့သည်မှာ အသေအချာပင်ဖြစ်သည်။ ထို့ပြင် အထက်မြန်မာပြည်တွင်းရှိ လမ်းသွယ်လမ်းတို့များ တစ်လျှောက်တွင်လည်း ကူးသန်းသွားလာမှုကို နည်းအမျိုးမျိုးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်ခဲ့သည် သို့ရာတွင် လွတ်လပ်စွာ ကုန်သွယ်မှုကို ဤသို့သော အနှောင့်အယှက် အတားအဆီး ပြုမှုများသည် အတော်အတန် ရိုင်းသေးသောတိုင်းပြည်နှင့် အုပ်ချုပ်မှုညံ့ဖျင်းသော တိုင်းပြည်များတွင် အချိန်အခါ မရွေး တွေ့ရတတ်ပေသည်။

စာချုပ်အရ ခွင့်ပြုထားသော ၁၀ ရာခိုင်နှုန်းနှင့် စည်းကြပ်သော ၅ ရာခိုင်နှုန်းတို့၏ ခြားနားမှု ရတတ်သရွေ့မှာ ကျွန်တော်တို့ကုန်သည်များအတွက် သိသိသာသာ အမြတ်ထွက်ခြင်းပင်ဖြစ်သည်။ ရတနာပုံမှ ကိုယ်စားလှယ်တော်ကို ရုပ်သိမ်းပြီးနောက် ၅ နှစ်အတွင်း အာရှတိုက်တွင် အကြီးအကျယ်ဆုံးနှင့် အချမ်းသာဆုံး ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းဖြစ်သော ဧရာဝတီဖလိုတီလာ ကုမ္ပဏီသည် ဖွံ့ဖြိုး၍ စီးပွားတက်လာခဲ့သည်။ အထက်မြန်မာနိုင်ငံနှင့် ဗြိတိသျှတို့ ရောင်းရေး ဝယ်ရေး တည်မြဲ၍ တိုးလာခြင်းမှာ ဤသင်္ဘောကုမ္ပဏီ၏ လုံ့လဝီရိယနှင့် စီမံခန့်ခွဲမှု ကောင်းမွန်သောကြောင့်ဖြစ်သည်။ သို့သော် အလွန်ရှားပါးလှသော ခြွင်းချက်အဖြစ် ဒေသခံ မြန်မာအာဏာပိုင်တို့၏ ကြမ်းတမ်းစွာ ပြုမူ မှုတို့မှ တစ်ပါး အများအားဖြင့် သီပေါမင်းလက်ထက်တော်တွင် မြန်မာအစိုးရသည် ယဉ်ကျေးဖော်ရွေစွာ မဟုတ်သည့်တိုင်အောင် ထောက်ထားစာနာမှုဖြင့် ဆက်ဆံခဲ့သည်ကို ကုမ္ပဏီအာဏာပိုင်တို့အနေဖြင့် ဝန်ခံရပေလိမ့်မည်။

အထက်မြန်မာပြည်နှင့် ကုန်ရောင်းဝယ်ရေးတွင် တစ်ဟုန်ထိုး တိုးတက်လာလိမ့်မည်ဟု ယူဆရန် ခိုင်လုံသောအကြောင်းအချက် မရှိချေ။

အဘယ်ကြောင့်ဆိုသော် ယခင် စနစ်ဟောင်းသည် မည်မျှပင် ချွတ်ယွင်းစေကာမူ တိုင်းသူပြည်သားများ၏ လိုအင်၊ ပစ္စည်းအင်အားနှင့် ကိုက်ညီလုံလောက်အောင် ကုန်သွယ်မှု တိုးတက်လုပ်ကိုင်ပြီးဖြစ်သောကြောင့်ဖြစ်သည်။ အထက်မြန်မာပြည်နှင့် ကုန်သွယ်ရေးကို မှန်ကန်အောင် ခန့်မှန်းရန်မှာ မလွယ်လှ။ အစိုးရထုတ်ပြန်သော အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့ ကုန်သွယ်မှုရှင်းတမ်း တစ်ခုတည်းကိုသာ အားထားမှီငြမ်းပြုနိုင်သည်။ အထက်မြန်မာပြည်နှင့် အခြားတိုင်းပြည်တို့၏ ကုန်သွယ်မှုပမာဏကို မှန်းဆရုံသာ မှန်းဆနိုင်သည်။ သို့သော် အလွန်



ကြီးကား မများနိုင်ချေ။ တစ်နှစ်လျှင် ပေါင် ၅ သိန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။

အောက်မြန်မာနိုင်ငံတွင် ကုန်သွယ်မှု၏ ၁၈၇၉–၈၀ ခုနှစ် အစီရင်ခံစာအရ ဘုရင်သစ်ဖြစ်သော သီပေါမင်းသည် လက်ဖက်နှင့်ရေနံကိုသာ လက်ဝါးကြီးအုပ်မှု ပြုလုပ်ထားသည်ဟု ဖော်ပြထားသည်။ ယင်းနှစ်အတွင်း မန္တလေးတွင်ဖြစ်ပေါ်ခဲ့သော အရေးကိစ္စများကြောင့် ထိခိုက်ဖွယ်ရှိသည်ဟု မျှော်လင့်ထားသလောက် ဧရာဝတီမြစ်ကြောင်းနှင့် ကုန်သွယ်မှုကို ဆိုးဆိုးဝါးဝါး ထိခိုက်မှုမဖြစ်ဟု အစီရင်ခံစာထဲတွင် တအံ့တသြ ဖော်ပြထားသည်။ ယခင်နှစ်ကထက် သွင်းကုန် ပေါင် ၆၂၀၀၀ သာလျော့သွားသည်။ ရန်ကုန်တွင် တစ်ကောင်လျှင် ၁၀ ပေါင်မှ ၁၅ ပေါင်သာ ပေးရသော မြင်းများကို တင်သွားမှုပိုလာပြီးလျှင် အမြဲတစေ ကျိုးလန့်တစားဖြစ်နေလျက်ပင် ဧရာဝတီသင်္ဘောခေါက်ရေလည်း တိုးတက်လာခဲ့သည်။ ဤအချက်က နန်းတွင်းရေးပြောင်းလဲရှုပ်ထွေးမှုများ ရှိသော်လည်း မြန်မာပြည်၏ နေ့စဉ်ပြုလုပ်နေထိုင်မှုဘဝကို မဆိုစလောက်သာ ထိခိုက်သည်ဟု ပြလျက်ရှိသည်။

အောက်မြန်မာပြည်မှ ဗြိတိသျှနယ်စောင့်တပ်များအတွက် လိုအပ်သောဂျုံကို ဘုရင်မင်းမြတ်၏ နယ်ပယ်တော်မှရ၍ အထက်သားတို့သည် အောက်မြန်မာပြည်သို့ ကောက်ရိတ်၍ ငွေရှာရန်အတွက် လာနေကြဦးရေအတိုင်းပင် ဧရာဝတီအတိုင်း ဆင်းလာကြသည်။

ဧရာဝတီမြစ်သည် ထိုစဉ်ကလည်းကောင်း၊ နောင်တွင်လည်းကောင်း အဓိက ကုန်သွယ်ရေးလမ်းကြီးဖြစ်သည်။ အကြောင်းမူကား ဤလမ်းတစ်ခုမှတစ်ပါး ကျန်လမ်းဟူသရွေ့မှာ တစ်နှစ်လျှင် ၅ လပိတ်ထားသောကြောင့်ဖြစ်သည်။

ရနောင်မင်းသား ကျဆုံးသွားသဖြင့် ရနောင်မင်းသားထံ ပေးသွင်း အများအပြား ရရန်ရှိသော မြို့ရှင်ကုန်သည်များ အကြီးအကျယ်ဆုံးရှုံးသွားသောအချိန်တွင် နယ်ခြားဒေသ၏ တစ်ဖက်တွင် အလွန် နှလုံးတုန်ဖွယ်ကောင်းသော ကြောက်ဖွယ်လိလိ အရေးအခင်းများ ပေါ်ပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သွင်းကုန်ထုတ်ကုန်လုပ်ငန်းကြီးတစ်ခုလုံးကို မထိမခိုက်ခဲ့ သည်မှာ မှတ်သားဖွယ်ကောင်းလှသည်။

လူတစ်ဦးက ငွေ ၄ သိန်းဆုံးသည်။ တစ်နှစ် နှစ်နှစ်အတွင်း ရိုးသားစွာ ရှာဖွေခြင်းဖြင့် မရနိုင်လောက်သော ရနောင်မင်းသား၏ ပစ္စည်း ပစ္စယတို့ကို အစိုးရက သိမ်းဆည်းပစ်လိုက်ရာ ကြွေးရှင်တို့အတွက် ဘာမှ မကျန်တော့ချေ။

ရနောင်မင်းသား မကွယ်လွန်မီက ကွမ်းသီး၊ နိုင်ငံခြားမှ သွင်း သော ပိုးထည်နှင့် ဆေးပေါ့လိပ်တို့ကို အခွန်တော်ပေါင် ၁၂၀၀၀ ဆောင် ၍ ရနောင်မင်းသားသည် လက်ဝါးကြီးအုပ် ရောင်းဝယ်ခွင့်ရခဲ့သည်။

သို့သော် ဤလက်ဝါးကြီးအုပ်လုပ်ငန်းကို ဖျက်သိမ်းပြီးဖြစ် သည်။ ထို့နောက် ငွေလိုနေသော သီပေါမင်းသည် အခြား လက်ဝါးကြီး အုပ်လုပ်ငန်း အများအပြားကို ဖွင့်လှစ်ပေးသော်လည်း လောဒ်ရစ်ပွန်အစိုးရ က အရေးတကြီး တင်းတင်းမာမာ အရေးဆိုကန့်ကွက်မှုကြောင့် ချက်ချင်း ခြင်းပင် ယင်းလက်ဝါးကြီးအုပ် လုပ်ငန်းများကို စွန့်လွှတ်လိုက်ရသည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးသည် သီပေါမင်းအစိုးရ၏ လက်ဝါးကြီးအုပ်လုပ်ငန်းကြောင့် ဆုတ်ယုတ်သွားရမည်ဟု မပြောနိုင်ချေ။

သီပေါမင်းနန်းမကျမီ ပဝေသနီကပင် အိန္ဒိယအစိုးရ၏ အကြပ် ကိုင်မှုကြောင့် လက်ဝါးကြီးအုပ်လုပ်ငန်းများ ပပျောက်သွားပြီဖြစ်ရာ လက် ဝါးကြီးအုပ်လုပ်ငန်း ပယ်ဖျက်လိုက်ခြင်းဖြင့် မြန်မာနှင့်ကုန်သွယ်ရေးကို အားသစ်တိုးလာလိမ့်မည်ဟု မမျှော်လင့်နိုင်ချေ။

အကောက်တော်ဆောင်ရမည်ဖြစ်သော ရန်ကုန်သို့ တင်သွင်း မည့် ပစ္စည်းများကို အထက်မြန်မာပြည်သို့ တစ်ဖန် တင်ပို့ရန် ရည်ရွယ် ချက်ဖြင့် ထည့်သွင်းထားသော အိန္ဒိယမြန်မာ ကုန်သွယ်ရေးစာချုပ်ပါ အချက်တစ်ရပ်သည် ကုန်သွယ်ရေးကို လျှော့နည်းထိခိုက်အောင် လုပ်ရာ ကျသွားသည်။

အောက်မြန်မာပြည် စားသုံးရန်အတွက်ဖြစ်သော ကုန်ပစ္စည်း ပေါ်တွင် ၅ ရာခိုင်နှုန်း ကောက်သော်လည်း လွတ်လပ်သော အထက်



မြန်မာပြည်သို့ တင်ပို့သောကုန်ပေါ်တွင် ၁ ရာခိုင်နှုန်းသာ ကောက်သည်။

သို့သော် ကုန်ပစ္စည်းရောက်ချိန်တွင် အထက်မြန်မာပြည်သို့ တစ်ဆင့်ရောင်းချရန် ဖြစ်ပါသည်ဆိုသော ဝန်ခံချက်ပြုပြီးလျှင် အောက် မြန်မာပြည်၌ ကုန်ပစ္စည်းများကို မဖွင့်ရဟု စည်းကမ်းသတ်မှတ်ချက်ဖြင့် သာ ၄ ရာနှုန်းကို ခွင့်ပြုလေသည်။ ရောင်းဝယ်ရေးလုပ်ငန်း အများအပြား ကို လုပ်ကိုင်နေသော မြန်မာကုန်သည်ကလေးများက အခြားဈေးကွက်သို့ ပို့ရမည့် ကုန်ပစ္စည်းအပေါ်တွင် ကျသင့်သောအကောက်ကို ကြိုတင်၍ မပေး နိုင်သောကိစ္စ ပေါ်လာမည်။

ထို့ကြောင့် ခေါင်းရွက်ဗျက်ထိုးသည်ကလေးများက မယှဉ်ပြိုင် နိုင်သော ခနရှင်လူနည်းစုကလေးတို့၏ လက်တွင်းသို့ အရောင်းအဝယ် လုပ်ငန်းကို ဝကွက်အပ်လိုက်ရသည်။ ၅ ရာနှုန်းပေးဆောင်ပြီး ကုန်သည် ကလေးများက သူတို့ကုန်ပစ္စည်း လက်ကျန်ကို တင်ရမည်ဆိုပါက ခနရှင် ကြီးတို့၏ ၁ ရာနှုန်းသာဆောင်ထားသော ကုန်ပစ္စည်းကြောင့် သူတို့ ကုန် ဈေးလျှော့ရောင်းရတော့မည်ဖြစ်သည်။ ကုန်သည်ကြီးများက ဈေး ကွက်ကို ချုပ်ကိုင်ထားနိုင်လေရာ ဆိုးကျိုးသာ ဖြစ်ပေါ်လာနိုင်လေသည်။

အထက်မြန်မာပြည်မှ လက်ဝါးကြီးအုပ် ကုန်သည်များသည် သူတို့ ဩဇာရှိသလောက် အသုံးပြုကာ အန္တရာယ်မပေးခဲ့ချေ။ အထက် မြန်မာပြည်အတွင်း ရောင်းဝယ်သည့်ကုန်များသည် သူတို့နှင့် မသက်ဆိုင် ချေ။ နိုင်ငံပြင်ပသို့ တင်ပို့မည့်ကုန်သာလျှင် သူတို့ လက်ဝါးကြီးအုပ်ခွင့်ရှိ သည်။ လက်ဝါးကြီးအုပ် လုပ်ငန်းတွင် အကျိုးဝင်သော ကုန်ပစ္စည်းမှန် သမျှသည် လက်ဝါးကြီးအုပ် ကုန်သည်များလက်မှတစ်ဆင့်ဖြစ်စေ၊ သွယ် ဝိုက်၍ဖြစ်စေ၊ ဖြတ်သန်းပြီးမှ နယ်စပ်ကို ဖြတ်ကျော်ရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက မိုးခေါင်ရေရှား ဖြစ်ခဲ့ သောကြော ကောက်ပဲသီးနှံ တစ်ချို့တစ်ဝက် ပျက်စီးခဲ့ရာ ပြည်သူတို့၏ ဝယ်အားလျော့သွားသည်။ မိုးကလည်း တစ်နှစ်ထက်တစ်နှစ် ခေါင်လာ တော့မည့် နိမိတ်တွေ အသေအချာပြနေပြီးလျှင် ကျွန်းသစ်အရောင်းအဝယ် ကောင်းခဲ့သဖြင့် သစ်တောပြုန်းတီးသွားခြင်းသည် မိုးခေါင်မှု၏ အဓိက

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဖြစ်သည်ဟု ယုံကြည်သည်။ ဗြိတိသျှပိုင်နက်အတွင်းဖြစ်သော ပြည်မှစ၍ တဖြည်းဖြည်းမြင့်တက်လာသည်မှာ ဗန်းမော်တစ်ဖက်ရှိ တောင်များအထိပင် ဖြစ်သည်။

လောဒ်ဒါလဟိုဇီ သတ်မှတ်ခဲ့သော နယ်ခြားဒေသမှနေ၍ အထက်မြန်မာပြည်သည် မြောက်ဘက်အဆုံးအထိ မိုင်ပေါင်း ၅၄၀သာရှိသည်။ အနံမှာ မိုင် ၄၂၀ ရှိ၍ စတုရန်းမိုင်ပေါင်း ၂ သိန်း လျော့လျော့ရှိသည်။ အခုအချိန်အထိ ဗြိတိသျှ မြန်မာပြည်၏ နယ်ပယ်မှ စတုန်းရန်းမိုင် ၈၈၅၀၀ ရှိသည်။ အောက်မြန်မာပြည်သည် မိုးလုံလောက်ရုံမက ပိုလျှံသည်၊ အထက်မြန်မာပြည်တွင် မိုးအလွန်နည်း၍ မိုးရွာခြင်းနှင့် မိုးခေါင်ခြင်းတို့မှာ အလွန်ကြီး မကွာခြားလှပေ။

ကျယ်ဝန်းကြီးမားသော တိုင်းပြည်က ကျဉ်းမြောင်းသေးငယ်သော တိုင်းပြည်နှင့် လယ်ယာပစ္စည်းအတွက် ယှဉ်ပြိုင်ရန်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။ မိုးအနည်းအများ ပြဿနာအပြင် အထက် မြန်မာပြည်သည် ကုန်ပစ္စည်းတင်ပို့ ရောင်းချနိုင်သော တိုင်းပြည်ကြီးအဖြစ် ရောက်ရန် မျှော်လင့်ချက်ကို တိုင်းပြည်၏ အထွေထွေသွင်ပြင် လက္ခဏာများက တားလျက်ရှိသည်။ လောလောဆယ်တွင် ခပ်ကျဲကျဲသာရှိသော လူဦးရေအတွက်ကိုပင် အစားအစာ လုံလောက်အောင် ထုတ်နိုင်ဟန် မပေါ်ချေ။ လွန်ခဲ့သောနှစ်များမှစ၍ အောက်မြန်မာပြည်မှ ဆန်စပါးကို အဝယ်လိုက်သထက် လိုက်လာပြီးလျှင် ပြီးခဲ့သောနှစ်ကဆိုလျှင် အထက်သားများစားရန်အတွက် ဆန် ပေါင် ၆ သိန်းဖိုးကို တင်ပို့ခဲ့သည်။

အချို့ မြေပြန့်ဒေသတွင် ဂျုံစိုက်ပျိုးသည်။ အကယ်၍ အလုပ်သမားရှားပါးမှု၊ လုပ်ခကြီးမြင့်မှုသာ မရှိပါက တင်ပို့ရောင်းချနိုင်အောင်ပင် ဂျုံထွက်ကောင်းလာမည်ဖြစ်သည်။

သို့သော် ကုလားကူလီများနှင့် အထက်မြန်မာပြည်မှ ကူလီများ လုပ်ကိုင်လျက်ရှိသော အောက်မြန်မာပြည်၌ပင် ကူလီတွေက တစ်နေ့တစ်ကျပ်ပေးရန် တောင်းနေပြီးလျှင် ကောက်ရိတ်ရန်အတွက်ဆိုလျှင် ပို၍ပင် တောင်းနေကြသည်။ ထို့ပြင် ရန်ကုန်၌ဆိုလျှင် သင်္ဘောကုန်တင်ရန်



ပေးရသော ကူလီခမှာလည်း အဆန်းမဟုတ်တော့ချေ။

အထက်မြန်မာပြည်သို့သွားပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ရန်အတွက် ကုလားကိုဖြစ်စေ၊ အောက်သားများကိုဖြစ်စေ ငွေဖြင့်ဆွဲဆောင်ရန်မှာ ခဲယဉ်းလှသည်။

မျက်နှာဖြူပိုင် မြေပေါ်တွင်လုပ်ကိုင်ရန် မြန်မာ လယ်သမားများက ငြင်းကြသည်။ သူတို့က သူတို့ပိုင်နွားနှင့် မျိုးစေ့စိုက်ထုတ်ပြီး ထွက်သော အသီးအနှံကို မြေပိုင်ရှင်နှင့် ခွဲဝေယူသော မြန်မာထုံးစံအတိုင်းမှ လုပ်မည်ဟု တင်းခံနေကြသည်။

ဤသို့ ဖက်စပ်လုပ်ကိုင်ပုံကို မျက်နှာဖြူများက မနှစ်သက်ကြရာ စိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် စတင်လုပ်ကိုင်တော့မည်ဆိုလျှင် အိန္ဒိယပြည်မှ ကုလားတွေကို သွင်းရမည်ဖြစ်သည်။

ဗန်းမော်နှင့် တရုတ်ပြည်အနောက်တောင်ပိုင်း ဒေသတွင် ဆူပူလှုပ်ရှားနေသဖြင့် အထက်မြန်မာပြည်မှ ရန်ကုန်သို့ ဝါဂွမ်းများ ၁၅၀၀၀ ဟန္ဒြိတ် တင်ပို့နေရာမှ ၉၈၀၀၀ ဟန္ဒြိတ် တင်ပို့ရသည်အထိ တိုးတက်တင်ပို့လာသည်ဟု နယ်ခြားဒေသ ကုန်သွယ်မှုနှင့် ပတ်သက်သော အဖိုးတန်လှသည့် အစီရင်ခံစာတွင် မစ္စတာအိုကွန်နာက ထုတ်ဖော်ထားသည်။

ထိုအရပ်ဒေသတွင် နေထိုင်ကြသော လူရိုင်းများသည် လူသတ်ခြင်း၊ လုယက်တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်ဟု သူက ဆိုသည်။ ၎င်း လူရိုင်းများက တရုတ်ပြည်သို့ သွားရာလမ်းကို အန္တရာယ်ပေးနေရာ တရုတ်ပြည်သို့ အထက်မြန်မာပြည်မှ တင်ပို့နေကျဖြစ်သော ဝါဂွမ်းများတင်ပို့ရေးမှာ ရပ်ဆိုင်းသွားလေသည်။

ထို့ကြောင့် ဝါဂွမ်းများကို သင်္ဘောဖြင့် တရုတ်ပြည်သို့ ရေလက်ကြားမှနေ၍ ပို့ရန်အတွက် ရန်ကုန်သို့ ဧရာဝတီမြစ်အတိုင်း တင်ပို့ရသည်။ တရုတ်မြန်မာနယ်စပ်တွင် မငြိမ်သက်မှုကြောင့် အခက်အခဲများယခုအချိန်အထိ ပေါ်ပေါက်လျက်ရှိရာ ထိုထွက်ပေါက်မှ ကုန်ပစ္စည်းများကို မတင်ပို့နိုင်တော့ချေ။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

## ကျွန်ပြုရေးနှင့် နိုင်ငံရေးအမြင်

သိမ်းပိုက်ကျွန်ပြုရေးပြဿနာ၏ နိုင်ငံရေးအချက်အလက်တွေကို ဘဏ္ဍာရေးကိစ္စသာဖြစ်သည်ဟု အကျဉ်းရုံးဖော်ပြ၍ မဖြစ်နိုင်ချေ။ မျက်နှာဖြူနှင့် ကုလားအများစုသည် ကျွန်ပြုသိမ်းယူခြင်းကိုသာ ရှင်းရှင်းပြတ်ပြတ် လိုလားပြီးလျှင် မြန်မာတို့၏ စိတ်ရှင်း၌လည်း သိမ်းယူခြင်းကိုသာ ဆန္ဒရှိကြသည်ဟု သူတို့က ထင်မြင်နေကြောင်းကိုလည်း ကျွန်တော်ဖော်ပြခဲ့ပြီးဖြစ်သည်။

ယင်းပြဿနာကို အရေးတယူ ဂရုထားခဲ့သော အာဏာပိုင်မြောက်များစွာတို့က ဤထင်မြင်ချက်ကို မှောက်မှားသော ထင်မြင်ချက်ဖြစ်သည်ဟု ယူဆကြသည်။

မြန်မာတို့သည် နောင်အခါတွင် လွှမ်းမိုးအုပ်စိုးလာမည့် ဗြိတိသျှတို့၏ အာဏာစက်ကို ကံစီမံဖန်လာသည့်အတိုင်းဟု သဘောပိုက်ထားကြသော်လည်း သူတို့၏မင်းဆက်ကို ကြည်ညိုရိုသေသော အစွဲအလမ်းဟောင်းရှိသည်ဟု မျှော်လင့်ရသည့်အတိုင်းပင် ဘုရင်တစ်ပါးရှိနေရန်ကိုကား အာသီသ ရှိနေကြသည်။

ခေတ်အခါ၏ နိုင်ငံရေး၊ စစ်ရေး အခြေအနေအရ မကြာမီကအရေး၊ လက်ရှိအရေးနှင့် အနာဂတ်အရေးတို့နှင့်ပတ်သက်သော ယေဘုယျထင်မြင်ချက်များကို ကိုယ်စားပြုနိုင်သည်ဟု ယူဆနိုင်သူ မြန်မာတို့နှင့်ရင်းရင်းနှီးနှီး အကျွမ်းတဝင် စကားပြောရန် မလွယ်သေးပေ။



သို့သော် ကျွန်တော်သည် အာဏာပိုင်တစ်ဦးမဟုတ်မှန်းနှင့် အန္တရာယ်ပေးမည် မဟုတ်မှန်းသိပြီးလျှင် ပြောင်ပြောင်ပြော၍ ဉာဏ်ပညာထက်သည့် မြန်မာတို့နှင့် ကျွန်တော် ဆုံဆည်းခွင့်ရသည်။ ဤသို့သော စိတ်ဝင်စားဖွယ် သတင်းများကို မစ္စတာဘားနတ်၊ ကာနယ်စလေဒင်နှင့် အခြားပုဂ္ဂိုလ်များက ကျေးဇူးပြုခဲ့ကြပါသည်။

ကျွန်တော်သည် ကြိုတင်ထင်မြင်ယူဆချက် ဓာတ်ခံ တစ်စုံတစ်ရာမရှိဘဲ မြန်မာပြည်သို့လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်ကြားသရွေ့ မြင်သရွေ့ကို ဘက်လိုက်မှု အာဃာတမဖက်ဘဲ မှတ်သားနာယူရန် အရည်အချင်း အပြည့်အဝရှိသူ ဖြစ်စရာရှိပါသည်။

ထင်မြင်ချက်ပေါင်းစုံကို ထိုင်ရာမထ ဂရုတစိုက် နားစွင့်မှတ်သားသည့်နည်းတူ ဤစာအုပ်ကို ရေးသားရာတွင်လည်း မမှိမသုန်ကျကျ ရေးသားရန် အားထုတ်ပါသည်။

မြန်မာလူမျိုးတို့က မြန်မာပြည်ကို ဗြိတိသျှ အိန္ဒိယပြည်တွင်းသို့ သိမ်းသွင်း၍ အလောင်းမင်းတရားကြီး၏မင်းဆက်သစ်မှာ သူတို့ကိုကယ်ရန် တောင်းဆိုကြသည်ဟု ပြင်သစ်ဂိုဏ်းချုပ်ကြီး ဒေါက်တာ ကော်ဒွန်က အားရပါးရ မာန်ပါပါ အမိန့်ရှိသည်ကို မန္တလေး၌ ကျွန်တော် ကြားနာခွင့်ရခဲ့သည်။

မြန်မာတို့သည် မင်းအဆက်ဆက်က ကျင့်သုံးလာခဲ့သော ကျွန်သပေါက်စနစ်ကို အလွန် အောနလုံးနာလျက် ရှိကြသည်။ မင်းအဆက်ဆက်သည် သူတို့ကိုယ်သူတို့ တိုင်းပြည်၏ ဝန်ထမ်း၊ တိုင်းပြည်၏ အကြီးဆုံးတရားသူကြီးဟု သဘောမထားဘဲ သက်ဦးဆံပိုင် ရေမြေ့ရှင်ဟု သဘောပိုက်ထားကြသည်။

မိမိ၏လက်အောက်ခံ တိုင်းသူပြည်သားတို့အပေါ် မိမိက ဘာမှဆောင်ရွက်ပေးရန် တာဝန်မရှိ။ ကျွန်တော်မျိုးတို့၏ သက်ဦးဆံပိုင်ဖြစ်သည်ဟု ဘုရင်မင်းမြတ်များက မိုးမမြင်လေမမြင် မှတ်ယူထားသည်ဟု ဂိုဏ်းချုပ်ကြီးက အတိအလင်း ထုတ်ဖော်မြွက်ဟသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအရာအားလုံးနှင့် ထိုမှထွက်ပေါ်လာသော ဖိနှိပ်ညှင်းပမ်းမှု အသက်စည်းစိမ် မတည်မြဲမှုနှင့် ကြပ်တည်းဆင်းရဲမှုများကို ပြည်သူတွေက ငြီးငွေ့စိတ်ကုန်ခမ်းနေကြပြီဟု ဂိုဏ်းချုပ်ကြီးက ဆိုသည်။ ပြည်သူတွေ ဗြိတိသျှမြန်မာပြည်ရှိ ကိုယ့်မြန်မာချင်းတို့ ကောင်းစားနေသည်ကို မြင်၍လည်းကောင်း၊ အစိုးရလက်အောက်၌ပင် နေလိုကြသည်။

သင်တို့လက်ဝယ် ယခုရောက်နေသော တိုင်းပြည်ကို သင်တို့က သိမ်းပိုက်ရန် လိပ်ပြာမလုံဘူးဆိုလျှင် အဘယ်ကြောင့် ဤသို့လာ၍ သီပေါမင်းကို နန်းချလိုက်ရသေးသနည်းဟု ဂိုဏ်းချုပ်ကြီးက ဆိုသည်။

အလောင်းမင်းတရားကြီး၏ အနွယ်တော်ဝင် မင်းသားတစ်ပါးပါးကို အစောင့်အရှောက်ခံ မင်းသားအဖြစ် ရွေးချယ်ရမည်ဟု ဒေါက်တာ ကော်ဒွန်က ဆိုသည်။ အလောင်းမင်းတရားကြီး အနွယ်တော်များသည် ကုစား၍မရအောင် နိုင်လိုမင်းထက်ပြုမှုများ ကပ်ငြိနေကြသည်။ အလောင်းမင်းတရား မင်းဆက်မှန်သမျှတွင် အလားတူ နိုင်လိုမင်းထက်ပြုမှု၊ မင်းကျင့်တရားချွတ်ယွင်းမှုနှင့် ညှဉ်းဖျင်းမှုများ မလွဲမသွေ ပါလာဦးမည်ဖြစ်သည်ဟု ဂိုဏ်းချုပ်က ယုံကြည်သည်။

သီပေါမင်းသည်လည်း သည်ပုတ်ထဲက သည်ပဲပင်ဖြစ်သည်။ ဤစနစ်ကြီးတစ်ခုလုံးကို ဖယ်ရှားမပစ်ပါဘဲ ဤလူတစ်ယောက်ကိုသာ ဖယ် ရှားရေးအတွက် မြန်မာတစ်ပြည်လုံး ဖောက်ထိုးမီးမျှော်ဖြစ်အောင် ကျွန်တော်တို့ လုပ်ခဲ့သည်မှာ ဘာများ အသုံးကျပါသေးသနည်း။

ကျွန်ုပ်တော်တို့သည် ၃ နှစ်အတွင်း ဤသို့ တစ်ချီပြန်ပြီး လုပ်ရဦးမည်ဟု သူက သေချာပေါက်တွက်ထားသည်။ ဤအချက်နှင့်စပ်လျဉ်း၍ သီပေါမင်းအား ယခုအကြိမ် နန်းချရာတွင် လွယ်ကူမှုကြောင့် နောက်တစ်ကြိမ် နန်းချရန်လိုလာသောအခါ တပ်ကြပ်၏အစောင့်တပ်ပင် စောင့်ကြပ်ရန်မလိုတော့ကြောင်း ဖော်ပြရန် ထင်ရှားလှသည်ဟု ထင်သည်။ အကြောင်းကြောင်းကြောင့် ဘာမှ စိုးရိမ်ပူပန်စရာမလိုတော့ချေ။ သိမ်းပိုက်ပါက အကျိုးဖြစ်မဖြစ် ပြဿနာကို ဂိုဏ်းချုပ်ကြီးက အကျိုးရှိမည် မုချဟု အပိုင်လောက်ဖြေသည်။



အထက်မြန်မာပြည်၏ သယံဇာတပစ္စည်းများသည် အစိုးရကောင်းလက်ထက်တွင် ဖွံ့ဖြိုးလာရပေမည်။ သိမ်းပိုက်ရေးကို ထက်သန်လှသော သူ၏အမြင်ကို လူတွေက သိအောင်လုပ်ပေးရန် ကျွန်တော့်အား တောင်းဆိုသည်။ ကျွန်တော်က ပြုလုပ်ပေးပါမည်ဟု ကတိခံခဲ့ပြီးလျှင် ကတိအတိုင်းလည်း ဖြည့်စွမ်းခဲ့သည်။

သီပေါမင်း အာဏာရရေးအား အမည်းကွက် ထင်စေခဲ့သော လူသတ်ပွဲအပေါ် မြန်မာတို့အမြင်ကို သိရအောင် ကျွန်တော် ကြိုးစားသည်။ အသတ်ခံသွားရသော သူများ၏ မိတ်ဆွေသင်္ဂဟများက ကင်းဝန်မင်းကြီးကိုလည်းကောင်း၊ သို့မဟုတ် တိုင်တားမင်းကြီးကိုလည်းကောင်း၊ သို့မဟုတ် ဆင်ဖြူရှင်မကိုလည်းကောင်း ဤရာဇဝတ်မှုကို ကျူးလွန်သည်ဟု အပြစ်တင်၍ ဘုရင်ကို အလိုတူအလိုပါဟု အပြစ်တင်ကြသည်။

သို့သော် ဤသို့ပြုလုပ်ခြင်းသည် အစိုးရတည်မြဲရေးနှင့် ရှေးနန်းဆက် အစဉ်အလာအတိုင်း ဖြစ်သောကြောင့်လုပ်သည်ဟု လူအများစုက ထင်မြင်ကြသည်။

မြန်မာတစ်ယောက်က "ပြည်တွင်းစစ်မဖြစ်အောင်လို့ ဘုရင်က လူအနည်းအကျဉ်းသတ်တာကို အင်္ဂလိပ်တွေက ဘာများ ဒီလောက်ပြောနေရတာလဲ၊ ဟော. . . အခု သူတို့ကိုယ်တိုင်ကျတော့ကော ဘုရင်ကို ဖြုတ်ပြီးတော့ ဒီလိုလုပ်တာဟာ တရားတယ်လို့လည်း ပြောကြသေးတယ်"ဟု ပြောသည်။

လူသတ်ပွဲကြီး လုပ်ခဲ့ခြင်းသည် အိန္ဒိယပြည်၌ လူတွေ၏စိတ်ကို ထိခိုက်သကဲ့သို့ မြန်မာပြည်တွင် ထိနိုက်ခြင်းမဖြစ်၊ ထုံးတမ်းစဉ်လာအတိုင်း မဖြစ်တန်သည်ကို မဖြစ်အောင် ဟန့်တားခြင်းသာဖြစ်သည်ဟု သဘောထားသည်။

မကွပ်မျက်ရသေးသော မင်းသားတစ်ပါးဆိုလျှင် လုပ်ကြံသူ သို့မဟုတ် သူပုန်သာဖြစ်ရမည်ဟု မှတ်ယူကြသည်။ တစ်တိုင်းပြည်လုံးတွင် ဆူပူပုန်ကန်မှုများကို ကာကွယ်ရန်အတွက် ၎င်းမင်းသားကို သုတ်သင်ရသည်မှာ သာမန် အသိဉာဏ်ရှိသော မြန်မာတို့အဖို့ လေ့ကတက်

www.burmeseclassic.com

www.burmeseclassic.com



ရှိန်မလိုသော ကိစ္စဖြစ်သည်။ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှသောကိစ္စပင် တမုံ့။

တိုင်းသူပြည်သားများက သီပေါမင်းသည် အမှန်ပင် သတ္တိလည်းမရှိ၊ ပျော့လည်းပျော့ညံ့သူဖြစ်ရာ ရက်စက်ကြမ်းကြုတ်သော မင်းဆိုးမင်းညစ်ဟု မယူဆကြချေ။ သီပေါမင်းကို ဖိနှိပ်ညှဉ်းဆဲသူဟုလည်း မမြင်ကြချေ။ လူတွေအပြုံလိုက်သတ်ခြင်းသည် သာမန်လူတွေကို မည်သို့မှ မထိခိုက်သော မဟာနွယ်တို့၏ နန်းတွင်းရေးကိစ္စသာ ဖြစ်သည်။ ပါတော်မမူမီ သူပုန်တစ်ထောင်ခန့်ကို ထောင်တွင်းအကျဉ်းချသည်။

၎င်းအကျဉ်းသားများကို ကွပ်မျက်ခြင်း၊ ညှင်းပမ်းခြင်းမပြုဘဲ နဖူးမှာ စာထိုး၍ နောက်တစ်ကြိမ် အဖမ်းခံရလျှင် အသေပဲဟု မှာထား၍ ပြန်လွှတ်လိုက်သည်။

ကျွန်တော်တို့၏ စစ်အုပ်ချုပ်ရေးအောက်၌ပင် ဤနည်းအတိုင်း များစွာသော အမှုများတွင် အသုံးပြုခဲ့သည်ဟု ကျွန်တော်ကြားရသည်။ ပါတော်မူဘုရင်ကြီးသည် တိုင်းသူပြည်သားများထံမှ ငွေတော်ကို သူ့အရင် အုပ်စိုးသွားသော ဘိုးတော်၊ ဘေးတော်တို့လောက် မသုံးခဲ့ရချေ။

တစ်နည်းအားဖြင့်ပြောရလျှင် နယ်စားမြို့စားတို့က ခါတိုင်းထက်ပို၍ ဖြတ်စားထားခြင်းကို သီပေါမင်းက ခံလိုက်ရခြင်းဖြစ်လေသည်။ သီပေါမင်း၏ အုပ်ချုပ်ရေးကို ချီးကျူးရန် ယုတ်စွအဆုံး အကွက်တစ်ကွက်တော့ရှိသည်။

နတ်ပြည်စံ မင်းတုန်းမင်းတရားကြီးသည် အင်္ဂလိပ် ဓမ္မပရိသတ်အတွက် သစ်သားဖြင့် ဆောက်ထားသော်လည်း ခိုင်ခန့်၍ အဖိုးတန်သောကြီးမားလှသည့် ဘုရားရှိခိုးကျောင်း သပ်သပ်ရပ်ရပ် လူနေအိမ်နှင့်တကွ စာသင်ကျောင်းပါတွဲ၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။

နိုင်ငံရေးကိုယ်စားလှယ်တော်ကို ရုတ်သိမ်းလိုက်သောအခါတွင် ထိုစဉ်က သင်းအုပ်ဆရာဖြစ်သော မစ္စတာကိုးလ်ဘက်မှာလည်း ထွက်သွားရလေသည်။ သူသည် ဘုရားရှိခိုးကျောင်းနှင့် အဆောက်အဦးများကိုကြည့်ကာ နောက်တစ်ဖန် ပြန်တွေ့မြင်ရမှ မြင်ရပါတော့မလားဟု



အောင့်မေ့လျက် ထွက်ခွာသွားခဲ့သည်။

မန္တလေးကို သိမ်းပိုက်ပြီးသောအခါ ရန်ကုန်မှ ဂိုဏ်းချုပ်ကြီးက အခြေအနေကိုကြည့်ရန် မစ္စတာကိုးလ်ဘက်ကို စေလွှတ်လိုက်သည်။ အလွယ်တကူ မယူသွားနိုင်သော ခုန်များက မရှိတော့ပြီဖြစ်၍ ဟောင်းလောင်းဖြစ်နေလေပြီ။

သို့သော် ဘုရားရှိခိုးကျောင်းကား မထိမခိုက် လက်ရာမပျက်သေးဘဲ ပကတိအတိုင်း တည်ရှိသေးသည်။ ပစ်ထားခဲ့ရသော ၇ နှစ်အတွင်း၌ မလေးမခန့် မလုပ်ခဲ့ကြ။ ပြတင်းပေါက်မှန်ချောင်နုံပြား တစ်ချပ်မျှ မရှိတော့။

အချို့မှာလည်း အနီးအနားက သစ်ကိုင်းနှင့်ရိုက်မိ၍ ကွဲသွားဟန်တူသည်။ ဘုန်းတော်ကြီးမြတ်သော ဧကရီဘုရင်မကြီးက လှူဒါန်းခဲ့သော ရေဖျန်းခံအင်တုံမှာ အုတ်တိုင်ထောက် ၄-၅ ချောင်းပေါ်တွင် တင်ထားရာ အလွန်လက်သရမ်းစရာကောင်းသော်လည်း မထိမခိုက် မပျက်စီးဘဲရှိသည်။

ယဉ်ကျေး၍ ခရစ်ယာန်တို့ဌာနီ လန်ဒန်ရွှေပြည်၌ပင် ဘုရားရှိခိုးကျောင်းကို ၇ နှစ်ကြာ ပစ်ထားပြီးနောက်မှ ဘုရားဝတ်ပြုရန် အသင့်မတွေ့နိုင်ချေ။ ထို့ကြောင့် အချို့နေရာများတွင် ထူးခြား ဆန်းပြားသောသူများ ဖြစ်သော်လည်း စောင့်စည်းချုပ်တီးနိုင်သူ သာမန်အားဖြင့် ပေါင်းသင်းဆက်ဆံရာတွင် နူးညံ့သိမ်မွေ့၍ ရက်ရောတတ်သူ မြန်မာတို့အား တရားသဖြင့် ပြောဆိုကြပါစို့။

ခေတ်ပျက်နေသောအချိန် မဟုတ်လျှင်ဖြစ်စေ၊ တိုင်းပြည်နှင့် မိမိတို့အတွက် သူပုန်မထလျှင် မဖြစ်သောအကြောင်း မပေါ်ပေါက်လျှင်ဖြစ်စေ မြန်မာတို့သည် သူတစ်ပါး၏ အသက်အိုးအိမ်စည်းစိမ်ကို အရမ်းမဲ့ ရန်ရှာတတ်သူများ မဟုတ်ချေ။

မဟာဝန်ရှင်တော်မင်းကြီးနှင့် ကာနယ်စလေဒင်၏ ခွင့်ပြုချက်အရ မစ္စတာကိုးလ်ဘက်သည် ဘုရားရှိခိုးကျောင်းနှင့် စာသင်ကျောင်းတို့ကို တာဝန်ယူရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချက်နှင့်စပ်လျဉ်း၍ စိတ်ဝင်စားဖွယ်ကောင်းသော ကိစ္စတစ်ရပ်မှာ အင်္ဂလိပ်ဖြစ်သည်။ ဂျာမန်နှင့် အီတလီဘာသာတို့ကို သင်ကြားပေးမည့် တက္ကသိုလ်ကျောင်းတစ်ကျောင်း မန္တလေးတွင် တည်ထောင်ရန် သီပေါမင်း အကြံတော်ပေါ်ခဲ့ခြင်းပင် ဖြစ်သည်။

စွန့်ပစ်ထားသော ဘုရားရှိခိုးကျောင်းနှင့် ပူးတွဲလျက်ရှိသော စာသင်ကျောင်းကို အမတေတက္ကသိုလ်အဖြစ် ဖွင့်ရန် စိတ်ကူးပြီးလျှင် ဒေါက်တာဘော်ဒွန်အား စီမံကြည့်ကြပ် သင်ကြားစေရန် မိန့်တော်မူသည်။

ဂိုဏ်းချုပ်ကြီးက လက်ခံရန် သဘောတူပြီးလျှင် ဘုရင်မင်းမြတ်ထံ ကြိမ်ဖန်များစွာ အခစားဝင်သည်။ ထိုစဉ်က ဘုရင်မင်းမြတ်သည် ဤကိစ္စတွင် အလွန်စိတ်ဝင်စားနေလေရာ လိုအပ်သောငွေတော်ကို ထုတ်ပေးမည်ဖြစ်ကြောင်း မိန့်ကြားသည်။

သို့သော် ငွေတော်ထုတ်ပေးရန် တောင်းခံသောအခါ တစ်လလျှင် ငွေတစ်ရာသာ ထောက်ပံ့မည်ဟု မမျှော်လင့်သောအဖြေကို ပေးတော်မူလိုက်သည်။ ထိုအခါ ဒေါက်တာဘော်ဒွန်က "ဤမျှ မဖြစ်စလောက် ထောက်ပံ့ငွေကိုမယူဘဲ ကျောင်းသားတွေသာလာပါစေ၊ ဘာ အဖိုးအခမှ မရဘဲနှင့် ကျွန်ုပ်သင်ပြပါမယ်၊ ဒါပေမဲ့ တစ်လ ငွေတစ်ရာတော့ မလိုချင်ပါ"ဟု လျှောက်ထားသည်။

သူ၏ မဟာစီမံကိန်းကြီးကို သီပေါမင်းကပင် ပျက်သုန်းသွားစေသည်။ သီပေါမင်းသည် သားစဉ်မြေးဆက် အစွန့်တည်မည်ဖြစ်သော မန္တလေးတက္ကသိုလ်ကျောင်းတော်ကြီး ဒါယိကာဟူသော ဘွဲ့နာမည်တော်ကို မခံယူနိုင်တော့ပြီတကား။

ပါတော်မူဘုရင်ကြီး၏ မိုက်မဲသော ဝါဒလမ်းစဉ်ကြောင့် နိုင်ငံခြားပယောဂ တကယ်တမ်း ဝင်ရောက်ခြိမ်းချောက်လာမှုသည် မြန်မာမင်းဆက် အမြန်ပျက်သုဉ်းရခြင်း၏ တကယ့်အကြောင်းရင်း ဖြစ်ပေသည်။

သီပေါမင်းက မြန်မာပြည်အား မြိုးထဲမီအောင် တွန်းထည့်နေခြင်းကို ဇာတ်သိမ်းပစ်ရန် လိုအပ်သည်ဟု အောက်မြန်မာပြည်နှင့် အိန္ဒိယပြည်တွင် အားလုံးက ယုံကြည်ကြသည်။ သီပေါမင်းအား နန်းချပြီး



အထက်မြန်မာပြည်အား လက်နက်နိုင်ငံတော်အတွင်းသို့ သွတ်သွင်းရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော အလွန် အရေးပါသော ပြဿနာပေါ်ပေါက်လာပုံကို လွန်ခဲ့သော ဒီဇင်ဘာလ ၆ ရက်နေ့တွင် လပ်ကနောင်းမြို့ရှိ ဘုရင်ခံချုပ်က ဤသို့ ထုတ်ဖော်ပြောခဲ့သည်။

"အထက်မြန်မာပြည်မှာ ပြုလုပ်ရမယ့် အစီအစဉ်နဲ့ပတ်သက်ပြီးတော့ အခုအခါမှာ ဂရုတစိုက် ချိန်ဆစဉ်းစားလျက်ရှိပါတယ်။ အရေးအကြီးဆုံးဖြစ်တဲ့ ပြဿနာရဲ့ အခြေခံအချက်အလက် အမျိုးမျိုးကို အကုန်အစင် စစ်ဆေးသုံးသပ်ပြီးနောက် အောက်မြန်မာပြည်နဲ့ အိန္ဒိယအရှေ့ပိုင်းနယ်ခြားဒေသ လုံခြုံမှုကို ထိန်းသိမ်းဖို့အတွက် ရောဝတီမြစ်ဝှမ်း အထက်ပိုင်းတစ်လျှောက်လုံးတွင် ကျွန်တော်တို့၏ နိုင်ငံရေးဩဇာ အာဏာစက်ဖြန့်ကျက်ထားဖို့အတွက် မြန်မာပြည် ၂ ပိုင်းစလုံးကို ပူးပေါင်းပြီး ဗြိတိသျှအုပ်ချုပ်မှုအောက်မှာပဲ ထားရမလား။ ဒါမှမဟုတ် စည်းကမ်းချက် တစ်စုံတစ်ရာထားပြီးတော့ အထက်မြန်မာပြည်ကို အုပ်ချုပ်ရေးအသစ်နဲ့ အုပ်ချုပ်မရလားဆိုတာဟာ အလွန် ကြီးလေးနက်နဲတဲ့ ပြဿနာဖြစ်ပါတယ်။ ဒီပြဿနာကို ဖုတ်ပူမီးတိုက် လုပ်လို့လည်းမဖြစ်ဘူး။ အိန္ဒိယရဲ့အကျိုး၊ မြန်မာ ပြည်သူပြည်သားတွေရဲ့ ကောင်းစားကြီးပွားရေးနဲ့ လက်နက် နိုင်ငံကြီးတစ်ခုလုံး လိုအပ်ချက်တွေနဲ့ ကိုက်ညီရဲ့လားဆိုတာ ကျကျနန မစစ်ဆေးမသုံးသပ်ဘဲနဲ့ လုပ်လို့ မဖြစ်သေးဘူး"

အိန္ဒိယပြည်ရဲ့ အကျိုး၊ မြန်မာပြည်သူပြည်သားတွေ ကိုယ်တိုင်ကောင်းစား ကြီးပွားရေးနှင့် လက်နက်နိုင်ငံတော်ကြီး တစ်ခုလုံးရဲ့ လိုအပ်ချက်ဆိုသော အချက်ကြီး ၃ ရပ်ကို ကောက်ချက်နိဂုံးမချမီ လေ့လာထားရမည်ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် သုံးသပ်လျက်ရှိသော အချက်အလက်တို့ကို အသေးအနက် စိစစ်ချိန်ဆကြည့်သည်။ ကျွန်တော်တို့မကြာခင်က လေးကတွင် တွေ့မြင်ခဲ့သော ပြင်သစ်တို့ မျှော်လင့်ချက်နှင့် တွက်ကိန်းက အထက်မြန်မာပြည် အနာဂတ်ရေးနဲ့ပတ်သက်၍ တည်တည်ငြိမ်ငြိမ် နိုင်းနိုင်းချိန်ချိန် ပြုဖို့အတွက် အလွန် အဖိုးထိုက်တန်သော

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအချက်ကို ညွှန်ပြခဲ့သည်။

လပ်ကနောင်းတွင် ဘုရင်ခံချုပ်က တွေ့ကြုံရမည့် အခက်အခဲကို ပွင့်လင်းစွာ မိန့်ကြားခဲ့သည်။ သို့ရာတွင် ၎င်းအခက်အခဲမှာ ကာယကံမြောက် ပြုလုပ်ရေးကိစ္စထက် ဆုံးဖြတ်ချက်နှင့် အသိဉာဏ်တို့ဖြင့် ပို သက်ဆိုင်သည်။

ဤအခက်အခဲများသည် ကျွန်တော်တို့ ဖြေရှင်းရမည်ဖြစ်သော တိုင်းသူပြည်သားတို့၏ စရိုက်၊ သူတို့နှင့် တရုတ်ပြည်ကြီး၏ ဆက်သွယ်မှုနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးတွင်ရှိသော အခြား ဥရောပအစိုးရများ၏ အနေအထားသည် ယင်းတိုင်းပြည်၏ သဘာဝအခြေအနေတို့မှ ပေါ်ထွက်လာခြင်း ဖြစ်သည်။

ယခုအခါ ကျွန်တော်တို့ ဆက်ဆံတွေ့ဆုံရတော့မည့် လူတွေမှာ အိန္ဒိယ၌ ကျွန်တော်တို့ တွေ့ကြုံအကျွမ်းဝင်ပြီးဖြစ်သော သူများနှင့် လူမျိုး အနွယ်ချင်း မတူကြောင်းကို တစိမ့်စိမ့် သဘောပေါက်ရန် လိုအပ်ပေသည်။ မြန်မာနှင့် ရှမ်းတို့သည် မူလအားဖြင့် အင်ဒိုချိုင်းနားများ ဖြစ်ကြသည်။

တရုတ်အင်အားစုက တရုတ်မဟုတ်သောအစုကို အမြဲပင် ဖိထုတ်လိုသောသဘော ရှိသည်။ ခေတ်အဆက်ဆက်ကပင် ရှိရင်းစွဲလူတွေကို အနောက်တောင်ဘက်သို့ ရောက်ကုန်အောင် အရှေ့မြောက်ဘက်မှ အမြဲတစေ ဖိစီးခဲ့သည်။ သွေးမနှောဘဲ ကျန်ရှိနေသူများနှင့် တရုတ်သွေး မရောသော လူမျိုးစုများစွာတို့သည် အနောက်တောင်ဘက်သို့ တဖြည်းဖြည်း မောင်းထုတ်ခြင်း ခံရပြီးလျှင် ယခုအခါ တစ်ကွဲတစ်ပြားစီ ဖြစ်သွားပြီး မရေမတွက်နိုင်အောင် အစိတ်စိတ် ဖြစ်သွားသည်ဟု ရှမ်းအကြောင်း ရေးထားသော မစ္စတာကိုကြူဟောင်၏ စိတ်ဝင်စားဖွယ် စာအုပ်နိဒါန်းတွင် အမ်ဖာရီးယား ဒီလက်ကူပီရီက ရေးထားသည်။

တရုတ်ပြည်မကြီးတွင် မူလက နေခဲ့သူများ အထင်အရှားရှိခဲ့ပြီးလျှင် သူတို့ကို ယခုအခါ တရုတ်ပြည်ကို အပိုင်စီးထားသူ တရုတ်တို့က ဤအရပ်ဘက်သို့ မောင်းထုတ်လိုက်သည်။ ထို့ပြင် တရုတ်တို့က



မောင်းထုတ်ခံရသူများအား ထပ်ချပ်မကွာ ဖိလိုက်နေကြဆဲပင် ဖြစ်သည်။ လူမျိုးအလိုက် အဖိခံရသော တူရူမှာ တရုတ်ပြည် အနောက်ဘက်မှနေ၍ လွတ်လပ်သော မြန်မာပြည်နှင့် ဗြိတိသျှ မြန်မာပြည်ဘက် ဖြစ်သည်။

မစ္စတာ ကိုကြူဟောင်က အကျယ်တဝင့် တင်ပြပြီးလျှင် မစ္စတာ ဟော့ဟောလက်က အပင်ပမ်းခံ၍ ထောက်ခံထားသော စီမံကိန်းကြီး၏ တစ်စိတ်တစ်ဒေသမှာ ကုန်သွယ်ရေး အကျိုးအတွက် ရှမ်းပြည်မှ ယူနန်သို့ မီးရထားလမ်းဖောက်ရန် ဖြစ်သည်။

ဗြိတိသျှမြန်မာပြည်မှနေ၍ အရှေ့မြောက်တွင် တရုတ်နယ်စပ်၊ အရှေ့ဘက်တွင် ပြင်သစ်နယ်စပ်၊ တုံကင်နယ်အထိ တောင်ဘက်တွင် ကိုချင်ချိုင်းနား၊ ရှမ်း၊ ယိုးဒယားတို့အထိ ကျယ်ဝန်းလှသော တိုင်းပြည်ကြီးတွင် ဗြိတိသျှတို့သြဇာကို အခိုင်အမာ ဖြန့်ကျက်ရန် ယင်းစီမံကိန်းက ကြံရွယ်ထားသည်။

ဤသို့ မီးရထားဖြင့် ကုန်သွယ်ရေးအတွက် စိတ်ကူးဖြင့်ပြုလုပ်လိုက်ခြင်းသည် ရှမ်းပြည်ကိုဖြတ်၍ တရုတ်တွေ မြန်မာပြည်သို့ လျှံတက်သထက်တက်လာအောင် လုပ်ရာမကျဘူးလောဟူသော မျက်လုံးပြူးရမည့်ပြဿနာ ဖြစ်သည်။

ယခုအချိန်အထိ တည်ရှိသေးသော ဗြိတိသျှ မြန်မာပြည် နယ်နိမိတ်ကို သတ်မှတ်ရန် ဆုံးဖြတ်စဉ်ကပင် လော့ဒ်ဒါလဟိုဇီသည် တရုတ်တွေ လိမ့်ဆင်းမည့်အရေးကို ချင့်တွက်ခဲ့သည်။ ၎င်းနယ်စပ်၌ နေထိုင်သူများနှင့် တရုတ်တို့ လူမျိုးချင်းနီးစပ်မှုရှိနေသဖြင့် တရုတ်တို့နှင့် နောက်ထပ်သွေးနှောရန် မုချလွယ်ကူစေလိမ့်မည်။

တရုတ်တို့၏ သွင်ပြင်လက္ခဏာရှိသော ပြည်သူပြည်သားများကို အုပ်ချုပ်ကွပ်ကဲရန် ခဲယဉ်းမှုတွင် နယ်ချဲ့ရာတွင် နာမည်ရ၍ အခြားနယ်ချဲ့ရန်ကိစ္စများဆိုလျှင် ဘယ်တော့မှ မတွေဝေဘဲ ပြတ်ပြတ်သားသား ရှေ့ကနေခဲ့သူ ဘုရင်ခံချုပ်ကြီးက တရုတ်တို့နှင့် သွင်ပြင်လက္ခဏာတူသော လူများကို အုပ်ချုပ်ကွပ်ကဲရာ၌ တွေ့ရမည့် အခက်အခဲများကို အပြင်းအထန် တစ်မျှော်တစ်ခေါ်ကြီး စဉ်းစားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်မြန်မာပြည်ကို သိမ်းပိုက်ရေးအတွက် ရှေ့ဆုံးမှ ရှေ့နေ လိုက်ခဲ့ကြသော သူများထဲမှ အချို့သည် သုံးမရ ခေတ်မမီတော့သော ဗန်းမော်လမ်းဖြင့် နယ်အကျယ်ကြီးကိုဖြတ်၍ တရုတ်ပြည်နှင့် ကူးလူး ဆက်ဆံရေး ဖြစ်မြောက်စေရန်အတွက် ကြိုးစားပမ်းစား ပြုလုပ်နေကြသော စွန့်စွန့်စားစား နယ်သစ်ရှာသမားများ ဖြစ်သည်။

ကျွန်တော်တို့သည် မနေ့တစ်နေ့က သီပေါမင်း၏ပိုင်နက် ဖြစ်ခဲ့သော အထက်မြန်မာပြည် ယဉ်ကျေးမှု အဆောက်အဦကြီး၏ အစောင့် အရှောက်များသာမကသေး၊ ကျွန်တော်တို့၏ နယ်နိမိတ်နှင့် သူ့ နယ်နိမိတ် ကိုကျော်၍ မီးရထားလမ်းဖောက်ကာ တစ်ပြည်လုံး လမ်းတွေပွင့်သွား အောင် လုပ်ရန်ဖြစ်သည်။

ထိုသို့လုပ်ခြင်းသည် အမ်ဒီဖရေဆီနက်က အထက်မြန်မာပြည် တွင် ကျွန်တော်တို့သည် မယှဉ်ပြိုင်နိုင်သော အခွင့်အရေးများ ရှိသည်ဟု ဝန်ခံထားရသော နိုင်ငံရေး အကဲသာမှုနှင့် ခွဲခြားရန်ခက်လှသောကြောင့် တန်ခိုး ထွားအောင် လုပ်ခြင်းပင်ဖြစ်သည်။

တော်ဝင်ပထဝီဝင်အသင်းကြီး၏ ရှေ့မှောက်တွင် မစ္စတာ ဟော့ဟောလက်က စိတ်ဝင်စားဖွယ်ကောင်းသော ယိုးဒယား ရှမ်းပြည် များအကြောင်းကို မကြာမီက တင်ပြရာတွင် ဤအချက်ကို စိုက်စိုက် မတ်မတ် အလွယ်တကူပေါ်ကသော မီးရထားလမ်းကြီးတစ်ခု ဖောက်လုပ် ခြင်း၏ အကျိုးတရားများကို ကြိုတင်တွက်ကိန်းချခဲ့သည်။

ကမ္ဘာက အနည်းအကျဉ်းသာသိသေးသော တိုင်းပြည်တစ်ပြည် ၏ ဝိသေသလက္ခဏာများကို မစ္စတာဟောလက်နှင့် မစ္စတာကိုကြူဟောင်း တို့က ပထဝီသုတေသီများနှင့် ပြည်သူအများရှေ့တွင် တင်ပြခြင်းထက် စိတ်ဝင်စားဖွယ်ကောင်းသော တင်ပြစရာမရှိတော့ပြီ။

ဤလုပ်ငန်းမှ အကျိုးဖြစ်ထွန်းဖွယ် အချက်တို့ကို စုဆောင်း စိစစ်၍ အထောက်အထားများကို တင်ပြသောအခါတွင် အိန္ဒိယအစိုးရ က အပူတပြင်းတောင်းဆိုလျက်ရှိသော အာမခံချက်ကို စွန့်လွှတ်ပြီးလုပ် ကိုင်ရန် မဝံ့ရဲသော အရင်းရှင်တို့အား ဆွဲဆောင်နိုင်လာလိမ့်မည် မဟုတ်ဟု



စောဒကတက်လာသည်။

မည်သို့ပင်ဖြစ်စေ မြန်မာပြည်ရှိ အိန္ဒိယအစိုးရက အဖြေပေးရ မည့် ပြဿနာများစွာ ပါဝင်နေသဖြင့် ဤစီမံကိန်းဖြစ်မြောက်ရေးအတွက် ဆုံးဖြတ်ချက်ကို နှောင် တော်တော်နှင့် ချမှတ်ဖွယ်မရှိချေ။ မစ္စတာဟော လက်ကိုယ်တိုင်က အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် မီးရထားလမ်းဖေါက် လုပ်ရေးလုပ်ငန်းတွင် ပြင်သစ်တို့သည် ကျွန်တော်တို့နှင့် ယှဉ်ပြိုင်လိုဟန် မတူကြောင်းကို ဖေါ်ပြခဲ့သည်။ ထို့ပြင် ပြင်သစ် တို့က ဤသို့သော နိုင်ငံ ရေးအရ ပြိုင်ဆိုင်မှုများ ပြုလုပ်လာမည့်အကြောင်းကို လော့ဒ်ဒပ်ဖရင် အစိုး ရက သုံးသပ်လျက်ရှိသော အလွန့်အလွန် အရေးကြီးသော ပြဿနာ၏ အခြေခံအချက်များထဲတွင် အသေအချာကြီး ပါဝင်လျက်ရှိကြောင်းမှာ မုချ ဖြစ်သည်။

ရှမ်းပြည်မှ တရုတ်ပြည်သို့ ရထားလမ်းဖောက်ရန် ဖြစ်နိုင်သည် ဖြစ်စေ၊ မဖြစ်နိုင်သည်ဖြစ်စေ၊ မြန်မာပြည်နှင့် ယူနန်ရထားလမ်း ဖောက် လုပ်ရေးမှာကား ပထဝီဝင်အနေအထားနှင့် ဆောက်လုပ်ရေး စက်မှုပညာ အရ မဖြစ်နိုင်ပေ။ ဤလို ရထားလမ်းသည် ပေရှစ်ထောင်အမြင့်ရှိသော တောင်ကြားတွေကို တသီတတန်းကြီး ဖြတ်ကျော်ရမည်။ သို့မဟုတ် စိန့်ဂို တပ်နှင့် မောင့်ဆီနစ်ကဲ့သို့သော တောင်တွေထဲ ဥမင်လိုဏ်ဂူတွေ တူးရမည် ဖြစ်သည်။

မြည်းတွေ၊ လူတွေဖြင့် ထမ်းပိုးပြီး ယူနန်နှင့် အရောင်းအဝယ် အတော်အတန် လုပ်နိုင်သည်ကိုလည်း တိုးချဲ့လုပ်နိုင်သည်။ သို့သော် ဤလမ်းမှနေ၍ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားရန်မှာ လက်တွေ့ မဖြစ်နိုင်ချေ။ ယူနန် လမ်းမှနေ၍ တရုတ်ဈေးကွက်ကြီးနှင့် ဆက်သွယ်ရန် မဖြစ်နိုင်ချေ။ အကြောင်းမှာ ယန်စီကိုင်မြစ်နှင့် ဆက်စပ်လျက်ရှိသော ကုန် ပစ္စည်းကြွယ်ဝလှသည့် နယ်ပယ်တို့နှင့် ယူနန်မှာ တောင်တွေက ကြားခံ နေသော ကြောင့်ဖြစ်သည်။

ယူနန်နယ်မှနေ၍ မြန်မာပြည်ဘက်သို့လည်း ကုန်တွင်ကျယ် ကျယ် အရောင်းအဝယ်လုပ်ငန်း ဆက်သွယ်လုပ်ကိုင်ရန်ပင် မဖြစ်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ကျိုင်မြစ်သည် ယူနန်နယ်စပ်အတွင်း နေရာတကာအထိ သင်္ဘောဖြင့် သွားလာနိုင်ရာ တံကင်းတွင် အေးချမ်းသာယာမှု ရရှိပြီဆိုပါက ၎င်းမြစ်မှ ကုန်စည်များကို အများအပြား သယ်ယူပို့ဆောင် ရောင်းဝယ်နိုင်သည်။

ဆန်ကျိုင်မြစ်တွင် ပြင်သစ်တို့ ရောင်းဝယ်ဖောက်ကားမှုကို တရုတ်တို့က အနှောင့်အယှက် ပြုကောင်းပြုလိမ့်မည်ဖြစ်ပြီးလျှင် ယူနန်နှင့် ရောင်းဝယ်ဖောက်ကားခြင်းမှာလည်း ယန်စီကိုင်အထိ ပေါက်ရောက်သွားနိုင်သည်။

မြန်မာနှင့်တရုတ် တွင်တွင်ကျယ်ကျယ် ရောင်းဝယ်ဖောက်ကားမှု မဖြစ်နိုင်လေရာ ယင်းမဖြစ်နိုင်သည့်အရာကို တွက်ကိန်းချနေခြင်းသည် အချည်းနှီးသာဖြစ်သည်။ မည်သည့် ကုန်သွယ်ရေးကိစ္စကို မျှော်လင့်ထားသည်ဖြစ်စေ၊ မိမိတိုင်းပြည်မှ သယံဇာတပစ္စည်းများ တိုးတက်ဖွံ့ဖြိုးမှု အပေါ်၌သာ အားထားရမည်ဖြစ်ပေသည်။

ပြင်သစ်တို့သည် လွှန်ပရာဘုံဘက်မှလည်းကောင်း၊ ယိုးဒယား ရှမ်းဘက်မှလည်းကောင်း ဝင်၍ မြန်မာပြည်အပေါ် ဩဇာလွှမ်းမိုးရန် ကြံစည်ခဲ့ပုံကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရသည်မှာ အထင်အရှားဖြစ်သည်။

ယိုးဒယားပြည်သည် မြန်မာပြည်နှင့် အလားတူပင် စည်တီးခရိုင်နှင့် တောင့်တင်းခိုင်မာသော နိုင်ငံများမဟုတ်ဟု တရားဝင် ဖော်ပြထားကြသည်။ ယိုးဒယားပြည်၌ ပြင်သစ်တို့ ဩဇာတည်ထောင်နေသော ကိစ္စမှာ ယခုအခါ ဂရုစိုက်ကြည့်ရမည့်အရေး ဖြစ်သည်။

မီးရထားလမ်း ဖောက်လုပ်ရေးအတွက် ရှေ့နေလိုက်ခဲ့ကြသော မစ္စတာ ကိုကြူဟောင်းနှင့် မစ္စတာ ဟော့ဟောလက်တို့က ဗန်းကောက်မြို့မှ ယိုးဒယားနှင့် ရှမ်းပြည်ကိုဖြတ်၍ တရုတ်ပြည်သို့ရောက်အောင် ရထားလမ်းဖောက်ရမည်။ ဗြိတိသျှပိုင်နက်အတွင်းမှ လမ်းခွဲတစ်ခုက ၎င်း လမ်းမကြီးတွင် လာရောက်ပေါင်းဆုံမည်။ နောက်ဆုံး အိန္ဒိယပြည်ရှိ မီးရထားလမ်းနှင့် ဆက်ထားမည်ဖြစ်သော ကူးသန်းရောင်းဝယ်ရေး လမ်းမကြီးကို တည်ထောင်ရန် ရည်ရွယ်ချက်ရှိလေသည်။

ဤလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းမှာ ပေါင် တစ်ကုဋေခွဲ



ကုန်ကျမည်ဟု ခန့်မှန်းသည်။ အိန္ဒိယအစိုးရက လမ်းခွဲဆောက်လုပ်ရေးအတွက် အာမခံချက်ပေးရန် ငြင်းဆန်သည်။ ဗန်ကောက်-တရုတ် လမ်းမကြီးအတွက် ယိုးဒယားဘုရင်က ခုနစ် ပိုင်း တစ် ပိုင်းရာနှုန်း အာမခံပေးလိမ့်မည်ဟု မှန်းထားသည်။

ဤသို့သော အလုပ်ကြီးအကိုင်ကြီးများကို လုပ်ကိုင်ရန် ယိုးဒယားဘုရင်ကြီးသည် ငွေတိုးရှာ၍မရဟု ယုံကြည်စိတ်အချရဆုံး နေရာမှ ကျွန်တော်တို့ ကြားသိရသည်။ ထိုအချက်မှတစ်ပါး ဘုရင်ကြီးသည် သူ့တိုင်းပြည်၏ သယံဇာတပစ္စည်း လမ်းပွင့်သွားမည်ဖြစ်သော မီးရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းကို သူက ငွေကြေးမစိုက်ဘဲနှင့် ဖောက်လုပ်မည်ဆိုက သဘောတူ လက်ခံကောင်း လက်ခံမည်ဖြစ်သည်။

ဤသို့ သဘောတူလိုက်ပါက သူ့တိုင်းပြည်အတွင်း၌ မီးရထားလမ်း ဖောက်လုပ်ရေးနှင့် စီစဉ်ရေးတို့အတွက် အင်္ဂလိပ်ဖြစ်စေ၊ ပြင်သစ်ဖြစ်စေ နိုင်ငံခြားသားများ ဝင်ရောက်လာသောကြောင့်လည်းကောင်း၊ နိုင်ငံခြားသား အရင်းရှင်များက ငွေတွေကို သန်းနှင့်ချီပြီး သုံးစွဲခြင်းဖြင့်လည်းကောင်း၊ နိုင်ငံရေး အရှုပ်အရှင်းများ ပေါ်ပေါက်လာနိုင်သော ကိစ္စအားလုံးကို ဘုရင်ကြီးက သတိထားပြီး ဖြစ်သည်။

မီးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကြီးအတွက် မှန်းထားသည့်အတိုင်း ယိုးဒယားအစိုးရက ထည့်ဝင်ရန် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။ သို့သော် ဤစီမံကိန်းမှာ ကြံရွယ်ချက်သာ ရှိသေးသည်။ ကုန်သွယ်ရေးနှင့် နိုင်ငံရေးကို စွန့်စားပါဝင် လုပ်ကိုင်လာရန်အတွက် ယိုးဒယားပြည်ကို အဘယ်ပုံ ချဉ်းကပ်ရမည်ဆိုသော ပြဿနာကို အာရုံစိုက်ရန်သာ စီမံကိန်းသမားနှင့် နိုင်ငံရေးသမားတို့အား ဤစီမံကိန်းက ညွှန်ပြသည်။

ဤသို့သော စီမံကိန်းတွင် ပြင်သစ်တို့က အရင်းအနှီး မမြှုပ်နှံပါဟု အင်ဒိုချိုင်းနား မီးရထားလမ်း စတင်ဖောက်သူများထံမှ အာမခံချက်ရလျှင်ကား ကျေနပ်ဖွယ်ပင်ဖြစ်သည်။ ပြင်သစ်တို့အဖို့ မန္တလေးမှ ဗြိတိသျှနယ်စပ်ကို သီပေါမင်းအား ဖောက်ပေးရန် ကမ်းလှမ်းလာခဲ့သော မီးရထားလမ်းလောက် မက်လုံးကပ်ဟန်မတူချေ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ အိန္ဒိယအစိုးရက မြန်မာပြည်တွင် ပြုလုပ်လိုက်သော ကိစ္စသည် မန္တလေးတွင် ခြေကုတ်ယူရန် အကြံပျက်သွားရသော ပြင်သစ်တို့အား ဗန်ကောက်ဦ္ဒတစ်ဖန် ခြေရှုပ်ခြင်းဖြင့် ကိုယ့်ကိုယ်ကို နှစ်သိမ့်ရန်ဆန္ဒကို ဖန်တီးကောင်း ဖန်တီးပေလိမ့်မည်။

အင်ဒိုချိုင်းနားကျွန်းဆွယ် အရှေ့ခြမ်းတွင် ပြိုင်ဆိုင်မှုသည် အင်္ဂလိပ်ကို အကျိုးဖြစ်စေမည်လော။ ပြင်သစ်ကို အကျိုးဖြစ်စေမည်လော ဟု စဉ်းစားရန်ရှိသည်။ မြန်မာပြည်ကို ဗြိတိသျှပိုင် နယ်တစ်ခုအဖြစ် သွတ်သွင်းသောကြောင့် ပြင်သစ်တို့ကလည်း ယိုးဒယား သို့မဟုတ် ဘားစ်ဆက်၊ သို့မဟုတ် လွန်ပရာဘုံတို့ကို အလားတူ သွတ်သွင်းရန် ကြိုးစားကောင်း ကြိုးစားလိမ့်မည်ဖြစ်သည်။

ထိုအခါတွင် ဗြိတိသျှနှင့် ပြင်သစ်တို့၏ အရှေ့ဖျားပိုင်နက် နယ်နိမိတ်ချင်း ထိစပ်လာတော့မည်မှာ မဝေးလှတော့။ ရုရှနှင့် နယ်နိမိတ်ချင်း ထိစပ်နေမှုသည် အန္တရာယ်များ၍ စိတ်မချမ်းမြေ့ဖွယ် ဖြစ်သည်ဟု ယခုအထိ ထင်မြင်လျက်ရှိသည်။ မြန်မာပြည်သည် ကာကွယ်ခုခံနိုင်သော အင်အားမရှိသဖြင့် အာဖဂန်နစ္စတန်လို "ကြားနယ်ဒေသ" အဖြစ် ထားရန် မဖြစ်နိုင်ပေ။

သို့သော် အိန္ဒိယအစိုးရက သတ်မှတ်ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားသော အထက်မြန်မာပြည်၏ အုပ်ချုပ်ရေးသစ်သည် အမြဲတမ်း ဒုက္ခပေးလေ့ရှိသော အခြားနိုင်ငံကြီးတစ်ခု၏ နယ်မြေနှင့် မလိုလားသော ထိစပ်မှုကို ရှောင်ရှားခြင်း သို့မဟုတ် အရှိန်ရှေ့ထားနိုင်ပါမည်လော ဟူသည့် ပြဿနာတစ်ခုကား ရှိသည်။

ဥပမာအားဖြင့် အကယ်၍ ဗြိတိသျှနယ်နိမိတ်သည် ပြင်သစ်တို့ နယ်နိမိတ်နှင့် ထိစပ်လာပြီဆိုလျှင် ဂျင်နရယ်ပရင်ဒါဂတ်စ်၏ ကိန်းအရ စစ်သား ၃၆၀၀ ဖြင့် အထက်မြန်မာပြည်ကို နယ်စောင့်ချရန် မဖြစ်နိုင်သည်မှာ အလွန်ရှင်းပေသည်။ ဤသို့ဆိုလျှင် စစ်သားတစ်သောင်းနှင့် လုံလောက်မှ လုံလောက်ပါမည်လော။

တစ်ဖက်တွင် ပြင်သစ်တို့က အစောင့်တပ်ကူတွေ တစ်တပ်ပြီး



တစ်တပ် ချနေသောကြောင့် အာဖဂန်နစ္စတန်တွင် အရေးပေါ်နေခိုက်တွင် ကျွန်တော်တို့သည် စစ်သား ၂ သောင်းကို မြန်မာပြည်ထဲတွင် လှောင်ထားရတော့မည်။ ရောဝတီမြစ်ဝှမ်းတွင် ကျွန်တော်တို့အပါးရောက်ရန် ကြိုးစားသောအခါ ပြင်သစ်တို့ မဆင်မခြင် ပြုလုပ်ခဲ့ကြောင်းကို ယွက်ပေါ်လာသောရလဒ်က သက်သေပြခဲ့သည်။

ပြင်သစ်ပိုင်နယ်မြေရှိရာ အရှေ့ဘက်သို့ ကျွန်တော်တို့၏ စခန်းများ တိုးချဲ့ထားရာတွင် ကျွန်တော်တို့၏ ဆင်ခြင်ချိန်ဆမှုသည် ပြင်သစ်တို့ထက် သာ၊မသာ ဆိုသည်မှာ အကြိတ်အနယ် စဉ်းစားရမည့် ပြဿနာပင်ဖြစ်သည်။ ၎င်းပြင် နိုင်ငံရေးပြဿနာများကို အဘက်ဘက်မှ စစ်ဆေးတတ်သော လောဒ်ဒပ်ဖရင်သည် ဤပြဿနာကို အသေအချာ ဆင်ခြင်တိုင်းထွာမည်မှာ ယုံမှားဖွယ်မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## အနာဂတ် မြန်မာပြည်

၁၈၈၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာပြည်အား ဧကရီဘုရင်မကြီး ပိုင်နက်အတွင်းသို့ သိမ်းယူသွတ်သွင်းလိုက်ကြောင်း ကြေညာချက်ကို အောက်ပါအတိုင်း ဝါကျတစ်ခုတည်းဖြင့် ထုတ်ပြန်လိုက်သည်။

"အရှင် ဧကရီဘုရင်မကြီး၏ အမိန့်တော်အရ ယခင်က သီပေါမင်းပိုင်ဆိုင်ခဲ့သော နယ်ပယ်တို့သည် သီပေါမင်း၏ အုပ်စိုးမှုအောက်၌ မဟုတ်တော့ဘဲ အရှင်ဧကရီ ဘုရင်မကြီး၏ ပိုင်နက်တစ်စိတ်တစ်ဒေသ ဖြစ်လာပြီးလျှင် ဧကရီဘုရင်မကြီး၏ ဆန္ဒတော်အရ အခါအားလျော်စွာ ခန့်ထားသော အိန္ဒိယဘုရင်ခံချုပ်ကဲ့သို့သော အရာရှိများက အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်"

ပုံ (ဒပ်ဖရင်)

သိမ်းပိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ရခြင်းသည် သံတမန်ရေးရာ အကြောင်းကြောင့်ဖြစ်သည်ဟု ဘုရင်ခံချုပ်က မိန့်ခွန်းတစ်ခု ပြောကြားရာတွင် ရှင်းပြခဲ့သည်။ တစ်နည်းအားဖြင့် ပါတော်မူဘုရင်ကြီး ကတိကဝတ်ပြုခဲ့သော မင်းမိန့်ရာဇသတ်ခန်းဆိုင်ရာတာဝန်များကို နိဂုံးကမ္ပတ်အပြီးသတ် ရန်ရည်ရွယ်ချက်ဖြင့် ကြေညာလိုက်ခြင်း ဖြစ်ပေသည်။

သို့တစေလည်း အကယ်၍ မြန်မာပြည်အုပ်ချုပ်ရေးသစ်ကို စီစဉ်



ရန်ကိစ္စမှာ အသေအချာ ချိန်ဆရန် လိုအပ်သည်ဟု ယူဆသည်ဆိုပါက ကြေညာချက်ထဲတွင် အထက်မြန်မာနိုင်ငံ ပြန်လည်ဖွဲ့စည်းအုပ်ချုပ်ရေး ဆိုသော စကားကို နုတ်ပယ်ထားခြင်းမှာ "အင်္ဂလန်ရှိ ဌာနေ" အစိုးရဝန်ကြီး၏ ဆန္ဒ မဟုတ်ပေ။

အထက်မြန်မာပြည်၏ အနာဂတ်အုပ်ချုပ်ရေး ပုံသဏ္ဌာန်ကို ချမှတ်တည်ထောင်ရန် ပြဿနာအား ဤပြဿနာနှင့် ပတ်သက်သော အဘက်ဘက်မှ အချက်အလက်များကို ဘုရင်ခံချုပ်ကြီးကိုယ်တိုင် တစ်ထိုင်တည်း မလေ့လာ မသုံးသပ်ရသေးမချင်း ရွှေ့ဆိုင်းထားသည်။

ခပ်ထိန်းထိန်းရေးထားသော ကြေညာချက်ကိုကြည့်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအသစ် ချမှတ်ရေးနှင့်ပတ်သက်၍ မည်သည့်သဏ္ဌာန်မျိုးကိုမှ အစိုးရက ချမှတ်ရေးဆွဲခြင်း မပြုရသေးကြောင်းကို မြန်မာပြည်က နားလည်သည်။

ပထမဆုံးထုတ်ပြန်သော မြန်မာဘာသာဖြင့် ကြေညာချက်ထဲတွင် ဘာသာပြန်သူတို့က မိမိတို့ အလိုအလျောက် ဧကရီဘုရင်မကြီး၏ ဆန္ဒတော်အရ အချိန်ကာလအတွင်းဆိုသော စကားလုံးကို ခြွင်းချန်ထားပစ်ခဲ့ကြသည်။

ဤကြေညာချက်သည် အပြီးအပြတ်ထုတ်ပြန်ခြင်း ဖြစ်ကြောင်းကို မြန်မာတို့က ထင်ရှားစွာသိစေရန် ရည်ရွယ်ချက်ဖြင့် ချန်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဤသို့ မပြည့်မစုံ ဘာသာပြန်ထားသော အရေးကြီးသည့် ကြေညာချက်ကို အစိုးရအမိန့်အရ ရုတ်သိမ်းပြီးနောက် ကြေညာချက်အသစ်ကို ထုတ်ပြန်ရသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ ပြဿနာသည် ဖေဖော်ဝါရီလလယ်အထိ မတင်မကျပင် ရှိသေးသည်။ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘုရင်ခံချုပ် မန္တလေးသို့ ရောက်ပြီးလျှင် အထက်မြန်မာပြည်၏ ဘုရင်ခံဟူသော ရာထူးကို ခံယူသည်။

၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ညနေတွင် နန်းတွင်း၌ကျင်းပသော ထမင်းစားပွဲတွင် လော်ဒ်ဒပ်ဖရင်က မြန်မာပြည်တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သားတို့ ကျန်းမာစေရန် ဆုတောင်းစကား ပြောကြားစဉ် မျှော်လင့်နေကြသော မြန်မာပြည်မှ အနာဂတ်အရေးကို ထည့်သွင်းပြောကြားသွားသည်။ ဂျင်နရယ်ပရင်ဒါဂတ်စ် ကွပ်ကဲ၍ အထက်မြန်မာပြည်ကို **အောင်နိုင်အောင်** စွမ်းဆောင်ခဲ့သော ကျွမ်းကျင်မှု၊ အောင်မြင်မှုတို့နှင့်အတူ **ဝင် ညှာတာသည်း**ခံမှုကို လော့ဒပ်ဖရင်က ထိုက်ထိုက်တန်တန် **ထိထိမိမိ** ချီးကျူးဂုဏ်ပြုသည်။

မည်မျှပင် ထွန်းပြောင်သောအောင်ပွဲဖြစ်စေ အသေအကြေ ယှဉ်ပြိုင်တိုက်ခိုက်ပြီး တန်ဖိုးကြီးကြီးပေးရသော အောင်မြင်မှုထက် သွေးထွက်သံယိုမှု အနည်းဆုံးနှင့် ပိုင်ပိုင်နိုင်နိုင်ရသော အောင်ပွဲက ပို၍ ဂုဏ်ရှိသည်ဟု လော်ဒ်ဒပ်ဖရင်က ချီးကျူးစကား ပြောသည်။

ဂျင်နရယ်ပရင်ဒါဂတ်စ် ဗန်းမော်သို့ရောက်နေ၍ မရှိခိုက်တွင် သူပုန်များအား ကွပ်မျက်ခဲ့သော ဝမ်းနည်းဖွယ်ရာကိစ္စကြောင့် ၎င်းချီးကျူးမှုကို ယုတ်လျော့စေရန် အကြောင်းမရှိချေ။ ဂျင်နရယ်ပရင်ဒါဂတ်စ် ဗန်းမော်မှ ပြန်ရောက်ရောက်ချင်း အမိန့်မရဘဲ ကွပ်မျက်မှုများ မပြုလုပ်ရန် တားမြစ်သော အထွေထွေအမိန့်စာကို ပထမဆုံးထုတ်၍ အရေးယူခဲ့သည်။

မစ္စတာဘားနတ်နှင့် ကာနယ်စလေဒင်တို့သည် ဘုရင်ခံချုပ်၏ လေးလေးစားစား အသိအမှတ်ပြုခြင်းခံရသည်။ မစ္စတာဘားနတ်၏ အုပ်ချုပ်ရေးစွမ်းရည်နှင့် သူ၏ ရှာမှရှားသော ကိုယ်ကျိုးမဖက်မှုသည် ၎င်းသို့ အသိအမှတ်ပြုခြင်းကို ခံထိုက်ပါပေသည်။

ထို့အတူပင် သီပေါမင်း ပါတော်မမူမီနှင့် ပါတော်မူပြီးနောက် မြန်မာမှူးမတ်ဝန်ကြီးများနှင့် ဆက်ဆံရာတွင် စိတ်ရှည်မှု၊ ရာဇပရိယာယ်ကြွယ်မှုတို့ကြောင့် ကာနယ်စလေဒင်သည်လည်း အသိအမှတ်ပြုခြင်းကို ခံထိုက်ပါပေသည်။ တိုင်းပြည်ကို ဗြိတိသျှတို့က ချုပ်ကိုင်အုပ်ချုပ်ထားစဉ်တွင် အုပ်ချုပ်ရေးလုပ်ငန်းတွင် တိုင်းရင်းသား ကိုယ်စားလှယ်များကိုလည်း ဖြစ်နိုင်သမျှ အသုံးချမည်ဖြစ်ကြောင်းကို ဆက်လက်ကြေညာသည်။

မြန်မာပြည်တွင် ကျွန်တော်တို့အား ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်တော့မည့် နိမိတ်လက္ခဏာများကို မတွေ့ရသဖြင့် ဝမ်းမြောက်ခြင်း



ဖြစ်သောအခါတွင် လော်ဒ်ဒပ်ဖရင်သည် ဖရဏာပီတိ ဝမ်းဆီထိသလို ဖြစ်သွားသည်။

ဓါးပြသောင်းကျန်းထကြွမှုဟု အမည်မှည့်ထားသော ဆူပူမှုအစပိုင်းတွင် ကျွန်တော်တို့အား ဆန့်ကျင်ဦးတည်၍ တိုက်ခိုက်ခြင်းကို မတွေ့ရသော်လည်း ဆူပူမှု တိုးတက်လာသည်နှင့်အမျှ အသွင်လည်း သေသေချာချာကြီး ပြောင်းလဲလာလေသည်။

သို့ပြောင်းလဲလာသည်မှာလည်း အံ့ဩဖွယ်မရှိပါချေ။ အောက်မြန်မာပြည်၌ တွေ့ခဲ့ရသော သာဓကကို မမေ့သေးရာ တစ်ယောက်တစ်ပေါက် ဟိုတစ်ပြောက်သည်တစ်ပြောက် တော်လှန်မှု ပေါ်ပေါက်လာမည်ကို ကြိုတွက်ထားပြီးဖြစ်ပေသည်။

ဘုရင်ခံချုပ် မြန်မာပြည်၌ ရှိနေစဉ်အတွင်း အရေးအကြီးဆုံး ကြေညာချက်မှာ မည်မျှပင်ကုန်ကုန်၊ မည်မျှပင်စွန့်ရစွန့်ရ သူပုန်တွေကို အပြုတ်တိုက်မည်ဖြစ်ကြောင်းနှင့် "အထက်မြန်မာပြည်ကို ဗြိတိသျှအရာရှိတို့၏ အာဏာအပိုင်ဆုံး တိုက်ရိုက်အုပ်ချုပ်ရေး၏ ချုပ်ကိုင်မှုအောက်သို့ ချက်ခြင်းသွတ်သွင်းရမည်"ဟူ၍ အထက်မြန်မာပြည်အား ဗြိတိသျှလက်နက်နိုင်ငံထဲသို့ သွတ်သွင်း သိမ်းပိုက်လိုက်ကြောင်း ကြေညာချက်ကို အပြည့်အဝ အကောင်အထည်ဖော်လိုက်သော ကြေညာချက် ဖြစ်ပေသည်။

အုပ်ချုပ်ရေးသစ်အောက်တွင် သက်သာချောင်ချိမှုနှင့် အရောင်းအဝယ် ကြီးပွားတိုးတက်မှုများ ဖြစ်လာစေမည်ဟု တိုင်းသူပြည်သားတို့အား အာမခံရင်း ဘုရင်ခံချုပ်က အနာဂတ်ကို စကားကြွယ်ကြွယ်ဖြင့် နိမိတ်ဖတ်သည်။ ထို့ပြင် သူ့ မျှော်လင့်ချက် အကောင်အထည်ပေါ်အောင် လနှင့်ချီ၍ နှစ် နှင့်ပင်ချီ၍ စောင့်ချင်စောင့်ရမည်ဖြစ်သည်။ သို့သော် ဧကရီဘုရင်မကြီး၏ လက်အောက်ခံ ကျေးကျွန်များထဲတွင် အနှစ်တစ်ကျိပ်အတွင်း အထက်မြန်မာပြည်သည် အကြီးပွားဆုံး၊ ကျေနပ်မှုအရှိဆုံး ဖြစ်လာလိမ့်မည်ဟု သူက ဆိုသည်။ သူတို့၏ ကံကြမ္မာပြောင်းလဲမှုကြောင့် အထက်မြန်မာပြည်သားတို့၏ အခြေအနေလည်း တိုးတက်လာရမည်။ ယုံမှားဖွယ် မရှိသလောက်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကေရီဘုရင်မကြီး၏ လက်အောက်ခံ လူဟောင်းများအနေဖြင့် တိုက်ရိုက်သက်ဆိုင်သည်မှာ သူတို့လည်း သာတူညီမျှပင် အကျိုးခံစားခွင့်ရမည်ဟူ၍ ဖြစ်သည်။ လောဒ်ဒါလဟိုဇီနှင့် သူလိုပင် အရည်အချင်းပြည့်ဝသောသူတို့ ဂရုတစိုက်စောင့်ထိန်းထားသော ကြီးလေးလှသည့် တာဝန်ကြီးကို ကျွန်တော်တို့ လက်ခံခဲ့ကြပြီ။

ကျွန်တော်တို့သည် တရုတ် တောင်ကြိုတောင်ကြား၊ ချောက်ကြီးချောက်ကြားအထိ ကျွန်တော်တို့၏နယ်စပ်ကို တွန်းပို့ခဲ့ပြီးလျှင် အခြားတစ်ဖက်တွင် ဂြိုလ်မွှေနေသော မိမိပိုင်နယ်တွေကို ထိန်းရန်အတွက် ပြင်သစ်တို့ လုံးပမ်းနေရာဖြစ်သော တောင်ရိပ်တွင် ကျွန်တော်တို့တပ်တွေကို စခန်းချထားပြီးလေပြီ။

နောင် ၁၀ နှစ် ၁၅ နှစ်အတွင်း တရုတ်တို့က လာပြီး မတိုက်ခိုက်ပါက မြန်မာပြည်၏ ဘဏ္ဍာရေးမှာ တည်ငြိမ်လာပြီးလျှင် အမြတ်ပင် ထွက်ချင်ထွက်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် တစ်နှစ်လျှင် ဘဏ္ဍာရေးလိုငွေ ၁၉ သိန်းကို မတွန့်မဆုတ်ဘဲ ကျွန်တော်တို့ လက်ခံခဲ့ပြီးဖြစ်သည်။

လက်နက်နိုင်ငံတော်ကြီး၏ အခြား အစွန်းတစ်ဖက်၌ ပေါ်ပေါက်နေသော အန္တရာယ်ကို ကာကွယ်ရန် မမျှမတဖြစ်နေသည်ဟု နေ့စဉ်ကြားနေရသည့် တပ်မတော်ကြီး၏ တစ်စိတ်တစ်ပိုင်းက သိမ်းပိုက်ထားရမည်ဖြစ်သော ဧရာမဒေသကြီးကို ကျွန်တော်တို့ပိုင်နက်အတွင်းသို့ အလိုတော်ပြည့်သိမ်းခဲ့ပြီးဖြစ်သည်။

ဤအရာများကား ကျွန်တော်တို့ ပြုလုပ်ခဲ့ပြီးသော အရာများဖြစ်ပြီးလျှင် ကျွန်တော်တို့လုပ်သည်မှာ မှန်ကန်ကောင်း မှန်ကန်ပါလိမ့်မည်။ သို့သော် ကျွန်တော်တို့သည် ကျွန်တော်တို့၏မျက်စိကို ဖွင့်ထားပြီး နိုင်ငံတော်၏အကျိုးကို တွက်ချက်ရင်း တကက်တကက်ကြွကြွကြီး လုပ်ရမည်ဖြစ်သည်။

ကြီးကျယ်သော နယ်မြေသစ်တစ်ခုကို ကျွန်တော်တို့၏ နေမဝင်သော အင်ပါယာကြီးထဲသို့ ဖြည့်တင်းလိုက်ပြီဟု ကြားရသောအခါ



ဖရဏာပီတိ ဝွမ်းဆီထိသွားသော ခံစားချက်ကို ချိုးနှိမ်မျိုသိပ်ထားရန် ခက်လှသည်။

သို့သော် အောင်မြင်မှုနှင့် အောင်ပွဲ၌ ယစ်မူးခြင်း စသည် အားကျစရာကောင်းသကဲ့သို့ပင် အန္တရာယ်လည်းရှိပေသည်။ ဤသို့သော အချိန်တွင် ငါလိုလူ ဓမ္မုမှာရှိသေးရဲ့လားဟု ဖြစ်နေသူများသည် ကံတရား၏ မျက်မှောင်ကုပ်မှုကို လွယ်လွယ်ကလေးနှင့် ဖြုသွားမည်။ ကုတ်သွားမည်။

သူတို့အနေဖြင့် ထယ်ထိုးသမားက မြေကြီးကို ထက်အောက်ပြောင်းပြန်ဖြစ်သွားအောင် ထယ်ထိုးသလိုပင် ကြမ္မာဘီးစောင့်နတ်ကညာကလည်း ကံကြမ္မာဘီးကို ထက်အောက်ကောင်းဆိုး လှည့်ချင်သလိုလှည့်ပေတော့ဟု သဘောထားနေသူများဖြစ်ပေသည်။

ထိုအတောအတွင်းကား ကြီးပွားမည်ဖြစ်စေ၊ ဆုံးရှုံးမည်ဖြစ်စေ အထက်မြန်မာပြည်သည် အင်္ဂလန်နှင့်အိန္ဒိယမှ ငွေရင်းငွေနှီးနှင့် စီးပွားရေးလုပ်ငန်းအတွက် တံခါးဖွင့်ထားလေပြီ။ မြန်မာပြည်နှင့် အလားတူပင် အင်ပါယာကြီး တစ်ခုလုံးကိုလည်း အကျိုးဖြစ်ထွန်းစေပြီး ဖွံ့ဖြိုးတိုးတက်လာသော ယဉ်ကျေးမှု အသိုက်အဝန်းထဲတွင် မြန်မာပြည်နှင့် အင်ပါယာကြီး ပူးပေါင်းညီညွတ်ရန် အခွင့်ကောင်းကို အသုံးမချလျှင် ကျွန်တော်တို့ အမျိုးသားများနှင့် အုပ်ချုပ်ရေးတာဝန်ခံများ၏ အမှားပင်ဖြစ်ပေလိမ့်မည်။

မောင်ကျော်တိုင်
(သပြေကုန်း)

www.burmeseclassic.com